

နေမင်းလမင်းသိန်းရာထောင်
ချစ်ဦးညို

အခန်း ၁၃၊ တိုက် ၂၅၇၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၀၁–၇၂၁၁၂၄

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုဂံစာအုပ် အမှတ် ၂၅၇

# နေမင်းလမင်းသိန်းရာတောင်

ချစ်ဦးညို

အခန်း ၁၃၊ တိုက် ၂၅၇၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၀၁-၇၂၁၁၂၄

**ပုဂံစာအုပ်တိုက်** မှ
၂၀၀၄ ခုနှစ် ဇန်နဝါရီတွင် ထုတ်ဝေခဲ့သောစာအုပ်

---

၂၅၆။ မိုဗီဒစ် (နတ်နွယ်) (၁၆၈၁/၂၀၀၃)(၁၂)
(Moby-Dick by Herman Melville)

**(ယခု)**
၂၀၀၄ ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ဝေသောစာအုပ်

---

၂၅၇။ နေမင်းလမင်းသိန်းရာထောင် (ချစ်ဦးညို)

**ပုဂံစာအုပ်တိုက်** မှ
၂၀၀၄ ခုနှစ်အတွင်း ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

---

၂၅၈။ မျက်ရည်စများနှင့် ရယ်သံ (ကျော်လှိုင်ဦး)(၉၀၁/၂၀၀၃)(၇)
(Tears And Laughter by Kahlil Gibran)
၂၅၉။ ကြိန်စာသင့်သောမျက်နှာများ၏ မိတ္တူ[ကဗျာများ] (မျိုးကိုမျိုး)
(၃၇/၂၀၀၃)(၇)
၂၆၀။ တိမ်တိမ်တွေဖုံးပါလို့ အုန်းခြိမ့်ခြိမ့်ညံ (ချစ်ဦးညို)
(၉၆၃/၂၀၀၃)(၇)

# နေမင်းလမင်းသိန်းရာဇောင်

## ချစ်ဦးညို


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ■ (၁၄၀၀/၂၀၀၃) (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ■ ၁၁၄/၂၀၀၄ (၁) |
| ပုံနှိပ်ခြင်း | ■ ပထမအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၀၄။ |
| အုပ်ရေ | ■ ၁၀၀၀။ |
| ထုတ်ဝေသူ | ■ ခိုင်ခိုင်ဦး(ယာယီ၈၇၉)၊ပုဂံစာအုပ်တိုက် အခန်း၁၃၊တိုက်၂၅၇၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ■ ဒေါ်နီနီခိုင်(၀၇၁၃၅)၊ သီရိမေ ရောင်စုံ ပုံနှိပ်တိုက်၊ အမှတ် (၁၉)၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ■ မောင်လှိုင် (ကာတွန်း ရွှေမင်းသား) |
| အတွင်းကွန်ပျူတာစာစီ | ■ ပုဂံစာအုပ်တိုက်။ |
| အတွင်းဖလင်ခွဲ | ■ အေဇက်။ |
| အဖုံးဖလင်ခွဲ | ■ Sunn Scangraphics |
| စာအုပ်ချုပ် | ■ ဇမ္ဗူဒီပါ။ |
| တန်ဖိုး | ■ တစ်ထောင်ကျပ်။ |
| ဖြန့်ချိရေး | ■ ပုဂံစာအုပ်တိုက်၊အခန်း၁၃၊တိုက်၂၅၇၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၇၂၁၁၂၄ |

## စာရေးသူ



စာရေးဆရာ ချစ်ဦးညိုကို ၁၉၄၇ ဒီဇင်ဘာ ၃၀တွင် မန္တလေးမြို့၌ အဖ ဦးရွှေဒေါင်းညို၊ အမိ ဒေါ်စိန်ရင်တို့မှ ဖွားမြင်သည်။ မွေးချင်း ၇ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်စွာဖြစ်သည်။ မန္တလေးမြို့၊ နန်းတော်ရှေ့၊ မတ္တရာတိုက်၊ မူလတန်းကျောင်းတွင် အခြေခံပညာ ဆည်းပူးခဲ့ပြီး ၁၉၅၆တွင် မန္တလေးမြို့ ဝက်စလီကျောင်းနှင့် ဘီဘီအိုအေကျောင်းများ၌ အလယ်တန်းတက်ရောက်ခဲ့သည်။ မန္တလေးအထက(၁)မှ ဆယ်တန်းအောင်ခဲ့ပြီး ၁၉၆၂တွင် မန္တလေးတက္ကသိုလ်၌ ဥပစာဝိဇ္ဇာ(က)တန်း တက်ရောက်သည်။ ၁၉၆၃–၆၈တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ဒဿနိကဗေဒ အဓိကဖြင့် တက်ရောက်ပြီး ၁၉၆၈တွင် ဂုဏ်ထူးသုံးဘာသာဖြင့် ဝိဇ္ဇာဘွဲ့ ရခဲ့သည်။ မဟာဝိဇ္ဇာ ဆက်လက်တက်ရောက်ခဲ့သည်။

၁၉၇၀မှစ၍ လုပ်သားများကောလိပ်၊ စစ်တွေကောလိပ်၊ ဗဟိုသမဝါယမသင်တန်းကျောင်းတို့တွင် နည်းပြဆရာအဖြစ် အမှုထမ်းခဲ့ကာ

၁၉၇၅တွင် အမှုထမ်းဘဝကို စွန့်လွှတ်ပြီးနောက် ဇာတ်အဖွဲ့ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ၊ ကျူရှင်ဆရာအဖြစ် ကျင်လည်ခဲ့သည်။

၁၉၇၀၊ အောက်တိုဘာလထုတ် မိုးဝေစာပေမဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်စာမူအဖြစ် 'ရန်ကုန်မြို့အလယ်'ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ မိုးဝေစာပေမဂ္ဂဇင်းနှင့် ရှုမဝရုပ်စုံမဂ္ဂဇင်းများတွင် ဝတ္ထု၊ဆောင်းပါး၊ ဘာသာပြန်များ ရေးသားခဲ့သည်။ ပထမဆုံး လုံးချင်းဝတ္ထုမှာ 'လင်္ကာဒီပ ချစ်သူ' (၁၉၇၇) ဖြစ်ပြီး သူ၏ အထင်ရှားဆုံးဝတ္ထုလည်း ဖြစ်သည်။ သူ၏ အခြားထင်ရှားသော ဝတ္ထုများမှာ 'ချစ်သောပါဒဇကေရီ' (၁၉၇၉)၊ 'နှင်းကေသရာချစ်တဲ့သူရဲကောင်း' (၁၉၇၉)၊ 'သုဝဏ္ဏဘုမ္မိဝေဒနာ' (၁၉၈၀)၊ 'ခုနှစ်အိမ်တန်းက မဂျမ်းဘုံ'(၁၉၈၁)၊ 'တိမ်တိမ်တွေဖုံးပါလို့ အုန်းခြိမ့်ခြိမ့်ညံ' (၁၉၈၁)၊ 'ရွှေတိုက်စိုး' (၁၉၈၆)၊ 'ရတနာဂီရိအကျဉ်းသား' (၁၉၈၉)၊ 'မဏိစန္ဒာဥဒါန်း' (၁၉၉၁)၊ 'ဘဒ္ဒါ' (၁၉၉၃)၊ 'ရာဇကုမာရ' (၁၉၉၄)၊ 'ရှင်စောပု' (၁၉၉၆)၊ 'လောကဓံနှင့် လမ်းလျှောက်အတူထွက်ခြင်း' (၁၉၉၉)၊ 'သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့်စကားများ'(၁၉၉၉)တို့ ဖြစ်ကြ သည်။ စာရေးသက် ၂၅နှစ်အတွင်း ဗုဒ္ဓယဉ်ကျေးမှုနောက်ခံဝတ္ထု ၁၄ အုပ်၊ သမိုင်းနောက်ခံဝတ္ထု ၁၆ အုပ်၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းချုပ် ၈ အုပ်၊ လူမှုရေးအတွေးအခေါ်ဆိုင်ရာ ၆ အုပ်၊ သုတေသနစာတမ်း ၃ စောင် ရေးသားထုတ်ဝေပြီး ဖြစ်သည်။

ချစ်ဦးညိုသည် စာပေရေးသားရင်း သဘင်မဂ္ဂဇင်း စာတည်းချုပ် (၁၉၈၃–၁၉၈၈)နှင့် ရွှေပြည်တန်ဂျာနယ် စာတည်းချုပ်(၁၉၉၉–၂၀၀၀) အဖြစ် လုပ်ခဲ့သည်။ ၁၉၉၇တွင် တက္ကသိုလ်ဘုန်းနိုင်၏ 'သူ့ကျွန်မခံပြီ'ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးရာ၌ ဇာတ်ညွှန်းနှင့် အနုပညာဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ဆို၊က၊ရေး၊တီးပြိုင်ပွဲ၊ ဇာတ်သဘင်ပြိုင်ပွဲကဏ္ဍတွင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် လုပ်ဆောင်ခဲ့သည်။ ၁၉၉၈–၂၀၀၂ နှစ်များ

အတွင်းတွင် စင်ကာပူ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် အမေရိကန်နိုင်ငံများသို့ စာပေနှင့်ယဉ်ကျေးမှု အနုပညာဆိုင်ရာ လုပ်ငန်းများအတွက် သွားရောက်ခဲ့သည်။

ယခုတိုင် စာပေရေးသားခြင်း၊ ဇာတ်ညွှန်းရေးသားခြင်း လုပ်ငန်းများအပြင် ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင်၊ ပြင်ပစာစစ်မှူးနှင့် ဇာတ်သဘင်ပညာဌာန အကြံပေးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

❖

## စာရေးသူ၏ အမှာ

ဤဝတ္ထုသည် 'မြတ်ပန်းရဂုံ မဂ္ဂဇင်းတွင် ၁၉၉၄မှ ၁၉၉၈အထိ အခန်းဆက် ဝတ္ထုရှည်အဖြစ် ရေးခဲ့သည်ကို တစ်စုတစ်စည်းတည်း ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ အခန်းဆက်ဝတ္ထုရှည်အဖြစ် ရေးခဲ့စဉ်က၊ ဝတ္ထု၏အမည်မှာ 'အနန္တစကြဝဠာ' ဖြစ်လေသည်။

ယခုအမည်သစ်က– **နေမင်းလမင်းသိန်းရာထောင်**။

အခန်းဆက်အဖြစ် ရေးခဲ့စဉ်ကတည်းကပင် ရေးရင်းရေးရင်းဖြင့် ဝတ္ထုအမည်ကို မိမိကိုယ်တိုင် ကြိုက်နှစ်သက်ခြင်းက လျော့ပါးလာခဲ့သည်။ အမည်သည် ဝတ္ထုနှင့် လိုက်ဖက်ညီညွတ်ခြင်းမရှိလှဟု မိမိဘာသာ သိလာခဲ့ သည်။ သို့သော် အခန်းဆက် ဝတ္ထုရှည်တစ်ပုဒ်ကို အမည်ပြောင်း၍ မရ တော့ပါ။

တစ်စုတစ်လုံးတည်း လုံးချင်းအဖြစ် ထုတ်ဝေရန် စီစဉ်သောအခါ အမည်သစ်တစ်ခုကို ပေးရန် ဆုံးဖြတ်ချက်၊ ဝတ္ထုတစ်ပုဒ်လုံး၏ အာဘော်၊ အကြောင်းအရာတို့ကို ခြုံငုံထင်ဟပ်စေမည့်အမည်များကို စဉ်းစားရွေးချယ် ခဲ့ပါသည်။ ထိုအခြေခံအချက်များအပြင် အမည်နာမသစ်သည် ခွန်အား လည်း ရှိရမည်။ လှလည်း လှရမည်။ အသံထွက်ဖတ်လျှင် ပြေပြစ်မှုလည်း ရှိရမည် စသောအင်္ဂါရပ်များနှင့်ညီညွတ်စေသည့် အမည် သုံးလေးခုလောက် ကျွန်တော် ရွေးချယ်ကြည့်ပါသည်။

တစ်ခုတလေကိုမျှ စိတ်တိုင်းမကျပါ။ ဤအခါမှပင် မိမိသည် ဝတ္ထု ခေါင်းစီး အမည်နာမ ပေးရာ၌ ညံ့သူမှန်း ကိုယ့်ဘာသာကိုယ် သိလာရသည်။ ယခင့်ယခင် ဝတ္ထုအမည်များ အဆင်ပြေသွားတာ ရှိခဲ့ပါလျှင်လည်း စွပ်စွပ်ရှုပ်ရှုပ် 'တည့်' သွားသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

ဤသို့ဖြင့် ကျွန်တော်လည်း မဟာဂီတကျမ်းများ၊ မြန်မာစာ ညွန့်ပေါင်းကျမ်း၊ သဗ္ဗဂီတက္ကမပကာသနီကျမ်းများကို မွှေနှောက်ရှာဖွေခဲ့သည်။ ကြိုးဘွဲ့၊ ယိုးဒယား၊ ပတ်ပျိုး၊ သီချင်းခံ၊ တေးထပ်၊ ရတု၊ ပျို့၊ လူးတား၊ ဒုံးချင်း၊ အဲ၊ရကန်၊အိုင်၊လေ့တော်သံ.... လက်လှမ်းမီသမျှ ရှာဖွေခဲ့လေသည်။ သူ့နေရာနှင့်သူ အပြိုင်းအရိုင်း ဝင့်ကြွားတောက်စားနေသော စကားလုံးများကို တွေ့ရသည်။ အပြန်ပြန်အထပ်ထပ်ရှာရင်း တစ်ခုသော စကားလုံးစုကို မျက်စိကျခဲ့ပါသည်။

မြဝတီမင်းကြီး ရေးဖွဲ့သော ရောင်ခြည်တော်ဘွဲ့သီချင်းခံထဲမှ ဖြစ်သည်။

> "ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား၊ ဖြူးလို့လို့ (ပြောင်းလို့လို့) များထွေ ထူးထွေတည့် အံ့ရာသော်....ရွှန်းရရွှန်းလင်း စိမ်း ပြာ ဖြူဝင်း၊ နေရောင်ခြည်လင်း(ရှင်း)ထွန်းလို့လို့ ရွှန်းဝေ....၊ များထွေတည့် အံ့ရာပင် (သား)၊ ဘုန်းတန်ခိုးလဲ၊ နိူင်းဆိုရာဘဲ၊ တူမည်မှာလဲ ရဲရဲဝင်း (ရှိန်း) ပြောင်....
> **နေမင်းလမင်းသိန်းရာထောင်**...."

ဤစာပိုဒ်ထဲမှ 'နေမင်းလမင်းသိန်းရာထောင်' ကို ကျွန်တော် အကြိုက်ကြီး ကြိုက်နေသည်။

ဤတွင်အခက်ကြုံရပါတော့သည်။

"နေမင်းလမင်းသိန်းရာထောင်"သည် ကျွန်တော့်အတွက် အလွန်ရင်းနှီး နားစွဲနေသော စကားဖြစ်သည်။ ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ထဲမှ စာသားတစ်ခုအဖြစ် ကျွမ်းဝင်နေသည်တော့ မဟုတ်ပါ။ မဟာဂီတနှင့် ထဲထဲဝင်ဝင် အကျွမ်းတဝင်မရှိဘူးဟု ဆိုစေဦးတော့၊ ဤစာသားသည် ထူးမခြားနားထဲမှ စာသားဟု သတိမထားမိဘူးပဲ ဆိုစေဦးတော့.... စာသမားတို့သည် **'နေမင်းလမင်းသိန်းရာထောင်'**ကို ရင်းရင်းနှီးနှီးသိကြမည် ထင်ပါသည်။

အကြောင်းမူ၊ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ရေးခဲ့သော (ပုဂံစာအုပ်တိုက်မှ ၁၉၆၅ခုနှစ်တွင် ထုတ်ဝေခဲ့သော) ထင်ရှားသည့် ပြဇာတ်တစ်ပုဒ်၏ အမည်ဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် အခြားအမည်တစ်ခုခုနှင့် အစားထိုးရန် ကြိုးစားကြည့်ပြန်သည်။ မဟာဂီတနှင့် မြန်မာစာညွန့်ပေါင်းကျမ်းထဲမှ မွှေနှောက်ရှာဖွေပြန်သည်။ သို့သော် မည်သည့်စကားလုံးကိုပဲ တွေ့တွေ့၊ 'နေမင်းလမင်း'ဆီသို့သာ ပြန်ပြန်ရောက်နေတော့သည်။ ဘယ်သို့မှ ရုန်းမထွက်သာတော့ပါ။ **'နေမင်းလမင်းသိန်းရာထောင်'**ကိုမှ မယူရလျှင် အခြားမည်သည့်အမည်ကိုမျှ မထားချင်တော့သည်အထိ စွဲလန်းနေပါတော့သည်။

နောက်ဆုံးတော့ ကျွန်တော် စိတ်ဒုံးဒုံး ချလိုက်ပါသည်။

ရောင်ခြည်တော်ဘွဲ့သီချင်းခံကြီးကို လက်မွန်မဆွ စီကုံးရေးသားခဲ့သည့် မြဝတီမင်းကြီးဦးစနှင့် ရေးဂန္ထဝင်စာတို့၌ ကျွမ်းကျင်နှံ့စပ်ပြီး ထူးမခြားနားထဲမှ ဤစကားလုံးကို မျက်စိစူးရှစွာ တွေ့မြင်ထုတ်နှုတ်သုံးစွဲခဲ့သည့် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းတို့ကို ရှေးဦးကျေးဇူးရှင်နှစ်ပါး (ပုဗ္ဗကာရီ)အဖြစ် ရှိခိုးလျက် ဤ **'နေမင်းလမင်းသိန်းရာထောင်'**ကိုပဲ ယူငင် အသုံးပြုလိုက်ပါတော့သည်။

ပညာရှင်၊ ပညာရှိကြီးများ၏ အရိပ်အာဝါသကို ခိုလှုံခြင်းသည် အပြစ်မဖြစ်နိုင်ဟု ယုံကြည်မိပါကြောင်း။

**ချစ်ဦးညို**

# အခန်း ၁

တောတန်းတစ်ခုလုံး မြင်းခွာသံများဖြင့် သိမ့်သိမ့်တုန်နေသည်။ခရီးယူဇနာ ငါးဆယ်ကျော်တိုင် အပြင်းနှင်ခဲ့သည့်အတွက် မြင်းများမှာ မောဟိုက် ပင်ပန်းနေကြပေပြီ။ သို့သော် မြင်းစီးသူရဲအမတ်တို့၏ တဟောဟော ကြွေး ကြော်သံများနှင့် မလျော့စတမ်းဆုပ်ကိုင်ထားကြသော ဇက်ကြိုးတို့အောက် တွင် မြင်းကြီးများသည် ကဆုန်စိုင်းလျက်ပင် ရှိကြသည်။ အုပ်မိုးယှက်ဖြာ နေကြသော တောတန်းမှ သစ်ရွက်ဖားလျားတို့သည် မြင်းတပ်ကြီး အဖြတ် တွင် သစ်ရွက်များ ဖြောဖြောကြွေကျသွားကြသည်။

အဆက်မပြတ်သော မြင်းခွာသံများကြောင့် ပင်စည်အခက်အလက် တို့တွင်လည်း တုန်လှုပ်ယိမ်းထိုးနေကြပြီဟု ထင်ရသည်။ ယူဇနာ ငါးဆယ်....၊ ခရီးပေါက်ခဲ့သည့်အတိုင်းအတာမှာ ယူဇနာငါးဆယ်မျှသာ ရှိသေးသည်။ နောက်ထပ် ယူဇနာခုနစ်ဆယ် ကျန်သေးသည်။ ခရီးတစ်ဝက် မျှပင် မပေါက်သေး။ ဟံသာဝတီနေပြည်တော်ကြီးသို့ ရောက်ရန် ခရီး တစ်ဝက်ကျော် လိုသေးသည်။

မြင်းတပ်ကြီး၏ ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ သုမနမင်းသား ဖြစ်သည်။ ငယ်ရွယ်နုပျိုသော မင်းလုလင်၏မျက်နှာ၌ တက်ကြွသောအသွင်ကို တွေ့ရသည်။ ခရီးပန်းမှုကို စိုးစဉ်းမျှ မတွေ့ရ။ မိမိတို့၏ အရှင်သခင်ဖြစ်သော သုမနမင်းသား၏တက်ကြွမှုကို တွေ့ရသောအခါ နောက်ပါစစ်မှူးအမတ်တစ်ထောင်တို့မှာလည်း ပို၍ပင် တက်ကြွလန်းဆန်းနေကြသည်။

လှိုတစ်ခုဖြတ်လိုက်ပြီးနောက်တွင် ရှေ့ခပ်လှမ်းလှမ်း၌ ကျောက်ဂူစခန်းတစ်ခုကို ဘွားခနဲ တွေ့လိုက်ရသည်။ သုမနမင်းသားသည် မြင်းဇက်ကို လျှော့လိုက်သည်။ ယူဇနာငါးဆယ်ကျော်အထိ ခရီးပြင်းနှင်ခဲ့သည့် တစ်လျှောက်လုံးတွင် နှစ်ကြိမ်မျှသာ ခေတ္တခဏ နားခဲ့ကြသည်။ မြင်းပေါ်မှ စိတ်ဓာတ်တက်ကြွ လန်းဆန်းနေသော လူအများအဖို့ မထောင်းသာသော်လည်း မြင်းများမှာ ပင်ပန်းလှချေပြီ။ ဤကျောက်ဂူစခန်းတွင် အချိန်ယူ၍ အနားပေးမှဖြစ်မည်။

ကျောက်ဂူစခန်းဟု ဆိုရသော်လည်း ကျောက်သားပကတိချည်း ရှိနေသည်မဟုတ်။ သေးငယ်သော ရေတံခွန်လေးတစ်ခု၊ ကျောက်တုံးများကို တိုးဝှေ့ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းငယ်၊ နက်မှောင်ကြည်လင်သောရေအိုင်၊ ရေအိုင်ကမ်းစပ်တစ်ဝိုက်မှ စိမ်းစိမ်းစိုစိုမြက်ခင်းများနှင့် အရိပ်ကောင်းသောသစ်ပင်များ၊ ထို့နောက် သက်သောင့်သက်သာ လဲလျောင်းချင်စဖွယ် ကျောက်ဖျာကြီးများလည်းရှိသည်။

သုမနမင်းသားသည် ရွှေကနုတ်ပန်းများဖြင့်အနားကွပ်ထားသည့် တံပိုးကိုထုတ်၍ နှစ်ချက် ဆင့်မှုတ်လိုက်သည်။ တံပိုးသံ၏အဓိပ္ပာယ်မှာ ဤနေရာတွင် စခန်းတစ်ထောက်နားကြမယ်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မြင်းစီးသူရဲများအားလုံး တုံ့ရပ်လိုက်ကြလေသည်။ အေးမြသော ရေနံ့ ရသဖြင့် မြင်းများလည်း တဟီးဟီးအသံပြုလာကြသည်။

စင်စစ်မူ ဤနေရာတွင် စခန်းတစ်ထောက်နားဖို့ ဆုံးဖြတ်ရာ၌

မြင်းတွေပင်ပန်းလှသည်ဟူသော အကြောင်းတစ်ချက်တည်းကြောင့် မဟုတ်ကြောင်း၊ သုမနမင်းသားသည် တစ်ယောက်တည်း စိတ်ကူးနေမိသည်။ မြင်းတွေကို အနားပေးဖို့လိုသည်မှာလည်းမှန်သည်။ နောက်ထပ်အကြောင်းတစ်ကြောင်း ရှိသေးသည်။ယူဇနာခုနစ်ဆယ်မျှသာ ကျန်တော့သောခရီးဝယ်တိကျရေရာမှု မရှိသေးသော တစ်စုံတစ်ခု ရှိနေသေးသည်။

နောက်တစ်နေ့ သို့မဟုတ် ယနေ့ ညဥ့်လယ်ပိုင်းလောက်တွင် ဟံသာဝတီနေပြည်တော်ကြီးသို့ ရောက်တော့မည်ဖြစ်သည်။ ဟံသာဝတီနေပြည်တော်ကြီးမှ ခမည်းတော် အာနန္ဒာမင်းနှင့် မယ်တော်သုဇာတာမိဖုရားကြီးတို့သည် ကြီးစွာသောအခမ်းအနားဖြင့် မိမိကို အကြိုထွက်ကြလိမ့်မည်။ အောင်ပွဲရ သားတော်သုမနကို နေပြည်တော်သား အားလုံးကလည်း သောင်းသောင်းဖြဖြ ကြိုဆိုကြလိမ့်မည်။

အောင်ပွဲရသူတို့အား ဆုလာဘ်ချီးမြှင့်သည့် အလေ့အတိုင်း ခမည်း တော်မင်းကြီးသည် မိမိအား ကြီးစွာသောအဆောင်အယောင်ဆုလာဘ်များ ဖြင့် ချီးမြှောက်ဂုဏ်ပြုပေလိမ့်မည်။

"လိုရာဆုကို တောင်းပေတော့ သားတော်"ဟု ခမည်းတော်မင်းကြီး က အခွင့်ပေးသနားမည်မှာ ဧကန်ဖြစ်သည်။ လိုရာဆု....။ မည်သို့သော ဆုလာဘ်ကို တောင်းရမည်နည်း။

ဘုရင်မင်းမြတ်၏ သားတော်တစ်ပါးအနေဖြင့် မိမိသည် မြို့ကြီးတစ်မြို့ကို အပိုင်စား ရထားသည်။ သူတကာ ဘုရင့်သားတော်တွေလို နေပြည်တော်ထီးရိပ်ခိုကာ ဥပရာဇာဘဝဖြင့် သက်သောင့်သက်သာနေခဲ့သည်မဟုတ်။ ခမည်းတော်မင်းကြီး ကိုယ်တိုင်ကလည်း သားတော်ဟူသော အမှတ်ဖြင့်အချိန်တန်လျှင် ထီးမွေနန်းမွေ ဆက်ခံစေဟုဆိုကာ မိမိအား တာဝန်မဲ့ မနေစေခဲ့။ ဟံသာဝတီမှ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးသော မြို့တွင် မြို့စားခန့်အပ်ခဲ့ကာ တိုင်းရေးပြည်မှုကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့စေခဲ့

ပေသည်။

အခွန်အတုတ် ဘဏ္ဍာတော်များအရေး၊ တရားစီရင်မှုအရေး၊နယ်မြေဒေသ တိုင်းသားပြည်သူတို့ ပျော်ရွှင်ချမ်းမြေ့ရေးကိုလည်း မိမိလက်တွေ့လုပ်ဆောင်နိုင်ခဲ့သည်။နောက်ဆုံး တိုင်းရေးပြည်ရာကိစ္စတို့တွင် အခက်အခဲအရှုပ်ထွေးဆုံးဖြစ်သော "စစ်ရေး" ကိုပင် မိမိကိုင်တွယ် ဖြေရှင်းပြီးခဲ့ပေပြီ။

ပစ္စန္တရစ်အစွန်အဖျားဒေသများမှ သူပုန်သူကန်တို့ကို သုမနမင်းသား အောင်မြင်စွာတိုက်ခိုက်နှိမ်နင်းခဲ့ပြီးပြီ။ "တိုက်နယ်ဒေသ ငြိမ်းအေးသာယာရှိခဲ့ပါပြီ။ သူပုန်သူကန်တို့အရေး လုံးဝချုပ်ငြိမ်းသွားပါပြီ" ဟု ခမည်းတော်ထံ သဝဏ်လွှာပို့လွှတ်ခဲ့သည်။ ချက်ချင်းလိုပင် ခမည်းတော်ထံမှ သဝဏ်လွှာပြန်လာသည်။ 'လွန်စွာ နှစ်ထောင်းအားရရှိလှသည်။ ခမည်းတော်ထံသို့ ငါ့သားတော် အလျင်အမြန်ဝင်ရောက်ခစားစေ'

သုမနမင်းသားသည် မိမိ၏မြင်းဖြူကြီးကိုရေတိုက်ရင်းကျောက်ဂူ ရေအိုင်စပ် ကျောက်ဖြူကြီးပေါ်တွင် ထိုင်လိုက်လေသည်။

* * *

"ကျုပ်တော့ လယ်နှစ်ပွဲလောက် တောင်းမလားစိတ်ကူးတယ်။ လယ်နှစ်ပွဲ၊ နွားတစ်ရှဉ်းဆိုရင် တော်ပါပြီ။ ကိုယ်က တောင်သူဘဝက လာခဲ့တာဆိုတော့ လယ်နဲ့ မြေကိုပဲ အာရုံကျတယ်"

"ဒါတော့ ရောင်းရင်းသဘောပေါ့လေ၊ ကျုပ်ကတော့ ပတ္တမြားလက်စွပ် တစ်ချည်လောက်ဆို တော်ပါပြီ။ အဟဲ.... ကျုပ်ဖို့ မဟုတ်ပါဘူး။ အိမ်က ကတော်စိုးက ပတ္တမြားဝတ်လှချင်ရဲ့ ပြောနေတာကြာပြီ။ စစ်ပွဲပြန်အောင်ပွဲရ ခုလိုအခါမျိုးမှာ ဘုရင်မင်းမြတ်ဟာ သားတော်နဲ့အတူ ကျုပ်တို့ကိုလည်း လိုရာဆုတောင်းစေလို့ အခွင့်ပေးသနားမှာ အမှန်ပဲလေ"

"ကိုရင့်ဟာက၊ ကတော်စိုး မယားအတွက်ချည်းပဲ စိတ်ကူးတာကိုး၊ ကျုပ်ကတော့ မြင်းချောချော မျိုးသန့်မျိုးကောင်းကြီးတွေ တောင်းမှာပဲ၊ ဘုရင့်မြင်းဇောင်းထဲကနေ ရွေးယူမှာလေ"

"ဟိုတစ်ယောက်ကော....ဘာဆုလာဘ်တောင်းမလဲ၊ စဉ်းစားထားပြီးပလား။ ငြိမ်ချက်သား ကောင်းလှချည်လား"

"အဲ.... ဘာတောင်းရမှန်း မသိလို့ပါ။ အိမ်ကမယားက ဘာမှ မမှာလိုက်ဘူး။ အမြန်ဆုံးပြန်လာခဲ့တဲ့၊ ဒါပဲ မှာလိုက်တာ။ ဒီတော့ ကျုပ် စဉ်းစားနေတာက ဘုရင်မင်းမြတ် သနားတော်မူတာကိုပဲ လက်ခံပြီး အမြန်ဆုံးအိမ်ပြန်ခွင့် ပြုတော်မူပါဘုရားဆိုတဲ့ ဆုလာဘ်ပဲ တောင်းရမလားလို့...."

ရယ်သံများ ထွက်ပေါ်လာကြသည်။

"သူပုန်သူကန်လည်း မကြောက်ဘူးဗျ။ မကြောက်လို့လဲ ရှပ်ရှပ်ချွံချွံတိုက်ခဲ့ပြီကော....၊ အဲ.... အိမ်က မယားတော့ ကြောက်ရသဗျို့"

ဝါးခနဲ ဝိုင်းရယ်ကြပြန်သည်။

"သူရဲကောင်း စစ်သည်အမတ်ဆိုတာ ဇနီးမယားကို ညှာတာရတယ်၊ အလိုလိုက်ရတယ်။ အဲဒါကို မယားကြောက်တယ် ပြောကြလည်း ခံရမှာပဲ။ အမှန်က မိန်းမသားတွေကို အလိုလိုက် အလျှော့ပေးခြင်းဆိုတာ မင်းယောကျ်ားတို့ရဲ့ စိတ်ဓာတ်ကြီးကျယ်မှုဗျ"ဟု ထိုစစ်သည်အမတ်က တဖောင်ဖောင် ဆက်ပြောနေပြန်သည်။

"ကျုပ်ကတော့ နဖူးစည်းရွှေကြိုးနဲ့ ဘွဲ့တံဆိပ်ရရင်တော်ပါပြီဗျာ။ ဘွဲ့တံဆိပ်တစ်ခုရှိထားရင် ကိစ္စအတော်များများ ပေါက်ရောက်တာဗျ"

"အဲဒါ.... ကိုရင့်အမြင်လေ။ ကျုပ်ကတော့ ရှင်းရှင်းပဲ၊ စံအိမ်တော် မွမ်းမံဖို့ ကျုပ်မှာ အသပြာလိုတယ်"

"ကျုပ်လား .... ကျုပ်ကပိုရှင်းသေးတယ်။ ရွှေပဲယူမယ်။ ရွှေရှိရင် ထုခွဲ ဖဲ့ခြွေပြီး ဝယ်ချင်တာဝယ်လို့ရတယ်လေ...."

"ကျုပ်က လူပျိုလေ၊ မယားမရှိပါဘူး.... ဟဲ.... ဟဲ၊ ရွှေနန်းတော်ကြီးထဲက အချောအလှလေး တစ်ယောက်လောက်ကို တောင်းမလားလို့....၊ သူ့ရဲ့ကောင်းအတွက် ဆုလာဘ်ဆိုတာ မိန်းမလှပဲ၊ဒါ နိယာမပဲ.... ဟဲ....ဟဲ"

သုမနမင်းသား ပြုံးမိလေသည်။စစ်မြေပြင်တွင် နတ်ဘီလူးများနှယ် ကြောက်ခမန်းလိလိ တိုက်ပွဲဝင်ခဲ့ကြသော ဤစစ်မှူးအမတ်တစ်ထောင်တို့သည် စင်စစ် ငယ်ရွယ်ကြသေးသူများသာပင်။ ယခုလို အောင်ပွဲရပြည်တော်ဝင် စစ်သည်များအဖြစ် ဂုဏ်ပြုခံရတော့မည့်အချိန်တွင် သူတို့သည် လွတ်လပ်ပေါ့ပါးစွာဖြင့် မိမိတို့၏ဆန္ဒကိုထုတ်ဖော်ရင်း တပျော်တပါး ရယ်ပွဲဖွဲ့နေကြသည်။

ခမည်းတော်ဘုရင်မင်းမြတ်ထံမှ သူတို့ ရယူတောင်းဆိုကြမည့် ဆုလာဘ်များကို စိတ်ကူးကိုယ်စီဖြင့် ရွေးချယ်နေကြသည်။

အမှုထမ်းစစ်သည်အမတ်တို့၏ တဝါးဝါးရယ်သံ၊ စကားပြောသံများကို နားထောင်ရင်း ပြုံးမိနေရာမှ သုမနမင်းသားသည် တစ်စုံတစ်ခုကို တွေးမိသွားသည်။ ဤကျောက်ဂူစခန်းသို့ မရောက်မီ လမ်း၌ မိမိ ဝိုးတဝါး တွေးခဲ့မိသော အတွေး။ ယူဇနာခုနစ်ဆယ်ကျန် ခရီးတစ်လျှောက်လုံးမှာပင် တိကျရေရာမှု မရှိသေးသော တစ်စုံတစ်ခု။

အမတ်စစ်သည်များကတော့ သူတို့အာရုံကျ စိတ်ကူးရရာများကို ရည်ညွှန်းလျက်၊ ဘုရင်မင်းမြတ်ထံမှရယူမည့် ဆုလာဘ်များကို အချင်းချင်း ဆွေးနွေးတိုင်ပင်နေကြသည်။ မိမိကိုယ်တိုင်ကတော့.... အဘယ်ဆုကို တောင်းရမည်နည်း။

"လိုရာဆု တောင်းပေတော့ သားတော်"ဟု ခမည်းတော် အခွင့်သနားလာချိန်တွင် မိမိက ဘာဆုကို တောင်းယူရမည်နည်း။

မိမိသည် ဘုရင့်သားတော်ဖြစ်သည်။ ထီးမွေနန်းလျာ အရိုက်အရာခံဖြစ်သည်။ ထီးနန်းကို တောင်းစရာမလို။ ရာဇဝံသအရ တစ်နေ့သော

အခါ ဟံသာဝတီ ထီးဖြူပုလွှင်သည် မိမိထံ ရောက်ရှိလာမည်သာပင်။

သို့ဆိုလျှင် ရွှေငွေဥစ္စာ ရတနာတွေကော၊ ဆင်မြင်းရထားတွေကော၊ တိုက်နယ်၊ဇနပုဒ်၊မြို့ရပ်ဒေသတွေကော....၊ ဘာကိုတောင်းရမည်နည်း....။ သုမနမင်းသားသည် တောင်းယူရရှိလာမည့် ဆုလာဘ်များကို မြင်ယောင်ကြည့်လိုက်သည်။

ရွှေငွေဥစ္စာ ရတနာခုနစ်ပါး.... ထိုအရာတို့ကို ဝတ်ဆင်လျက်၊ အသုံးပြုလျက်၊ မိမိ၏ဘဝသည် မည်မျှပို၍ ကြီးကျယ်သွားမည်နည်း။ ဆင်မြင်းရထားတွေ.... ဒါတွေကို ပိုင်ဆိုင်ထားလို့ကော မည်မျှ ဘုန်းကျက်သရေ တိုးပွားမည်နည်း။ တိုက်နယ်မြို့ရွာတွေ.... ဒါတွေကို များပြောင်လှစွာ ပိုင်စိုး အခွန်အတုတ် စားရလို့ကော၊ မိမိ၏ ထမင်းပွဲအာဟာရသည် ဘယ်လောက်များပို၍ အရသာထူးကဲလာမည်နည်း။

အတွေးထဲမှာပင် ရှုပ်ထွေးလာသည်။ ထိုအရာတို့ကို ရရှိပိုင်ဆိုင်ခြင်းနှင့် တစ်ပါတည်း ပါရှိလာသော ကြီးကျယ်ခမ်းနားမှု....။ ကြီးကျယ်ခမ်းနားမှုဆိုတာ အဘယ်နည်း။ ပျော်ရွှင်ချမ်းမြေ့မှုကို ဘယ်လောက်အထိ ထိုအရာတွေက ပေးစွမ်းကြမည်နည်း။ ရတနာခုနစ်ပါးသည် ပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်သလား။ ဆင်မြင်းရထား၊ ဇနပုဒ်၊တိုက်နယ် အခွန်အတုတ်များသည်ကော ပျော်ရွှင်ချမ်းမြေ့မှုကို ပေးစွမ်းနိုင်သလား။

များပြောင်လှစွာသော အလျှံပယ်စည်းစိမ်ချမ်းသာတို့ကို သုမနမင်းသား ခံစားခဲ့ဖူးပြီ။ ဘုရင့်သားတော်ဟူသောဘဝ၌ နှုတ်တစ်ပွင့် လက်တစ်ဝင့်မျှဖြင့် အမိန့်အာဏာတို့ထုတ်လွှတ်ကာ လိုသမျှကိုဖြစ်ပေါ်စေခဲ့ဖူးပြီ။

ထိုစည်းစိမ်ချမ်းသာများကို ပိုင်ဆိုင်ခံစားခြင်းနှင့်အတူ ရရှိလာသော ပျော်ရွှင်မှု၊ အလိုပြည့်မှုဆိုသည့်အရာသည် အခိုက်အတန့်မျှသာဖြစ်ပေါ်ပြီး ထပ်ကြပ်လိုက်ပါလာသည်များကမူ စိတ်နှလုံးနောက်ကျိဖွယ်ရာ။

ထိုအရာတို့ လျော့ပါးကုန်ဆုံးသွားမည်ကို စိုးရိမ်ရခြင်း၊ ပျက်စီး

ဆုံးရှုံးသွားမည်ကို ကြောင့်ကြရခြင်း၊ လျော့ပါးကုန်ဆုံး ပျက်စီးသွားသော အခါများ၌ ပူလောင်ကြေကွဲရခြင်း၊ အဟောင်း၌ ငြီးငွေ့ကာ အသစ်ကို တောင့်တခြင်း၊ အသစ်ကို ရရှိသောအခါ ထပ်မံပျောက်မည်စိုး၍ ကြောင့်ကြ ရခြင်း....၊

"အို.... ငါ ဘာကိုတောင်းရမှာလဲ....၊ငါ ဘာကို အလိုရှိအပ်သလဲ"

တဝေါဝေါကျနေသော ရေတံခွန်အောက်ခြေမှ ရေအဖွား၊ ရေအမြှုပ် များနှင့်အတူ သုမနမင်းသား၏အတွေးများသည် ပလုံစီပွက်လူပ်လျက် ဖွေးဖွေးလှည့်နေတော့သည်။

"ခမည်းတော်ဆီက ငါ ဘာကိုတောင်းရမှာတဲ့လဲ...."

သုမနမင်းသားသည် စစ်မှူး အမတ်တစ်ထောင်တို့အနက် အနည်း ငယ် အသက်ပိုကြီးသော ရင့်ကျက်သည့်အမတ်အချို့ကို ခေါ်ယူစုရုံးစေ လိုက်သည်။ သူတို့သည် လက်ရုံးရည်ထက် နှလုံးရည်တွင် ပိုမိုအစွမ်းပြနိုင် သူများလည်း ဖြစ်ကြသည်။

"သူပုန်သူကန်တွေကို အလုံးစုံနှိမ်နင်းခဲ့ပြီးဖြစ်လို့ ခမည်းတော်ဟာ ကျွန်ုပ်ကို များစွာနှစ်ထောင်းအားရဖြစ်ပြီး အခုလိုနေပြည်တော်ကို ခေါ်ယူ တာဖြစ်ကြောင်း မောင်မင်းတို့အားလုံး သိကြပြီးပြီ။ အခု ခရီးတစ်ဝက်ကျိုး တော့မယ်။ မကြာမီ နေပြည်တော်ကို ရောက်တော့မယ်။ ရောက်တဲ့အခါ၊ ခမည်းတော်ရှေ့မှောက် ဝင်တဲ့အခါမှာ သားတော် လိုရာဆု တောင်းနိုင်တယ် လို့ ခမည်းတော် အခွင့်ပေးသနားတော်မူမှာ မုချပဲ"

အမတ်များ ငြိမ်သက်စွာ စူးစိုက်နားထောင်နေကြသည်။ သုမန မင်းသားက ပို၍လေးနက်သောအသံဖြင့် ဆက်ပြောလေသည်။

"ကျွန်ုပ်မှာ ဝေခွဲမရဖြစ်နေတယ်။ဒါဟာ အလွန်ရိုးစင်းသလောက် ဆန်းကြယ်တဲ့အရာလည်းဖြစ်တယ်။ကျွန်ုပ်ရဲ့နှလုံးသားကို မေးခွန်းတစ်ခုက အခါမလပ် ရိုက်ပုတ်နေတယ်။ ဒါပေမယ့် အဖြေရလဒ်က ထွက်မလာဘူး"

သုမနမင်းသားသည် ကျောက်ဖျာအပြင်၌ရပ်လိုက်သည်။ နေရောင်ခြည်များ ဖြာကျနေသော ရေအိုင်မျက်နှာပြင်မှ အလင်းစက်ဝန်းတို့က မင်းသား၏ တင့်တယ်သောကိုယ်ခန္ဓာအား တောက်ပသည့်အနားရေးကြောင်းများဖြင့် ဘောင်ကွပ်ပေးလိုက်လေသည်။

"အဖြေရလဒ် ထွက်မလာဘူးဆိုတာက အင်း၊ အဖြေရလဒ်တွေကို တစ်ခုပြီးတစ်ခု ကျွန်ုပ် ထုတ်ဖော်ကြည့်ခဲ့ပြီးပြီ။ တစ်ခုတလေမှ စိတ်တိုင်းကျစရာ ဖြစ်မလာဘူး။ ဒါကြောင့် ကျွန်ုပ်ရဲ့ရင်မှာ တိုးဆောင့်နေတဲ့ အဲဒီမေးခွန်းကို မောင်မင်းတို့ဆီ လွှဲပြောင်းပေးမလို့ပဲ၊ မောင်မင်းတို့ ဖြေကြည့်ကြစမ်း"

စစ်ပွဲတစ်ခုဝင်တော့မည့်အလား အားလုံး လှုပ်လှုပ်ရှရှ ဖြစ်သွားကြ သည်။ စိတ်အားထက်သန်မှုဖြင့် နားစိုက် စူးစွင့်နေကြသည်။

"ခမည်းတော်မင်းကြီးက သားတော်လိုရာဆုကို တောင်းပါလို့ မိန့်တော်မူလာတဲ့အခါ ကျွန်ုပ် ဘာဆုလာဘ်ကို တောင်းရမှာလဲ"

အတန်ငယ်တိတ်ဆိတ်နေပြီးမှ မသဲမကွဲ ရေရွတ်တီးတိုးသံများ ပေါ် လာသည်။ ထို့နောက် ပြန်လည်တိတ်ဆိတ်သွားပြီးမှ အသံတစ်သံ ပေါ်လာ သည်။

"ရာဇာမင်းတို့မည်သည်မှာ ဆင်ဖြူရတနာကို ပိုင်စိုးရစမြဲ ဖြစ်ပါတယ် အရှင်။ ဆင်မည်းများနဲ့တကွ ဆင်ဖြူရတနာကို တောင်းယူသင့်ပါတယ်။ဆင်ဖြူရှင်ဆိုတဲ့ ဘွဲ့အမည်ကိုလည်း တစ်ပါတည်းခံယူသင့်ပါတယ်"

မင်းသားသည် မလှုပ်မခြောက်ရှိနေလေသည်။ ထိုစဉ် အမတ်တစ်ဦးက ပြောလာပြန်သည်။

"အရှင်ဟာ တုဖက်ကင်းတဲ့ မြင်းသည်ကျော်၊ မြင်းစီးသူရဲ ဖြစ်ပါတယ်။ အရှင်ရဲ့ စွမ်းပကားနဲ့လည်း လိုက်ဖက်၊ တကယ်တမ်းလည်း အသုံးဝင် အဖိုးတန်မယ့် အရာကတော့ မြင်းရတနာဖြစ်ပါတယ်။ ဟံသာဝတီနေပြည်တော်တစ်ခုလုံးမှာ ရှိရှိသမျှ မြင်းတွေထဲက အကောင်းဆုံးမြင်းများကို

ရယူပိုင်ဆိုင်တော်မူပါ"

"မဟုတ်သေးပါဘူး အမတ်မင်းတို့ရယ်။ ဆင်၊ မြင်းဆိုတာ တောင်း ယူစရာမလိုဘဲ အလိုလိုရရှိလာမယ့် ဆုလာဘ်တွေပါ"

အသက်အနည်းငယ်ကြီးသော အမတ်တစ်ယောက်က ဆိုပြန်သည်။ သူက စိတ်အားထက်သန်စွာဖြင့် ဆက်ပြောသည်။

"ကျွန်ုပ်တို့ရဲ့အရှင် သုမနကုမာရဟာ အခုအခါမှာ ရာထူးဌာနန္တရ အားဖြင့် မြို့စားအရာပဲ ရှိနေသေးတာ မဟုတ်လား။ ဘုန်းတော်ကြီးဘုရား ဟာ စစ်ပွဲအောင်မြင်မှုကို အကြောင်းပြုပြီး သားတော်ကို နယ်ပယ်ဒေသများ ပိုင်စိုးခံစားစေချင်နေမှာ မုချပဲ။ခုချိန်ဟာ ပေးသူနဲ့ ယူသူတို့ရဲ့သဘောကြိုက် ကိုက်ညီမှုရှိတဲ့ အချိန်ကောင်းပါပဲ။ ဒါကြောင့် ယခုစားရသော မြို့အပြင်မှာ ကြီးမားကျယ်ပြန့်သော တိုက်နယ်၊ ဇနပုဒ်၊ မြို့ရွာများကို ထပ်မံ တောင်းယူ သင့်ပါတယ်"

သုမနမင်းသားသည် သည်တစ်ခါတွင်မူ ခေါင်းကိုသာ ခါယမ်း လိုက်လေသည်။ အားပါးတရလျှောက်တင်သော အမတ်လည်း ခေါင်းငုံ့ သွားသည်။

"နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာမည်၏ တဲ့"

နောက်တစ်ယောက်၏ အသံ ထွက်ပေါ်လာပြန်သည်။

"ရတနာကို ပိုင်ဆိုင်ခြင်း၊ ဝတ်ဆင်ခြင်းဟာ ဘုန်းကျက်သရေကို တိုးစေတယ်။ အသွေးအသား တောက်ပကြည်လင်စေတယ်။ လိုအင်ဆန္ဒ မှန်သမျှလည်း ပြည့်စုံစေတယ်။ ဒါကြောင့် ရတနာခုနစ်ပါးကို ဆုလာဘ် အဖြစ် တောင်းယူသင့်လှပါတယ် အရှင်"

ရေတံခွန်မှ တဝေါဝေါ ရေကျသံများက စည်းဝေး ဆွေးနွေးပွဲကို လှောင်ပြောင်နေသယောင်ပင်။ သုမနမင်းသားသည် ကျောက်ဂူဆီသို့သာ

မမှိတ်မသုန် ငေးမျှော်နေသည်။ ကျောက်ဂူဝသည် မည်းမှောင်နေသကဲ့သို့ ရလာသမျှ အဖြေများသည်လည်း မိမိ၏အမေးပုစ္ဆာအတွက် အလင်းရောင်ကို မပေးစွမ်းနိုင်သော အမှောင်များသာဖြစ်နေသည်။

မင်းသား၏ အလိုမကျမှုကို သိရှိသွားကြသော အမတ်တို့လည်း ဆက်လက်မပြောကြတော့ဘဲ တစ်ယောက်ကိုတစ်ယောက်သာ စောင်းငဲ့ကြည့်ရင်း ခေါင်းယမ်းနေကြတော့သည်။

ထိုစဉ် သုမနမင်းသား၏ လက်ရုံးဖြစ်သော အသက်အရွယ်အတန် ကြီးရင့်သူ စစ်မှူးအမတ်တစ်ဦးသည် ပျပ်ဝပ်ဒူးတုတ်နေရာမှ ဒူးထောက် စွင့်မတ်လိုက်သည်။

"ကျွန်တော်မျိုး အဖြေရလဒ်တစ်ခုကို တွေ့ပြီလို့ ထင်ပါတယ် အရှင်...."

ဤအမတ်သည် မင်းသား၏ စစ်မှူးသူရဲအမတ် တစ်ထောင်တို့တွင် စိတ်နှလုံး အနူးညံ့ဆုံးနှင့် နှိုင်းနှိုင်းဆဆ အရှိဆုံးပင်ဖြစ်သည်။

"အင်း.... ပြောကြည့်ပါဦး"

"အရှင်ဟာ ရေမြွေသနင်း ဘုရင်မင်းရဲ့ သားတော်ဖြစ်ပါတယ်။ အရှင့်အဖို့ရာမှာ ဆင်၊မြင်း၊ရွှေငွေ၊စည်းစိမ် စတဲ့အရာတွေဟာ ရခဲတဲ့ အရာတွေ မဟုတ်ပါဘူး။ ဒါတွေဟာ လောကီဥစ္စာ ရတနာတွေသာ ဖြစ်ပါတယ်"

"လောကီဥစ္စာရတနာတွေ....၊ အင်း.... ဆက်ဆိုစမ်း"

သုမနမင်းသားသည် စတင်၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ရလွယ်တဲ့ အဲဒီလောကီဥစ္စာ ရတနာတွေဟာ ရသင့်လို့ ရအပ်ပေမယ့် နောက်ဆုံးမှာတော့ သူကစွန့်လို့ဖြစ်စေ၊ ကိုယ်ကစွန့်လို့ဖြစ်စေ အားလုံးကို စွန့်ပစ်သွားရမှာပါပဲ။ ဆုံးရှုံးပျက်စီးသွားရမှာပဲ ဖြစ်ပါတယ်"

"အဲဒီစကား မှန်တယ်၊ မောင်မင်း ဆက်ပြော"

"ဆင်ကို၊ မြင်းကို၊ ရတနာကို၊ ပိုင်နက် နယ်မြေကို မိမိသေဆုံးပြီး

တမလွန်သို့ ယူဆောင်သွားနိုင်တယ်ဆိုတာ မရှိပါဘူး"

"ဟုတ်တယ်၊ တမလွန်သို့ ယူဆောင်သွားနိုင်တာကော ရှိသလား"

"ရှိပါတယ် အရှင်၊ အဲဒါကတော့ ကုသိုလ်ကောင်းမှုပါ"

"ကုသိုလ်ကောင်းမှု၊ မိမိနဲ့အတူ တမလွန်သို့ ယူဆောင်သွားနိုင်တဲ့ အရာ၊ ဟုတ်လိုက်လေခြင်း။ ဆက်ပြောစမ်း...."

"ဒါကြောင့် ခမည်းတော်က ဆုလာဘ်များ ပေးတော်မူလျှင် ယူဆောင်သွားနိုင်တဲ့ ကုသိုလ်ကောင်းမှု ဖြစ်ရာဖြစ်ကြောင်းအရာကိုသာ တောင်းယူသင့်လှပါတယ်"

"ဘယ်လိုအရာလဲ...."

"အရှင့်နောင်တော်ကို ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးခွင့်ပဲ ဖြစ်ပါတယ် အရှင်...."

ကျောက်ဂူစခန်းတစ်ခုလုံး ရုတ်တရက် လင်းထိန်တောက်ပသွားသည်ဟု သုမနမင်းသား ထင်လိုက်မိသည်။ မိမိရပ်တည်နေရာ ကျောက်ဖျာကြီးတစ်ခုလုံး မြောက်ကြွသွားသလိုလိုလည်း ခံစားလိုက်ရသည်။

နောင်တော်အား ဝါတွင်းသုံးလပတ်လုံး ပြုစု လုပ်ကျွေးခွင့်။

အလို....၊ ဟုတ်ချင်းမက ဟုတ်လှပါသည်ကော။

ဟံသာဝတီ မင်းနေပြည်တော်ကြီးကို အမှီဂေါစရဂံပြုကာ သီတင်း သုံး နေထိုင်တော်မူသော နောင်တော် 'ပဒုမုတ္တရ မြတ်စွာဘုရား'။

အို.... ကြည့်စမ်းပါဦး၊ မိမိသည် ဟံသာဝတီ နေပြည်တော်နှင့် ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာဝေးသော အရပ်ဒေသ၌ မြို့စားမင်းအဖြစ် တစ်လျှောက်လုံး နေထိုင်ခဲ့သည်။ မိဝေးဘဝေး ရွှေပြည်ကြီးနှင့် ဝေးသည်မှာ မဆန်း။ မိမိသည်လည်း ကိုယ့်အာဏာ ကိုယ်စား၊ ကိုယ့်ထီးနှင့် ကိုယ်နေခဲ့သည်။ အပိုင်စားရသော နယ်ဒေသ၏ အခွန်အတုတ်တို့ကို စားလျက်၊ တိုင်းသားပြည်သူတို့ကို အုပ်ချုပ်လျက် စိုးစံနေထိုင်ခဲ့သည်။

အားလုံးနှင့် ဝေးကွာစွာ၊ သို့သော် ချမ်းမြေ့လုံခြုံစွာ မိမိရှင်သန်ခဲ့သည်။ သို့သော် ထိုဝေးကွာမှုများထဲတွင် မဝေးကွာစကောင်းသော အရာတစ်ခု ပါရှိနေသည်ကို မိမိ မဆင်ခြင်မိပါကလား။

နောင်တော် ပဒုမုတ္တရ မြတ်စွာဘုရား....။

ဘုရားရှင်အဖြစ်သို့ ရောက်တော်မမူခင်ကတော့ နောင်တော်နှင့် မိမိ သည် ဘတူမိကွဲ ညီနောင်များအဖြစ် ဟံသာဝတီ နန်းတော်ကြီးထဲတွင် အတူတကွ ငယ်စဉ်ဘဝများကို ကုန်ဆုံးစေခဲ့ကြလေသည်။

ယခု ရဟန်းတော်တစ်သိန်း ခြံရံလျက် လောကအထွတ်အထိပ် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးသော နောင်တော်။ ရံခါမှသာ ဟံသာဝတီရွှေနန်းတော်သို့ ခမည်းတော် မယ်တော်တို့အား အခစားဝင်ရင်း ကြုံကြိုက်ဆုံစည်းမှုဖြင့် ဖူးမြော်ဝင်ခဲ့သည့် နောင်တော် မြတ်စွာဘုရား....။

နောင်တော် မြတ်စွာဘုရားအား ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးခွင့်....တဲ့။ အို.... မိမိ တစ်ခါမျှ မတွေးဖူးသော စိတ်ကူးပါပေ။ တစ်ဆက်တည်းမှာပင် မိမိ ရှာဖွေမရသော အဖြေမဲ့ပုစ္ဆာ၏ ထွက်ပေါက်ရလဒ်....။

သုမနမင်းသားသည် စစ်မှူးအမတ်ကြီးအား အနူးအညွတ် ကြည့်လိုက်လေသည်။

"မှန်ပါတယ်အရှင်....၊ အဲဒီဆုလာဘ်ဟာ တောင်းယူသင့်ဆုံး ဆုလာဘ်ဖြစ်ပါတယ်။ဒါထက်ပိုမိုကြီးမြတ်တဲ့ ဆုလာဘ်လည်းမရှိတော့ပါဘူး"

စောစောက ဆင်မြင်းရတနာများ၊ နယ်စားပယ်စားများကို တောင်းယူရန် အကြံပေးခဲ့ကြသူများ အားလုံးကလည်း တညီတညွတ်တည်း ဆိုလာကြသည်။ သုမနမင်းသားသည် ဝမ်းမြောက်ကြည်နူးခြင်းဖြင့်၊

"အမတ်တို့.... သင်တို့ဟာ ကျွန်ုပ်နဲ့ မိတ်ဆွေကောင်းများလည်း ဖြစ်ခဲ့ကြပြီ။ သည်မျှထူးကဲတဲ့ ဆုလာဘ်ကိုတောင်းယူဖို့ ကျွန်ုပ်မှာ စိတ်ကူး

မရှိခဲ့ဘူး။ ကျွန်ုပ်မှာ ဆုလာဘ်တွေအမျိုးမျိုးကို တစ်ခုပြီးတစ်ခု စဉ်းစားရင်းနဲ့ ကိုယ်တိုင်အလိုမကျဖြစ်ပြီး ဖယ်ရှားပစ်ခဲ့တယ်။ ဘာကို တောင်းယူရမယ်ဆိုတာ ရှာဖွေမတွေ့ခဲ့ဘူး။ သင်တို့ ကျေးဇူးကြီးလှပေတယ်။ ကိုင်း.... မြင်းတွေလဲ အစာရေစာ ဝလို့ အမောပြေလောက်ပြီ။ အားလုံး ဟံသာဝတီကို ခရီးဆက်ကြဖို့ အသင့်ပြင်ကြ”

ရေတံခွန် ကျောက်ဂူစခန်းသည် သုမနမင်းသားနှင့် စစ်မှူးအမတ်တို့အား ကောင်းချီးသြဘာပေးလျက် ကျန်ရစ်ခဲ့လေသည်။

# အခန်း ၂

အောင်ပွဲရ ပြည်တော်ပြန် တပ်တော်ကြီးအား အာနန္ဒာမင်းကြီးနှင့် သုဇာတာ မိဖုရားကြီးတို့က ဆုလာဘ်ချီးမြှင့်သော အခမ်းအနားကို နန်းရင်ပြင်၌ ကျင်းပသည်။ ဘုရင်နှင့် မိဖုရားတို့ ပေးသနားသော ဆုလာဘ်များကို စစ်သည်တော်များသာမက မှူးမတ်ပရိသတ်များက ကောင်းချီးပေးကြသည်။ ဘွဲ့ထူး ဂုဏ်ထူးများနှင့်အတူ ရွှေငွေရတနာများကို ထိုက်တန်စွာရရှိကြသည့် စစ်သည်တော်များသည်လည်း ကျေနပ်အားရစွာဖြင့် ဂုဏ်ယူလျက် ရှိကြသည်။

ပရိသတ်၏ ကောင်းချီးပေးသံများဖြင့် စည်ကားလှုပ်ရှားနေသော ထို ဆုလာဘ်ချီးမြှင့်ပွဲကြီးသည် ပရိသတ်အားလုံး စိတ်ဝင်စားနေသည့် အချိန်သို့ ရောက်ရှိလာသည်။ ထိုအချိန်ကား ဥပရာဇာ သုမနမင်းသား အလှည့်ပင် ဖြစ်လေသည်။စစ်မှူးသေနာပတိဦးဆောင်သည့်တပ်မဖြစ်ခဲ့လျှင် အကြီးအကဲဖြစ်သော သေနာပတိဗိုလ်ကို အဦးဆုံး ဆုလာဘ် ပေးသနား ပေးပြီးမှ ကျန်စစ်သည်တို့အား ချီးမြှင့်မြဲဖြစ်သော်လည်း ယခု အောင်ပွဲခံ

တပ်ကို ခေါင်းဆောင်ခဲ့သူမှာ သုမနမင်းသားကိုယ်တိုင်ဖြစ်သဖြင့် ဆုလာဘ် ချီးမြှင့်ပွဲမှာ တစ်မျိုးတစ်ဖုံဖြစ်ခဲ့သည်။ ဘုရင့်သားတော်အား ချီးမြှင့်ပွဲမှာ စစ်သည်များအားလုံး အပြီး နောက်ဆုံးအလှည့်အဖြစ် သတ်မှတ်ထား လေသည်။

ဤသို့ဖြင့် စစ်သည်များအား ဆိုင်ရာ ရာထူးရာခံအလိုက် ချီးမြှင့်ခဲ့ ပြီးနောက် နောက်ဆုံးအလှည့်အဖြစ် သုမနမင်းသားအလှည့် ကျရောက်လာ ခဲ့သည်။ သုမနမင်းသားသည် ခမည်းတော်နှင့် မယ်တော်တို့ ရှေ့မှောက်တွင် နေရာယူလိုက်လေသည်။ နန်းရင်ပြင်ပရိသတ်လည်း စိတ်ဝင်တစားဖြင့် တိတ်ဆိတ်သွားသည်။

အာနန္ဒာမင်းကြီးသည် သားတော်အား မည်သည့်ဆုလာဘ်ကို ပေး သနားမည်နည်း။ သုမနမင်းသားသည် ခမည်းတော်ထံမှ ဘာကို တောင်းဆို မည်နည်း။

မင်းကြီးသည် ရှေ့မှောက်တွင်ဒူးထောက်ခစားသော သားတော်အား ပွေ့ဖက်၍ ဦးထိပ်၌ နမ်းရှုပ်လိုက်ပြီးနောက်၊

“သားတော် အလိုရှိရာဆုကို ခမည်းတော် ပေးသနားဖို့ အသင့် ရှိတယ်။ သားတော် လိုရာကို တောင်းဆိုပါ”ဟု မိန့်လိုက်၏။

အာနန္ဒာမင်းကြီးအနေဖြင့် အကန့်အသတ်မဲ့သော ခွင့်ပြုချက်ကို ထုတ်ဖော်လိုက်ခြင်းပင် ဖြစ်လေသည်။ ဤအချိန်ဝယ် သားတော်သည် ထီးနန်းစည်းစိမ်ကိုပင် အလိုရှိ၍ တောင်းဆိုပါက ပေးသနားမည့် ခွင့်ပြု ဖိတ်ခေါ်ချက်ပင် ဖြစ်သည်။

သုမနမင်းသားက လေးနက်သောဣန္ဒြေဖြင့် သံတော်ဦး တင်လေ သည်။

“ခမည်းတော် ဘုရင်မင်းမြတ်၊ သားတော်ဟာ ယခုဘဝ ရရှိ ရှင်သန် နေတဲ့ အသက်ကို အမြဲမဖြစ်အောင် ပြုလုပ်လိုပါတယ်”

နန်းရင်ပြင်ပရိသတ်သည် သုမနမင်းသား၏ ထူးခြားသော စကား ကြောင့် ပို၍စိတ်ဝင်တစားဖြင့် တိတ်ဆိတ်စွာ စောင့်စားနေကြ၏။

"ထူးခြားတဲ့ စကားပါလား။ ကောင်းပြီလေ။ ခမည်းတော် ခွင့်ပေးပြီး သားပဲ။ အလိုရှိရာသာ လျှောက်တင်ပါ"

"ယခု ဝါတွင်းသုံးလကြာ ကာလအတွင်း မြတ်စွာဘုရားအား ပစ္စည်းလေးပါးနဲ့ ပူဇော်ခွင့်ပြုဖို့ ဆုကို သားတော်တောင်းဆိုပါတယ် ခမည်းတော် ဘုရင်မင်းမြတ်"

အဝေးဆီမှ တဝေါဝေါအသံများ လွင့်လာသလို နန်းရင်ပြင်သည် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ သုမနမင်းသားအနေဖြင့် ဤဆုကို တောင်းလိမ့်မည်ဟု မည်သူမျှမထင်ကြ။ တီးတိုးရေရွတ်သံများ စဲသွားပြီးနောက် ပရိသတ်သည် အာနန္ဒာမင်းကြီးထံ အာရုံစိုက်သွားကြပြန်သည်။ မင်းကြီး အနေနှင့်ကော သားတော်တောင်းဆိုသည့် ဤဆုလာဘ်အပေါ် မည်သို့ တုံ့ပြန်လေမည်နည်း။

အာနန္ဒာမင်းကြီး၏ ပြုံးရွှင် သာယာနေသော မျက်နှာသည် ရုတ်တရက် တည်ကြည် မှုန်မှိုင်းသွားလေသည်။

"သားတော်၊ အခုတောင်းလိုက်တဲ့ ဆုမှတစ်ပါး ကြွင်းတဲ့အရာကို တောင်းပါ။ ဒီဆုကိုတော့ ခမည်းတော် မပေးနိုင်ဘူး"

မင်းကြီး၏ အသံမှာလည်း ပြတ်သားလှ၏။

သုမနမင်းသားသည် ဖြည်းညင်းစွာ ဦးခေါင်းကို ခါယမ်းလိုက်လေ သည်။

"ခမည်းတော် ဘုရင်မင်းမြတ်၊ ရေမြွေသနင်းတို့မည်သည်မှာ စကား ကို နှစ်ခွနှစ်မျိုး ဆိုရိုးမရှိစကောင်းပါ။ တောင်းခဲ့ပြီးသော ဆုကလွဲလို့ အခြား တစ်ပါးသောဆုကို သားတော်အလိုမရှိပါ"

မင်းသား၏အသံမှာ ပိုမိုခိုင်မာ ပြတ်သားနေသည်။

ပဒုမုတ္တရ မြတ်စွာဘုရားရှင်သည် ခမည်းတော် အာနန္ဒာမင်းကြီး အား ချီးမြှောက်လျက် ဟံသာဝတီနေပြည်တော်ကို ဂေါစရဂံအမှီပြုကာ ရဟန်းတစ်သိန်းအခြံအရံဖြင့် သီတင်းသုံး နေထိုင်တော်မူရာတွင် မင်းကြီး သည်လည်း သားတော်ဘုရားရှင်အား မပြတ် ပူဇော်လုပ်ကျွေးနေခဲ့ချေ သည်။ ပြည့်ရှင်မင်းလည်းဖြစ်၊ ဘုရားရှင်၏ ခမည်းတော်လည်း ဖြစ်သော ကြောင့် မင်းကြီး၏ပူဇော်ဝတ်ကို မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက် ခွဲဝေ မယူရဲခဲ့ပေ။

အာနန္ဒာမင်းကြီးလည်း သုမနမင်းသား၏ ဝံ့စားသော သံတော်ဦး တင်ချက်ကြောင့် အခက်ကြုံသွားလေသည်။ အလိုရှိသောဆုကိုတောင်း ဟု လည်း ခွင့်ပေးမိခဲ့ပေပြီ။ သားတော်သည် ဆင်မြင်းရထား ရတနာစည်းစိမ် ဥစ္စာတို့မှ တစ်ခုခုကို တောင်းဆိုလိမ့်မည်ဟု အထင်ရှိခဲ့သည်မှာလည်း မှား ယွင်းသွားခဲ့ပေပြီ။ မြတ်စွာဘုရားအား ပူဇော်လုပ်ကျွေးခွင့်ဟူသော အခွင့် အရေးကို သားတော် တောင်းဆိုလိမ့်မည်ဟူ၍ စိုးစဉ်းမျှမထင်မိခဲ့။

ဤအရာကား အမြင့်ဆုံးအရာဖြစ်၏။ ဘုရားရှင်အား ပူဇော်ခွင့် ရရှိနေခြင်းသည် မိမိ၏ မင်းအဖြစ်ထက်ပင် ပို၍မြင့်မားကြီးကျယ်သော အခွင့်အရေးပင်ဖြစ်၏။ မိမိသည်ပင် ပဒုမုတ္တရ ဘုရားရှင်၏ ခမည်းတော် အဖြစ်၊ ပြည့်ရှင်မင်းအဖြစ်၊ ထိုအခွင့်အရေးကို တစ်ကိုယ်တည်းပိုင်အဖြစ် ရရှိပိုင်ဆိုင်ထားသော အထွတ်အထိပ် အခွင့်အရေးဖြစ်၏။ သားတော်ကား ထိုအထွတ်အထိပ်ကိုမှ တောင်းဆိုပေပြီ။ မိမိကလည်း အလိုရှိရာ ဆုတောင်း ယူဟု အကန့်အသတ်မဲ့ ခွင့်ပေးခဲ့မိပြီ။

ဤအခွင့်ဆုလာဘ်ကို မည်သို့မျှ မပေးနိုင်ကြောင်း မိမိအသိဆုံး ဖြစ်သည်။ သို့သော် သားတော်က ထပ်မံ၍ အပိုင်အနိုင် ချည်နှောင်ပြောဆို သလို မိမိသည် စကားနှစ်ခွဆိုရန် မသင့်။

အာနန္ဒာမင်းကြီးသည် အခက်အခဲမှ ရုန်းထွက် ရှောင်တိမ်းရန်

ကြိုးစားလိုက်လေသည်။

"သားတော်၊ ဘုရားရှင်တို့ရဲ့ စိတ်အလိုတော်ဆိုတာ သိနိုင်ခဲလှပေတယ်။ အကယ်၍ မြတ်စွာဘုရားက သားတော်ပင့်ရာသို့ ကြွရောက်လိုက်ပါဖို့ အလိုတော်မရှိခဲ့ဘူးဆိုရင် ခမည်းတော်က အခွင့်ပေးဦးတော့ သားတော်ရဲ့ဆန္ဒ ဘယ်မှာပြည့်စုံနိုင်တော့မှာလဲ"

မင်းကြီး၏ အဆုံးစွန်ပြောနိုင်သည့် စကားပင်ဖြစ်လေသည်။ ဤသို့သော မေးလွှဲစကားမျိုးမှအပ အခြားမည်သို့မျှ မပြောနိုင်တော့ပေ။

သုမနမင်းသားကား ပို၍တက်ကြွသောအသွင်ဖြင့်....

"ကောင်းပါပြီ ခမည်းတော်ဘုရား၊ နောင်တော်ဘုရားရှင်ထံ ဆည်းကပ်ပြီး စိတ်အလိုတော်ကို သားတော်ကိုယ်တိုင် စုံစမ်းပါမယ်"

ကိုယ်စီကိုယ်ငှ မသိမသာ သက်ပြင်းချလိုက်ကြခြင်းဖြစ်သော်လည်း နန်းရင်ပြင်တစ်ခုလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားပြန်လေသည်။

*   *   *

ပဒုမုတ္တရ မြတ်စွာဘုရားသည် ဆွမ်းကိစ္စကိုပြီးစေ၍ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်ပြီးစအချိန် ဖြစ်လေသည်။

သုမနမင်းသားသည် နန်းတော်မှနေ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်ဝိဟာရသို့ အမြန်ပင်လာရောက်ခဲ့၏။ ဝိဟာရပရိဝုဏ်အတွင်း ရဟန်းတော်တို့ စုဝေးရာဖြစ်သော ညီမူရာတန်ဆောင်းဝင်းဓမ္မသာလာသို့ ရောက်လာလေသည်။ ရဟန်းတော်များက မင်းသားကို ကျိုးကြောင်းကိစ္စ မေးမြန်းကြသောအခါ အရေးတကြီးပင် လျှောက်ထားလိုက်၏။

"မြတ်စွာဘုရားကို ဖူးမြင်ဖို့ တပည့်တော်ရောက်လာပါတယ်ဘုရား။ မြတ်စွာဘုရားရှိရာကို ညွှန်ပြတော်မူကြပါဘုရား"

သုမနမင်းသား ရေးကြီးသုတ်ပျာဖြင့် လာရောက်သလောက် ရဟန်း တော်များကမူ တည်ငြိမ်စွာမိန့်ဆိုကြသည်။

"ဥပရာဇာ၊ ကျွန်ုပ်တို့ဟာ မြတ်စွာဘုရားကို မိမိအလိုရှိအပ်သော အချိန်ကာလမှာ ဖူးမြော်ခွင့်ရကြတာမဟုတ်ပါ"

သုမနမင်းသားသည် စိတ်ပျက်အားလျှော့၍ မသွားပေ။

"အရှင်ဘုရားတို့၊ မြတ်စွာဘုရားကို အလိုရှိအပ်သောခဏမှာ ဖူးတွေ့ခွင့်ရနိုင်တဲ့ အရှင်မြတ် တစ်ပါးပါးတော့ ရှိနိုင်ကောင်းပါရဲ့ ဘုရား၊ ဘယ်အရှင်မြတ်ဟာ အဲဒီလို ဖူးတွေ့ခွင့်ရပါသလဲ ဘုရား"

"ဥပရာဇာ၊ သုမနထေရ်ကတော့ မိမိလိုအပ်သောခဏမှာ ဘုရားရှင်ကို ဖူးတွေ့ခွင့်ရပါတယ်"

သုမနထေရ်။ မိမိနှင့် အမည်နာမချင်း တူနေပါကလား။ မင်းသားသည် ရွှင်လန်းအားတက်သွားလေသည်။ သို့ဖြင့် သုမနထေရ် ရှိနေမည့် အရပ်ကို မေးမြန်း၍ မထေရ်မြတ်အား ရှိခိုးလျက် ဘုရားရှင်အား ဖူးတွေ့လိုပါကြောင်းနှင့် ဘုရားရှင်အား ပြပေးတော်မူရန် တောင်းပန်လေသည်။

ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝကကြီးနှစ်ပါးတို့မှာ ဒေဝလ မထေရ် နှင့် သုဇာတမထေရ်တို့ ဖြစ်ကြပြီး သုမနထေရ်ကား အလုပ်အကျွေး ဥပဋ္ဌာက ထေရ် ဖြစ်လေသည်။

သုမနထေရ်သည် မင်းသား၏လျှောက်ထားတောင်းပန်စကားကို မည်သို့မျှ တုံ့ပြန်ဆိုတော် မမူတော့ဘဲ အာပေါကသိဏစျာန်ကို ဝင်စား လျက် မဟာပထဝီမြေကြီးကို 'ရေဖြစ်စေသား'ဟု ဓိဋ္ဌာန်ကာ ရေဟု ထင်ရ သော မြေအပြင်၌ ငုပ်လျှိုးသွား၏။

သုမနမင်းသားကား မျက်ဝါးထင်ထင်မြင်ရသော ထူးခြားဆန်း ကြယ်မှုကို အံ့သြခြင်းကြီးစွာဖြင့် ကြည့်နေဆဲ။

သုမနထေရ်ကား ပဒုမုတ္တရာဘုရားရှင်၏ ဂန္ဓကုဋီကျောင်းတော်၌

ထင်ရှားပေါ်ခဲ့ကာ ညီတော်သုမနမင်းသား အဖူးအမြော် လာရောက်ကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်က နေရာခင်းရန် မိန့်တော်မူသည်တွင် သုမနထေရ်လည်း ဘုရားရှင်၏ နေရာအခင်းတော်ကို ဆောင်ယူခဲ့ကာ ဂန္ဓကုဋီ ကျောင်းအတွင်းမှ ငုပ်လျှိုး၍ ပရိဝုဏ်အပြင်ဘက်၌ ထင်ရှား ပေါ်တော်မူခဲ့ပြန်၏။ ထို့နောက် မင်းသားကြည့်နေစဉ်မှာပင် ပရိဝုဏ်တွင် ဘုရားရှင်နေရာတော်ကို ခင်းကျင်းလိုက်လေသည်။

မိမိကြည့်မြင်နေစဉ်မှာပင် ပရိဝုဏ်မြေအပြင်ကို ရေပြင်သဖွယ် ဖြစ်စေပြီး ငုပ်လျှိုးကာ ပျောက်ကွယ်သွားခြင်း၊ တစ်ဖန် မကြာမတင်၌ပင် ပြန်လည်ငုပ်လျှိုးရာမှ ပေါ်လာကာ ပရိဝုဏ်၌ နေရာတော်ကို ခင်းကျင်းခြင်း တည်းဟူသော အံ့ဖွယ်နှစ်ပါးကို မြင်ရသောအခါ သုမနမင်းသားသည် အံ့သြကြည်ညိုခြင်းဖြင့် 'တန်ခိုးရာထူး ကြီးမား မြင့်မြတ်လှပါပေ့'ဟူ၍ တွေးမိလေသည်။

ထိုအခိုက်မှာပင် ပဒုမုတ္တရာဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်မှ ထွက်ကြွတော်မူကာ သုမနထေရ် ခင်းထားအပ်သော နေရာတော်၌ ထိုင် စံပယ်တော်မူလေသည်။

မင်းသားသည် နောင်တော်ဘုရားရှင်အား ရှိခိုးပြီးနောက် "ဘယ် အချိန်က လာရောက်သလဲ"ဟူသော ဘုရားရှင်၏ အမေးတော်ကို ဖြေကြား လျှောက်ထား၏။

"အရှင်ဘုရား ဂန္ဓကုဋီကျောင်းထဲ ဝင်နေတော်မူစဉ်မှာ တပည့်တော် ရောက်ရှိခဲ့ပါတယ် ဘုရား။ ရဟန်းတော်များကို မေးမြန်းလျှောက်ခဲ့ရာမှာ မြတ်စွာဘုရားကို ငါတို့ဟာ အလိုရှိအပ်သော အချိန်ခဏများမှာ ဖူးမြော်ခွင့် မရနိုင်ကြပါလို့ မိန့်ဆိုကြပြီး တပည့်တော်ကို သုမနထေရ်ထံ ပို့ဆောင်ပေး ကြပါတယ် ဘုရား။ သုမနထေရ်ကတော့ အရှင်ဘုရားကို ဖူးမြင်လိုပါတယ် ဆိုတဲ့ တပည့်တော်ရဲ့ စကားတစ်ခွန်းတည်းနဲ့ပဲ မြတ်စွာဘုရားကို ဖူးတွေ့

ခွင့်ရအောင် ဆောင်ရွက်တော်မူပါတယ်ဘုရား။ နောင်တော်အရှင်မြတ်ဘုရား၊ သုမနထေရ်ဟာ အရှင်ဘုရားတို့ရဲ့ သာသနာတော်မှာအကျွမ်းဝင်သူဖြစ်တယ်လို့ တပည့်တော်ထင်ပါတယ် ဘုရား"

ပဒုမုတ္တရ မြတ်စွာဘုရားက "သုမနရဟန်းသည် ငါဘုရား၏သာသနာ၌ အကျွမ်းဝင်သူ စင်စစ်ဖြစ်၏"ဟု မိန့်တော်မူသောအခါ သုမနမင်းသားလည်း တက်ကြွစွာ ဆက်လက်မေးမြန်းလျှောက်ထားလေတော့၏။

"ဘယ်သို့သော ကောင်းမှုကိုပြုပြီး ဘုရားရှင်သာသနာတော်မှာအကျွမ်းဝင်သူများ ဖြစ်နိုင်ကြပါသလဲ ဘုရား"

ပဒုမုတ္တရဘုရားရှင် ဖြေကြားမိန့်တော်မူလေသည်။

"အလှူဒါန ပေးလှူ၍၊ သီတင်းသီလဆောက်တည်၍၊ ဥပုသ်နှလုံးကျင့်သုံး၍ ဘုရားရှင်တို့၏ သာသနာ၌ အကျွမ်းဝင်သူများ ဖြစ်နိုင်ပါတယ်မင်းသား"

အခွင့်အခါကောင်းကို ရပေပြီ။ တံတားသဖွယ်ခင်းခဲ့သော မိမိ၏စကားလမ်းကြောင်းပေါ်သို့ မိမိ ဆက်လက်ကူးလျှောက်ဖြတ်သန်းသည့်နှယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ သုမနထေရ်ကဲ့သို့ ဘုရားသာသနာတော်၌ အကျွမ်းဝင်သူ ဖြစ်လိုလှပါတယ် ဘုရား။ နက်ဖြန်ခါမှာတပည့်တော်ရဲ့ ဆွမ်းအလှူကို လက်ခံတော်မူကြပါဘုရား"ဟု ဝံ့စားကြည်လင်စွာ လျှောက်ထားလိုက်လေသည်။

ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် ဘုရားရှင်သည် ပင့်လျှောက်ချက်ကို လက်ခံတော်မူလေသည်။ သုမနမင်းသားလည်း ဝမ်းမြောက်ပီတိ ကြီးစွာဖြင့် ကြိုတင်ဖြစ်ပေါ်အပ်သော သဒ္ဓါ၏ညွှတ်နူးခြင်းများကို ပွေ့ပိုက်ကာတဲနန်းစံအိမ်သို့ ပြန်သွားလေသည်။

* * *

'ယာယီတဲနန်း အလှူဆွမ်း' ဖြင့် ဘုရားရှင်အမှူးပြုသော ရဟန်းတို့အား ကြီးစွာပူဇော်လုပ်ကျွေးခဲ့သည်မှာ ခုနစ်ရက်တိုင်ခဲ့ပေပြီ။ ခုနစ်ရက်မြောက်သောနေ့၌ သုမနမင်းသားသည် ဘုရားရှင်အား ရှိခိုးလျှောက်ထားပြန်လေသည်။

"အရှင်ဘုရား၊ ဝါတွင်းသုံးလပတ်လုံး အရှင်ဘုရားတို့အား ပြုစုလုပ်ကျွေးခွင့်ကို ခမည်းတော်မင်းတရားထံမှ တပည့်တော် အခွင့်ရယူအပ်ပြီးပါပြီ။ ဝါတွင်းသုံးလပတ်လုံး တပည့်တော်ရဲ့ကျောင်းတိုက်မှာ ဝါဆိုသီတင်းသုံးတော်မူရန် လျှောက်ထားပါသည်ဘုရား"

ပဒုမုတ္တရ မြတ်စွာဘုရားရှင်သည် မင်းသားပင့်ဆောင်ရာသို့ ကြွရောက်ခြင်းဖြင့် အကျိုးရှိမည်လားဟု ဆင်ခြင်တော်မူရာ အကျိုးရှိမည်ဟု သိမြင်တော်မူပြီး မိန့်တော်မူလေသည်။

"မင်းသား၊ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာအရပ်မှာ မွေ့လျော်တော်မူကြကုန်တယ်"

မြတ်စွာဘုရား၏ဆိတ်ဆိတ်နေတော်မူခြင်းကို သုမနမင်းသားသည် ကောင်းစွာနားလည်လိုက်လေသည်။ သို့သော် မိမိမှာရှိနေသော အခက်အခဲတစ်ခုကို ဆင်ခြင်မိပြန်သည်။ မိမိသည် ဟံသာဝတီနေပြည်တော်၌ ဥပရာဇာစံနန်းတော်နှင့် စံမြန်းနေထိုင်သူမဟုတ်။ ဘုရင့်သားတော်ဖြစ်သော်လည်း စင်စစ်မိမိရာထူးမှာ မြို့စားသာဖြစ်၏။ မိမိနေထိုင်ရာမြို့မှာ ဟံသာဝတီမှ ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးကွာသောအရပ်၌ တည်ရှိနေ၏။ ဘုရားရှင်ထံမှ ဝါတွင်းသုံးလပတ်လုံးသီတင်းသုံးရန် လက်ခံမှုကိုရရှိပြီ ဖြစ်သောအခါ ဘုရားရှင်အတွက် စံကျောင်းတော်လိုအပ်လာပြီဖြစ်၏။ မိမိ၌ဘုရားရှင်၏ ဝန်ခံတော်မူခြင်းမှအပ ဘာတစ်ခုမျှ မပြည့်စုံသေး။ အဓိကအားဖြင့် ကျောင်းတိုက်ဝိဟာရ တည်ဆောက်ရဦးမည်ဖြစ်လေသည်။ ထို့ကြောင့် မင်းသားသည် နောင်တော်ဘုရားရှင်အား လျှောက်ထားရပြန်၏။

"အရှင်ဘုရား၊ တပည့်တော် အပိုင်စိုးရတဲ့ မြို့ရပ်ကို ပြန်နှင့်ပြီး ကျောင်းတိုက် တည်ဆောက်ပါမယ် ဘုရား။ ကျောင်းတိုက်ဆောက်ပြီး၍ တပည့်တော် ပင့်လျှောက်သောအခါမှသာ ရဟန်းတော်တစ်သိန်းတို့နှင့် အတူ ကြွတော်မူခဲ့ကြပါဘုရား"

ဘုရားရှင်၏ ကြွတော်မူမည့်အကြောင်း ဝန်ခံစကားရသောအခါ သုမနမင်းသားသည် ဂန္ဓကုဋီကျောင်းမှ ပြန်လာခဲ့သည်။ မင်းသားသည် အချိန်မဆွဲတော့ဘဲ ပြုဖွယ်ကိစ္စများကို အလျင်အမြန် ပြုမူလေတော့သည်။

ဦးစွာ နန်းတော်သို့ဝင်ကာ ခမည်းတော်အား သံတော်ဦးတင်၏။

"နောင်တော်မြတ်ဘုရားက သားတော်ပင့်ဆောင်ရာ လိုက်ပါမည့် အကြောင်း ပဋိညာဉ်ဝန်ခံချက် ပေးအပ်တော်မူလိုက်ပါပြီ။ သားတော် အခု မြို့ကို ပြန်ပါမယ်။ သားတော်ထံက အပင့်လွှတ်သောအခါမှသာ ခမည်းတော်တို့က ဘုရားရှင်ကို သားတော်ထံ ပို့ဆောင်တော်မူကြပါ"

အာနန္ဒာမင်းကြီးလည်း မိမိ၏ ဝန်ခံစကားနှင့် မိမိတုပ်ချည်မိပြီး ဖြစ်သွား၏။ 'မြတ်စွာဘုရား လက်ခံတော်မမူလျှင် မိမိခွင့်ပြုသော်လည်း ဘယ်မှာဖြစ်နိုင်လို့လဲ'ဟု မိမိဆိုခဲ့ချေသည်။ယခုကား ဘုရားရှင်ထံမှ လက်ခံတော်မူခဲ့လေပြီ။ သားတော် အလိုဆန္ဒအတိုင်းသာ ဆက်လက်ခွင့်ပြု လိုက်လျောရန် ရှိတော့သည်။

သုမနမင်းသားသည် မိမိ၏မြို့သို့ အပြန်ခရီး ယူဇနာတစ်ရာ့ နှစ်ဆယ်တွင် တစ်ယူဇနာ၊ တစ်ယူဇနာတိုင်း၌ စံကျောင်းတော်တစ်ဆောင်စီ ဆောက်လုပ်ခဲ့၏။ မိမိစားကျေးမြို့သို့ ရောက်သောအခါ ကျောင်းတော် တည်ဆောက်ရန် တည်နေရာကို ဦးစွာရွေးချယ်ရပြန်သည်။

ဘုရားရှင်တို့သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်တော်မူကြသည် ဟု နောင်တော်မြတ်စွာဘုရား မိန့်တော်မူရင်းစကားရှိသည်။ မင်းသားသည် မိမိ၏မြို့ကလေးအတွင်း၌ ဆိတ်ငြိမ်အေးချမ်းသောနေရာကို ရွေးချယ်ကြည့်

သည်။

အဓိကအားဖြင့် တိတ်ဆိတ်အေးချမ်းသော နေရာကို ရှာဖွေသည်။ တိတ်ဆိတ်သော နေရာများကိုကား တွေ့ပါ၏။ သို့သော် ခြောက်သွေ့၍ စိုပြည်သာယာခြင်းမရှိသော နေရာများသာ ဖြစ်နေသည်။ ဘုရားရှင်က ဆိတ်ငြိမ်ရာအရပ်ကိုသာ ညွှန်းဆို မိန့်တော်မူလိုက်သော်လည်း မင်းသားသည် ဆိတ်ငြိမ်မှုအပြင် သာယာအေးချမ်းမှုကိုပါ ထည့်သွင်းစဉ်းစား၍ ရွေးချယ်ခဲ့လေသည်။

နောက်ဆုံးတွင်ကား တိတ်ဆိတ်အေးချမ်းခြင်း၊ နှလုံးမွေ့လျော် သာယာဖွယ်ဖြစ်ခြင်းတို့နှင့် ပြည့်စုံသော နေရာတစ်ခုကိုတွေ့ခဲ့၏။ သို့သော် ထိုနေရာမှာ မိမိစားကျေးမြို့ နယ်နိမိတ်အတွင်းမှ မိမိအမိန့်ဖြင့် အလိုရှိတိုင်း လုပ်ပိုင်ခွင့်ရှိသော နေရာမဟုတ်ဘဲ သောဏအမည်ရှိ သူကြွယ်တစ်ဦး ပိုင်ဆိုင်သော ဥယျာဉ်ဖြစ်နေ၏။

သုမနမင်းသားသည် သူကြွယ်ပိုင်ဥယျာဉ်အား အဓမ္မသိမ်းလိုသူ မဟုတ်။ ထို့ကြောင့် ဥယျာဉ်ကို အသပြာတစ်သိန်းပေး၍ ဝယ်လိုက်လေသည်။ ထို့နောက် နောက်ထပ်အသပြာတစ်သိန်းကို လက်ခကံကျေး စွန့်လှူပေးကာ ကျောင်းတိုက်ကြီးကို အလျင်အမြန် တည်ဆောက်စေသည်။

ဤသို့ဖြင့်ပင် ဘုရားရှင်အတွက် ဂန္ဓကုဋီကျောင်းတော်၊ ရဟန်းတော်တို့အတွက် ညဥ့်နေသန့်ရာ ဝိဟာရဆောင်၊ လိုဏ်၊ မဏ္ဍပ်၊ ကုဋီ စသည်များ တံတိုင်းအရံအတား၊ တံခါးမုခ်တို့ဖြင့် ပြည့်စုံသော ကျောင်းတိုက်ကြီး ဆောက်လုပ်ပြီးစီးသွားလေသည်။

အစခပ်သိမ်း အဆင်သင့်ဖြစ်သောအခါ သုမနမင်းသားသည် ဟံသာဝတီသို့ တမန်စေလိုက်၏။ ခမည်းတော် အာနန္ဒာမင်းကြီးလည်း သားတော်၏ အားကြီးသော သဒ္ဓါကြည်ညိုစိတ်နောက်သို့ လိုက်ပါခဲ့ရပြီ ဖြစ်လေသည်။ ဘုရားရှင်နှင့် ရဟန်းတော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်း

၍ "သားတော်မြတ်စွာဘုရား၊ အရှင့်ညီတော် သုမနမင်းသားဟာ ဆိုင်ရာ လုပ်ဆောင်ဖွယ် ကိစ္စအဝဝတို့ကို ပြီးစီးအောင်မြင် ဆောင်ရွက်ထားပါပြီ။ ယခုအခါမှာ အရှင်ဘုရားတို့ရဲ့ ကြွလာတော်မူခြင်းကို အလွန်အမင်း ထက်သန်စွာနဲ့ တောင့်တမျှော်ခေါ်နေပါပြီဘုရား" ဟု လျှောက်ထားရ တော့၏။

ပဒုမုတ္တရ မြတ်စွာဘုရားရှင်လည်း ရဟန်းတစ်သိန်းတို့ ခြံရံလျက် ဟံသာဝတီမင်းနေပြည်မှ မင်းသား၏မြို့သို့ ကြွချီတော်မူခဲ့၏။ လမ်းခရီး အကြား တစ်ယူဇနာတိုင်းဝယ် ဆောက်လုပ်ထားသော ယာယီစံကျောင်း တော်များမှာလည်း ညဥ့်ကျိန်းစက်တော်မူကာ ယူဇနာတစ်ရာ့နှစ်ဆယ် ခရီး ကို မပင်မပန်းကြွချီတော်မူလေသည်။

မြတ်စွာဘုရား ကြွချီတော်မူလာပြီဟုသိရသော သုမနမင်းသား လည်း မြို့မှထွက်၍ တစ်ယူဇနာအရပ်တွင် ခရီးဦးကြိုဆိုကာ နံ့သာပန်းများ ဖြင့် ပူဇော်လျက် ကျောင်းတိုက်သို့ ပင့်ဆောင်ခဲ့လေသည်။

ကျောင်းတိုက်တော်ကြီးဝယ် ဘုရားရှင်နေရာယူတော်မူပြီးသည်နှင့် သုမနမင်းသားသည် ကြီးစွာသော ပီတိသဒ္ဓါစသော ကုသိုလ်စိတ်များဖြင့် ထုံမွှမ်းလျက် လျှောက်ထားလေသည်။

"မုနိပရမေ မြတ်စွာဘုရား။ တပည့်တော်သုမနသည် သောဏ သူကြွယ်၏ ဥယျာဉ်ကို တစ်သိန်းသောအသပြာဖြင့် တန်ဖိုးကဲဖြတ် ဝယ်ယူ အပ်လျက် တစ်သိန်းသောအသပြာဖြင့် ကျောင်းတိုက်တော်ကြီးကို တည် ဆောက်ပြီးပါပြီ။ ဤကျောင်းတိုက် ဝိဟာရကြီးကို ကရုဏာရှေ့ရှု အလှူခံ တော်မူပါဘုရား"

# အခန်း ၃

ဘုရားရှင်နှင့် ရဟန်းတော်တို့ ကျောင်းတိုက်ဝိဟာရ၌ စံမြန်းသီတင်းသုံး နေတော်မူကြလေပြီ။

ဝါကပ်သောနေ့၌ လှူဖွယ်တို့ဖြင့် ပူဇော်လုပ်ကျွေးပြီးသောအခါ သုမနမင်းသားသည် မိဖုရား၊ သားတော်နှင့်တကွ မှူးမတ်ဗိုလ်ပါများကို ခေါ်ယူစုရုံးစေကာ ရဲရဲတောက်စကားကို ဆိုလေသည်။

"ဘုရားရှင်ဟာ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးကွာသော အရပ်ကနေ ပြီး ကျွန်ုပ်တို့ထံကို ကြွချီတော်မူခဲ့တယ်။ ဒီနေရာမှာ သင်တို့ အလေးအနက် နှလုံးသွင်းဖို့ တစ်ခုရှိတယ်"

မင်းသား၏အမူအရာမှာ ခမည်းတော်အမိန့်ဖြင့် သူပုန်သူကန်တို့ ကို ထွက်ရောက်တိုက်ခိုက်ခဲ့စဉ်ကလို စစ်မှူးသေနာပတိအသွင်မျိုး မဟုတ် တော့ဘဲ ထူးထူးခြားခြား ကြည်လင်လေးနက်နေ၏။

"သင်တို့နှလုံးပြုရမှာကား ဘုရားရှင်တို့မည်သည်မှာ ဓမ္မကိုသာ အလေးပြုတော်မူကြတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်။ ယခု ကျွန်ုပ်တို့ဟာ

အသပြာနှစ်သိန်း အရင်းအနှီးပြုပြီး သောဏဥယျာဉ်ကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းပြီးကြပြီ။ သို့သော် ဘုရားရှင်တို့မည်သည် ပစ္စည်းလေးပါးအာမိသကို အလေးပြုတော်မူကြတာ မဟုတ်ဘူး။ ကြီးကျယ်စွာသော ကျောင်းတိုက်ဝိဟာရ အလှူနဲ့တင် နှစ်သိမ့်ရောင့်ရဲမနေအပ်ဘူး။ ပစ္စည်းလေးပါး အာမိသကို အလေးပြုတော်မမူ၊ ကြည့်တော်မမူဘဲ တရားကိုသာ အလေးပြုတော်မူတဲ့ ဘုရားရှင်တို့ကို ပူဇော်လုပ်ကျွေးဖို့အတွက် အမြင့်မြတ်ဆုံး၊ အကောင်းဆုံးပူဇော်ခြင်းဟာ တရားနဲ့ပူဇော်ခြင်းသာ ဖြစ်တယ်”

သုမနမင်းသားသည် ခိုင်မာပြတ်သားစွာ ဆက်ပြောလိုက်၏။

“ကျွန်ုပ်ကတော့ နောင်တော်ဘုရားရှင် သီတင်းသုံးတော်မူမယ့် ဝါတွင်းသုံးလပတ်လုံးမှာ အဝတ်နှစ်ထည်ကိုသာ ဝတ်ဆင်၊ ဆယ်ပါးသီလ ဆောက်တည်ပြီး ဘုရားရှင်သီတင်းသုံးတော်မူရာ ဤကျောင်းတိုက်မှာပဲ နေတော့မယ်”

မိဖုရား၊ သားတော်နှင့် မှူးမတ်များကို ကြည့်လျက်၊

“သင်တို့အနေနဲ့လည်း ဘုရားအမှူးပြုသော ရဟန်းတော် တစ်သိန်းတို့ကို တရားနဲ့ ပူဇော်လုပ်ကျွေးကြ၊ တတ်နိုင်သမျှ ပူဇော်ကြ”

သုမနမင်းသားသည် စံနန်းတော်သို့ မပြန်တော့ဘဲ ဆယ်ပါးသီလကို ဆောက်တည်ကာ ကျောင်းတိုက်တွင် နေရစ်ခဲ့လေသည်။

*  *  *

သုမနမင်းသား နေထိုင်သောနေရာမှာ အရှင်သုမနထေရ် သီတင်းသုံးသော စံကျောင်းတော်နှင့်နီး၏။ထို့ကြောင့် အရှင်သုမနထေရ်၏ နေ့စဉ်ဆောင်ရွက်ပြုမူပုံများကို မင်းသားသည် အမြဲတစေ တွေ့နေရလေသည်။

ဥပဋ္ဌာက အလုပ်အကျွေးအရာ၌ရှိသော အရှင်သုမနထေရ်သည် နေ့နေ့ညဉ့်ညဉ့် ဘုရားရှင်၏ ဝတ်ကြီးဝတ်ငယ်များကို ပြုစုလုပ်ကျွေးနေ၏။

ဤသို့ တွေ့မြင်ဖန်များလာသောအခါ သုမနမင်းသားသည်လည်း ကြံစည်ဆင်ခြင်မိလာသည်။

"သုမနမထေရ်မြတ်ဟာ အလုပ်အကျွေးအရာမှာ ဧကဒ္ဒအကျွမ်းဝင်သူ ဖြစ်တန်ရာတယ်။ ငါလည်း မထေရ်မြတ်ရဲ့ ရာထူးဌာနန္တရမျိုးကို ဆုတောင်းပတ္တနာ ပြုလေမှပဲ"

အရှင်သုမနထေရ်၏ နေ့စဉ်ဝတ်ပြုမှုဆောင်ရွက်ပုံများကို အနီးကပ် တွေ့မြင်ရလေလေ သုမနမင်းသား၏ အားကျကြည်ညိုစိတ်သည် ကြီးထွား လာလေလေ ဖြစ်ခဲ့၏။

ဤသို့ဖြင့်ပင် ဝါတွင်းသုံးလတို့သည် တရိပ်ရိပ်ကုန်ဆုံးခဲ့ကာ ပဝါ ရဏာပြုမည့် သီတင်းကျွတ်လပြည့်နေ့သို့ နီးကပ်လာခဲ့၏။ လဆန်းရှစ်ရက် နေ့သို့ ရောက်လာခဲ့၏။

တစ်စတစ်စ ပြည့်ဝန်းဖွံ့တည်လာသောလဝန်းနှယ် သုမနမင်းသား၏သဒ္ဓါတရားတို့လည်း ရင့်ကျက် ကျယ်ပြန့်လာခဲ့သည်။ လဆန်းရှစ်ရက်နေ့တွင် မင်းသားသည် မြို့တွင်းခုနစ်ရက်တိုင် အလှူကြီး ပေးလှူကာ လပြည့်နေ့၌ ဘုရားရှင်ထံသို့ဝင်ခဲ့၏။ ရဟန္တာတစ်သိန်းတို့ ခြေရင်းမှာလည်း တိစီဝရိတ်သင်္ကန်းအစုံတို့ကို ထားရှိတည်ခင်းထားသည်။

ထို့နောက် မင်းသားသည် ဘုရားရှင်အား ရှိခိုးကာလျှောက်ထားလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဟံသာဝတီ နေပြည်တော်ယာယီတဲနန်း၊ ဆွမ်းအလှူမှစပြီး ယခုကျောင်းတိုက်ဝိဟာရကြီး တည်ဆောက်ခြင်း၊ ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးပူဇော်ခြင်းနှင့် ယခုလပြည့်နေ့ အခါသမယမှာလည်း သင်္ကန်းများ ကပ်လှူပူဇော်ခြင်းအထိ တပည့်တော်ပြုခဲ့သမျှသော ခပ်သိမ်းဥဿုံအလုံးစုံ ကုသိုလ်ကောင်းမှုများကို ပြုရာမှာ တပည့်တော်သည် သိကြားမင်း၊နတ်မင်း၊ဗြဟ္မာမင်းစည်းစိမ်များကို

တောင့်တရည်စူးလို့ ပြုခဲ့သည်မဟုတ်ပါဘုရား"

မင်းသားသည် ဘုရားရှင်နှင့်မနီးမဝေးတွင်ရှိနေသော သုမနမထေရ်မြတ်ကို တစ်ချက်လှမ်းငဲ့ကြည့်ပြီးနောက်....

"စင်စစ် ဤကုသိုလ် ကောင်းမှုများကို တပည့်တော် ပြုရာမှာ မြတ်စွာဘုရားရဲ့ အလုပ်အကျွေး ဥပဋ္ဌာက ရဟန်းအဖြစ်ကို တောင့်တ၍သာ ပြုခဲ့ခြင်းဖြစ်ပါတယ်ဘုရား။ ထို့ကြောင့် တပည့်တော်သည် အနာဂတ်နောင်ကာလမှာ သုမနမထေရ်မြတ်လို တစ်ဆူဆူသော မြတ်စွာဘုရား၏ အလုပ်အကျွေး ဥပဋ္ဌာက ဖြစ်ရပါလို၏ အရှင်ဘုရား"

မင်းသား၏ ဆုတောင်းဆုပန်စကားကို ကြားရသောအခါ ပဒုမုတ္တရမြတ်စွာဘုရားရှင်လည်း ဤဆုတောင်းပတ္ထနာ၏ ပြည့်စုံဖွယ်ရှိမရှိ၊ အန္တရာယ်ရှိမရှိကို ဆင်ခြင်တော်မူရာ ပြည့်စုံမည့်အဖြစ်ကို မြင်တော်မူလေသည်။ ဘုရားရှင် မိန့်တော်မူ၏။

"မင်းသား၊ ဘဒ္ဒကမ္ဘာတွင် ဂေါတမမည်သော မြတ်စွာဘုရားရှင်လက်ထက်တော်မှာ သင်သည် အလိုရှိတိုင်း ဆုတောင်းဆုပန်မှုဖြင့် အာနန္ဒာအမည်ရှိ အလုပ်အကျွေး ဥပဋ္ဌာကရဟန်းဖြစ်လိမ့်မည်"

ဘုရားရှင်၏ ဗျာဒိတ်စကားကို ရရှိပေပြီ။

သုမနမင်းသား၏ နှလုံးစိတ်အတွင်း၌ အားရနှစ်သက်ခြင်းတို့သည် အတိုင်းမသိ ရိုက်ခတ်ပြည့်လျှမ်းသွား၏။

"ဘုရားရှင်တို့သည် နှစ်ခွစကား ဆိုတော်မမူကြ။ ဧကန်မလွဲမြဲသော ဗျာဒိတ်စကား။ ဒီစကားကို ငါရပြီ။ ငါဟာ ဗျာဒိတ်ခံဖြစ်ပြီ"

ဗျာဒိတ်ကြားသည့်နေ့၏ ဒုတိယမြောက်နောက်နေ့မှာပင် သုမနမင်းသားသည် ဂေါတမမြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို ယူဆောင်ကာ မြတ်စွာဘုရား၏ နောက်တော်ပါးမှ ဖဝါးခြေထပ် ထပ်ကြပ်မကွာ လိုက်ပါရတော့မည်ကဲ့သို့ မိမိကိုယ်မိမိ ပီတိပြည့်ဖုံးသော စိတ်နှလုံးဖြင့် ကြည်နူး

အားရနေတော့၏။

အနှစ်တစ်သိန်းကြာ ဒါနကောင်းမှုပြုလျက် သုမနမင်းသားသည် ထိုဘဝမှ စုတေကာ နတ်ပြည်၌ ဖြစ်ခဲ့လေသည်။ ပါရမီတို့၏ ရင့်ကျက်ဖွံ့စည်းမှုတို့သည် တစ်စထက်တစ်စ ဖြစ်တည်ပွားများခဲ့လေပြီ။

ကဿပမြတ်စွာဘုရား သာသနာခေတ်၌ ဆွမ်းခံကြွသော မထေရ်မြတ်တစ်ပါးအား သပိတ်အောက်မှခံရန် မိမိ၏အပေါ်ရုံ စုလျားတဘက်ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းသည်လည်း တစ်ဘဝ။

ထိုဘဝမှစုတေခဲ့၍ နတ်ပြည်၌ဖြစ်ကာ နတ်ပြည်မှတစ်ဖန် စုတေပြန်သောအခါ လူ့ပြည်ရွာတွင် ဗာရာဏသီမင်းအဖြစ်ကို ရရှိခဲ့သည်လည်း တစ်ဘဝ။ သံသရာ အလျားဝန်းတွင် ရုပ်နာမ်ခန္ဓာတို့သည် ပြုခဲ့သောကံတို့ အလျောက် မရပ်မနား ဖြစ်တည်ပြောင်းလဲခဲ့ရချေသည်။

ဗာရာဏသီမင်းဘဝတွင်ကား ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူလာကြသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ဆူတို့ကို ဖူးမြင်ရ၍ ရွှေနန်းတော်သို့ ပင့်ဆောင်ခဲ့၏။ နန်းတော်ဦးတွင် ဆွမ်းဆက်ကပ် လှူဒါန်းကာ မင်္ဂလာဥယျာဉ်အတွင်း ပစ္စေကဗုဒ္ဓါအရှင်တို့ စံမြန်းသီတင်းသုံးရန်အတွက် ကျောင်းသင်္ခမ်း ရှစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းပြန်သည်။

အရှင်မြတ်တို့ နန်းတော်သို့ ကြွရောက်လာသောအခါ ထိုင်စံပယ်ရန် အလို့ငှာ ရတနာဆယ်ပါးဖြင့်ပြီးသော အင်းပျဉ်ကြီးရှစ်လုံးတို့ကို လှူဒါန်းပြန်၏။ သပိတ်တော်များတင်ရန် ပတ္တမြားသပိတ်ခြေတို့ကိုလည်း စီမံလျက် မရောင့်ရဲနိုင်သော ပူဇော်မှုတို့ဖြင့် လုပ်ကျွေးခဲ့လေသည်။

ကမ္ဘာတစ်သိန်းကာလတို့ ဖြတ်သန်း ဖြစ်ပျက် သွားခဲ့ကြ၏။

များစွာကုန်သော မရေမတွက်နိုင်သော ကုသိုလ်ကောင်းမှုများဖြင့် တစ်ဘဝပြီးတစ်ဘဝ ကျင်လည်ခဲ့၏။အန္တိမနောက်ဆုံးဘဝဆီသို့ တရွေ့ရွေ့

ဦးတည်လာခဲ့ပေပြီ။

ဂေါတမမြတ်စွာဘုရား အလောင်းတော်သေတကေတု နတ်သားနှင့် အတူတကွ တုသိတာနတ်ပြည်၌ နတ်သားဖြစ်ခဲ့၍ ထိုမှစုတေလတ်သော အခါ လူ့ပြည်သို့ရောက်ရှိခဲ့၏။ ဂေါတမ မြတ်စွာဘုရားရှင်၏ သာသနာ တော်၌ အထူးထူးသော အမွန်မြတ်ဆုံး၊အကြီးကျယ်ဆုံး သီလ၊သိက္ခာ၊ပညာ တော်များဖြင့် ငွားငွားစွင့်စွင့် အတင့်တယ်ကြီး တင့်တယ်လှပေသော သံဃာ့ ရတနာ အစုအဝန်းဝယ် 'အရှင်အာနန္ဒာ'ဟူသော တရားဘဏ္ဍာစိုးမှူး အရှင် မြတ်တစ်ပါး စတင်ပေါ်ထွန်းပေတော့မည်။

သုမနမင်းသားဘဝက ခံယူပန်ဆင်ခဲ့သော ဗျာဒိတ်ပန်းသည် လန်း ပွင့်မွှေးကြိုင်ပေတော့မည်။ ရဟန်းမြတ်ကြာမုံပဒုံသည် ဘုရားရှင်တည်းဟူ သော နေအရဏ်ကို သောက်သုံးပေတော့မည်။

*　　*　　*

'အဆွေအမျိုးခပ်သိမ်းတို့ နှစ်သက်ဝမ်းမြောက်အောင်ပြု၍ ဖြစ်ပေါ်လာ သောကြောင့်'ဟူသော ဗျုပ္ပတ်ခြင်းအရာကိုဆောင်လျက် 'အာနန္ဒမင်းသား' ဟု မိမိအား အမည်မှည့်ခေါ်ကြသည်ဆို၏။

တကယ်တမ်းမူကား မိမိကိုဖွားမြင်လာသည့်အတွက် ခမည်းတော် အမိတောဒနမင်း ဘယ်လောက် ဝမ်းမြောက်အားရဖြစ်လေမည်ကို မင်းသား ငယ်သည် မမှန်းဆတတ်။ သာကီဝင်မင်းအဆွေအမျိုးတို့နှင့် ကပိလဝတ် နေပြည်တော်မှ မင်းမျိုးမင်းနွယ် ခတ္တိယဖွားအပေါင်းတို့ အဘယ်မျှလောက် ပျော်ရွှင်ကြလိမ့်မည်ဟုလည်း နားမလည်နိုင်သေး။

မိမိနှင့်အတူ ဘဒ္ဒကဉ္စနာ၊ ဆန္န၊ ကာဠုဒါယီတည်းဟူသော လူသား ပုဂ္ဂိုလ်လေးဦး။ ထို့နောက် ကဏ္ဍကအမည်ရှိ မြင်းတစ်စီး။ ထို့နောက် မဟာဗောဓိညောင်ပင်နှင့် ကပိလဝတ်နေပြည်တော် ရွှေနန်းတော်အရပ်

အတွင်း၌ ပေါ်ပေါက်လာသည်ဆိုသော ရွှေအိုးကြီးလေးလုံး....။ မိမိနှင့် ပါဆိုလျှင် ဖွားဖက်တော် ခုနစ်ပါးဟု ဆိုကြသည်။

ဖွားဖက်တော် ခုနစ်ပါးဖြစ်ပေါ်ခြင်း၊ ထိုခုနစ်ပါးတွင် မိမိအပါအဝင် ဖြစ်ခြင်းကို စိတ်ဝင်တစားအာရုံထားရန်ထက် ဤဖွားဖက်တော် ခုနစ်ပါးတို့၏ ဗဟိုချက်မ မဏ္ဍိုင်သဖွယ်ဖြစ်နေသော နောင်တော်သိဒ္ဓတ္ထကိုသာ စိတ်အဝင်စားကြီး ဝင်စားနေမိတော့၏။

အလုံးစုံသော လောက၏အကျိုးစီးပွားကို ပြီးစီးထမြောက်အောင် ရွက်ဆောင်တော်မူမည့်အကြောင်း နိမိတ်ဗျူပွတ်ဟိတ်ကို အစွဲပြုလျက် 'သိဒ္ဓတ္ထ'ဟု အမည်နာမ မှည့်ခေါ်လိုက်ကြသည်တဲ့။

လောကဟူသည်မှာ အဘယ်နည်း။ အလုံးစုံသော လောကဟူသည်မှာ အဘယ်အရာနည်း။ ထိုလောက၏ အကျိုးစီးပွားဟူသည်ကကော ဘာကိုဆိုလိုသနည်း။ ကပိလဝတ်သည် လောကလော။ ရွှေနန်းတော်နှင့် သာကီဝင်မင်းတို့သည် လောကလော။ ရှိစေတော့။ လောက၏အကျိုးစီးပွားကို ပြီးစီးထမြောက်အောင် ရွက်ဆောင်မည်ဟူ၍ အနက်ဖွင့်ကြ၏။ မည်သို့ ပြီးစီးထမြောက်အောင် မည်သို့ရွက်ဆောင်လိမ့်မည်နည်း။

'သိဒ္ဓတ္ထ'ဟူသော အမည်နာမကပင်လျှင် မိမိ၏နှလုံးကို ခွန်အားကြီးစွာ ဖမ်းစားနေတော့သည်။

ခမည်းတော် အမိတောဒနမင်းအား ချဉ်းကပ်၍ မေးမိသည်။

"သူဟာ ဘယ်လောက်တောင် ထူးခြားသလဲ ခမည်းတော်"

ခမည်းတော်မင်းက ခေါင်းငဲ့ကြည့်ရင်း ပြန်မေး၏။

"သူဆိုတာ ဘယ်သူ့ကိုပြောနေတာလဲ အာနန္ဒ"

"နောင်တော်သိဒ္ဓတ္ထကို ပြောတာ"

ခမည်းတော် အနည်းငယ်မျှ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ထူးခြားပါသော်ကော သားတော်။ သိဒ္ဓတ္ထဟာ နောင်တော်

သုဒ္ဓေါဒနမင်းကြီးနဲ့ မဟာမာယာဒေဝီတို့ရဲ့ သားတော်ဖြစ်လာတာကိုက ထူးခြားချက်တစ်ခုပဲ သားရဲ့"

ခမည်းတော်၏စကားကို ကောင်းစွာဘဝင်မကျချင်။ ခမည်းတော်သည် အသမ္ဘိန္နခတ္တိယ သာကီဝင်နွယ်မင်းအပေါင်းတို့တွင် သာကီသွေး အပီသဆုံးဖြစ်မည်ထင်၏။ မိမိတို့ သကျသာကီယမင်းမျိုးတို့မှာ ခိုင်ခံ့ကြီးကျယ်လှသော ဓလေ့ထုံးစံကြီးတစ်ခုက စွဲမြဲတည်နေသည်။ ယင်းကား အခြားမဟုတ်။ သာကီနွယ်တို့တွင် ဂုဏ၊ ဝယအလိုက် ဂုဏ်ကြီးသူ၊ အရွယ်ကြီးသူ၊ အသက်ကြီးသူတို့အား ထိုလောက်ဂုဏ်မကြီးသူ၊ အရွယ်မကြီးသူ၊ အသက်မကြီးသူတို့က ပျပ်ဝပ်ရိုသေ ကိုင်းရှိုင်းကြသည်ချည်းပင်။

ခမည်းတော် အမိတောဒနမင်းသည် သူ့နောင်တော် သုဒ္ဓေါဒနမင်းကြီးကို အထူးသဖြင့် ကိုင်းညွတ်လေးစားလှသူ ဖြစ်သည်။ ကပိလဝတ်ပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်သော သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းတို့၏ အလယ်တွင် သက်ကြီးရွယ်ကြီး ဘုရင်မင်းမြတ်ဖြစ်သည်က တစ်ကြောင်း၊ သာကီဝင်မင်းတို့ ဓလေ့ထုံးစံအရ ကြီးသူကို ငယ်သူက အစဉ်တစ်စိုက် လေးစားရိုသေရသည်က တစ်ကြောင်းတို့ကြောင့် ထိုဘုရင်မင်းမြတ်ကြီး၏ သားတော်ဖြစ်သော သိဒ္ဓတ္ထအား ထူးခြားပါသည်ဟု ဆိုခြင်းကို အာနန္ဒမင်းသား ဘဝင်မကျနိုင်။

တွေတွေဆိုင်းဆိုင်းဖြစ်သွားသော မိမိ၏အမူအရာကို ခမည်းတော် ရိပ်စားမိဟန်တူ၏။

"သားရဲ့.... စဉ်းစားကြည့်စမ်း၊ သူ့မယ်တော် မဟာမာယာဒေဝီဟာ အသက်ငါးဆယ့်ခြောက်နှစ်ကျော်မှ သူ့ကိုဖွားမြင်တာကော"

ဤစကားကို ကြားရခြင်းအတွက်တော့ အာနန္ဒမင်းသားသည် စိတ်ထဲဝယ် မရှင်မလန်း ဖြစ်မိသွားသည်။ မဟာမာယာဒေဝီသည် နောင်တော်အား ဖွားသန့်စင်ပြီး ခုနစ်ရက်အကြာမှာ နတ်ရွာစံခဲ့သည်ပင်။

မချမ်းမြေ့စရာကို မတွေးချင်သဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်၏။

"နောင်တော်သိဒ္ဓတ္ထ ဖွားမြင်စမှာ အင်မတန်ထူးကဲတဲ့ နိမိတ်ကြီးတွေ ပေါ်ခဲ့တယ်ဆို ခမည်းတော်"

"ဟုတ်တယ်လေ၊ ကပိလဝတ်နဲ့ ဒေဝဒဟအကြားက လုမ္ဗနီ အင်ကြင်းရုံထဲမှာ...."

မိမိကြားသိပြီးသား အကြောင်းတွေကို ခမည်းတော်ထံမှ ထပ်၍ ကြားနေရသော်လည်း အာနန္ဒသည် အသစ်အဆန်းသဖွယ် စိတ်လှုပ်ရှားစွာ နားထောင်နေမိလေသည်။

အင်ကြင်းရုံအတွင်းသို့ ရွှေထမ်းစင်ဖြင့် မဟာမာယာဒေဝီ မိဖုရားကြီးဝင်ရောက်သွားသည်နှင့် ထူးခြားသောတူရိယာသံများ၊ ခရုသင်းသံများ ကောင်းကင်ယံထက်ဝန်းကျင်မှ ပျံ့လွင့်လာကြသည်တဲ့။ မဟာမာယာ ဒေဝီ မိဖုရားကြီး လှမ်းလင့်ယူလိုက်သော ပင်စည်အရှိ ပန်းအတိ အင်ကြင်းခက်သည် အသက်ဝင်လာသကဲ့သို့ အလိုအလျောက်ကိုင်းညွှတ်ကာ မိဖုရားကြီး၏ လက်ဝါးအပြင်သို့ အဆင်သင့် ကပ်ရောက်လာသည်တဲ့။

ထိုအခိုက် ကာလမှာပင် မဟာသမုဒ္ဒရာနှင့်တကွသော စကြဝဠာ တိုက်တစ်သောင်းလုံး ထစ်ချုန်းမြည်ဟိန်းလျက် အိုးထိန်းစက်ပမာ သိမ့်သိမ့်ခါ တုန်လှုပ်ခဲ့ခြင်းများ၊ နတ်ပန်းမိုးတို့ ရွာသွန်းဖြိုးခြင်းများ နတ်လူတို့၏ တူရိယာအပေါင်းတို့ အလိုအလျောက် သာယာမြည်ကြွေးလာကြခြင်းများ။

"ခြောက်ဆယ်နဲ့ ရှစ်ခုနှစ်၊ ဂိမှာနဥတု၊ အဲဒီနေ့ဟာ ကဆုန်လပြည့်သောကြာနေ့ပဲ။ သားတို့ဖွားဖက်တော်တွေလည်း သိဒ္ဓတ္ထကိုယ်တော်လေးနဲ့ တစ်ချိန်တည်းလိုမှာ တစ်ပြိုင်နက်ဖွားမြင်ခဲ့ကြတယ်။ သားကိုဖွားမြင်တဲ့ အချိန်မှာ ခမည်းတော်တို့ အားလုံးဟာ"

"သူ့အကြောင်းကိုသာ ပြောပြပါ ခမည်းတော်"

မိမိအကြောင်းကို နားမထောင်ချင်။ နောင်တော်သိဒ္ဓတ္ထ အကြောင်း

ကိုသာ တွင်တွင်မေးမိတော့သည်။ ခမည်းတော်က မျက်ရစ်အစင်းကြောင်းများ ပေါ်လာသည်အထိ ပြုံးလျက် ဆက်ပြောလေသည်။

“သိဒ္ဓတ္ထကိုယ်တော်လေးဟာ မဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်ကနေ မီးရှူးသန့်စင် ဖွားမြင်တော်မူပြီးပြီးချင်းမှာပဲ ဘွဲ့ဖြူပုဆိုးနဲ့ ခံယူတဲ့ လူတွေရဲ့ လက်ကနေလွတ်ခဲ့ပြီး”

“ရွှေဇာ ကွန်ယက်တွေ၊ သစ်နက်ရေတွေနဲ့ ခံယူကြသေးတယ် မဟုတ်လား ခမည်းတော်”

“အင်း ဟုတ်ပါရဲ့။ ဒါက မဟာဗြဟ္မာကြီးလေးဦးနဲ့ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးတို့ရဲ့ ဦးစွာသော မင်္ဂလာပြုခြင်းပေါ့။ ဟုတ်တယ်၊ သားတော်ပြောတာ အစီအစဉ်ကျတယ်။ နတ်မင်းကြီး လေးဦးထံကမှ တစ်ဆင့် လူသားတွေက ဘွဲ့ဖြူပုဆိုးနဲ့ ခံယူကြတာ။ အဲဒီနောက်မှာတော့”

မိမိစိတ်အဝင်စားဆုံး အပိုင်းသို့ ရောက်ရှိလာပေပြီ။

“အလောင်းတော်မြတ်ဟာ ရပ်တည်ရာအရပ်ကနေ မြောက်အရပ်ကို မျက်နှာတူရူ ခုနစ်လှမ်း လှမ်းတော်မူတယ်။ ဒီအချိန်မှာ တစ်လောကလုံးဟာ ပကတိတိတ်ဆိတ်နေတယ်။ အလောင်းတော်မြတ် ဘယ်လိုစကား မြွက်ဆိုလိမ့်မလဲဆိုတာကို နားစွင့်နေကြတာပေါ့”

စိတ်ဝင်စားလွန်းသဖြင့် အသက်ပင် မရှူရှိုက်မိဟု ထင်ရသည်။ အာနန္ဒမင်းသားငယ်သည် ထပ်တလဲလဲ ကြားပြီးသိပြီး ဤအခြင်းအရာကို ထပ်ကာထပ်ကာပင် ကြားချင်နေလေသည်။

“အာသဘိဝါစာ ကြုံးဝါးတဲ့ရဲရဲတောက်စကားကို အလောင်းတော်မြတ် ရွတ်ဆိုသွားလိုက်ပုံများ သားရယ် အဂ္ဂေါဟမသ္မိ၊ ဇေဋ္ဌောဟမသ္မိ၊ သေဋ္ဌောဟမသ္မိ၊ အယမန္တိမာဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါ....တဲ့”

“အဲဒါကို ထပ်ရှင်းပြပါ ခမည်းတော်”

အမိတောဒနမင်းလည်း ရင်အုံမောက်ကြွ ပင့်သက်တစ်ဝကြီးရှိုက်၏။

"ငါသည် လူသုံးပါးတို့တွင် အမြတ်ဆုံး။ ငါသည် လူသုံးပါးတို့တွင် အကြီးကျယ်ဆုံး။ ငါသည် လူသုံးပါးတို့တွင် အချီးမွမ်းအပ်ဆုံး။ ဤ ယခု ပဋိသန္ဓေတည်နေခြင်းဟာ ငါ့အဖို့ရာ နောက်ဆုံးပဋိသန္ဓေ တည်နေခြင်းပင် ဖြစ်၏။ ယခုအခါ ငါ့အဖို့ရာ တစ်ဖန်ဘဝအသစ်ဖြစ်ရခြင်း မရှိတော့ပြီ.... တဲ့"

ကြက်သီးမွေးညင်းများ ဖြာဆင်းသွား၏။ အာနန္ဒမင်းသားငယ်အဖို့ ထိုစကားစုတို့၏အနက်ကို ကောင်းစွာသိခြင်းမဟုတ်စေကာမူ ရဲရဲတောက် အာသဘီဝါစာ၏မမြင်ရသောခွန်အားများက နားဝမှတစ်ဆင့် မိမိ၏ အသွေးအသားများထဲသို့ စီးဝင်သွားသည်ဟု ခံစားလိုက်ရလေသည်။

အမြတ်ဆုံး၊ အကြီးကျယ်ဆုံး၊ အချီးမွမ်းအပ်ဆုံးဟူသော ဂုဏ်ဝိသေသအထွတ်များနှင့်အတူ ထူးခြားသော နောက်ထပ်စကားနှစ်ခွန်းကို စိတ်ထဲမှ လိုက်လံရေရွတ်နေမိသည်။

'အယမန္တိမာဇာတိ၊ ဤယခု ပဋိသန္ဓေတည်နေရခြင်းကား ငါ့အဖို့ရာ နောက်ဆုံး ပဋိသန္ဓေတည်နေရခြင်းဖြစ်၏။ နတ္ထိဒါနိပုနဗ္ဘဝေါ၊ ငါ့အဖို့ရာ တစ်ဖန်ဘဝ အသစ်ဖြစ်ရခြင်း မရှိတော့ပြီ....တဲ့'

အကြွင်းမဲ့ အောင်မြင်သူ၏ ကြုံးဝါးသံ။ အတုမဲ့ သူရဲကောင်း၏ ဟစ်ကြွေးသံ။ ဤစကားတို့၌ ဘယ်အရာမှ လိုက်လံ တုပနိုင်ခြင်း မရှိသည့် ခွန်အားတို့ပါဝင်နေကြောင်းကို အာနန္ဒ ခံစားနားလည်လိုက်မိသည်။ ထိုစကားလုံးများနောက်ကွယ်မှ အနက်အဓိပ္ပာယ်ကို အတိအကျမသိစေကာမူ နောင်တော်သိဒ္ဓတ္ထအပေါ်၌ အလွန်အကျူး မြတ်နိုးခြင်းတည်းဟူသော ခံစားမှုများဖြင့် ရင်သည် တလှပ်လှပ်ဖြစ်လာသည်။

"သား အာနန္ဒ၊ ဘာတွေစဉ်းစားနေသလဲ"

"ငါ့အဖို့ရာ၊ တစ်ဖန်ဘဝအသစ်ဖြစ်ရခြင်း မရှိတော့ပြီဆိုတဲ့ စကားကို တွေးနေတာပါ ခမည်းတော်။ ဘဝအသစ်ဖြစ်ရခြင်းနဲ့ ဘဝအသစ်မဖြစ်

ရခြင်းဆိုတဲ့ နှစ်ခုဟာ ဘယ်လိုများခြားနားပါလိမ့်လို့ ခမည်းတော် သိလားဟင်”

အမိတောဒနမင်းသည် ကျင်စွယ်နှုတ်ခမ်းမွေးကို ပွတ်သပ်ကာ တွေတွေငေးငေး ဖြစ်သွား၏။ ခဏကြာမှ ပြုံးလျက်ပြောသည်။

“ဘဝအသစ် မဖြစ်ရတော့ခြင်းဆိုတာ သိဒ္ဓတ္ထအဖို့ ဒီဘဝမှာပဲ အကြီးအကျယ် အမြင့်မြတ်ဆုံး စကြဝတေး၊မန္ဓာတ်မင်းကြီး ဖြစ်လာရမှာဆိုတော့ ဒါ့ထက် ပိုမြင့်မြတ်တဲ့ဘဝ မရှိနိုင်တော့ဘူးပေါ့ သားရယ်။ အတောင်ခြောက်ဆယ်ရှိတဲ့ ဝါးလုံးတိုင်ထိပ်ဖျားရဲ့ အထက်မှာ ဝါးဆစ် နောက်ထပ်မရှိတော့သလိုပေါ့။ အမြင့်ဆုံးဆိုတဲ့ ဝိသေသရဲ့အထက်မှာ ပို၍မြင့်သောဆိုတာ မရှိတော့ဘူးလေ။ သိဒ္ဓတ္ထလေးဟာ ဒါကိုရည်ရွယ်ပြီး ကြွေးကြော်တာဖြစ်မှာပေါ့ သားရဲ့”

ခမည်းတော်၏ ရှင်းလင်းချက်ကို မကျေနပ်။ တစ်ခုခု သို့မဟုတ် အလုံးစုံ မှားယွင်းလွဲချော်နေသည်ဟု ခံစားမိသည်။ သို့သော် ထိုမှားယွင်းလွဲချော်မှုကို မိမိကိုယ်တိုင်ကလည်း ချေဖျက်ခြင်းငှာ မစွမ်းတတ်ပြန်။

“ကဲ.... နောင်တော်မင်းကြီးထံကို အခစားဝင်ရဦးမယ်။ သားကော ဥယျာဉ်တော်ထဲမှာ သွားကစားချေတော့လေ”

ခမည်းတော် အဆောင်တွင်းမှထွက်သွားသည်။ အာနန္ဒမင်းသားငယ်ကား နေရာမှာပင် မတုန်မလှုပ် အစွဲအမြဲကျန်နေရစ်ခဲ့၏။

စကားလုံးနှစ်ခုကမူ အတွေးစဉ်ထဲ၌ ဝဲလှည့်နေသည်။

ဘဝအသစ်မဖြစ်ရခြင်းမှာ မည်သို့နည်း။ နောင်တော် ကြွေးကြော်ခဲ့သော စကားဖြစ်သည့်အတွက် ဘဝအသစ်မဖြစ်ရခြင်းဟူသော အဖြစ်မှာ အဖိုးအနဂ္ဃ ထိုက်တန်လှစွာသော တစ်စုံတစ်ရာရှိနေမှာ သေချာသည်။

ကပိလဝတ်နန်းတော်များ၏ အမိုးပြာသာဒ်များကို ချုပ်ညရီနေရောင်အလင်းဖျော့၌ တစ်မျှော်တစ်ခေါ် မြင်နေရသည်။ ညဦးအမှောင်နှင့်

အတူ ဆီမီးရောင်တို့ လင်းလက်လာကြတော့မည်။ အမှောင်နှင့် အလင်း။ နေ့၏ကုန်ဆုံးခြင်းနှင့် ညဥ့်၏မွေးဖွားခြင်း။

ဘ၀အသစ် မဖြစ်ရခြင်းဆိုတာ ဘာလဲ။ ဤမေးခွန်းက မိမိ၏ရင်ကို စိုးမိုးချေပြီ။ ခမည်းတော်မင်းကြီးကား သူ့နောင်တော် သုဒ္ဓေါဒနမင်းတရား ကြီးထံ ညဥ့်ဦးယံ ညီလာခံအတွက် အခစားဝင်သွားလေပြီ။

ဘ၀အသစ် မဖြစ်ရခြင်းဆိုတာ....။

ရတ်တရက် ဖွားဖက်တော်များကို သတိရလိုက်မိ၏။ ဘဒ္ဒကဥ္စနာ၊ ဆန္န၊ ကာဠုဒါယီ.... သူတို့နှင့် ဆွေးနွေးကြည့်မည်။ သူတို့ သိကောင်းသိ နိုင်မည်။ ခမည်းတော်၊ ဘကြီးတော်တို့က ညဥ့်ဦးယံညီလာခံသဘင်ကို ဆင်နွှဲနေချိန်မှာ မိမိတို့ဖွားဖက်တော် သူငယ်အချင်းချင်း စကားဝိုင်းလေး တစ်ခု ဆင်နွှဲလိုက်ရပါက....။

အာနန္ဒသည် နန်းတော်စင်္ကြံလမ်းအတိုင်း ဆင်းလာခဲ့လေသည်။

နန်းတော်စင်္ကြံလမ်းအတိုင်း တစ်ဆောင်ဝင်တစ်ဆောင်ထွက် လျှောက်လာခဲ့သော အာနန္ဒမင်းသားငယ်သည် ပန်းခြံများ၊ ဥယျာဉ်များကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့သည်။ ကပိလဝတ်နန်းတော်၏ အဆောင် ဆောင် အခန်းခန်းများနှင့် ဥယျာဉ်တော်ပန်းခြံများမှာ ယခင်ကထက် ပိုမို လှပတင့်တယ်နေကြသည်။

နေရာတိုင်းမှာ သစ်လွင်လန်းဆန်းခြင်း၏ အရောင်များကို တွေ့ နေရသည်။ ဥယျာဉ်တော်အတွင်းမှာ 'ကြာရေကန်' ရေတံခွန်ငယ်များ၊ စမ်းချောင်းငယ်များကိုလည်း အသစ်တစ်ဖန် ပြန်လည်မွမ်းမံထားသည်။ ပန်းခြံထဲတွင် ပြေးလွှားမြူးထူးနေကြသော ယုန်ကလေးများမှာလည်း အသစ်ထပ်မံ မွေးမြူထားသော ယုန်ကလေးများဖြစ်သည်။ဥဒေါင်းငှက်များ မှာလည်း ယခင်ကရှိခဲ့သော ဥဒေါင်းငှက်များ မဟုတ်။ ဟိမဝန္တာဆီမှ မုဆိုး များ ထပ်မံဖမ်းဆီးလာခဲ့ပြီး ကျွမ်းကျင်သူများ၏ ကိုင်တွယ်သင်ကြားပေးမှု

များဖြင့် အလွန်ယဉ်ကျေးသော ဥဒေါင်းငှက်များ ဖြစ်ကြသည်။

ပန်းခြံအဝင်အထွက် မုခ်ခုံးများတွင်နွယ်ထားသော ခိုင်ရွှေဝါပန်းချုံ မှာလည်း အသစ်စက်စက် ပွင့်ဝါဝါများဖြင့် လန်းဆန်းနေကြသည်။ နွယ် သာကီ၊ သဇင်နှင့် ဂမုံးများမှာလည်း အသစ်စက်စက်။ ယုတ်စွအဆုံး မြ ကမ္ဗလာ မြက်ခင်းစိမ်းလဲ့လဲ့များပင် အသစ်မွေးမြူစိုက်ပျိုးထားအပ်သော မြရောင်ဖြင့် တောက်ပနေကြသည်။

ဟောင်းနွမ်းနေသောနေရာဟူ၍ မရှိ။ အိုမင်းဆွေးမြေ့နေသောနေရာ ဟူ၍ မရှိ။ နေရာတိုင်းမှာ သစ်လွင်လန်းဆန်းမှုများဖြင့် အတိပြီးနေသည်။ ကပိလဝတ်နန်းတွင်း၏ ကမ္ဘာလောကသည် အိုမင်းဟောင်းနွမ်းဆွေးမြေ့ ခြင်းနှင့် လုံးဝမပတ်သက်သော ကမ္ဘာလောကသစ်။ အဟောင်း၏ ရနံ့ စိုးစဉ်းမျှ မသမ်းသော နုနယ်ပျိုမျစ်ခြင်းကမ္ဘာ။

နောင်တော်သိဒ္ဓတ္ထကို အကြောင်းပြု၍ ဘကြီးတော်သုဒ္ဓေါဒနမင်းတရားက ဤသို့ကမ္ဘာလောကအသစ်ကို ဖန်တီးထားခြင်းဖြစ်ကြောင်း အာနန္ဒ သိပြီးဖြစ်၏။ ယိုယွင်းခြင်း၊ ဟောင်းနွမ်းခြင်း၊ ဆွေးမြေ့ခြင်း၊အိုမင်းခြင်း၊ ပျက်စီးခြင်းတို့၏ မည်သည့်အရိပ်လက္ခဏာမျှ နန်းတော်အတွင်းမှာ မရှိစေရဟု မင်းတရား အမိန့်ထုတ်ခဲ့သည်။

ခမည်းတော် အမိတောဒနမင်းဆီမှ တစ်ဆင့် ကြားသိခဲ့ရသော ဘကြီးတော်မင်းတရား၏ အမိန့်စကားတစ်ခွန်းကို အာနန္ဒ မှတ်မိလေသည်။

“ကပိလဝတ်နန်းတော်ရဲ့ နေရာတိုင်းမှာ အသစ်အသစ်တွေချည်း ဖြစ်စေရမယ်။ ဘယ်အရာကိုပဲကြည့်ကြည့် နံနက်အရုဏ်တက်စ မြင်ကွင်းတွေချည်း ဖြစ်နေစေရမယ်။ဖြစ်နိုင်ရင် တစ်နေ့တာဆိုတဲ့ ကာလကိုတောင်မှ နံနက်၊ နေ့လယ်၊ ညနေ၊ ညဥ့်ဆိုတဲ့ အချိန်တွင် ပြောင်းလဲဖြစ်ပေါ်မနေဘဲ

အချိန်တိုင်း အချိန်တိုင်းကို နံနက်ခင်းချည်းပဲဖြစ်အောင် ဖန်တီးလိုက်ချင်ရဲ့။ နေ့လယ်၊ ညနေ၊ ညဥ့်ဆိုတာတွေက တစ်နေ့တာရဲ့အိုမင်းခြင်းကို ပြနေကြတဲ့ အရာတွေ မဟုတ်လား။ ငါ့သားတော်အတွက် နေလုံးကြီးကိုတောင် ကောင်းကင်မှာ နံနက်ခင်းအတိုင်းသာ ရှိစေချင်လို့ ငါက ဖမ်းယူတားဆီးပြီး တွဲရရွဲ ငင်ထားလိုက်ချင်တာ....”

နောင်တော်သိဒ္ဓတ္ထအပေါ် ဘကြီးတော် ဤမျှအချစ်ကြီးပါကလား ဟု အာနန္ဒ တွေးမိလေသည်။သူ့သားအတွက် အရာရာတိုင်းကို ပျိုမျစ်နုနယ်ခြင်းတွေဖြင့်သာ တန်ဆာဆင်လိုသော ဘကြီးတော်မင်းတရား။

သားအပေါ် ချစ်သည့် အချစ်ဆိုသော်လည်း ဘကြီးတော်၏စကား ထဲမှာ တစ်ခုခုကို စိုးရွံ့ဟန် ရှိနေသည်ဟု အာနန္ဒ စဉ်းစားမိ၏။ ဘာကြောင့် ဤမျှစိုးရွံ့နေသလဲ၊ဘာကို ကြောင့်ကြနေသလဲ ဆိုတာကိုတော့ အသေအချာ နားမလည်တတ်။ သက်ကြီးရွယ်အိုမင်းတစ်ပါး၏ စိုးနှောင့်မှုတစ်ခုပင် ဖြစ်မည်ဟုသာ ယူဆလိုက်သည်။

ခရမ်းပြာရောင် သစ်ခွပန်းများဖြင့် တန်ဆာဆင်ထားသော မုခ်ခုံးတစ်ခုအောက်မှ ဖြတ်လိုက်၏။ ရှေ့ဆီတွင် လေးကိုင်းသဏ္ဍာန် ကွေးညွှတ်နေသော တံတားတစ်ခု။ တံတားပေါ်တွင် တစ်စုံတစ်ယောက်ရှိနေသည်။ တံတားပေါ်မကြည့်ဘဲ တံတားအောက်မှ မြစိမ်းလဲ့ကန် ရေရိပ်တွင် ထင်နေသောအရိပ်ကို မြင်ကတည်းက သူ့ကို အာနန္ဒသိလိုက်သည်။

ဥဒါယီ။ ဖွားဖက်တော် တစ်ဦးဖြစ်သော ဥဒါယီ။

“ကိုယ်တော်သခင်လေးပါလား၊ ကျွန်တော်မျိုး....”

“အဲဒီမှာပဲနေ၊ ဥဒါယီ။ ငါ တံတားပေါ် လာခဲ့မယ်”

တံတားခုံးလေးပေါ်သို့ အာနန္ဒ တက်ခဲ့လေသည်။

# အခန်း ၄

“ကျွန်တော်မျိုး ဘာလုပ်ပေးရမလဲ ကိုယ်တော်သခင်လေး”

အသားညိုစိမ့်စိမ့်၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါးဖြင့် ခင်မင်နှစ်လို ဖွယ်ကောင်းသော ဥဒါယီကို အာနန္ဒာကြည့်၍ ပြုံးလိုက်၏။

“ကဲ....ကာဠုဒါယီ၊ ပထမဆုံးပြောချင်တာကတော့ ငါ့ကို ကိုယ်တော်သခင်လေးလို့ မခေါ်ဖို့၊ ပြီးတော့ သင့်ကိုယ်သင်လည်း ကျွန်တော်မျိုးလို့ မသုံးဖို့ပဲ”

ကာဠုဒါယီဟု တရင်းတနှီးပင် တမင် ခေါ်ဝေါ်သုံးစွဲလိုက်သည်။ အသားညိုသော ဥဒါယီမှာ ဥဒါယီအမည်မှည့်ထားသော်လည်း မည်းနက်ခြင်း ‘ကာဠု’စကားလုံးတပ်လျက် ကာဠုဒါယီဟု တွင်နေလေသည်။ သူကလည်း သူ့အသားအရောင် ညိုမည်းမည်းဖြစ်နေခြင်းကို အားမငယ်တတ်ရုံမက ကာဠုဒါယီဟု ခေါ်ကြသည်ကိုပင် သဘောတွေ့တတ်သူဖြစ်၏။

ကာဠုဒါယီက သွားများပေါ်အောင် ပြုံးရယ်လိုက်၏။

ဖြူဖွေးသန့်ရှင်း၍ စီရရီ ညီညာသောသွားများကြောင့် သူ့မျက်နှာမှာ

ပို၍ ခင်မင်နှစ်လိုဖွယ်ကောင်းနေလေသည်။

"ကိုယ်တော်သခင်လေးက ဘုရင့်သား။ ကျွန်တော်မျိုးက အမတ်သား။ ဇာတ်မျိုးနွယ်အရ နိမ့်မြင့် ခြားနားတယ်လေ။ ဒီတော့ အသမ္ဘိန္နခတ္တိယ သာကီမျိုးတို့ရဲ့ ဂုဏဝယဝုဒ္ဓိ အစဉ်အလာအရ ကိုယ်တော်သခင်လေးကို ကျွန်တော်မျိုးက ကိုယ်တော်သခင်လေးလို့ သုံးစွဲရမှာပေါ့"

"တော်ပါတော့ ကာဠုဒါယီ၊ အဲဒါတွေက တို့များရဲ့ ခမည်းတော်၊ ဘကြီးတော်၊ ဘိုးတော်တွေရဲ့အလုပ်ပါ။ ငါတို့က ဖွားဖက်တော်သူငယ်ချင်းတွေပဲ။ ပြီးတော့ တို့က ကလေးလေးတွေပဲ ရှိသေးတာ"

ကာဠုဒါယီက မျက်တောင်ပုတ်ခတ်လျက်....

"ကလေးဆိုတာ လူကြီးအလောင်းအလျာလေ။ ဒါကြောင့် လူကြီးတွေလိုဖြစ်ဖို့ အခုကတည်းက လေ့ကျင့်အစပျိုးရမှာ မဟုတ်လား"

"ကဲ....ကာဠု၊ စကားတတ်တိုင်း ပြောမနေနဲ့။ ငါလာတာ စကားစစ်ထိုးဖို့ မဟုတ်ဘူး။ ကိုယ်တော်သခင်လေးတွေ၊ ဘာတွေ လုပ်နေရင် ငါ အခုပဲ တံတားပေါ်ကနေ ပြန်ဆင်းသွားတော့မယ်"

အသားညိုသလောက် နှုတ်ခမ်းပါးလေးဖြင့် စကားကြွယ်တတ်သည့် ကာဠုဒါယီကို ဤသို့ပြောမှပင် ဖြစ်တော့မည်။

"အိုး....အိုး၊ ဒီလိုတော့ မလုပ်ပါနဲ့ ကိုယ်တော်။ အဲ.... အာနန္ဒရယ်၊ သူငယ်ချင်းတွေ စကားပြောကြတဲ့နေရာမှာ အာလုပ်တွေ၊ ဝိသေသတွေက အရေးမကြီးပါဘူး။ ဟုတ်ပါတယ်။ ကဲ.... ကဲ.... ဘာပြောမလဲ"

တံတားခုံးပေါ်မှနေ၍ ဝဲယာဝန်းကျင်သို့ အာနန္ဒကြည့်လိုက်၏။ ခပ်လှမ်းလှမ်းရှိ ပုဏ္ဏရိတ်ချုံတန်းတစ်နေရာတွင် ယုန်ဖြူဖြူလေးများက မျက်လုံးနီနီလေးများကို ပြူးကြောင်ကြောင်ဖွင့်လျက် နားရွက်ရှည်ရှည်များကို စွင့်စွင့်မတ်မတ်ထောင်လျက် မိမိတို့နှစ်ဦးသားကို စိုက်ကြည့်နေကြသယောင်။

"ဘဒ္ဒကဥ္စနာ ကပိလဝတ်ကို ရောက်နေတယ်ဆို"

"ဟုတ်တယ် အာနန္ဒ၊ တောင်ထိပ်နက္ခတ်ပွဲသဘင်နဲ့ ကြုံကြိုက်တုန်း မှာ ဘကြီးတော်မင်းတရားက ကလေးတွေပါ ခေါ်ခဲ့ဆိုလို့ ဒေဝဒဟအဖွဲ့နဲ့ အတူလိုက်လာတာ"

"သူ့ခမည်းတော်ကော မပါဖူးလား၊ ကာဠု"

"ဘဒ္ဒကဥ္စနာရဲ့ ခမည်းတော်သုပ္ပဗုဒ္ဓမင်းက တစ်မျိုးကြီးပဲအာနန္ဒရဲ့။ သူလိုက်မလာဘူး။ ဘဒ္ဒကဥ္စနာနဲ့ အထိန်းတော်တွေချည်း လာကြတာ"

သုပ္ပဗုဒ္ဓမင်းက သူ့အစ်မတော်နတ်ရွာစံရတဲ့ဒေသကို ဘယ်တော့မှ ခြေမချဘူးတဲ့။ယောက်ဖတော် သုဒ္ဓေါဒနမင်းကြီးကိုလည်း မတွေ့ချင်ဘူး တဲ့လေ။ လူကြီးတွေ ပြောနေကြတာပဲ"

"ထားလိုက်စမ်းပါ ကာဠုရယ်။ အခု ဘဒ္ဒကဥ္စနာ ဘယ်မှာလဲ"

"ဟောဟိုဘက် မြက်ခင်းမှာ ရှိလေရဲ့"

"ကိုင်း.... ငါတို့ သူရှိနေတဲ့ဆီကို သွားကြရအောင် ကာဠု"

"ဘာကစားနည်းနဲ့များ ကစားကြမလို့လဲ အာနန္ဒရယ်၊အရေးတကြီး ဖြစ်နေပါလား"

"လာသာ လာပါ၊ လိုက်ခဲ့စမ်းပါ။ ဟိုကျရင် သိလိမ့်မယ်"

ကာဠုဒါယီက တံတားလက်ရန်းပေါ်တွင် တင်နေသော နှင်းသီး ခြောက်ကလေးကို ကောက်ယူ၍ ရေကန်ထဲ ပစ်ပေါက်လိုက်သည်။ ဂယက် များ လှပစွာ ဖြာထွက်သွားသည်။

*　　　*　　　*

ခပ်လှမ်းလှမ်းရှိ ခရေပင်ကြီးအောက်တွင် ဘဒ္ဒကဥ္စနာကို တွေ့လိုက်ကြရ သည်။ ဘဒ္ဒကဥ္စနာသည် ကျောက်သလင်းခုံထက်တွင် ငြိမ်သက်စွာ ထိုင်နေ သည်။ သူ့အနီးဝန်းကျင်တွင် ခရေပန်းပွင့်ကလေးများ ဝန်းရံလျက်။

မြက်ခင်းစိမ်းစိမ်းကို ခြေသံမကြားရအောင် ခပ်ဖွဖွ နင်းဖြတ်ခဲ့ကြသော်လည်း အာနန္ဒ၏လည်ပင်းမှ ဆွဲကြိုးရိုက်ခတ်သံကြောင့် ဘဒ္ဒကစ္စနာ သိသွားသည်။ သို့သော် သူ့မျက်နှာမှာ ပြုံးရယ်ခြင်း အလျဉ်းမရှိ။ တွေတွေငေးငေးမျက်လုံးများဖြင့် လှမ်းကြည့်နေလေသည်။

ကျောက်သလင်းခုံ၏ လွတ်နေသော တစ်ဖက်စွန်းသို့ အာနန္ဒဝင်ထိုင်သည်။ ကာဠုဒါယီကမူ အနီးရှိ အင်ကြင်းပင်မြစ်ဆုံတွင် သွားထိုင်သည်။ ဘဒ္ဒကစ္စနာသည် ကျောက်သလင်းခုံတစ်ဖက်သို့ မသိမသာ ရွှေ့ထိုင်လိုက်သည်မှအပ နှုတ်ဆက်စကားလည်း မဆို၊ ပြုံးရယ်ခြင်းလည်း မရှိချေ။

"ထိပ်ထားလေး၊ ဒီမှာနေရတာ ပျော်ပါရဲ့လား"

ဖွားဖက်တော် သက်တူရွယ်တူဖြစ်သော်လည်း တစ်ပြည်တစ်ရပ်ဒေဝဒဟမှ လာရောက်သော ဧည့်သည်လည်းဖြစ်၊သုပ္ပဗုဒ္ဓမင်း၏သမီးတော်လည်းဖြစ်၊ မိန်းကလေးလည်း ဖြစ်သောကြောင့်၊ ထို့ထက်မူ ဘဒ္ဒကစ္စနာ၏အရွယ်နှင့်မမျှအောင် တည်ငြိမ်နက်ရှိုင်းသောအမူအသွင်ကြောင့် ကာဠုဒါယီသည် တလေးတစားပင် နှုတ်ဆက်လိုက်လေသည်။

"ကပိလဝတ်၊ ဒေဝဒဟဆိုပြီး ကွာခြားပေမယ့် နန်းတော်တွေဟာ အတူတူတွေချည်းပါပဲ။ ပျော်တယ် မပျော်ဘူးဆိုတာ မရှိပါဘူး။ ဒါပေမယ့် အနှောင့်အယှက်မရှိ နေခွင့်ရပါတယ်"

စကားကြွယ်လှသော ကာဠုဒါယီ တိတ်သွား၏။

အာနန္ဒ စကားဝင်မပြောသေးဘဲ အရိပ်အခြည် စောင့်ကြည့်လေသည်။

"ထိပ်ထားလေးအနားမှာ ခရေပွင့်လေးတွေ အများကြီးပါလား"

"ဟုတ်တယ်၊ ဥဒါယီ။ အပင်ပေါ်က ကြွေကျပြီး မြက်ခင်းပေါ်မှာ ကစဉ့်ကလျားဖြစ်နေကြလို့ ကောက်ပြီး စုသိမ်းထားတာ"

"ခရေပွင့်ကလေးတွေ ကြွေတယ်ဆိုတာ သူတို့ သဘာဝပဲ။ သဘာဝ

အတိုင်း ဖြစ်တာကို သနားသင့် မသနားသင့် ဘဒ္ဒကဥ္စနာ မစဉ်းစားမိပါဘူး။ ဖရိုဖရဲ ကစဉ့်ကလျားဖြစ်နေတာကို မကြည့်ချင်လို့ ကောက်ပြီး စုထားတာပါပဲ။ ဥဒါယီက ခရေပွင့်ကြွေတွေကို သနားတတ်သလား"

"ကျွန်တော်မျိုး.... အဲ...."

ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသော ကာဠုဒါယီကို ကြည့်ပြီး အာနန္ဒ ပြုံးမိသွား၏။ ကြံကြံဖန်ဖန်မေးတတ်သော ကာဠုဒါယီမှာ ဘဒ္ဒ ကဥ္စနာ၏ ရိုးစင်းလှသောအဖြေနှင့် တုံ့ပြန်အမေးကြောင့် နှုတ်ဆွံ့သွားလေ သောအဖြစ်။

သို့သော် စကားကြွယ်လှသည့် ဤအသားညိုညို ဥဒါယီမှာ ခေတ္တ မျှသာ တုန့်ဆိုင်းသွားပြီး ထပ်၍အထွန့်တက်ပြန်သည်။

"အဲ.... ခရေပွင့်ကလေးတွေ မြက်ခင်းပေါ်ကြွေကျပြီး ကစဉ့်ကလျား ဖြစ်နေတာကတော့၊ အင်း.... ထိပ်ထားလေးပြောသလို သဘာဝမို့ သနားသင့် မသနားသင့် စဉ်းစားဖို့ မလိုဘူးဆိုပါတော့။ ဒါပေမယ့် ပွင့်ကြွေလေးတွေအပေါ် နင်းဖိမိရင်တော့ ဒါ....သနားဖို့ ဖြစ်လာပြီလို့ ထင်တာပဲ ထိပ်ထားလေး။ သူတို့ခမျာ ကြွေလည်းကြွေရသေး၊ အနင်းလည်း ခံရသေး"

ဘဒ္ဒကဥ္စနာ ယဲ့ယဲ့ကလေးပြုံးလာသည်။

"ဥဒါယီ သိပ်စကားတတ်ပါလား။ ကဲ....ဒီလိုဆိုရင်လဲ ဘဒ္ဒကဥ္စနာက အခုလို ကောက်သိမ်းထားလိုက်တော့ သူ့တို့ခမျာ အနင်းခံရဖို့ဘေးက အလိုလိုလွတ်သွားပြီပေါ့။ ဥဒါယီနဲ့ အာနန္ဒတို့ ခုနင်က မြက်ခင်းပေါ် ဖြတ်လျှောက်လာတုန်းက သူတို့ကိုမနင်းမိတော့ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ထိပ်ထားလေးက သနားဖို့ စိတ်ကူးမရှိပေမယ့် ထိပ်ထားလေး လုပ်လိုက်တဲ့အရာက သနားခြင်းကို တိတ်ဆိတ်စွာဖော်ပြလိုက်သလိုပဲ။ သနားစရာလို့ မပြောဘဲနဲ့ ကယ်တင်ပြီးသား ဖြစ်သွားတယ်"

ကာဠုဒါယီ ဤမျှစကားတတ်မည်ဟု အာနန္ဒမထင်ခဲ့။ မရအရ

အကွေ့အထောင့် အကြိုအကြားမကျန် စကားပြောတတ်သူပေပင်။

ဘဒ္ဒကစ္စနာမှာ သည်တစ်ခါတော့ ကြည်ကြည်နူးနူးပင် ပြုံးရယ်လေသည်။ ထို့နောက် အာနန္ဒာဘက်သို့ မသိမသာ ငဲ့စောင်းလျက် မေးသည်။

"အာနန္ဒကော ပြောပါဦး"

"ကျွန်ုပ်က စကားပြောဖို့ထက် နားထောင်ဖို့ကို ပိုပြီးစိတ်အားထက်သန်ပါတယ် ဘဒ္ဒကစ္စနာ"

ကာဠုဒါယီနှင့် ဆန္နတို့ကို သင်၊ ငါနှင့် ပြောတတ်သော်လည်း ဘဒ္ဒကစ္စနာကိုတော့ လေးစားသောအသုံးအနှုန်းဖြင့် ဆက်ဆံပြောဆိုဖြစ်၏။

"ဟုတ်တယ် ထိပ်ထားလေးရဲ့။ အာနန္ဒနဲ့ ကျွန်တော်တို့ဟာ ပမာပြောရရင် ရေတကောင်းနဲ့ ရေခွက်လိုပါပဲ။ ရေတကောင်းက ရေသွန်တယ်၊ ရေခွက်က ရေကိုခံယူတယ်။ နောက်ဆုံးတော့ ရေခွက်ကချည်း ရေပြည့်ပြည့်သွားတယ်။ ရေတကောင်းဆိုတာကတော့ သူ့အထဲမှာ ရေရှိနေရင်ကို မနေတတ်ဘူးလေ။ တစ်ခုခုထဲကို လောင်းသွန်ရမှ ကျေနပ်တာကလား။ ကြာရင် ရေခွက်က ရေအပြည့်ရှိနေချိန်မှာ ရေတကောင်းဟာ ဗလာဟင်းလင်းချည်း ကျန်ရစ်နေမှာ"

ဘဒ္ဒကစ္စနာက ခရေပွင့်ကလေးတစ်ပွင့်ကို အနီးသို့ ရွှေ့ယူလိုက်သည်။

"လောင်းသွန်နေဖို့ တာဝန်သိတတ်တဲ့ ရေတကောင်းဟာ ဗလာဟင်းလင်း ဖြစ်ကျန်နေရင်လည်း တာဝန်ကျေပါတယ်။ ဥဒါယီ မပူနဲ့၊ ရေတကောင်းလို လောင်းသွန်ဖို့၊ စကားပြောဖို့ ဝါသနာပါတဲ့ ဥဒါယီဟာ လူကြီးဖြစ်လာတဲ့ တစ်နေ့နေ့မှာ ရေတကောင်းဖြစ်ရခြင်းရဲ့ အကျိုးကျေးဇူးကို ခံစားရမှာပါလေ"

ဘဒ္ဒကစ္စနာ၏စကား လှလိုက်လေခြင်းဟု အာနန္ဒတွေးရင်းကြည်နူးသွား၏။တွေးတောကြည်နူးနေမိရင်းဖြင့် ဤစကားဝိုင်းကလေးတွင်

တစ်ယောက်ယောက် လိုအပ်နေမှန်း သတိထားမိသွားသည်။

"ကာဠုဒါရေ၊ ဆန္န တစ်ယောက်ကော"

"ဆန္နလား၊ တစ်နေ့က သူတို့ရဲ့ မြင်းမကြီးတစ်ကောင်ကနေပြီး မြင်းကလေးမွေးတယ်လို့ ကြားတယ်။ ခုချိန်ဆို ဆန္နဟာ သူ့မြင်းကလေးနဲ့ အချိန်ကုန်နေမှာပေါ့။ ဆန္နက စကားပြောဖို့လည်း ဝါသနာမပါဘူး။ နား ထောင်ဖို့လည်း ဝါသနာမပါဘူး.... ဘဒ္ဒကစ္စနာရဲ့။ မြင်းကလေးတွေကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ရမလဲဆိုတာပဲ ဝါသနာပါတာ။ သူက လူသားတွေထက် မြင်းကို ပိုချစ်တတ်တယ်"

"ဟုတ်ရဲ့လား၊ ဥဒါယီရယ်"

ဘဒ္ဒကစ္စနာက အံ့ဩပြုံးရယ်ဟန်ဖြင့် မေးလေသည်။

"ဟုတ်တယ် ဘဒ္ဒကစ္စနာ။ ကျွန်တော့်ကို ဆန္န တစ်ခါပြောဖူး တယ်။ လူတွေကို စိတ်ဝင်စားမိရင်လဲ စိတ်ရှုပ်စရာတွေချည်းပဲ တွေ့ရမှာတဲ့၊ လူတွေဟာ ပြဿနာ သိပ်များတာပဲတဲ့။ ပြီးတော့ ဆန္နကိုကြည့်ရတာ ဘယ်လိုပြောရမှာလဲ။ အင်း.... နည်းနည်း စိတ်ကြီးဝင်နေသလိုပဲ"

"စိတ်ကြီးဝင်နေသလို ဟုတ်လား"

ဆန္နနှင့်ပတ်သက်၍ နောက်ထပ်စိတ်ဝင်စားစရာတစ်ခု ကြားရပြန် ၏။

"ဟုတ်တယ်၊ ကိုယ်တော်သခင်လေးနဲ့အတူ ဖွားဖက်တော်ဖြစ် ရခြင်း၊ ပြီးတော့ ကိုယ်တော်သခင်လေးရဲ့ မြင်းတွေကို တာဝန်ယူ ထိန်းသိမ်း ရခြင်း၊ ကိုယ်တော်သခင်လေးနဲ့ အနီးကပ်ဆုံးပုဂ္ဂိုလ် ဖြစ်ရခြင်းတွေကြောင့် ဆန္နမှာ စိတ်ကြီးဝင်နေတယ်"

"ဒါကို ဥဒါယီက ဘယ်လိုလုပ်သိသလဲ"

"ဟောဒီ ကပိလဝတ်နန်းတော်မှာရှိနေတဲ့ သာကီမင်းတွေအားလုံး သိကြပါတယ်။ သူတို့ရဲ့မှတ်ချက်တွေကို နားထောင်ကြည့်တော့ ဒီတစ်သံ

တည်း ထွက်တယ်လေ”

ဘဒ္ဒကဥ္စနာထံမှ သက်ပြင်းရှိုက်သံ တဖွဖွကို အာနန္ဒကြားလိုက်ရသည်။

“ကိုယ်တော်နဲ့အတူ ဖွားဖက်တော်ဖြစ်ရတာကတော့ ဂုဏ်ယူစရာပါပဲ။ ဒါပေမယ့် စိတ်ကြီးဝင်ဖို့တော့ မသင့်ဘူးထင်တယ်နော်။ အာနန္ဒ ဘယ်လိုထင်သလဲဟင်”

ဘဒ္ဒကဥ္စနာ၏အမေးကို ရုတ်တရက်မဖြေနိုင်။ ခဏနေမှ တွေးတွေး ဆဆ ပြန်ပြောဖြစ်၏။

“စိတ်ကြီးဝင်တယ်ဆိုတာဟာ သိမ်ငယ်စိတ်ရဲ့ အခြားတစ်ဖက်စွန်းပဲ ဆိုတဲ့စကားတော့ ကြားဖူးတယ် ဘဒ္ဒကဥ္စနာ။ ဆန္န တကယ်သာ အဲဒီလိုရှိရင်တော့ မသင့်ပေဘူးပေါ့။ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်လေ။ ဆန္နဟာ နောင်တော်သိဒ္ဓတ္ထအပေါ်မှာတော့ လုံးလုံးလျားလျား အနှံတာခံသူ၊ ကျိုးနွံသူ၊ သစ္စာစောင့်သိသူပဲ။ ဒါကတော့ ခြွင်းချက်မရှိဘဲ”

“ဟုတ်ပါတယ်၊ ဒါကတော့ သံသယဖြစ်စရာ မလိုတဲ့အချက်ပါ”

ဥဒါယီက အားတက်သရော ဝင်ပြောသည်။

“ဟိုတစ်နေ့က ကိုယ်တော်သိဒ္ဓတ္ထ ဥယျာဉ်ထဲမှာ မြင်းစီးဖို့ ပြင်နေတာ ကျွန်တော်တွေ့ခဲ့တယ်။ ဆန္နဟာ မြင်းဘေးနားမှာရပ်ပြီး သူ့လက်ခုပ်ကို ကိုယ်တော်မြင်းပေါ်တက်ဖို့ ခြေနင်းကွင်းလုပ်ပေးတယ်။ အဲဒီလောက်အထိ၊ ပြီးတော့ ဥယျာဉ်ပန်းခြံတွေဘက် ကိုယ်တော်မြင်းစီးတဲ့ တစ်လျှောက်လုံးမှာ နောက်က ထက်ကြပ်ပြေးလိုက်တယ်။ မြင်းရဲ့အမြီးဖျားနဲ့ သူ့မျက်နှာဟာ မခွာတမ်းထိနေတယ်။ ရုတ်တရက်ကြည့်လိုက်ရင် မြင်းမြီးကိုဆွဲပြီး လိုက်ပါနေတယ်လို့ ထင်ရတယ်။ မြင်းရဲ့ခွာတွေနဲ့ သူ့ရဲ့ခြေဖဝါးတွေဟာ အတူတူ လှုပ်ရှားနေသလို ထင်ရတယ်”

ဥဒါယီက ခြေဟန်လက်ဟန်ပါပါနှင့် ပြောသဖြင့် ဣန္ဒြေကြီးလှ

သော ဘဒ္ဒကဉ္စနာပင် မသိမသာပြုံးသည်ကို အာနန္ဒတွေ့လိုက်ရသည်။

"ကဲ.... ကျွန်တော်တို့ ဘာအကြောင်းကို ပြောကြဦးမလဲ။ ဆန္ဒ အကြောင်းကတော့ ဒီလောက်နဲ့ပဲ လုံလောက်နေပြီလေ"

ဥဒါယီ၏ တက်ကြွနုပျိုသော မျက်နှာပေါ်မှအပြုံးကို အာနန္ဒ လှမ်းကြည့်လိုက်မိသည်။ ဘာအကြောင်းကို ပြောကြဦးမလဲတဲ့။ ဥဒါယီကား စကားပြောဖို့ အဆင်သင့်ရှိနေသူပင်။ အရွယ်စရိုက် သဘာဝအလျောက် တစ်ခုခုဆော့ကစားကြမလားဟု သူမမေးဘဲ ဘာအကြောင်းပြောကြမလဲဟု မေးသည်။

ပခုံးသိုင်းဝတ်ရုံ ခြုံလွှာစကို အာနန္ဒသိမ်းလျက်....

"နောင်တော် သိဒ္ဓတ္ထကို မနေ့ကတစ်နေ့လုံးနဲ့ ဒီနေ့တစ်မနက်လုံး ငါမတွေ့ရသေးဘူး။ နောင်တော်သိဒ္ဓတ္ထ ဘယ်ရောက်နေသလဲ"

ဥဒါယီက တစ်ခုခုပြောတော့မည့်ဟန်ဖြင့် ပါးစပ်တပြင်ပြင် ရှိနေစဉ်၌ ခရေပင်ကြီးဟိုမှာဘက် သော်ကပန်းရုံကွယ်မှ ထွက်ပေါ်လာသော အသံတစ်သံကြောင့် ဥဒါယီနှုတ်ပိတ်သွား၏။

"သိဒ္ဓတ္ထဟာ မနေ့ကတစ်နေ့လုံး ငါနဲ့အတူ ရှိနေတာပေါ့"

ပြာအက်အက် အသံသြသြဖြင့် ပြောပြောဆိုဆို ထွက်လာသူကား ဒေဝဒတ္တ။ ဘဒ္ဒကဉ္စနာ၏ အစ်ကိုတော် ဒေဝဒတ္တ။

* * *

ဒေဝဒတ္တသည် နက်ပြာရောင် သင်တိုင်းဝတ်ရုံကို ကိုယ်ပေါ်မှာ လွှမ်းလာသည်။လက်မောင်းနှင့်လက်ကောက်ဝတ်များတွင် အပြားကြီးသော ငွေကွင်းများကိုပတ်ထားပြီး လက်ထဲတွင် သစ်မြစ်လိုလို သစ်ရွက်လိုလို ခပ်စိမ်းစိမ်း အရာတစ်ခုကို ကိုင်ထားသည်။ ထိုအရာ၏ အဖျားများက သန်လျက်လို ချွန်နေပြီး အစိမ်းရောင်ထဲတွင် အဖြူရောင်အရစ်အရစ်များ ပြောက်ကျား

လျက် ရှိလေသည်။

ဒေဝဒတ္တ၏ ခြေလှမ်းများမှာ အရွယ်နှင့်မလိုက် ခြေလှမ်းကျယ်လှသည်ဟု အာနန္ဒထင်မိသည်။ နက်ပြာရောင်သင်တိုင်းဝတ်ရုံမှာလည်း မြက်ခင်းပေါ်တွင် ဒရွတ်တိုက်ပါလာသည်။ နက်ပြာရောင်ကြောင့် သူ့ အသွင်သည် လူကြီးလေးတစ်ယောက်နယ် ရင့်ရော်နေသည်။

ဘဒ္ဒကစ္စနာက ကျောက်သလင်းခုံအစွန်းသို့ တိုးရွှေ့ကာ ကိုယ်ကိုကျုံ့ရယုံ့ပြုသည်။ အာနန္ဒလည်း ထိုင်ရာမှ အလိုအလျောက် ထရပ်မိလျက်သား ဖြစ်သွားသည်။ ကာဠုဒါယီကား မြစ်ဆုံတွင် မလှုပ်မယှက်။ ဒေဝဒတ္တသည် မြက်ခင်းပေါ်သို့ ခပ်ဖိဖိနင်းလျှောက်လာပြီး ကျောက်သလင်းခုံဘေးတွင် ဝင်ထိုင်ချလိုက်၏။ ထိုအခါ စောစောက ဘဒ္ဒကစ္စနာ ကောက်ယူစုပုံထားသော ခရေပွင့်လေးတွေအပေါ် ဖိထိုင်မိသွားလေသည်။ ဒါကို ဒေဝဒတ္တကတော့ သိပုံမပေါ်။

ကပိလဝတ်တောင်ထိပ် နက္ခတ်သဘင်သို့ လူကြီးတွေနှင့်အတူ ဘဒ္ဒကစ္စနာ လိုက်ပါလာသည်ဟု သိခဲ့ရသော်လည်း ဒေဝဒတ္တပါလာသည်ဟု အာနန္ဒ ကြိုမသိခဲ့သဖြင့် အံ့အားသင့်နေ၏။

ဒေဝဒတ္တကမူ ကျောက်သလင်းခုံပေါ်ရှိ ခရေပွင့်ကလေးတစ်ပွင့်ကို လက်နှင့်တောက်ပစ်လိုက်ပြီးနောက်....

"ငါက မနေ့ကမှ လိုက်လာတာလေ။ နေ့လယ်စာ အမီပေါ့။

ကပိလဝတ်ရဲ့ နက္ခတ်သဘင်ကို ငါလဲ တက်ချင်တာပေါ့။ နင်လိုက်သွားမယ်ဆိုတာကို ဘာကြောင့် ငါ့ ကြိုမပြောတာလဲ ဘဒ္ဒကစ္စနာ"

နမတစ်ယောက်၏ အစ်ကိုဖြစ်သော်လည်း ဒေဝဒတ္တ၏ ဆက်ဆံပုံမှာ အနည်းငယ် စီးစီးပိုးပိုးနိုင်သည်ဟု အာနန္ဒတွေးမိလေသည်။

"အစ်ကိုတော့်ကို သူတို့ရှာကြပါသေးတယ်။ နေမြင့်ပြီး ခရီးပန်းမှာစိုးလို့ဆိုပြီး မနက်စောစောထွက်လာခဲ့ကြလို့ပါ"

ဘဒ္ဒကစ္စနာက အေးအေးဆေးဆေးပင် ရှင်းပြသည်။

"ဒေဝဒဟက လူတွေက ဒေဝဒဟနန်းတော်ထဲမှာ ငါ့ကိုတွေ့အောင် မရှာနိုင်ကြဘူးတဲ့လား။ ညံ့ဖျင်းသေးတာပဲ။ ငါက မြောက်ဘက် ဥယျာဉ်ထဲက မြွေလှောင်အိမ်မှာ တစ်ချိန်လုံးရှိနေတာပဲ။ ငါ့ကိုရှာချင်ရင် အဲဒီကိုပဲလာပေါ့။ နင်မသိပါဘူး ဘဒ္ဒကစ္စနာရယ်။ ငါ့ကို ကပိလဝတ် မလိုက်စေချင်လို့ ရှာမတွေ့ဆိုပြီး ထားပစ်ခဲ့ကြတာပါ။ ဘယ်ရမလဲ။ ငါကလဲ ငါ့အစီအမံနဲ့ လိုက်ချလာတာပေါ့။ ငါက သိဒ္ဓတ္ထနဲ့ သိပ်တွေ့ချင်နေတာ"

စကားပြောတိုင်း လက်ကိုဝှေ့ယမ်းတတ်သဖြင့် ဒေဝဒတ္တ ကိုင်ဆောင်လာသော သစ်မြစ်လိုလို၊ သစ်ရွက်လိုလို ခပ်စိမ်းစိမ်းအရာသည် တစ်ချိန်လုံး လှုပ်ရှားနေလေသည်။

ဒေဝဒတ္တက အားလုံး၏ အကြည့်များကို သတိထားမိသွား၏။

"ဒါ.... နဂါးသန်လျက်ပင်လို့ ခေါ်တယ်။ ကပိလဝတ်အဝင်တောစပ်မှာ အုံလိုက်ကြီးပေါက်နေတာတွေ့လို့ ငါ ချိုးလာတာ။ ဟော့.... ကာဠု၊ နဂါးသန်လျက်ပင်ဆိုတာ ဒါပဲကွ။ မင်းတွေ့ဖူးလား"

ကာဠုဒါယီက ခေါင်းခါယမ်းပြသည်။

"လူကြီးတွေတောင် မသိကြသေးဘူး။ နဂါးသန်လျက်ဆိုတာ ဟောဒီမှာတွေ့လား။ ထိပ်ချွန်နေတာက နဂါးအမောက်နဲ့ မတူဖူးလား။ ပြီးတော့ ဒီနေရာမှာ ချိုင့်ခွက်ပြီး ဒီဘက်ကခုံးခုံးလေး ဖြစ်နေတာကကော ပါးပျဉ်းနဲ့ မတူဖူးလား။ ဟောဒီ....အဖြူစင်းတွေက ပါးပျဉ်းက လည်ရစ်တွေပေါ့ကွာ။ နဂါးသန်လျက်ဆိုတာ မြွေနိုင်တဲ့ အပင်တစ်မျိုးပဲ။ မင်းတို့ မသိပေမယ့် ငါ့အတွက်တော့ သိပ်အဖိုးတန်တာကလား"

ဘဒ္ဒကစ္စနာထံမှ မသိမသာ သက်ပြင်းဖွဖွသံကို အာနန္ဒကြားလိုက်၏။ ဒေဝဒတ္တရောက်ချလာပုံမှာ ဝှံ့ဝှံ့စားစားရှိလှသဖြင့် သာကီဝင်မျိုးနွယ်တို့၏ ထက်မြက်သောအသွင်မှာ အတိုင်းသားပေါ်လွင်နေသည်။ သို့သော်

သူ့အနေဖြင့် ဘုရင့်သားတော်တစ်ပါးပီပီ၊ တင့်တယ်ဖွယ်ရာ ဝတ်စားဆင်ယင်သင့်ပါလျက် နက်ပြာရောင်သင်တိုင်းဝတ်ရုံ ဝတ်လာပုံက တစ်မျိုးကြီးဖြစ်နေသည်ဟု အာနန္ဒတွေးမိသည်။ ပြီးတော့ ဘဒ္ဒကဥ္စနာ၏ ခရေပွင့်လေးတွေအပေါ် အမှုမဲ့အမှတ်မဲ့ ထိုင်ချလိုက်ခြင်း၊ ခရေပွင့်လေးတစ်ပွင့်ကို လက်ဖြင့်တောက်ပစ်လိုက်ခြင်းများကလည်း အာနန္ဒအဖို့ စိတ်မသက်မသာဖြစ်စရာ။

နဂါးသန်လျက်ပင်ဆိုတာကို မြှောက်၍ အားပါးတရပြောပြနေပုံကလည်း တကယ့်အလမ္မာယ်ဆရာ တစ်ယောက်ပုံမျိုး။ ဒေဝဒတ္တသည် မိမိတို့ထက် အသက်အနည်းငယ်ကြီးသည် မှန်သော်လည်း သူသည်လူကြီးတစ်ယောက်မဟုတ်သေး။

"ဟော့.... ကာဠုဒါယီ၊ မင်းကြည့်ရတာလဲ အသားတွေက ပိုပိုပြီး မည်းလာသလိုပါပဲလားကွ။ ကပိလဝတ်မှာ နေ ဒီလောက် မပြင်းပါဘူး"

ကာယကံရှင် ကာဠုဒါယီတော့ မည်သို့ရှိမည်မသိ။အာနန္ဒမှုကားအားတောင့်အားနာ ဖြစ်သွားလေသည်။

ကာဠုဒါယီက သစ်မြစ်ဆုံအတွင်း ကိုယ်ကိုကျုံ့ထိုင်လျက်....

"မဟုရာကျောက်တို့၊ အနက်ရောင်မြင်းတို့မှာတော့ အမည်းရောင်ကြောင့်ပဲ တန်ဖိုးတက်ကြတယ်လို့ ကြားဖူးပါတယ် အရှင်"ဟု ပြန်ပြောလိုက်၏။

ဒေဝဒတ္တက "ဟေ" ဟုဆိုကာ တဟားဟားရယ်လေသည်။သူ့ရယ်သံကလည်း ကြီးကောင်ဝင် လူပျိုပေါက်တစ်ယောက် ရယ်သံမျိုးလို ပြာအက်အက် ခပ်သြသြဖြစ်နေသည်။

"နေပါဦး၊ သိဒ္ဓတ္ထ ဘယ်ရောက်နေသလဲလို့ ပြောနေကြသံကြားလိုက်ပါတယ်၊ ဟုတ်လား။ သိဒ္ဓတ္ထက ငါနဲ့အတူ မနေ့ကတစ်နေကုန်ရှိနေတာကွ။ ဥယျာဉ်တော်ထဲ သူလှည့်လည်နေတာကို ငါက သူ့ရထားပေါ်

တက်လိုက်ပြီး ဥယျာဉ်တော်ကို လျှောက်ကြည့်ပစ်ခဲ့တာ”

“နောင်တော် သိဒ္ဓတ္ထ ဘာတွေများ ပြောလိုက်ပါသေးလဲ အရှင်”

ကာဠုဒါယီက လှမ်းမေးသည်။

မိမိရှိရာသို့ ဒေဝဒတ္တ တစ်ချက်လှမ်းကြည့်လိုက်သည်ကို အာနန္ဒ သတိထားမိလိုက်သည်။ သို့သော် ချက်ချင်း မျက်နှာလွှဲသွားသည်။

“သိဒ္ဓတ္ထကလား၊ အဲဒါခက်တာပေါ့ကွာ။ တစ်ချိန်လုံးလုံး ငါက ချည်း ပြောနေရတယ်။ သူက ဘာတစ်ခွန်းမှ မပြောဘူး။ မင်းတို့ ကိုယ်တော် လေးက ဒီလိုပဲ စကားနည်းတတ်သလား”

“ကိုယ်တော်က စကားနည်းတာ မဟုတ်ဘူးအရှင်။ သူပြောအပ်တဲ့ အချိန်၊ ပြောရမယ့်အကြောင်းအရာ၊ ပြောသင့်တဲ့ ပုဂ္ဂိုလ်နဲ့ဆိုရင် လင်္ကာ အရှည်ကြီးတွေ ရွတ်သီသလို နားထောင်လို့ မငြီးအောင်ပြောတတ်သူပါ”

ကာဠုဒါယီစကား အနှောင့်အသွားမလွတ်ချင်သဖြင့် တစ်ခုခု ဟန့်တားရန် ပြင်လိုက်သော်လည်း ဒေဝဒတ္တကမူ ကာဠုဒါယီ၏စကားကို နားလျှံသွားဟန်တူ၏။

“ဥယျာဉ်တော်ထဲမှာ အားလုံးဟာ အသစ်တွေချည်းဖြစ်နေသလိုပဲ။ ဒါမှမဟုတ် အမြဲတမ်းအသစ်ဖြစ်အောင် လုပ်ထားသလိုပဲ။ ငါ အဲဒါတွေ မြင်ပြီး အံ့သြနေခဲ့တာ။ ယုတ်စွအဆုံး ပန်းတွေပွင့်နေတာတောင်မှ ညှိုးရော် နေတဲ့ပန်းပွင့်ရယ်လို့ မတွေ့ခဲ့ရဘူး။ သစ်ပင်တွေကလဲ ရွက်ခြောက်၊ ရွက် ကြွေတွေ မရှိဘူး။ ဒေါင်းတွေ၊ ယုန်တွေ၊ သမင်တွေကလဲ အရွယ်အိုမင်းနေ တဲ့ အကောင်ကြီးကြီးမားမားမျိုးတွေ မဟုတ်ဘူး။ နေရာတိုင်းမှာ လှပလွန်း၊ သစ်လွင်လွန်းနေတယ်။ ဒီတော့ ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်လာပြီး....”

ဒေဝဒတ္တ၏ အပြုအမူ အပြောအဆိုများကြောင့် စိတ်မသက်မသာ ဖြစ်ခဲ့စေကာမူ ယခုပြောလာသောစကားများကိုကား အာနန္ဒစိတ်ဝင်စားမိ လာသည်။ မနက်ခင်းကတည်းက မိမိတွေးမိသော အတွေးများနှင့် ထပ်တူ

ထပ်မှုဖြစ်နေသည်။

ဒေဝဒတ္တက ဆက်ပြောသည်။

"ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်လာတယ်။ ဘုရင့်သားတော်တစ်ပါး အတွက် အထူးစီမံထားတဲ့ ဥယျာဉ်ဆိုတာ ဘာပဲဖြစ်ဖြစ် သဘာဝအခင်း အကျင်းတွေလဲ ရှိရမှာပေါ့။ ဟုတ်ဖူးလား။ အခုဟာက"

ကာဠုဒါယီက စိတ်ဝင်စားလာဟန်တူသည်။ သစ်မြစ်ဆုံပေါ် ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ မျက်လုံးတွေ အရောင်တောက်လာ၏။ ဘဒ္ဒ ကစ္စနာကမူ ပကတိတည်ငြိမ်လွန်းစွာပင်။

"ငါ့စိတ်ထဲတစ်မျိုးကြီးဖြစ်လာလို့ သိဒ္ဓတ္ထကို ငါပြောလိုက်တယ်။ ဒီဥယျာဉ်တော်ကြီးမှာ တစ်ခုခုတော့ မှားနေပြီထင်တယ်လို့။ တောတောင် ရေမြေ သစ်ပင် သီးနှံပန်းမန်တွေဆိုတာ ဒီလောက်ကြီး စနစ်တကျမဖြစ် သင့်ဘူး။ စိတ်ကြိုက်ပန်းချီကားတစ်ခု ရေးခြယ်ပြီး အသက်သွင်းထားသလို ကြီးပဲလို့ ပြောလိုက်တယ်"

"အဲဒီတော့ ကျွန်တော်တို့ ကိုယ်တော်က ဘာပြန်ပြောသလဲ အရှင်"

"ဘာမှ ပြန်မပြောဘူးလေ။ အဲဒါ ခက်ပြန်တာပေါ့"

ကာဠုဒါယီ မျက်နှာ ပြုံးယောင်ယောင် ရှိ၏။

"ဒါနဲ့ နောက်တစ်နေရာကျတော့ ရေကန်တစ်ကန်ဆီ ရောက်ပြန် ရော၊ ရေကန်က အတော်လှပါတယ်။ ကြာဖူးကြာငုံ ကြာပွင့်တွေနဲ့ပါပဲ။ ဒါပေမယ့် ဒီမှာလဲ တစ်ခုထူးခြားနေတာကို ငါကတွေ့ပြန်ရောဟေ့။ ငါဆိုတဲ့ ဒေဝဒတ္တကလဲ အင်မတန် မျက်စိလျင်တာကလား"

"ဘာပါလိမ့် အရှင်"

"ကြာရေကန်တို့ သဘာဝပေါ့။ ကမ်းစပ်မှာ ရေညှိရေမှော်လေးတွေ၊ ထိကရုန်းပင်တွေ ရှိရမယ့်ဥစ္စာ၊ ဘာတစ်ခုမှ မရှိ။ ရှင်းလင်းသန့်စင်နေတော့၊ ဟ.... ဒါ ကြာကန်အစစ်ကော ဟုတ်ရဲ့လားဆိုပြီး ခဲတစ်လုံးနဲ့ ရေကန်ထဲ

ပေါက်ချလိုက်တော့တာပေါ့။ ဒီတော့လဲ ရေကန်အစစ်ပါပဲ”

ဒေဝဒတ္တက နဂါးသန်လျက်ပင်၏ချွန်မြအသွားကို လက်ဖြင့်ပွတ်သပ်ရင်း ဆက်ပြောသည်။

“ဘယ်သူလဲ ဟိုဒင်းဟာ၊ မျက်နှာထားတင်းတင်းနဲ့ မပြုံးမရယ် မျက်နှာနဲ့ သိဒ္ဓတ္ထစီးတဲ့ မြင်းနောက်မှာ အမြဲလိုက်ပါတဲ့ကောင်ဟာ”

“ဆန္နလား အရှင်”

“အေး ဟုတ်တယ် ဆန္န။ အဲဒီနေရာကျတော့ ငါတို့ ရထားပေါ်က ဆင်းပြီး မြင်းနဲ့သွားကြတာကိုး။ အေး....အဲဒီဆန္နက ရေကန်ထဲ ငါ ခဲပေါက်ချလိုက်တာကို မကျေမနပ်ကြည့်သေးတယ်။ အဲ.... အဲ၊ အခုမှ သတိရတယ်။ အဲဒီအချိန်မှာ ဆန္နက နည်းနည်း ရှုးရှုးရှဲရှဲဖြစ်လာတော့မှ သိဒ္ဓတ္ထစကား တစ်ခွန်းပြောသကွ”

“ကိုယ်တော် ဘာပြောလိုက်ပါသလဲ အရှင်”

ဒေဝဒတ္တ စဉ်းစားယောင်ပြုသည်။ နဂါးသန်လျက်အပင်၏ ချွန်မြသော ထိပ်ဘက်ကို လက်ညှိုးဖြင့်စမ်းသည်။

“ဘာတဲ့....အဲ ဟုတ်ပြီ။ ကန်ရေပြင်ဟာ လှိုင်းဂယက်တွေဖြစ်ပေါ်ဖို့ ခဲတစ်လုံးရဲ့ကျလာခြင်းကို စောင့်ဆိုင်းနေရတယ်တဲ့။ လှိုင်းဂယက်တွေဟာ ဖြာထွက်လာပြီး ကမ်းဆီပြေးဝင်ပျောက်ကွယ်သွားကြတယ်တဲ့။ ခဲလုံးကလည်း လှိုင်းဂယက်တွေဖြစ်အောင် လှုံ့ဆော်ပြီးနောက်မှာ ကန်ရေပြင်အောက် နစ်မြုပ်သွားရတယ်တဲ့။ ဟုတ်တယ်။ သူပြောတာ ဒီစကားပဲ။ ခဲလုံးရယ်၊ ကန်ရေပြင်ရယ်၊ လှိုင်းဂယက်ရယ်၊ အဲဒီသုံးမျိုး”

အာနန္ဒ ရင်ထဲလှုပ်သွား၏။ ဒေဝဒတ္တ အမှတ်မထင်ရေရွတ်သွားသော စကားလုံးတွေကို အလိုလိုပဲ့တင်မြည် လိုက်လံရေရွတ်မိသည်။

“ကန်ရေပြင်ဟာ လှိုင်းဂယက်တွေဖြစ်ပေါ်ဖို့ ခဲတစ်လုံးရဲ့ ကျလာခြင်းကို စောင့်ဆိုင်းနေရ။ လှိုင်းဂယက်တွေဟာ ဖြာထွက်လာပြီး ကမ်းဆီ

ပြေးဝင်ပျောက်ကွယ်ကြ။ ခဲလုံးကလည်း လှိုင်းဂယက်တွေဖြစ်အောင် လှုံ့ဆော်ပြီးနောက်မှာ ကန်ရေပြင်အောက် နစ်မြုပ်သွား....”

နောင်တော် သိဒ္ဓတ္ထ၏ စကားတွေ။

“အဲဒီ တစ်နေ့လုံးလုံး သိဒ္ဓတ္ထနဲ့ငါ အတူရှိနေစဉ်မှာ ကြားခဲ့ရတဲ့စကားပဲ၊ ငါအတော်စိတ်ပျက်သွားတယ်။ ငါက ကပိလဝတ်က မုဆိုးကြီးတွေ အမဲလိုက်တဲ့အကြောင်းတို့၊ ဆွေတော်မျိုးတော် လူကြီးတွေ တောကစားထွက်တဲ့ အကြောင်းတို့ကို သိချင်တာ၊ ကြားချင်တာ။ သိဒ္ဓတ္ထဆီက အဲဒါမျိုးတွေ ကြားရမလား ထင်တာ။ ခုတော့ ဘာတွေပြောမှန်းလဲ မသိဘူး။ မင်းတို့ကပိလဝတ်ကလဲ ပျင်းစရာကြီးပါလားကွ ကာဠု။ တောင်ထိပ်နက္ခတ်သဘင်ကတော့ ဘယ်လိုနေမလဲမသိဘူး။ အလမ္မာယ်ပြပွဲတွေ၊ဘာတွေကော ရှိရဲ့လား။ ရှိမယ်မထင်ပါဘူးကွာ။ တောက်....၊ ငါ့ခမည်းတော်ကလဲပြောလို့ မရဘူး။ ငါ့ကို ဟိုး.... အာဂျန္တလိုဏ်ဂူကြီးတွေ၊ ကျောက်တောင်ကြီးတွေဆီ လိုက်ပို့စမ်းပါဆိုတာကို၊ အဲဒီမှာ မြွေဖြူကြီးတွေရှိတယ်ဆိုပဲ။ အနှစ် ရာနဲ့ချီ အသက်ရှည်နေတဲ့ မြွေဖြူကြီးတွေတဲ့၊ အဆိပ်ကလဲ အင်မတန်ပြင်းတယ်တဲ့၊ အသေးဆုံးအကောင်ကိုက ငါတို့ ကိုယ်လုံးလောက်ရှိသတဲ့၊ ပြီးတော့....”

ဘဒ္ဒကစ္စနာရှေ့တွင် ဤလိုစကားမျိုး မပြောအပ်သည်ကို ဒေဝဒတ္တ စဉ်းစားမိဟန်မတူ။ အာနန္ဒမှာ ဘဒ္ဒကစ္စနာကို အားနာလွန်းသဖြင့် ချောင်းတစ်ချက်ဟန့် အသံပြုလိုက်သည်။

ထိုအခါမှ ဒေဝဒတ္တစကားရပ်သွားပြီး အာနန္ဒကို လှမ်းကြည့်သည်။ အရွယ်ရောက်သော လူကြီးတစ်ယောက်၏ မျက်လုံးမျက်ဆန်မျိုး ဖြစ်နေသည်ကို အာနန္ဒ သတိပြုမိသည်။ ဒေဝဒတ္တအတွက် စိတ်မသက်မသာ ဖြစ်ရခြင်း၊ ဘဒ္ဒကစ္စနာအတွက် အားတုံ့အားနာရှိခြင်း၊ နောင်တော် သိဒ္ဓတ္ထ၏ စကားများကိုကြားရခြင်းကြောင့် ရင်ထဲတွင် လှုပ်ရှားရခြင်းများဖြင့် အာနန္ဒမှာ တရိပ်ရိပ်ခံစားနေရလေသည်။

"ကိုင်း.... သိဒ္ဓတ္ထနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာမရှိပေမယ့် ကပိလဝတ်မှာ တခြားစိတ်ဝင်စားစရာတွေ ရှိဦးမှာပါ။ ငါသွားမယ်ဟေ့...၊ ဘဒ္ဒကစ္စနာ၊ နင်နေရစ်ခဲ့ဦးမှာလား"

ဒေဝဒတ္တက လက်ထဲမှနဂါးသန်လျက်ပင်ကို လေထဲဝှေ့ယမ်းလျက် သွားဟန်ပြင်သည်။ ဘဒ္ဒကစ္စနာကမူ အသာအယာ ခေါင်းညိတ်၏။ ထို့နောက် ဒေဝဒတ္တသည် မည်သူ့ကိုမျှနှုတ်မဆက်ဘဲ ထွက်သွားသည်။

ကာဠုဒါယီကမူ သူ့ကို မမြင်နိုင်မှန်းသိလျက် ဒေဝဒတ္တကိုပြုံးကြည့်နေလေသည်။

## အခန်း ၅

ကပိလဝတ်၏ညဥ့်သည် ဆီမီးရောင်၊ ဖယောင်းအလင်းရောင်များဖြင့် လင်းထိန်နေတော့သည်။ မီးတုတ်မီးတိုင်မှ အလင်းရောင်များသည် တရွေ့ရွေ့လှုပ်ရှားနေကြ၏။ လှုပ်ရှားနေကြပုံမှာလည်း မြွေလိမ်မြွေကောက်သဏ္ဌာန်ဖြစ်သည်။ တရွေ့ရွေ့လူးလွန့်လှုပ်ရှားနေသော မီးရောင်များကိုကြည့်ရင်း အာနန္ဒရင်ထဲတွင် ကြည်နူးသလိုလို လွမ်းဆွတ်သလိုလို ထူးဆန်းသော ခံစားမှုတစ်မျိုး ဝင်ရောက်လာသည်။

တောင်ထိပ် နက္ခတ်သဘင်ကို ကပိလဝတ် ဆင်ယင်နေပေပြီ။

မီးတုတ်မီးတိုင်များကို ကိုင်ဆောင်ထားသော လူများသည် တောင်တက်လမ်းအတိုင်း တောင်ပေါ်ဆီသို့ တရွေ့ရွေ့တက်ကြသည်။ ညဥ့်အမှောင်ထဲတွင် လူတို့၏အရိပ်သဏ္ဌာန်များက ပျောက်ဆုံးနေကာ သူတို့ကိုင်ဆောင်လာကြသော မီးတုတ်များမှအလင်းရောင်များသာလျှင် ရွေ့လျားနေကြ၏။ မီးရောင်အလင်းစက်ဝန်းများသည် တစ်ခုနှင့်တစ်ခု ပူးကပ်သွားကြသောအခါ အလင်းတန်းမျဉ်းကြောင်းကြီးတစ်ခုလို ဖြစ်နေ၏။ မိမိ

နေထိုင်ရာ၊ နန်းတော်ဦးစင်္ကြံမှ ကြည့်လိုက်သောအခါ အဝေးအမှောင်ထဲမှ အလင်းမျဉ်းကြောင်းကြီးသည် တွန့်လိမ်ရွေ့လျားနေမည်ဟု ထင်ရသည်။

တောင်ကြောကြီးကို ရစ်ပတ်ခွေလိမ်လျက် တရွေ့ရွေ့လွန့်လူးတက်ရောက်သွားသည့် မီးရောင်တန်းကြီး။

ဒေဝဒဟမှ ဆွေတော်မျိုးတော် အကြီးအကဲများနှင့်အတူ အလည်အပတ်ရောက်ရှိလာသော ဘဒ္ဒကစ္စနာသည် ထိုမီးရောင်တန်းကြီး၏ တစ်နေရာရာဆီတွင် ရောက်နေလောက်ပေပြီ။ ဝေါယာဉ်ပေါ်တွင် လိုက်ပါလျက် ဘဒ္ဒကစ္စနာသည်လည်း မီးတိုင်တစ်တိုင်ကို ကိုင်ဆောင်သွားပေမည်။

တောင်ခြေရှိ မဏ္ဍပ်ကနား တဲများတွင် အဆိုအကကဂီတသံများ သဲသဲလှုပ်နေကြမည်။ တောင်ကြော၊တောင်ခါးပန်း၏ စခန်းထောက်ကွန်းများတွင် ရွတ်ဖတ်သရဇ္ဈယ်သံများ ဆူညံနေမည်။ ခြူသံ၊ ဗုံသံများနှင့် ကြေးပုလွေတို့၏ ဆွဲဆွဲငင်ငင်မှုတ်သံ၊ ခရုသင်းမှုတ်သံများဖြင့် တောင်ကြောတစ်ခုလုံး သိမ့်သိမ့်ညံနေမည်။

တောင်ထိပ် နက္ခတ်သဘင်ပွဲ။

လပြည့်ဝန်းကြီးက အဇ္ဈောပြင်မှာ ဝိုင်းစက်ထွန်းပနေချိန်၊ ကြယ်နက္ခတ်အစုံတို့ လင်းလက်နေချိန်၊ ရှင်းသန့်ကြည်လင်သော ညဥ့်ဦးအခါသမယ၏ နက္ခတ်သဘင်ပွဲ။

အာနန္ဒသည် မိမိဘာသာမိမိ မသိလိုက်ဘဲ သက်ပြင်းရှိုက်လိုက်မိသည်။ တောင်ထိပ်နက္ခတ်ပွဲကို သူတို့ ဘာကြောင့် ကျင်းပကြပါလိမ့်။

ကပိလဝတ်တစ်မြို့လုံးကို တောင်ကြော၊ တောင်ခါးပန်း၊ တောင်ထိပ် ဆီသို့ ရွေ့ပြောင်းတည်ထောင်နေကြသည့်အလား၊ သူတို့ အုန်းအုန်းကျွက်ကျွက် ပျော်ရွှင်နေကြသည်။ ဘာအတွက် သူတို့ပျော်ရွှင်နေကြသနည်း....။

စင်္ကြံမုခ်၏ အထက်ဆင့်ဆီသို့ အာနန္ဒ တက်လိုက်ပြန်သည်။

အေးမြချောမွေ့သောကျောက်သလင်းပြင်၏အထိအတွေ့ကို အာနန္ဒ သဘောကျသွား၏။ ထို့ထက်မူ ကပိလဝတ်၏ ဟိုအဝေးအမှောင်ထုမီး ရောင်များကို ပို၍ကျယ်ပြန့်ဖြန့်ကျက် တွေ့မြင်နိုင်သည့် မြင်ကွင်း။

ဘာကြောင့် တောင်ထိပ်နက္ခတ်ပွဲသို့ သူတို့ဆင်နွှဲနေကြသနည်း။

ဘာအတွက် သူတို့ပျော်ရွှင်နေကြသနည်း။ သူတို့ မောရ ပန်းရမှန်း မသိ....။ အာနန္ဒ၏အတွေးသည် ဤနေရာတွင် တုံ့ရပ်သွား၏။ မိမိ၏ မေးခွန်းထဲတွင် အဖြေ၏သဲလွန်စတစ်ခုကို ရလိုက်သလို ခံစားလိုက်ရ၏။ သူတို့ မောရမှန်း ပန်းရမှန်း....မသိ.... တဲ့။

အင်း.... ဒါဖြင့် သူတို့ကသာ မသိကြတာ၊ မောပန်းနေတာကတော့ အမှန်ပဲတော့ အမှန်ပဲပေါ့။ မြင့်မားသော တောင်ပေါ်သို့ တကူးတကန့်တက်ရတာ၊ မီးတုတ်၊ မီးတိုင်တွေကို ကိုင်ဆောင်သွားရတာ၊ ဟို ဗြဟ္မဏကြီးတွေက ရွတ်ဖတ်သရဇ္ဈာယ်နေကြတာ၊ ညဥ့်အမှောင်တောင်ပေါ်၏ အေးစိမ့်သော ရာသီဥတုထဲမှာ ကခုန်သီဆိုရင်း ချွေးသီးချွေးပေါက်တွေ တရွှဲရွှဲဖြစ်နေကြတာ....၊ အို.... မောပန်းခြင်းဆိုတာ၊ ဒါဖြင့် တကယ်တော့ ရှိနေသည်ပဲပေါ့။ ဒါဆိုရင် သူတို့ကသာမသိကြတာ၊ သူတို့မောပန်းနေတာတော့ အမှန်ပဲပေါ့။

ကိုင်း.... ဆက်စဉ်းစားကြည့်စမ်း။ အဲဒီလို မောပန်းနွမ်းနယ်မှုတွေ ရှိနေလျက် မရှိဟု မသိကျိုးကျွံပြုကာ မီးတုတ်တွေကိုင်ပြီး သူတို့ တောင်ပေါ် တောင်ထိပ် ရောက်သွားကြပါပြီတဲ့....။

အဲဒီမှာကော သူတို့ဘယ်လိုပျော်ရွှင်မှုမျိုးကို ထပ်ရကြသလဲ။

တောင်ထိပ်ဆီကို ရောက်သွားလို့ ကောင်းကင်က လပြည့်ဝန်းကြီးနဲ့ ကြယ်စုံနက္ခတ်တွေနဲ့ ပိုပြီး နီးကပ်သွားရောတဲ့လား။ နီးကပ်သွားတော့ကော ဘာဖြစ်မှာလဲ....။ လူတွေဟာ တစ်ယောက်တည်းမနေဘဲ အများကြီး စုဝေးသွားမိလျှင် အလိုလိုပျော်ရွှင်လာကြသလား။ ပျော်ရွှင်မှုကို လူစုလူဝေးကြီးက ဖန်တီးပေးသလား။ တစ်ဦးတစ်ယောက်တည်းနေရုံနဲ့ ပျော်ရွှင်မှုကို

မရနိုင်တော့ဖူးလား....။ အို.... ပျော်ရွှင်မှုဆိုတာ ဘာပါလိမ့်။

အာနန္ဒ၏ အတွေးများသည် အဇ္ဈောပြင်ဆီက ကြယ်လေးတွေပမာ မကုန်နိုင်၊ မဆုံးနိုင် လွင့်ဖြာနေကြ၏။

မနေ့က စကားဝိုင်းကလေးကို သတိရမိပြန်သည်။

ဥယျာဉ်ထဲက မြက်ခင်းပြင်ဆီ ခရေပင်ကြီးအောက်က စကားဝိုင်းကလေး။ တည်ငြိမ်လေးနက်သော ဘဒ္ဒကဥ္စနာ၊စကားသိပ်ပြောသော ကာဠုဒါယီနှင့် မိမိတို့စကားဝိုင်းကလေး၊ဘာရယ်မဟုတ်။ ကာဠုဒါယီ၏ ကြွယ်ဝသော စကားလုံးတွေဖြင့် မိမိတို့ပျော်ရွှင်ခဲ့ကြရသည်။ နောက်မှ အင်း.... ဒေဝဒတ္တရောက်လာမှ တစ်မျိုးဖြစ်သွားခဲ့ရသည်။ ဒေဝဒတ္တပြန်ထွက်သွားတော့ နောင်တော်သိဒ္ဓတ္ထအကြောင်း ပြောမည်ကြံခဲ့သည်။ သို့သော် ဒေဝဒတ္တရောက်လာပုံ၊ ပြောပုံဆိုပုံ၊ ပြန်ထွက်သွားပုံတို့မှာ ကြည်လင်သောလက်ယက်တွင်းလေးထဲသို့ သဲမှုန်တွေ ပစ်ထည့်သွားသလို ဖြစ်သောကြောင့် မိမိစိတ်ကူး အထမမြောက်ခဲ့။ ရှိစေတော့....။

စိတ်သဘောနှလုံးတူမျှသူချင်း ဝိုင်းဖွဲ့စကားပြောရသည်ကို ပျော်ရွှင်ခြင်းဟု ခေါ်မလား။ ဒါဆိုရင်လဲ ဒေဝဒတ္တလို သဘောသဘာဝမတူသူ တစ်ယောက်၊ စကားဝိုင်းထဲ ဝင်လာသောအခါ အဲဒီပျော်ရွှင်မှုကလေး ပျက်သွားရသည်ပင်။

ပျော်ရွှင်ခြင်းဆိုတာ ဘာပါလိမ့်။

အမှတ်မထင်ဝင်လာသော မေးခွန်းလေးက အာနန္ဒ၏ရင်ကို အခါမလပ် တိုးဆောင့်နေတော့၏။ အဖြေကား ထွက်မလာ။

အတွေးကွန်ယက်ကို ဖြန့်ကြည့်လိုက်ပြန်သည်။

ဘကြီးတော် သုဒ္ဓေါဒနမင်းတို့ ခမည်းတော် အမိတောဒနမင်းတို့ နောက်လိုက်ဗိုလ်ပါတွေခြံရံပြီး တောကစားထွက်ကြတာကော သူတို့ ပျော်ရွှင်ခြင်းကို ရှာကြတာလား။ ကပိလဝတ်နန်းတော် သဘင်ခန်းမထဲမှာ

အတီးအမှုတ် အကအခုန်တွေ ဆင်ယင်ကျင်းပကြတာကော ပျော်ရွှင်ခြင်းကို ရှာကြတာလား။ ကပိလဝတ် ဈေးရုံတော်ကွက်လပ်ပြင်မှာ မျက်လှည့်ပွဲတွေ၊ အံ့ပွဲတွေ ကျင်းပကြတာကော.... ဂင်္ဂါမြစ်ထဲမှာ အုပ်စုလိုက် ရေချိုးကြတာ၊ ဗြဟ္မာကြီးတွေ ရွတ်ဖတ်ကြတာ.... ဒါတွေ ဒါတွေကကော ပျော်ရွှင်ခြင်းကို ရှာကြတာတဲ့လား....။

အို....ကြည့်စမ်း....။ မိမိ၏အမည် အာနန္ဒ။ 'အဆွေအမျိုးအားလုံးတို့ နှစ်သက်ဝမ်းမြောက်အောင်ပြု၍ ဖြစ်ပွားလာခြင်း'ဆိုသည့် အဓိပ္ပာယ်အစွဲဖြင့် မိမိကို အာနန္ဒဟု မှည့်ခေါ်ကြသတဲ့။ ဒါဖြင့်ရင် မိမိသည် သာကီဝင်တို့၏ပျော်ရွှင်မှုကို ပေးစွမ်းနိုင်သူပေါ့။ ဒါတော့ ဟုတ်မည်မထင်။ အမည်နာမတစ်ခုကို ဗျူပွတ်ပဲဖြစ်မည်။ မိမိကြောင့် ကပိလဝတ် နန်းတော်ကြီး ပျော်ရွှင်လာသည်ဟု တစ်ခါမှမကြုံစဖူးခဲ့....။

ပျော်ရွှင်ခြင်းဆိုတာ ဘာလဲ၊ ဘယ်နေရာမှာ ဖြစ်ပေါ်သလဲ၊ ဘယ်က လာသလဲ....။ တောင်ထိပ်နက္ခတ်သဘင်ပွဲ ဆင်နွှဲသူတွေ၊ တောကစားထွက်သူတွေ၊ တီးမှုတ် ကခုန်သူတွေ၊ တီးမှုတ် ကခုန်မှုကို ကြည့်ရှုနားဆင်သူတွေ၊ မျက်လှည့်ပွဲ၊ အံ့ပွဲတွေ၊ ရွတ်ဖတ်သရဇ္ဈာယ်ပွဲတွေ.... ဒါတွေကို အကြောင်းပြုပြီး ပျော်ရွှင်မှုကို ရယူခံစားကြသည်ဆိုရင်တော့၊ အင်း.... တစ်ခုခုတော့ တစ်နေရာရာမှာ အကြီးအကျယ်လွဲမှားနေပြီ။ ဒါတွေကို ဆင်ယင်ကျင်းပနိုင်ဖို့ သူတို့တစ်တွေမှာ မောပန်းလိုက်ကြရတာ အားထုတ်လိုက်ကြရတာ....။ သူတို့ရဲ့ ပျော်ရွှင်မှုဆိုတာက ပင်ပန်းဆင်းရဲမှုထဲကနေ ထွက်ပေါ်လာခြင်းပေပဲ။ အဲဒီကနေ ပေါက်ဖွားလာတဲ့ ပျော်ရွှင်မှုဆိုတာကကော တကယ့်ပျော်ရွှင်မှု ဖြစ်နိုင်သေးရဲ့လား။ ညဦးအမှောင်ထဲမှ တရွေ့ရွေ့ မီးရောင်များကိုကြည့်ရင်း အာနန္ဒ အတွေးများ ရှုပ်ထွေးလာ၏။

"နောင်တော် သိဒ္ဓတ္ထ.... နောင်တော်...."

အမှုမဲ့ ရေရွတ်လိုက်မိသော အသံကို မိမိဘာသာ ပြန်ကြားတော့မှ

အာနန္ဒ ဆောက်တည်ရာ တစ်ခုရလာသည်။

အို....ဟုတ်ပါသော်ကော။ နောင်တော်သိဒ္ဓတ္ထနှင့် မဆုံရသည်မှာ နှစ်ရက်နှင့်တစ်ညဥ့် ရှိခဲ့ပေပြီ။ နောင်တော် ဘယ်ရောက်နေသနည်း။ တစ်နေ့က ဒေဝဒတ္တနှင့် တွေ့ခဲ့သည်ဟု ဆိုသည်။

"ကန်ရေပြင်ဟာ လှိုင်းဂယက်တွေဖြစ်ပေါ်ဖို့ ခဲတစ်လုံးရဲ့ကျလာခြင်းကို စောင့်ဆိုင်းနေရ၊ လှိုင်းဂယက်တွေဟာ ဖြာထွက်လာပြီး ကမ်းဆီ ပြေးဝင်ပျောက်ကွယ်ကြ၊ ခဲလုံးကလည်း လှိုင်းဂယက်တွေဖြစ်အောင် လှုံ့ဆော်ပြီးနောက်မှာ ကန်ရေပြင်အောက် နစ်မြုပ်သွား...."

ဒေဝဒတ္တထံမှ တစ်ဆင့်ကြားခဲ့ရသော နောင်တော့်စကားကို တွေးမိပြန်သည်။ လှလိုက်သည့် စကားလုံးလေးတွေ၊ ကန်ရေပြင်၊ လှိုင်းဂယက်နဲ့ ခဲလုံး။ သို့သော် နောင်တော့်စကားထဲမှာ အနက်တစ်ခုခုကို မြုပ်နှံထားသလို ထင်ရသည်။ လွမ်းစရာအငွေ့လေးတွေ သမ်းနေသည်ဟုလည်း ထင်၏။

နောင်တော်သိဒ္ဓတ္ထကို ယခုချက်ချင်းပင် တွေ့မြင်လိုစိတ်က တားမနိုင်ဆီးမရ ဖြစ်ပေါ်လာ၏။ နောင်တော် ဘယ်ရောက်နေသလဲ၊ အခုလို ကြယ်ပေါင်းခသည့် လပြည့်ဝန်းညဥ့် တောင်ထိပ်နက္ခတ်ပွဲကာလမှာ နောင်တော် ဘာလုပ်နေသလဲ....။

တစ်ချိန်လုံးလုံး နှစ်လိုဖွယ်အေးမြရှင်းသန့် ထိတွေ့ခဲ့ရသော ကျောက်သလင်းခုံ မျက်နှာပြင်သည် ပူနွေးလာသည်ဟု ထင်ရသည်။

ပျော်ရွှင်ခြင်းနှင့်ပတ်သက်၍ မိမိရင်ထဲ ရှုပ်ထွေးဖွဲ့တည်လာသော အတွေးတွေကို နောင်တော်သိဒ္ဓတ္ထသာ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ ဘာကြောင့်မှန်း မသိ။ နောင်တော်သည် မိမိ၏ရှုပ်ထွေးမှုတွေကို ဖြေရှင်းနိုင်မည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ယုံကြည်ထား၏။

မီးတုတ် မီးတိုင်တွေ ကိုင်ဆောင်ထားသည့် ကပိလဝတ်ပြည်သူ ပြည်သားတွေကတော့ တောင်ထိပ်ပေါ်မှာ ဘာကိုရှာဖွေဖို့ တက်နေကြသည်

မသိ။ မိမိအဖို့တော့ သည်ညတွင် နောင်တော့်ကို မတွေ့ တွေ့အောင်ရှာတော့မည်။ နောင်တော်နှင့် တွေ့မှဖြစ်မည်။ "ပျော်ရွှင်ခြင်းဆိုတာ ဘာလဲ နောင်တော်"ဟု မေးရမည်။

စကြိုခုံ ကျောက်သလင်းပြင်ထက်မှ အာနန္ဒ ဆင်းလိုက်သည်။

ထိုစဉ် နန်းတော်ဦးကျောက်တိုင်တစ်ဖက် အမှောင်ရိပ်ဆီမှ အသံတစ်သံပေါ်လာ၏။

"အို.... သားတော်လေး အာနန္ဒပါလား"

အမှောင်ရိပ်ထဲတွင် လူလုံးမသဲကွဲချင်။ သို့သော် သားတော်လေးဟူသော အခေါ်အဝေါ် အသုံးအနှုန်းမှုနှင့်အတူ ဤကပိလဝတ်နန်းတော်၌ မည်သူနှင့်မျှမတူ စူးရှကြည်လင်လှသော အသံရှင်ကို အာနန္ဒသိလိုက်သည်။

အရီးတော် ဂေါတမီဒေဝီ....။

အရီးတော်ရှေ့မှောက်တွင် အလိုအလျောက် ဒူးထောက်ဦးညွှတ်မိလျက်သား ဖြစ်သွား၏။

"အို.... ထပါ၊ ထပါ၊ အာနန္ဒရယ်။ လွတ်လပ်စွာနေပါ"

အရီးတော်က ပခုံးနှစ်ဖက်မှ ဆွဲကိုင်ထူမပေးသည်။ အင်အားပါ၍ နွေးထွေးသော လက်ဖဝါးများဆီမှ အရီးတော်၏ ခိုင်မြဲမှုနှင့်ကြင်နာမှုတို့ကို ကူးစက်ခံစားလိုက်ရ၏။

"သားလေး.... စက်ရာဆောင် မဝင်သေးဖူးလား"

"တောင်ထိပ်နက္ခတ်ပွဲကို လှမ်းကြည့်နေမိတယ် အရီးတော်။ ပြီးတော့ နောင်တော်သိဒ္ဓတ္ထကိုလဲ တွေ့ချင်လို့ ဒီနန်းဆောင်ဘက် ကူးလာခဲ့ပါတယ်"

အရီးတော်ကို စကားပြောလျှင် ဤသို့ လိုရင်းကို ပွင့်လင်းစွာပြောဖြစ်သည်။ အရီးတော်ဂေါတမီဒေဝီကလည်း ဤသို့ ပွင့်လင်းပြတ်သားစွာ ပြောဆိုဆက်ဆံခြင်းကို သဘောကျ၏။ စင်စစ်အရီးတော် ကိုယ်တိုင်လည်း

စကားပြောဆိုဆက်ဆံရာတွင် ကပိလဝတ်နန်းတော်တစ်ခုလုံး၌ ဟောဟော ဒိုင်းဒိုင်းရှိသူပင်။ ထီးမှုနန်းရာ အဆောင်အယောင်များနှင့် ကြီးကျယ် ခမ်းနားသော အသုံးအနှုန်းများကို အရီးတော် သဘောမကျတတ်။

သို့သော် မိမိတို့နှင့်ပြောဆိုရာမှာတော့ အရီးတော်ထံတွင် ပွင့်လင်း ခြင်းနှင့်အတူ ကြင်နာနွေးထွေးခြင်းတို့ကို အတိုင်းသားတွေ့ရသည်။ အမှန် တော့ အရီးတော်ဒေဝီသည် ကပိလဝတ်နန်းရှင် သခင်မကြီးတစ်ပါးအနေ ဖြင့် သိမ်မွေ့နူးညံ့မှုထက် ရှင်းလင်းဝံ့စားမှုကို ပို့ဆောင်သော အမျိုးသမီးကြီး တစ်ဦး ဖြစ်ချေသည်။

“တောင်ထိပ်နက္ခတ်ပွဲလား။ အင်း…. ဒီကနေလှမ်းကြည့်ရင် တောင် မကြီးအတိုင်းတက်သွားတဲ့ မီးရောင်တန်းတွေကိုမြင်ရမယ်။ ဟိုမှာ နက္ခတ်ပွဲ ဆင်ယင်ကျင်းပနေသူတွေအဖို့လည်း မီးတုတ်မီးရှူးမီးတိုင်တွေ ကိုင်ပြီး မြွေလိမ်မြွေကောက်တက်နေကြမယ်။ ဒါပဲပေ့ါသားလေးရယ်။ဒိပြင် ဘာရှိဦး မှာလဲ။ တောင်ပေါ်ရောက်ရင် သူတို့ တီးမှုတ် ကခုန်သီဆိုကြမယ်။ စားကြ သောက်ကြမယ်။ ဆုတောင်းကြမယ်။ ရွတ်ဖတ်သရဇ္ဈာယ်ကြမယ်။ ဒါပဲပေ့ါ။ ပြီးတော့ မောမောပန်းပန်းနဲ့ ပြန်ဆင်းလာကြ၊ အိမ်ပြန်ရောက်တော့ အိပ်ကြ ပေ့ါ။ ဒါ တောင်ထိပ်နက္ခတ်ပွဲပါပဲ”အရီးတော်၏မှတ်ချက်မှာ ရှင်းနေသည်။ တောင်ထိပ်နက္ခတ်ပွဲသဘင်ကို အရီးတော်မြင်ပုံမှာ ဤမျှသာပင်ဖြစ်၏။ ကပိလဝတ်ရှိ လူတော်တော်များများ စိတ်ဝင်စားကြသည့်အရာများကို အရီးတော် စိတ်မဝင်စားလှပေ။ အရီးတော်ဂေါတမီဒေဝီသည် တစ်ဘာသာ ထူးခြားသူ။

အနီးရှိကျောက်သလင်းခုံတွင် အရီးတော်ဝင်ထိုင်သည်။ အာနန္ဒက ပန်းအိုးတင်ထားသော ခုံပုအစွန်းတွင် နေရာယူလိုက်၏။

“နေဦးကွယ့်၊ မင်း ခုနကပြောလိုက်တဲ့အထဲမှာ နောင်တော် သိဒ္ဓတ္ထ ကိုလဲ တွေ့ချင်လို့ဆိုတာ ပါတယ်။ ဘာဖြစ်လို့ တွေ့ချင်တာလဲ”

"ပျော်ရွှင်ခြင်းဆိုတာ ဘာလဲလို့ သိချင်လို့ပါ အရှင်ဘုရား"

"ဘယ်လို.... အာနန္ဒ"

"စစ်မှန်တဲ့ပျော်ရွှင်ခြင်းဆိုတာ ဘာလဲ၊ အဲဒါ သားတော်သိချင်လို့ပါ"

အရှင်ဘုရား တစ်ချက်တိုးညင်းစွာရယ်လေသည်။ နှစ်ခြိုက်စွာ ရယ်ခြင်းမျိုး....။

"အာနန္ဒ....သားလေး။ မင်းဟာ တစ်ခါတစ်ခါ သိဒ္ဓတ္ထနဲ့ သိပ်တူတယ်။ ဖွားဖက်တော်တွေထဲမှာ မင်းဟာ မင်းနောင်တော်နဲ့ အနီးစပ်ဆုံးပဲ"

"အဲဒါအတွက် သားတော်ဂုဏ်ယူပါတယ် အရှင်ဘုရား"

"ဘာတဲ့၊ စစ်မှန်တဲ့ပျော်ရွှင်ခြင်း ဟုတ်လား"

"ဟုတ်ပါတယ်၊ အရှင်ဘုရား"

"အေးကွယ့်၊ မင်းနောင်တော်နဲ့တွေ့တဲ့အခါလဲ မေးကြည့်ပေါ့။ သူအခုပဲ စက်ရာဆောင်ဝင်သွားတယ်။ ညဥ့်ဦးပိုင်းတစ်ချိန်လုံးလုံး အရှင်ဘုရားနဲ့စကားပြောခဲ့တယ်။ အေး... ထူးခြားတာကတော့ သူလဲ သူ့နန်းဆောင်ကနေပြီး တောင်ထိပ်နက္ခတ်ပွဲကို လှမ်းကြည့်နေတာပဲ။ မင်းတို့ နှစ်ယောက်နက္ခတ်ပွဲကို ဒီကလှမ်းကြည့်နေချိန်ဟာ တစ်ချိန်တည်းလောက်ဖြစ်မယ်"

"အို.... ဟုတ်လား အရှင်ဘုရား၊ ဒါအတွက် သားတော် ဝမ်းသာပါတယ်"

"နေဦး....မင်းပြောတဲ့ စစ်မှန်တဲ့ပျော်ရွှင်ခြင်းနော်။ အဲဒါကို အရှင်ဘုရား ဖြေကြည့်မယ်။ တို့များရဲ့ စကားဝိုင်းလေးတစ်ခုပေါ့ကွယ်။ သားတော်နားထောင်မလား"

"သိပ်နားထောင်ချင်ပါတယ် အရှင်ဘုရား"

အရှင်ဘုရားသည် ခုံတန်းနောက်ဆီမှ ကိုယ်ကိုခွာ၍ စွင့်စွင့်မတ်မတ်ပြင်ထိုင်လိုက်၏။ ထောင့်စပ်စပ်ပြုလုပ်ထားသော ကျောက်သလင်းခုံ၏

အနားရင်းကလေးများနှင့် အရီးတော်ထိုင်နေပုံမှာ လိုက်ဖက်လှသည်ဟု အာနန္ဒ တွေးလိုက်မိသည်။ ကွေးညွတ်ပျော့ပျောင်းလှသော ကနုတ်ပန်းခက်များဖြင့် နေရာအတော်များများမှာ ခြယ်မှုန်းထားသည့် ကပိလဝတ်နန်းတော်ကြီးထဲတွင် အရီးတော်သည် သူထိုင်နေသော ကျောက်ခုံကဲ့သို့ပင် ရှင်းလင်းပြတ်သားဝံ့စားသူ ဖြစ်လေသည်။

*　　　*　　　*

"အရီးတော်ထင်တာကတော့ စစ်မှန်တဲ့ပျော်ရွှင်ခြင်းဆိုတာ ရှာဖွေယူရတာမျိုးမဟုတ်ဘဲ သူ့အလိုလို ကိန်းဝပ်လာတာမျိုးပဲဖြစ်မယ် ထင်တယ်။ ရှာဖွေရရှိလာတဲ့ ပျော်ရွှင်ခြင်းဆိုတာ သူ့ကိုရရှိတဲ့အခိုက်မှာ ပျော်ရပေမယ့် သူပျောက်သွားတဲ့အခါ ပြောင်းပြန်ဖြစ်သွားတယ်။ ပျော်ရွှင်ခဲ့သည်နှင့်အမျှ စိတ်ထိခိုက်စရာတွေ ဖြစ်လာတယ်"

ဆွေးမြည့်တမ်းတသံပါသည်ဟု ထင်ရသည်။

အရီးတော်က အမှောင်ထဲသို့ မမြင်တတ်သောကြည့်ခြင်းဖြင့် ဆက်ပြောသည်။

"သားလေးတို့ မမီလိုက်တဲ့၊ မဟာမာယာဒေဝီ၊ အရီးတော်ရဲ့ အစ်မတော်ကြီး မဟာမာယာဒေဝီသာရှိနေရင် ဘယ်လိုပြောမလဲမသိဘူး။ဩော်.... အစ်မတော်ကြီး၊ အစ်မတော်ကြီး၊ အရီးတော်ကို အမြဲ ဆုံးမရှာတယ်။ 'ဂေါတမီ၊ စိတ်လိုက်မာန်ပါမပြောနဲ့၊ မလုပ်နဲ့၊ မကြံနဲ့....' တဲ့"

မဟာမာယာဒေဝီ၊ နောင်တော်သိဒ္ဓတ္ထ၏ မယ်တော်။ နောင်တော့်ကို ဖွားမြင်ပြီးနောက် ရက်တစ်ပတ်အလွန်၌ နတ်ရွာစံခဲ့သူ။

"မောင်တော် မင်းကြီးကတော့ ခဏခဏပြောတတ်တယ်။မဟာမာယာဒေဝီနဲ့ ဂေါတမီတို့ ညီအစ်မနှစ်ယောက်ဟာ ဓားတစ်လက်ရဲ့ အသွားဘက်နဲ့ အနောင့်ဘက်လိုပဲတဲ့။ ဂေါတမီက အသွားဘက်၊ မဟာမာယာ

ဒေဝီက အနှောင့်ဘက်တဲ့။ ထားပါတော့ကွယ်။ အရှိးတော်ပြောချင်တာက စောစောက ပျော်ရွှင်ခြင်းဆိုတာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်၊ ဘယ့်နဲ့လဲ.... ရှာဖွေယူရတဲ့ ပျော်ရွှင်ခြင်းနဲ့ သူ့အလိုလိုဖြစ်ပေါ်လာတဲ့ ပျော်ရွှင်ခြင်း၊ သားလေး သဘောကျရဲ့လား"

အရှိးတော်ကို ချစ်ခင်လေးစားမိသည်မှာ ဤအချက်ပင်ဖြစ်၏။ အရှိးတော်သည် နောင်တော်သိဒ္ဓတ္ထ၏မယ်တော် မရှိတော့သည့်အချိန်မှစ၍ ကပိလဝတ်၏ နန်းရှင်သခင်မကြီးအဖြစ်ကို ထိုက်တန်စွာရရှိခဲ့သူပင်။ ဘကြီးတော် သုဒ္ဓေါဒနမင်းကြီးကလည်း အရှိးတော်အား တိုင်းရေးပြည်ရာ များစွာကို လွှဲအပ်ယုံကြည်သည်ဖြစ်ရာ အရှိးတော်သည် အချို့နေရာများ တွင် ဘကြီးတော်ထက်ပို၍ပင် အာဏာစက်ထိရောက်ထက်မြက်ခဲ့ချေသည်။ သို့သော် ကပိလဝတ်နန်းတွင်းသားတို့ ကြောက်ရွံ့ခဲ့ညားရသောအရှိးတော် သည် ရာဇပလ္လင်ပေါ်တွင်သာ ရာဇအာဏာနှင့် ရာဇဣန္ဒြေတို့ကို ဆောင်ယူ တတ်ပြီး မိမိတို့နှင့်တွေ့သောအခါ ထိုအရာအားလုံးကို ခွာချထားခဲ့သည် ချည်းဖြစ်၏။

ယခုလည်း မိမိအား အရေးတယူစကားပြောနေသည်။ သားလေး သဘောကျရဲ့လားဟုပင် နေရာထား မေးနေပေသည်။

"ဖန်တီးရယူပြီး ရလာတဲ့ပျော်ရွှင်ခြင်းဆိုတာ အဲ.... သိပ်မကောင်း ဘူးဆိုတာတော့ သားတော်သဘောကျပါတယ် အရှိးတော်။ ဒါပေမယ့် သူ့အလိုလိုပျော်ရွှင်ခြင်းဆိုတာကို သားတော် နားမလည်ဘူး"

"အေးကွယ့်၊ ဖန်တီးရယူတဲ့ ပျော်ရွှင်ခြင်းဆိုတာနဲ့ နှိုင်းယှဉ်ပြီး တစ်ဖက်ကနေ သူ့အလိုလိုပျော်ရွှင်ခြင်းဆိုတာကို အရှိးတော် ထည့်ပြော လိုက်တာ။ အမှန်တော့ သူ့အလိုလို ပျော်ရွှင်ခြင်းဆိုတာကို အရှိးတော်လဲ သေချာမသိဘူးကွယ့်"

ရှင်းလင်း ပြတ်သားလှဘိခြင်း။ သူမသိတာကို မသိဟု ပြောရဲသော

ကပိလဝတ်နန်းရှင် သခင်မကြီး။

အာနန္ဒာသည် အရှီးတော်နှင့် စကားလက်ဆုံကျရသည်ကို ကျေနပ်နေမိ၏။

"သားတော် ပြောကြည့်မယ် အရှီးတော်၊ သူ့အလိုလို ပျော်ရွှင်ခြင်းအကြောင်းကိုပေါ့"

"အေး.... ပြောစမ်း၊ တို့များ အဖြေရှာကြည့်ရအောင်။ ဉာဏ်ပညာနဲ့ယှဉ်တဲ့ ကစားနည်းကလေး တစ်မျိုးပေါ့ကွယ်"

"သဘာဝတောတောင်ရေမြေတွေ သာယာလှပနေတာကို ကြည့်ရခံစားရလို့ စိတ်ထဲမှာ ပျော်လာတာဆိုရင်ကော"

"အေး.... ဒါမဆိုးဘူး၊ လူတွေလုပ်ယူရတဲ့ ပျော်ရွှင်ခြင်းနဲ့စာရင်ပိုပြီး အဓိပ္ပာယ်ရှိတယ်။ သားတော်တွေးတာလေး လှတယ်။ သဘာဝရေမြေတောတောင်ရဲ့ သာယာလှပမှုခံစားရတဲ့ ကြည်နူးမှုပေါ့.... နော်။ အင်း....နေဦး....အာနန္ဒရဲ့၊ ဒါလဲ ဟုတ်မယ် မထင်သေးဘူး"

"ဘာဖြစ်လို့ပါလိမ့် အရှီးတော်"

ဒုန်းပြေးနေသောမြင်းကို ဇက်ဆွဲလိုက်သလို တုံ့ခနဲရပ်သွားသည့်အရှီးတော်၏အသွင်ကြောင့် အာနန္ဒ သိလိုစိတ်ကြီးစွာ မေးလိုက်သည်။

"အဲဒါဟာလဲ စစ်မှန်တဲ့ပျော်ရွှင်ခြင်း ဖြစ်မယ် မထင်ဘူး။ ဥပမာ....အင်း.... ဥပမာတော့ မဟုတ်ပါဘူးကွယ်။ အရှီးတော် ကိုယ်တွေ့ပါပဲ။ မဝေးလှသေးတဲ့ နှစ်ကာလတွေရဲ့တစ်ချိန်ဆီက အင်း.... ကပိလဝတ်နဲ့ ဒေဝဒဟအကြား၊ အင်ကြင်းတောထဲမှာ အရှီးတော်နဲ့ အစ်မတော်ကြီး မဟာမာယာဒေဝီတို့ ရောက်ခဲ့စဉ်ကပေါ့။မင်းနောင်တော် ဖွားမြင်ခဲ့တဲ့အချိန်တုန်းကပေါ့"

ဆွတ်ပျံ့ကြေကွဲသံ ပါလာ၏။

"အဲဒီတုန်းက ကဆုန်လ။ ပူပြင်းလှတဲ့ရာသီမှာ အင်ကြင်းတောကြီးဟာ အေးမြမွှေးကြိုင်နေတယ်။ အရှီးတော်တို့ စခန်းထောက်နားကြတယ်။

အပင်ချင်းယှက်နေတဲ့ အင်ကြင်းတောကြီးကို မြင်လိုက်ရတော့ အရှိးတော်တောင် ပျော်လိုက်တာကွယ်။ ငှက်ပေါင်းစုံရဲ့ အသံလေးတွေကလဲ ချစ်စရာ၊ အင်ကြင်းပန်းတွေကလဲ အဆုပ်လိုက်အပွင့်လိုက် နီရဲလို့။ အဲ.... ပြောရရင် အင်ကြင်းတောကြီးထဲ အရောက်မှာ အရှိးတော်စိတ်ထဲ ပျော်ရွှင်ကြည်နူးခဲ့တယ်ပေါ့။ ဒါပေမယ့် သားလေးရယ်”

အရှိးတော် သက်ပြင်းတစ်ချက်ရှိုက်သည်ကို သိသာစွာကြားလိုက်ရ၏။

“အင်ကြင်းတောကြီးဆီကို အရှိးတော် အခု ပြန်မသွားချင်ဘူး။ စိတ်ကူးနဲ့တောင် မြင်ယောင်မကြည့်ချင်ဘူး။ သိဒ္ဓတ္ထကို ဖွားမြင်ပြီးနောက် အဲဒီအင်ကြင်းတောက အပြန်မှာပဲ အစ်မတော်ကြီးဟာ နတ်ရွာစံခဲ့ရတယ်လေ။ အဲ.... သာယာလှပါတယ်ဆိုတဲ့ အင်ကြင်းတောကြီးဟာ ကဆုန်လရောက်တိုင်း သူ့ဟာသူ သာယာလှပနေမှာပဲ။ ဒါကြောင့် အဲဒီနေရာကို ရောက်ခဲ့၊ ပျော်ရွှင်ကြည်နူးခဲ့တဲ့ အရှိးတော်ဟာ အခုနေ အဲဒီနေရာကို မသွားချင် မမြင်ချင်တော့ဘူး။ စိတ်ကူးနဲ့တောင် မမြင်ချင်တော့ဘူး။ အဲ.... သူ့ဘာသာသူနေတဲ့ သဘာဝ လှပသာယာမှုပေါ်မှာပဲ အရှိးတော်က ပျော်ရွှင်တုန်းက ပျော်ရွှင်ခဲ့ပြီး ဝမ်းနည်းကြေကွဲတဲ့အခါမှာ ဝမ်းနည်းကြေကွဲပြန်တယ်။ အင်ကြင်းတောကြီးက ဘာမှဖြစ်တာမဟုတ်ဘူး”

ကောင်းစွာသဘောပေါက်လိုက်၏။ အရှိးတော်ကိုလည်း အတိုင်းမသိ ကျေးဇူးတင်သွားမိလေသည်။ အရှိးတော်သည် သူ့အတွေ့အကြုံဖြင့် ပျော်ရွှင်ခြင်းဆိုင်ရာသဘော အယူအဆတစ်ခုကို ခိုင်လုံစွာချေဖျက်ရှင်းလင်းပြခဲ့ပြီ ဖြစ်လေသည်။

“ဟုတ်တယ်၊အရှိးတော် သဘာဝရေမြေတောတောင်ရဲ့ သာယာမှုကို ခံစားရပြီး ရတဲ့ပျော်ရွှင်မှုဆိုတာလဲ အမှန်တော့ သူ့အလိုလိုပျော်ရွှင်မှု မဟုတ်နိုင်ဘူးပေါ့နော်”

"အေးပေါ့ မဟုတ်နိုင်ဘူးပေါ့။ စစ်မှန်တဲ့ ပျော်ရွှင်ခြင်းလဲ မဖြစ်နိုင်ဘူးပေါ့ကွယ်။ အရှီးတော်ကိုပဲ ကြည့်ပါလား။ ဒီအင်ကြင်းတောတစ်ခုတည်းပေါ်မှာ ပျော်တုန်းကပျော်၊ ကြေကွဲစရာမြင်တော့ ကြေကွဲ"

စကားဝိုင်းကလေးသည် တိတ်ဆိတ်ခြင်းတွင် နစ်မြုပ်သွား၏။

နန်းတော် ပရဂုဏ်အတွင်း၌ ညဥ့်၏ပိုးပုရွက်သံလေးများက ကြိုကြားကြိုကြား ထွက်ပေါ်နေကြသည်။ စက်ရာဆောင်များဆီမှ အမွှေးနံ့သာတိုင်နံ့များက တစ်ချက်တစ်ချက် လေအဝှေ့တွင်ပါလာတတ်သည်။

အာနန္ဒသည် သက်ပြင်းတစ်ချက် ဖွဖွရှိုက်မိသည်။

ဤညဥ့်သည်မိမိအတွက် စိတ်လှုပ်ရှားရလွန်းသော ညဥ့်ပါတကား။

ညဥ့်ကာလ၏ တိတ်ဆိတ်မည်းမှောင်ခြင်းသည် စိတ်ကို ပျံ့လွင့်စေသည်လားမသိ။

"အကောင်းဆုံးကတော့ အာနန္ဒရယ်"

အရှီးတော်ထံမှ မေတ္တာဓာတ်အပြည့်ပါသော အသံထွက်လာ၏။

"မင့်နောင်တော် သိဒ္ဓတ္ထနဲ့တွေ့လိုက်တာ အကောင်းဆုံးပါပဲ"

"သားတော် သူ့ဆီသွားလို့ သင့်ပါ့မလား အရှီးတော်၊ သူ စက်ရာဆောင် ဝင်သွားပြီမို့"

"သားတော်ကြီးသိဒ္ဓတ္ထဟာ အိပ်ချိန် အင်မတန်နည်းတဲ့ယောကျ်ားပျိုလေးတစ်ယောက်ကွယ့်။ သူ စက်ရာဆောင် ဝင်သွားပေမယ့် အိပ်စက်ဦးမှာ မဟုတ်သေးဘူးဆိုတာ အရှီးတော်သေချာသိတယ်။ နောက်ပြီးတော့ အရှီးတော် သိတာရှိသေးတယ်။ သိဒ္ဓတ္ထဟာ ခက်ခဲနက်နဲတဲ့ အကြောင်းအရာတွေကို အံ့သြစရာကောင်းတဲ့ အတွေးအခေါ်တွေနဲ့ အကျစ်လျစ်ဆုံးစကားလုံးတွေ သုံးပြီး စကားပြောတတ်တယ်ဆိုတဲ့ အချက်ပဲ"

"ဒါဖြင့်သားတော် အခုပဲနောင်တော့်ဆီသွားတော့မယ် အရှီးတော်"

"ကောင်းပါပြီကွယ်"

အရှီးတော် ဂေါတမီဒေဝီ ထိုင်နေသော ကျောက်သလင်းခုံရှေ့၌ အာနန္ဒ ဒူးထောက်ဦးညွတ်၍ နှုတ်ဆက်လိုက်လေသည်။

နောင်တော် သိဒ္ဓတ္ထ၏ နန်းဦးစက်ရာဆီသို့ သွားရာလမ်းအတိုင်း အာနန္ဒ လျှောက်လာခဲ့၏။ တိတ်ဆိတ်သော ညဉ့်ကာလတွင် အာနန္ဒ၏ လွှာဖိနပ်နှင့် ကျောက်သားပြင်တို့ ထိတိုက်ရာမှ ထွက်ပေါ်လာသော ဖျတ်ဖျတ်အသံ တစ်သံတည်းသာ လှုပ်ရှားသက်ဝင်နေသည်။ ညဉ့်၏တိတ်ဆိတ်ခြင်းကို အားနာစွာဖြင့် အာနန္ဒသည် ခြေသံကို သိမ်းဆည်းလိုက်လေသည်။

ကျောက်ဖြူသား ဥမင်များ၊ စင်္ကြံလမ်းများကို တစ်ခုပြီးတစ်ခု ကွေ့ကာပတ်ကာလျှောက်ခဲ့ရင်း အာနန္ဒသည် စိတ်ဓာတ်တက်ကြွနေ၏။ နောင်တော်သိဒ္ဓတ္ထနှင့် တွေ့ရတော့မည်။ယခုအကြိမ်သည် ခါတိုင်းနှင့်မတူ ဟု ခံစားနေမိသည်။ အကြောင်းမှာ မိမိ၌ နောင်တော်နှင့် လေးလေးနက်နက် ဆွေးနွေးစရာအကြောင်းအရာတစ်ခု ပါရှိလာသောကြောင့် ဖြစ်သည်။ တောင်ထိပ်နက္ခတ်ပွဲအကြောင်း၊ ဒေဝဒတ္တအကြောင်း၊ ဘဒ္ဒကစ္စနာ အကြောင်းများနှင့်တကွ အရှီးတော်နှင့်တွေ့ခဲ့ပုံ၊ စကားစမြည် ပြောခဲ့ပုံတွေကို နောင်တော့်ထံပြန်ပြောပြမည်။ ထို့နောက် မိမိရင်ထဲတွင် စုဝေးဖြစ်တည်နေသော ထိုပြဿနာကို တင်မည်။ ပျော်ရွှင်မှုဆိုတာ ဘာလဲ နောင်တော်။

စင်္ကြံလမ်းတစ်ကွေ့သို့ ချိုးကွေ့ခဲ့သည်။ တိုင်လုံးတွင် ကပ်၍ထွန်းညှိထားသော မီးတိုင်မှအလင်းသည် ဖြာကျလျက်ရှိ၏။ မီးတောက်ငယ်လေး တစ်ဝိုက်တွင် ပိုးဖလံများ ဝိုင်းအုံလှည့်ပတ်နေကြသည်။ အာနန္ဒသည် အစဉ်တစိုက် လှမ်းလာသော ခြေလှမ်းကို လွှားကျော်လိုက်၏။ မီးတိုင် အောက်၊ ကျောက်သားလမ်းပေါ်တွင် ပိုးကောင်ကလေးများ ပြုတ်ကျပြန့်ကျဲနေသောကြောင့် ဖြစ်သည်။ ဤပိုးဖလံငယ်များသည် မီးတိုင်အလင်းကို အစာဟူသောအမှတ်ဖြင့် ပျော်ရွှင်ခဲ့ကြပေမည်။ ယခုတော့....။

အလို....။ ပျော်ရွှင်ခြင်းသည် ပျက်စီးခြင်းကို တစ်ပါတည်း သယ်ယူ

လာပါသကော။ ခြေလှမ်းများနှင့်အတူ အာနန္ဒ၏အတွေးများသည် မရပ်မနား ပွက်ဆူနေကြသည်။ နောင်တော့်ကို မေးဖို့မေးခွန်းတွေလည်း ထပ်ရလာသည်။ ပျော်ရွှင်ခြင်းဆိုတာဘာလဲ။ ပျော်ရွှင်ခြင်းနောက်မှာ ပျက်စီးခြင်းဆိုတာ တစ်ပါတည်းပါလာတတ်သလား။ စစ်မှန်သော ပျော်ရွှင်ခြင်းကိုရဖို့ ဘယ်လိုအားထုတ်ရှာဖွေရမလဲ။ နောင်တော်ကော ဘယ်လိုနည်းနဲ့ ပျော်ရွှင်အောင် နေထိုင်ပါသလဲ။

* * *

အိပ်ဖန်စောင့် တံခါးမှူးက အာနန္ဒကိုမြင်သည်နှင့် ဒူးထောက် ဦးညွှတ်သည်။ လုံ့ရှည်ကို ဘေးသို့ကပ်၍ လမ်းဖွင့်ပေးသည်။ နောင်တော်၏ စက်ရာဆောင် စင်္ကြံလမ်းဝသို့ရောက်ပေပြီ။ ဤနေရာမှာ မီးတိုင်များကို အလုံအလောက် ထွန်းညှိထားသည်။ ဝန်းကျင်ရှိ အမှောင်ထုကြောင့် မီးတိုင်အလင်းသည် ပို၍တောက်ပနေလေသည်။

စင်္ကြံလမ်းအတိုင်း အာနန္ဒဆက်လျှောက်လာခဲ့၏။ ခြေသံလုံအောင် သတိထားနင်းရင်း ဝတ်ရုံစ တဘက်ပုဝါကိုလည်း လက်ဖြင့်သိမ်းဆည်းလာခဲ့သည်။ အကယ်၍ နောင်တော် အိပ်စက်နေပြီဆိုလျှင်လည်း အသံ အနှောင့်အယှက်မပေးလိုသောကြောင့် ဖြစ်၏။ သို့သော် နောင်တော် အိပ်စက်ဦးမည် မဟုတ်ဟု အလိုလိုသိနေသည်။

စင်္ကြံအမိုးခုံးများ၊ တိုင်လုံးများကို တစ်ခုပြီးတစ်ခု ဖြတ်လာရင်း အာနန္ဒ နောက်တစ်ခုတွေးမိလာပြန်၏။ နောင်တော်၏ နန်းဆောင်သည် ကပိလဝတ်နန်းတော်အတွင်းရှိ အဆောက်အအုံများတွင် အကောင်းဆုံး အလှဆုံးဖြစ်နေ၏။ ဘကြီးတော်သုဒ္ဓေါဒနမင်းကြီးသည် သူ၏စက်ရာဆောင်ထက်ပင် ပို၍ခမ်းနားအောင် နောင်တော့် စက်ရာနန်းဆောင်ကို ဆောက်လုပ်ပေးထားလေသည်။

ထို့ကြောင့် နောင်တော်၏ နန်းဆောင်ရှိရာသို့ သွားရာလမ်းတစ်လျှောက်မှာလည်း အဆောင်ဆောင်အခန်းခန်း ကြီးကျယ်လှပလွန်းသည်။ မိမိ အမြဲလိုလိုဝင်ထွက်နေသော ဤနေရာသည် ယနေ့ညဥ့်အဖို့ ပို၍ကြီးကျယ်လှပနေသည်ဟု ထင်မိသည်။ ညဥ့်ကာလ၏ တိတ်ဆိတ်မှုကြောင့်လား၊ ပြင်ပလောကကြီး၏အမှောင်ထုနှင့် နန်းဆောင်တစ်လျှောက်ရှိ မီးတိုင်များမှ အလင်းဓာတ်တို့၏ ထူးခြားသော ယှဥ်တွဲအားပြိုင်မှုကြောင့်လား၊ သို့တည်းမဟုတ် မိမိကိုယ်တိုင်ကပင် ဤညဥ့်အဖို့ အာရုံတွေ ထူးထူးခြားခြား ဆွတ်ပျံ့နိုးကြားနေခြင်းကြောင့်လား။

ဥမင်စင်္ကြံလမ်း၊ လှေကားထစ်များကို နင်းဖြတ်လျှောက်ခဲ့ရသည်မှာ လှပသော အိပ်မက်တစ်ခုနှယ်ဖြစ်နေသည်ဟု အာနန္ဒ ခံစားနေရလေသည်။ အသွေးအရောင်စုံတို့ဖြင့် အတိပြီးသော အိပ်မက်လောက တစ်ခုထဲသို့ တိုးဝင်နေရသည့်နှယ် ရင်ထဲမှာ လှုပ်ရှားနေတော့သည်။

မီးတိုင်အလင်းများက စက်ရာဆောင်နား နီးလာလေလေ ပို၍ မှိန်ဖျော့လာလေလေရှိကြောင်း သတိထားမိသည်။ စက်ရာဆောင်အဝင်ကြီးမားသောခုံးသဏ္ဍာန် မုခ်ဝအဝင်တွင်မူ မီးရောင်သည် လင်းသည်ဆိုရုံမျှသာ လင်းတော့သည်။

သို့သော်လည်း ဤမုခ်ဝ၏အတွင်းဘက် ဖြူလွှသော တင်းတိမ်ကန့်လန့်ကာကြီး၏ ဟိုမှာဘက်ဆီတွင် တစ်လောကလုံး၌ အထွန်းတောက်ဆုံး ကျက်သရေအလင်းရောင်ပိုင်ရှင် ရှိနေပေသည်။

အာနန္ဒသည် အေးစက်နေသော ကျောက်သလင်းဖြူ လှေကားထစ်များကို ခြေသံလုံးဝမထွက်အောင် တက်လှမ်းလိုက်လေသည်။

# အခန်း ၆

ကျယ်ပြန့်သော ပြတင်းခုံတွင် နောင်တော်သိဒ္ဓတ္ထကို တွေ့လိုက်ရ၏။ နောင်တော်သည် ပြတင်းပေါက်အမိုးခုံး၏ အောက်တွင်ရပ်လျက် အပြင်သို့ ကြည့်နေဟန်ရှိသည်။ နန်းဆောင်အလယ်မှာ စက်ရာခုတင်ကြီးကား လဲလျောင်းမည့်သူမရှိ ဖြစ်နေသည်။ ပိုးသားနှင့် ကတ္တီပါကန့်လန့်ကာကြီးကို ဆိုင်းထားသော ရွှေကြိုးအမြိတ်စတို့သည် ငြိမ်သက်စွာ တွဲရရွဲကျနေသည်။ စက်ရာပေါ်တွင်ခင်းထားသော ပန်းပြောက်ထိုး ခေါင်းအုံး မှီအုံးကြီးမှာလည်း အနေအထားမပျက်။ မိုးပြာရောင် ဖဲသားအိပ်ရာခင်းကြီးမှာလည်း တွန့်ကြေခြင်း အလျဉ်းမရှိ။ စန့်ရရန့် တင်းမာပြေပြစ်နေသည်။

ခေါင်းရင်းဆီမီးတိုင်ရွှေခွက်တွင် ဆီမီးခွက်များရှိနေသော်လည်း မီးတောက်မရှိ။ နံ့သာပေါင်း အနံ့တစ်မျိုးက စက်ရာခန်းအတွင်း သင်းသင်း ကြိုင်လှောက် မွှေးပျံ့နေသည်။ အာနန္ဒသည် ပန်းကနုတ်ဖော်ထားသော ကြေးခုတင်ကြီး၏ထောင့်တွင် ငြိမ်သက်စွာရပ်လိုက်၏။ ပြတင်းခုံရှိ နောင်တော်ကို တိတ်ဆိတ်စွာ ငေးကြည့်မိသည်။ အပြင်တွင် လရောင်

ရွှန်းဖိတ်နေသည်။ ကပိလဝတ်ကောင်းကင် အဇ္ဈောကို ပြတင်းပေါင်များက အနား သပ်ပေးထားသည်။ ထိုပန်းချီကားကြီးထက်၌ ကြယ်နက္ခတ်တို့ လင်းလက်နေကြသည်။

စက်ရာခန်းဆောင်ကို ကျော်ပေးလျက် ပြတင်းခုံမှတစ်ဆင့် အပြင်သို့ ငေးကြည့်နေဟန်တူသော နောင်တော်သိဒ္ဓတ္ထ၏ ကိုယ်လုံးသဏ္ဌာန်ကို လရောင်ကောင်းကင်နှင့် ကြယ်နက္ခတ် နောက်ခံကားချပ်တွင် ထင်ရှားစွာ တွေ့နေရလေသည်။

ကျက်သရေရှိလိုက်သည့် မြင်ကွင်း။ နောင်တော်၏သဏ္ဌာန် အနားရေးကြောင်းများက ရွှန်းမြရောင်ကောင်းကင် နက်ပြာနောက်ခံတွင် ထင်ရှားပီသစွာ ကောက်ကြောင်းပေါ်နေကြ၏။ အလိုက်သင့် ပြေပြစ်စွာဝဲကျနေ သော ဆံနွယ်များ၊ လုံးဝန်းပြေပြစ် တောင့်တင်းပခုံးသားများ၊ ထို့နောက် စွင့်မတ်သော ကိုယ်လုံးရိပ်သဏ္ဌာန်။

အပြင်ဘက်ကောင်းကင်၏ ဟိုးအဝေး အထက်တစ်နေရာတွင် လဝန်း တစ်စွန်းတစ်စပေါ်နေသည်။ လဝန်း၏အစိတ်အပိုင်းသည် ပြတင်းပေါင်တစ်ထောင့်တွင် ပြာလဲ့သောမီးရောင်တစ်ခုကို ချိတ်ဆွဲထားသလို ထွက်ပြူနေသည်။ လရောင်ကား၊ နောင်တော့်အပေါ် ဖြာဆင်းနေသည်။

ကပိလဝတ်ကောင်းကင်ထက်က လဝန်းသည် ကပိလဝတ် စက်ရာဆောင်ထဲက အခြားလဝန်းတစ်ခုကို ကောင်းချီးပေးနေသည်။

အာနန္ဒသည် ခြေဖဝါးကိုပွတ်တိုက် မရွှေ့ရုံတမယ် ဖြည်းညင်းစွာ လှုပ်ရှားလျက် ပြတင်းပေါင်ဆီသို့ ချဉ်းကပ်လိုက်လေသည်။

*           *           *

လရောင်ဖြတ်သန်းစီးဆင်းနေသော ပြတင်းဝတွင် ညီနောင်နှစ်ပါးတို့ မျက်နှာချင်းဆိုင်မိကြ၏။

"အရှီးတော်ဒေဝီက ဒီအချိန်မှာ နောင်တော် မအိပ်သေးဘူးဆိုလို့ ညီတော် လာခဲ့ပါတယ်။ နောင်တော် သိဒ္ဓတ္ထ"

"ညီတော်ကကော ခုချိန်မှာ အိပ်စက်လို့ မရသေးဖူးလား။ အိပ်စက်ခြင်းကို ဖျက်ဆီးတဲ့အထဲမှာ အင်အားအကြီးဆုံးကတော့ အတွေးပျံ့လွင့်မှုပဲ"

နောင်တော်သိဒ္ဓတ္ထ အနည်းငယ်ပြုံးရယ်သည်ဟု ထင်၏။ သူ့နှုတ် ခမ်းထက်တွင် လရောင်အလက်၊ ဖြူဖွေးသော သွားစွယ်များ လင်းခနဲ တစ်ချက်ဖြစ်သွားသလိုလို။ "နောင်တော်ကတော့ အတွေးပျံ့လွင့်လို့ မဟုတ်လောက်ပါဘူးနော်။ နောင်တော်ဟာ အိပ်ချိန်အလွန်နည်းသူလို့ အရှီးတော်က ပြောပါတယ်"

"အိပ်ချိန်....ဟုတ်လား။ အင်း....အရှီးတော်ပြောတာ ဟုတ်ပါလိမ့်မယ်။ အိပ်ရာခုတင်ဟာ နောင်တော့်အတွက် သူစိမ်းဖြစ်နေတယ်။ အိပ်စက်ခြင်းဆိုတာကိုလည်း ကိုယ့်စိတ်ထဲမှာ အနားယူဖို့ထက်ပိုပြီး သဘောမထားသင့်ဘူး။ အိပ်စက်ခြင်းထဲမှာ မမွေ့လျော်သင့်ဘူး"

"နိုးထခြင်းထဲမှာ မွေ့လျော်ရမယ်ဆိုတဲ့ အဓိပ္ပာယ်လား နောင်တော်"

"ဟုတ်တယ်၊ အစဉ်အမြဲ နိုးထနေရမယ်။ အသိဉာဏ်ဟာ နိုးကြားနေရမယ်"

မမျှော်လင့်ဘဲ စကားနိဒါန်းက အကွက်ဝင်လာသဖြင့် အာနန္ဒ ကျေနပ်သွား၏။

"ညီတော်အခုလာတာဟာ အသိဉာဏ်နိုးကြားမှုတစ်ခုအတွက်ပါ"

ဒေဝဒတ္တနှင့် နဂါးသန်လျက်ပင်အကြောင်း၊ ဘဒ္ဒကစ္စနာ၏ ခရေပန်းလေးတွေအကြောင်း၊ ဥဒါယီ၏ စကားအလင်္ကာတွေအကြောင်း ပြောပြမည် စိတ်ကူးထားခဲ့သော်လည်း ယခုလို လှပသော အချိန်သမယတွင် သူများအကြောင်းတွေနှင့် အချိန်ကုန်မခံတော့ဟု ဆုံးဖြတ်လိုက်မိ၏။

စကားပြောရန် အားယူသည့်အနေဖြင့် အာနန္ဒသည် အပြင်ဘက်ကောင်းကင်ဆီသို့ လှမ်းကြည့်လိုက်၏။ ပန်းရနံ့များက စံနန်းစက်ရာတော်အောက်ခြေဆီမှ လွင့်တက် ရိုက်ခတ်နေကြသည်။ လဝန်းကား ထိန်ထိန်ညီးညီး သာလျက်ရှိလေသည်။

"ညီတော့်မှာ ပြဿနာတစ်ခုရှိနေလို့ပါ နောင်တော်"

"အဖြေတွေ အမျိုးမျိုးထွက်နေတဲ့ ပြဿနာမျိုးလား။ အဖြေလုံးဝမထွက်တဲ့ ပြဿနာမျိုးလား အာနန္ဒ"

အံ့သြသွားမိ၏။ ပြဿနာဆိုရာ၌ အဖြေတွေ အမျိုးအမျိုးထွက်နေတာလည်းရှိတတ်ကြောင်း မိမိယခုမှ တွေးမိသည်။ မိမိ၏ ပြဿနာမှာ အဖြေ အမျိုးမျိုးထွက်တတ်သော ပြဿနာဖြစ်သည်။

"အဖြေအမျိုးမျိုးထွက်နေတဲ့ ပြဿနာပါ နောင်တော်"

"အင်း.... ဒီလိုညဉ့်၊ ဒီလိုအချိန်မျိုးမှာ ရောက်လာပြီး ဒီစကားမျိုးပြောတယ်ဆိုတော့ အာနန္ဒ မင်းဝေဒနာဟာ တောင်ထိပ်နက္ခတ်ပွဲသဘင်နဲ့များ ဆက်စပ်နေသလား"

အံ့သြခြင်းဖြင့် တုန်လှုပ်သွား၏။ နောင်တော်သိဒ္ဓတ္ထသည် ပုရာဏ ကျမ်းတတ် ပုရောဟိတ်ကြီးများနှယ်၊ ဒေဝကျမ်းတတ်ဗြဟ္မဏကြီးများနှယ် သူတစ်ပါး၏ စိတ်ကိုသိနေသည်လား။

"နောင်တော် ဘယ်လိုလုပ်သိသလဲ။ တောင်ထိပ်နက္ခတ်ပွဲနဲ့ ဆက်စပ်နေတယ်ဆိုတာ"

"သိတယ်မဟုတ်ပါဘူး အာနန္ဒရယ်၊ ခန့်မှန်းတာပါ။ ခန့်မှန်းတာရဲ့နောက်မှာ စာနာမှုတော့ရှိနေတယ်လေ။ ဒီညဉ့်ဒီအချိန်မှာ နောင်တော်လည်း တောင်ထိပ်နက္ခတ်ပွဲသဘင် ကျင်းပနေကြတာကို ဟောဒီနေရာကနေပြီး လှမ်းမြင်ယောင်ရင်းနဲ့ အဲဒီပွဲသဘင်နဲ့ ဆက်စပ်ပြီးတွေးနေမိလို့။ မင်းလဲ ဒီအတိုင်းများ ဖြစ်နေမလားလို့ စာနာပြီး ခန့်မှန်းကြည့်လိုက်တာပါ"

အတိုင်းမသိကျေနပ်သွားပြန်၏။ စင်စစ်မူ နောင်တော်၏ စက်ရာဆောင်ခန်း ဤပြတင်းမှနေ၍ တောင်ထိပ်နက္ခတ်ပွဲသဘင် ကျင်းပရာသို့ လှမ်းမမြင်ရသေးပေ။ မီးရောင်များကိုလည်း မမြင်နိုင်ပေ။ ဘကြီးတော်မင်းတရားသည် သူ့သားတော်၏ စက်ရာနန်းဆောင်မှ အပြင်မြင်ကွင်းကိုလည်း အသေအချာ ဖန်တီးထားခဲ့လေသည်။

စိတ်အာရုံထွေပြားစရာ၊ စိတ်နှလုံးနောက်ကျိစရာ ပြင်ပမြင်ကွင်းများကို မမြင်ရအောင် စက်ရာဆောင်ကို ရွေးချယ်စီမံထားပြီး ပြတင်းပေါက်များကိုလည်း နေရာအတိအကျသတ်မှတ်၍ ဖောက်ပေးခဲ့သည်။ ဤပြတင်းပေါက်မှကြည့်လျှင် စိမ်းညို့သော သစ်ပင်ထိပ်ဖျားများကိုသာ အပေါ်စီးမှမြင်နိုင်ပြီး ဆက်ကြည့်လျှင်တော့ မျက်စိတစ်ဆုံး ကောင်းကင်ပြင်။

သို့သော် နောင်တော်သိဒ္ဓတ္ထသည် ကွယ်ထားသောအရာများကို မြင်အောင် ဆင်ခြင်ယူတတ်သူ ဖြစ်နေ၏။ မမြင်ရသော တောင်ထိပ်နက္ခတ်ပွဲကို မြင်ယူထား၏။

"ကဲ.... ဆိုစမ်း အာနန္ဒ၊ မင်းပြဿနာက ဘာလဲ။ ဘယ်လို အဖြေတွေ အမျိုးမျိုးထွက်နေတာလဲ"

"စစ်မှန်တဲ့ပျော်ရွှင်ခြင်းဆိုတာ ဘာလဲလို့ ညီတော်တွေးနေမိတယ်။ ထွက်လာတဲ့ အဖြေတွေကိုတော့ ပြောမပြတော့ပါဘူး။ ကိုယ့်ကိုယ်ကို ကျေနပ်လောက်စရာ အဖြေတွေမဟုတ်တဲ့အတွက် တကယ့် အဖြေမှန် မဟုတ်ဘူးလို့ပဲ ကောက်ချက်ချလိုက်ပါတယ် နောင်တော်"

"စစ်မှန်တဲ့ပျော်ရွှင်ခြင်း"

မေးခွန်းပြဿနာကို နောင်တော်ရေရွတ်လိုက်ပုံမှာ ပစ်ကွင်းကို ထင်ရှားအောင် လုပ်ယူလိုက်သော လေးသမားတစ်ယောက်နှယ်၊ အားမာန်ပါလှသည်ဟု ထင်မိ၏။

လရောင်အောက်မှ နောင်တော်သည် ကျောက်ဆစ်ရုပ်တစ်ရုပ်ပမာ

ငြိမ်သက်သွား၏။ ကျောက်ဆစ်ရုပ်မှ တိုးညင်းသောအသံ ပေါ်လာသည်။

"စစ်မှန်တယ်ဆိုတဲ့စကားလုံး၊ ပျော်ရွှင်ခြင်းဆိုတဲ့စကားလုံး၊ နှစ်ခုပါနေတယ်။ စစ်မှန်တယ်ဆိုတာ ဘယ်သူမဆို၊ ဘယ်နေရာမှာမဆို၊ ဘယ်အချိန်မှာမဆို လက်မခံလို့မရ၊ လက်ခံရမယ့် အမှန်သဘော"

မိမိအား အဖြေပေးနေသည်နှင့် မတူ။

နောင်တော်တစ်ကိုယ်တည်း စကားပြောနေသည့်နှယ်။

"အဲဒီလို အစစ်အမှန်ဆိုတာ ကပိလဝတ်နန်းတော်တစ်ခုတည်းမှာသာ မှန်တာမဖြစ်ရဘူး။ မဇ္ဈိမဒေသ တစ်ခုလုံး၊ ကမ္ဘာလောကတစ်ခုလုံးမှာလည်း မှန်ရမယ်။ ခတ္တိယနဲ့ဗြဟ္မဏတွေသာမက ဝဿ၊ သုဒ္ဒြနဲ့ လူခပ်သိမ်းအတွက်လဲ မှန်ရမယ်။

ဒီနေ့သာမက နက်ဖြန်များစွာအတွက်လည်း မှန်ရမယ်။ မနေ့ကများစွာအတွက်လည်း မှန်ခဲ့ရမယ်။ ဒါမှသာ စစ်မှန်တယ်လို့ ဆိုနိုင်မယ်"

ကြက်သီးမွေးညင်းထသွား၏။ စစ်မှန်ခြင်းဆိုသည့်စကားလုံးလေးကို နောင်တော်တွေးလိုက်ပုံကား ကြောက်ခမန်းလိလိပါတကား။

"ကပိလဝတ်နန်းတော်မှာ မှန်ပြီး ဒေဝဒဟနန်းတော်မှာ မမှန်ဘူးဆိုရင်၊ ခမည်းတော်မင်းကြီးနဲ့ ဗြဟ္မဏတွေအတွက်သာ မှန်ပြီး ဆင်ကျုံးမြင်းဇောင်းထဲက သုဒ္ဒြတွေ၊ မဇ္ဈိမတစ်ခွင်မှာ လှည့်လည်နေတဲ့ ဝဿတွေအတွက် မမှန်ဘူးဆိုရင်၊ ယမန်နေ့ကတော့ မှန်ခဲ့ပြီး ဒီနေ့မှား၊ ဒီနေ့မှန်နေပြီး နောက်နေ့ကျတော့ မှားတယ်ဆိုရင်.... ဒါဟာ အစစ်အမှန်မဟုတ်ဘူး"

အတူတကွ ဖွားဖက်၊ ကြီးပြင်းဖက်ဖြစ်သော်လည်း နောင်တော်သိဒ္ဓတ္ထသည် မိမိတို့အားလုံးထက် ပို၍ အသက်ကြီးရင့်ကျက်သွားပြီဟု အောက်မေ့မိတော့၏။

မြင့်တက်လာပြီဖြစ်သော လဝန်းသည် စက်ရာဆောင် ပြတင်းပေါင်အလယ်ထိပ်တည့်တည့်သို့ ရောက်လာလေပြီ။ လရောင်သည်လည်း

အဆီးအတားမရှိ နောင်တော့်အပေါ် တဖြောဖြော စီးဆင်းလင်းလက်နေလေသည်။ ဘော်ငွေရောင်တောက်ပနေသော အလှဆုံးကျောက်ဆစ်ရုပ်ရှေ့၌ အာနန္ဒသည် ကြည်နူးအားရမှုများဖြင့် ကတုန်ကယင်ကြီးဖြစ်နေ၏။

"အဲဒီလို စစ်မှန်ခြင်းနဲ့တွဲစပ်နေတဲ့ ပျော်ရွှင်ခြင်း။ အင်း....၊ စစ်မှန်တဲ့ ပျော်ရွှင်ခြင်းဆိုတာ...."

နောင်တော် ခေါင်းတစ်ချက်အမော့တွင် ပခုံးပေါ်ဝဲကျနေသော ဆံနွယ်များ လှပစွာ လှုပ်ယမ်းသွားကြလေသည်။

*　　*　　*

"မိမိအတွက် မိမိ ပြည့်စုံအောင်ပြုလုပ်ခြင်းအားဖြင့် စစ်မှန်တဲ့ပျော်ရွှင်ခြင်းကို ရှာဖွေလို့မရနိုင်ဘူး။ စစ်မှန်တဲ့ ပျော်ရွှင်ခြင်းဆိုတာ သူတစ်ပါးအတွက် ပြုလုပ်ပေးခြင်းထဲကသာ ထွက်ပေါ်နိုင်တယ်"

ရွှေကရားနှုတ်သီးထဲမှ ရေစင်များရေခွက်ထဲသို့ စီးသွန်ကျသည့်နှယ် နောင်တော်သိဒ္ဓတ္ထ၏ စကားလုံးများသည် အာနန္ဒရင်ထဲသို့ရောက်သွား သည်။ အာနန္ဒသည် ထိုစကားလုံးများကို အသံမထွက်ဘဲ စိတ်မှလိုက်လံ ရွတ်ဆိုနေမိသည်။

'သူတစ်ပါးအတွက် ပြုလုပ်ပေးခြင်းထဲကသာ ပေါ်ထွက်နိုင်တယ်' တဲ့။ အို.... နောင်တော်သိဒ္ဓတ္ထအတွက်ကား ရှင်းလင်းလွယ်ကူလှပါတကား။ လူများက ပျော်ရွှင်မှုကို မိမိအတွက်ရည်ရွယ်၍ ရှာဖွေနေကြသည်။ စဉ်းစားနေကြသည်။ ကိုယ့်ကိုယ်ကို ဗဟိုပြု၍ ပျော်ရွှင်မှုစက်ဝိုင်းကြီးကို ကျယ်နိုင်သမျှကျယ်အောင်၊ ကြီးနိုင်သမျှကြီးအောင် ဆွဲနေသည်။ ပျော်ရွှင်မှုနှင့် ပတ်သက်၍ မဆုံးနိုင်သောအဖြေတွေကို တစ်မျိုးပြီးတစ်မျိုး ဆွဲထုတ်နေကြသည်။ အမျိုးအမည်ပေါင်းများလှစွာသော ပျော်ရွှင်မှုတွေနောက်တစ်ကောက်ကောက်လိုက်ရင်းပင် ပျော်ရွှင်မှုဆိုတာတွေက ပျောက်ဆုံးပျက်စီးသွား

ကြသည်။ ပျော်ရွှင်မှုကို ရှာဖွေသူများသည် ယင်းအစား ဆန့်ကျင်ဘက်ကို သာ ရရှိခဲ့ကြသည်။

နောင်တော်ကမူ ရှင်းလင်းပြတ်သားလိုက်လေခြင်း။

'မိမိ'ဆိုသောအရာကို ပျော်ရွှင်မှုနှင့် သီးခြားဖြတ်တောက်ထားလိုက်၏။ သည်ကတည်းကပင် ရှင်းသန့်နေပေပြီ။

သူတစ်ပါးအတွက် ပြုလုပ်ပေးခြင်း.... တဲ့....။

အာနန္ဒသည် နှစ်သက်စွာတွေးဆင်ခြင်ရင်းမှ တစ်စုံတစ်ခုကို တွေးမိပြန်၏။ ထိုအရာသည် သံသယတော့မဟုတ်။ သို့သော် ရှင်းလင်းမှုကို နှောင့်ယှက်နေသော အတွေး အမှိုက်စလေးဖြစ်သည်။

"သူတစ်ပါးအတွက် ပြုလုပ်ပေးရာမှာ သူတစ်ပါးဆိုသူဟာ မတော်မတရားတဲ့အရာမျိုးကိုမှ လိုချင်နေတာဆိုရင်ကော နောင်တော်။ ဥပမာ.... ပစ္စည်းဥစ္စာတွေ အဓမ္မသိမ်းပိုက်ချင်နေသူ တစ်ယောက်ကို သူ့အလို ပြည့်အောင် ကူညီလိုက်တယ်ဆိုရင်ကော၊ ဒါဟာ စစ်မှန်တဲ့ပျော်ရွှင်မှု ရရာ ရကြောင်းနဲ့ ကိုက်ညီနိုင်ပါ့မလား ဟင်"

နောင်တော် သိဒ္ဓတ္ထပြုံးလေသည်။ ဖြူဖွေးသော သူ့သွားစွယ်များ ပေါ်သို့ လရောင်ဟပ်သွား၏။ သူ့အပြုံးမှာ အာနန္ဒ၏ အထွန့်တက်မေးခွန်းကို သဘောကျသော အပြုံးမျိုး။

"သူတစ်ပါးအတွက် ပြုလုပ်ပေးခြင်းဆိုရာမှာ ပုဂ္ဂိုလ်တွေကို မဆိုလိုဘူး။ ပုဂ္ဂိုလ်တစ်ဦးချင်းအဖြစ် မသတ်မှတ်ရဘူး၊ လောကကြီးလို့ သတ်မှတ်ရမယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်တဲ့ သူတစ်ပါးဟာ အလိုဆန္ဒတွေ မဆုံးနိုင်တော့ဘူး။ သူတို့ရဲ့သဘာဝအလျောက် အစားအစာ၊ အိမ်ရာ၊ ယာဉ်ရထား၊ ရွှေငွေဘဏ္ဍာ၊ အာဏာစသည်ဖြင့် မကုန်နိုင်တဲ့အလိုဆန္ဒတွေ ပေါ်လာရတယ်။ ဒါတွေပြည့်စုံအောင် ဖြည့်ဆည်းပေးလို့မရဘူး။ ဒါတွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးဖို့ဆိုတာကလဲ သဲပြင်ထဲ ရေလောင်းချသလို ရှိမှာပဲ

အာနန္ဒ။ ဒါကြောင့် လောကကြီးတစ်ခုလုံးလို့ ယူရမယ်။ လောကကြီးကို ကူညီရမယ်၊ လောကလူသားတွေရဲ့ တကယ့်လိုအပ်မှုကို ဖြည့်ဆည်းပေးရမယ်”

‘လောကလူသားတွေ....’။ အာနန္ဒသည် ထိုစကားလုံးကို စိတ်ထဲက လိုက်လံ ရေရွတ်မိပြန်၏။ ကြီးမားကျယ်ပြန့်လွန်းသောပမာဏ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည်၏ ဤနန်းတော်ကျောက်သလင်း စက်ရာဆောင်ကလေး ထဲမှနေ၍ လောကလူသားတွေဆိုသော ဧရာမအတိုင်းအတာကြီးကို မည်သို့ မျှော်ခေါ် နားလည်ရမည်နည်း။

မိမိ လှမ်းမမီနိုင်သောအရာကို အာနန္ဒသည် ရင်ထဲတွင် မျိုသိပ် မထားဘဲ ဖွင့်ဟလိုက်လေသည်။

“နောင်တော်သိဒ္ဓတ္ထ၊ လောကလူသားတွေဆိုတဲ့ ပမာဏဟာ အဆမတန် ကြီးမားလွန်းလှပါတယ်။အဲဒီ လောကလူသားတွေဆိုတာဟာ ပုဂ္ဂိုလ်တစ်ဦးချင်းတွေ စုပေါင်းထားတဲ့အရာမဟုတ်လား။ လောကကြီးမှာ ပုဂ္ဂိုလ်တစ်ဦးချင်းတွေ အများကြီးရှိနေတယ်မဟုတ်လား။ တစ်ဦးချင်းရဲ့ အလိုဆန္ဒတွေကို ပြည့်စုံအောင် လုပ်ပေးနိုင်ဖို့တောင်မှ မလွယ်ကူလှတဲ့နေရာမှာ လောကကြီးရဲ့ အလိုဆန္ဒတွေကို ပြည့်ဝအောင်လုပ်ပေးဖို့ဆိုတော့....”

သိဒ္ဓတ္ထသည် ကိုယ်ဟန်အနေအထားကို အနည်းငယ်ပြင်၍ ရပ်လိုက်၏။ လရောင်က သူ့ကိုယ်ပေါ်သို့ ပို၍တောက်ပစွာ စီးကျလာသည်။

“ဟုတ်တာပေါ့....အာနန္ဒ။ လူတွေရဲ့ အလိုဆန္ဒကို ပြည့်ဝအောင် လုပ်ပေးဖို့ဆိုတာ မဖြစ်နိုင်တဲ့အရာပေပဲ။ တစ်ဦးတစ်ယောက်ရဲ့ဆန္ဒဟာ အခြားတစ်ယောက်ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်နေတာလဲ အများကြီးပဲပေါ့။ ဥပမာ၊ မုဆိုးတစ်ယောက်ရဲ့ ဆန္ဒနဲ့လိုအပ်ချက်ကို ဖြည့်စွမ်းပေးခြင်းဟာ၊ သားငှက်တိရစ္ဆာန်မွေးမြူသူရဲ့ အကျိုးစီးပွားကို ထိခိုက်စေတယ်။ စစ်သည်တော်တစ်ဦးကိုကူညီခြင်းဟာ သူ့ရဲ့ဆန့်ကျင်ဘက် စစ်သည်တော်တစ်ဦးအတွက်

ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ခြင်းဖြစ်သွားနိုင်တယ်။ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အလိုဆန္ဒတွေဟာ နေရာတိုင်းမှာ အတိရှိနေတယ်။"

"ဒါဖြင့်ရင်...."

"အာနန္ဒ၊ သတ္တဝါတွေမှာ တစ်ဦးချင်းရဲ့ အလိုဆန္ဒတွေရှိကြသလို အားလုံးနဲ့ဆိုင်တဲ့ အလိုဆန္ဒဆိုတာလဲရှိနေကြတယ်။ လောကလူသားတွေ အားလုံးနဲ့သက်ဆိုင်တဲ့ အလိုဆန္ဒတွေရှိတယ်"

လရောင်သည် ကပိလဝတ် ထက်ကောင်းကင်ပြင်၌ အလင်းဆုံး တောက်ပနေပေပြီဖြစ်၏။ ဘော်ငွေရောင်တို့သည် နောင်တော် သိဒ္ဓတ္ထ၏ ကိုယ်ပေါ်သို့ လွတ်လပ်စွာကျရောက်နေကြပေပြီ။

"လောကလူသားတွေအားလုံးနဲ့ သက်ဆိုင်တဲ့အလိုဆန္ဒ....။ အဲဒါက ဘာလဲဟင်"

"သူတို့ကိုယ်တိုင်တောင်မှ အဲဒါကိုသိချင်မှသိမယ်။ ဒါပေမယ့်သူတို့ သိသိ မသိသိ၊ အဲဒါဟာ ရှိနေတယ်။ သူတို့ကို အချိန်နဲ့အမျှ ခြိမ်းခြောက်နေတဲ့အရာ ရှိတယ်။ လူတွေဟာ ဒါကို ကြောက်ရွံ့ထိတ်လန့်ရမှန်း မသိနိုင်တော့လောက်အောင်ဘဲ ကြောက်ရွံ့ထိတ်လန့်ခြင်းထဲမှာ နစ်မြုပ်နေကြတယ်။ ငှက်ဟာ လေကိုမမြင်သလို၊ ငါးဟာ ရေကိုမမြင်သလို၊ လူတွေဟာ.... ဒါကို မမြင်နိုင်ကြတော့ဘူး ဖြစ်နေတယ်"

နောင်တော်သိဒ္ဓတ္ထ၏အသွင်သဏ္ဍာန်မှာ အားလုံးကို ထွင်းဖောက်တိုက်ခိုက်တော့မည့် စစ်သူရဲတစ်ယောက်နှင့် တူနေပြန်ပြီဟု ထင်မိ၏။

"ဘဝရှင်သန်မှု လုံခြုံရေး၊ အပြစ်ကင်းတဲ့ရှင်သန်မှုကို တည်ဆောက်ရေးအတွက် ကြိုးပမ်းကြရင်းနဲ့ပဲ လူတွေဟာ အဲဒီအရာရဲ့ ခြိမ်းခြောက်မှုနဲ့ ဖျက်ဆီးမှုကို ခံနေကြရတယ်။ အဲဒါကတော့ သေခြင်းတရားပဲ"

အာနန္ဒတစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားသည်ဟု ခံစားလိုက်ရ၏။ ကြောက်ရွံ့သောကြောင့် မဟုတ်။ နောင်တော့်နှုတ်မှ သေခြင်း

တရားဟူသော စကားလုံးကိုကြားလိုက်ရသောကြောင့် ဖြစ်လေသည်။

နောင်တော်အား တစ်ခါမှမမြင်ဖူးသလို ငေးစိုက်ကြည့်နေမိပြန်သည်။ ဤအသက်အရွယ်မျှဖြင့် ဤနန်းစည်းစိမ်တို့အလယ်မှနေ၍ ခါးသီးသော သေခြင်းတရားအကြောင်းကို အဘယ်ကြောင့် တွေးတောဖြစ်လေသနည်း။ နောင်တော်၏မယ်တော် မဟာမာယာဒေဝီ ကွယ်လွန်ခဲ့ခြင်းသည် နောင်တော့်အား အနာတရဖြစ်စေခဲ့သလော။ မယ်တော်သေဆုံးခြင်းကို အကြောင်းပြု၍ နောင်တော်သည် သေခြင်းတရားအကြောင်းကို တစ်ချိန်လုံး တွေးတောနေသလော....။

"လူတွေ ထိတ်လန့်ကြောက်ရွံ့ဆုံးဖြစ်နေတဲ့အရာကို ဖယ်ရှားပစ်နိုင်ရင် အဲဒါဟာ လူတွေရဲ့အမြင့်ဆုံးဆန္ဒကို ဖြည့်စွမ်းခြင်းပဲ။ အဲဒါဟာ အစစ်မှန်ဆုံး ပျော်ရွှင်မှုပဲ။ ဒါပေမယ့် ပျော်ရွှင်မှုကိုရယူချင်တဲ့ ဆန္ဒနဲ့မလုပ်ရဘူး။ လူတွေရဲ့အလိုဆန္ဒ အမျိုးမျိုးနဲ့အညီ အဲဒါတွေကို ဖြည့်စွမ်းပေးခြင်းအားဖြင့် ရရှိနိုင်တဲ့ ပျော်ရွှင်မှုတွေလဲ အမျိုးမျိုးရှိတယ်"

"ညီတော်တော့ ခေါင်းထဲမှာ ရီဝေသွားပြီ နောင်တော်"

"အေး.... စစ်မှန်တဲ့ပျော်ရွှင်မှုဆိုတာ သူတစ်ပါးအတွက် ပြုလုပ်ပေးခြင်းထဲကသာ ထွက်ပေါ်လာနိုင်တယ်လို့ပဲ မှတ်ထားလိုက်ပါ အာနန္ဒ"

"တချို့ကတော့ သူတစ်ပါးကို ထိတ်လန့်အောင် ပြုလုပ်ခြင်းဖြင့် ပျော်ရွှင်မှုကိုရယူချင်ကြတယ် နောင်တော်ရဲ့။ ဥပမာ၊ ဒေဝဒတ္တလို လူမျိုး...."

ဥယျာဉ်တော်အတွင်း ခရေပင်ကြီးအောက်တွင် မိမိတို့ဆုံစည်းခဲ့စဉ်က ဒေဝဒတ္တသည် အာဂန္တုဂူကြီးများနှင့် မြွေဖြူကြီးများအကြောင်း အားပါးတရပြော၍ ဘဒ္ဒကစ္စနာကိုခြောက်လှန့်လျက် သူက ပြုံးပျော်နေခဲ့ကြောင်း ပြောပြလိုက်၏။

နောင်တော် သိဒ္ဓတ္ထက ငြိမ်သက်စွာနားထောင်နေသည်။

ထို့နောက် အေးဆေးစွာပြော၏။

"ဒေဝဒတ္တဟာ အရှယ်နဲ့မလိုက် စွန့်စားရဲတင်းနေတယ်။ သူဟာ သူလှမ်းထားတဲ့ ခြေလှမ်းတွေထက်ကျော်ပြီး သူ့ကိုယ်ခန္ဓာကို ရှေ့ပို့ချင်နေတယ်။ ဒါပေမယ့် သူဟာ ထက်မြက်တာတော့ အမှန်ပဲ အာနန္ဒ"

"ဉဒါယီနဲ့ ဆန္နကိုလဲ သူက နိမ့်ချပုတ်ခတ် ဆက်ဆံချင်တယ် နောင်တော်"

"ဟုတ်လား....၊ ဒါပေမယ့် သူပဲ ရှုံးနိမ့်မှာပေါ့"

"ဘာဖြစ်လို့လဲ နောင်တော်"

"ဉဒါယီနဲ့ ဆန္နက သူရဲ့နိမ့်ချပုတ်ခတ်ဆက်ဆံမှုတွေကို အရေးထားမယ့်လူတွေ မဟုတ်ဘူး။ ဒေဝဒတ္တက အဲသလိုဆက်ဆံလို့ သူတို့က ဘာမှ တုံ့ပြန်ကြမှာ မဟုတ်ဘူး။ ဒါ့ကြောင့် နိမ့်ချပုတ်ခတ် ဆက်ဆံသူသာလျှင် အပြစ်ဖြစ်သွားတယ်။ အဲဒါက ရှုံးနိမ့်ခြင်း တစ်မျိုးပေါ့"

လဝန်းသည် အနောက်ဘက်ကောင်းကင်ဆီသို့ ရွေ့လျားစပြုနေပေပြီ။ စက်ရာခန်းအတွင်းမှ လရောင်ငွေခြည်တို့ကို ညင်သာစွာ ရုပ်သိမ်းသွား၏။ အမှောင်ရိပ်သည် နောင်တော်သိဒ္ဓတ္ထအပေါ်သို့ ဖြည်းညင်းစွာ ကျရောက်လာသည်။

အာနန္ဒသည် နောင်တော်အား ဦးညွှတ်နှုတ်ဆက်လျက် ပြန်ခဲ့လေသည်။

# အခန်း ၇

တောင်ထိပ်နက္ခတ်ပွဲ ကျင်းပပြီး နောက်တစ်နေ့နံနက်သည် လှုပ်လှုပ်ရှားရှား အသက်ဝင်နေသည်။ ကပိလဝတ် နန်းတော်၏မြောက်ဘက်၌ မြက်ခင်းပြင်ကျယ် တစ်ခုရှိသည်။ စက်ဝိုင်းသဖွယ်ပေါက်ရောက်နေသော သရက်ပင်ကြီးများ၏အလယ်တွင် စိမ်းလန်းသောမြက်ခင်းပြင်ကျယ်ကြီးသည် တပြန့်တပြော ညီညွတ်သာယာသော နေရာလည်းဖြစ်လေသည်။

သုဒ္ဓေါဒနမင်းကြီး၏ အမိန့်တော်ဖြင့် ထိုမြက်ခင်းပြင်ကျယ်တွင် ပျော်ပွဲရွှင်ပွဲများကျင်းပကြရန် ကပိလဝတ်နန်းတော်သူ နန်းတော်သားသာကီနွယ်ဝင်များ စုရုံးရောက်ရှိနေကြသည်။

အမှန်မူ ကပိလဝတ်တစ်မြို့လုံး၌လည်း တောင်ထိပ်နက္ခတ်၏ နောက်တစ်နေ့ဝယ် ဤသို့ပျော်ပွဲရွှင်ပွဲများ ကျင်းပမြဲဖြစ်၏။ ထိုပွဲသဘင်များကို ယခင်ကမူ လွတ်လပ်စွာကျင်းပခဲ့ကြသည်။ သာမန်ပြည်သားပြည်သူတို့နှင့် နန်းတွင်းအမှုထမ်းများ၊ မင်းလုလင်များ၊ စစ်သူရဲများသည် ဤမြက်ခင်းပြင်ကျယ်တွင် စုရုံးနေကျဖြစ်သည်။ ထို့နောက် ရထားပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲ၊ လေးမြားပြိုင်ပွဲစသော ပြိုင်ပွဲများကို ကျင်းပကြသည်။

ထိုစွမ်းရည်ပြိုင်ပွဲများတွင် မည်သူမဆို ဝင်ရောက်အစွမ်းပြ ယှဉ်ပြိုင်ခွင့် ရခဲ့ကြသည်။ ဗြဟ္မဏနှင့် ခတ္တိယအနွယ်ဝင်သာဖြစ်ပါက အသက် အရွယ် အကန့်အသတ်မရှိ။ ယခုနှစ်အဖို့ကား သုဒ္ဓေါဒနမင်းကြီးသည် တင်းကျပ်သော စည်းကမ်းချက်တစ်ခု ထုတ်ပြန်သတ်မှတ်လိုက်၏။ ယင်း စည်းကမ်းချက်မှာ အသက်အရွယ်ကြီးရင့်သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိခြင်းနှင့် ကိုယ်လက်အင်္ဂါတစ်စုံတစ်ရာ ဒဏ်ရာအနာတရ ရထားသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ယခုနှစ်ပြိုင်ပွဲသည် အရွယ်ကောင်းသော နုနယ်ပျိုမျစ်သည့် မင်းလုလင်များသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသော ပြိုင်ပွဲဖြစ်သွား၏။ သုဒ္ဓေါဒနမင်းကြီး၏ ဤအမိန့်ကို ကပိလဝတ်ပြည်သူလူထု တော်တော်များများက နားမလည်နိုင်ကြချေ။ စင်စစ်အားဖြင့် လက်ရုံးစွမ်းပြနိုင်သူပွဲကြည့်ပရိသတ် နန်းတွင်းသူနန်းတွင်းသားများ ရင်တမမဖြင့် ထိုက်ထိုက်တန်တန်ကြီး စွမ်းရည်ပြပွဲကြည့်ခွင့်ရအောင် စွမ်းဆောင်နိုင်သူများမှာ အပွဲပွဲနွှဲခဲ့ပြီးသော ဝါရင့်သမ္ဘာရင့် စစ်သည်တော်ကြီးများဖြစ်လေသည်။ထိုစစ်သူရဲကြီးများမှာလည်း လက်ရုံးစွမ်းရည်နှင့် ကျွမ်းကျင်မှုတို့၏ သရုပ်သဏ္ဍာန်သင်္ကေတအဖြစ် အနည်းနှင့်အများ ဒဏ်ရာရပြီးသူများ ဖြစ်ကြလေသည်။ သူတို့ကိုယ်ပေါ်မှ အမာရွတ်များ ဒဏ်ရာဟောင်းကြီးများသည်ပင်လျှင် သူတို့၏ လက်ရုံးစွမ်းရည်ပြ အထိမ်းအမှတ်များဖြစ်ကြသည်။ ဒဏ်ရာအမာရွတ်ရှိနေခြင်းသည်ပင်လျှင် လက်ရုံးစွမ်းသမားတို့၏ အလှတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် ထိုဒဏ်ရာအမာရွတ်များသည် သူတို့၏တိုက်ရည်ခိုက်ရည်သမ္ဘာနှင့် သတ္တိ၊ ဗျတ္တိသွေးကိုပြသော ဂုဏ်ထူးဆောင် အမှတ်လက္ခဏာများ ဖြစ်လေသည်။ ယခုမူမင်းကြီး၏အမိန့်ကြောင့် ထိုသူများသည် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရကြတော့ပေ။ မင်းတရား၏ စည်းကမ်းသတ်မှတ်ချက်အရဆိုလျှင် ပြိုင်ပွဲသည် မင်းပျိုမင်းလွင်သာကီဝင်

နွယ်များအတွက် သီးသန့်ကျင်းပပေးသော ပြိုင်ပွဲဖြစ်သွား၏။

လူအတော်များများက နားမလည်နိုင်ကြသော်လည်း သုဒ္ဓေါဒနမင်းကြီးက ခိုင်လုံသောအကြောင်းပြချက်များဖြင့် ဤအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထိုနောက်ခံအကြောင်းတရားကို ကြေညာခြင်းမပြုစေကာမူ မင်းတရားသည် ကပိလဝတ်အုပ်ချုပ်ရေးအဖွဲ့ဝင် သာကီဝင်မင်းများကို ရှင်းလင်းစွာမိန့်ဆိုခဲ့သည်။

"ဒီနှစ်ပွဲသဘင်ဟာ သားတော်သိဒ္ဓတ္ထရဲ့ ကလေးငယ်ဘဝလွန်မြောက်ပြီး လုလင်ပျိုဘဝကို ကူးပြောင်းတဲ့ အထိမ်းအမှတ်နဲ့ကျင်းပတဲ့ပွဲပဲ။ ဒါကြောင့်သားတော်ဟာ ဒီနှစ်ပြိုင်ပွဲကို ချီးမြှောက်မယ့် အဓိက ကာယကံရှင်ဖြစ်တယ်။ ငါ့သားတော် ကြည့်မယ့်ပွဲမှာ အရွယ်လွန်နေတဲ့ အိုကြီးအိုမစစ်သည်တွေ၊ ရုပ်ရည်အဆင့် ရင့်ထော်ကြမ်းတမ်းသူတွေ၊ မတင့်မတယ် ဥပဓိလက္ခဏာနဲ့ ဒဏ်ရာအနာတရ ရထားသူတွေ မလာစေရဘူး။ အနိဋ္ဌာရုံဆန်တဲ့ မြင်ကွင်းတွေကို သားတော် မမြင်မတွေ့စေရဘူး။ အားလုံးဟာ ပျိုမျစ်လန်းဆန်း သစ်လွင်နေရမယ်"

ကပိလဝတ်အုပ်ချုပ်ရေးအဖွဲ့ဝင် သာကီဝင်မင်းအချို့ကမူ သုဒ္ဓေါဒနမင်းကြီး၏ အမိန့်ကို အမိန့်တော်ဖြစ်နေ၍သာ လက်ခံလိုက်ကြရသော်လည်း ကောင်းစွာကျေနပ်ခြင်း မရှိခဲ့ကြချေ။ လက်ရုံးစွမ်းရည် ပြပွဲပြိုင်ပွဲဟူသည်မှာ မင်းပျိုမင်းလွင်လေးများ၏ အလှအပပြပွဲမဟုတ်။ စစ်သူရဲတို့၏ အရာဖြစ်သော ဤပွဲသဘင်မျိုးဝယ် အထိုက်အလျောက်သော ကြမ်းကြုတ်ခြင်း၊ ရက်စက်ခြင်း၊ သွေးကောင်းခြင်းတို့ကို ပါဝင်ပြသခွင့်ပြုသင့်သည်ဟု ယူဆကြ၏။

သို့သော် သိဒ္ဓတ္ထမင်းသားငယ်အတွက် ရည်စူးကျင်းပသော သီးသန့်ပွဲဖြစ်သည် ဆိုသောအခါ သာကီဝင်မင်းများသည် မည်သို့မျှ စောဒက မတက်နိုင်ကြတော့ချေ။ မယ်တော်ရင်းချာ မရှိတော့သော သိဒ္ဓတ္ထ

မင်းသားအပေါ်တွင် မင်းကြီးမည်မျှအကဲပိုသည်ကို အားလုံးသိထားကြပေသည်။ ထို့ပြင် သုဒ္ဓေါဒနမင်းကြီးမှာ သာကီဝင်တို့၏ ခတ္တိယအနွယ်အရ၊ အသက်အရွယ်အားဖြင့်၊ ဘုန်းသမ္ဘာအားဖြင့် အားလုံးက လေးစားရသည့် ဘုရင်ဖြစ်သည့်အတွက် မင်းကြီးအမိန့်ကို လိုက်နာရန်သာရှိလေတော့သည်။

ဤအခြေအနေကို ဒေဝဒဟမှရောက်ရှိနေသော ဧည့်သည်ဖြစ်သူ ဒေဝဒတ္တသိသွား၏။ ကပိလဝတ်တွင် ကျင်းပမြဲဖြစ်သော လက်ရုံးစွမ်းရည်ပြပွဲ။ ဘုရင်သုဒ္ဓေါဒန၏အမိန့်တော်နှင့် သာကီဝင်မင်းအချို့ ဘဝင်မကျဖြစ်နေကြခြင်းကို အကင်းပါးသော ဒေဝဒတ္တ သိသွားသည်။ ဤတွင် ဒေဝဒတ္တသည် သာကီဝင်မင်းတစ်ပါးနှင့် အဆက်အသွယ်ယူကာ ထူးခြားသောအရာတစ်ခုကို စီစဉ်ခဲ့လေသည်။

"သင်တို့ ကပိလဝတ်ရဲ့ ထုံးစံအရဆိုရင် ဒီပွဲဟာ စစ်သူရဲတွေ ခပ်ကြမ်းကြမ်းလေး အစွမ်းပြကြတဲ့ပွဲ၊ ဟုတ်တယ် မဟုတ်လား"

ဒေဝဒတ္တက ထိုသာကီဝင်မင်းကို စူးစမ်းတီးခေါက်ကြည့်သည်။

"ဟုတ်ပါတယ်၊ အရှင့်သားငယ်"

"ဒါပေမယ့် အခု မင်းတရားကြီးအမိန့်တော်ကြောင့် သင်တို့ပွဲဟာ ကြည့်ကောင်းသင့်သလောက် ကောင်းတဲ့ပွဲ ဖြစ်မလာနိုင်တော့ဘူးဆိုတာ ဟုတ်သလား"

"ဒါလဲ ဟုတ်ပါတယ်။ အရှင့်သားငယ်၊ စဉ်းစားကြည့်ပါ။ လက်ရုံး စွမ်းရည်ပြတဲ့ပွဲဆိုတာ စစ်သူရဲတွေရဲ့ပွဲဖြစ်ရမယ် မဟုတ်လား။ စစ်သူရဲဆို မှတော့ ကြမ်းကြမ်းတမ်းတမ်းနဲ့ ယောကျ်ားဘသားပီပီ ပွဲဝင်ကြရမှာ။ နုပျို သစ်လွင်တဲ့အရာတွေချည်းသာ ကြည့်ချင်တယ်ဆိုရင် နန်းတွင်းသူတွေရဲ့ ကပွဲပဲ ကျင်းပတော့မှာပေါ့"

ဒေဝဒတ္တသည် သာကီဝင်မင်း၏ မကျေမလည်ဖြစ်နေပုံကိုကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်၏။ သာကီဝင်မင်းကမူ အရွယ်နှင့်မလိုက်၊

ရုပ်ရည်ရင့်ကျက်နေကာ နက်ပြာရောင်သင်တိုင်းဝတ်ရုံကို လွှမ်းခြုံထားသည့် ဒေဝဒတ္တအား အထူးအဆန်းသဖွယ် ငေးကြည့်နေ၏။

ဒေဝဒတ္တက ခါးစည်းကြိုးအတွင်းသို့ လက်မနှစ်ချောင်းကို ထိုးထည့်ကာ မာန်ပါပါဖြင့်ပြောနေသည်။

"သင်ပြောတာ ဟုတ်ပေတာပေါ့။ ဒါပေမယ့် မင်းတရားကြီးရဲ့အမိန့် မဟုတ်လား။ သင်တို့လိုက်နာရမှာပဲ မဟုတ်လား။ ပြီးတော့ ဒါဟာ သိဒ္ဓတ္ထအတွက် ဂုဏ်ပြုပြီး ကျင်းပတဲ့ပွဲဆို"

"အဲဒါကြောင့် ခက်နေတာပေါ့၊ အရှင့်သားငယ်။ သိဒ္ဓတ္ထ အရှင့်သားအတွက်ဆိုရင် ကျွန်ုပ်တို့လဲ ဘာတစ်ခုမှ မလွန်ဆန်ရဲဘူး"

ဒေဝဒတ္တသည် အားပါးတရပြုံးနေရာမှ ချက်ချင်းပင် မျက်နှာတည်သွား၏။

"ဒီမှာ ကျွန်ုပ် တစ်ခုပြောမယ်၊ မင်းပျိုမင်းလွင်တွေချည်းသာ ပါဝင် ခွင့်ရမယ့်ပွဲမှာကော စိတ်လှုပ်ရှားစရာ စွမ်းရည်ပြကွက်မျိုး ထည့်သွင်းလို့ မရနိုင်ဖူးလား"

သာကီဝင်မင်းသည် နားမလည်ဟန်ဖြင့် ငေးကြည့်နေ၏။

"ဒီမှာ ကျွန်ုပ် ထပ်ပြောမယ်။ ဝါရင့်သမ္ဘာရင့်လဲ မဟုတ်၊ စစ်ပွဲဝင်အတွေ့အကြုံလဲ မရှိတဲ့ မင်းပျိုမင်းလွင်လေးတွေရဲ့ အလှပြစွမ်းရည်ပြိုင်ပွဲမှာ သင်တို့ ကပိလဝတ်သားတွေချည်းမဟုတ်ဘဲ အခြားပြည်တစ်ပြည်က ဧည့်သည်တော်အနေနဲ့ကော ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိဖူးလား"

သာကီဝင်မင်းသည် မရေမရာဖြစ်နေ၏။ ဒေဝဒတ္တက စူးရှသောမျက်လုံးများဖြင့် စေ့စေ့ကြည့်ကာ ဆက်ပြောသည်။

"အခြားပြည်တစ်ပြည်က ဧည့်သည်တော်ဆိုတဲ့နေရာမှာ ဒေဝဒဟပြည်က သုပ္ပဗုဒ္ဓဘုရင့်ရဲ့သားတော်၊ ဘဒ္ဒကစ္စနာမင်းသမီးကလေးရဲ့ အစ်ကိုတော်ဖြစ်သူက အထူးအစီအစဉ် တစ်ခုအနေနဲ့ ပါဝင်ပြသမယ်ဆိုရင်ကော"

"အိုး.... အရှင့်သားငယ် ကိုယ်တိုင်"

"တကယ့် စစ်သူရဲကြီးတွေ မပါဝင်တဲ့ပွဲဖြစ်နေလို့ သင်တို့ရဲ့ပွဲကြီး ခြောက်သွေ့တိတ်ဆိတ်နေမှာ မစိုးရိမ်ပါနဲ့။ ဧည့်သည်တော်က မင်းပရိသတ် အားလုံး စိတ်လှုပ်ရှားအောင် လုပ်ပြနိုင်မယ်ဆိုရင်ကော"

သာကီဝင်မင်းသည် ပင်ကိုအားဖြင့်လည်း စိတ်ဓာတ်နုနယ်သူဖြစ်သည့်အပြင် ဝါရင့်စစ်သူရဲကြီးများမပါဝင်ရဟူသော အမိန့်တော် ကန့်သတ်ချက်ကို ဘဝင်မကျနိုင်သူလည်းဖြစ်နေလေရာ ဒေဝဒတ္တ၏တက်ကြွသော စကားလုံးများ၌ အလိုက်သင့်ပါသွားလေသည်။

"အရှင့်သားငယ် ဧည့်သည်တော် မင်းပျိုမင်းလွင်အဖြစ်နဲ့ ပါဝင်မယ်ဆိုရင်တော့ အင်မတန်ကို စိတ်ဝင်စားစရာ ဖြစ်လာပါလိမ့်မယ်။ အရှင့်သားအတွက် မြင်းဘယ်နှစ်ကောင်တပ်တဲ့ ရထားကို စီစဉ်ပေးရမလဲ၊ အမိန့်ရှိပါ။ ဒီပွဲသဘင်မှာ ကျွန်ုပ်ဟာ ဒီလောက်တော့ ဩဇာရှိပါသေးတယ်"

"စစ်မြင်းရထား မလိုပါဘူး"

"ဒါဖြင့် မြင်းချည်းသက်သက်ကော"

"ဒါလဲ မလိုဘူး"

"လေးမြား၊ ပုဆိန်၊ လှံကျင်၊ အဲမောင်းတွေကော"

"ဒါတွေ တစ်ခုမှမလိုဘူး။ ကျွန်ုပ်ရဲ့ထူးဆန်းလျှို့ဝှက်တဲ့ လက်နက်အတွက် ဘာအကူအပံ့ လက်နက်မှမလိုဘူး"

"ထူးဆန်းလျှို့ဝှက်တဲ့ လက်နက်"

"ဟုတ်တယ်၊ ပြီးတော့ ပရိသတ်အားလုံး အသည်းတအေးအေးနဲ့ ကြက်သီးမွေးညင်းထရမယ့် စွမ်းရည်ပြကွက်"

"အင်မတန်ကိုအဖိုးတန်တဲ့ အစီအစဉ်ပဲ။ ကျွန်ုပ် ဘာလုပ်ပေးရမလဲ"

"သင့်အနေနဲ့လုပ်ပေးစရာ တစ်ခုပဲရှိတယ်။ စွမ်းရည်ပြပွဲပြိုင်ပွဲမှာ ကျွန်ုပ်ပါဝင်မယ့်အကြောင်း ဘယ်သူမှမသိအောင် လျှို့ဝှက်ထားဖို့နဲ့ ကျွန်ုပ်

စွမ်းရည်ပြအလှည့်ရောက်ပြီဆိုတော့မှ ပရိသတ်တအံ့တသြဖြစ်သွားအောင် သံတော်ဆင့်ကနေ ကြေညာပေးဖို့"

"အို.... ဖြစ်ရပါစေမယ်၊ အရှင့်သားငယ်"

*　　*　　*

နန်းတော်မြောက်ဘက် မြက်ခင်း ကွင်းပြင်တစ်ဝိုက်၌ အရောင်အသွေးစုံ တံခွန်အလံများက နံနက်လေပြည်နှင့်အတူ တဖြတ်ဖြတ်လှုပ်ခါနေကြ သည်။ နန်းမြို့ရိုးကို ကျောပြုလျက် ပွဲကြည့်စင်မြင့်များ ဆောက်ထားရာ အလယ်ဗဟိုစင်မြင့်၏ အမြင့်ဆုံးနေရာတွင် သိဒ္ဓတ္ထမင်းသားငယ်အတွက် အထူးတလည် စီမံခင်းကျင်းထားသည်။

နောက်မှီမြင့်မားသော ထိုင်ခုံထက်တွင် ကမ္ဗလာဖုံများကို ခင်းထား ပြီး မျက်နှာကြက်၌လည်း ပုလဲကြိုးများ သွယ်တန်းထား၏။ သိဒ္ဓတ္ထ အတွက် ခင်းပေးထားသောနေရာ၏ ဝဲယာတစ်ဖက်တစ်ချက်တွင်လည်း ထိုင်ခုံငယ်များ အစီအရီခင်းဖြန့်ထားသည်။ အာနန္ဒသည် ပွဲကြည့်စင်မြင့် ဆီသို့ စောစီးစွာရောက်ခဲ့သည်။ အရီးတော်ဂေါတမီ၏ တာဝန်ပေးချက်အရ ဤပွဲတွင် အထူးဧည့်သည်တော်အဖြစ် တက်ရောက်မည့် ဘဒ္ဒကစ္စနာအား ဧည့်ခံကြိုဆိုရန် အာနန္ဒရောက်ရှိနေခဲ့ခြင်းဖြစ်လေသည်။

အရီးတော်၏သားတော်ဖြစ်သော နန္ဒမင်းသားမှာ မိမိထက် အနည်း ငယ်မျှအသက်အရွယ်ပိုကြီးသူဖြစ်သည့်အလျောက် သူသည်လူပျိုတော်သား မင်းလုလင်များအုပ်စုတွင် သီးခြားနေရာယူထား၏။ နန္ဒမင်းသားထိုင်မည့် နေရာကို အာနန္ဒလှမ်းကြည့်လိုက်မိသည်။ ကတ္တီပါဖုံများ၊ ကမ္ဗလာများ အပြင် နူးညံ့သော ပိုးဖဲကတ္တီပါများကိုလည်း လှပစွာချိတ်ဆွဲထားသည်ကို တွေ့ရ၏။ နန္ဒမင်းသားသည် အလှအပကို ကြိုက်တတ်သူဖြစ်လေသည်။

ဂုဏ်ထူးဆောင်ဧည့်သည်တော်ဖြစ်သော ဘဒ္ဒကစ္စနာအတွက်

သတ်မှတ်ခင်းကျင်းထားသည့်နေရာကို အာနန္ဒ စစ်ဆေးကြည့်ပြန်သည်။ ဘုရင့်သမီးတော်ဖြစ်သည့်အလျောက် ဘဒ္ဒကစ္စနာ၏နေရာကိုလည်း အထူးတလည် မွမ်းမံခြယ်သထား၏။ စင်စစ်မူ ဘဒ္ဒကစ္စနာသည် ဒေဝဒဟဘုရင်မင်းမြတ်၏ ကိုယ်စားဖြစ်နေသည့်အပြင် ဘဒ္ဒကစ္စနာ၏ အသွင်အပြင်မှာလည်း ဘုရင်မတစ်ပါးနယ်တည်ငြိမ်၍ ကျက်သရေရှိသောသူဖြစ်သည်ဟု အာနန္ဒ တွေးမိနေသည်။

မင်းပျိုမင်းလွင် သာကီနွယ်များအတွက် ပြင်ဆင်ထားသော ထိုင်ခုံစင်မြင့်နေရာများ အားလုံးကို စစ်ဆေးပြီးနောက် အာနန္ဒသည် မိမိအတွက် သတ်မှတ်ထားသော နေရာရှေ့တွင်ရပ်လိုက်၏။ဤနေရာမှ သိဒ္ဓတ္ထအရှင်၏ လက်ယာဘက် မဆိုစလောက်နိမ့်သော ရှေ့ခပ်ကျကျနေရာဖြစ်ပြီး မလှမ်းမကမ်းရှိ ဘဒ္ဒကစ္စနာ၏နေရာကိုလည်း ကောင်းစွာမြင်နိုင်သောနေရာဖြစ်လေသည်။ နံနက်ခင်းနေရောင်ခြည်သည် အရှေ့ဘက် တောင်တန်းနှင့် တောအုပ်များဆီမှ တောက်ပစွာ ဖြန့်ကျက်ကျရောက်လာ၏။ စွမ်းရည်ပြပွဲကျင်းပသည့် မြက်ခင်းပြင်ကျယ်အစိမ်းရောင်သည် နေရောင်ခြည်အောက်တွင် မြသားပမာ ရှန်းကြွနေလေသည်။

တံပိုးခရာသံများ ထွက်ပေါ်လာ၏။

နောင်တော် သိဒ္ဓတ္ထကြွရောက်လာပြီဖြစ်သည့် ကွင်းစင်မုခ်ဝတွင် ကဏ္ဍကမြင်း၏ဆွတ်ဆွတ်ဖြူသော အရောင်အဆင်းကို ထင်းခနဲတွေ့လိုက်ရ၏။ မြင်းပေါ်တွင် နောင်တော်သိဒ္ဓတ္ထလိုက်ပါလာသည်။ ဘော်ငွေရောင်ဝတ်စုံကိုဆင်မြန်းထားသော နောင်တော်သည် အရှေ့ကောင်းကင်မှနေရောင်အောက်၌ ပကတိကျက်သရေဖြင့် ခမ်းနားလှပေသည်။

ကဏ္ဍကမြင်း၏ ကကြိုးတန်ဆာများသည် အနီရောင်ဖြစ်၏။ တဖွားဖွားအလိုက်သင့် လှုပ်ယမ်းနေသော ကဏ္ဍက၏ လည်ဆံမွေးများသည် လက်ခနဲဖြစ်သွား၏။ဆန္နသည် မြင်း၏နောက်ပါးမှ ခြေကျင်လိုက်ပါ

လာသည်။ ဆန္န၏ဝတ်စုံမှာလည်း အဖြူရောင်ဖြစ်သည်။

တံပိုးသံခရာသံများနှင့်အတူ နောင်တော်သိဒ္ဓတ္ထသည် ကွင်းထဲသို့ ဝင်ရောက်လာကာ စင်မြင့်ရှေ့တွင် မြင်းကိုထိုးရပ်လိုက်၏။ နောင်တော် သိဒ္ဓတ္ထမြင်းပေါ်မှအဆင်းတွင် ဆန္နသည် မြင်းနောက်ဘက်မှနေ၍ ဘေးသို့ ကပ်လာကာ မိမိ၏ပခုံးကို သိဒ္ဓတ္ထအရှင်ဖေးကိုင်ရန် အသင့်လုပ်ပေးလိုက် သည်။ ကဏ္ဍကမြင်းနှင့် သိဒ္ဓတ္ထအရှင်တို့၏အပေါ်တွင် ဆန္န ဂရုစိုက်လိုက်ပုံ မှာ အခြားဘာမှရှိလေသည်ဟု မထင်သည့်ပုံမျိုးပင်။

နောင်တော်သိဒ္ဓတ္ထ သည် စင်မြင့်ခုံထက်တွင် နေရာယူလိုက်လေ သည်။

ဤတွင်မှ နောင်တော်အားကြိုဆိုကြသော မင်းပျိုမင်းလွင် ပရိသတ် နှင့်နန်းတွင်းသူလုံမငယ်များသည် ဖြိုင်ဖြိုင်ထရာမှ မိမိတို့နေရာတွင် မိမိတို့ ပြန်ထိုင်ကြသည်။

နောင်တော် စင်မြင့်ပေါ်နေရာယူပြီးမကြာမီမှာပင် ဘဒ္ဒကစ္စနာသည် စင်မြင့်အတွင်းဘက်မှတက်လာကာ နေရာယူလိုက်၏။ မင်းပရိသတ် စုံညီ ပေပြီ။ စွမ်းရည်ပြပွဲကိုဖွင့်လှစ်သည့် တံပိုးသံ စူးစူးနစ်နစ် ထွက်ပေါ် လာသည်။

*　　　*　　　*

သံတော်ဆင့်များနှင့် နာခံတော်များက အစီအစဉ်များကို တစ်ခုပြီးတစ်ခု ကြေညာသွား၏။ လက်ရုံးစွမ်းရည်ပြပွဲ အစီအစဉ်များကို ကြေညာရာတွင် ကဗျာလင်္ကာများ ထည့်သွင်းရွတ်ဆိုကြေညာနေခြင်းမှာ သိပ်တော့ အဆင် မပြေလှဟု အာနန္ဒထင်လိုက်မိသည်။ သို့သော် အနုအရွ၊ အလှအပများဖြင့် အတိပြီးစေရမည်ဟူသော မင်းတရားကြီး၏အမိန့်တော်ကို အာနန္ဒ သတိ ရမိပြီး ကဗျာလင်္ကာရွတ်ဆိုနေသူများကို လျစ်လျူရှုထားလိုက်ရတော့၏။

အာနန္ဒသည် တစ်ခုပြီးတစ်ခု ပြသသွားသော လက်ရုံးစွမ်းရည်ပြပွဲများကိုသာ အာရုံစိုက်ကြည့်နေလိုက်လေသည်။ တကယ့်ဝါရင့်သမ္ဘာရင့် စစ်သူရဲကြီးများနှင့် ခတ္တိယအနွယ်ဝင် အစဉ်အလာကြီးမားသည့် လက်ရုံးရည်သမားများ မပါဝင်သဖြင့် ပြပွဲသည် လေးလေးပင်ပင်မရှိလှဟု အာနန္ဒထင်မိ၏။ ထိုစဉ်ဘေးနားက အသံတစ်သံပေါ်လာ၏။

"မှည့်ဝင်းနေတဲ့ သစ်သီးတွေကို ကြည့်ရသလို သဘောမထားနဲ့အရှင်၊ အစေ့ယုက်တော့မယ့် အသီးကင်းလေးတွေဟာလဲ တစ်မျိုးကြည့်ကောင်းတာပဲ"

လှည့်ကြည့်လိုက်သောအခါ ဖြူဖွေးသောသွားများကို ဖော်ပြ ပြုံးရယ်နေသည့် ဥဒါယီကိုတွေ့လိုက်ရ၏။အသားညိုစိမ့်စိမ့် ဥဒါယီမှာ အသားမည်း အရဲဆင်ဟုပြောရမည့်အလား နီရဲသောဝတ်စုံကို ဆင်မြန်းထား၏။

"ဥဒါယီ၊ သင့်ကို အခုမှတွေ့ရတယ်"

"စွမ်းရည်ပြပွဲဝင်မယ့် မင်းလုလင်တွေရဲ့နားနေခန်းမှာ တာဝန်ကျနေတယ် အရှင်"

"သင်က ဘာတာဝန်နဲ့လဲ"

"စွမ်းရည်ပြပွဲအစီအစဉ်တွေကို ကြေညာရာမှာ ရိုးရိုးတန်းတန်းတည့်ထိုးမကြေညာဘဲ ကဗျာလင်္ကာတွေနဲ့ မွမ်းမံရွတ်ဆိုရမယ်ဆိုလို့ လင်္ကာဆရာတွေနဲ့ ညှိနှိုင်းရတယ်လေ"

ဥဒါယီမှာ အစဉ်အမြဲပင် တက်ကြွလန်းဆန်းနေသူ ဖြစ်သည်။

"သြ....သြ....လက်ရုံးစွမ်းရည်ပြပွဲကို ကဗျာလင်္ကာနဲ့တန်ဆာဆင်တဲ့ကိစ္စဟာ သင့်လက်ချက်ကိုး.... ဥဒါယီရဲ့"

အာနန္ဒသည် တရင်းတနှီးပင် ပြောလိုက်၏။

"ဘာဖြစ်လို့လဲ အရှင်"

"လက်ရုံးစွမ်းရည်ပွဲနဲ့ ကဗျာလင်္ကာတို့ရဲ့ မအပ်စပ်တဲ့ ပူးတွဲမှုကို

ကျွန်ုပ် ဘဝင်မကျဖြစ်နေလို့ပါ”

ဥဒါယီက သွားများပေါ်အောင် ပြုံးပြန်သည်။

“အဲဒါ....ကျွန်တော်ရောက်မလာခင်က ဖြစ်နေတဲ့ အဆင်မပြေမှုပါ။ လက်ာဆရာတွေက မင်းတရားကြီးအမိန့်ဆိုတာနဲ့ တစ်ခါတည်း အစီအစဉ် ကြေညာချက်ကို သူတို့ရပြီးသား လင်္ကာနဲ့ပေါင်းစပ်ပစ်လိုက်ကြတယ်လေ။ ဒီတော့ အဆင်မပြေဖြစ်ကုန်တာပေ့ါ။ အမှန်က လက်ရုံးစွမ်းရည်နဲ့ လိုက်ဖက်တဲ့ ဘယာနကရသ၊ ဝီရရသကိုဖော်ကျူးတဲ့ လင်္ကာတွေ၊ တေးတွေရှိပါတယ်။ ဒါတွေကို သူတို့မသုံးတတ်လို့ အခု ကျွန်တော်သွားပြီး အစပ်အဟပ်တည့်အောင် စီမံလိုက်ပါပြီ၊ အရှင် နားဆင်ကြည့်ပါဦး”

ဤသို့သော အချိန်မျိုးမှာပင် စကားလုံးတွေ ခမ်းနားဝေဆာစွာဖြင့် ပြောတတ်သော ဥဒါယီကို အာနန္ဒ ငေးကြည့်နေမိ၏။

ထိုစဉ် နားခံတော် သံတော်ဆင့်များဆီမှ ကြေညာသံထွက်ပေါ်လာသည်။

“ကိုးသွယ်ရတနာ၊ လျှပ်သွယ်ရွှေကြိုးဖက်ကယ်နှင့် နင်းကွက်ကယ်မှ ဇမ္ဗူရောင်မှန်ဝှန် ပတ္တမြားမျက်မှန်တိမ်စွန်၊ တိမ်စွန်.... တိမ်စွန် ပျံနင်းရန် မျိုးပယ်ပျောက် ထုတ်ခြောက်ချဉ်းနင်း၊ လျှပ်ပန်းနွယ်ဝင်းဝင်း လက်သံနဲ့ နတ်မြင်းသိန္ဓော။ ဖြောဖြောလှုပ်ကြွေ၊ ရင်သပ်ရှုမော သောသောညံရောသောင်းတိုက်ဇမ္ဗူငယ်လေး....”

ရွတ်ဆိုသံနှင့်အတူ ကွင်းစပ်ဝင်းခြံတံခါးမှ ထွက်လာသည့်ပြကွက်မှာ မြင်းစီးစွမ်းရည် ပြကွက်ဖြစ်လေသည်။

မြင်းစီးလုလင်များ၏ စွမ်းရည်မှာ လင်္ကာထဲကလို ရင်သပ်ရှုမော သောသောညံလောက်အောင် မဟုတ်သော်လည်း လင်္ကာသွားဖြင့် ဖြည့်စွက်လိုက်သောကြောင့် ကြည့်ရသည်မှာ အသက်ဝင်လာ၏။

အာနန္ဒက ဥဒါယီကို ပြုံးကြည့်ရင်း....

"ဒါ သင်စပ်ပေးလိုက်တဲ့ လင်္ကာလား၊ ဥဒါယီ"

"ကျွန်တော့် လင်္ကာမဟုတ်ပါဘူး အရှင်၊ ပဏ္ဍိတ်သုခမိန်ကြီးများရဲ့ ရှေးစာထဲက ကူးလာပြီး သူတို့ကို ဒါရွတ်ကြဆိုပြီး ပေးလိုက်တာပါ"

"အင်း.... ကြည့်ရတာ စောစောကထက်တော့ အသက်ဝင်လာတာ အမှန်ပဲ ဥဒါယီ၊ သင့်ဉာဏ်တွေပေါ့ ဟုတ်လား"

"ဒီလိုမလုပ်ရင်လဲ ပွဲက အေးစက်စက် ခြောက်သွေ့သွေ့ဖြစ်နေတော့မှာကိုး အရှင်ရဲ့"

အာနန္ဒ ရယ်မိတော့၏။ အရယ် ရပ်ပြီးနောက်....

"နေစမ်းပါဦး စောစောက သင်ရောက်လာလာချင်း ပြောလိုက်တာက မှည့်ဝင်းနေတဲ့ သစ်သီး.... ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီပွဲမှာ မင်းလုလင်ကလေးများရဲ့ပွဲပါ။ စစ်ရေးစွမ်းရည်နဲ့ စစ်ပွဲအတွေ့အကြုံ မရင့်ကျက်သေးသူ လုလင်ပျိုများရဲ့ပွဲပါ။ ဒါကြောင့် မှည့်ဝင်းနေတဲ့ သစ်သီးဟာ တစ်မျိုးကြည့်ကောင်းသလို အသီးအကင်းလေးတွေဟာလဲ တစ်မျိုးကြည့်ကောင်းပါတယ်လို့ ပြောရခြင်းပါ။ နုပျိုခြင်းထဲမှာ ရင့်ကျက်ခြင်းရဲ့ သန္ဓေရှိနေတယ် အရှင်"

"ကာဠုဒါယီရယ် မင်းပဲပြောတတ်တယ် အင်း"

အရာရာကိုအကောင်းမြင်ပြီး မြင်တတ်သလောက်လည်း စကားလုံးဝေဝေဆာဆာပြောတတ်သည့် ကာဠုဒါယီဟုပင် တရင်းတနှီး ကျီစယ်ခေါ်ဝေါ်လိုက်မိလေသည်။

ဥဒါယီစီစဉ်ပေးထားသော သေနင်္ဂစွမ်းရည်ဆိုင်ရာ တေးလင်္ကာများကြောင့် စွမ်းရည်ပြပွဲသည် အသက်ဝင် စိုပြည်လာခဲ့၏။ စင်စစ်မူ ပြိုင်ပွဲဝင်မင်းလုလင်များ စစ်သည်တော်များ၏ လက်ရုံးစွမ်းရည်ပြကွက်များသည် ပရိသတ်အတွက် ရင်လှိုက်သည်းဖို ပြကွက်မဟုတ်သည်ကတော့ သေချာသည်။ သို့သော် ဤအဖြစ်အပျက်ကပင်လျှင် ပရိသတ်၏ စိတ်နှလုံးရွှင်ပြုံး

ကြည်နူးဖွယ်ရာ ဖြစ်လာသည်။

ဥဒါယီ စီစဉ်ပေးသော တေးလင်္ကာများက ကြီးကျယ်ခမ်းနားနေကြသည်။ ဓားစွမ်း၊ လေးမြားစွမ်းနှင့် ယောကျ်ားကောင်း ဘုန်းလက်ရုံးများကို အလွန်အကျူးဖွဲ့ဆိုထားသော စကားလုံးများ စာသားများဖြစ်ကြ၏။ တကယ့်တကယ် ကွင်းပြင်ထဲထွက်လာပြီး ထိုတေးလင်္ကာများနောက်ခံဖြင့် အစွမ်းပြကြသည့် လက်ရုံးပြကွက်များကမူ တေးလင်္ကာများညွှန်းသလောက် ရင်သပ်ရှုမောဖွယ် မဟုတ်။ ထိုအခါ တကယ့်စွမ်းရည်ပြကွက်နှင့် ဂုဏ်ပြုထောမနာဖွဲ့တို့၏ ကွာဟမှုကို ရှုစားနားဆင်ရင်း ပရိသတ်သည် တဝါးဝါး ရယ်မောပျော်ရွှင်နေကြလေသည်။

အာနန္ဒသည် ဥဒါယီကို လှမ်းပြောလိုက်ပြန်၏။

"ဥဒါယီ၊ ကြားရဲ့လား။ ပရိသတ်က တစ်ပွဲပြီးတစ်ပွဲ ရယ်ပွဲဖွဲ့နေကြပြီ။ သူရဲကောင်းတို့ပွဲ မဟုတ်တော့ဘဲ အချော့တော် လူရွှင်တွေရဲ့ သရုပ်ပြပွဲဖြစ်နေပြီ"

ဥဒါယီသည် မျက်မှောင်ကြုတ်လျက် စဉ်းစားနေပြီးမှ....

"ဟုတ်တယ်အရှင်၊ သေနင်္ဂစွမ်းရည်ပြပွဲ မဟုတ်တော့ဘူး။အကျိုးသက်ရောက်မှုက တစ်မျိုးဖြစ်သွားပြီ။ ဒါပေမယ့်.... ဘိုးတော်မင်းတရားကြီးရဲ့ ရည်ရွယ်ချက်တော့ အောင်မြင်ပါတယ်"

"ဘာဖြစ်လို့လဲ"

"သိဒ္ဓတ္ထအရှင်ရဲ့စိတ်နှလုံးကို ပြုံးပျော်အောင် ကျင်းပတာ မဟုတ်လား။ လက်ရုံးစွမ်းရည်တွေမပြနိုင်ပေမယ့် ပျော်ရွှင်စရာပွဲတစ်ပွဲတော့ ဖြစ်လာတာ အမှန်ပဲလေ"

အကောင်းမြင်တတ်လွန်းသည့် ဥဒါယီကို အာနန္ဒ သြချရတော့၏။

"ဥဒါယီရယ်၊ ဒါဖြင့်လဲ အစကတည်းက ပွဲသဘင်အဆောင်မှာပဲ အချော့တော် လူရွှင်တော်တွေရဲ့ ဟာသရသ သရုပ်ပြပွဲစီစဉ်ရောပေါ့"

ဥဒါယီ ကျယ်ပြန့်သော အပြုံးနှင့် မဆိုင်းမတွ ပြန်ပြောသည်။

"ဟာ....မတူဘူးအရှင်၊ မတူဘူး။လူရွှင်အချော့တော်တွေရဲ့ ဟာသရသပွဲကိုကြည့်ပြီး ရယ်မောရတာ ဘာဆန်းလဲ။ အခု သေနင်္ဂပြိုင်ပွဲ ပြပွဲကနေပြီး ရယ်မောစရာတွေ တွေ့ရတာကပိုပြီးထူးခြားတယ်။ ဘယာနကရသနဲ့ ဝီရရသတွေကို မျှော်လင့်ထားတဲ့နေရာကနေပြီး ဟာသရသ ထွက်ပေါ်လာတယ်ဆိုတာ ကျွန်တော်တို့ အသေအချာစီမံဖန်တီးရင်တောင် ဒီလိုဖြစ်လာဖို့ မလွယ်ဘူး။ အခုဟာက သူ့အလိုလိုပေါ်ပေါက်လာတာ။ ရယ်စရာတွေ လုပ်ပြနေတာမဟုတ်ဘဲနဲ့ ရယ်စရာဖြစ်လာတာဟာ ဘယ်လောက်ထူးခြားသလဲ။ ကျွန်တော်တော့ ကျေနပ်တယ်"

ရေပက်မဝင်အောင် စကားတတ်လှသော ဥဒါယီကို အာနန္ဒ လက်လျှော့လိုက်ရလေသည်။

ဥဒါယီကမူ ပြုံးနေရာမှ ပြန်လည်တည်ငြိမ်သွားပြီး....

"ဒါပေမယ့် တစ်ခုတော့ရှိတယ်အရှင်၊ ပွဲအစအဆုံး ဒီလိုနဲ့ချည်း ရယ်ပွဲဖွဲ့စရာဖြစ်နေရင်တော့ သိပ်မကောင်းလှဘူး။ ကပိလဝတ်ပြည်သူတွေအဖို့ သေနင်္ဂပြပွဲဆိုတာ ပျော်ရွှင်ရယ်မောရတယ်လို့ စွဲသွားမှာစိုးရတယ်။ တစ်ခုခုတော့ အပြောင်းအလဲလေး ဖြစ်မှတော်မယ်"

"ဟုတ်တာပေါ့.... အပြောင်းအလဲတစ်ခုခုလုပ်ဖို့ မင်းမှာအစီအစဉ်ရှိသလား"

"အဲဒါကို အခုကျွန်တော်စဉ်းစားနေတယ် အရှင်။ ဘာလုပ်ပေးရင်ကောင်းမလဲဆိုတာ၊ ဒါပေမယ့် ခက်တာက.... "

ဥဒါယီ စကားမဆုံးခင် တံပိုးသံ စူးစူးနစ်နစ် တစ်ချက်ပေါ်လာ၏။ ဥဒါယီသည် အဆုံးမသတ်ဖြစ်လိုက်သော စကားတန်းလန်းဖြင့်ပင် တံပိုးသံလာရာဆီသို့ ဆတ်ခနဲကြည့်လိုက်သည်။ သူ့မျက်နှာမှာ အံ့သြသွားသော အသွင်များ အတိုင်းသားပေါ်လွင်လျက်။

တံပိုးသံမှာ သိဒ္ဓတ္ထမင်းသားနှင့် အခြားမင်းညီမင်းသားများ ဧည့်သည်တော် မင်းပျိုမင်းလွင်များထိုင်သည့် စင်မြင့်၏ တစ်ဖက်ထောင့်ချိုးကွင်းပြင်၏ လက်ျာဘက်ထောင့်မှ ပေါ်လာခြင်းဖြစ်၏။

“ဒါ....ဒါ.... ဘယ်ကလဲ။ ကျွန်တော်တို့ အစီအစဉ်ထဲမှာ ဒီလို တံပိုးသံမပါ....”

ဥဒါယီဒုတိယအကြိမ် စကားတစ်ဝက်တစ်ပျက် ရပ်သွားပြန်သည်။ အကြောင်းမှာ ထိုလက်ျာဘက်ထောင့် တံခါးဆီမှ မြင်းတစ်ကောင်တပ်ရထားတစ်စီး အပြင်းမောင်းထွက်လာသောကြောင့် ဖြစ်၏။

မြင်းရထားမောင်းသူ၏ နက်ပြာရောင်ဝတ်ရုံစမှာ ရထားအရှိန်နှင့် တဖျတ်ဖျတ်လွင့်ဝဲလျက် ရှိ၏။ ဥဒါယီသည် ထိုသူကို လှမ်းကြည့်ရင်း အံ့သြကြီးစွာဖြင့် ရေရွတ်လိုက်လေသည်။

“ဟင်....ဟိုမှာ အရှင်ဒေဝဒတ္တ။ သူ.... ဘာလာလုပ်မလို့ပါလိမ့်”

ဥဒါယီ၏ အာမေဍိတ်ကို ဖြေကြားလိုက်သည့်နှယ် သံတော်ဆင့်၏ ကြေညာသံ ထွက်ပေါ်လာသည်။

“ကပိလဝတ်၊ ထီးညွန့်နန်းလျှာ၊ မဟာစကြဝတေးမင်း အလောင်းလျာ အရှင်သိဒ္ဓတ္ထကိုယ်တော်မြတ်အား ဦးခိုက်လျက်ကြွရောက်ကြကုန်သော သာကီနွယ်မင်းများနှင့် လေးစားအပ်သည့်ဧည့်သည်တော်မင်းများအား ဦးညွတ်လျက် ထူးကဲသော ဤအစီအစဉ်ကို ကြေညာအပ်ပါသည်။ ဒေဝဒဟပြည့်ရှင် အရှင်သုပ္ပဗုဒ္ဓ၏ သားတော်ကြီး အရှင်ဒေဝဒတ္တသည် အဆွေတော်၊ မျိုးတော်၊ နောင်တော်၊ ညီတော်၊ အစ်မတော်၊ နှမတော်တို့၏ စိတ်နှလုံးအလိုကို ကောင်းစွာသိရှိသည့်အားလျော်စွာ ဧည့်သည်တော်၏ မျှော်လင့်မထားသော ဤဖျော်ဖြေတင်ဆက်မှု တစ်ခုဖြင့် စွမ်းရည်ပြလိမ့်မည် ဖြစ်ပါကြောင်း”

သံတော်ဆင့်၏ကြေညာသံအဆုံးတွင် ဒေဝဒတ္တ၏မြင်းရထားသည်

လည်း ကွင်းပြင်အလယ်သို့ ရောက်ရှိရပ်တန့်လိုက်ပြီဖြစ်၏။ ထိုနေရာကား သိဒ္ဓတ္ထမင်းသားထိုင်သည့် စင်မြင့် ကွင်းပြင်ရှေ့တည့်တည့်ဖြစ်သည်။

ဒေဝဒတ္တသည် နက်ပြာရောင်ဝတ်ရုံကြီးကို မာန်ပါပါဖြင့် လွှဲယမ်းလိုက်ပြီးနောက် ပခုံးထက်မှ ဖြုတ်ချလိုက်၏။ ထို့နောက် မြင်းရထားထက်မှ ခုန်ဆင်းလိုက်သည်။

ကွင်းစပ်တစ်ဖက်တွင် ဓားရေးစွမ်းရည်ပြရန် ပြင်ဆင်နေသော စစ်သည်လုလင်များသည် ဓားများကိုမြှောက်လျက်သားပင် ရပ်တန့်တုံ့ဆိုင်းသွားကြ၏။ ကွင်းပြင်ပတ်လည်ရှိ ပရိသတ်အားလုံးလည်း စစ်ရထားကို ဒုန်းစိုင်းဝင်လာကာ ကွင်းလယ်တွင်ရပ်လိုက်ပြီး ရထားပေါ်မှခုန်ဆင်းလာသော ဒေဝဒတ္တဆီသို့ တညီတညွတ်တည်း အာရုံစိုက်မိသွားကြလေသည်။

ဒေဝဒတ္တသည် ရထားဘီးနားတွင် ခြေထောက်နှစ်ဖက်ကို ချဲကားလျက် မတ်တပ်ရပ်ရင်းမှ ပရိသတ်ရှိရာသို့ ဝေ့ဝိုက်ကြည့်လိုက်၏။ နီကြန်ကြန်ဖြစ်နေသော ဆံပင်များမှာ သူ့ပခုံးထက်တွင် ဖရိုဖရဲကျနေ၏။ နဖူးကြိုးစည်းနှောင်ထားခြင်းလည်းမရှိ။ မကိုဋ်ဦးသျှောင်တစ်ခုခုလည်း ဆောင်းမထားသဖြင့် သူ့ဆံပင်များသည် လွတ်လပ်ရှုပ်ထွေးစွာပင် ဖွာရရာကြဲနေလေသည်။

သေနင်္ဂစွမ်းရည်ပြပွဲကျင်းပရာ ကွင်းတစ်ခုလုံး၏အာရုံသည် မိမိအပေါ်သို့ တညီတညွတ်တည်း စုပြုံကျရောက်နေသည်ကို သိရသောအခါ ဒေဝဒတ္တသည် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်၏။ ထို့နောက် သူသည် ခြေလှမ်းကြဲကြဲလှမ်းလျက် ပြပွဲကြည့်ဗဟိုစင်မြင့်ဆီသို့ လျှောက်လာသည်။ သူ့ခြေလှမ်းများ ဦးတည်ရာကား သိဒ္ဓတ္ထမင်းသားထိုင်နေရာ ခံမြင့်။

ဥဒါယီ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ နေရာမှထ၍ ကွင်းထဲသို့ ပြေးဆင်းရန် ဥဒါယီဟန်ပြင်လိုက်သော်လည်း အာနန္ဒဖမ်းဆွဲထားလိုက်၏။

"အသာစောင့်ကြည့်နေ ဥဒါယီ၊ သူဘာလုပ်မလဲသိရအောင်"ဟု

လည်း လေသံဖြင့် သတိပေးဟန့်တားလိုက်သည်။

ဒေဝဒတ္တသည် သိဒ္ဓတ္ထမင်းသားထိုင်နေရာနှင့်ရှေ့တည့်တည့်တွင် ခြေစုံရပ်ကာ ခါးကိုင်းဦးညွှတ်သည်။ ပြန်မော့လာသော သူ့မျက်နှာထက်မှာ စူးရှရဲတင်းသော မျက်လုံးများကို အာနန္ဒ ကောင်းစွာတွေ့လိုက်ရ၏။

ထိုမျက်လုံးများမှ စူးရှရဲတင်းသောအကြည့်များကို နောင်တော် သိဒ္ဓတ္ထမည်သို့ တုံ့ပြန်ရင်ဆိုင်နေမည်နည်း။ နောင်တော်ရှိရာသို့ အာနန္ဒ မော့ကြည့်လိုက်သည်။

နောင်တော်၏ မျက်လုံးများမှာလည်း ဒေဝဒတ္တနှင့်အတူ တန်ပြန် စူးစူးရဲရဲရှိနေကြချေသည်။ နဂါးနှစ်ကောင်သာဖြစ်ခဲ့ပါက ထိုမျက်လုံးနှစ်စုံ တို့မှ ထွက်ကျပုံ့သန်းလာသော မီးလျှံတန်းတို့သည် လေထဲတွင်ဆုံမိကြကာ ကြီးမားပြိုးပြက်သော မီးတောက်ကြီးတစ်ခု ဖြစ်ပေါ်လာလေမည်ဟု အာနန္ဒ တွေးလိုက်မိ၏။

ဒေဝဒတ္တ၏အကြည့်သည် စူးရှရဲတင်းမှုမှသည် ရိုင်းစိုင်းမှုအသွင်သို့ ကူးပြောင်းသွား၏။ ထို့အပြင် အပြုံးရိပ်တစ်ခုလည်းပေါ်လာ၏။နောင်တော် သိဒ္ဓတ္ထကို မလွှဲမဖယ်စတမ်း စေ့စေ့ကြည့်ရင်း သူပြုံးလိုက်ခြင်း ဖြစ်သည်။ ထိုခဏမှာပင် ဒေဝဒတ္တသည် မင်းပျိုမင်းလွင်အရွယ်နှင့်မလိုက်အောင် ကြောက်စရာကောင်းသော အပြုံးမျိုး ပြုံးတတ်ကြောင်း အာနန္ဒ သတိထား လိုက်မိလေသည်။

ဒေဝဒတ္တ ဘာလုပ်မည်နည်း။ စူးရဲရိုင်းစိုင်းသော အကြည့်နှင့်အပြုံး တို့က ဘာအဓိပ္ပာယ်ကို ဆောင်သနည်း။ နောင်တော်သိဒ္ဓတ္ထကကော မည် သည့်အဓိပ္ပာယ်ဖြင့် တုံ့ပြန်ကြည့်လေသနည်း။ အာနန္ဒ ရင်ထဲတွင် အသက် ရှူကျပ်သလို ခံစားနေရ၏။

မကြာလှသော ထိုတဒင်္ဂအခိုက်အတန့်ငယ်လေးသည် ထိတ်လန့် ဖွယ် ဖြစ်နေသည်။ အာနန္ဒသည် နောင်တော်သိဒ္ဓတ္ထ၏ မျက်နှာရိပ်ကိုသာ

မလွတ်စတမ်း စောင့်ကြည့်နေလိုက်၏။

နောင်တော်သိဒ္ဓတ္ထ ခေါင်းတစ်ချက်ညိတ်လိုက်သည်ကို တွေ့လိုက် ရသည်။

ဒေဝဒတ္တ၏ မျက်နှာပေါ်မှ အေးစက်သောအပြုံးမှာ ပို၍ပြန့်ကားသွားသည်။ ထိုစဉ် အနီးရှိ ဥဒါယီ၏ လေသံတိုးတိုးဖြင့် ပြောသံထွက်ပေါ်လာသည်။

"ဒေဝဒတ္တဟာ တစ်ခုခုကို ခွင့်တောင်းနေတာပဲ။ သိဒ္ဓတ္ထအရှင်က အဲဒါကို ခွင့်ပြုလိုက်တယ်။ အဓိပ္ပာယ်က စိတ်ကြိုက်စွမ်းရည်ပြခွင့် ပြုမလားလို့ ဒေဝဒတ္တက တောင်းဆိုနေတာ အရှင်သိဒ္ဓတ္ထက မင်းသဘောလို့ ခွင့်ပြုလိုက်တာ"

ဒေဝဒတ္တ ချာခနဲလှည့်ထွက်သွား၏။

ထိုအခါမှာပင် ဘဒ္ဒကဉ္စနာကို အာနန္ဒ သတိထားမိလိုက်တော့သည်။ ဘဒ္ဒကဉ္စနာသည် သူ့အစ်ကိုတော်ဒေဝဒတ္တ၏ ရဲတင်းရိုင်းပျလှသော အပြုအမူအတွက် အနေရခက်နေဟန် ရှိလေသည်။

ရထားရပ်ထားရာဆီသို့ ဒေဝဒတ္တပြန်လျှောက်ခဲ့ပြီးနောက် မြင်းဇက်ပေါ်တွင် လက်တစ်ဖက်တင်ကာ တစ်ကွင်းလုံးရှိ ပရိသတ်များကို လှည့်ကြည့်လိုက်ပြန်၏။ မိမိအပေါ် စုပြုံရောက်ရှိနေသော စိတ်ဝင်စားမှု အာရုံများကို အရသာခံနေသည့်ပုံမျိုး။

ဒေဝဒဟတိုင်းပြည်မှ ဧည့်သည်တော်အဖြစ်ရောက်ရှိနေသောသည် ဘုရင့်သားတော်သည် မည်သည့်စွမ်းရည်မျိုး ပြသမည်နည်း။ မူလက ကြိုတင်ကြေညာထားသည် မဟုတ်သောကြောင့် ပရိသတ်သည် အံ့သြခြင်းများစွာဖြင့် အထူးတလည် စိတ်ဝင်စားနေကြသည်။ စစ်ရထားဖြင့် ဒုန်းစိုင်းမောင်းဝင်လာသည့်အတွက် စစ်မြင်းရထားစွမ်းရည်ကို ပြမည်လော၊ ရထားအိမ်ထဲတွင် မည်သည့်လက်နက်များကို ဒေဝဒတ္တ ယူဆောင်လာသနည်း။

တစ်ဖက်မှ တိုက်ခိုက်မည့်သူများကော ဘယ်သူတွေလဲ။ သိဒ္ဓတ္ထအရှင်ရှေ့သို့ ရဲတင်းစွာသွားရောက်ကာ မည်သည့်အရာကို တောင်းဆိုခဲ့သနည်း။

ဒေဝဒတ္တသည် မြင်းဇက်ပေါ်မှလက်ကို ဖယ်ရှားလိုက်ပြီးနောက် ရထားနောက်မြီးဆီသို့ လှည့်လျှောက်သွားပြန်သည်။ထို့နောက် ကွင်းထောင့်တစ်နေရာကို လက်ပြလိုက်သည်။

ကွင်းထောင့်ဝင်းတံခါးပေါက်မှ နက်ပြာရောင်သင်တိုင်း ကိုယ်ကျပ်ဝတ်ထားသော ရဲမက်သုံးယောက် အပြေးထွက်လာကြ၏။ ထိုသူတို့မှာ ကပိလဝတ်ရဲမက်များ မဟုတ်ကြ။ ဒေဝဒတ္တနှင့်အတူပါလာသည့် သူ၏လူယုံကျွန်များ ဖြစ်လေသည်။

ဒေဝဒတ္တက အချက်ပြသလို လက်ကိုဝှေ့ယမ်းပြလိုက်၏။ ရဲမက်သုံးယောက်သည် ရထားနောက်မြီးထဲမှ အဝတ်နီဖြင့် ပတ်ထားသော ပစ္စည်းတစ်ခုကို မနိုင့်တနိုင်သယ်မကာ အောက်သို့ချလိုက်ကြသည်။ အဝတ်နီဖြင့်ဖုံးအုပ်ထားသည့်အရာသည် မည်သည့်ပစ္စည်းမှန်း မသိကြရသေး။ သို့သော်ထူးခြားချက်မှာ ထိုအရာကိုသယ်မပြီး အောက်သို့ချလိုက်ပြီးနောက်တွင် ဒေဝဒတ္တမောင်းနှင်လာသော စစ်ရထားကိုဆွဲသည့် မြင်းကြီးမှာ နှာတမှုတ်မှုတ်၊ ခွာတရှုပ်ရှုပ်ဖြင့် ဂနာမငြိမ်ဖြစ်သွားခြင်းပင်။

"ဘာတွေလဲ....မျက်လှည့်ဆရာတစ်ယောက်လို သူလုပ်နေတယ်"

ဥဒါယီက စိတ်မရှည်သံဖြင့် ရေရွတ်၏။ အာနန္ဒသည် ဥဒါယီ၏ပခုံးကို ဖျစ်ညှစ်ထားလိုက်သည်။

ထို့နောက် ရဲမက်တစ်ယောက်က စစ်ရထားကိုမောင်းနှင်ပြီး ကျန်နှစ်ယောက်က ရထားပေါ်တက်လိုက်ကာ ကွင်းပြင်သို့ထွက်သွားကြသည်။ ကွင်းထဲတွင် ဒေဝဒတ္တနှင့် အဝတ်နီဖုံးထားသည့်အရာသာ ကျန်ရစ်ခဲ့သည်။ ပရိသတ်ကြီးမှာ သိလိုဇောဖြင့် လှုပ်လှုပ်ရွရွဖြစ်လာကြပေပြီ။ စစ်ရထားကိုမောင်းယူသွားသောကြောင့် ရထားစွမ်းရည်ပြကွက် မဟုတ်တော့ကြောင်း

လည်း သေချာသွားပြီ။

ဒေဝဒတ္တ၏အသွင်မှာမူ သူ့ကိုယ်သူယုံကြည်စိတ်ချဟန်။ မည်သူ့ကိုမျှ ဂရုမစိုက်ဟန်ဖြင့် ပို၍ဝင့်ဝင့်ကြွားကြွား ဖြစ်နေ၏။ အဝတ်နီအုပ်ထားသောအရာဆီသို့ ဖြည်းညင်းစွာချည်းကပ်သွားရင်း အနီးရောက်သောအခါ လက်အစုံကိုဆန့်တန်းပြီး လက်ချောင်းများကို ကွေးချည်ဆန့်ချည်လုပ်လိုက်သည်။

ထို့နောက် ဒေဝဒတ္တသည် ဖုံးလွှမ်းထားသော အဝတ်နီစကို ဆုပ်ယူဖယ်ရှားလိုက်၏။ ပေါ်လာသည်မှာ အဖုံးနှင့်တကွသော ခြင်းတောင်းတစ်လုံးဖြစ်၏။ နေရောင်အောက်တွင် ခြင်းတောင်း၏အနားကွပ်နှင့် လက်ကိုင်ကွင်းမှငွေရောင်သည် တောက်ပသွား၏။ ခြင်းတောင်း၏ ပုံသဏ္ဌာန်မှာ ဓားလုံလေးမြားစသည့်လက်နက်များထည့်သော ရှည်မျောမျောသေတ္တာမျိုးမဟုတ်။ ခပ်လုံးလုံး ခပ်ခုံးခုံးသဏ္ဌာန်။

အာနန္ဒနှင့် ဥဒါယီတို့၏ အာမေဋိတ်သံနှစ်ခု ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာကြသည်။

"အလို.... ဒါဟာ.... ပခြုပ်...."

"ပခြုပ်.... တစ်ခုပါလား....။ ဒီထဲမှာ.... သူ....သူ...."

ဒေဝဒတ္တသည် ခြင်းတောင်း၏အဖုံးလက်ကိုင်ကွင်းကို သတိကြီးစွာ ကိုင်လိုက်ပြီးနောက် ဆတ်ခနဲဖွင့်လှစ် ဖယ်ရှားလိုက်လေသည်။

"မြွေ.... ပခြုပ်"

ဥဒါယီထံမှ မနှစ်မမြို့ ရင်ခေါင်းသံကြီးတစ်ခု ထွက်ကျသွား၏။

ဒေဝဒတ္တသည် ထူးဆန်းသော၊ အန္တရာယ်ကြီးသော ပြကွက်ကို သယ်ဆောင်လာခဲ့ပေပြီ။ အလမ္ပာယ်ပြကွက်။

အာနန္ဒသည် ဘဒ္ဒကစ္စာနာထိုင်နေရာဆီသို့ မသိမသာလှမ်းကြည့်လိုက်၏။ ဘဒ္ဒကစ္စာနာသည် သူ့အစ်ကိုဖြစ်သူ၏ ထူးဆန်းသောစွမ်းရည်

ပြကွက်ကို သဘောမတွေ့ဟန်ဖြင့် မျက်နှာလွှဲထားလေသည်။ ဒေဝဒတ္တ ဘာတွေဆက်လုပ်မည်ကို ဘဒ္ဒကစ္စနာ သိထားဟန်တူပါသည်။

ဤတွင် အာနန္ဒသည် မနေ့တစ်နေ့ဆီက နန်းတွင်းဥယျာဉ်တော်ကြီး၏မြက်ခင်းပြင်၊ ခရေပင်ကြီးအောက်တွင် တွေ့ဆုံဖြစ်ခဲ့ကြသော အဖြစ်ကို ချက်ချင်းသတိရလိုက်၏။

ထိုစဉ်က မိမိတို့ဘဒ္ဒကစ္စနာနှင့် စကားစမြည်ပြောဆိုနေကြစဉ် ဒေဝဒတ္တရောက်ချလာပုံနှင့် ပြောသွားသည့်စကားများ၊ "ဒေဝဒဟနန်းတော်ထဲမှာ ငါ့ကိုတွေ့အောင် မရှာနိုင်ဘူး။ညှံ့ဖျင်းသေးတာပဲ။ ငါကမြောက်ဘက်ဥယျာဉ်ထဲက မြွေလှောင်အိမ်မှာ တစ်ချိန်လုံးရှိနေတာပဲ"

ထိုစဉ်က သူ့လက်ထဲကိုင်ဆောင်လာခဲ့သော သစ်မြစ်လိုလို သစ်ခက်လိုလို ခပ်စိမ်းစိမ်းအရာတစ်ခု။ "ဒါ.... နဂါးသန်လျက်ပင်လို့ခေါ်တယ်။ ကပိလဝတ်အဝင် တောစပ်မှာ အုံလိုက်ကြီးပေါက်နေတာတွေ့လို့ ငါချိုးလာတာ၊ နဂါးသန်လျက်ဆိုတာ မြွေနိုင်တဲ့အပင်တစ်မျိုးပဲ။ မင်းတို့ မသိပေမယ့် ငါ့အတွက်တော့ သိပ်အဖိုးတန်တာကလား"

ဒေဝဒတ္တ ပြောခဲ့သောစကားများ။

"မင်းတို့ရဲ့ တောင်ထိပ်နက္ခတ်ပွဲကတော့ ဘယ်လိုနေမလဲမသိဘူး။ အလမ္ပာယ်ပြပွဲတွေ ဘာတွေကော ရှိရဲ့လား။ ရှိမယ်မထင်ပါဘူးကွာ။ ငါ့ကို အာဂျန္တလိုဏ်ဂူကြီးတွေ၊ ကျောက်တောင်ကြီးတွေဆီ လိုက်ပို့စမ်းပါဆိုတာကို ပြောလို့မရဘူး။ အဲဒီမှာ မြွေဖြူကြီးတွေ ရှိတယ်ဆိုပဲ။ အနှစ် ရာနဲ့ချီ အသက်ရှည်တဲ့ မြွေဖြူကြီးတွေတဲ့။ အဆိပ်ကလဲ အင်မတန်ပြင်းတယ်တဲ့။ အသေးဆုံးအကောင်ကိုက ငါတို့ကိုယ်လုံးလောက် ရှိသတဲ့"

ဒေဝဒတ္တ၏ အမူအရာများ၊ စကားများကို ပြန်ကြားယောင်ရင်း အာနန္ဒသည် စိတ်မသက်မသာ ဖြစ်သွားလေသည်။ ဥဒါယီကို လှည့်ပြောလိုက်သည်။

"ဥဒါယီ ဒေဝဒတ္တဟာ မြွေအလမ္မာယ်ကို စွမ်းရည်ပြဖို့ ကြိုတင်ပြင်ဆင်ထားခဲ့တာပဲ။ တို့ရဲ့ ကပိလဝတ်ကို တောင်ထိပ်နက္ခတ်ပွဲ အကြောင်းပြပြီး မရောက်ရောက်အောင်လာ။ ပြီးတော့ သူ့အလမ္မာယ်ကိုပြဖို့ သူကြိုတင်စီစဉ်ခဲ့တယ်"

ဥဒါယီက ပခြုပ်ကြီးဆီမှ မျက်စိမခွာဘဲ ပြန်ပြောသည်။

"ဟုတ်တယ်အရှင် တကယ်တော့ ဒီသေနင်္ဂစွမ်းရည်ပြပွဲ ပြိုင်ပွဲနဲ့မကြုံလဲ နန်းတော်ထဲမှာ သူတစ်နည်းနည်းနဲ့စီစဉ်ပြီး ပြသမှာပဲ။ အခုတော့ စွမ်းရည်ပြပွဲနဲ့ ကြုံကြိုက်သွားပြီး သူပိုသဘောကျသွားတာပေါ့။ ဘာပဲဖြစ်ဖြစ် သူ့ကို ကျွန်တော် သဘောမကျဘူးအရှင်။ ဒေဝဒတ္တဟာ လူတွေရဲ့ ထိတ်လန့်ကြောက်ရွံ့မှုကို အရသာခံ စားသုံးလိုစိတ်ရှိတယ်လို့ ကျွန်တော်ထင်တယ်။ အရှင်သိဒ္ဓတ္ထက ဘာလို့များ သူ့ကို ခွင့်ပြုလိုက်ရသလဲမသိဘူး"

ဆက်ပြောရန် အခွင့်မသာတော့။ အကြောင်းမှာ ကွင်းအပြည့် ပရိသတ်ကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြင့် တဝေါဝေါအသံများ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

ဒေဝဒတ္တဆွဲဖွင့်ထားသော ပခြုပ်နှုတ်ခမ်း ပတ်ပတ်လည်ပေါ်တွင် အရွယ်ရွယ် အစားစားသော မြွေများက လွန့်လူးထိုးထွက်နေကြပေပြီ။

"သိပ်အန္တရာယ်ကြီးတဲ့ ဒီလိုပြကွက်မျိုးကို ဒီလိုနေရာ ဒီလိုအချိန်မျိုး မှာ သူ မပြသင့်ဘူး"

ဥဒါယီက မကျေမချမ်း ညည်းတွားနေ၏။

ကွင်းလယ်တွင်ကား ဒေဝဒတ္တသည် လက်များကို ဝှေ့ယမ်းလျက်၊ ကိုယ်ကိုကိုင်းလျက်၊စန့်လျက်၊ပခြုပ်ကိုလှည့်ပတ်လျက် ရှိနေသည်။ မြွေတွေထွက်လာလိုက်ပုံမှာ ရေပြည့်အိုးမှ ရေများလျှံကျသည့်နှယ် ဖြစ်သည်။ အချို့မြွေများမှာ မြေပေါ်သို့ရောက်ရှိနေကြသည်။ အချို့မှာ ပခြုပ်နှုတ်ခမ်းဝတွင် ထွက်ပြူ လျှောဆင်းနေကြဆဲ။ မြွေများမှာ အရွယ်အစားစုံသကဲ့သို့

အရောင်အသွေးလည်း စုံလှ၏။ တစ်ကောင့်တစ်ကောင် ပူးယှက်ရစ်လိမ်လျက် တိုးဝှေ့ရွေ့လျားဆင်းနေကြသည်မှာ စက်ဆုပ်ရွံရှာဖွယ်အတိပင်။

“အလမ္ပာယ်ဆရာတွေ ပြလေ့ရှိပါတယ်။ ဒါပေမယ့် မြွေခပ်ကြီးကြီး တစ်ကောင်တည်းကိုပဲ ပခြုပ်ထဲထည့်ယူလာပြီး ပြတတ်ကြတာများတယ်။ အခုလို မြွေမျိုးစုံကို ထည့်ယူလာတာမျိုးကတော့ အန္တရာယ်ကြီးလွန်းလှ တယ်။ ဒီအထဲက တစ်ကောင်တလေ လွတ်ထွက်သွားပြီး သူမထိန်းချုပ်နိုင် ရင် ပရိသတ်ဆီ တိုးဝင်လာမှာကို သူ မစဉ်းစားဖူးလား။အို.... တစ်ကောင် တလေမဟုတ်ဘူး။ သူလုပ်နေတဲ့ပုံနဲ့ဆိုရင် မြွေတွေအများကြီး လွတ်ထွက်သွားနိုင်တယ်”

ဥဒါယီ၏အသံမှာ စိုးရိမ်စိတ်ဖြင့်ကျယ်လောင်သွား၏။ ဘေးမှ လူများကြားသွားကြပြီး ထိတ်လန့်ညည်းညူသံများ ပေါ်လာလေသည်။

ထိုအချိန်တွင် မြွေများသည် မြေပြင်ပေါ်၌ တွန့်လိမ်ကွေးကောက် တွားသွားရင်း အန့်အပြားဖြစ်နေပေပြီ။ ဒေဝဒတ္တ၏ ခြေနှစ်ဖက်အကြားနှင့် ခြေဖမိုးပေါ်မှလည်း ဖြတ်သန်းရွေ့လျားနေကြသည်။ ပရိသတ်များမှာ လှုပ်လှုပ်ရွရွဖြစ်ရုံမက မိန်းမပျိုများရှိနေသည့် နေရာများမှာ စူးရှသေးငယ်သော ထိတ်လန့်တကြား အော်ဟစ်သံများပင် ထွက်ပေါ်လာကြသည်။ အခြေ အနေကား ရုတ်ရုတ်သဲသဲ ဖြစ်စပြုနေပေပြီ။

အာနန္ဒသည် နောင်တော်သိဒ္ဓတ္ထကို လှမ်းကြည့်လိုက်သည်။ မဖွယ်မရာ အန္တရာယ်ကြီးလှသောပြကွက်ကို နောင်တော် မည်သို့အရေးယူ ဆောင်ရွက်မည်နည်း။

သိဒ္ဓတ္ထမင်းသားသည် စင်မြင့်ထိုင်ခုံအထက်တွင် ပကတိသော စွင့်မတ်သည့် ကိုယ်အနေအထားဖြင့် မလှုပ်မရှားတည်နေ၏။ တောက်ပသော မျက်လုံးများကမူ ကွင်းလယ်မှ ဒေဝဒတ္တကို မျက်တောင်မခတ်စတမ်း ကြည့်နေသည်။ အရပ်လေးမျက်နှာသို့ အန့်အပြားထွက်နေသည့်မြွေများကို

နောင်တော်သိဒ္ဓတ္ထ လိုက်ကြည့်နေခြင်းမရှိ။

"ကျွန်တော် သည်းမခံနိုင်တော့ဘူးအရှင်။ ဒီ ယုတ်ညံ့တဲ့ပြကွက် ရပ်ဆိုင်းသွားအောင် တစ်ခုခုတော့ လုပ်ရလိမ့်မယ်"

ဝုန်းခနဲထလာသော ဉဒါယီကို အာနန္ဒ ဆွဲထားလိုက်ရ၏။

"ဘာမှမလုပ်နဲ့ စောင့်ကြည့်လိုက်ဦး၊ လိုအပ်ရင် ငါပါ ပါဝင်မယ်"

မြွေများသည် ကွင်းစပ် ပွဲကြည့်စင်မြင့်များ အောက်ခြေဆီသို့ ဦးတည်ရွေ့လျားနေကြလေသည်။ သို့သော် ပခြုပ်ထဲမှထွက်၍ နေရာအနှံ့ အပြားသို့ ထွက်နေပုံမှာ ဦးတည်ရာမဲ့ လျှောက်သွားနေပုံမျိုးမဟုတ်။ အမိန့် တစ်ခုခုကို နာခံပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိသာလာသည်။ ဒေဝဒတ္တသည် သူ၏ အလမ္ပာယ်ပညာဖြင့် မြွေများကို ထိန်းချုပ်စေခိုင်းနေ သည်လား။

အာနန္ဒ၏ အတွေးမှာပို၍ သေချာသွားသည်။

ဒေဝဒတ္တသည် လက်ချောင်းများကို နှုတ်ခမ်းတွင်းဝတွင် တေ့ကာ တစ်စုံတစ်ခုကို ရွတ်ဖတ်သလို အော်မြည်သလိုလုပ်နေ၏။ မမြင်ရသော ကြိုးများဖြင့် မြွေများကို ချည်နှောင်ထားသည့်နှယ်။ သူ့လက်များကို ဆုပ် ချည်ဆန့်ချည် လှုပ်ရှားနေပုံမှာလည်း အဆက်မပြတ် တရစပ်ပင်ဖြစ်သည်။ ဒေဝဒတ္တမြွေတွေကို ထိန်းချုပ်ခိုင်းစေနေသည်မှာ ထင်ရှားသည်။ သို့ဆိုလျှင် အရပ်မျက်နှာများသို့ သူဖြန့်လွှတ်လိုက်သော မြွေတွေကို သူပြန်စု သိမ်း ဆည်းနိုင်ပေလိမ့်မည်။ ဒေဝဒတ္တ သူ့ကောင်တွေကို နိုင်နိုင်နင်းနင်းကိုင်တွယ် နိုင်ပါစေဟု အာနန္ဒ စိုးရိမ်ကြီးစွာ ဆုတောင်းမိပါတော့သည်။

ပရိသတ်မှာမူ အခြေပျက်စပြုလေပြီ။

မြွေအချို့သည် ကွင်းစပ်ရှိစင်မြင့်နှင့်ခြားထားသော နံရံကို တွယ်ရန် ကြိုးစားနေကြပေပြီ။ အောက်ခြေတွင်ထိုင်နေသော ပရိသတ်မှာ ပြေးသူပြေး အော်သူအော်ဖြင့် ဝရုန်းသုန်းကားဖြစ်လာပေပြီ။

"သူတစ်ခုခု လုပ်ဖို့ကောင်းပြီ"

ဥဒါယီအော်သံ ထွက်လာ၏။

ထိုစဉ်မှာပင် ထူးဆန်းသော အော်မြည်သံတစ်ခု ပေါ်လာသည်။ ဒေဝဒတ္တထံမှ ဖြစ်သည်။ လေချွန်သံလိုလို၊ သစ်ရွက်လှုပ်သံလိုလို၊ ခရာသံလိုလို စူးရှသောအသံမျိုးဖြစ်သည်။ ဒေဝဒတ္တသည် လက်ဖဝါးကို နှုတ်ခမ်းဝတွင် ဒေါင်လိုက်တေ့ကပ်ကာ အော်မြည်နေခြင်းဖြစ်၏။

အံ့မခန်း တွေ့မြင်ကြရတော့သည်။

အလှုပ်လှုပ်အရွရွ၊ နေရာအနှံ့ရောက်ရှိနေကြသော မြွေများသည် ရောက်ရှိနေကြဆဲနေရာများတွင် တုံ့ရပ်သွား၏။ ဒေဝဒတ္တထံမှလည်း တရှိုရှို အသံ အဆက်မပြတ်ထွက်ပေါ်ဆဲ။

မြွေများသည် ပါးပျဉ်းခွက်လျက်၊ဦးခေါင်းထောင်လျက် ရှိနေရာမှ ငြိမ်သက်သွားကြသည်။ဒေဝဒတ္တသည် ခါးစည်းကြိုးအတွင်းမှ တစ်စုံတစ်ခု ထုတ်ယူလိုက်သည်။ လက်ထဲတွင်ပါလာသော အရာမှာ နဂါးတစ်ကောင် ပါးပျဉ်းထောင်နေသည့် ပုံသဏ္ဍာန် ထုလုပ်ထားသော လက်ကိုင်တုတ်တို တစ်ချောင်းဖြစ်၏။

ထိုတုတ်တို တောင်ဝှေးငယ်ကို ဒေဝဒတ္တသည် ဝှေ့ယမ်းလိုက်သည်။ ခြေထောက်ကိုလည်း မြေပြင်တွင် ဖနောင့်ဖြင့်ဆောင့်သည်။ မြွေများသည် အတန်ကြာရပ်တန့်ရပ်ဆိုင်းနေရာမှ ကွင်းလယ်သို့လာရာလမ်းအတိုင်း တွန့်လိမ်ရွေ့လျား ပြန်သွားကြလေသည်။ ဒေဝဒတ္တသည် ပခြုပ်၏နှုတ်ခမ်းဝကို တုတ်တိုဖြင့် ချက်မှန်မှန်ခေါက်နေသည်။ မြွေများ အလျှိုအလျှို ပခြုပ်ထဲသို့ ပြန်လည်ဝင်ရောက်သွားကြလေသည်။

လှုပ်လှုပ်ရွရွဖြင့်အခြေပျက်နေသော ပရိသတ်ကြီးဆီမှ ဝေါခနဲ အသံကြီးတစ်ချက်ပေါ်လာသည်။ စိတ်သက်သာရာရသွားသော၊ အကြောက်ပြေသွားသော သက်မချသံကြီးဖြစ်သည်။မြွေများ တစ်ကောင်ပြီးတစ်ကောင်

ပခြုပ်ထဲသို့ဝင်သွားကြပုံမှာ အံ့မခန်းမြင်ကွင်းပင် ဖြစ်တော့၏။

ပရိသတ်ကြီး၏ကောင်းချီးသြဘာသံများ တစ်ခဲနက်ပေါ်လာသည်။

ဥဒါယီထံမှ လေးလံသော သက်ပြင်းမှုတ်ထုတ်သံကြီးကို အာနန္ဒ ကြားလိုက်ရသည်။

"သူဟာ အံ့မခန်းအလမ္ဗာယ်ပညာရှင်ဆိုတာကိုတော့ သံသယ ဖြစ်စရာ မလိုပါဘူး။ ဒါပေမယ့် ဒီလိုလုပ်တာ ကျွန်တော်မကြိုက်ဘူး"

သက်မချသံနှင့်အတူ ဥဒါယီ ရေရွတ်သည်။

"အေးပေါ့ကွယ်၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချ...."

အာနန္ဒ၏စကားကို ပရိသတ်ကြီးဆီမှ ဝေါခနဲအသံကြီးတစ်ခုက ဖုံးအုပ်သွားသည်။ ကောင်းချီးသြဘာသံမျိုး မဟုတ်။ အသည်းတုန် ရင်တုန် ဖွယ်တစ်ခုကို ထပ်မံမြင်တွေ့ရသောကြောင့် ကြောက်ခြင်းကြီးစွာ မြည်တမ်း လိုက်သည့် အသံမျိုး။

"ဟော.... ဟို.... ဟိုမှာ.... အရှင်၊ မြွေ.... မြွေကြီးတစ်ကောင်"

ဥဒါယီ၏အော်သံ။ ဥဒါယီညွှန်ပြရာ လှမ်းကြည့်လိုက်ပြီးနောက် တွင် အာနန္ဒသည် မျက်စိများပြာဝေသွားသည်။ အနက်နှင့်အဝါကြား၊ လုံး ပတ်အားဖြင့် ပေါင်လုံးလောက်ခန့်ရှိသည့် အကြီးဆုံးမြွေကြီးတစ်ကောင်။ အခြားမြွေများ ပခြုပ်ထဲသို့ ပြန်ဝင်သွားကြပြီဖြစ်သော်လည်း ထိုမြွေကြီး သည် လာရာလမ်းသို့မပြန်ဘဲ တလူးလူး တလွန့်လွန့်ဖြင့် ရှေ့သို့ သွားမြဲ တိုင်း တွားသွားနေလျက်။

ထိုမြွေကြီး၏ ဦးတည်ရာကား။

နောင်တော်သိဒ္ဓတ္ထ ထိုင်နေသည့် စင်မြင့်ရှိရာသို့။

# အခန်း ၈

မြွေအားလုံး ပခြုပ်ထဲသို့ ပြန်ရောက်သွားကြပေပြီ။ သို့သော် အကြီးမားဆုံးသော ထိုမြွေကြီးမှာကား နောက်ကြောင်းပြန်လှည့်ဖို့ဝေးစွ။ စင်မြင့်ဆီသို့သာ လူးလွန့်လှုပ်ရှားနေလေသည်။

အနီးအနားရှိ ရဲမက်များသည် ရုတ်တရက်ထိတ်လန့်ကာ ဖရိုဖရဲဖြစ်သွားကြသည်။ ဥဒါယီက "အရှင့်သားရှေ့မှာ အကာအကွယ်ပေးကြ" ဟု လှမ်းအော်သည်။ သူကိုယ်တိုင်လည်း အထက်စင်မြင့်ဆီသို့ပြေးတတ်သည်။ ဥဒါယီလက်ထဲတွင် ဓားမြှောင်တစ်ချောင်း စွဲကိုင်ထားသည်။ အာနန္ဒလည်း လှေကားထစ်သဖွယ် စင်မြင့်များကို ခုန်လွှားပြေးတတ်ခဲ့သည်။ မိမိ၌ ဘာလက်နက်မျှမပါ။ ရဲမက်တစ်ဦးဦးထံမှ ရရာလက်နက်ကို ယူလိုက်ရန်သာရှိသည်။ သို့မဟုတ်ပါကလည်း နောင်တော်၏ရှေ့တွင် ပိတ်ဆီးကာကွယ်ထားမည်။

မြွေကြီးကား နောင်တော်သိဒ္ဓတ္ထရှိရာသို့ တရွေ့ရွေ့တရိပ်ရိပ်။ ကြောက်လန့်တကြားအော်ဟစ်သံများ၊ ဝရုန်းသုန်းကား ထွက်ပြေးသံများ

ဖြင့် ရှုပ်ထွေးသွားသည်။ အာနန္ဒ အမိန့်ပေးသည်။

"သိဒ္ဓတ္ထအရှင် ရှေ့မှာ ကာကွယ်ပေးထားကြ။ ရရာလက်နက်နဲ့ မြွေကြီးကိုသတ်"

ရဲမက်များမှာ ရုတ်ရုတ်သဲသဲဖြစ်နေသော လူအုပ်ကြီးကြောင့် သိဒ္ဓတ္ထမင်းသားရှေ့သို့ မရောက်နိုင်အောင် ဖြစ်နေကြ၏။ အချင်းချင်းတိုးဝှေ့တွန်းတိုက်မိကာ လဲပြိုကုန်ကြသည်။ ငယ်သံပါအောင် အော်ဟစ်သံများလည်း ကျွတ်ကျွတ်ညံသွားသည်။

အာနန္ဒ ကိုယ်တိုင်ပင် စင်မြင့်လှေကားထစ်များကို မကျော်လွှားနိုင်ဖြစ်နေ၏။ မည်သို့မျှ အော်ဟစ်အမိန့်ပေး၍မရ။ သွေးရူးသွေးတမ်းအော်ဟစ်ရင်း ဦးတည့်ရာထပြေးကြသော လူအုပ်ကြီးကို ထိန်းချုပ်၍မရ။ "ဒေဝဒတ္တ အရှင့်သား လုပ်ပါဦး"ဟူသော အော်သံများကိုလည်း ကြားရသည်။

ဒေဝဒတ္တသည် ကွင်းလယ်မှနေ၍ သိဒ္ဓတ္ထမင်းသားထိုင်နေရာ စင်မြင့်ဆီသို့ ပြေးလာသည်။ သို့သော် သူလည်း ဖရိုဖရဲ လူအုပ်ကြီးကြားတွင် ထိုးဖောက်မရဖြစ်နေသည်။

မြွေကြီးကား စင်မြင့်အထစ်များကို လျှောခနဲလျှောခနဲ လွန့်၍ တက်လာနေသည်။ရန်သူရှိရာ သို့မဟုတ် စက်ကွင်းဗဟိုရှိရာသို့ ပျံသန်းလာသော မြားတစ်စင်းပမာ၊ တန်းတန်းမတ်မတ် တည့်တည့်တူရူ ရှိလေသည်။ အာနန္ဒသည် ရှေ့မှာလဲပြိုကျလာသူများ ကစင့်ကလျားပြေးနေသူများကို တွန်းထိုးဖယ်ရှားကာ နောင်တော်ရှိရာသို့ရောက်အောင် ခက်ခဲစွာတက်နေရ၏။

နောက်ဆုံးတွင်ကား အာနန္ဒသည် အပေါ်ဆင့်မှထွေးခနဲကျလာသော လူအုပ်စုနှင့်တိုက်မိပြီး လဲပြိုသွားရာမှ ကုန်းရုန်းထကာ လှေကားထစ်များပေါ်တွင် မှောက်လျက်ကျသွား၏။ မိမိဘေးမှ အနက်နှင့်အဝါစင်းကြီး ရိပ်ခနဲ ဖြတ်တက်သွားသည်ကို တွေ့လိုက်ရ၏။ ဝမ်းခေါင်းသံကြီးဖြင့် အာနန္ဒ အော်လိုက်သည်။

"နောင်တော်.... သိဒ္ဓတ္ထ"

*            *            *

သောသောအုတ်အုတ် အသံဗလံပေါင်းစုံထဲတွင် "နောင်တော် သိဒ္ဓတ္ထ"ဟု အော်လိုက်သောအသံမှာ အကျယ်လောင်ဆုံးဖြစ်သွား၏။ ထို့အပြင် ရုန်းရင်းဆန်ခတ်ဖြစ်နေသည်များကို အဆုံးသတ်ပေးလိုက်သော အသံလည်း ဖြစ်သွားသည်။ အာနန္ဒ၏အော်သံအဆုံးတွင် အသံအားလုံး တိတ်ဆိတ်သွားသည်။

ထိုတိတ်ဆိတ်ခြင်းကား အန္တရာယ်၏ အဆုံးသတ်မဟုတ်ချေ။

အန္တရာယ်၏ နောက်တစ်ဆင့်သို့ အားယူသည့် တိတ်ဆိတ်ခြင်း။

လူအားလုံးသည် အဆုံးစွန်သောထိတ်လန့်မှုဖြင့် ဆွံ့အသွားကြပြီထင်ရ၏။ အကြောင်းမူကား အနက်နှင့်အဝါ ပြောက်ကျားသော အဆင်းရှိသည့် ဧရာမမြွေကြီးသည် သိဒ္ဓတ္ထမင်းသား ထိုင်နေသော စင်မြင့်နှင့် လှေကား လေးထစ်စာမျှနီးကပ်သော နေရာသို့ ရောက်နေပြီဖြစ်လေသည်။

နောင်တော် သိဒ္ဓတ္ထအတွက် အဆုံးစွန်သော စိုးရိမ်မှုကြောင့်လား၊ ကြောက်စရာမြွေကြီးကို အနီးကပ်မြင်ရသောကြောင့်လား နှစ်ခုစလုံးကြောင့်လည်း ဖြစ်ချေမည်။ အာနန္ဒ အသံမထွက်တော့။ မြင်ကွင်းထဲတွင် ပါးပျဉ်းခွက်ထောင်ထားသော မြွေကြီးနှင့် နောင်တော်သိဒ္ဓတ္ထတို့ကိုသာ မြင်နေရ၏။

အနက်နှင့်အဝါစင်းဟု စောစောကမြင်လိုက်ရသော မြွေကြီးမှာ အခုလို အနီးကပ်မြင်လိုက်ရတော့မှပင် အခြားအရောင်များဖြင့်လည်း ပြိုးပြောက်တောက်ပနေသည်ကို တွေ့ရသည်။ အနက်စင်းကြားများသည် သာမန်မဟုတ်ဘဲ ခဲပုပ်ရောင်များ အကွက်အကွက် ရက်ဖောက်နေသည်။ အဝါရောင်ထဲမှာလည်း အကြေးခွံအကွက်၏ အနားသပ်များ၌ အနီရောင်မျဉ်းကြောင်းများရှိနေ၏။ မည်သို့သော မြွေမျိုးပေနည်း။ သူ၏ပါးပျဉ်းမှာ

စစ်ရေးစွမ်းရည်ပြ စစ်သည်တို့၏ ဒိုင်းလွှားငယ်ပမာဏလောက် ရှိသည်။ စွင့်မတ်သောပါးပျဉ်းကို ရှေ့နောက်ဝဲယာ လှုပ်ယမ်းနေပုံမှာ သွေးကြောင်သူသာဆိုလျှင် မြင်ရုံဖြင့်ပင် နေရာမှာ သတိလစ်သွားနိုင်သည့် မြင်ကွင်း။

အာစေးထည့်ထားသလို အသံမထွက်နိုင်ရုံမျှမက ခြေလက်များလည်း တုံ့ဆိုင်းအေးခဲနေကြကြောင်း အာနန္ဒသတိထားလိုက်မိ၏။ခြေလက်များ လှုပ်၍မရ။ သွေးလည်ပတ်မှုပင် ရှိပါသေးစဟု ထင်မိလေသည်။

နောင်တော်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ....

နောင်တော်သည်လည်း ပကတိမလှုပ်မယှက်။

သို့သော် မိမိနှင့်အခြားသူများကဲ့သို့ ကြောက်အားကြီး၍ ဆွံ့အထုံထိုင်းသွားသည့် ငြိမ်သက်မှုမျိုးမဟုတ်။ နောင်တော်သည် သူထိုင်နေသော စင်မြင့်ခုံထက်တွင် တုန်လှုပ်ခြင်းကင်းသော အနေအထားဖြင့် ထိုင်နေ၏။ထိုင်ခုံလက်ရန်းထိပ်က ပန်းကနုတ်ပေါ်တွင် တင်ထားသော နောင်တော်၏ လက်ချောင်း လက်သွယ်များသည် သက်သောင့်သက်သာ ရှိချေ၏။ ပန်းကနုတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားကြသည် မဟုတ်ချေ။

ထို့ထက်မူ နောင်တော်၏ မျက်လုံးများ....။

အာနန္ဒ ဘယ်တုန်းကမှမမြင်ခဲ့ဖူးသော မျက်လုံးလေးများကို တွေ့လိုက်ရချေသည်။ နောင်တော်၏မျက်နှာကို တစိမ့်စိမ့် လေးစားမြတ်နိုးစွာ ကြည့်မြင်ခဲ့ဖူးသော အကြိမ်ပေါင်း အရာ အထောင် အသောင်းတို့တွင် အာနန္ဒ မြင်ခဲ့ရသည်မှာ စူးရှသော၊ တောက်ပသော၊ လင်းလက်သော မျက်ဝန်းအိမ်များသာ ဖြစ်၏။

ယခုတွေ့နေရသော မျက်လုံးများကို အာနန္ဒ ယခင်က တစ်ခါမျှ မမြင်ဖူးချေ။ ကြောက်စရာကောင်းလှသော မြွေကြီးနှင့် ရင်ဆိုင်တွေ့နေရသော အချိန်မျိုးတွင် နောင်တော့်မျက်လုံးများမှာ မြွေကြီးနှင့်အတူ တန်ပြန်သို့မဟုတ် မြွေကြီးထက် ပိုမိုစူးရဲနီမြန်းသော မျက်လုံးမျိုး ဖြစ်ဖို့ကောင်း၏။

ယခုမူကား နောင်တော့် မျက်ဝန်းအိမ်များ၌ ထူးခြားသော အငွေ့များက ခိုးယှက် ဖုံးလွှမ်းနေသည်ဟု ထင်ရလေသည်။

ပါးပျဉ်းခွက်ကြီးကိုလှုပ်ယမ်းလျက် မြွေကြီးက နောင်တော်ရှိရာသို့ မမိုတ်မသုန်ကြည့်နေသည်။ နောင်တော်ကလည်း မြွေကြီးကို မလွှဲမဖယ် စတမ်းကြည့်နေ၏။ အဆိပ်ပြင်းသော အဟိတ်တိရစ္ဆာန်တစ်ကောင်နှင့် မြင့်မြတ်သော ယောကျ်ားလူသားတို့ အကြည့်ချင်းဆိုင်နေ၏။

လှုပ်ယမ်းနေသောပါးပျဉ်းသည် တစ်စတစ်စ ငြိမ်သက်သွားသည်။

နောက်ဆုံးတွင် လှုပ်ရှားမှုဟူ၍ စိုးစဉ်းမျှမရှိတော့သည်အထိ ငြိမ်သက်သွား၏။ သက်ရှိမြွေတစ်ကောင်ဟုပင် မထင်ရတော့။ လက်ရာမြောက်စွာ ထုဆစ်ထားသော မြွေရုပ်ကြီးတစ်ရုပ်ဟု ထင်ရလောက်အောင် လှုပ်ရှားခြင်း ကင်းလှစွာ စွင့်မတ်လျက် ရှိနေလေသည်။

နောင်တော်သည်လည်း ပကတိငြိမ်သက်လျက်။

မျက်တောင်မခတ်သော မျက်လုံးအိမ်များကလည်း မြွေကြီးထံမှ မရွှေ့မဖယ်စတမ်း။ အာနန္ဒသည် နောင်တော်၏ထူးခြားလှသော မျက်ဝန်းများမှ စီးလွင့်ဖြာထွက်နေသည့် မမြင်ရသောအလင်းတန်းများကို ကြည့်ရင်း ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာ၏။

ထို့နောက်တွင်ကား နောင်လပေါင်းများစွာကြာသည့်တိုင် အာနန္ဒတစ်ယောက် ဥဒါယီကို ပြောမဆုံးနိုင်တော့သည့် ဆန်းကြယ်သောဖြစ်ရပ်များ ပေါ်ပေါက်လာလေသည်။

ပထမဦးစွာသတိထားမိလိုက်သည်မှာ မြွေကြီး၏ပါးပျဉ်းများ တဖြည်းဖြည်း သေးငယ်ကြုံ့ဝင်သွားခြင်း ဖြစ်သည်။ ထို့နောက် ကြည့်နေရင်းမှာပင် ပါးပျဉ်းခွက်ကြီး ပျောက်ကွယ်သွားသည်။ ထို့နောက် နှစ်တောင်၊ သုံးတောင်ခန့်မျှအထိ မတ်မတ်ထောင်နေသော မြွေကြီး၏အပေါ်ပိုင်းသည် တစ်စတစ်စ နိမ့်ဆင်းသွားသည်။ တစ်ခုခုက အောက်မှဆွဲယူလိုက်သလို

သို့မဟုတ် တစ်ခုခုက ဦးခေါင်းထက်မှနေ၍ နှိမ့်ချလိုက်သလို စင်းစင်းကျသွားလေသည်။

နောက်ဆုံးတွင်ကား မြွေကြီးသည် မိမိ၏မေးရိုးကိုလှေကားထစ်ပေါ်တွင် အလိုက်သင့်မေးတင်သည်အထိ ပြေလျော့သွား၏။ ရစ်ခွေထားသော ခန္ဓာကိုယ်အလယ်ပိုင်းနှင့် အမြီးပိုင်းတို့သည် အသာအယာပင် ဖြေလျော့သွားကြပြီးနောက်....

မြွေကြီးသည် စင်မြင့်လှေကားထစ်များအတိုင်း နောက်ကြောင်းပြန်ဆုတ်ကာ အလျော့လျော့ လူးလွန့်ယှက်လိမ်လျက် ဆင်းသွားလေသည်။ စောစောက ထိတ်လန့်ခြင်းများစွာဖြင့် ဝရုန်းသုန်းကားဖြစ်ခဲ့ကြပြီး ယခုအခါ အတိုင်းမသိ အံ့သြခြင်းများဖြင့် ပကတိ တိတ်ဆိတ်ငြိမ်သက်နေကြသော လူအများရှေ့မှာပင် မြွေကြီးသည် လာရာလမ်းအတိုင်း တရိပ်ရိပ်ပြန်ဆင်းသွားခဲ့လေပြီ။

အာနန္ဒ နောက်ဆုံးမြင်လိုက်ရသည်ကား ပွင့်ဟနေသော ပခြုပ်ထဲသို့ မြွေကြီးလျှောခနဲဝင်သွားခြင်းပင်ဖြစ်၏။ ထိုအချိန်ကျမှပင် အာနန္ဒလည်း တစ်စုံတစ်ယောက်ကို သတိရလာ၏။ နှုတ်မှလည်း ခပ်အုပ်အုပ်အော်မေးလိုက်သည်။

"ဒေဝဒတ္တ ဘယ်ရောက်နေသလဲ"

ဒေဝဒတ္တကို ရှာမတွေ့။ လူတွေ လှုပ်လှုပ်ရွရွ ပြန်ဖြစ်လာသည်။ စင်မြင့်ထက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ နောင်တော်သိဒ္ဓတ္ထလည်း မရှိတော့ပေ။

*　　*　　*

စစ်ရေးစွမ်းရည်ပြပွဲ ပြီးသွားသည့် နောက်တစ်နေ့မှာပင် ဘဒ္ဒကစ္စနာသည် ဒေဝဒဟသို့ ပြန်သွား၏။ ဒေဝဒတ္တကား သူ၏ပခြုပ်တွင်းမှ မြွေကြီး

လွတ်ထွက်သွားပြီး သူ့မြွေကို သူမသိမ်းဆည်းနိုင်တော့သည့် ဖြစ်ရပ် နောက်ပိုင်းတွင် ဘယ်ပျောက်သွားမှန်း မသိရတော့ပေ။ သံတော်ဆင့်များ၏ သတင်းပေးချက်မှာမူ ဒေဝဒတ္တသည် လူတွေ ရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် မြွေကြီးပခြုပ်ထဲ ပြန်ဝင်သွားပြီးနောက် သူ့ပစ္စည်းများကိုသိမ်းကာ ထိုည မှာပင် ကမန်းကတန်းပြန်သွားသည်ဟု ဆိုလေသည်။

"ဒါဆိုရင် သူတို့မောင်နှမ အတူတူပြန်သွားတာ မဟုတ်ဘူးပေါ့"

စွမ်းရည်ပြပွဲအပြီးသုံးရက်အကြာတွင် ဥယျာဉ်တော်ထဲ၌ ဆုံမိကြစဉ် ဥဒါယီကပြော၏။

"မဟုတ်ဘူး၊ ဒေဝဒတ္တက အရင်ပြန်နှင့်တာ။ ဘဒ္ဒကစ္စနာခများတော့ သူ့အစ်ကိုတော်ကြောင့် အများကြီးစိတ်မချမ်းမသာဖြစ်ရရှာတယ်။ ဘဒ္ဒ ကစ္စနာဟာ သိဒ္ဓတ္ထအရှင်ကို တောင်းပန်ဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် ကိုယ်တော်အရှင်က အဲဒီညမှာပဲ မြစ်ကမ်းဘက်ကိုခရီးဆက်ခဲ့ပြီး နောက် တစ်နေ့လုံးလဲ တောအုပ်ထဲမှာပဲ လှည့်လည်နေခဲ့တယ်။ ညအတော်မိုးချုပ်မှ ပြန်ရောက်တယ်။ ဘဒ္ဒကစ္စနာက နောက်နေ့ အစောကြီးပြန်ရမှာဆိုတော့ သူ့ခမျာ အရှင့်ဆီဝင်ပြီး တောင်းပန်စကားဆိုဖို့ အခွင့်အရေးမရလိုက်ရှာဘူး ပေါ့"

ဆန္နက ရှင်းပြသည်။

"မြစ်ကမ်းနဲ့ တောအုပ်တွေဆီ နောင်တော်လှည့်လည်နေချိန်မှာ မင်း လိုက်သွားသေးလား ဆန္န"

"ဟင့်အင်း၊ အရှင်က ရထားနဲ့ထွက်သွားတာ၊ ငါက ကဏ္ဍကကို အသင့်ပြင်ပြီး စောင့်နေတာ။ ငါ ပါမသွားဘူး"

သူ ဘာကြောင့် စစ်ရေးကွင်းကနေ နန်းဆောင်မပြန်ဘဲ ခရီးထွက် သွားရတာတဲ့လဲ"

"ဒါတော့ ငါလဲမသိနိုင်ဘူး"

"ဒါဆိုရင် ဟိုမြွေကြီးကို ကိုယ်တော်အရှင်က ဘယ်လို လုပ်လိုက်တယ် ဆိုတာလဲ မင်းမသိရသေးဘူးပေါ့၊ ဟုတ်လား ဆန္ဒ"

"ဒါလဲ မသိရသေးဘူး"

ဥဒါယီနှင့် ဆန္ဒတို့ စကားလက်ဆုံကျနေကြသည့် အချိန်တွင် အာနန္ဒ စကားဝင်မပြောမိ။ သို့သော် မြွေကြီးနှင့်ပတ်သက်သော အကြောင်းသို့ ရောက်လာသောအခါတွင်ကား အာနန္ဒ ငြိမ်၍ မနေနိုင်တော့ပေ။

"လူတွေအများကြီးရှေ့မှာ အံ့မခန်းမြင်ခဲ့ရတဲ့ အဲဒီအဖြစ်ရဲ့ ထူးခြားတဲ့ အကြောင်းအရာတွေကို ငါလဲ သိပ်သိချင်နေတယ်"

"လူတွေကတော့ အမျိုးမျိုးပြောနေကြတာပဲ အရှင်"

ဥဒါယီ စိတ်ဝင်တစားပြောလေသည်။

"သိဒ္ဓတ္ထမင်းသားရဲ့ မနောထဲက တန်ခိုးကြောင့်လို့ ပြောကြတယ်။ ကိုယ်တော်ဟာ ဗြဟ္မဏတွေရဲ့ ထူးဆန်းတဲ့ကျင့်စဉ်နဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေကို အလိုလိုရရှိထားတယ်တဲ့။ မြွေကြီးကို အကြည့်ချင်းဆိုင်ပြီး ခုလိုအနိုင်ယူလိုက်တာဟာ ထက်မြက်တဲ့ စိတ်တန်ခိုးကြောင့်လို့ ပြောကြတယ်အရှင်"

ဆန္ဒကလည်း တွေးတွေးဆဆ ဟန်ဖြင့်ပြော၏။

"တချို့ကတော့ သိဒ္ဓတ္ထအရှင်မှာ မြွေနဂါးမှန်သမျှကိုအောင်နိုင်တဲ့ အဆောင်လက်ဖွဲ့ သို့မဟုတ် ဆေးဝါးမန္တရားတစ်မျိုးရှိတယ်လို့ဆိုကြတယ်။ တောင်ထိပ်နက္ခတ်ပွဲကိုလာကြတဲ့ ဟိမဝန္တာက တောင်ပေါ်သားမျိုးစုတွေက ဆက်သသွားကြတာတဲ့"

"ဒါမဖြစ်နိုင်ပါဘူးဆန္ဒရယ်။ကိုယ်တော်အရှင်ရဲ့ နန်းဆောင်ထဲကို သစ်ရွက်ကြွေ တစ်ရွက်တောင်မှ လွင့်ဝဲလာခွင့်မရှိအောင် မင်းတရားကြီးက ကြပ်မတ်ထားတာပဲ။ ဟိမဝန္တာတောင်ပေါ်ကမျိုးစုတွေ ကိုယ်တော်အရှင်ဆီ ဝင်ခစားဖို့ အခွင့်အရေးမရနိုင်ပါဘူး"

ဥဒါယီက ဆန္ဒ၏စကားကို ပယ်ချလိုက်သည်။

အာနန္ဒမနေသာတော့ပေ။

"အဲဒီသတင်းစကားတွေ ထားပါတော့။ ငါ သိလိုက်တယ်ထင်တဲ့ အချက် တစ်ချက်တော့ ရှိတယ်"

"ဘာလဲ.... အရှင်၊ ဘာအချက်လဲ"

"ငါသိတယ်လို့ထင်ပေမယ့် အဲဒါဟာ ငါမသိတဲ့အရာပဲ ဖြစ်နေတယ်။ဒါပေမယ့် အဲဒီနေ့က နောင်တော်နဲ့ မြွေကြီးတို့ ရင်ဆိုင်တွေ့နေကြတဲ့ တစ်ချိန်လုံး အနီးဆုံးမှာငါရှိနေတော့ အစအဆုံး အသေးစိပ်ကိုမြင်ခဲ့ရတယ်"

"ပြောပါအရှင်၊ အရှင်ဟာ ကိုယ်တော်နဲ့အနီးဆုံးပုဂ္ဂိုလ်ဆိုတော့ အရှင့်စကားဟာ အမှန်ဆုံးဖြစ်မှာပါ"

"အင်း.... အမှန်ဆုံးလို့ပြောလို့မရပါဘူး ဥဒါယီရယ်။ အနီးစပ်ဆုံးပဲဖြစ်မှာပါ။ ဒီလိုလေ မြွေကြီးကို မျက်တောင်မခတ်တမ်း စူးစူးစိုက်စိုက်ကြည့်နေတဲ့ နောင်တော်ရဲ့မျက်လုံးတွေဟာ ငါတစ်ခါမှမတွေ့ဖူးခဲ့တဲ့၊ အဲဒီအချိန်ကမှ မြင်ဖူးတဲ့ မျက်လုံးတွေဖြစ်နေတာကို သိပ်ထူးဆန်းတယ်"

"မျက်လုံးတွေ...."

"ဟုတ်တယ် နောင်တော်ရဲ့မျက်ဝန်းအိမ်တွေဟာ ထူးထူးခြားခြားကြီးကို ရွှန်းလက်နေတယ်။ အဲဒီအထဲမှာ မင်းတို့ပြောတဲ့ စိတ်တန်ခိုးလား၊ မနောရဲ့တန်ခိုးလား၊ အဲဒါမျိုးလို့တော့ ငါမထင်ဘူး။ အိပ်မွေ့ချတတ်တဲ့၊ ညို့ယူတတ်တဲ့ ဗြဟ္မဏတွေရဲ့မျက်လုံးတွေကို ငါမြင်ဖူးသားပဲ။ အဲဒါမျိုး လုံးဝမဟုတ်ဘူး။

"ဘယ်လို မျက်လုံးလဲ အရှင်"

"ငါအတိအကျမသိဘူး။ ပြောလဲမပြောတတ်ဘူး။ ဒါပေမယ့် ငါ တွေးမိသလောက် ပြောရရင်တော့ အဲဒီတစ်ချိန်လုံးမှာ မြွေကြီးကို မရွှေ့မဖယ်စတမ်းစိုက်ကြည့်နေတဲ့ နောင်တော်ရဲ့ မျက်ဝန်းအိမ်တွေဟာ အေးမြကြည်လင်နေတယ်။ ဒီမျက်လုံးတွေကို ငါတွေ့ဖူးတာကတော့ နို့ချိုစို့သောက်နေတဲ့ ရင်ခွင်ထဲကသားငယ်ကို ငုံ့ကြည့်နေတဲ့ မိခင်ရဲ့မျက်လုံးတွေ

ဆီမှာပဲ"

"သားငယ်ကို ကြည့်နေတဲ့ မိခင်ရဲ့မျက်လုံးမျိုး...."

ဥဒါယီက အာနန္ဒ၏စကားလုံးများကို တွေတွေငေးငေး လိုက်လံရေရွတ်သည်။

"ဟုတ်တယ်၊ မေတ္တာဓာတ်ကြီးတဲ့ အကြည့်မျိုးပဲ။ အဲဒီအကြည့်က နေပြီး မြွေကြီးသာ ကြားသိနိုင်တဲ့ စကားတွေလဲ အသံမဲ့ ထွက်ကျနေသလိုပဲ။ ငါထင်တယ်နော်"

"အဆိပ်ပြင်းတဲ့၊ ပါးပျဉ်းထောင်နေတဲ့ ဇရာမမြွေကြီးကို မေတ္တာဓာတ်ကြီးမားတဲ့ အကြည့်မျိုးနဲ့၊ မျက်လုံးမျိုးနဲ့.... ဒါ.... ဘာအဓိပ္ပာယ်လဲ။ ဒါ....ဘာလဲ။ ကျွန်တော်နားမလည်ဘူး"

ရိုးသားပွင့်လင်းသော ဥဒါယီက ရေရွတ်နေဆဲပင်။

"အင်မတန် အေးမြကြည်လင်နေတဲ့ အကြည့်လှိုင်းတွေ ဖြာကျနေတယ်။ ပြည့်ပြည့်ဝိုင်းဝိုင်း လမင်းကြီးရဲ့အနားရေးမှာ အေးချမ်းတဲ့အရောင်တွေ ဝန်းလည်တောက်ပနေသလိုမျိုး.... တဲ့"

စကားအလင်္ကာဆိုလျှင် မိမိကိုယ်တိုင်သုံးစွဲဖို့သာမက အခြားသူများထံမှ ကြားရလျှင်လည်း ခုံမင်တတ်သောဥဒါယီက အားပါးတရချီးကျူးနေပြန်၏။

"ဟုတ်တယ်၊ ဒီလောက်ကြောက်စရာကောင်းတဲ့ အဆိပ်ပြင်းသတ္တဝါကြီးတစ်ကောင်ကို နောင်တော်ကြည့်နေပုံမှာ ရန်လိုတဲ့အသွင်၊ တန်ပြန်တိုက်ခိုက်တဲ့အသွင် လုံးဝမပါဘူး"

"အဲဒါ ဘယ်လိုတန်ခိုးဣဒ္ဓိပါဒ်မျိုးလဲ"

ဆန္ဒတစ်ယောက်မှာ နားမလည်နိုင် ဖြစ်နေ၏။

"ငါလဲ အတိအကျမသိဘူး။ နောင်တော်ကို ကိုယ်တိုင်မေးကြည့်မှ သိရတော့မှာပဲ။ ဒါအတွက် ငါလဲ နောင်တော်ကို သိပ်တွေ့ချင်နေတယ်"

"ကျွန်တော်ကတော့ ကိုယ်တိုင်ကိုယ်ကျတွေ့ပြီး မေးချင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိသေးတယ်"

"ဘယ်သူလဲ"

"အရှင်ဒေဝဒတ္တလေ။ မြွေတွေအားလုံးကို သူ့အလမ္ပာယ်ပညာနဲ့ အမိန့်ပေးစေခိုင်းနိုင်ပြီးမှ ဟိုမြွေကြီးကို သူ ဘာကြောင့်မနိုင်မနင်းဖြစ်သွားတာလဲဆိုတာ မေးကြည့်ချင်တယ်"

ဥဒါယီက အထွန့်တက်နေ၏။ ဆန္နက စိတ်မရှည်ဟန်ဖြင့်

"ဒါဖြင့် မင်း ဒေဝဒဟကို လိုက်သွားပါလား"

ဥဒါယီ ပခုံးတွန့်၍ မျက်ခုံးများပင့်ရင်း ပြောသည်။

"အမယ်လေး၊ ဒီလိုတော့လဲ လိုက်မမေးရဲပါဘူး။ အရှင်ဒေဝဒတ္တနဲ့ တွေ့ရမှာကိုက မြွေနဂါးတစ်ကောင်နဲ့ တွေ့ရသလို နေမှာကလား"

ဥဒါယီ၏ အမူအရာကြောင့် ရယ်မောမိကြရလေသည်။

# အခန်း ၉

ရက် လ နှစ် အချိန်ကာလတို့သည် အစဉ်မပြတ်ကုန်ဆုံးလာခဲ့၏။ ကပိလဝတ်ပြည်ကြီးမှာလည်း အလှည့်ကျသာကီဝင်မင်းတို့သည် သုဒ္ဓေါဒနမင်းတရား၏ ထီးနန်းပလ္လင်အောက်တွင် အလှည့်ကျပြောင်းလဲ တာဝန်ယူအုပ်ချုပ်ခဲ့ကြသည်။ နေ့နှင့်ညဥ့်များစွာတို့ တစ်လှည့်စီ ဖြတ်သန်းကုန်ဆုံးခဲ့သည်မှာလည်း ပုံမှန်လည်ပတ်နေကြ၏။

အာနန္ဒသည် ကပိလဝတ်ကိုလည်းကောင်း၊ သာကီဝင်မင်းများနှင့် ပြည်သူပြည်သားများကိုလည်းကောင်း သိမှတ်ဆင်ခြင်သုံးသပ်ရင်း ပြောင်းလဲရွေ့လျားကုန်ဆုံးမှုများကို စေ့ငုနေမိလေသည်။ ထိုအရာတို့သည် မည်သည်ကို ဦးတည်ရွေ့ရှု ရွေ့လျားနေကြသနည်း။ အာနန္ဒ မသိပေ။

မိမိ၏ခမည်းတော် အမိတောဒနမင်းသည်လည်း အသက်အရွယ်ကြီးရင့်လာခဲ့ပေပြီ။ စကားပြောကောင်းသော ဥဒါယီသည် စကားအလင်္ကာတွေ ပို၍ပြောဆိုတတ်လာသည်။ အထူးသဖြင့် ကပိလဝတ်၏ နွေမိုးဆောင်းသုံးရာသီသဘာဝအလှကို ဥဒါယီသည် တေးလင်္ကာဆန်ဆန် ရာသီဖွဲ့များဖြင့် ဖွဲ့နွဲ့ပြောတတ်လာသည်။ မည်းနက်သော သူ့ အသားအရောင် ကိုယ်

ခန္ဓာပေါ်တွင် ပို၍တောက်ပသော ဝတ်စုံများကို ဆင်မြန်းတတ်သည်။

ဆန္နတစ်ယောက်လည်း အစဉ်အတိုင်းပင် အရွယ်ရောက် လူလားမြောက်လာပြီဖြစ်သည်။ ထို့အတူ ဆန္နအမူအကျင့်များကလည်း ပို၍သိသာထင်ရှားလာ၏။ အလုံးအဖန် ပိုမိုလှပထွားကြိုင်းလာသော ကဏ္ဍကမြင်းတော်ကို ဆန္န ဂရုစိုက်လိုက်ပုံမှာ ကဏ္ဍကမြင်းမှ မြင်း၊ အခြားမြင်းများသည် မြင်းမဟုတ်ဟု ခံယူထားသည့်နှယ်ဖြစ်သည်။ကဏ္ဍကကို လေ့ကျင့်ပေးခြင်း၊ ရေမိုးသန့်စင်ပေးခြင်း၊ ထိန်းသိမ်းပြုစုခြင်းတို့ဖြင့် ဆန္နသည် သူ၏ နေ့နေ့ညဥ့်ညဥ့် အချိန်ကာလများကို ကုန်ဆုံးစေခဲ့လေသည်။ ဆန္နတစ်ယောက်အဖို့ ကိုယ်တော်အရှင်သိဒ္ဓတ္ထနှင့် ကဏ္ဍကမြင်းမှလွဲ၍ ဤကမ္ဘာလောကဝယ် အခြား မည်သည့်အရာမျှ မရှိဟု ထင်နေသယောင်ပင်ဖြစ်၏။

ဘိုးတော် သုဒ္ဓေါဒနမင်းကြီးလည်း ယခင်ကထက်ပို၍ ရင့်ကျက်လာသည်ဟုထင်မိ၏။ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ မင်းတရားကြီးသည် ပို၍ခံ့ညားသိုက်မြိုက်လာသည်။ တစ်ချိန်တည်းမှာပင် သူ့သားတော်ကြီး သိဒ္ဓတ္ထအပေါ် ချစ်မြတ်နိုးလိုက်သည်မှာလည်း အရီးတော်ဂေါတမီကပင် မနာလိုဖြစ်ရတော့မလောက် သဲသဲလှုပ်နေ၏။

ပြောင်းလဲကုန်ဆုံးနေသော အချိန်ကာလများနှင့်အတူ အာနန္ဒသည်လည်း ရောင်းရင်းမိတ်ဆွေအသစ်များ ရရှိလာသည်။ ငယ်ငယ်တုန်းကလို ဆန္န၊ ဥဒါယီတို့နှင့်သာ ပြေးလွှားပျော်မြူးခဲ့ရသည့် အသိုင်းအဝိုင်း မဟုတ်တော့။ အာနန္ဒ၏ မိတ်ဆွေအသိုင်းအဝိုင်းသည် ပို၍ကျယ်ပြန့်လာ၏။

ထိုအထဲတွင် အာနန္ဒ အများဆုံးတွဲမိသူမှာ ဘထွေးတော်သုက္ကောဒနသာကီဝင်မင်း၏သားတော် အနုရုဒ္ဓမင်းသားဖြစ်၏။ အနုရုဒ္ဓသည် နောင်တော် သိဒ္ဓတ္ထပြီးလျှင် ကပိလဝတ်၌ စည်းစိမ်ချမ်းသာအကြီးဆုံးဟုဆိုရမည့်သူဖြစ်နေလေသည်။သူ့နောင်တော် မဟာနာမ်မှာမူ အာနန္ဒ၊ အနုရုဒ္ဓတို့ထက် အသက်အနည်းငယ်ကြီးသူဖြစ်ပြီး လုလင်မင်းသားများနှင့်လည်း ရောရော

နှောနှောနေတတ်သူ မဟုတ်ချေ။ မဟာနာမ် စိတ်ဝင်စားသည်မှာ ကပိလဝတ်၏ အုပ်ချုပ်ရေးစည်းမျဉ်းများသာ ဖြစ်၏။

အနုရုဒ္ဓသည် စည်းစိမ်ချမ်းသာကြီးမားသလောက် နုနယ်သိမ်မွေ့သူလည်းဖြစ်၏။ စိတ်ရင်းသဘောရင်း ကောင်းသူဖြစ်ပြီး သူသည် အာနန္ဒနှင့်အတူ ကပိလ၊ ဘဒ္ဒိယနှင့် ဘဂုမင်းသားတို့ကို မကြာခဏဆိုသလို ဖိတ်မန္တကပြုကာ စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံတတ်သည်။ အနုရုဒ္ဓသည် ထူးထူးဆန်းဆန်း စားကောင်းသောက်ဖွယ်များကို ကြိုက်တတ်သူလည်းဖြစ်သည်။ ညဥ့်ဦးယံစားသောက်ပွဲများတွင် အာနန္ဒတို့တစ်တွေသည် အနုရုဒ္ဓ၏မယ်တော်ကြီးစီမံပေးသော စားကောင်းသောက်ဖွယ်များကို မြိန်ယှက်စွာ စားသုံးရင်း ရောက်တတ်ရာရာများကို လွတ်လပ်စွာစကားလက်ဆုံကျလေ့ရှိသည်။ အာနန္ဒမှုကား များသောအားဖြင့် စကားနည်းနည်းပြောကာ အခြားမင်းသားတို့ပြောသည်ကိုသာ နားထောင်လေ့ရှိသည်။

သို့သော် သိဒ္ဓတ္ထကိုယ်တော်အကြောင်း ပြောဖြစ်ကြသောအခါတွင် အာနန္ဒသည် ဦးဆောင်ဆွေးနွေးသူ ဖြစ်လာတတ်သည်။ အားလုံးကလည်း အာနန္ဒလောက် သိဒ္ဓတ္ထကိုယ်တော်အကြောင်း သိကျွမ်းသူ ကပိလဝတ်နန်းတော်တွင် မရှိဟု လက်ခံထားကြသည်။

ထို့ကြောင့် အာနန္ဒသည် စကားဝိုင်းဖွဲ့ကြတိုင်း နောင်တော်သိဒ္ဓတ္ထအကြောင်း မိမိတွေ့မြင်သိရှိသမျှတို့ကို ပြောပြရ၏။ ဤသို့ပြောတိုင်းလည်း အာနန္ဒ အဆုံးသတ်ပြောတတ်သော စကားတစ်ခွန်းရှိလေသည်။

ထိုစကားမှာ

"နောင်တော့်ထံမှာ စိတ်ဝင်စားစရာတွေ အပုံအပင်ရှိနေတယ်။ နောင်တော်ရဲ့ စကားတစ်ခွန်း မျက်တောင်တစ်ခတ်ကအစ စိတ်ဝင်စားစရာတွေချည်းပဲ။ နောင်တော့်မှာ လျှို့ဝှက်မှုတွေ၊ အသိရခက်တဲ့ နက်ရှိုင်းမှုတွေ အချိန်နဲ့အမျှ ပေါ်ပေါက်နေတယ်။ ကပိလဝတ်ရဲ့ ညနေဆည်းဆာ

ကောင်းကင်ယံမှာ ပေါ်ပေါက်တတ်တဲ့ ရောင်စုံတိမ်တိုက် တိမ်လိပ်တွေလိုပဲ။ အဆန်းတကြယ်တွေ၊ ရင်သပ်ရှုမောစရာတွေ တရိပ်ရိပ်ပေါ်ပေါက်နေတယ်။ ဒါပေမယ့် အဲဒီတိမ်တိုက်တိမ်လိပ်တွေရဲ့ နောက်ခံမှာရှိနေတဲ့ ကောင်းကင် အဇ္ဈောပြင်ကျယ်ကြီးကိုတော့ ကျွန်ုပ်မသိနိုင်ဘူး။ ကောင်းကင်ပြာကြီးရဲ့ နက်ရှိုင်းမှုကို ကျွန်ုပ် ခန့်မှန်းလို့မရနိုင်ဘူး။ နောင်တော်နဲ့ပတ်သတ်ပြီး တစ်ခုခုကို ကျွန်ုပ်သိလိုက်ရတယ်လို့ထင်ချိန်မှာပဲ အဲဒါဟာ ကျွန်ုပ်မသိသေးတဲ့၊ မသိနိုင်တဲ့အရာများစွာရဲ့ နိဒါန်းဖြစ်နေတယ်” ဟူ၍ ဖြစ်၏။

စကားဆွေးနွေးပွဲသို့ ရံဖန်ရံခါမှ ရောက်လာတတ်သော မဟာနာမ် မင်းသားကြီးက တွေးတွေးဆဆဖြင့် ပြောတတ်သည်။

“သိဒ္ဓတ္ထမွေးဖွားစဉ်တုန်းက ဗြဟ္မဏပညာရှိတွေ ဟောကိန်းထုတ်ခဲ့တာရှိတယ်။ ဒါကိုမမေ့ကြနဲ့။ သိဒ္ဓတ္ထဟာ စကြဝတေးမင်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ဘုရားဖြစ်လိမ့်မယ်ဆိုတဲ့အချက်ပဲ”

“အဲဒီ လက္ခဏာဖတ်ချက်က ဟိုပုဏ္ဏားကြီးခုနစ်ယောက်ရဲ့ အဟော ပါ။ သူတို့လက်နှစ်ချောင်းထောင်ခဲ့ကြတယ် မဟုတ်လား”

အနုရုဒ္ဓက ဝင်ပြော၏။

“ဟုတ်တယ်၊ သုဒတ္တဆိုတဲ့ ပုဏ္ဏားကတော့ သိဒ္ဓတ္ထကိုယ်တော်ဟာ အိမ်ရာတည်ထောင်တဲ့ လူ့ဘောင်မှာနေဖို့မရှိဘူး။ ဧကန်စင်စစ် ဘုရားဖြစ် လိမ့်မယ်လို့ အတပ်ဟောခဲ့တယ်လေ”

“ကောဏ္ဍညအနွယ်ဖွား သုဒတ္တလား”

“ဟုတ်တယ်လေ၊ သုဒတ္တဟာ ရဲလွန်းလို့ ဘိုးတော်မင်းတရားကြီး တောင်မှ စိတ်မသက်မသာ ဖြစ်သွားခဲ့သေးတာကလား”

“ဘိုးတော်မင်းတရားကြီးကတော့ သူ့သားတော်ကို စကြဝတေး မင်းပဲ ဖြစ်စေချင်မှာပေါ့လေ”

“နေပါဦး၊ အဲဒီ အဟောရဲ့တဲ့ သုဒတ္တပုဏ္ဏားကော ဘာသတင်းမှ

မကြားရတော့ပါလား"

"သုဒတ္တဟာ အဟောရဲရုံမကဘူး။ သူ့ဟောချက်ကို သူ ယုံယုံကြည်ကြည်နဲ့ အလေးအနက်ထားတဲ့သူပဲ။ သိဒ္ဓတ္ထကိုယ်တော် ဘုရားဖြစ်ရင် ဖူးတွေ့ရအောင်ဆိုပြီး ဥရုဝေလတောအုပ်ကို သွားမလို့ ပြင်ဆင်နေသတဲ့"

"နောင်တော်၊ သိဒ္ဓတ္ထဘုရားဖြစ်ဖို့ဆိုတာ အရင်ဆုံး ရဟန်းပြုရဦးမှာ မဟုတ်လား။ အင်း.... ရဟန်းပြုဖို့ဆိုတာကလဲ ဒီ ကပိလဝတ်နန်းတော်ထဲမှာ ဒီလိုအတုမဲ့စည်းစိမ်တွေကို ခံစားစံစားနေလို့ကတော့ ရဟန်းပြုဖြစ်မယ် မထင်ပါဘူး" ဘဂုမင်းသားက ပြောသည်။

"ဟုတ်တာပေါ့"

ကပိလမင်းသားက အားပါးတရထောက်ခံ၍....

"ဘိုးတော်မင်းတရားကြီးက သူ့သားတော်ကို ကပိလဝတ်မြို့တံတိုင်းအပြင်ဘက်ကိုတောင် အထွက်ခံတာမှ မဟုတ်ဘဲ။ သူ့သားအတွက် ကပိလဝတ်နန်းတော်ကြီးထဲမှာပဲ သီးခြားနန်းဆောင်ကြီးတွေဆောက်ပြီး သီးခြားကမ္ဘာလောကတစ်ခုကို ဖန်တီးပေးထားတာ။ ဟိုပုဏ္ဏားကြီး ခုနစ်ယောက် ဟောတဲ့ထဲက စကြဝတေးမင်းဖြစ်လိမ့်မယ်ဆိုတဲ့ဟောချက်ပဲ အမှန်ဖြစ်လာမှာပါ"

အာနန္ဒ လေးလေးတွဲ့တွဲ့ ခေါင်းယမ်း၍ပြောလိုက်၏။

"မထင်လေနဲ့ မိတ်ဆွေတို့၊ နောင်တော်နဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ မသိနိုင်တာ၊ မသိသေးတာတွေဟာ အများကြီးနော်"

* * *

ကပိလဝတ်နေပြည်တော်တစ်ခုလုံး ပူပြင်းသောနွေရာသီအောက်ဝယ် အပူဒဏ်ဖြင့် ညှိုးငယ်မောပန်းနေ၏။ နွေရာသီသည် သူ၏အပူလက်တံတို့ကို မြေပြင်ပေါ်သို့ ရှည်လျားသန်မာစွာ ဆန့်တန်းဆုပ်ကိုင်ထား၏။ တံလှပ်

များက နေရာတိုင်းလိုလိုမှာပင် တရိပ်ရိပ်လွင့်ပျံနေကြသည်။ လေပူလှိုင်းများက သစ်ရွက်ခြောက်တို့ကို ဖြောဖြောလှုပ်ခြွေနေကြသည်။

ကပိလဝတ်ရှိ အိမ်ခေါင်မိုးများသည် အပူရှိန်ဖြင့် ကြွပ်ရွလျက် ကော့ပျံတက်နေကြသည်။ နွားများနှင့်ဝန်တင်လှည်းများသည် ကြိုးကျဲသော သစ်ပင်ရိပ်များတွင်နားခိုရင်း အပူဒဏ်မှ ပုန်းရှောင်နေကြသည်။ နေပြည်တော်လမ်းမများတွင် အသွားအလာဟူ၍ မရှိသလောက်ဖြစ်နေ၏။ တစ်ချက်တစ်ချက် သုတ်ဝင်လာသော လေပွေများထဲတွင် ရွက်ခြောက်များ ဖုန်မှုန့်များက ချာချာလည်၍ လိုက်ပါလာကြသည်။ စူးစူးရဲရဲ နေရောင်အောက်တွင် မြို့တော်သည် မောပန်းနွမ်းနယ်နေလေသည်။

သို့သော် နေရောင်၏ ထိုအပူနှင့် အလင်းလက်တံတို့ တိုးဖောက်ဝင်ရောက် မစွမ်းသာသော နေရာတစ်နေရာ ရှိနေ၏။

ထိုနေရာကား သုရမ္မ နွေရာသီစံနန်းတော် ဖြစ်လေသည်။

အာနန္ဒသည် သုရမ္မနန်းဆောင်၏ ဘုံငါးဆင့်အထက်ဆုံး ပြာသာဒ် ဆောင်တွင် ထိုင်လျက်ရှိ၏။ သုရမ္မနန်းဆောင်ပြာသာဒ်သည် နွေနေကို ပြက်ရယ်ပြုနေလေသည်။

နောင်တော်သိဒ္ဓတ္ထသည် အတွင်းဆောင်မှ ထွက်မလာသေးပေ။ နောင်တော်ကို စောင့်ဆိုင်းရင်း အာနန္ဒသည် သုရမ္မနန်းဆောင်၏ အဆန်းတကြယ် စီမံထားပုံကို စေ့စေ့စပ်စပ် အကဲခတ်နေမိလေသည်။

မိမိထိုင်နေသော ဘုံငါးဆင့်အမြင့်ဆုံးအထပ်တွင် ဖောက်ထားသည့် ပြတင်းပေါက်များမှာ ကြီးမားကျယ်ဝန်းလှပေသည်။ မြေပြင်နှင့် နီးသော နေရာအနိမ့်များတွင်သာ လေပူများတိုက်ခတ်တတ်ပြီး ယခုလို မြင့်မြင့် မားမား အထက်ဆင့်နေရာတွင်မူ ဝင်ရောက်သုတ်ဖြူးနေသော လေသည် အေးမြရှင်းသန့်နေ၏။

ပြတင်းပေါက်ပေါင်များတွင် ရေအပြည့်ထည့်ထားသော ကြွေအိုး၊

မြေအိုးများ တည်ထား၏။ ကြီးမားလှသော ထိုအိုးများတွင် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ သရပတ်ကြာများနှင့် အခြားသော ရေပေါက်ပန်းသစ်ပင်များကို စိုက်ပျိုးထားသေး၏။ ထိုအခါ ပြင်ပမှဝင်ရောက်လာသော လေသည် ရေစက်ရေပေါက်များ သီးနေသည့် ထိုကြာပန်းတို့ကို ဖြတ်သန်းပြီးမှ ဘုံဆောင်မြင့်အတွင်း ရောက်ရှိလာရလေသည်။

မိမိဝင်ရောက်ခဲ့သည့် နန်းဆောင်တံခါးမကြီးကိုလည်း အာနန္ဒ သတိထားခဲ့မိ၏။ အပြင်မှလေပြည်လေညင်းနှင့် အအေးဓာတ်တို့ကို လိုသလောက်ရရှိနိုင်ရန် အလွန်ကြီးမစေ့စပ်စေဘဲ တံခါးရွက်များတွင် နန်းပေါက်ဖောက်ထားသည်။ သံဇာ၊ ငွေဇာများ တပ်ထားသည်။

ဤနွေနေ့ခင်း၏ ပူပြင်းမှုဒဏ်အောက်ဝယ် ကပိလဝတ်နေပြည်လုံး၌ အအေးဓာတ် တသွင်သွင်ရရှိနေသောနေရာမှာ ဤသုရမ္မနန်းဆောင်သာ ဖြစ်သည်။ အာနန္ဒသည် ခန်းမကြီးအလယ်တွင်ထိုင်နေရင်းမှ မျက်နှာကြက်နှင့် နံရံများဆီသို့ လှည့်ပတ်ကြည့်ရှုလိုက်ပြန်သည်။

နံရံပန်းချီဆေးရေး အရုပ်များမှာ မြင်ရုံဖြင့်ပင် စက္ခုပသာဒကို အေးမြစေသော ကြာညို၊ ကြာပဒုမ္မာအရုပ်များဖြစ်ကြ၏။ စိမ်းဖန့်ဖန့်ရေပြင်နှင့် ပြာလဲ့သောလှိုင်းဂယက်လေးများကို လက်ရာမြောက်စွာ ရေးခြယ်ထား၏။ ကန်ရေပြင်ထက်တွင် လေညင်းသုတ်ဖြူးကာ ကြာရွက်များတဖတ်ဖတ်လန်နေသည့်အသံကိုပင် ကြားယောင်စေသည့် လက်စွမ်းပြဆေးရေးပန်းချီ ဖြစ်သည်။ ဘိုးတော်မင်းတရားကြီးသည် သူ့သားတော်အတွက် အကောင်းဆုံး ပြင်ဆင်ထားပေးပေသည်။

ဤမျှသာ မကသေးပေ။ ကြီးမားကျယ်ပြန့်သော ပြတင်းပေါင်မှ တစ်ဆင့် အပြင်ဘက်တွင် တဖွားဖွား ရေကျသံများကို အာနန္ဒကြားနေရ၏။ မြင်လည်းမြင်နေရ၏။ ထိုအရာမှာ ထိုမှဤမှ ရေအလျဉ်တို့ ဖြာထွက်အောင် ယန္တရားတို့ဖြင့် ဖန်တီးထားသည့် ရေစက်ရေပန်းများပင်ဖြစ်၏။

မျက်နှာကြက်ဆီသို့ အာနန္ဒမော့ကြည့်လိုက်ပြန်သည်။

ညီလာခံနန်းဆောင်၊ တရားလွှတ်ရုံးအဆောင်များရှိ ပြိုးပြိုးပြက်သော ပန်းကနုတ်ဖော် မျက်နှာကြက်မျိုးမဟုတ်ပေ။အလွန်နူးညံ့သိမ်မွေ့လျက် အေးမြသောအငွေ့ဥတုကို ပေးစွမ်းနိုင်သည့် 'ရထည်း'မျိုး မှန်ဗိတာန်မျက်နှာကြက်မျိုး ဖြစ်လေသည်။ မျက်နှာကြက်မှအောက်ခြေသို့ နိမ့်ဆင်းလာသော နံရံအပေါ်ပိုင်းနေရာများမှာလည်း ပါးလွှာသည့် ဘွဲ့ဖြူလိုက်ကာများကို တွဲရရွဲလှပစွာ ချည်နှောင်ထားသေး၏။

သုရမ္မနန်းဆောင်အတွင်း၌ နွေရာသီအတွက်နေရာမရှိ။ ပြာသာဒ်မိုးများအပေါ်မှာလည်း သာယာနူးညံ့သည့်အသံထွက်သော ရွှေခြူဆည်းလည်းကွန်ခြာများကို ချိတ်ဆွဲထားသေးရာ လေအသုတ်တွင် ရွှေဆည်းလည်းသံများက တငြိမ့်ငြိမ့်လွင့်မျောနေလေသည်။

ထိုခြူဆည်းလည်းသံများနှင့်အတူ တစ်ချက်တစ်ချက် မိုးခြိမ်းသံသဲ့သဲ့ကိုပင် ကြားနေရပြန်၏။ သုရမ္မနွေရာသီ နန်းဆောင်ကို ဆောက်လုပ်ရာတွင် အကြီးအမှူးတစ်ယောက်အဖြစ်ပါဝင်ခဲ့သူ ဗိသုကာတစ်ဦးမှာ ဥဒါယီ၏မိတ်ဆွေဖြစ်၏။ ထိုဗိသုကာထံမှတစ်ဆင့်ကြားသိခဲ့ရသည်ကို ဥဒါယီက အာနန္ဒအား ပြောပြဖူး၏။

"အရှင့်နှယ် ဘိုးတော်မင်းတရားကြီးဟာ ကိုယ်တော်အရှင်သိဒ္ဓတ္ထအတွက် နွေခေါင်ခေါင်မှာပဲ မိုးအတုရွာသွန်းပေးခိုင်းတာလေ။ ပြာသာဒ်ဆောင်အထက် မျက်နှာကြက်ပြားတွေမှာ အပေါက်သေးသေးကလေးတွေဖောက်ထားသတဲ့။ အဲဒီအထက်မှာ ရေပေါက်ကလေးတွေ တပေါက်ပေါက်ကျအောင်လဲ ဖန်တီးထားတာတဲ့။ ဘယ်လိုလုပ်သလဲဆိုတော့ နန်းတော်ရဲ့လေးဘက်လေးတန် ရေကန်ကြီးလေးခုထဲကရေတွေကို ယန္တရားကွန်ယက်တွေ မောင်းတံတွေနဲ့ လှည့်တင်သတဲ့။ ဒီရေတွေဟာ မျက်နှာကြက်အပေါက်ကလေးတွေကနေ မိုးရွာသလို တဖောက်ဖောက် ကျနေကြတာကလား။

ဒီတော့ တစ်လောကလုံး နွေနေရဲ့ အောက်မှာ ကြွပ်ရွနေအောင် အပူဒဏ်ကို ခါးကော့ခံနေရတယ်ပဲထား။ သုရမ္မစံနန်းဆောင်ထဲမှာတော့ မိုးခြိမ်းသံနဲ့ မိုးသက်လေနဲ့ မိုးစက်လေးတွေနဲ့ သုရမ္မဟာ မိုးရာသီထဲရောက်နေတယ်”

ဥဒါယီ၏စကားများကို ကြားယောင်ရင်း အာနန္ဒ ပြုံးမိလေသည်။

တစ်ဆက်တည်းမှာပင် ဘဂုမင်းသား၏ မှတ်ချက်တစ်ခုကို သတိရ လိုက်မိ၏။

“နောင်တော်သိဒ္ဓတ္ထဘုရားဖြစ်ဖို့ဆိုတာ အရင်ဆုံးရဟန်းပြုရဦးမှာ မဟုတ်လား။ အင်း.... ရဟန်းပြုဖို့ဆိုတာကလဲ ဒီ ကပိလဝတ်နန်းတော်မှာ ဒီလိုစည်းစိမ်တွေနဲ့ခံစားစံစားနေလို့ကတော့ ရဟန်းပြုဖြစ်မယ်မထင်ပါဘူး”

သုရမ္မစံနန်းဆောင်၏ ကြီးကျယ်ခမ်းနားလှပပုံကို တဖွဖွချီးကျူး ရင်း ဥဒါယီကလည်း ပြောဖူးလေသည်။

“အရှင်စဉ်းစားကြည့်၊ ဆောင်းရာသီစံနန်းတော်တဲ့၊ နွေရာသီစံနန်း တော်တဲ့။ ဒီကမ္ဘာမြေပြင်က တိုင်းပြည်တကာ ဘုရင့်သားတော်တကာထဲမှာ ကိုယ်တော်သိဒ္ဓတ္ထလောက် စည်းစိမ်ချမ်းသာပြည့်စုံသူ ဘယ်သူရှိနိုင်ဦးမလဲ။ ဘိုးတော်မင်းတရားကြီးဟာ သူ့သားတော်ကို ဘာတစ်ခုမှ လိုလေသေး မရှိအောင် စီမံပေးထားတာ။ ကျွန်တော်ထင်တယ်။ သူ့သား ရဟန်းပြုမှာ စိုးလို့ဆိုပြီး သံကျုံး၊ ရင်တား၊ သံတံခါးနဲ့ သံမြို့ကြီးတွေ အခိုင်အခံ့ဆောက်ပြီး လုံခြုံအောင်လုပ်ထားရင် အဲဒါတွေကမှ ဖောက်ထွက်လို့ ရချင်ရဦးမယ်။ လောကကြီးမှာ ကြမ်းတမ်းခက်မာတဲ့ အရာတွေကို ကျော်ဖြတ်လို့ရချင်ရဦး မယ်။ နူးညံ့ပါးလွှာတဲ့အရာတွေကို ထွင်းဖောက်ဖို့ဆိုတာ မလွယ်ဘူး။ အခု ဟာက ကိုယ်တော်သိဒ္ဓတ္ထကို အမြင့်ဆုံး၊ အကောင်းဆုံး၊ စည်းစိမ်ဆိုတဲ့ နူးညံ့ပါးလွှာမှုနဲ့ အထပ်ထပ်ရစ်ဖုံးထားတာကလား”

အတွေးထဲတွင်နစ်မြုပ်နေသော အာနန္ဒ၏နားထဲသို့ အသံတစ်သံ ဝင်ရောက်လာ၏။ ထိုအသံမှာ နူးညံ့လွန်းသော ခြေသံဖြစ်သော်လည်း

အာနန္ဒ အမြဲတစေ နိုးကြားစွာသိနေသည်။ နောင်တော်သိဒ္ဓတ္ထ၏ခြေသံဖြစ်လေသည်။

သုရမ္မနွေရာသီနန်းဆောင်၏ သခင်သည် လဝန်းနတ်ဒေဝတာတစ်ပါးနှယ် ထွန်းလင်းပေါ်ပေါက်လာတော့မည်။ အာနန္ဒသည် အလိုအလျောက်နေရာမှထကာ ကြမ်းပြင်တွင်ဒူးထောက်ဦးညွှတ်လိုက်လေသည်။

“ ထစမ်းပါ အာနန္ဒရယ်၊ ခတ္တိယတွေရဲ့ ထီးဟန်နန်းဟန်တွေ မလုပ် ပါနဲ့၊ သက်သာသလို နေစမ်းပါ”

နောင်တော်က ပြောပြောဆိုဆို ပခုံးကိုဆွဲထူရင်း ပြောသည်။ အာနန္ဒ အလိုက်သင့် ထရပ်လိုက်၏။ နောင်တော်သိဒ္ဓတ္ထသည် ဖြူလွှသောဝတ်စုံကို ဆင်မြန်းထားသည်။ ဦးခေါင်းမှာလည်း မကိုင်နှံသရဖူမဆောင်းထားသဖြင့် နက်မှောင်သောဆံပင်များ ထွေးထွေးအိအိ ကျနေသည်။ လည်ပင်း၊ ပခုံးနှင့်လက်မောင်းများမှလည်း ခါတိုင်းတွေ့နေကျလို ဘယက်၊ လည်ဆွဲ၊ လက်ကြပ်စည်းများ မရှိ။ပကတိသော ရွှေရောင်ဝင်းသည့် အသားအရေသည် ဆွတ်ဆွတ်ဖြူသောဝတ်ရုံထဲမှ ရှန်းကြွလင်းလက်နေလေသည်။

တင့်တယ်သော ယောက်ျားမြတ်တစ်ဦး၏ ရုပ်သွင်ကို အာနန္ဒသည် ချစ်ခင်ကြည်ညိုစွာ ငေးမောနေမိ၏။ နောင်တော်သည် အနီးရှိထိုင်ခုံတစ်လုံး ပေါ်တွင် သက်သောင့်သက်သာထိုင်လိုက်သည်။ အာနန္ဒသည် သုရမ္မ နွေ ရာသီ စံနန်းဆောင်ကြီး၏ခမ်းနားပုံနှင့် နောင်တော်၏ ပကတိရိုးစင်း လွတ်လပ်သောအသွင်တို့ကို စိတ်ထဲတွင် နှိုင်းယှဉ်၍မတွေးဘဲ မနေနိုင် လောက်အောင်ဖြစ်လာ၏။

သုရမ္မနန်းဆောင်၏အရှင်သခင်သည် မည်သည့် ပိုးဖဲ၊ ကတ္တီပါ၊ ရတနာမျှ မဝတ်ဆင်ဘဲ တင့်တယ်သိုက်မြိုက်နေခြင်းပါတကား။

နှင်းရည်စက်များကို ဖြတ်သန်းလာသည့် လေပြည်အေးမြမြက အာနန္ဒနှင့် နောင်တော်တို့အကြားသို့ တဖြူးဖြူးသုတ်ဖြန်းနေ၏။

"အာနန္ဒ.... မင်းမှာ ဘာတွေ ဆွေးနွေးစရာ ပါလာပြန်ပြီလဲ"

နောင်တော်က ပြုံး၍မေးသည်။

အာနန္ဒသည် မိမိဝတ်ဆင်လာသော ပတ္တမြားလက်စွပ်ကို မလုံမလဲ ပွတ်သပ်နေမိ၏။ သုရမ္မနန်းဆောင်၏အရှင်က ဘာမှအဆောင်အယောင် မသုံးဘဲ ဝတ်စုံအဖြူထည်ဖြင့်ရှိနေစဉ်မှာ ဧည့်သည်ဖြစ်သော မိမိက တောက်ပြောင်ပြိုးပြက်နေသည့်အဖြစ်။

"နောင်တော်နဲ့မတွေ့တာ သုံးလေးရက်ရှိပြီမို့ လာတာပါ။ အထွေ အထူး ဆွေးနွေးစရာ မရှိခဲ့ပါဘူး။ ဒါပေမယ့် ဒီကိုရောက်လာတော့ သုရမ္မ နန်းဆောင်ရဲ့ အဆန်းတကြယ်စီမံထားပုံတွေကို တွေ့ရပြီး ဥဒါယီပြောဖူးတဲ့ စကားတွေကို သတိရမိပါတယ်"

"ဥဒါယီလား၊ အင်း.... သူ ဘာများ ဝိတ္တာရရဲ့ပြောပြန်ပြီလဲ"

"သုရမ္မနွေရာသီစံနန်းဆောင်ရဲ့ ဆန်းကြယ်ပုံတွေကိုပြောပြရင်းနဲ့ ဥဒါယီက ပြောပါတယ်။ လောကမှာ ကြမ်းတမ်းခက်မာတဲ့ အရာတွေကို ကျော်ဖြတ်လို့ ရချင်ရဦးမယ်။ နူးညံ့ပါးလွှာတဲ့အရာတွေကို ထွင်းဖောက်ဖို့ ဆိုတာ မလွယ်ဘူး.... တဲ့"

"ဒီလိုပြောသလား။ အင်း.... အဲဒါ ဘာကြောင့်လဲဆိုတာကော ဥဒါယီ ဆက်မပြောဘူးလား အာနန္ဒ"

နောင်တော်၏ မေးခွန်းကို ရုတ်တရက် နားမလည်လိုက်။

"ဘာကိုဆိုလိုပါသလဲ နောင်တော်"

"နူးညံ့ပါးလွှာတဲ့အရာတွေကို ဘာကြောင့်ထွင်းဖောက်ဖို့ မလွယ် သလဲဆိုတာကို ဥဒါယီ ဆက်မပြောဖူးလား"

နူးညံ့ပါးလွှာတဲ့ အရာတွေကို ဘာကြောင့် ထွင်းဖောက်ဖို့မလွယ် တာလဲ.... ဤမေးခွန်းကို မိမိကမတွေးမိ၊ နောင်တော်တွေးလိုက်ပုံကို တအံ့ တသြဖြစ်သွားသည်နှင့်အမျှ ထိုမေးခွန်း၏အဖြေကိုလည်း သိချင်လာ၏။

"ကြမ်းတမ်းခက်မာတဲ့ အရာဆိုတာကို လူတွေ မလိုချင်ဘူးလေ။ ဒါကြောင့် ထွင်းဖောက်ဖြတ်ကျော်ဖို့ ကြိုးစားကြတယ်။ အောင်မြင်နိုင်ဖို့ အင်အားသုံးကြတယ်။ နူးညံ့ပါးလွှာတဲ့အရာတွေကိုတော့ လူတွေက နှစ်ခြိုက်တယ်။ ကျေနပ်တယ်။ ဒါကြောင့် ထွင်းဖောက်ဖို့ မကြိုးစားချင်တော့ဘူး။ အဲဒီအရာဟာ သူ့ကို လွှမ်းခြုံဖွဲ့နှောင်ထားတာပါလားလို့တောင် မထင်တော့ဘူး"

အိုး.... နောင်တော့် အတွေးက ရိုးစင်းပြတ်သားလှချည့်လား။

နောင်တော့်စကားလုံးတွေကို သဘောကျနေရင်းမှ တစ်ခုခုကို စိုးရိမ်လာသလိုလို ခံစားလာရ၏။ သို့သော် ဘာမှန်း အတိအကျ မသိတတ်။

"ကြီးကျယ်ခမ်းနားပြီး ယန္တရားကွန်ယက်တွေနဲ့စီမံထားတဲ့ ဟောဒီ သုရမ္မနန်းဆောင်ကြီးဟာ မင်းတို့ပြောတဲ့၊ နူးညံ့ပါးလွှာတဲ့ အရာမျိုးပေါ့ အာနန္ဒ"

နောင်တော့် စကားလုံးတွေထဲမှာ ငုပ်နေသောအရာတစ်ခုခု ရှိမည်ဟု ခန့်မှန်းမိသည်။ တိတိကျကျတော့ နားမလည်ချေ။

"သုရမ္မဟာ နွေရာသီထဲမှာ နွေကိုဖျောက်ဖျက်ထားတဲ့နေရာပဲ။ ဒီ စံနန်းတော်ထဲမှာ ပြုလုပ်ထားတဲ့ အေးမြခြင်းဟာ အတုအယောင်ပဲ။ သဘာဝကနေ ပေါက်ဖွားလာတာ မဟုတ်ဘူး။ ဒါကြောင့် ဒီစံနန်းဆောင်ထဲမှာ ငါခံစားနေတဲ့ တစ်ချိန်လုံး၊ ငါဟာ အတုအယောင်အောက်မှာ နေနေတာပါလားလို့ ခံစားရတယ်"

ဆတ်ခနဲမော့ကြည့်မိသည်။ နောင်တော် စိတ်ထိခိုက်စွာ ပြောနေသလားဟုလည်း တွေးမိသည်။နောင်တော်သည် ထိခိုက်ခံစား၍ပြောနေခြင်း မဟုတ်။ အေးဆေးသက်သာစွာ သုံးသပ်နေလေသည်။

"အတုအယောင်နဲ့ သိမ်မွေ့နူးညံ့ပါးလွှာမှုဟာ ဆက်စပ်နေတယ်။ အတုအယောင်နဲ့ စည်းစိမ်ချမ်းသာဟာ ဆက်စပ်နေတယ်။ ဘယ်လောက်ပဲ

နူးညံ့သည်ဖြစ်စေ၊ ဘယ်လောက်ပဲ စည်းစိမ်ချမ်းသာ ကြီးမားသည်ဖြစ်စေ၊ အဲဒါဟာ အတုအယောင်ပဲ။ လူတစ်ယောက်ဟာ အတုအယောင်တစ်ခုကို အတုအယောင်မှန်းသိတဲ့ အချိန်မှာ ဒါကို သူ နှစ်လိုနိုင်လိမ့်မယ်လို့ မင်းထင်သလား အာနန္ဒ"

"မထင်ဘူး နောင်တော်၊ ဘယ်သူမဆို အစစ်အမှန်ကိုသာ လိုချင်ကြတာပါ"

"ဟုတ်တယ်၊ သုရမ္မ စံနန်းဆောင်ကို ငါမနှစ်မြို့ဘူး"

ပြတ်သားလေစွ။ ဘကြီးတော်မင်းတရားသာ ဤစကားကို ကြားရ လျှင် ရင်ဝဖိမည်မှာ ဧကန်ဖြစ်သည်။

"သုရမ္မတင်မဟုတ်ဘူး၊ ဆောင်းရာသီမှာ စံမြန်းဖို့ဆောက်ထားတဲ့ ရမ္မ၊ မိုးရာသီမှာစံမြန်းဖို့ဆောက်ထားတဲ့ သုဘနန်းဆောင်တွေဟာလဲ အတုအယောင်တွေသာဖြစ်တယ်လို့ ငါထင်မြင်လာခဲ့ပြီ အာနန္ဒ"

နောင်တော့်စကားတွေထဲမှာ ထိတ်လန့်စရာတစ်ခုခုပါလာသလိုလို။

"နောက်တစ်ခု ငါတွေးမိလာတာ ရှိသေးတယ်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီမှာ သိဒ္ဓတ္ထဆိုတဲ့ငါဟာ ရမ္မ၊ သုရမ္မနဲ့ သုဘနန်းဆောင်တွေမှာ လှည့်လည်စံစားနေချိန်၊ အင်း.... ဒီအချိန်မှာ ကပိလဝတ်ပြည်သူတွေကော အဲဒီလို နေနိုင်ကြရဲ့လား။ သူတို့ဟာ နွေကိုနွေလို၊ မိုးကိုမိုးလို၊ ဆောင်းကို ဆောင်းလိုပဲ ရင်ဆိုင်နေထိုင်ကြရတယ်။ သူတို့တွေ ဆင်းရဲဒုက္ခရောက်နေချိန်မှာ ငါကတော့ စည်းစိမ်ချမ်းသာနဲ့ စံစားနေရတယ်။ ဒါကြောင့် ရမ္မ၊ သုရမ္မနဲ့ သုဘနန်းဆောင်တွေဟာ ငါနဲ့ကပိလဝတ်ကို စည်းခြားပေးလိုက်တဲ့ ရက်စက်သော မျဉ်းကြောင်းအဖြစ် ငါမြင်လာတယ်"

ရက်စက်သော မျဉ်းကြောင်း....။ ဆို့နင့်လာသော စကားလုံးများကို အာနန္ဒ တားဆီးမထားနိုင်တော့သဖြင့် နှုတ်မှဖွင့်ထုတ်လိုက်၏။

"ဒါ.... ဒါကတော့ နောင်တော်ဟာ မင်းတရားကြီးရဲ့သားတော်

ဖြစ်ရတာကိုး။ ပြီးတော့ ဒီနန်းဆောင်တွေကိုလဲ မင်းတရားကြီးက ကြီးစွာသော ချစ်ခြင်းမေတ္တာနဲ့ ဆောက်လုပ်ပေးထားတာပါ"

နောင်တော်က မသိမသာပြုံးလျက် တစ်ချက်လှမ်းကြည့်သည်။

"အာနန္ဒ၊ မင်းပြောသလိုဆိုရင် ငါ့ခမည်းတော်ကပဲ ရက်စက်သော မျဉ်းကြောင်းကို ဆွဲပေးရာရောက်နေပါလား...."

အရွှိန်ရလာပြီဖြစ်သော အာနန္ဒက ဆက်ပြောတော့သည်။

"ဒါကတော့ နောင်တော်ရယ်၊ ဘိုးတော်မင်းတရားကြီးဟာ နောင်တော့်အတွက်သာ ဖခမည်းဖြစ်ပါတယ်။ ကပိလဝတ်ပြည်သူတွေအတွက် အရှင်သခင်ဖြစ်နေပါတယ်။ သားတစ်ယောက်နဲ့ တိုင်းသားပြည်သူတွေအပေါ် သူအတူတူ ဘယ်လိုသဘောထားလို့ရနိုင်မလဲ နောင်တော်"

"အိုး.... အာနန္ဒ၊ မင်းဒီလို ငါ့ကိုတုံ့ပြန်ပြောဆိုလာတာ ငါသိပ်သဘောကျတယ်"

နောင်တော်သည် စိတ်ပါလက်ပါဖြစ်လာဟန်ဖြင့် အာနန္ဒလက်ကို ကိုင်ဆုပ်၏။

"ဆန့်ကျင်မေးခွန်းတွေဟာ အဖြေမှန်ကို ညှစ်ထုတ်ပေးတတ်တယ်။ ဆက်ပြောစမ်း အာနန္ဒ"

"ဘိုးတော်မင်းတရားကြီးရဲ့ မေတ္တာတရားကို ထည့်တွက်သင့်တာပေါ့နောင်တော်။ သူဟာ မဇ္ဈိမဒေသမှာ ဘယ်ဘုရင့်သားတော်မှ မရဖူး၊ မခံစားဖူးတဲ့ စည်းစိမ်ချမ်းသာနဲ့ သူ့သားတော်ကို ပြုစုစောင့်ရှောက်ပေးတာပဲ။ အဲဒါရဲ့နောက်ကွယ်က မေတ္တာအထုအထည်ကို နောင်တော် မမေ့သင့်ပါဘူး"

"ခမည်းတော်ရဲ့ မေတ္တာကို ငါမေ့လို့ဘယ်ရမလဲ အာနန္ဒ။ ဒါပေမယ့် ခမည်းတော်အပါအဝင် သကျမင်းတွေဟာ ကပိလဝတ်ရာဇပလ္လင်ပေါ်မှာ လက်တင်ထားပြီး ဗြဟ္မဏတွေရှေ့မှောက် အဘိသေကသဘင်မှာ ပြည်သူ

အများကိုရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ပါမည်လို့ ရွတ်ဆိုခဲ့ကြတယ်လေ”

ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

“ထားပါတော့အာနန္ဒရယ်။ အဘိသေကသဘင်က ဝေါဟာရတွေကို ငါပြောချင်တာမဟုတ်ဘူး....၊ ကိုင်း....တို့များဆက်စပ်ကြည့်လိုက်ရအောင်။ ခမည်းတော်ကြီးက ဖခင်တို့ရဲ့မေတ္တာနဲ့ စံနန်းဆောင်တွေဆောက်ပေးတယ်။ စံနန်းဆောင်တွေဟာ နွေ၊ မိုး၊ ဆောင်း ရာသီကို ခုခံလှည့်စားပြီး စည်းစိမ်ကို ပေးတယ်။ အဲဒီစည်းစိမ်ဟာ အတုအယောင်ဖြစ်တယ်။ ဒီတော့ မေတ္တာတရားဆိုတာ အတုအယောင်ကို မွေးဖွားပေးတဲ့ အရာဖြစ်မနေဖူးလား....”

မေတ္တာတရားနဲ့ အတုအယောင်၊ အလွန်ခါးသီးသော ဆက်စပ်မှု ဖြစ်၏။ နောင်တော်၏အတွေးများမှာ ပွက်ပွက်ဆူခါနီး ရေနွေးအိုး မျက်နှာပြင်လို ကြောက်စရာကောင်းနေပြီလား။

“ငါဆိုလိုတာက သန့်စင်မွန်မြတ်လှပါတယ်ဆိုတဲ့ဖခင်တစ်ယောက်ရဲ့ သားအပေါ်ထားရှိသော မေတ္တာတရားသည်ပင်လျှင် အစစ်အမှန်နဲ့ ဝေးကွာတတ်တယ်။ အတုအယောင်များကို ပေါက်ဖွားစေတယ်”

“ဒါဖြင့် အစစ်အမှန်ဆိုတာက ဘာလဲ နောင်တော်”

“အဲဒါကို ငါလဲ အဖြေမရသေးဘူး”

မေးခွန်းနှင့် ထပ်ကြပ်မကွာ အဖြေလိုက်ပါလာ၏။ နောင်တော်သည် သူ မသိသည်ကို ရဲဝံ့စွာ ဝန်ခံတတ်သူပင်။

“ငါစဉ်းစားတာကို မင်းသဘောပေါက်ပါလိမ့်မယ်။ အတုအယောင်ကိုအတုအယောင်မှန်း သိခြင်းနဲ့အတူ၊ အစစ်အမှန်ဆိုတာကကော ဘာလဲ.... ဆိုတဲ့ လမ်းကြောင်းဟာ ဘာလဲဆိုတာ ထင်ရှားစွာပေါ်ပေါက်လာတယ်”

ထိုစဉ်အဝေးဆီမှ မြင်းဟီသံသဲ့သဲ့ ကြားလိုက်ရသည်။

သုရမ္မနန်းဆောင်အထိ လွင့်လာသော ဤဟီသံမှာ နောင်တော်၏ ကဏ္ဍကမြင်းမှအပ အခြားမဖြစ်နိုင်ပေ။ ဆန္နသည် အချိန်မှန်စွာဖြင့်

ကဏ္ဍကကို ထုတ်ယူလေ့ကျင့်ပေးခြင်းဖြစ်ပေမည်။

"ကြားလား အာနန္ဒ၊ အဲဒါကဏ္ဍကရဲ့ အသံပဲ။ သူဟာလဲ သုရမ္မ ပရဂုဏ်မှာနေရင်းနဲ့ မိုးအတုရွာပေးထားတဲ့ မြက်ခင်းစိမ်းကို တကယ့်မြက်ခင်းမှတ်ပြီး ပျော်ရွှင်စွာမြည်ဟည်းလိုက်တာပဲ။ မင်းစဉ်းစားကြည့်စမ်း၊ သုရမ္မရဲ့စည်းစိမ်ကို ငါ ယစ်မူးပျော်ပါးနေလို့ကတော့ မြင်းတစ်ကောင်ရဲ့ ဟီခြင်းနဲ့ ဘာများခြားနားနိုင်ဦးမှာလဲ"

နောင်တော်နှင့် ယှဉ်ဖက်ပြောဆိုခြင်းမှာ မစွမ်းနိုင်တော့ကြောင်း အကြွင်းမဲ့ သဘောပေါက်လိုက်၏။ နောင်တော်တွေးသလို မတွေးတတ် သမျှ ကာလပတ်လုံး နောင်တော်ပြောသလို ပြောနိုင်မည်မဟုတ်။

"ဥဒါယီကိုပြောလိုက် အာနန္ဒ၊ နူးညံ့ပါးလွှာတဲ့အရာတွေကို ဖောက်ထွက်ဖို့ ခဲယဉ်းတာတော့ အမှန်ပဲ။ ဒါပေမယ့် အတုအယောင်မှန်းသိတဲ့ အခါမှာတော့ ဒါဟာ မခဲယဉ်းတော့ဘူးလို့"

ဦးညွှတ်နှုတ်ဆက်ကာ နောင်တော့်အပါးမှ ခွာခဲ့လေသည်။

နောင်တော့်အတွေးများကို ထိတ်လန့်နေရင်းကပင် နှစ်ခြိုက် လက်ခံနေမိကြောင်း ကိုယ့်ကိုယ်ကို တွေ့လာ၏။ သို့သော် မေးခွန်းတွေက ဆင့်ကဲဖြစ်ပြီးလာကြပြန်သည်။ နူးညံ့ပါးလွှာသောအရာကို အတုအယောင် မှန်းသိလာသောအခါ ဖောက်ထွက်ဖို့ မခဲယဉ်းတော့ပါဘူးတဲ့။ နောင်တော် ဘယ်သို့ဖောက်ထွက်မည်နည်း။ မည်သည့်အရာဆီသို့ ဦးတည်သွားမည် နည်း။ အစစ်အမှန်ဆိုတာကို သူအဖြေမရသေးဟုဆိုသည်။ အဖြေရသော တစ်နေ့နေ့သည်....။

အပြန်လမ်းဝယ် သုရမ္မမိုးရာသီအတုသည် အာနန္ဒအတွက် လာစဉ် ကလို အေးမြသာယာခြင်းမရှိတော့ပေ။

* * *

နွေရာသီကုန်ဆုံးခဲ့ပြီ ဖြစ်၏။ ကပိလဝတ်တစ်ဝိုက်ရှိ တောအုပ်များတွင် အစိမ်းရောင် သမ်းစပြုလာသည်။ သမုဒ္ဒရာမှလာသော မိုးသက်လေနှင့် တစ်ပြိုက်နှစ်ပြိုက်ဆမ်းလာသော မိုးဦးကြောင့်တောတောင်တို့တွင် အဖူး အညွန့်များ ကိုက်စီစပြုလာကြသည်။

ပုပြင်းခြောက်သွေ့ခြင်း ဆုတ်ခွာပြီး မြေသင်းနံ့နှင့်အတူ မိုးရနံ့များ လွင့်လာသည်။ စိမ်းစိုလတ်ဆတ်သော တောတောင်သည် နုပျိုသန်မာသော လုလင်များကို ညို့ယူဖမ်းစားလိုက်၏။

"ကျုပ်တို့.... အမဲလိုက်ကြရအောင်"

အနုရုဒ္ဓါမင်းသားက စကားစသည်။

ညီတော်နောင်တော် မင်းသားများက သဘောတူကြသည်။

ဘဂုမင်းသားက နောက်တစ်ခုအဆိုတင်၏။

"နောင်တော်သိဒ္ဓတ္ထကို တောကစားအဖွဲ့ရဲ့ခေါင်းဆောင်အဖြစ် တင် မြှောက်သင့်တယ်။ ညီနောင်တစ်စု မဆုံရတာ အတော်ကြာသွားပြီ"

အားလုံး၏အကြည့်များက အာနန္ဒထံ ရောက်လာ၏။

"နောင်တော်သိဒ္ဓတ္ထကို တောကစားထွက်ဖို့ခေါ်တာကတော့ အာနန္ဒ ရဲ့ တာဝန်ပဲ"

မဟာနာမ် မင်းသားက တွေးတွေးဆဆဝင်ပြောသည်။

"ဘကြီးတော်မင်းတရားကြီးဆီ ခွင့်တောင်းရဦးမှာပေါ့။ သိဒ္ဓတ္ထကို သုရမ္မကနေ ရမ္မကို ပြောင်းရွှေ့နေထိုင်ဖို့ ဘကြီးတော် စီစဉ်နေမှာပဲ"

အာနန္ဒ တာဝန်ယူလိုက်ရလေသည်။ ဘကြီးတော်မင်းတရားဆီ ဝင်ရောက်ခစားပြီး အခွင့်တောင်းရဦးမည် ဖြစ်သည်။ နောင်တော် သိဒ္ဓတ္ထ လိုက် မလိုက်မှာ ဦးစွာမင်းတရားကြီး ခွင့်ပြု မပြု အပေါ်မူတည်သည်။

"မင်းတရားကြီးကို ရအောင်ပြောတော့ အာနန္ဒ၊ သိဒ္ဓတ္ထဟာ အခုလို နွေမိုးဆောင်းတွေမှာ နန်းဆောင်တစ်ခုစီ လှည့်လည်စံစားနေရင်း ချည့်နဲ့

သွားမှာစိုးရတယ်”

နောင်တော်သိဒ္ဓတ္ထသည် မချည့်နဲ့သည့်အပြင် ဆင်ခြင်တွေးတော မှုများဖြင့် မည်မျှခွန်အားကြီးမားနေကြောင်း အာနန္ဒပြောလိုက်ချင်သည်။ သို့သော် မိမိပြောပြသည်ထက် သူတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင် သွားစေချင်သဖြင့် ငြိမ်နေလိုက်၏။

“ကဲ.... အာနန္ဒရေ၊ ဘကြီးတော်ဆီ အခစားဝင်ပေတော့”

ယုံကြည်စိတ်ချမှုတစ်ခုကို ပျက်ပြယ်သွားအောင် လုပ်ဖို့ဆိုသည် မှာ စိတ်နှလုံးကောင်းသူ တစ်ယောက်အတွက် အလွန်ဝန်လေးသော အရာ တစ်ခုဖြစ်၏။ ထိုယုံကြည်စိတ်ချမှုသည် ပဋိညာဉ်များ၊ ကျမ်းသစ္စာကျိန်ဆို မှုများအပေါ်တွင် အခြေခံပြုလုပ်ထားသည်မဟုတ်ဘဲ ‘မေတ္တာတရား’ အပေါ် တွင် တည်ဆောက်ထားသည်ဆိုပါက ပို၍ဝန်လေးဖွယ်ဖြစ်လာတတ်သည်။

တင်းမာခက်ထန်သော အရာတစ်ခုခုကို ထွင်းဖောက်တိုက်ခိုက်ဖို့ လွယ်ကူကောင်း လွယ်ကူချေမည်။ မေတ္တာတရားကို စိန်ခေါ်တိုက်ခိုက်ဖို့ ကား ခက်ခဲလှဘိခြင်း။

မေတ္တာတရားဖြင့် အခြေခံထားသော ယုံကြည်စိတ်ချမှုဖြစ်ပေါ် လာပြီဆိုလျှင်တော့ ပို၍ပင် ဖြတ်ကျော်ရန် ခက်ခဲလာပေတော့သည်။

အာနန္ဒသည် ဘကြီးတော် သုဒ္ဓေါဒနမင်းတရား၏ စံနန်းဆောင်ဆီ သို့ လျှောက်လာရင်းဖြင့် ထိုအချက်ကို မတွေးဘဲမနေနိုင်အောင် ဖြစ်နေ၏။ ခြေလှမ်းနှင့်အမျှပင် ထိုအတွေးက အာနန္ဒ၏ အတွေးစဉ်ထဲမှာ လိုက်ပါလာ နေ၏။

ဘကြီးတော်မင်းတရားကို မိမိ မည်သို့သံတော်ဦးတင်ရမည်နည်း။

နောင်တော်သိဒ္ဓတ္ထနှင့် အနီးစပ်ဆုံးသူမှာ ဤကပိလဝတ်တွင် မိမိ ဖြစ်ကြောင်း ဘကြီးတော်သိထား၏။ မိမိနှင့်တွေ့လျှင် ဘကြီးတော်က သူ့ သားတော်အကြောင်း မေးတော့မည်။

'ငါ့သား စိတ်လက်ကြည်လင်ပျော်ရွှင်နေရဲ့ မဟုတ်လား၊ အာနန္ဒ'ဟု စတင်ကာ သူ့သားတော်၏အခြေအနေကို ဘကြီးတော် သိလိုစိတ်ပြင်းလှစွာ မေးတော့မည်။ 'နေ့ရာသီစံနန်းဆောင်ကို ငါ့သား သဘောကျရဲ့မဟုတ်လား။ သကျမင်းသားတွေအနက်မှာ သူမတူတဲ့စည်းစိမ်ချမ်းသာတွေ လုပ်ပေးထားတာကို သူနှလုံးမွေ့ရဲ့မဟုတ်လား။ မင်းပျိုမင်းလွင်တစ်ပါးအနေနဲ့ ငါ့သားဟာ ထီးနန်းအရိပ်မှာ ပျော်ပျော်ကြီးစံစားနေရဲ့မဟုတ်လား။ မင်းနဲ့ တွေ့ကြတဲ့အချိန်မှာ သူ ဘာတွေပြောသလဲ အာနန္ဒ....'

ဘကြီးတော်၏ မေးခွန်းတွေကို ရင်ဆိုင်ရတော့မည်။

ထိုမေးခွန်းများသည် အဖြေရခက်သော မေးခွန်းများဖြစ်လာတော့မည်။ ဘကြီးတော်မင်းတရားသည် သူ့သားအပေါ် ကြီးစွာသောဖခင်မေတ္တာတို့ဖြင့် ယုံကြည်စိတ်ချနေသည်။ သကျမျိုးနွယ်ရာဇာတို့၏ ရာဇာဓိရာဇာအဖြစ် အကြွင်းမဲ့မျှော်လင့်ထားသည်။ ကပိလဝတ်ဘုရင်မင်းမြတ်အဖြစ်မှသည် ဇမ္ဗူဒိပ်အလုံးကိုစိုးမိုးမည့် ဧကရာဇ်အဖြစ်၊ ထိုမှသည် လောကတစ်ခုလုံး၏ အရှင်သခင် စကြဝတေးမင်းအဖြစ် မျှော်လင့်ထားသည်။

မေတ္တာတရားအပေါ်တွင် တည်ဆောက်ထားသော မျှော်လင့်မှု၊ ယုံကြည်စိတ်ချမှု....။

ထိုအရာကို မိမိ မည်သို့ရင်ဆိုင်မည်နည်း။ ဘိုးတော်မင်းတရား၏ မေးခွန်းများကို မိမိ ဘယ်သို့ဖြေကြားရမည်နည်း။

နောင်တော်သိဒ္ဓတ္ထ၏သဏ္ဍာန်ကို မိမိ အပြည့်အစုံမသိစေကာမူသိရသလောက်မှာပင် နောင်တော်သည် သူ့ခမည်းတော်၏ မျှော်လင့်အားထားယုံကြည်စိတ်ချမှုနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေသည်။

အတင့်အတယ်စီရင်ထားသော နေ့ရာသီစံနန်းဆောင်ကြီးတွင် စံမြန်းနေသည့် နောင်တော်၏ စိတ်အစဉ်သည် စံနန်းဆောင်ထဲမှာ မရှိ။ အတုမဲ့ မင်းစည်းစိမ်သည် နောင်တော်၏ အာရုံနယ်နမိတ်အဝန်းအဝိုင်းထဲ၌

အရိပ်မထင်။ မွေ့လျော်ကြည်နူးတပ်မက်ဖွယ် ချမ်းသာမှုတို့သည် နောင်တော်၏နှလုံးကို စိုးစဉ်းမျှ ဖြားယောင်းနိုင်ခြင်းငှာ မစွမ်း။

နောင်တော်၏အတွေးများက မင်းစည်းစိမ်ကို ဖောက်ထွင်း ကျော်လွန်ကာ ဟိုအဝေးသို့ ပျံသန်းနေကြသည်။ မွေ့လျော်တပ်မက်ဖွယ် ချမ်းသာမှုမှန်သမျှတို့သည် နောင်တော်၏ ရက်စက်သောမျက်နှာလွှဲခြင်းကို ခံနေကြရသည်။ နန်းရာသီစံနန်းတော်ကြီးသည် နောင်တော့်အတွက် အကျဉ်းထောင်တစ်ခုသဖွယ် ဖြစ်နေ၏။

ဒါတွေကို မိမိဘယ်လို ပြန်ဖြေရမည်နည်း။

'ဘကြီးတော်ကသာ နောင်တော့်ကို မျှော်လင့်ယုံကြည်ချက်ကြီးတွေနဲ့ စိတ်ချနေတာ၊ ဟိုကဖြင့် အဲဒါတွေအားလုံးကို ပိုက်ကွန်ကြိုးစတွေကို တစ်ချောင်းပြီးတစ်ချောင်း ကိုက်ဖြတ်နေတဲ့ ကြွက်ဖြူကလေးလို တစ်ခုပြီးတစ်ခု တော်လှန်ရုန်းထွက်နေတာ'ဟု ပြောလိုက်ရမည်လား....။

ဤသို့သာ ကြားလိုက်ရမည်ဆိုလျှင် ဘိုးတော်မင်းတရားကြီးသည် နေရာမှာပင် မူးမေ့လဲကျသွားနိုင်၏။

နောင်တော်သိဒ္ဓတ္ထ၏ ထူးခြားသော၊ ထွေပြားသော၊ အတွေးနက်သော၊ ရုန်းဖယ်ငြင်းဆိုသော စကားလုံးတွေကို တစ်ဆင့်ဖောက်သည်ချလိုက်လျှင်ကော....။ ဘကြီးတော်သည် ထိတ်ထိတ်ပျာပျာဖြင့် သူ့သားတော် ရူးသွပ်သွားရှာပြီဟု ပြောလိမ့်မည်ထင်၏။

သကျမင်းအိုကြီးတစ်ပါး၏ မေတ္တာတရား၊ ယုံကြည်စိတ်ချမှုနှင့် မျှော်လင့်အားထားချက်တို့ကို မိမိမည်သို့ရင်ဆိုင်ရမည်နည်း။

အာနန္ဒသည် လေးလံသောခြေလှမ်းများဖြင့် နန်းမဆောင် လှေကား ထစ်များကို နင်းဖြတ်လာခဲ့လေသည်။

# အခန်း ၁၀

သကျမျိုးနွယ်ရာဇာတို့သည် အလှည့်ကျစနစ်ဖြင့် အုပ်ချုပ်သည့်မင်းများဖြစ်သော်လည်း သုဒ္ဓေါဒနမင်းကြီးကိုမူကား အထူးအခွင့်အရေးဖြင့် ရာသက်ပန် ရာဇာအဖွဲ့ဝင်အဓိပတိအဖြစ် တင်မြှောက်ထားလေသည်။ ထို့ကြောင့် ဘိုးတော်မင်းတရားကြီးသည် ကပိလဝတ်၏ ထာဝရဘုရင်မင်းမြတ်ဖြစ်နေ၏။ ထို့ထက်မူ သိဒ္ဓတ္ထအမည်ရသော သားတစ်ယောက်၏ဖခင်အဖြစ် ပို၍ဦးစားပေး အလေးအမြတ်ပြုခံခဲ့ရပြန်၏။

သား၏ဂုဏ်ကြောင့် ပိုမိုတောက်ပခွင့်ရသော ဖခင်ကြီးတစ်ဦးဖြစ်လာသည်မှာ ဘိုးတော်မင်းတရားကြီးအတွက် ကျေနပ်အားရ မဆုံးသော အချက်ဖြစ်ပေမည်။

ထိုသို့နွယ်သော ရာဇာဓိရာဇာ သကျဘုရင်ကြီး၏ နန်းဆောင်ထဲသို့ ဝင်လာရင်း အာနန္ဒသည် အံ့သြစရာတစ်ခုကို သတိထားမိပြန်၏။

ဘိုးတော်မင်းတရားကြီးသည် သကျမင်းတို့အလယ်တွင် ဂုဏ၊ ဝယ အားဖြင့် အကြီးရင့်ဆုံးအဖြစ် မင်းစည်းစိမ်ကို ထိုက်ထိုက်တန်တန်ရရှိ

ပိုင်ဆိုင်ထားပေသည်။ ဘိုးတော်၏နန်းမဆောင်သည် အလှည့်ကျအုပ်စိုးသော သကျမင်းတို့ စုဝေးစံမြန်းရာ နန်းမဆောင်များထက် ပို၍တင့်တယ်လှပနေသည်မှာလည်း ငြင်းစရာမရှိ။ အဆောင်အယောင် အခမ်းအနားတို့သည်လည်း ကပိလဝတ်အရှင်သခင်တို့၏ အထူးအခွင့်အရေးဖြင့် ရထားသည် မှန်၏။

သို့သော် နောင်တော်သိဒ္ဓတ္ထစံမြန်းသော ဥတုသုံးလီနန်းဆောင်များနှင့်ယှဉ်လိုက်လျှင်ကား ဘိုးတော်မင်းတရားကြီး၏နန်းဆောင်သည် သာမန်ဝဿမျိုးနွယ် ကုန်သည်တို့၏ နေအိမ်လိုဖြစ်နေကြောင်း အာနန္ဒ သတိထားလိုက်မိသည်။

ကျောက်သလင်း လှေကားထစ်များသည် သန့်ရှင်းပြောင်လက်နေကြသော်လည်း ဖွေးဖွေးဖြူဖြူမရှိကြတော့။ လှေကားခုံထက်မှ ပန်းအိုးတို့သည်လည်း ရေညှိတက်နေကြသည်။ ပန်းပွင့်တို့သည်လည်း အရိုင်းပွင့်များဖြင့်သာ အတိပြီးနေကြ၏။ လှေကားထစ်များအဆုံး ရင်ပြင်မှ မုခ်တံခါးဆီသို့ ခင်းထားသောကော်ဇောသည်ပင် အရောင်မလွင့်တလွင့် ဖြစ်နေပေပြီ။ ခန်းဆီးလိုက်ကာ ပိုးပဝါစသည် အချို့နေရာများ၌ အနားစများ မသိမသာ ဖွာလျက်ရှိ၏။ မုခ်တံခါးတိုင်လုံးများတွင် ကပ်မှီလျက် စိုက်ထူထားသော နံရံကပ်မီးတိုင်နှုတ်ခမ်းသည် ကညင်ဆီစီးကြောင်းများဖြင့် အကွက်အကွက်ပေကျံနေ၏။

ကြေးနီ၊ ကြေးဝါတံခါးလက်ကိုင်များ မျက်နှာကြက်ပန်းဆိုင်းများသည် တောက်ပနေသော်လည်း ကနုတ်ပန်း ရုပ်ကြွများမှာ အဟောင်းများသာဖြစ်နေကြသည်။ တိုင်လုံးအချို့တွင် ရွှေရောင်များက လွင့်ပြယ်နေကြပြီး ခန်းမဆောင်အပြည့်ခင်းထားသော ကော်ဇောကြီးများမှာလည်း ဟိုယခင်ကတည်းက မြင်ဖူးနေကျကော်ဇောကြီးများဖြစ်၏။ အသစ်လဲလှယ် ခင်းကျင်းထားခြင်းမရှိ။ အာနန္ဒသည် ထိုအဟောင်းနံ့နှင့် အဟောင်းမြင်ကွင်း

များကို ခံစားမိရင်း ရင်ထဲ၌ ညို့သွားသည်ဟု ခံစားရလေသည်။

ဩော်.... ဘိုးတော်မင်းတရားကြီးသည် စကြဝတေး မန္ဓာတ်မင်း အလောင်းအလျာသားတော်အတွက် လုံးဝဥသုံပုံအပ်ချီးမြှင့်ထားကာ မိမိကိုယ်တိုင်ကား ကပိလဝတ်၏ ရာဇာဓိရာဇာ ဘုရင်အိုတစ်ပါးအဖြစ်ဖြင့် ရိုးရိုးကုပ်ကုပ်သာ စံမြန်းနေထိုင်ရှာသည်တကား....။

ထိုသို့သော မင်းအိုတစ်ပါး၊ ဖခင်အိုတစ်ယောက်အား သူ့သား အကြောင်း မိမိသိသမျှ ပကတိအမှန်ကို မည်သို့ သတင်းပေးရပါမည်နည်း။

မေတ္တာတရား၌ အခြေခံစိုက်ထူအပ်သော ယုံကြည်မျှော်လင့်ချက် တစ်ခုကို ရင်ဆိုင်ရန်အတွက် အာနန္ဒသည် တုံ့ဆိုင်းသော ခြေလှမ်းများဖြင့် အတွင်းဆောင်ထဲသို့ ဝင်ခဲ့လေသည်။

* * *

အိုမင်းရင့်ရော်ခြင်းနှင့် ဖျတ်လတ်သွက်လက်ခြင်းတို့ကို ယှဉ်တွဲလျက် တွေ့လိုက်ရ၏။ဘကြီးတော်သည် အသက်ကြောင့်၊အရွယ်ကြောင့် အိုမင်းရင့်ရော် နေသည်မှန်သော်လည်း အခြားလူအိုကြီးများလို လေးဖင့်နှေးကန်ခြင်း အလျဉ်းမရှိ။

ဤသည်မှာ ရာဇာဓိရာဇာတို့၏ စည်းစိမ်ချမ်းသာကြောင့်လည်း ဖြစ်မည်။ သကျမင်းတို့၏ ပင်ကိုဗီဇစိတ်အရ မိမိကိုယ်မိမိ ယုံကြည်စိတ်ချသော ရာဇမာန်ကြောင့်လည်းဖြစ်နိုင်သည်။အာနန္ဒကမူ အဖြစ်နိုင်ဆုံးအချက်ကို မှန်းဆလိုက်၏။ သားအပေါ်ချစ်သော မျှော်လင့်အားထားသော စိတ်တို့ဖြင့် ဘကြီးတော်သည် အရွယ်နှင့်မလိုက် နိုးကြားဖျတ်လတ်နေခြင်း....။

"အာနန္ဒလားဟေ့၊ဆိုစမ်း၊ ငါ့သားတော်ကြီးက ဘာတွေမှာလိုက်သလဲ။ သူ့မှာ ဘာလိုအပ်နေပါသေးတယ်လို့ တောင်းဆိုလိုက်သလဲ...."

သကျရာဇာဓိရာဇာက တူတော်ကို တရင်းတနှီး နှုတ်ဆက်ကာ

မေးသည်။ ဘကြီးတော်ကို ကပိလဝတ်နန်းတွင်း လူအားလုံးက ချစ်ခင်ကြသည်မှာ ဤသို့သော ရင်းနှီးပွင့်လင်းမှုကြောင့်ပင် ဖြစ်၏။ ရာဇပလ္လင်ပေါ်နှင့် တရားလွှတ်တော်ရုံးများတွင် တည်ငြိမ်လေးနက်သလောက် အပအချိန်များတွင်ကား ကြီးလတ်ငယ် မည်သူ့ကိုမဆို သူ့နေရာနှင့်သူ ဤသို့ပင် တရင်းတနှီး နွေးထွေးလှိုက်လှဲ ဆက်ဆံတတ်လေသည်။

"ကြည့်စမ်း၊ ငါဟာ တစ်ကိုယ်ကောင်းဆန်ရာ ရောက်သွားပြီ။ မင်းကို စတွေ့လိုက်ချိန်မှာ မင်းအကြောင်းကို မမေးဘဲ သားတော်အကြောင်းကို မေးလိုက်မိတယ်။ဘယ့်နှယ်လဲ၊ သကျာဘုရင်အိုကြီးတစ်ပါးရဲ့ တစ်ကိုယ်ကောင်းဆန်မှုကို ခွင့်လွှတ်နိုင်ပါ့မလား အာနန္ဒ"

ဥဒါယီသာဆိုလျှင် ဤနေရာ၌ စကားတွေရှန်းရှန်းဝေအောင် ပြန်ပြောလိုက်ပေမည်ဟု တွေးမိရင်းက အာနန္ဒာသည် ပြုံး၍ဦးညွှတ်ကာ....

"သားအပေါ် ဒီလောက်ချစ်တတ်တဲ့ ဖခင်တစ်ဦးအနေနဲ့ မိမိညီရဲ့သား၊ မိမိရဲ့တူအပေါ်မှာလဲ ချစ်တတ်မှာပါလို့ ကျွန်တော်ယုံကြည်ပြီးသားပါ ဘကြီးတော်။ ဘကြီးတော်ဟာ တစ်ကိုယ်ကောင်းဆန်သူလို့ ဘယ်တုန်းကမျှ ကျွန်တော်မတွေးမိပါဘူး"ဟု ပြောလိုက်၏။

ဘကြီးတော်သည် အားပါးတရပြုံး၏။

ထို့နောက် စေ့စေ့ကြည့်လျက်....

"အာနန္ဒ၊ မင်းလဲ လူပျိုပေါက်ကြီးလို ဖြစ်နေပါရောလား၊တကယ့်စစ်သူရဲကြီးတစ်ဦးလို သန်မာထွားကြိုင်းနေပါလား၊ ကောင်းတယ်။ သကျမင်းလုလင်တွေရဲ့ စံနမူနာယောကျ်ားကောင်းပဲ"

"ကျေးဇူးတင်ပါတယ် ဘကြီးတော်၊ ဒါပေမယ့် အဲဒီယောကျ်ားကောင်းက စံနမူနာပြုန်ထားရတဲ့ ယောကျ်ားကောင်းတစ်ယောက် ရှိနေပါသေးတယ်။ သူဟာ ကပိလဝတ်တစ်ပြည်လုံးရဲ့ စံပြပုဂ္ဂိုလ်ပါ။ သူ့အမည်က သိဒ္ဓတ္ထပါ"

မင်းတရားကြီး၏ အပြုံးသည် မျက်နှာတစ်ခုလုံး ပြည့်လျှံသွားလေသည်။

"အေး.... ငါ့သားတော်ကြီးမှာ မင်းလိုညီတော်တစ်ဦးရှိနေတာ ဘကြီးတော် ဝမ်းသာလှတယ်ကွယ်။ ကဲ....ဆိုစမ်း၊ အခု သိဒ္ဓတ္ထဆီက ဘာများယူဆောင်လာခဲ့သလဲ"

"သားတော်ဆီက မေတ္တာတရားများကို ကျွန်တော်ယူဆောင်လာပါတယ် ဘကြီးတော်"

အဆင်ပြေပြေဖြေလိုက်နိုင်သည့်အတွက် အာနန္ဒ ကိုယ့်ကိုကိုယ် ကျေးဇူးတင်လိုက်မိ၏။ တကယ်တော့ မိမိ၏စကားများသည် ဆွေမျိုးရင်းခြာ သကျနွယ်ဖွားများအတွင်း ပြောဆိုနှုတ်ဆက်နေကြသည်နှင့် မတူဘဲ သံခင်းတမန်ခင်း စကားဆန်နေသည်ကို သတိပြုမိ၏။

"အင်း.... ဟုတ်ပြီ၊ သူ နွေရာသီစံနန်းကို သဘောကျရဲ့မဟုတ်လား အာနန္ဒ"

"နောင်တော်ဟာ နွေရာသီနန်းဆောင် ပြာသာဒ်ထက်မှာ နတ်ဒေဝ တစ်ပါးလို စံမြန်းနေပါတယ် ဘကြီးတော်"

"သူဘာကို တောင်းဆိုသေးသလဲ"

"တောင်းဆိုစရာ မရှိတော့လောက်အောင် ပြည့်စုံနေတဲ့ စည်းစိမ်ချမ်းသာအလယ်မှာ စံစားနေသူတစ်ယောက် ဘာကိုတောင်းဆိုမလဲဆိုတာကို သူ့လိုမစံစားရတဲ့ ကျွန်တော့်အနေနဲ့ မဖြေတတ်ပါဘူး ဘကြီးတော်"

မိမိ၏အဖြေသည် အမှန်အတိုင်းဖြစ်သော်လည်း ဖုံးကွယ်မှု တစ်ခုခု ပါနေသည်ဟုကား ဖြေနေရင်းသိလိုက်၏။ ဘကြီးတော်မင်းတရားမှာ မူကား ဤစကားကို အဖြောင့်သာ တွေးရှာပေမည်။

"ဟုတ်ပြီ၊ မေတ္တာတရားနဲ့အတူ မင်းဘာများထပ်ပြီးဆောင်ကျဉ်းလာသေးလဲ ပြောစမ်း၊ ငါ့သားတော်အတွက် ငါဘာထပ်လုပ်ပေးနိုင်ဦးမလဲ၊ အင်း...."

ဘကြီးတော်သည် ပြောရင်းဖြင့် တစ်စုံတစ်ခုကို သတိရသလို အင်း.... ဆွဲရင်း တွေးငေးနေ၏။ ပြီးမှ....

"မဇ္ဈိမတစ်ခွင်မှာ ဘယ်ဘုရင့်သားတော်နဲ့မှမတူအောင် ငါ့ သားတော်ကြီးကို ငါပြုစုစောင့်ရှောက်ထားတာ မင်းအသိနော် အာနန္ဒ၊ ပြီးတော့ ဘာကြောင့် ဒီလောက်ပြုစုစောင့်ရှောက်နေသလဲဆိုတာလဲ မင်းသိပြီး ဖြစ်မယ်လို့ ငါယုံတယ်၊ ဘယ်နဲ့လဲ"

အခက်အခဲတော့ နည်းနည်းအစပျိုးလာပြီ ဖြစ်၏။

"ကျွန်တော် သိပါတယ် ဘကြီးတော်"

"ဖခင်တို့ရဲ့မေတ္တာကို အခြေခံတဲ့စိုးရိမ်ကြောင့်ကြမှုဟာ အပြစ်မဖြစ်နိုင်ဘူး ဟုတ်တယ်မဟုတ်လား အာနန္ဒ၊ တကယ့်တော့ သူ စကြဝတေးမင်းဖြစ်ရေး မဖြစ်ရေးထက် အမျိုးဇာတ်ကွယ်ပျောက်ပြီး ရသေ့ရဟန်းပြုပြီး တောတကာတောင်တကာ လှည့်လည်နေမယ့်အဖြစ်မျိုး မရောက်ရေးက ပိုအရေးကြီးပါတယ်ကွယ်။ဒါကြောင့် သူ့ကိုငါ ဒီလောက်ဂရုစိုက်နေတာပါ။ ငါဟာ မဟာဇကေရာဇ်မင်းရဲ့ ခမည်းတော်ဖြစ်ဖို့ကို စိတ်ဝင်စားသူ မဟုတ်ပါဘူး။သား ဆင်းရဲညှိုးငယ်မှာကို စိုးရိမ်တဲ့ဖခင်တစ်ယောက်သာဖြစ်ပါတယ်"

ရှေ့ဆက်ရမည့် စကားအတွက် အခက်ကြီးခက်သွား၏။

ညီတော်နောင်တော်များနှင့်အတူ တောကစားအမဲလိုက်ထွက်ဖို့ အရေးကို မည်သို့ခွင့်တောင်း အသိပေးရမည်နည်း။

သကျရာဇာ ဘုရင်အိုကြီးတစ်ပါး၏ မေတ္တာတရားနှင့်မျှော်လင့်ယုံကြည်ချက်က တစ်ဖက်၊ ချစ်ခင်မြတ်နိုးလေးစားရသော နောင်တော်၏ နက်ရှိုင်းမှုက တစ်ဖက်....။ မိမိဘာလုပ်ရမည်နည်း။ သူ့သားကို နန်းတော်တွင်းမှ တစ်ဖဝါးမှ မခွာစေလိုသော ဖခင်ကြီးတစ်ယောက်အား သူ့သားကို တောအုပ်ထဲမှာ အမဲလိုက်ကစားခွင့်ပြုဖို့ ခွင့်တောင်းရမည့်အရေးသည် သေးငယ်သော ပုဂ္ဂိုလ်ရေးကိစ္စမဟုတ်တော့ဘဲ ကြီးကျယ်သောအရေးအရာတစ်ခု

ဖြစ်လာ၏။

အာနန္ဒသည် အကောင်းဆုံးဖြစ်နိုင်မည့် စကားလုံးများကို ရွေးချယ်လိုက်သည်။ ဘကြီးတော်မင်းတရားကြီးအား ကြင်နာစွာမော့ကြည့်လိုက်၏။ မေတ္တာတရားကို မလွှဲသာမရှောင်သာ ထိုးဖောက်ရတော့မည်။ အဘယ်ကြောင့်ဆိုသော် မေတ္တာတရားထက် လေးနက်ကြီးကျယ်သောအရာတစ်ခုရှိနေခြင်းကြောင့်ဖြစ်၏။ထိုအရာသည် ဘာမှန်း တိတိကျကျမသိနိုင်သေးစေကာမူ ထိုအရာအတွက် မိမိအရေးဆိုခြင်းသည် နည်းလမ်းကျသည်ဟု ကိုယ့်ကိုယ်ကို အားတင်းယူလိုက်လေသည်။

"ဘကြီးတော်ကို တစ်ခု ခွင့်ပန်လျှောက်တင်စရာ ရှိနေပါတယ်"

"ဆိုပါဦး၊ အာနန္ဒ"

"ကျွန်တော်တို့ ညီတော်နောင်တော်တစ်စု တောကစားထွက်ကြဖို့ တိုင်ပင်ထားကြပါတယ်၊ ဘကြီးတော်"

"တောကစား"

နောင်တော်သိဒ္ဓတ္ထကိုပါ အတူလိုက်ပါခွင့်ပြုဖို့ တစ်ဆက်တည်းမှာပင် ခွင့်တောင်းလိုက်မည်ဟု ကြံသော်လည်း ဘကြီးတော်က စကားဖြတ်လိုက်သဖြင့် အာနန္ဒ ဆက်အပြောရခက်သွားသည်။

"တောကစား....၊ အင်း.... ကြည့်စမ်း။ သက်ကြီးရွယ်အို သကျမင်းတစ်ယောက်ဆိုတော့ သတိတွေချို့တဲ့ကုန်ပြီနဲ့တူပါရဲ့ အာနန္ဒရယ်။ ဒီစကားလုံးကို ဘကြီးတော်မေ့နေလိုက်တာ။ ဟုတ်ပေသားပဲ၊ သကျမင်းလုလင်တွေရဲ့ အလုပ်တွေထဲမှာ တောကစားခြင်းဆိုတာလဲ မရှိမဖြစ်လိုအပ်တဲ့ အလုပ်တစ်ခုပေပဲ။ ဘကြီးတော်တို့ ငယ်စဉ်အရွယ်ကောင်းတုန်းကလဲ တောကစားထွက်ခြင်းကို သဲကြီးမဲကြီးလုပ်ခဲ့တာပေါ့။ ဒီတုန်းကဆိုရင် မောင့်ဖခင် အမိတောဒနဟာ အတက်ကြွဆုံးနဲ့ အကျွမ်းကျင်ဆုံး တောလိုက်မုဆိုးပေါ့။ အင်း.... ဟုတ်ပါရဲ့၊ အခုလို နွေရာသီဆုတ်စ မိုးဦးရာသီဝင်စ ကာလဟာ

တောကစားလို့ အကောင်းဆုံးကာလပေပဲ”

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် အာနန္ဒအားတက်သွား၏။ ရှေ့ဆက်ပြောဖို့ အခွင့်သာသွား၏။ သို့သော် အာနန္ဒ ပါးစပ်မဟနိုင်ခင် ဘကြီးတော်က တသွင်သွင်ဆက်ပြောလေသည်။

“သာမန်လူတွေ၊ အဲ.... မုဆိုးနဲ့ ငှက်ခတ်သမားတွေ၊ အမဲလိုက်ကြတာက တစ်မျိုးပဲ။ သူတို့မှာက ဝမ်းစာနဲ့ အသက်မွေးဝမ်းကျောင်းအတွက် တောလိုက်ထွက်ကြရတာကွယ့်။ သကျမင်းလုလင်တွေအဖို့ကတော့ တောကစားထွက်ခြင်းဆိုတာ ကျယ်ဝန်းလေးနက်တဲ့ အဓိပ္ပာယ်တွေ အများကြီး ရှိနေတယ်။ မင်းသိရဲ့လား အာနန္ဒ”

“အမိန့်ရှိပါ ဘကြီးတော်”

“သန္တာဂါရ လွှတ်တော်တာဝန်တွေ၊ နှလုံးရည်နဲ့အသိဉာဏ်အတွက် လေ့လာဆည်းပူးရတာတွေနဲ့ များပြားလေးလံလာတဲ့အခါမှာ သကျမင်းတွေဟာ ကိုယ်လက်ခန္ဓာတွင်မက ဦးနှောက်တွေပါ ညောင်းညာကိုက်ခဲလာတတ်ကြတယ်။ ရာဇာအလောင်းလျာတွေဆိုရင် ပိုပြီးဆိုးသေးတယ်။ အရွယ်နဲ့မမျှအောင် အုပ်ချုပ်ရေးတာဝန်တွေက ဖိစီးလေးလံလာကြတော့ သူတို့မှာ ငြီးငွေ့လာကြတယ်။ ဒီလို အချိန်မျိုးမှာ တောကစားထွက်ခြင်းဟာ အကောင်းဆုံး အပန်းဖြေနည်းပဲ အာနန္ဒရဲ့”

အာနန္ဒမဝင်သာအောင် ဖြစ်နေ၏။ သို့သော် ဘကြီးတော် ဤသို့ ညွှတ်နူးစိတ်ပါပြောဆိုနေခြင်းကပင်လျှင် မိမိအတွက် အဆင်သင့်ပွင့်သောတံခါးပေါက်လိုဖြစ်နေသည့်အတွက် ဘကြီးတော် ပြောချင်ရာပြောပါစေဟု နားထောင်နေလိုက်သည်။

“တောကစားခြင်းရဲ့ ပထမဆုံး အကျိုးကျေးဇူးကတော့ ပြောင်းလဲသွားတဲ့ဝန်းကျင်ရဲ့ လတ်ဆတ်တဲ့အငွေ့အသက်ကိုရရှိခြင်းကြောင့် စိတ်ထဲမှာ လန်းဆန်းသွားခြင်းပဲ။ တောတောင်ရေမြေဝန်းကျင်ရဲ့သဘာဝအလှဟာ

တကယ်တော့ အလှဆုံးသဘာဝပဲ။ နန်းတော်တိုင်လုံးကြီးတွေဟာ တောအုပ်ထဲက သစ်ပင်ပင်စည်လုံးကြီးတွေကို မမီနိုင်ဘူး။ သန္တာဂါရ အဆောက်အအုံရဲ့လှေကားထစ်တွေထက် တောတောင်ကုန်းကမူတွေကပိုပြီး ဆွဲဆောင်အားကြီးတယ်။ လွှတ်တော်ခန်းမထဲက ကောဇောအစိမ်းတွေဟာ တောအုပ်မြက်ခင်းစိမ်းတွေနဲ့ ဘယ်ယှဉ်နိုင်ပါ့မလဲ။ ရွှေရေးနံ့၊ သစ်စေးနံ့၊ အမွှေးနံ့သာနံ့တွေနဲ့ မွှန်းကျပ်ချိုအီနေတဲ့ကြားကနေ ကုန်းမြင့်လွင်ပြင်ကို ဖြတ်သန်းလာတဲ့ လေကောင်းလေသန့် ရှူရှိုက်လိုက်ရတော့ တကယ့် အရသာပဲ။ စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွသွားတာကလား”

သကျရာဇာတို့၏ ရာဇာဓိရာဇာနေရာအား ဘကြီးတော် ထိုက်တန်စွာ ခံယူနိုင်သည်ကို အာနန္ဒမအံ့သြတော့။ ဘကြီးတော်သည် အလွန်ပင်မျှတလျောက်ပတ်စွာ တွေးခေါ်နိုင်သူပင်။

“ရှိသေးတယ် အာနန္ဒရဲ့၊ အမဲလိုက်ရင်းနဲ့ခံစားရတဲ့ ရင်တဖိုဖို အရသာ။ မိမိလိုက်တဲ့ အမဲကို ကြိုတင်တွက်ဆလို့မရတဲ့ အခက်အခဲတွေ၊ အတားအဆီးတွေ ဖြတ်သန်းရင်း အားထုတ်ကြိုးပမ်းရတာ။ ပြီးတော့ တောကစားကြတော့ မင်းလုလင်အချင်းချင်း အလိုအလျောက် နားလည်မှုရကြတာ။ မိမိရဲ့လက်ရုံးစွမ်းကို ပြသထုတ်ဖော်ခွင့်ရကြတာ။ အကယ်တန္တု မိမိလိုက်တဲ့ အမဲသားကောင်ကို လွှတ်သွားစေဦး။ ဘာကြောင့်လွှတ်သွားရသလဲဆိုတဲ့ လက်တွေ့သင်ခန်းစာကို ထုတ်နုတ်ဆင်ခြင်နိုင်တာ အများကြီးပါပဲ။ တောကစားထွက်ခြင်းကနေပြီး ဘဝရဲ့ဥပဒေသတွေကို အများကြီးရနိုင်တယ်။ ယောကျ်ားကောင်းတို့ရှိအပ်တဲ့ အရည်အချင်းကောင်းတွေ အလိုအလျောက်ပေါ်လာတယ်။ တောတောင်သဘာဝနဲ့ အမဲလိုက်ခြင်း အတွေ့အကြုံကနေပြီး အင်မတန်တန်ဖိုးရှိတဲ့အသိတွေရလာနိုင်တယ်။ အောင်မြင်မှုရှာဖွေရင်းနဲ့ ရှုံးနိမ့်မှုကိုကြုံရတဲ့အခါမှာ သည်းခံနိုင်တဲ့ခွန်အား၊ ဘာကြောင့်ရှုံးနိမ့်ရလဲဆိုတာကို သုံးသပ်ရင်းနဲ့ နောင်မဖြစ်ရအောင် ထုတ်နုတ်ယူတဲ့

သင်ခန်းစာ၊ အောင်မြင်မှုရတဲ့အခါမှာလဲ တောကစားသူအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှု၊ ပြီးတော့ မိမိအပေါ်မိမိ ပိုမိုယုံကြည်ကိုးစားမှု"

ရင့်ရော်အိုမင်းသော ရာဇာကြီးတစ်ပါး၏ အသွင်သည် ကြည့်နေရင်းပင် နုပျိုလာလေသည်။

"ဘကြီးတော်တို့ငယ်စဉ် မင်းလုလင်အရွယ် တောကစားထွက်ကြတုန်းကဆိုရင် ကပိလဝတ်ရဲ့ အရှေ့မြောက်ဘက်တောအုပ်ကို အမြဲရွေးချယ်ကြတယ်။ အဲဒီတောအုပ်ဟာ ဟိမဝန္တာတောင်ခြေမှာ သီတင်းသုံးနေတဲ့ ကပိလရသေ့ကြီးရဲ့ ကျောင်းသင်္ခမ်းဟောင်းနေရာနဲ့ သိပ်မဝေးဘူးလို့ သိကြတယ်။ တချို့ကလဲ ကပိလရသေ့ကြီး ဘူမိဇာလ အတတ်ပညာနဲ့ မြေကြီးရဲ့ သဘောသဘာဝကို လေ့လာအားထုတ်တဲ့ နေရာကောင်းလို့ ပြောကြတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ ကပိလဝတ်မြို့တော်အနေနဲ့ကတော့ အမဲလိုက်ဖို့ အကောင်းဆုံးတောအုပ်ပဲ"

မည်သည့်နေရာ စကားကြားဖြတ်ဝင်ကာ နောင်တော်သိဒ္ဓတ္ထကို လိုက်ပါခွင့်ပြုဖို့ ခွင့်တောင်းရမလဲဟု အာနန္ဒအခွင့်ကောင်းကို ချောင်းမြောင်းလျက်ရှိသည်။

"အင်း.... မှတ်မိသေးတော့၊ တို့များ တောကစားထွက်တုန်းကဆိုရင် မောင့်ဖခင် အမိတောဒနဟာ အကျွမ်းကျင်ဆုံး မုဆိုးလို့ပြောခဲ့ပါပကော။ အေး.... ညီတော်အမိတောဒနပြီးရင် ဒုတိယအကျွမ်းကျင်ဆုံးကတော့ သုက္ကောဒနပဲ။ တောတောင်သဘာဝနဲ့ အမဲခြေရာကောက်အတတ်မှာ သုက္ကောဒနဟာ တယ်တော်တယ်"

သုက္ကောဒနသကျကား ဘကြီးတော်အောက် ညီတော်ဖြစ်၏။

မဟာနာမ်နှင့် အနုရုဒ္ဓတို့၏ ဖခင်လည်းဖြစ်လေသည်။

"အံမာ.... နှမတော်လေးအမိတာလဲ မိန်းကလေးပေမယ့် နန်းတော်ထဲ နေရစ်ခဲ့မယ်မထင်နဲ့။အစ်ကိုတွေ တောကစားထွက်တိုင်း သူလိုက်တယ်။

အမဲလိုက်ချိန်မှာတော့ အမိတာက ရေတံခွန်စခန်းမှာကျန်ရစ်ပြီး ရလာတဲ့ အမဲကိုကင်ဖို့နဲ့ စားဖို့သောက်ဖို့ ပြင်ဆင်နေခဲ့တာ။ အမိတာကလဲ တို့များ မောင်နှမခြောက်ယောက်ထဲမှာ အငယ်ဆုံးမိန်းကလေးပီပီ ခပ်ဆတ်ဆတ် ပဲ။ အင်မတန်စိတ်ကြီးတဲ့ မိန်းကလေး"

ဘကြီးတော်စကားကို အကြွင်းမဲ့လက်ခံသည်။ဒွေးတော်အမိတာကို သိပ်မသိသော်လည်း သူ၏သား တိဿကား သူ့မယ်တော်ထံမှ ကြွပ်ရှသော စိတ်ကို အမွေဆက်ခံခဲ့တာ ဖြစ်ချိမ့်မည်။ တိဿသည် ဘယ်သူနှင့်မှ သိပ် မတည့်ချင်သည့် မင်းလုလင်ဖြစ်၏။

"မောင့်ဖခင်အမိတောဒနကတော့ တောကစားအဖွဲ့မှာ အလိုလို ခေါင်းဆောင် ဖြစ်သွားတော့တာပဲ။ အမဲလိုက်တဲ့နေရာမှာ အလျင်မြန်ဆုံး၊ လက်အဖြောင့်ဆုံးဖြစ်သလို နားနားနေနေအပန်းဖြေကြရာမှာလဲ တော တောင်အကြောင်းကို သူကတေးချင်းဖွဲ့ပြီး အသံဝါကြီးနဲ့ဆိုပြတတ်သေးရဲ့"

ခမည်းတော်အတွက် အာနန္ဒဂုဏ်ယူမိ၏။ သို့သော် နောင်တော် သိဒ္ဓတ္ထလိုက်ပါဖို့အရေး မည်သည့်နေရာတွင် မည်သည့်အခွင့်ကောင်းဖြင့် စကားထည့်ရမည်နည်း။ အာနန္ဒအဖို့ယခုပင်လျှင် တောကစားထွက်ရသလို ဖြစ်နေပေပြီ။ သားကောင်ကို အမိဖမ်းနိုင်ဖို့ ချောင်းမြောင်းနေရသော အနေ အထား။

"တောကစားထွက်ကြချိန်မှာ လူတွေရဲ့ စိတ်နေသဘာဝဟာလဲ ဖုံးဖိ မရ ပေါ်လာတတ်တယ်ကွယ့်။ အမဲသားကောင်ကို လိုက်လံချောင်းမြောင်း နေတဲ့အခိုက်၊ လိုက်လံထိုးပစ်ရတဲ့စရိုက်တွေ အလိုလိုပေါ်လာတတ်တယ်။ အင်း....အင်း....သတိရတုန်းပြောရဦးမယ်၊ အာနန္ဒရေ။ တို့များ တောကစား ထွက်ကြစဉ်က အမဲသားကောင်ကို အလွဲချော်ဆုံးပစ်ခတ်သူက ဘကြီးတော် ပဲပေါ့။ ဘကြီးတော်ဟာ တယ်အချိန်အဆ အပစ်အလွှတ် ညံ့တာကလား။ သားကောင်ကိုမထိဘဲ မြေကြီးမှာ၊ သစ်ပင်မှာ၊ ချုံပုတ်ထဲမှာ စိုက်ဝင်နေတဲ့

မြားတံ၊လုံတံဆိုရင် ဘယ်သူ့ဟာလဲမမေးနဲ့၊ သုဒ္ဓေါဒနပဲ။ ဟင်း.... ဟင်း....”

အာနန္ဒပြုံးမိသွားသည်။ အညံ့ကို ရိုးသားစွာဝန်ခံရင်း ရယ်မောနေသော ဘကြီးတော်။

“ညီတော်နောင်တော်တွေထဲမှာ အကြီးဆုံး။ ဒါပေမယ့် အမဲလိုက်အညံ့ဆုံး ဘကြီးတော်လေ။ ဒါပေမယ့်ကွယ် တစ်ခုကောင်းသွားတာက ဘကြီးတော်မို့ ပစ်လိုက်ရင်လွဲ၊ လွှတ်လိုက်ရင်ချော်ဖြစ်နေတာကိုက တောကစားအဖွဲ့အတွက် အကောင်းဆုံးဟာသ ဖြစ်နေတာကလား။ ဒီတော့ တောကစားထွက်တိုင်း သူတို့ဟာ သူတို့နောင်တော်ကြီး သုဒ္ဓေါဒနကို မရအရ အပါခေါ်ကြတော့တာပဲ။ ဘကြီးတော်ပါရင် ပိုပျော်သတဲ့လေ”

ရာဇာဓိရာဇာသကျမင်းအိုကြီးတစ်ပါး၏ ချစ်ဖွယ်ကောင်းသော ရိုးသားမှုကို အာနန္ဒတွေ့နေရသည်။ မိမိတောင်းဆိုရမည့် အခွင့်အရေးကို မေ့မသွားစေဖို့ ဘကြီးတော်စကားထဲမှာမျောပါနေရင်း ကိုယ့်ကိုယ်ကို သတိပေးနေရ၏။

“အဲ.... တစ်ခုတော့ ရှိတယ်ကွယ့်။ ရေတံခွန်စခန်းမှာ အမိတာချက်ပြုတ်စီမံထားတာတွေကို စားကြသောက်ကြရင်းနဲ့ ဘကြီးတော် အမဲလိုက်အတွေ့အကြုံတွေကို ပူပူနွေးနွေးသုံးသပ်ပြတယ်။ ဘယ်သူ့မြင်းဟာ ဘယ်သို့၊ ဘယ်သူ့မြားတံက ဘယ်သို့၊ အမဲသားကောင်က ဘယ်သို့ စသည်အားဖြင့် စီကာပတ်ကုံးပြောပြတော့ အမိတောဒနက ဘာပြောတယ်အောက်မေ့သလဲ။ အမဲလိုက်ကြသူချင်းအတူတူ နောင်တော်ကြီးက အသေးစိတ်တွေ ပြောပြနေလိုက်တာ။ နောင်တော်ကြီးပြောမှပိုပြီး သရုပ်ပေါ်သတဲ့လေ။ ဘကြီးတော်ကလဲ ဘာရယ်မဟုတ်ဘူးကွယ့်။ ကိုယ်က အပစ်အလွှတ် အထိုးအစိုက်မှာ အညံ့ဆုံးမဟုတ်လား။ ဒီတော့ ကိုယ့်မြားတံလွဲတာရော၊ သူတစ်ပါးရဲ့ လုံတံစွဲဝင်တာကိုရော နှိုင်းယှဉ်သုံးသပ်ပြတာပါ။ အံမာ.... ဒီတုန်းက သုက္ကောဒနက ပြောဖူးသကွယ့်”

အာနန္ဒ နားစိုက်လိုက်ရ၏။

“သုဗ္ဗောဒန ပြောတာက နိမိတ်ဖတ်လိုက်သလိုပဲ။ နောင်တော်ဟာတဲ့ အမဲလိုက်တဲ့နေရာမှာ သူများတွေနောက် ကျန်ရစ်ခဲ့ပေမယ့် အတွေ့အကြုံတစ်ခုလုံးကို ပြန်သုံးသပ်ပြရာမှာတော့ ထောင့်စေ့လှတယ်တဲ့။ ဒါဟာ နောင်တော့် အရည်အချင်းပဲတဲ့။ ဒီအရည်အချင်းဟာ လွယ်တယ်မထင်နဲ့ အသေးစိတ်မြင်တတ်၊ ပြောတတ်တဲ့ ဒီအရည်အချင်းဟာ သကျအုပ်ချုပ်ရေးနဲ့သန္တာဂါရ လွှတ်တော်မှာ အများကြီးအသုံးဝင်လာလိမ့်မယ်တဲ့။နောင်တော်ဟာ သကျအလှည့်ကျရာဇာအပြင် ရာသက်ပန် ရာဇာဓိရာဇာဖြစ်လာနိုင်တယ်တဲ့။ ကိုင်း သူပြောခဲ့တာ ဟုတ်နေတာပဲ။ သုဗ္ဗောဒနတို့ တော်တယ်”

နောင်တော်သိဒ္ဓတ္ထ၏ ဘုန်းကံကြောင့်လား၊ ဗြဟ္မဏတွေ ကိုးကွယ်ဝတ်ပြုကြသော နတ်ဒေဝတာများ၏တန်ခိုးကြောင့်လား၊ ဘကြီးတော်၏ နှုတ်ခံတွင်းသည် အလိုအလျောက် ခွင့်ပြုစကားကို ဆိုလေသည်။

ဘကြီးတော်ကမူ အာနန္ဒတစ်ယောက် လှုပ်ခတ်ယိမ်းယိုင်သွားသည်ကို မသိရှာဘဲ ဆက်ပြောနေပြန်၏။

“အာနန္ဒရဲ့ ငါ့သားတော်ကြီးဟာ နန်းတော်ပြာသာဒ်ဆောင်တွေထဲက နွေမိုးဆောင်းရာသီတွေကို ခံစားနေရရုံနဲ့တင် မလုံလောက်ဘူး။ သဘာဝရဲ့ အလှအပကို ခံစားစေသင့်တယ်။ ပြီးတော့....”

အံ့သြရာမှ ဝမ်းသာလာသဖြင့် ဘကြီးတော်၏ စကားသံတွေကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေ၏။

“ကပိလဝတ်ကိုသာမက မဇ္ဈိမဒေသတစ်ခွင်လုံး။ အို.... ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကိုပါ စိုးမိုးအုပ်ချုပ်မယ့် ဧကရာဇ်မင်း စကြဝတေးမင်း အလောင်းအလျာတစ်ပါးဟာ တောကစားထွက်ခြင်းဆိုတဲ့ အတွေ့အကြုံထဲကနေ ယောကျ်ားကောင်းတို့ရဲ့ အရည်အသွေးတွေကို ထုတ်နုတ်ရယူတတ်ရမယ်။ ငါ့သားတော်ကြီးရဲ့ လက်ရုံးနှလုံးအရည်အသွေးကို ငါသိလိုလှတယ်”

"ကဲ.... မင်းခွင့်တောင်းစရာရှိတယ်ဆိုတာ ဘာလဲ၊ အာနန္ဒ"

စိတ်ထဲမှာ ကြိတ်၍ပြုံးမိတော့သည်။ ပြည့်ဝသွားသော အလိုဆန္ဒအတွက် တောင်းဆိုစရာ စကားလုံးမရှိတော့။

"ဟို.... ကျွန်တော်တို့ ညီတော်နောင်တော်တစ်စု တောကစားထွက် ခွင့်တောင်းမလို့၊ ဒါပါပဲ ဘကြီးတော်"

"ညီတော်နောင်တော် တစ်စုဟုတ်လား၊ ဘယ်သူတွေပါမလဲ"

"မဟာနာမ်၊ အနုရုဒ္ဓါ၊ တိဿနဲ့ ကျွန်တော်တို့ပါ ဘကြီးတော်"

"ကောင်းတယ်၊ မဟာနာမ် ပါတာလဲ သဘောကျတယ်။ သူကမင်းတို့ထဲမှာ အသက်အကြီးဆုံး မဟုတ်လား။ ဟော့....ဟော့၊ သားတော်ငယ်နန္ဒကို ခေါ်သွားကြဦး၊ ဂေါတမီကို ပြောလိုက်။ ဘကြီးတော်က နန္ဒကိုလိုက်သွားစေလို့ အမိန့်ချတယ်လို့။ နန္ဒဟာ အနုအရွအလှအပတွေကြားထဲမှာချည့် အချိန်ကုန်နေလို့ မဖြစ်ဘူးကွယ့်။ စိတ်လှုပ်ရှားရတဲ့ တောကစားအတွေ့အကြုံဆိုတာ အဲဒါ။ အမဲကို တိကျစွာ ထိုးစိုက်ပစ်ခတ်သလို စကားကို တန်းခနဲနေအောင် ပြောနိုင်တာ"

အာနန္ဒ အသက်ရှူ အားယူလျက် ဖွတ်ဝင်လိုက်ရ၏။

"ဘကြီးတော်တို့ ခမည်းတော်တို့ ငယ်စဉ်က အဲဒီလိုတောကစားထွက်ခဲ့ကြသလို၊ အဲဒီလိုအဖိုးတန်တဲ့ အတွေ့အကြုံတွေရခဲ့သလို ကျွန်တော်တို့လည်း ရချင်ပါတယ်။ တွေ့ကြုံချင်ပါတယ်"

"အို.... ဒါ သိပ်ဟုတ်တာပေါ့၊ တောကစားတယ်ဆိုတာ မျှော်လင့်မထားတဲ့ ဗဟိန္ဒအခြေအနေနဲ့ စိန်ခေါ်မှုကို မိမိကဘယ်လို အကောင်းဆုံးတုံ့ပြန်မလဲ၊ ဒါက အဓိကအချက်ပဲ။ ဒါဟာတစ်ချိန်မှာ ကပိလဝတ်နဲ့ သဗ္ဗာဂါရကို ပခုံးပြောင်းတာဝန်ယူရမယ့် မောင်တို့အတွက် ဆည်းပူးထားရမယ့်ပညာပဲ။ သကျမင်းလုလင်တွေအတွက် မရှိမဖြစ်အတွေ့အကြုံပဲ"

အခွင့်သာပေပြီ။ ဘကြီးတော်စကားထဲတွင် တံခါးပွင့်ဟနေပေပြီ။

အသာအယာ ချဉ်းနင်းဝင်ရောက်သွားလိုက်ရန်ပင် ရှိတော့၏။

နောင်တော်သိဒ္ဓတ္ထကိုပါ အတူလိုက်ပါခွင့် အာနန္ဒ နှုတ်မှ ထိုစကားလုံးများ အစီအရီထွက်လာတော့အံ့ဆဲဆဲတွင် ဘကြီးတော် စကားဆက်၏။

"အာနန္ဒ၊ မင်းတို့ တောကစားထွက်ရင် ငါ့သားတော်ကြီးကိုပါ အတူလိုက်ဖို့ အပါခေါ်ကြ၊ သိလား"

အာနန္ဒ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

* * *

ဝန်လေးခဲယဉ်းစွာ တွေးတောခဲ့ရသည်။ အစစစိတ်မချနိုင်သော ဘကြီးတော်အား သူ့သားတော်ကြီးကို တောကစားလိုက်ပါခွင့်ပြုဖို့ ခဲရာခဲဆစ် ကြံစည်ထားသည်။ဘကြီးတော်၏သကျရာဇာဓိရာဇာ အရှိန်အဝါနှင့် ဖခင်အိုကြီး၏ နှလုံးသားတို့ကို မည်သို့ချဉ်းကပ်ရမည်နည်းဟု နည်းလမ်းရှာဖွေခဲ့သည်။ ဘကြီးတော် စကားတွေ တသွင်သွင်ပြောနေချိန်တွင် အခွင့်အခါကောင်းကို ချောင်းမြောင်း စောင့်လင့်နေခဲ့ရသည်။

အခုတော့....။

ဝမ်းသာရမည်ထက် အံ့သြခြင်းကပိုကဲနေသဖြင့် အာနန္ဒ ဘာပြောရမှန်းမသိ။ အသာအယာတွန်းဖွင့်ရမည်လား၊ အားအင်ဖြင့် ဆောင့်တိုးရမည်လား ဝေခွဲရမှန်းမသိဘဲ တံခါးချပ်ရှေ့မှာ ငူငိုင်တွေဝေနေခိုက် တံခါးချပ်က အလိုလိုပွင့်သွားသည်။

"သူ့အတွက်လိုအပ်တယ်။ ဟို.... စည်းစိမ်ရှင်အနုရုဒ္ဓါတောင် လိုက်ပါနေမှပဲကွယ်။ နန္ဒမလိုက်လို့ ဘယ်ဖြစ်မလဲ။ကဲ....ကဲ....သွားကြ၊ သွားကြ"

ဘကြီးတော်အား ချစ်ခင်ကြည်ညိုစွာ ကျေးဇူးတင်စွာဖြင့် ဒူးတုပ်ဦးညွှတ်ပြီးပြန်အထတွင် ဘကြီးတော်က အာနန္ဒ၏ဦးခေါင်းပေါ်၌လက်တင် လျက်ပြောပြန်၏။

"တောကစား အတွေ့အကြုံကိုလဲ ငါ့ပြန်ပြောဦးနော်.... အာနန္ဒ"

"သြက္ကာကမင်းကြီးဆိုတာ ဘုန်းတန်ခိုးအင်မတန်ကြီးသတဲ့။ စကားပြောရင် အာခံတွင်းကနေ ဥက္ကာပျံသလို အရောင်အဝါတွေထွက်တတ်လို့ သြက္ကာကလို့ အမည်တွင်ခဲ့သတဲ့။ ဒီမင်းကြီးမှာ မိဖုရားငါးပါးရှိခဲ့တယ်။ မိဖုရားခေါင်ကြီးကတော့ သားတော်လေးပါးနဲ့ သမီးတော်ငါးပါးဖွားမြင်ပြီး နောက်မှာ ကွယ်လွန်ခဲ့တယ်။ ဒီအခါ သြက္ကာကမင်းကြီးဟာ အခြားသော မျိုးဇာတ်နွယ်မိန်းမတစ်ဦးကို မိဖုရားခေါင်မြှောက်တယ်။ ဒီမိဖုရားခေါင်က သားတော်တစ်ပါး ထွန်းကားပြန်တယ်"

မဟာနာမ်က မြင်းဇက်ကိုအသာအယာဖြေလျှော့ရင်း အေးအေးဆေးဆေးပြောပြနေသည်။ ညီတော်နောင်တော်တစ်စုတွင် အသက်အကြီးဆုံးဖြစ်သော မဟာနာမ်သည် အပြောအဆိုအမူအရာအစစ တည်ငြိမ်အေးဆေးသူဖြစ်ပြီး သူတို့အားလုံးက တလေးတစားဆက်ဆံကြသည်။

အာနန္ဒသည် နောင်တော်သိဒ္ဓတ္ထနှင့်ယှဉ်၍ မြင်းကို လေးဖက်ကျစီးခဲ့၏။ နောင်တော်သည် ကဏ္ဍကာ၏ဇက်ကြိုးကို ဖွဖွကိုင်လာသည်။ ဆန္နကမူ တာဝန်ကျေလွန်းလှသည်။ မြင်း၏ ဝမ်းဗိုက်နံပါးဖြင့်ယှဉ်လျက် ခပ်ဖြည်းဖြည်းပြေးလိုက်သည်။ ကဏ္ဍကာမြင်းက တစ်ချက်တစ်ချက်မှ ဦးခေါင်းမော့၍ လည်ဆံဝင့်တတ်သော်လည်း ဆန္နမှာမူ သူ့သခင်နှင့် သူ့မြင်းအပါးလိုက်ပါရင်း ဂုဏ်ယူဝင့်ကြွားစွာ ဦးခေါင်းကိုမငုံ့စတမ်း စွင့်စွင့်မော့လျက်ထားလေသည်။

တောတောင်သည် ပို၍စိမ်းညို့လာ၏။

မြက်ခင်းများကြောင့် မြင်းခွာသံတို့ လုံခြုံနေကြသည်။ မဟာနာမ်က ဆက်ပြောသည်။

"မိဖုရားခေါင်အသစ်ကနေ ဖွားမြင်လာတဲ့ သားတော်လေးကို ချစ်လွန်းအားကြီးလို့ သြက္ကာကမင်းကြီးဟာ သားတော်လေးအတွက် လိုရာ

ဆုတောင်းစေလို့ ခွင့်ပြုလိုက်တယ်။ မိဖုရားခေါင်က သူ့ဆွေမျိုးတွေနဲ့ တိုင်ပင်ပြီး သားအတွက် ထီးနန်းကိုတောင်းတယ်။ ဒီတော့မှ မင်းကြီးအခက်ကြုံရတယ်။ သွားလေသူ မိဖုရားခေါင်ကြီးမွေးထားတဲ့ သားတော်ကြီးတွေ ရှိနေတယ် မဟုတ်လား"

သကျရာဇဝံသကို ရှင်းလင်းပြောပြနေသည့် မဟာနာမ်၏စကားကို အားလုံးတိတ်ဆိတ်စွာ နားထောင်လိုက်ပါလာကြ၏။

"ငါ့သားတော်ကြီးတွေကိုတော့ မင်းအကောက်ကြံမယ် စိတ်မကူးနဲ့လို့ မင်းကြီးက သတိပေးပေမယ့် မိဖုရားခေါင်အသစ်က ထီးနန်းကို အတွင်သာ တောင်းနေတော့တာကလား။ ဒီတော့ ဩက္ကာကမင်းကြီးလဲ မတတ်သာတော့ဘူး။ အသက်ဘေးအန္တရာယ်ထက် ဘာမှပိုအရေးမကြီးဘူး။ ဒါကြောင့် သားတော်ကြီးတွေကို ဆင်၊မြင်း၊ရထား၊ အမတ်အခြွေအရံ အစုံအလင်ပေးပြီး တိုင်းပြည်ကနေတိမ်းရှောင်ကြတော့။ ခမည်းတော် ကွယ်လွန်ပြီးမှပဲ ပြန်လာပြီး ထီးမွေဆက်ခံကြတော့လို့ မှာလိုက်ရသတဲ့"

"ရာဇဝံသဖြစ်ရပ်တွေဟာ သိပ်ရှုပ်ထွေးတာပဲနော်"ဟု အနုရုဒ္ဓါက မှတ်ချက်ချသည်။ အနုရုဒ္ဓါ၏ တောကစားဝတ်စုံသည် အဖိုးထိုက်၊ အဖိုးတန်များဖြစ်နေသည်ကို အာနန္ဒ သတိထားလိုက်မိ၏။ နန္ဒမင်းသားလေးကား နောင်တော်သိဒ္ဓတ္ထ၏ မြင်းနောက်ဝယ် အဖြူရောင်ဆွတ်ဆွတ်မြင်းကို စီးရင်း တောတောင်ဝန်းကျင်ကို ငေးမောရင်း လိုက်ပါလာလေသည်။

"သားတော်လေးပါးနဲ့ သမီးတော်ငါးပါးတို့လဲ ခမည်းတော်ကြီး စကား ဦးထိပ်ရွက်ပြီး တိုင်းပြည်ကထွက်ခဲ့ကြတယ်။ မင်းသားမင်းသမီးတွေကို ချစ်ခင်ကြတဲ့ အခြွေအရံတွေလဲ မနည်းမနော လိုက်ပါလာကြတယ်"

"ဘယ်မြို့ရွာကိုသိမ်းပြီး သူ့တိုင်းပြည်ထီးနန်းသစ် တည်ကြသလဲ နောင်တော်ကြီး"

တိဿမင်းသားက မေး၏။ အမိတာ၏သားဖြစ်သူ တိဿသည်

ဘယ်သူနှင့်မှ မတည့်ချင်သူဖြစ်သော်လည်း မဟာနာမ်ကိုတော့ သူလေးစားရင်းစွဲ ရှိသည်။

"ဟင့်အင်း....ဘယ်မြို့ရွာထီးနန်းကိုမှ သူတို့မကျူးကျော် မထိပါးကြပါဘူး။ သူတို့ဘာသာသူတို့ တိုင်းပြည်ထူထောင်ဖို့ ဟိမဝန္တာတောဆီကို ထွက်ခဲ့ကြတာ"

"သကျတွေဟာ ရှေးပဝေသဏီကတည်းက ရန်လိုကျူးကျော်သူတွေမဟုတ်ဘူးဆိုတာကို ပြတဲ့ သာဓကပေါ့နော်။ သကျတွေဟာ လွတ်လပ်ရိုးသားတဲ့ ဘဝကိုလဲမြတ်နိုးကြတယ်"

အာနန္ဒ မှတ်ချက်ချလိုက်၏။

"ဟုတ်တယ်၊ ဒီလိုနဲ့ပဲ သူတို့ ဟိမဝန္တာရောက်လာကြရော။ အဲဒီအချိန်က ဟိမဝန္တာတောင်ခြေ ရေကန်တစ်ကန်အနီးမှာ ကျောင်းသင်္ခမ်းဆောက်လုပ်သီတင်းသုံးနေတဲ့ ပုဂ္ဂိုလ်ဟာ ကပိလရသေ့ကြီးပဲပေါ့"

"ကပိလရသေ့ကြီးဟာ ရသေ့အဖြစ် တပအကျင့်ကိုကျင့်မှာပဲ။ ဒါ့ အပြင် သူ ဘာကို ကျင့်ကြံအားထုတ်သေးလဲ"

မမျှော်လင့်သော မေးခွန်းဖြစ်၏။ ဤမေးခွန်းရှင်ကား နောင်တော်သိဒ္ဓတ္ထ။

ကပိလဝတ်နှင့်သကျမင်းတို့၏ ရှေးဟောင်းရာဇဝံသကို မဟာနာမ် က အတိတ်ဆောင်နေစဉ် ကပိလရသေ့ကြီး ဘယ်လိုအကျင့်မျိုးကျင့်သလဲ ဟု မေးလိုက်သော မေးခွန်းမှာ ထူးခြားနေ၏။

မဟာနာမ်က ခေါင်းခါယမ်းပြီး။

"အဲဒါတော့ အသေအချာ မသိဘူး၊ သိဒ္ဓတ္ထ။ သို့သော် ကပိလရသေ့ကြီးဟာ ဘူမိဇာလအတတ်ကိုတော့ ကျွမ်းကျင်တတ်မြောက်တယ်လို့ဆိုတယ်"

"ဘူမိဇာလဆိုတာ ဘာလဲ"

နန္ဒမင်းသားက မေးသည်။

"မြေရဲ့အကျိုးအပြစ်ကို ခွဲခြားသိမြင်တဲ့ အတတ်လို့ဆိုတယ်။ ကပိလရသေ့ကြီးက တိုင်းပြည်ကထွက်ခွာပြီး ဒေသသစ်တည်ဖို့ ရှာဖွေနေကြတဲ့ သားတော်တွေကို နေရာတစ်ခုညွှန်ပြလိုက်တယ်။ အဲဒီနေရာဟာ ကပိလဝတ္ထုရဲ့ မူလဘူတပဲ။ ကပိလရသေ့ကြီးရဲ့ ကျောင်းသခ်မ်းနေရာဟာ ကပိလဝတ်ပြည်ရဲ့ ဘူမိနက်သန်ပဲ"

"ဘယ်လို ဘူမိနက်သန်လဲ နောင်တော်ကြီး"

တိဿက စိတ်ဝင်စားစွာမေး၏။

"ကပိလရသေ့ကြီးရဲ့ အမိန့်စကားအရ ကျားခြသေ့်တွေ ရန်ကြောင့် အသက်လုပြေးလာရတဲ့ သားသမင်တွေဟာ ဒီနေရာရောက်ရင် ကျားခြသေ့်တွေကို ပြန်ပြီးမာန်ဖီကြသတဲ့။ မြွေကြီးတွေလိုက်လာကြလို့ ပြေးလာကြတဲ့ ဖားတွေကြွက်တွေဟာ ဒီနေရာရောက်ရင် မြွေကြီးတွေကို ပြန်အာခံခြိမ်းခြောက်နိုင်သတဲ့"

"သြော်.... ဒါကြောင့် ဘူမိနက်သန် အောင်မြေဖြစ်ရတာကိုး"

တစ်ယောက်ယောက် မှတ်ချက်ချလိုက်၏။

နောင်တော်သိဒ္ဓတ္ထ တစ်ခုခုပြောတော့မည်လားဟု အာနန္ဒ တွေးမိသဖြင့် နောင်တော့်ထံသို့ လှမ်းကြည့်လိုက်၏။ အာနန္ဒ အတွေးမှန်နေသည်။ နောင်တော် သိဒ္ဓတ္ထသည် အဝေးဆီသို့ငေးကြည့်ရင်း ဆို၏။

"အင်အားကြီးမားတဲ့ ရန်သူကို အင်အားနည်းပါးတဲ့ ရန်သူကနေပြီး ခုခံတွန်းလှန်နိုင်တယ်၊ ဒါကြောင့် ဘူမိနက်သန်ခေါ်တယ်၊ အောင်မြေခေါ်တယ်တဲ့လား။ တကယ့် အောင်မြေဟုတ်ရဲ့လား။ ခုခံတွန်းလှန်ခြင်းဆိုတာရော ရန်စအသစ်မဟုတ်လား။ တကယ်တော့ ကျား၊ ခြသေ့်နဲ့ သားသမင်တွေ၊ မြွေကြီးတွေနဲ့ ဖားတွေကြွက်တွေဟာ ရန်ငြိုးတွေကိုဖယ်ရှားပြီး ငြိမ်းချမ်းချစ်ကြည်စွာ နေထိုင်ကြမှသာ တကယ့်အောင်မြေခေါ်ရမယ်။ အဲဒီလို

အောင်မြေ ဘူမိနက်သန်မျိုး ဒီကမ္ဘာမြေပြင်မှာ မရှိဖူးလား"

မဟာနာမ်ကိုယ်တော်ကြီး အံ့အားသင့်သွား၏။ အာနန္ဒသည် ချစ်လှစွာသော နောင်တော်၏ ထက်မြက်ထူးခြားလှသည့်အတွေးကြောင့် ကြည်နူးမှုဖြင့် တုန်လှုပ်သွား၏။

နောင်တော်၏စကားမှာ မေးခွန်းဖြစ်သော်လည်း မည်သူ့ထံကမှ အဖြေတောင်းခံသော မေးခွန်းမဟုတ်ဘဲ သူ့ဘာသာသူ တွေးဆင်ခြင်သည့် မေးခွန်းသာဖြစ်သည်။ ဖြေနိုင်သည့်သူလည်း ရှိမည်မထင်။ နောင်တော် မျှော်ခေါ်လိုက်သည့် ဘူမိနက်သန် အောင်မြေသည် ဤကမ္ဘာမြေပြင်၌ တကယ်တမ်းရော ရှိနိုင်ပါမည်လား။

ရှေ့ခပ်လှမ်းလှမ်းဆီမှ တံပိုးမှုတ်သံပေါ်လာ၏။

"ဟော.... စခန်းချဖို့ အချက်ပေးပြီ၊ လာဟေ့ ညီတော်များ၊ စခန်းရောက်တော့မှ နားနားနေနေ ဆက်ပြောကြတာပေါ့"

အားလုံးပင် မြင်းများကို စိုင်းနှင်သွားကြ၏။

နောင်တော်သိဒ္ဓတ္ထကမူ ကဏ္ဍကကို အသားကျပင် စီးနင်းလိုက်ပါရင်း ကျန်ရစ်ခဲ့၏။အာနန္ဒသည် မြင်းဇက်ကြိုးကို ဖွင့်မည်ပြုပြီးမှ နောင်တော့်ဘေးသို့ ယှဉ်လိုက်သည်။

ခင်တန်းစပ်တစ်ခုကို လွန်ခဲ့၏။

မရမ်းပင်တောအုပ်အစွန်မှ ထွက်ကြိုနေသူကား ဖြူဖွေးသောသွား များကိုဖွင့်လျက် ပြုံးရွှင်သောမျက်နှာဖြင့် ဥဒါယီ။

"အသာယာဆုံး၊ အလှပဆုံး၊ အအေးချမ်းဆုံးစခန်းကနေပြီး အရှင်တို့ကို ကြိုဆိုနေပါတယ်"

ညိုမှောင်သော အသားအရေနှင့် မလိုက်ဖက်စွာ အစိမ်းရင့်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် ဥဒါယီကိုကြည့်ပြီး အာနန္ဒပြုံးလိုက်မိ၏။

# အခန်း ၁၁

အရှေ့မြောက်တောအုပ်သည် နွေနှောင်းနှင့်မိုးဦးတို့၏ လွှဲပြောင်းခံယူပွဲသမယ၌ စိမ်းညိုမှိုင်းပြနေလေသည်။ ပရစ်ဖူးတံများ ကိုက်စီနေသော လက်ပံပင်နှင့် သရက်ပင်များထက်တွင် ကျေးငှက်တို့သည် ပျော်ပွဲကျင်းပနေကြသည်။ ခရမ်းပြာအပွင့်များဖြင့် ပင်လုံးညွှတ်ဝေဆာနေသော ပျဉ်းမတောစပ်သည် သကျမင်းလုလင် မုဆိုးအဖွဲ့ကို တော်ဝင်သော၊ မဟာဆန်သော အရောင်ဖြင့် ဂုဏ်ပြုကြိုဆိုနေကြသည်။

ဘုဇပတ်ချုံများဖြင့်ခြံရံသည့် ဆင်ခြေလျှော ကုန်းမြင့်ငယ်များသည် မြက်ခင်းစိမ်း လွင်ပြင်ပြန့်ထက်တွင် ပုံ့ပုံ့မို့မို့ရှိနေကြသည်။ ရေတံခွန်စခန်းမှ တဝေါဝေါရေကျသံနှင့် ပလုံစီနေသော ရေအိုင်ထဲမှအသံသည် ထူးခြားသော ဂီတသံဖြစ်၏။ သရက်ကင်းနံ့နှင့်တောစံပယ်၊ ဇွန်ရနံ့တို့သည် လတ်ဆတ်သော လေပြည်ထဲတွင် ခုန်ပေါက်မြူးထူးလိုက်ပါလာကြသည်။ လေပြည်ကို အားကျရင်း တစ်ချက်တစ်ချက် ဝင်သုတ်လာသော တောရိုင်းလေ၏ အကျီစားသန်မှုကြောင့် ကျွန်းပင်နှင့် ကညင်ပင်ရွက်ဖားကြီးများသည် တရှဲရှဲ လှုပ်ခါသွားတတ်ကြသည်။ အရှေ့မြောက်တောအုပ်ကား ကပိသကျ

မင်းတို့အတွက် သီးခြားသတ်မှတ်နယ်မြေဖြစ်၏။ သာမန် အမဲလိုက် မုဆိုးများ၊ ငှက်ခတ်သမားများ ဝင်ရောက်ခွင့်မရှိ။ သဘာဝတောအုပ်ကို အပြင်လူများမဝင်ရောက်နိုင်ရန် တောအုပ်စောင့်တာဝန် ခန့်အပ်ထားသည်။တောအုပ်စောင့်သည် သကျမင်းလုလင်တို့ တောကစားထွက်လာကြမည်ဟု အမိန့်ရပြီးနောက် အစစအရာရာ လိုလေသေးမရှိအောင် ပြင်ဆင် စီမံထားနှင့်လေသည်။

သို့သော် ထိုအစီအမံများအားလုံးကို တစ်မျိုးတစ်မည် ပြန်လည်ပြုပြင်လိုက်သူကား ဥဒါယီပင် ဖြစ်၏။

"ငါ့အရှင်သိဒ္ဓတ္ထကိုယ်တော်ကြီး လိုက်ပါလာမှာ။ မင်းတို့အစီအမံ တွေက နေရာကျမှာမဟုတ်ဘူး။ ငါ့အရှင်နဲ့ သကျမင်းပျိုမင်းလွင်တွေရဲ့ သဘောကို ငါပဲနားလည်တာ"ဟု ဆိုကာ ဥဒါယီသည် ကြိုတင်ရောက်နှင့် နေပြီး သူ့စိတ်တိုင်းကျ ပြင်ဆင်စီမံခဲ့၏။

"ဘယ့်နဲ့လဲ ဥဒါယီ၊ အရှေ့မြောက်တောအုပ်ရဲ့ သာယာလှပပုံကို စာဖွဲ့ဖို့ မင်း စီကုံးထားပြီး မဟုတ်လား"

အာနန္ဒ မေးလိုက်၏။

ဥဒါယီက သွားများ ဖွေးဖွေးပေါ်အောင် ပြုံးလျက်ဖြေသည်။

"တောတောင်သဘာဝအလှက ကျွန်တော်ရဲ့ အနုပညာခံစားမှုနဲ့ စကားလုံး ဝေါဟာရတွေကို အနိုင်ယူသွားပြီ အရှင်ရဲ့၊ ကျွန်တော် ဘာမှ မဖွဲ့နွဲ့နိုင်တော့ဘူး။ အကယ်၍ စာဖွဲ့မယ်ဆိုရင် သဘာဝရဲ့အလှကို ကျွန်တော် စော်ကားသလို ဖြစ်သွားမယ်"

"ဒါဖြင့် တို့များမှာ နားအပူ သက်သာပြီပေါ့ကွာ၊ ဟုတ်လား"

မဟာနာမ်က ပြောသည်။

"ဟုတ်ကဲ့၊ တောတောင်သဘာဝအလှကို စာမဖွဲ့ရတော့ပေမယ့် သကျမင်းလုလင် သူရဲကောင်းမုဆိုးများရဲ့ အမဲလိုက်ပွဲ၊ တောကစားပွဲနဲ့

ဆိုင်တဲ့ စိတ်တက်ကြွဖွယ် တေးကဗျာအချို့ကိုတော့ ကျွန်တော် ရွတ်ဆိုဖြစ်လိမ့်မယ်ထင်ပါတယ် အရှင်”

“တို့တစ်တွေ ကာဠုဒါယီ စကားစက်ဝန်းထဲကနေ ဘယ်လိုမှ ရုန်း မထွက်သာတော့ပါလားဟေ့”

အားလုံးရယ်ကြသည်။

မရယ်မပြုံးသူမှာ တစ်ယောက်တည်းရှိသည်။ သူကား သိဒ္ဓတ္ထ ဖြစ်၏။ အာနန္ဒသည် နောင်တော်၏ တည်ကြည်ငြိမ်သက်သော မျက်နှာထားကို အကဲခတ်မိသွားသည်။ တောတောင်အလှသဘာဝသည် နောင်တော့်ကို ရိုက်ခတ်ဟန်မတူ။ စိမ်းစိုသာယာသော ရေတံခွန်စမ်း၏ လွတ်လပ်ပျော်ရွှင်ဖွယ်အရသာကို နောင်တော်သိဒ္ဓတ္ထ ခံစားမိပါလေစ။ သတိအာရုံမှ ရှိပါလေစ။ နောင်တော် သိဒ္ဓတ္ထသည် တဝေါဝေါစီးနေသော ရေတံခွန်ဆီသို့သာ မမှိတ်မသုန် ကြည့်နေ၏။

“အရှင်တို့ ခေတ္တ နားနေအပန်းဖြေပြီးရင် သမင်ဖမ်း တောကစားကြဖို့ ဖြစ်ပါတယ်။ မြင်းတွေကိုလဲ ရေတိုက် အစာကျွေးထားပါတယ်။ လေးမြား နဲ့လှံတွေလဲ အဆင်သင့်လုပ်ထားပါတယ်။ ပိုက်ကွန်တွေလဲ အဆင်သင့် ရှိပါတယ်။ အရှင်တို့ လိုအပ်တာကို မိန့်တော်မူကြပါ”

ဥဒါယီပြင်ဆင်ထားသည်မှာ ထောင့်စေ့လှပေသည်။ ဘာမှလိုလေသေးမရှိ။ မည်သူမျှ တစ်စုံတစ်ရာ တောင်းဆိုခြင်းမရှိ။ သို့သော် ခပ်လှမ်းလှမ်းမှ အသံတစ်သံပေါ်လာ၏။

“ဥဒါယီ ကဏ္ဍကအတွက် သောက်ရေအသစ် လဲပေးပါ။ အခုရေက အနယ်အမှုန်တွေ ပါနေတယ်”

ဆန္န၏ အသံဖြစ်၏။

“သူ့မြင်းအတွက် အကဲပိုလှတဲ့ ဆန္န။ ဒီလို ပြောလာမယ်ဆိုတာ ကျွန်တော် သိပြီးသား။ ရေပုံးလဲပေးဖို့ အသင့်ဆောင်ထားပြီးသား။ရမယ်....

ရမယ်.... ဆန္နရေ၊ ငါ လာခဲ့မယ်”

ဥဒါယီ ပေါ့ပါးစွာ ထွက်သွားလေသည်။

ညီတော် နောင်တော်တစ်စုတို့ ခေတ္တအနားယူရင်း ဥဒါယီ စီစဉ်ထားသော သစ်သီးနှင့် ရေများကို စားသောက်ကြ၏။ ဥဒါယီက သမင်ဖမ်းတောကစားအစီအစဉ်နှင့် ပတ်သက်၍ သူကြိုတင်စီစဉ်ထားနှင့်သည်များကို သကျညီနောင်များအား ရှင်းပြသည်။

“အရှေ့ဘက် သဖန်းတောကြီးဆီမှာ တောနက်လှပါတယ် အရှင့်သားတို့။ အဲဒီ တောနက်ကြီးရဲ့အစပ်မှာ ချောင်းကလေး တစ်ချောင်းရှိပါတယ်။ သမင်ဖမ်း နယ်နမိတ်ဟာ ချောင်းရဲ့ဒီဘက်ကမ်းမှာ အဆုံးရောက်ပါတယ်။ ချောင်းစပ်ကကျော်ပြီး ဟိုဘက် ကျွံထွက်မသွားဖို့ပါ။ အဲဒီနေရာမှာ မုဆိုးအချို့လဲ လင့်စင်နဲ့ အသင့်စောင့်နေကြပါတယ်”

“ချောင်းစပ်ကနေ ဟိုဘက်ကို ဘာဖြစ်လို့ ကျွံထွက်မသွားရမှာလဲ”

မဟာနာမ်က မေး၏။

ဥဒါယီက ထွားကြိုင်းမည်းနက်သော ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်ကို လှမ်း၍မေးဆတ်ပြကာ....

“ကိုင်း.... ပေတကြီး၊ မင်းပဲရှင်းပြလိုက်”ဟု အမိန့်ပေးလေသည်။

ပေတကြီးအမည်ခံ မုဆိုးအဖွဲ့ခေါင်းဆောင်က ရှင်းပြ၏။

“ချောင်းရဲ့တစ်ဖက် သဖန်းတောကြီးဟာ ဝံများကျက်စားရာ ဒေသဖြစ်ပါတယ်အရှင်။ တောင်ကြောနဲ့ တစ်ဆက်တည်းဖြစ်နေတာမို့ ကြီးမားလှတဲ့ ဝက်ဝံကြီးတွေ ဆင်းဆင်းလာတတ်ပါတယ်။ အဲဒီဝက်ဝံကြီးတွေဟာ ဒီတစ်ဝိုက်မှာ အရက်စက်ဆုံး တိရစ္ဆာန်ကြီးတွေဖြစ်ပါတယ်။ အန္တရာယ်ကြီးလွန်းလို့ ချောင်းရဲ့တစ်ဖက် သဖန်းတောဆီ မကျွံမိဖို့ အရေးကြီးလှပါတယ်”

ပေတကြီးမျက်နှာပြင်မှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခု ရှိလေရာ အမည်နှင့်လိုက်အောင်ပင် အကြည့်ရဆိုးလှ၏။

ဉဒါယီက မုဆိုးကြီး၏ မျက်နှာကို လက်ညှိုးထိုးပြပြီး....

"ပြောပြလိုက်လေ.... မင့်မျက်နှာက အမာရွတ်ကြီးဟာ ဝက်ဝံ အကုတ်ခံရလို့ ဆိုတာရယ်၊ မုဆိုးအတော်များများ ဝက်ဝံကြီးတွေကြောင့် သေဆုံးခဲ့တယ် ဆိုတာရယ်"

မုဆိုးကြီးမှာ ကပိလဝတ်နန်းတော်မှ သကျမင်းလုလင်တို့အား အနိဋ္ဌာရုံအကြောင်းများကို ရှင်းပြရန် ဝန်လေးနေဟန်ဖြင့် ဆုတ်ဆုတ်ဆိုင်း ဆိုင်းဖြစ်နေလေသည်။

ဉဒါယီက စိတ်မရှည်ဟန်ဖြင့်....

"ခုလိုရာသီဥတုမျိုးမှာ ဝက်ဝံတွေဟာ တစ်ကောင်ချင်း နေရာလုညှိ ပြီး ဆင်းတတ်ကြတယ်တဲ့။ ချောင်းစပ်အထိရောက်လာကြပြီး အစာရှာကြ ရင်း အင်မတန်စိတ်တက်ကြွ ပျော်ရွှင်နေချိန်ဖြစ်ပါတယ်တဲ့။ ဒီလိုအချိန်မျိုး မှာ သူတို့ပိုင်နက်တောစပ်ဆီ ရောက်လာသူမှန်သမျှကို အရက်စက်ဆုံး တိုက်ခိုက်တတ်ကြတယ်။ ဝံအကုတ်ခံရတဲ့လူတွေဟာ ချောင်းစပ်သဖန်းပင် ကြီးတွေပေါ်က ကြွေကျတဲ့ သဖန်းသီးတွေလို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွား ကြတယ်လို့ ဆိုပါတယ်။ ဒီတောမှာအကျွမ်းကျင်ဆုံး မုဆိုးတွေအားလုံး ချောင်းတစ်ဖက် သဖန်းတောစပ်ကို ဝေးဝေးကရှောင်ကြပါတယ်တဲ့"

နန္ဒမင်းသားလေးမှာ မျက်လုံးများဝိုင်းနေ၏။ နဂိုကမှ နန်းဆောင် ထဲတွင် ကြော့နေအောင်နေတတ်သော နန္ဒသည် တောကစားအတွေ့အကြုံ လည်းမရှိ။ ဝက်ဝံအကြောင်း ကြားရသောအခါ သူသည် လှုပ်ပင် မလှုပ်ရဲ အောင်ဖြစ်သွားသည်။

အမိတာ၏သား တိဿက စားလက်စ သစ်သီးကို ရေတံခွန်ဆီသို့ လှမ်းပစ်ပြီး မေးလာ၏။

"အဲဒီ ဝက်ဝံကိုရော အမဲ မလိုက်ကြဖူးလား"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဝက်ဝံတစ်ကောင်ကို မုဆိုးတစ်စု

အသေအကြေ တိုက်ခိုက်ပြီး ရခဲ့ဖူးပါတယ် အရှင်။ ဒါပေမယ့် မုဆိုးလေးယောက် သေဆုံးသွားခဲ့ပါတယ်”

မုဆိုးကြီးစကားအဆုံးတွင် အားလုံး တိတ်ဆိတ်သွားကြလေသည်။

ခဏကြာသောအခါ တစ်ယောက်စီ၏ မှတ်ချက်များပေါ်လာ၏။

“ဒါဆိုရင်တော့ အဲဒီနေရာကို ဝေးဝေးကရှောင်ကြမှ ကောင်းမယ်”

“အမဲလိုက်မုဆိုးက ဝက်ဝံကိုကြောက်ပြီး ကွင်းသွားတာဆိုတော့ သိပ်တော့ မကောင်းလှဘူး”

“တောကျွမ်းတဲ့ မုဆိုးစကားကို လက်ခံသင့်တယ်”

“တို့များမှာ အုပ်စုတောင့်သားပဲ။ ဝက်ဝံကို ဝိုင်းတိုက်ကြတာပေါ့”

“ချောင်းစပ် ဒီဘက်မှာပဲ အမဲလိုက်တာ ကောင်းမယ်ထင်တယ်”

မည်သူက မည်သည့်စကားကို ပြောလိုက်မှန်း မသဲကွဲ။ ထင်မြင်ချက်များ အမျိုးမျိုးထွက်ပေါ်လာ၏။ မဟာနာမ်မင်းသားကြီးကမူ ဘာမှမပြောဘဲ ငြိမ်သက်စွာ စဉ်းစားနေ၏။

အတန်ကြာမှ သူ့ထံက စကားတစ်ခွန်း လေးလေးပင်ပင် ပေါ်လာသည်။

“ဒါ.... စိန်ခေါ်မှုပဲ”

*　　　*　　　*

စကားဝိုင်းထဲမပါဘဲ တိတ်ဆိတ်နေသော အာနန္ဒသည် နောင်တော်သိဒ္ဓတ္ထကို လှမ်းကြည့်လိုက်၏။ နောင်တော်လည်း ညီနောင်တို့ဝိုင်းထိုင်နေရာတွင် မရှိဘဲ ခပ်လှမ်းလှမ်း ကမူကလေးတစ်ခုစီမှာ ရှိနေသည်။ တဝေါဝေါကျနေသော ရေတံခွန်ကို ငေးကြည့်နေသည်။ ရေတံခွန်ကို နောက်ခံပြုလျက် မြင်ရသော နောင်တော့်အသွင်မှာ တောစောင့်ဒေဝတာတစ်ပါးလို တင့်တယ်လှသည်ဟု အာနန္ဒ ထင်မိ၏။ သို့သော် ဝက်ဝံဆိုးများရှိရာ သဖန်းတော

ချောင်း ဟိုမှာဘက်ဆီသို့ သွားသင့် မသွားသင့်ကိစ္စတွင် နောင်တော်မည်သို့ ပါဝင် ဆွေးနွေးမည်နည်း။ နောင်တော့်စကားကို အာနန္ဒ ကြားလိုလှ၏။

"ညီတော် သိဒ္ဓတ္ထရေ လာပါဦး။ တို့များမှာ အခုပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတယ်"

မဟာနာမ်က လှမ်းခေါ်သည်။

သိဒ္ဓတ္ထသည် ဖြည်းညင်းစွာလျှောက်လာလေသည်။ မဟာနာမ်က စောစောက အကြောင်းကိုရှင်းပြပြီး စကားအဆုံးသတ်လိုက်၏။

"ကိုင်း....ညီတော် သိဒ္ဓတ္ထ၊ မင်းဘယ်လိုထင်သလဲ။ တို့များတော့ အဲဒီနေရာကိုမှ သွားချင်တဲ့သူနဲ့၊ လုံးဝရှောင်ကွင်းရမယ်ဆိုတဲ့ သူနဲ့ အုပ်စု နှစ်စုဖြစ်နေပြီ"

မဟာနာမ်ကိုယ်တော်ကြီး ကိုယ်တိုင်က လေးလေးစားစားဖြင့် အကြံဉာဏ်တောင်းနေသည်ကိုကြည့်ရင်း အာနန္ဒသည် နောင်တော့်စကား ကို မျှော်လင့်အားကြီးစွာ နားစွင့်နေလိုက်၏။

"အမဲလိုက်ခြင်း တောကစားထွက်ခြင်းဆိုတာ၊ ကိုယ်နိူက်က တစ်ခါမှ မတွေ့ကြုံရသေးဖူးတဲ့ အတွေ့အကြုံကို ရှာမှီးတာဖြစ်တယ်။ ကြိုတင် မှန်းဆထားလို့မရတဲ့ အခြေအနေတွေကို ရင်ဆိုင်ရဖို့နဲ့ ဘယ်လိုဆုံးဖြတ် လုပ်ကိုင်ရမယ်ဆိုတာကို ဖော်ထုတ်တဲ့ စစ်ဆေး စမ်းသပ်မှုတစ်ခုဖြစ်တယ်။ အမဲလိုက် တောကစားထွက်လာသူဟာ ဒီသဘောကနေ ငြင်းပယ်လို့ မရဘူး။ ဒါကို ငြင်းပယ်ရင် သူရဲ့ တောကစားထွက်ခြင်း ရည်ရွယ်ချက်ဟာ ပျက်ပြယ်သွားပြီဖြစ်တယ်"

ရှင်းလင်းပြတ်သားစွာကြားနေရသော စကားလုံးများကို နားထောင် ရင်း ဒီစကားမျိုး ငါ ကြားဖူးပါတယ်ဟု အာနန္ဒ စဉ်းစားလိုက်သည်။ ချက်ချင်း အဖြေပေါ်၏။ ဘကြီးတော် သုဒ္ဓေါဒနမင်းတရားကြီးပြောဖူးသော စကားများပင်။ ဖခင်ထံမှ ကြားခဲ့ရသောစကား။ ယခု သားဖြစ်သူထံမှ

ထပ်ကြားရပြန်ပြီ။ အာနန္ဒ ပိုစိတ်ဝင်စားလာသည်။

"ဒါဆိုရင် ကျုပ်တို့ အဲဒီသဖန်းတောကိုသွားပြီး ဝက်ဝံနဲ့တိုက်ခိုက်ရမယ်လို့ နောင်တော် ဆိုလိုတာပေါ့၊ ဟုတ်လား"

ကိမိလက အားတက်သရောမေး၏။ နန္ဒမင်းသားလေး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ တိဿက တက်ကြွမှုများကို ဖုံးဖိထားရဟန်ဖြင့် အံကြိတ်နေသည်။

နောင်တော်သိဒ္ဓတ္ထက ခါးစည်းကြိုးကိုဆုပ်ကိုင်လျက်ဆက်ပြော၏။

"တောကစားထွက်ခြင်း ရည်ရွယ်ချက် အပျက်အပြယ် မခံချင်တာတစ်ခုတည်းနဲ့ စွန့်စွန့်စားစားသွားမယ်ဆိုရင် အဲဒီစွန့်စားမှုဟာလဲ မိုက်မဲသော စွန့်စားမှုဖြစ်တယ်"

ကိမိလ ပါးစပ်ဟသွား၏။

"အခု ပေတမုဆိုးကြီးက ပြောတယ် မဟုတ်လား။ အဲဒီနေရာရဲ့ အန္တရာယ်ကြီးပုံကို သတိပေးတယ်။ ရည်ရွယ်ချက်တစ်ခုကို ဖြည့်ဆည်းရာမှာ မိမိထက် အလျင်ဦးသူများရဲ့ အတွေ့အကြုံများနဲ့ သူတို့ရဲ့သွန်သင်ဆုံးမမှုတွေကို ထည့်သွင်းစဉ်းစားရမယ်။ ပစ်ပယ်လို့ မရဘူး။ ဒါကို ပစ်ပယ်ပြီး သို့မဟုတ် မထီမဲ့မြင်ပြုပြီး စွန့်စားမယ်ဆိုရင် ဒါဟာလဲ မိုက်မဲသော စွန့်စားမှုဖြစ်တယ်"

မဟာနာမ်က နေရာမှထ၍ မေးသည်။

"ဒါဆို ညီတော် သိဒ္ဓတ္ထရယ်၊ သဖန်းတောဆီ ထွက်မယ့်ကိစ္စမှာ မင်းအနေနဲ့ ဘယ်လိုဆုံးဖြတ်မလဲ"

"ကျွန်ုပ် မဆုံးဖြတ်ဘူး။ နောင်တော်ကြီး ဆုံးဖြတ်နိုင်ဖို့ အခြေခံကို ကျွန်တော် ပေးမယ်။ ဦးစွာ အဲဒီသဖန်းတောမှာ ဝက်ဝံအန္တရာယ်ကြီးလွန်းလှလို့ မသွားပါနဲ့ဆိုတဲ့ ပေတမုဆိုးကြီးရဲ့ စကားဟာ မှားယွင်းတယ်"

မိမိကို မှားယွင်းသည်ဟု အဆိုခံလိုက်ရသော်လည်း မုဆိုးကြီးပေတ

သုန်မှုန်သွားခြင်း မရှိကြောင်း အာနန္ဒ တွေ့လိုက်၏။

"နောက် မုဆိုးကြီးရဲ့ သတိပေးစကားကို တက်ကြွတဲ့မာန်နဲ့ ငြင်းပယ်ပြီး ဇွတ်အတင်းထွက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်လဲ မှားတယ်"

ကိမိလနှင့် တိဿတို့ ငြိမ်ကျသွားသည်။

"နောင်ညီတို့ဟာ မုဆိုးကြီးရဲ့အတွေ့အကြုံကို အရေးတယူ စဉ်းစား ရမယ်။ လိုက်နာရမယ်။ မုဆိုးကြီးကလဲ သကျညီနောင်တို့ကို တားမြစ် ပိတ်ပင်စကားမဆိုရဘူး။ ဒီအခြေခံအပေါ်မှာ နောင်တော်ကြီး မဟာနာမ်က အမဲလိုက်အဖွဲ့ ခေါင်းဆောင်အနေနဲ့ ဆုံးဖြတ်နိုင်ပါတယ်"

"မင်းအနေနဲ့ကော ညီတော် သိဒ္ဓတ္ထ"

နောင်တော့် မျက်နှာပြင်တွင် အပြုံးတစ်ချက် ဖြတ်သွားသည်ကို အာနန္ဒ မြင်လိုက်ရ၏။

"ကျွန်ုပ်လား မုဆိုးနဲ့ သားကောင်တွေရဲ့သဘောနဲ့ စောစောက နောင်တော်ကြီးပြောခဲ့တဲ့ အောင်မြေဆိုတဲ့ စကားရဲ့သဘောကို သုံးသပ်ဖို့ ရှိနေပါတယ်။သဖန်းတောနဲ့ ဝက်ဝံအကြောင်းကို ကျွန်တော်ပြောပြပြီးပါပြီ။ ကျွန်ုပ်အတွက် အဲဒီအကြောင်းမှာ ဆက်လက်ပါဝင်စရာ မရှိတော့ဘူး"

"အဲဒါ ဘာကို ဆိုလိုတာပါလိမ့်"

အမြဲတမ်း အထွန့်တက်လေ့ရှိသော တိဿ၏အသံ။

သိဒ္ဓတ္ထက တိဿကို စူးခနဲကြည့်၍၊

"တိဿရယ်၊ သဖန်းတောက ဝက်ဝံတွေကို အမဲအဖြစ် မင်း သတ်မှတ်ပြီးပြီ မဟုတ်လား။ မင်းရဲ့သားကောင်ကို မင်း လိုက်တော့မယ် မဟုတ်လား။ ငါ့မှာလဲ ငါ့ရဲ့ သားကောင်ကို လိုက်ဖို့ ရှိတာပေါ့"

"နောင်တော်ရဲ့ သားကောင်က ဘယ်မှာလဲ.... ဟင်"

နုနယ်သော နန္ဒမင်းသားက ကလေးငယ်တစ်ယောက်ပမာ ဝင်မေးလိုက်၏။

နောင်တော် လွတ်လပ်ပွင့်လင်းစွာ ရယ်လေသည်။ ထိုရယ်သံသည် မလှမ်းမကမ်းရှိ ရေတံခွန်မှ တဝေါဝေါ ရေကျသံများအပေါ် ဖုံးလွှမ်းသွားသည်ဟု အာနန္ဒ ထင်မိ၏။

"နန္ဒရဲ့၊ နောင်တော်ရဲ့သားကောင်က နောင်တော်ကိုယ်တိုင် ရုပ်လုံးမဖော်နိုင်လောက်အောင် သိပ်ကို လျှို့ဝှက်လွန်းနေတယ်။ ဒါကြောင့် သားကောင်ရဲ့နေရာနဲ့ ဘယ်လိုလိုက်မယ်ဆိုတာတွေ မင်းကို ငါမပြောနိုင်သေးတာ ခွင့်လွှတ်ပါကွာ။ ကဲ.... ဥဒါယီရေ၊ မင်းတို့ အစီအစဉ်ရှိတာ လုပ်ကြတော့လေ အချိန်လင့်နေမယ်"

အားလုံး လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။ အာနန္ဒကမူ နောင်တော်သိဒ္ဓတ္ထအနီး တိုးကပ်လိုက်ပြီး လေသံဖြင့် ပြော၏။

"နောင်တော် သိဒ္ဓတ္ထ၊ ညီတော့်ကို အခွင့်တစ်ခုပေးပါ"

"ဘာလဲ အာနန္ဒ"

"သဖန်းတောကို သူတို့သွားမယ် မသွားမယ် ညီတော် မသိဘူး။ ဒါပေမယ့် ညီတော်အနေနဲ့တော့ နောင်တော်နဲ့အတူပဲ နောင်တော်ရွေးချယ်တဲ့ သားကောင်ကို အတူလိုက်ခွင့်ပြုပါ"

"အာနန္ဒ.... ငါ့သားကောင်က တစ်ကိုယ်တည်းသာ လိုက်ရမယ့် သားကောင်မျိုး ဖြစ်နိုင်တယ်။ အခြားမုဆိုးတစ်ယောက်ရှိနေရင် ငါ့အတွက် အကူအညီ မရတဲ့အပြင် အနှောင့်အယှက်တောင် ဖြစ်နိုင်တယ်။ မင်း သူတို့နဲ့သာ လိုက်သွားပါ"

အမိန့်စကားကို စောဒကတက်ရန် မရှိတော့ပြီ။ အာနန္ဒသည် စိတ်ပျက် လက်ပျက်ဖြင့် ဥဒါယီလှမ်းပေးသော မြင်းဇက်ကြိုးကို ယူလိုက်ရ၏။

နောင်တော်သိဒ္ဓတ္ထလည်း ဆန္န၏အကူအညီဖြင့် ကဏ္ဍကမြင်းပေါ် လွှားခနဲ ခုန်တက်သွားပေပြီ။

မြင်းဇက်ကြိုးကို ဆုပ်ကိုင်ထားရသော်လည်း မိမိလက်မှာ ဗလာ

ဟင်းလင်းဖြစ်နေသည်ဟု အာနန္ဒ ခံစားနေရသည်။ ဆင်ခြေလျှော တောင်ကုန်းများ၊ ကမူများ၊ မြက်ခင်းပြင်များ၊ လျှိုများကို အခြားမြင်းစီးသမားနောင်ညီများနှင့်အတူ ဖြတ်သန်းစီးဆင်းခဲ့ရသော်လည်း ရုပ်ခန္ဓာကိုယ်ကြီးကသာလျှင် မြင်းကုန်းနှီးပေါ် လိုက်ပါခဲ့ပြီး စိတ်အာရုံများကမူ ရေတံခွန်စခန်းဆီ ကျန်ရစ်ခဲ့၏။

နောင်တော်သိဒ္ဓတ္ထ အဘယ်အရပ်သို့ ထွက်သွားသနည်း။

နောင်တော်လိုက်မည့်သားကောင်မှာ အဘယ်သို့သော သားကောင်နည်း။ တစ်ကိုယ်တည်းသာ လိုက်ရမည့်သားကောင်ဆိုတာ အဘယ်နည်း။

"အရှင်တို့၊ ရှေ့က ခင်တန်းကို ကျော်ပြီးရင် သမင်တောအုပ်ထဲရောက်ပါပြီ"

မုဆိုးကြီး ပေတက အချက်ပေးလိုက်၏။

မဟာနာမ် တံပိုးကိုထုတ်၍ မှုတ်လိုက်၏။ တံပိုးသံသည် အာနန္ဒနားထဲသို့ အဆင်မပြေ ဝင်ရောက်လာသည်။

မြင်းများကို ဇက်ဖွင့်လိုက်ကြ၏။ လေးမြားအဆင်သင့် တင်လိုက်ကြ၏။ ခင်တန်းစပ်ကျော်လျှင် သမင်တောအုပ်ထဲ ဝင်တော့မည်။ အာနန္ဒသည် ကျောတွင်လွယ်ထားသော ကျည်ထောက်ထဲမှ မြားတံကို ထုတ်ယူမည်ပြုပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

မိမိဘဝတွင် ဤအသက်အရွယ်အထိ နောင်တော်သိဒ္ဓတ္ထ၏ အမိန့်စကားကို တစ်ဆံခြည်မတိမ်း နာခံခဲ့သည်ချည်းဖြစ်သည်။ ယခု ပထမဆုံးအကြိမ်အဖြစ် နောင်တော့် အမိန့်စကားကို ငြင်းဆန်တော့မည်။

တံပိုးသံ မြင်းခွာသံ ဟေးဟေးကြွေး ညာသံများကြောင့် အာနန္ဒရင်ထဲတွင် မတားနိုင် မဆီးနိုင် ပေါ်လာသည်မှာ စိုးရိမ်ပူပန်ခြင်း။

အဘယ်သို့သော သားကောင်ပင်ဖြစ်စေ တောနက်ကြီးထဲတွင် နောင်တော့်ကို လုံးဝစိတ်မချ။ လျှို့ဝှက်သားကောင်သည် မမြင်နိုင်စွမ်းသော

အန္တရာယ်တို့ကို အချိန်မရွေး သယ်ဆောင်လာမည်။

နောင်တော့်အတွက် အကာအကွယ်ပေးနိုင်ဖို့၊ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို တားဆီးပေးနိုင်ဖို့ နောင်တော့်အမိန့်ကို ဖယ်ရှားရတော့မည်။

အခြားမြင်းများအားလုံး ခင်တန်းစပ်ကို ကျော်လွန် စိုင်းနှင်သွားချိန်တွင် အာနန္ဒသည် မြင်းဇက်ကို ကွေ့ချလိုက်၏။ မြင်းကြီးသည် နောက်ဘက် ပြန်လှည့်သွား၏။

ရေတံခွန်စခန်းသို့ အာနန္ဒ ဇက်ဖွင့် စိုင်းလာခဲ့လေသည်။

ရေတံခွန်စခန်းတွင် ကျန်ရစ်ခဲ့သော အမှုထမ်းများက အမဲလိုက်ရာမှ ပြန်ရောက်လာလျှင် စားသောက်နားနေဖို့ အဆင်သင့်စီမံနေကြ၏။နောင်တော်သိဒ္ဓတ္ထ ဘယ်ဘက်ကို ထွက်သွားသလဲ။ ဘယ်သူ ပါသွားသေးလဲ။ ဘာမှာသွားသေးလဲစသည်ဖြင့် အာနန္ဒမေးကြည့်ရာ မည်သူမျှမပြောနိုင်ကြ။ ရေတံခွန်အောက်၊ ရေအိုင်တွင်း ကျောက်ဖျာပေါ်ထိုင်နေသော ဆန္နကို မေးကြည့်သောအခါမှသာ သဲလွန်စတစ်ခု ရလာသည်။ အရေးထဲမှာ ဆန္နက ကဏ္ဍကမြင်းကို ဂုဏ်ဖော်နေပြန်သည်။

"ကိုယ်တော်အရှင်ဟာ ဒီတောတောင်တစ်ဝိုက်မှာ အမြင့်ဆုံးဆိုတဲ့ တောင်ထိပ်တစ်ခုစီ အရောက်သွားမှာ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တော်ကြီးထွက်သွားပြီးနောက်မှာ တောအုပ်ထဲက ကဏ္ဍကရဲ့ ဟီသံကို ကြားရတယ်။ ကဏ္ဍကဟာ ဘယ်တုန်းကနဲ့မှ မတူအောင် မြူးထူးနေတယ်။ သူ့ဟီသံကို ကျွန်တော်မျိုး နားလည်တာပေါ့ အရှင်။ ကဏ္ဍကဟာ တောင်ထွတ် တစ်ခုပေါ်တက်ပြီး သူ့အောက်ကဖြတ်သွားတဲ့ တိမ်ညွန့်တွေကို စားရတော့မယ်လို့ အခိပ္ပာယ်ရတဲ့ ဟီသံမျိုးနဲ့ မြူးထူးရွှင်ပျနေတာကလား"

ဆန္န၏ ဝင့်ကြွားသော စကားလုံးများကို ဆက်နားထောင်မနေအားတော့ဘဲ အာနန္ဒသည် ရေတံခွန်၏အနီးမှ မတ်စောက်မြင့်မားသော တောင်နံရံဆီသို့ မြင်းကို ဆက်နှင်ခဲ့လေသည်။

# အခန်း ၁၂

ခက်ခက်ခဲခဲဖြင့် မြင်းဇက်ကိုထိန်းခဲ့ရသည်။

အတက်ချည်းဖြစ်သော တောင်ကြော၌ လမ်းဟူ၍မရှိ။ သို့သော် ကပိလဝတ်နေပြည်တော်ရှိ အကောင်းဆုံးမြင်းများတွင် တစ်ကောင် အပါအဝင်ဖြစ်သော မြင်းကြီးသည် အာနန္ဒ၏ အလိုကို လိုက်လျောရှာသည်။ အနည်းငယ်ပြေသော နေရာများတွင် အသွက်ပြေးပြီး ကမ်းပါးပြတ်များ၊ ချောက်များ ရောက်လျှင် တောင်ဆိတ်တစ်ကောင်နှယ် ခြေကုပ်မြဲမြဲစွာ တက်ပေးရှာ၏။

အမြင့်ဆုံးတောင်ထိပ်….။ ဆန္န ပြောလိုက်သော စကားကိုပင် သဲလွန်စ ကောက်ကာ တက်ခဲ့ရသည်။ နောင်တော်သိဒ္ဓတ္ထ ဘယ်နေရာမှာ ရှိမည်ကို မှန်းဆမရ။ အမဲလိုက်ဖို့ အသင့်စီမံပြင်ဆင်ထားပြီးသား တောကစားကွင်းကို ရှောင်ဖယ်လျက် ဘယ်ရောက်နေမှန်းမသိသည့် နောင်တော်ကို ရှာဖွေသည့်အလုပ်သည် မိုက်မဲရာကျနေပြီလားဟု အာနန္ဒတွေးမိ၏။

ဤတောဤတောင်ထဲတွင် မိမိသည် အချိန်မရွေး မျက်စိလည်

သွားနိုင်၏။ တောင်ကြောတွင် မမြင်ရသော အန္တရာယ်များက အချိန်မရွေး ရောက်ရှိလာနိုင်၏။ မိမိသည် တောကျွမ်းသူမဟုတ်။ လမ်းပြမုဆိုးလည်း ပါမလာခဲ့။ လေးမြားမှအပ လက်နက်အပြည့်အစုံလည်း ပါမလာခဲ့။

မတ်စောက်သော တောင်တက်ခရီးမှာ အချိန်မရွေး ပြုတ်ကျနိုင်သည်။တောင်ကမ်းပါးယံ ဂူများအတွင်းမှ သားကောင်ကြီးများ ထွက်လာနိုင်သည်။ ပိန်းပိတ်သား အမှောင်ရိပ်ထိုးနေသော အချို့နေရာများ၌ သစ်ကိုင်းများ၊ နွယ်များနှင့် တိုက်ငြိနိုင်သည်။ ဤမျှ အန္တရာယ်ပြွမ်းသော တောတောင်ခရီးတွင် နောင်တော်သိဒ္ဓတ္ထကလည်း ဘယ်နေရာရောက်နေမှန်း ဘယ်ဆီသွားနေမှန်း အသေအချာ မသိ။

သို့သော်.... အာနန္ဒ ရင်ထဲ၌ ကြောက်စိတ် အလျဉ်းမရှိ ဖြစ်နေ၏။ မိမိအတွက် ကြောက်ရွံ့စိတ်ဖြစ်ပေါ်ရမည့်အစား နောင်တော်အတွက် စိုးရိမ်စိတ်တို့က ပိုကဲနေ၏။သို့ရာတွင် နောင်တော်သိဒ္ဓတ္ထသည် အခြားသူမဟုတ်ကြောင်း၊နောင်တော်သိဒ္ဓတ္ထသာဖြစ်ကြောင်းတွေးလိုက်သောအခါနောင်တော့်အတွက် ပူပန်စိတ်များ ပျောက်ကွယ်သွားပြန်သည်။ထိုအခါ အာနန္ဒအတွက် နောင်တော်နှင့် မတွေ့ရမည်ကို စိုးရိမ်ခြင်းတစ်ခုသာ ကျန်တော့သည်။

နောင်တော့်ကို တွေ့ချင်သည်။ နောင်တော် ဘယ်သားကောင်ကို လိုက်နေသည်လဲ။ နောင်တော်လိုက်နေမည့် သို့မဟုတ် ယခုအချိန်ဆို မိကောင်း မိနေလောက်ပြီဖြစ်သည့် သားကောင်ကို တွေ့ချင်လှသည်။ ကပိလဝတ် နန်းဆောင်ထဲတွင် နောင်တော်နှင့်အတူ စကားတွေအများကြီး ပြောဖူး၊ နေဖူးသည့်တိုင် ယခုလို တောကြီးတောင်ကြီးထဲမှာ နောင်တော်နှင့် အတူ ရှိချင်လှသည်။

ဖြိုးလွသော ကျောက်သလင်းစကြံ နံရံတိုင်လုံးများ၊ အတင့်အတယ် စီမံဖန်တီးထားအပ်သော ဥယျာဉ်များ၊ ရေကန်များ၊ ဖိတ်ဖိတ်လက်သော အဆောင်ဆောင် အခန်းခန်းများအလယ်တွင် တစ်ချိန်လုံးလုံး ဆုံခဲ့ရသော

နောင်တော်သိဒ္ဓတ္ထ။ ယခုလို တောကြီးမျက်မည်း တောင်ကမ်းပါး လျှိုမြောင် ဒေသမျိုးတွင် နောင်တော်နှင့်အတူ နေနိုင်ဖို့ဆိုသည်ကား ကြုံရခဲစွာသော အခွင့်အရေး။ တောတောင်အလယ်တွင် နောင်တော်ပြောမည့် စကားတွေကို နားထောင်ချင်စမ်းလှသည်။

ဘယ်သူမှ မလိုက်နဲ့ဟု တားမြစ်ခဲ့သော သူ့အမိန့်ကို ချိုးဖောက်လျက် လိုက်ပါလာသည့် မိမိကိုတွေ့လျှင် နောင်တော် ဘာပြောမည်နည်း။ ဘာအပြစ်ပေးမည်နည်း။

ခါးစည်းကြားမှ တံပိုးကို အသုံးပြုရန် သတိရသည်။သို့သော် တံပိုး သံဖြင့် အချက်ပေးလိုက်လျှင် ဤတောင်ကြောတစ်နေရာရာရှိ နောင်တော့် အတွက် အနှောင့်အယှက်ဖြစ်ချိမ့်မည်။ ထို့ထက်မူ 'နောင်တော် ဘယ်မှာလဲ' ဟု အဓိပ္ပာယ်ရသော တံပိုးသံဖြင့် အချက်ပေးလိုက်ကာမှ နောင်တော်သည် သူရှိနေရာ နေရာမှ တိမ်းရှောင်ထွက်ခွာသွားနိုင်သည်။

အာနန္ဒသည် နွယ်များအဆိုင်းဆိုင်းကျနေပြီး သစ်ကိုင်းများ ယှက်ဖြာ ရှုပ်ထွေးနေသည့် အတက်လမ်းတစ်ခုကို ခဲယဉ်းစွာဖြတ်ကျော်ခဲ့ပြန်လေသည်။

* * *

အတော်အတန်ပြန့်ပြူးသော တောင်ခါးပန်းတစ်နေရာသို့အရောက်တွင် မြင်းကြီးသည် အဆမတန် မောဟိုက်နေရှာပြီ။ တောင်တက်ခရီးကို ဤမြင်းကြီး အကျွမ်းတဝင် ရှိရှာမည်မဟုတ်။ ထို့အပြင် တောတောင်၏ ချောက်ချားမှုကို တိရစ္ဆာန်တို့ သဘာဝအသိစိတ်ဖြင့် တစ်ချိန်လုံးလုံး ခံစားခဲ့ရရှာပေမည်။

မျက်လုံးအိမ်ကြီးများ ပြူးကျယ်လျက် နှုတ်သီးခံတွင်းဝတွင် အမြှုပ်တွေ တစီစီကျနေရှာသည်။ အနက်ရောင်အမွေးများသည် ချွေးများဖြင့်

ရွှဲစိုကာ မဟူရာရောင် တောက်ပနေကြသည်။ မြင်းကြီး ရေငတ်နေပြီဟု သိသော်လည်း တောင်ပေါက်စမ်းကို ရှာမတွေ့။ မြင်းကြီးသာမက မိမိကိုယ်တိုင်လည်း အာခေါင်တွေခြောက်နေပြီ။ စိတ်ရောကိုယ်ပါ မောဟိုက်နေပြီဟု အာနန္ဒ သိလိုက်၏။

တောင်ခါးပန်းသည် အတော်ပင်မြင့်မားသော အမြင့်ပိုင်းသို့ ရောက်နေပေပြီ။ တဟူးဟူးတိုက်ခတ်သော တောင်ထိပ်ပိုင်း လေအဟုန်တွင် သစ်ပင်ထိပ်ဖျားများဆီက တရှဲရှဲ အော်မြည်သံများ လွင့်ပျံ့နေသည်။

ယခုအချိန်အထိ နောင်တော့်ကို အရိပ်အရောင်မျှ မတွေ့ရသေး။ မိမိသည် မိုက်မဲရုံမျှမက ရူးသွပ်နေပြီလားဟု တွေးမိ၏။

စိတ်ဆန္ဒကို ရှေ့တန်းတင်ကာ မရေရာသော သဲလွန်စ စကားတစ်ခုအား အခြေခံလျက် နောင်တော်သိဒ္ဓတ္ထကို လိုက်လံရှာဖွေနေသော အဖြစ်။ နက်စွာသော တော၊ မြင့်စွာသော တောင်၊ မြိုင်ကြီးဟေမာ သေလာကြောကြီးဝယ် ဘယ်နေရာ သွားလို့ ဘယ်နေရာ ရောက်နေမှန်း မသိသည့် နောင်တော်သိဒ္ဓတ္ထအား လိုက်ရှာနေသည့် မိမိ။

ကျွန်းပင်၊ ကညင်ပင် ထိပ်ဖျားများ၊ အဆိုင်းဆိုင်း နွယ်ပင်ကြီးများ၊ တရှဲရှဲတဟူးဟူး မြည်ဟည်းတိုးဝှေ့လေသံများ၊ ဟိုးအထက် ကောင်းကင်ပြာတွင် လေဟုန်စီး ရွေ့မျောနေသော ပန်းရနံ့ပေါင်းစုံ၊ စိမ်းရွှေရွှေတော၏ ရနံ့စုံ။

'နောင်တော်သိဒ္ဓတ္ထ။ နောင်တော် ဘယ်မှာလဲ'ဟု အသံကုန်ဟစ်၍ အော်ဟစ်လိုက်ချင်သည့် စိတ်ကို မနည်းကြီး ထိန်းချုပ်လိုက်ရ၏။

အာနန္ဒသည် စိတ်ပျက်နွမ်းနယ်စွာ တောင်ခါးပန်းပြတ်တစ်ခု ခြေရင်းတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ချွေးတွေရွှဲနစ်ကာ ပါးစပ်မှ အမြုပ်တစီစီ ထွက်နေရှာသည့် မြင်းကြီးကိုကြည့်လျက် တောင်းပန်မိ၏။ 'ငါရဲ့ မိုက်မဲရူးသွပ်မှုကြောင့် မင်း ဒုက္ခ ရောက်ရလေတယ်။ ငါ့ကို ခွင့်လွှတ်ပါကွယ်'

လည်ကုပ်သားကြီးကိုနှိမ့်လျက် အမောဖြေနေသော မြင်းကြီးသည် အာနန္ဒ၏စကားကို နားလည်သည့်အလား လည်ကို ပြန်မတ်စွင့်လိုက်၏။ ထိုမျှသာမက–

မော့လာသော လည်နှင့်အတူ ဦးခေါင်းကိုလည်း အထက်သို့ မြှင့်လိုက်၏။ နှာသီးဝသည်လည်း ငြိမ်သက်သွားပြီးမှ ရုတ်တရက် ရှုံ့ချည်ပွချည်ပြု၏။ နားရွက်များလည်း စွင့်စွင့်ထောင်လာ၏။ မောဟိုက်နွမ်းနယ်နေရာမှ ရုတ်ချည်းပြောင်းလဲသွားသော မြင်းကြီး၏ အမူအရာ....။

ဦးခေါင်း လည်ကုပ် ဝင့်လျက်၊နှာသီးဝများ ရှုံ့ချည်ပွချည်ပြုလျက်၊ နားရွက်များ စွင့်ထောင်လျက်....။

တစ်ခုခုအနံ့ရသော၊ တစ်ခုခုအသံကြားရသော အမူအရာ။ ခြေပစ်လက်ပစ်ထိုင်ချနေရာမှ အာနန္ဒ ဝုန်းခနဲ ထလိုက်သည်။ မြင်းကြီးအနားသွားရပ်၍ အပေါ်ဘက်သို့ လှမ်းကြည့်သည်။

အဆင့်ဆင့်အထပ်ထပ် တောင်ခါးပန်း ကျောက်လှောချပ်များ အထက် တစ်နေရာ။ မြင့်မားလှသော တောင်ထွတ်တစ်နေရာ၊ ငေါငေါထိုးထွက်နေသော ကျောက်ဖျာထက်ဆီဝယ်....။

တလူလူလွင့်နေသည့် ဝတ်ရုံလွှာ....။

ကောင်းကင်ပြာနှင့် ရွှေ့မျောတိမ်စိုင်တို့ကို နောက်ခံပြုလျက်၊ ဝင်းဝါသောနေရောင်ကို ခံယူလျက် ကြွားရွှားရပ်နေသည့် တင့်တယ်စွာသော သဏ္ဌာန်။

“အာနန္ဒ မြင်းကို အဲဒီမှာပဲထားခဲ့။ မြင်းဆက်တက်လို့ မရတော့ဘူး။ လက်ျာဘက် ကျောက်လှောနံရံတွေဆီက လူချည်းပဲ တက်ခဲ့”

တစ်တောတစ်တောင်လုံး သိမ့်သိမ့်တုန်ခါသွားအောင် အာနန္ဒ ကြွေးကြော်ပစ်လိုက်ချင်စိတ် ပေါက်သွား၏။ ‘ငါ့နောင်တော်ကို ငါတွေ့ပြီဟေ့....’ ဟူ၍။

*　　　*　　　*

သူ့သခင်မှ သူ့သခင်။ သူ့မြင်းမှ သူ့မြင်း။ ကိုယ်တော်အရှင် သိဒ္ဓတ္ထနှင့် ကဏ္ဍကမြင်းမှလွဲ၍ ဤဇမ္ဗူဒိပ်တွင် နှစ်ယောက်အတူမရှိတော့ဟု အမြဲတမ်း ဝင့်ဝင့်ကြွားကြွား စကားထွားလွန်းသည့် ဆန္နတစ်ယောက်ကို သည်တစ်ခါ တော့ ကျေးဇူးအထူးတင်လိုက်မိ၏။

အာနန္ဒသည် ကျောက်ဖျာအထိရောက်အောင် ကျောက်ချပ်လွှာများ၊ ကမူစွန်းများကို ကုပ်ဆွဲ၍တက်ခဲ့သည်။ တောင်ထွတ်သို့ ရောက်ပေပြီ။ လေသည် အဆီးအတားမဲ့ တဟူးဟူးတိုက်ခတ်နေသည်။ တောနံ့တောင်နံ့ တို့ ကင်းစင်သွားသော လေအဟုန်သည် ရှင်းသန့်အေးမြနေသည်။ တကူး တကန့် ရှူရှိုက်မသွင်းရပါဘဲလျက် လတ်ဆတ်လွန်းသောလေသည် အဆုပ် အတွင်းသို့ဝင်သွားကာ မောပန်းနွမ်းနယ်မှုမှန်သမျှ ယူပစ်လိုက်သလို ချက်ချင်း ကင်းစင်သွားသည်။

နောင်တော်၏ ဝတ်ရုံစ၊ ခါးစည်းကြိုးစနှင့် နဖူးတွင် စည်းနှောင် ထားသော ပိုးကြိုးစတို့ တဖြတ်ဖြတ်လွင့်နေ၏။ နက်မှောင်ရှည်လျားသော ဆံနွယ်ဖျားများလည်း နဖူးထက်တွင် တဝေ့ဝေ့ လူပ်ခတ်နေကြ၏။

မြင့်မားသီခေါင် တောင်ထိပ်ဖျားပေါ်က နောင်တော် သိဒ္ဓတ္ထ။

ထူးဆန်းသော၊ အတိုင်းမသိ နှစ်လိုဖွယ်ရာဖြစ်သော၊ ကျက်သရေ အပေါင်းနှင့်ပြည့်စုံသော မြင်ကွင်း။ ငွေ၊ မိုး၊ ဆောင်း ရာသီစံနန်းတော်များ နှင့် ဥယျာဉ်ပန်းခြံများ၊ ကျောက်သလင်း လှေကားခုံများနှင့် ဖြူဖွေးသန့်ရှင်း သော လေသာပြတင်းပေါက်များတွင်သာ တွေ့ခဲ့ရဖူးသော နောင်တော်။ ယခုတော့ ကောင်းကင်မိုးပြာနှင့် တိမ်စိုင်တိမ်ခဲများကို နောက်ခံပြုလျက် တဟူးဟူးတိုက်ခတ်နေသော လေအဟုန်ထဲတွင် တောင်ထွတ်ဖျားကို ခြေ တင်ကာ ခိုင်ခံ့ကြွားရွားတည့်ရပ်နေသော နောင်တော်။

ဘယ်တော့မှ မေ့လို့မရနိုင်မည့် မြင်ကွင်းပင်ဖြစ်၏။

စည်းကြိုးများ၊ နံ့သာဆီမွှေးများဖြင့် တိကျပိရိစွာ ဖြီးသင်ထားသည်

ကို တွေ့ခဲ့ဖူးသည့် ဆံပင်များမှာ တောင်ထိပ်လေအဟုန်တွင် လွတ်လပ် ရဲဝံ့စွာ တဖွားဖွားလွင့်နေကြသည်။

ဝင်းဝါစိုပြည်သော နဖူးပြင်၊ပါးပြင်၊ လည်ပင်းသား၊ ရင်အုပ်သား တို့မှာ တောနှင့်တောင်၏ ပြောင်းလဲပေးမှုကြောင့် နီမောင်းရွှန်းလက်နေကြသည်။ အထူးသဖြင့် နောင်တော်၏စူးရှနက်မှောင်သော မျက်လုံးအိမ်များပင် ဖြစ်သည်။ ကပိလဝတ်နန်းဆောင်နှင့် နေပြည်တော်ကို အမြဲကျော်လွန်ငေးရီနေတတ်သော နောင်တော့်မျက်လုံးအိမ်များမှာ သဘာဝတောတောင်ကြောင့် အရောင် ပြောင်းလဲသွားကြလေသလား မသိ။

နောင်တော့်ကို ရှာဖွေတွေ့ရှိခြင်း၊ နောင်တော် ဘေးမသီရန်မခရှိ ခြင်း၊ ထူးခြားနှစ်လိုဖွယ် ဝန်းကျင်အခင်းအကျင်းတွင် နောင်တော်နှင့်အတူ ရှိနေရခြင်းတို့ကြောင့် တလှပ်လှပ်ဖြစ်လာသည့်ရင်ထဲဝယ် တစ်စုံတစ်ခုသောအရာက လွှမ်းမိုးသွား၏။ ထိုအရာကို နှုတ်မှ ထုတ်ဖော်လိုက်သည်။

"နောင်တော့်အမိန့်ကို ကျူးကျော်ပြီး ညီငယ် လိုက်ခဲ့တာ...."

နောင်တော်သိဒ္ဓတ္ထက လက်ဝါးကာပြလိုက်သဖြင့် စကားမဆုံးခင် ရပ်လိုက်ရ၏။ နောင်တော်၏ မျက်နှာပေါ်၌ ခွင့်လွှတ်အပြုံး ရှိနေသည်။

"တောင်ကြောကို တက်လာခဲ့ရတဲ့ တစ်ချိန်လုံးလုံး မင်းစိတ်ထဲ ပူပန် ခဲ့တာတွေ၊ မောပန်းခဲ့တာတွေနဲ့တွင်ပဲ ကျေလောက်ပါပြီ။ အာနန္ဒရယ်၊ တောင်းပန်စကား မဆိုပါနဲ့တော့။ ငါ ခွင့်လွှတ်ပါတယ်"

စိတ်သက်သာ ချမ်းမြေ့စွာဖြင့် ပြုံးမိရင်း မေးမိပြန်သည်။

"ကဏ္ဍကကော နောင်တော်၊ သူ့ကို ဘယ်မှာထားခဲ့သလဲ"

"မင့်မြင်းကို ထားခဲ့လို့ပြောတဲ့နေရာ၊ ကမ်းပါးစွယ် အပြန့်နေရာ လေးမှာပဲ။ ကျောက်ဆောင် အစွန်းရဲ့တစ်ဖက်မှာ ရှိတယ်"

အောက်ဖက်ဆီမှ ကဏ္ဍက၏ နှာမှုတ်သံကို ကြားလိုက်ရ၏။

"ကြားလား၊ အာနန္ဒ။ သူရှိနေပါတယ်တဲ့၊ မင်းကို ကဏ္ဍက က

နှုတ်ဆက်နေတယ်"

နောင်တော်၏အမူအရာသည် ဘယ်ခါတုန်းကမှ မမြင်ခဲ့ရဖူးသည့် လန်းဆန်းတက်ကြွမှုမျိုးဖြင့် လွတ်လပ်ပေါ့ပါးနေကြောင်း အာနန္ဒ သတိထားမိသည်။

"နောင်တော်ကြီး မဟာနာမ်တို့အဖွဲ့ သဖန်းတောထဲဝင်သွားကြပြီ။ စောစောကပဲ ဒီတောင်ထိပ်ဆီက ငါလှမ်းမြင်လိုက်ရတယ်။ ဒီနေရာဟာ ဒီတောင်ကြောနဲ့ တောတစ်ဝိုက်မှာတော့ အမြင့်ဆုံးတောင်ထွတ်ပဲ၊ အာနန္ဒ"

"တစ်တောတစ်တောင်လုံးကို စီးပြီးမြင်ရတယ်။ ဒါတင် မကဘူး။ ဟိုအရှေ့ဘက်နဲ့ မြောက်ဘက်မှာ အထပ်ထပ်ဖြစ်နေတဲ့ တောင်တန်းတွေကိုလဲ မြင်ရတယ်။ ဒီနေရာ လာခဲ့ပါလား၊ အာနန္ဒ"

နောင်တော်ရပ်နေသည့် ကျောက်ဖျာဆီသို့ တစ်ဆင့်တက်ခဲ့ပြန်၏။

"မင်း မြင်နိုင်သမျှကို ကြည့်လိုက်စမ်း၊ အာနန္ဒ။ ကမ္ဘာလောကဟာ မင်းမျှော်လင့်မထားတဲ့ သဘာဝအခင်းအကျင်းနဲ့ မင်းကို ဆီးကြိုနေတယ်"

အို.... လှလိုက်သည့် မြင်ကွင်း။ မျက်စိနှင့်မဆန့် တစ်ပြန့်တစ်ပြော မြင်ကွင်းကျယ်ကြီး။

အဆင့်ဆင့် အလွှာအလွှာသော တောင်တန်း အထပ်ထပ်တို့၏ အရောင်သည် ခရမ်းပြာ၊ ဖက်ဖူးရင့်၊ နီညိုရင့်၊ အပြာရင့်၊ အသွေးစုံတို့ဖြင့် မှိုင်းညို့ရင်းမှ တောက်ပနေကြသည်။ တိမ်စိုင်ကြီးတစ်ဆုပ် ကဲမိုးထားသော တောင်တန်းကြီးတစ်ခုမှာ နက်ပြာရောင်ထနေပြီး တိမ်လွတ်ကင်းသော ကောင်းကင်ပြာအောက် နေရောင်ခြည်ထိုးကျနေသည့် တောင်ထိပ်တစ်ခုကား လွင်လွင်စိမ်းလျက် ရှိလေသည်။

တောင်တန်းတို့၏ ခုံးမို့ကောက်ကွေး အနားရေးတို့နှင့် ကောင်းကင်ပြာတို့ ထိစပ်နေသောနေရာများ၌ တိကျရှင်းလင်းနေပြီး ဟိုအဝေး အဝေးဆီတွင်ကား မိုးကုပ်စက်ဝိုင်းသည် မပီမသ ဝိုးတဝါးဖြစ်သွားပြန်၏။

ဖြူလွှမိုင်းရီ တောင်ခိုးတွေ ဝေဆိုင်းနေသော တောအုပ်များ၊ သစ်ပင် ထိပ်ဖျားများထက်တွင် တစ်ချီတစ်ချီ လင်းယုန်နှင့် သိမ်းစွန်ငှက်တို့ တစ်ကောင်စ နှစ်ကောင်စ ပျင်းရိစွာ လေဟုန်စီး ပျံဝဲနေကြသည်ကို တွေ့ရ၏။ အို.... တောနှင့်တောင်သည် ဖမ်းစားနိုင်လွန်းစွတကား။

တိမ်စိုင်တိမ်ခဲတို့ ရွေ့မျောနေကြသော ကောင်းကင်နှင့် စိမ်းမြ မှိုင်းညို့ တောတောင်အကြားတွင် မိမိနှင့် နောင်တော်သိဒ္ဓတ္ထ နှစ်ဦးတည်းသာ ရှိသည်ဟု အာနန္ဒ ထင်မိတော့၏။ ဤအဖြစ်ကား နှစ်လိုဖွယ်ကောင်းလေစွ။ အိပ်မက်တစ်ခုလို တင့်မောကြည်နူးဖွယ် ရှိလေစွ။

ဤတောင်ထိပ်၊ ဤကျောက်ဖျာကြီးကား ကမ္ဘာလောက၏ အမြင့် မားဆုံးနေရာ ဖြစ်လေမည်လား။ တစ်လောကလုံးကို အပေါ်စီးမှ ကြည့် မြင်ခွင့်ရနေသူဆို၍ မိမိနှင့် နောင်တော်သိဒ္ဓတ္ထ နှစ်ဦးသာ ရှိမည်ထင်၏။

အာနန္ဒသည် ဖမ်းစားညို့ယူအားကြီးလွန်းသော သဘာဝတရားကြီးထဲတွင် နစ်မြုပ်သွား၏။ မည်မျှကြာကြာ မိန်းမောသွားသည် သတိမထားမိ။ နောင်တော်၏အသံ ကြားတော့မှ လွန့်လူးနိုးထဖြစ်တော့သည်။

“အာနန္ဒ၊ အမောပြေပြီလား”

“အမောပြေပါပြီ နောင်တော်။ အမှန်တော့၊ တောင်ကမ်းပါးတွေကို မြင်းနဲ့တက်ခဲ့ရတာဖြစ်လို့ လူကမမောလှပါဘူး။ နောင်တော့်ကို မတွေ့ရလို့ စိတ်က မောနေတာပါ။ ဒီတောင်ထိပ်ရောက်ကတည်းက အမောပြေသွားခဲ့ပါတယ်”

အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်၏။ နောင်တော်သိဒ္ဓတ္ထ ပြုံးလေသည်။ လေအဟုန်အတွင်း လွတ်လပ်စွာ ဖွာလန်ကြဲနေသော ဆံနွယ်စများက ထိုအပြုံးကို တင်းတိမ်ကန့်လန့်ကာများသဖွယ် လှစ်ဟပေးနေကြသည်။

“အမြင့်ဆုံးတောင်ရဲ့ တောင်ထွတ်တစ်ခုပေါ်ကနေပြီး အခုလို တပြန့်တပြော မြင်ကွင်းကြီးကို ကြည့်လိုက်ရတော့ မင့်စိတ်ထဲမှာ ဘယ်လို

ဖြစ်သွားသလဲ.... အာနန္ဒ”

ဤမေးခွန်းကို မျှော်လင့်ထားပြီးသား ဖြစ်၏။ ဖြေစရာ အဖြေတွေကလည်း အများကြီးဖြစ်နေသည်။

အတိုင်းမသိ ကြည်နူးခြင်း၊ လွမ်းမောခြင်း၊ ဆွတ်ပျံ့ခြင်း၊ ပြီးတော့ ဩကာသ လောကကြီးအပေါ် ချစ်ခင်စိတ်ဖြစ်ပေါ်လာခြင်း၊ ဆန်းကြယ် သော အရောင်စဉ်များ၏ ဖမ်းစားမှုကြောင့် အိပ်မက်တစ်ခုသို့ ရောက်နေရ သလို ခံစားရခြင်း။

အဖြေတွေအများကြီးကို စဉ်းစားသုံးသပ်ပြီးနောက် တစ်ခုသော အဖြေကို ပေးလိုက်၏။

“အာနန္ဒဆိုတဲ့ ငါဟာ၊ ဒီလောကကြီးထဲမှာ အစက်ကလေး တစ်စက်မျှသာ သေးငယ်လှပါလားလို့ ခံစားရပါတယ် နောင်တော်”

အဖြေတွေ အများကြီး ပေါင်းရုံးပါဝင်သော အဖြေစကား။

နောင်တော် သိဒ္ဓတ္ထက ဆံပင်များကို လက်ဖြင့်သပ်လျက်

“အင်း.... မင်းအရိုးသားဆုံး ဖြေလိုက်တာပဲ။ ကမ္ဘာလောကကြီးထဲက လူသားတစ်ဦးရဲ့ အခန်းကဏ္ဍကို ပြလိုက်တာပဲ။ မင်းအဖြေထဲမှာ နှိမ့်ချမှု၊ မာန်မာနထောင်လွှားခြင်း ကင်းစင်မှုတွေ ပါဝင်နေတယ်။ မင်းအဖြေကို ငါကြိုက်တယ်”ဟု ဆို၏။

နောင်တော်ကော ဘယ်လိုမြင်လဲဟု မေးစရာမလိုမှန်း သိနေ၏။ နောင်တော်သိဒ္ဓတ္ထထံမှ သူ၏အယူအဆ ထင်မြင်ချက်ကို မိမိနားထောင်ခွင့်ရတော့မည်။

“မင်းပြောတဲ့ အစက်ကတော့ တစ်စက်ပဲဆိုပါတော့။ အဲဒီအစက်ကလေးတစ်စက်ရဲ့ စွမ်းပကား ကြီးနိုင်ခွင့်ကိုတော့ ထည့်စဉ်းစားကြည့်စမ်း”

အစက်ကလေး တစ်စက်၏ စွမ်းပကားကြီးနိုင်ခွင့်။

ဤစကားကို မိမိနားမလည်သဖြင့် အာနန္ဒ ဆိတ်ဆိတ်နေလိုက်၏။

"အဲဒီအစက်ကလေးဟာ အခုကိုပဲ အမြင့်ဆုံးတောင်ရဲ့ တောင်ထွတ်ပေါ်မှာ ခြေစုံရပ်နေပြီ မဟုတ်လား အာနန္ဒ။ တောင်တန်းတွေနဲ့ တောအုပ်တွေဟာ၊ မင်းရဲ့အောက်မှာ ဖြန့်ခင်းဝပ်စင်းနေကြတယ် မဟုတ်လား။ မင်းသတိထားကြည့်မယ်ဆိုရင် ဟောဟိုအဝေးဆီက လွင့်သွားတဲ့ တိမ်မျှင်တစ်စသည်ပင် မင်းရဲ့အောက်မှာရှိနေတယ်။ အမြင့်ဆုံးသစ်ပင်ထိပ်ဖျားက မင်းရဲ့ အောက်မှာကျန်ရစ်ခဲ့တယ်"

"အို၊ ဟုတ်ပါသော်ကော နောင်တော်၊ ဒီအတိုင်းဆိုရင် အစက်ကလေးတစ်စက်ဟာ သူ့ရဲ့ သေးငယ်မှုအတွက် ဂုဏ်ယူရမှာပေါ့နော်"

"အမြင့်ပိုင်းကို ရောက်တယ်ဆိုရင်တော့ ဂုဏ်ယူရမှာပေါ့ကွယ်။ အမှန်တော့ အဝန်းပမာဏ သေးငယ်မှု ကြီးမားမှုဟာ ပဓာန မဟုတ်ပါဘူး။ သူ ဘယ်လောက်အမြင့်ကို ရောက်သလဲဆိုတဲ့ သူ့ရဲ့တည်နေမှုသာလျှင် အဓိကကျတယ်"

"ပိုပြီးမြင့်လေလေ၊ ပိုပြီး ဂုဏ်ကြီးမားလေလေပေါ့။ ဟုတ်လား နောင်တော်"

"ယေဘုယျအားဖြင့် ဟုတ်တယ်။ သို့သော် အမြင့်ဆုံးရောက်သူဟာ သူ့အောက်ကို အစဉ်အမြဲ ကြည့်တတ်ရမယ်။ သူ့ထက်နိမ့်မှုတွေကို မပစ်ပယ်ရဘူး၊ မရှုံ့ချအပ်ဘူး။ ဒါမှသာ မြင့်မားမှုဟာ ဂုဏ်ကြီးတဲ့မြင့်မားမှု ဖြစ်တယ်"

ဤစကားကိုတော့ နှလုံးအိမ်၏ ထောင့် တစ်ထောင့်တွင် အသာအယာ သိမ်းဆည်းထားပြီး နောင်မှ အချိန်ယူသုံးသပ်ကာ နားလည်ဖို့ ကြိုးစားရတော့မည်ဟု အာနန္ဒ မှတ်သားထားလိုက်၏။

"နောင်တော် သားကောင်လိုက်မယ်ဆိုတာကောဟင်။ ဒီတောင်ထိပ်ကိုတက်ခဲ့ရာလမ်းမှာ နောင်တော် ဘယ်သားကောင်ကို လိုက်ခဲ့သေးသလဲ"

နောင်တော်၏မျက်နှာ လေးနက်တည်ငြိမ်သွား၏။

# အခန်း ၁၃

တောင်ထိပ်တွင် လေကပို၍ ပြင်းလာသည်။ အဝေးဆီ၌ အဆုပ်လိုက် အဆုပ်လိုက်သော တိမ်စိုင်များသည် လေဟုန်စီးလျက် အရှိန်ဖြင့် ရွေ့လျား နေကြသည်။ သိမ်းစွန်ရဲများသည် အတောင်ပံကို မခတ်တော့ဘဲ အစွင့်ကား ဆုံးဖြန့်ကာ လေဟုန်စီးနေကြသည်။

တဖျပ်ဖျပ်လွင့်နေသော ခါးစည်းကြိုးကိုအစသိမ်းလျက် နောင်တော် ပြောလေသည်။

"ငါ့ရဲ့သားကောင်ကို ငါ မမီနိုင်သေးဘူး အာနန္ဒ။ ထက်ကြပ်မကွာ လိုက်နေပါရက်နဲ့ သားကောင်ဟာ ငါ့ရဲ့ ရှေ့တစ်ကမ်းအကွာကနေ လွတ် လွတ်ပြေးနေတယ်"

"ဘယ်လို သားကောင်မျိုးမို့လဲ နောင်တော်"

ကပိလဝတ် စစ်ရေးကျင့်ကွင်းတွင် သူမတူအောင် ကျွမ်းကျင်လှ သော နောင်တော့်လက်ရုံးရည်စွမ်းကို သိပြီးဖြစ်၏။ နှစ်ဖက်သွား သန်လျက် ကို စွဲလျက်၊ အရပ်လေးမျက်နှာမှ စစ်သည်များ ပစ်လွှတ်လိုက်သည့် မြားတံ

တွေကို နောင်တော်သည် အလွယ်တကူ ဖယ်ရှားပိုင်းဖြတ်နိုင်သူ ဖြစ်လေသည်။ လုံ့ရှည်၊ လုံ့ကျင်တို့ကိုလည်း တစ်စင်းပြီးတစ်စင်း စက်ဗဟိုသို့ စွဲအောင် တစ်ချက်မတိမ်း ထိုးစိုက်နိုင်သူ ဖြစ်လေသည်။ လေပြင်းတိုက်နေသော မြားပစ်ကွင်းထဲတွင် အခြားမင်းသားတို့၏မြားတံများက မြက်ခင်းပြင်ပေါ် တဖုတ်ဖုတ်ကျနေချိန်မှာ လေအဟုန်ကိုခွဲလျက် နောင်တော်၏မြားက လှပစွာပျံသန်းသွားပြီး စက်ဗဟိုသို့ တန်းမတ်စွာ စွဲဝင်သည်ကိုလည်း အာနန္ဒ အကြိမ်ပေါင်းများစွာ မြင်ဖူးခဲ့၏။

ဤသို့သော နောင်တော်သိဒ္ဓတ္ထသည် ယခု သူ၏သားကောင်ကို မမိနိုင်ဘဲ ရှေ့တစ်ကမ်းမှ လွတ်လွတ်ပြေးနေသည်....တဲ့။

ဇဏီသားကောင်လား သို့မဟုတ် ထူးဆန်းသော အခြားသားကောင် တစ်မျိုးမျိုးလား....။ နောင်တော် လိုက်၍ မမီနိုင်သော သားကောင် ဟူ၍ မရှိနိုင်ဟု ယုံကြည်ထား၏။

"တောင်ထိပ်အမြင့်ပိုင်းဆိုတော့ ထူးဆန်းတဲ့ သားကောင်တွေ ဖြစ်မှာပေါ့ နောင်တော်"

နောင်တော်သည် အဝေး၏ အဝေးဆီသို့ ငေး၍ကြည့်နေ၏။

တိမ်စိုင်ခဲတစ်ခုသည် လေအဟုန်တွင်လွင့်ရင်း ပုံသဏ္ဍာန်ပြောင်းလဲသွားသည်။

"အာနန္ဒ၊ အမဲလိုက်ကစားစဉ်မှာ သားကောင်ကို လွတ်သွားတဲ့ အတွေ့အကြုံမျိုး မင်းမှာ ရှိဖူးလား"

"ရှိဖူးပါတယ်၊ နောင်တော်"

"ဘယ်လိုအခါမျိုးတွေမှာ သားကောင်ကို လွတ်သွားတတ်သလဲ" မိမိ၏ အမေးကို မဖြေဘဲ၊ မိမိကို မေးခွန်းပြန်ထုတ်နေသည့်အတွက် အာနန္ဒ အံ့အားသင့်မိသည်။ သို့သော် နောင်တော် အမေးရှိသည်ကို ဖြေဆိုရသည့် အတွက် ဝမ်းသာသွားမိသည်။

"အကြောင်း အမျိုးမျိုးကြောင့် သားကောင် လွတ်နိုင်တယ်၊ နောင်တော်။ မိမိက တောကောင်အနေအထား မကျွမ်းကျင်တဲ့အခါမျိုး၊ မိမိရဲ့ ပစ်လွှတ်ချက်က သားကောင်ရဲ့ချက်ကောင်းကိုမထိတဲ့အခါမျိုး၊သားကောင်ကိုယ်တိုင်ကပဲ အင်မတိအင်မတန် လျင်မြန်ပါးနပ်တဲ့အခါမျိုး၊ အင်း.... အဆိုးဆုံးကတော့ မိမိ၏သားကောင်ကို ချောင်းမြောင်းနေစဉ်မှာ ကိုယ်က သူ့ကိုမမြင်ခင် သူက ကိုယ့်အနံ့ရသွားတဲ့အခါမျိုးပါပဲ။ ဘာမှမလုပ်လိုက်ရဘဲ လက်လွှတ်သွားတာဟာ အတော်ခံရခက်ပါတယ် နောင်တော်"

နောင်တော်သည် မသိ၍မေးခြင်းမဟုတ်ဘဲ မိမိ၏အဖြေကို ကြားလို၍သာ မေးခြင်းဖြစ်ကြောင်း နားလည်သဖြင့် စေ့စေ့စပ်စပ် အဖြေပေးလိုက်၏။ တောင်ပေါ်လေပြည်ကို တစ်ဝကြီးရှိုက်သွင်းကာ နောင်တော်သည် တစ်ကိုယ်တည်း ပြောနေဟန်ဖြင့် ရေရွတ်လေသည်။

"တောတောင်အနေအထားကိုလဲ ကျွမ်းကျင်တယ်။ ပစ်လွှတ်ချက်ကလဲ ချက်ကောင်းကို စွဲဝင်တယ်။ သားကောင်ရဲ့ လျင်မြန်ပါးနပ်မှုကိုလဲ မိမိက အနိုင်ယူထားတယ်။ မိမိရဲ့အနံ့ကိုမရခင် ကိုယ်ကပဲ သူ့ကို မြင်တယ်။ အဲဒီလိုအချက်အလက်တွေနဲ့ ပြည့်စုံပြီဆိုရင်ကော သားကောင်ကိုမိပြီလား"

"အဲဒါဆိုရင်တော့ သားကောင်ကို မိပါပြီ။ သူဘယ်လိုမှ ပြေးမလွတ်နိုင်တော့ပါဘူး"

"အင်း....ဟုတ်တယ်၊ ပြေးမလွတ်နိုင်တော့ဘူး။ ဒါပေမယ့် ဒါက တောတောင်ထဲက တကယ့်သားကောင် တစ်ကောင်မို့ပဲ"

နားမလည်နိုင်စွာ လှမ်းကြည့်လိုက်မိ၏။ တောတောင်ထဲက တကယ့် သားကောင်....။ နောင်တော် ဘာကိုပြောသနည်း။ အမဲလိုက်ခြင်းအမှုတွင် တကယ့်သားကောင် တစ်ကောင်အကြောင်းကိုသာ ပြောရပေမည်။ နောင်တော့်ရေရွတ်သံသည် အဝေးကောင်းကင်မှ တိမ်စိုင်များနှယ် ပုံပန်းသဏ္ဌာန် အဖမ်းရခက်လွန်းလှ၏။

"အကောင်အထည် ထင်ရှားမရှိတဲ့ သားကောင်တစ်ကောင်ကို လိုက်ရတဲ့အခါမျိုးဆိုရင် ဘယ်လိုလုပ်ပြီး မိနိုင်ပါ့မလဲ။ တကယ့်သားကောင်မဟုတ်တဲ့ သားကောင်ကို ဘယ်လိုမုဆိုးက ဘယ်လိုအမဲလိုက်နည်းနဲ့ လိုက်မလဲ၊ ဘယ်လိုလက်နက်ကို သုံးမလဲ၊ ဘယ်လိုမိအောင် အားထုတ်မလဲ"

"နောင်တော်ပြောတာတွေကို ညီတော် ဘာမှနားမလည်ပါဘူး၊ နောင်တော်"

မတတ်နိုင်တော့ ရှင်းရှင်းလင်းလင်း ပြောလိုက်ရတော့၏။

"အာနန္ဒ၊ နောင်တော်ကြီး မဟာနာမ်တို့နဲ့အတူ ငါ ဒီတောဒီတောင်ထဲ လိုက်လာခဲ့တာဟာ သမင်အစရှိတဲ့ သားကောင်တွေကို အမဲလိုက်ဖို့ လိုက်လာတာမဟုတ်ဘူး။ ကပိလဝတ်နန်းတော်နဲ့ ပိတ်လှောင်နေတဲ့ ရွှေနန်းတော်ထဲကနေပြီး လွတ်လပ်တဲ့ သဘာဝပတ်ဝန်းကျင်ကို လိုချင်လို့ လိုက်လာတာပဲ။ တစ်နည်းအားဖြင့် သဘာဝတောတောင်ရဲ့ လွတ်လပ်ရှင်းသန့်ခြင်း အကူအညီကိုယူပြီး ငါ သားကောင်လိုက်ချင်လို့ပဲ"

"အမိန့်ရှိပါ၊ နောင်တော်"

"မင်းသိပါတယ် အာနန္ဒရယ်၊ ခမည်းတော် မင်းတရားကြီးနဲ့ တကွ သကျဝံသအားလုံး၊ ကပိလဝတ်တစ်နိုင်ငံလုံး၊ သက္ကတိုင်း တစ်တိုင်းလုံးဟာ ငါ့ကို သိပ်မျှော်လင့်ကြတယ်။ ကပိလဝတ်နိုင်ငံတော်ကို ကမ္ဘာလောကမှာ အကြီးကျယ်ဆုံးနိုင်ငံတော်အဖြစ်၊ ငါ့ကိုလဲ ဘုန်းအာဏာစက် အကြီးမားဆုံး ဧကရာဇ်အဖြစ် သူတို့မျှော်လင့်ထားကြတယ်။ ခတ္တိယနွယ်ဝင် ဇာတ်တစ်ခုလုံးကို အမြင့်မားဆုံးအဆင့်အထိ ပို့ဆောင်နိုင်စွမ်းရှိသူလို့ ငါ့အပေါ် သူတို့ အားထားယုံကြည်နေကြတယ်"

"နောင်တော်ဟာ၊ ကပိလဝတ်နဲ့ သကျဝံသရဲ့မျှော်လင့်ခြင်း မီးရှူးတန်ဆောင်ဖြစ်ပါတယ်"

"အင်း....ပြဟ္မဏတွေကလဲ ဒီလိုပဲ ပြောကြတယ်။ သူတို့ရဲ့ ဒေဝဓမ္မ

တွေကိုရွတ်ကြ၊ မန္တာန်တွေကိုရွတ်ကြ၊ ယဇ်ပူဇော်ကြ၊ ဗြဟ္မာရဲ့ဂုဏ်တော်တွေကို ဖွဲ့ဆိုကြနဲ့၊ ငါ့အနားမှာ ဝိုင်းအုံလာတဲ့ ဗြဟ္မဏတွေ အားလုံးကလဲ ငါ့ကို မျှော်လင့်ခြင်း မီးရှူးတန်ဆောင်တဲ့"

ဗြဟ္မဏအချို့နန်းတော်သို့ ဝင်ထွက်နေကြကြောင်း အာနန္ဒသိပြီးဖြစ်၏။ သို့သော် ဘကြီးတော်မင်းတရား၏ ကြပ်မတ်မှုကြောင့် ဗြဟ္မဏတို့သည် နောင်တော့်အနီးသို့ ထိထိရောက်ရောက် ချဉ်းကပ်ခွင့် မရခဲ့ကြ။ ထိုအထဲကပင် နောင်တော်သည် ဗြဟ္မဏအချို့နှင့် တွေ့ဆုံခဲ့ဟန်ရှိ၏။

"ဗြဟ္မဏတွေဟာ သူတို့ရဲ့ဝေဒကို လမ်းညွှန်အဖြစ် ထားကြတယ်။ ဝေဒပြောတဲ့အတိုင်း တသဝေမတိမ်း လုပ်ကြတယ်။ ဒါပေမယ့် ဘာဖြစ်လာသလဲဆိုတော့ အများသူငါအတွက် မကောင်းတဲ့အလုပ်တစ်ခုဟာ ဝေဒအတွက်ဆိုရင်ကောင်းတဲ့အလုပ်ဖြစ်တယ်။အများသူငါအတွက် သင့်မြတ်တဲ့အလုပ်ဖြစ်နေပါရက် ဝေဒနဲ့မကိုက်ညီရင် အဲဒါဟာ မကောင်းတဲ့အလုပ်ဖြစ်သွားပြန်တယ်။ဥပမာဆိုပါစို့ကွယ် သမင်တစ်ကောင်ကို သတ်ဖြတ်ခြင်းဟာ မင်းပြစ်ဒဏ်သင့်တယ် ဆိုသော်လဲ အခုငါတို့တစ်တွေ အမဲလိုက်တဲ့အခါကျတော့ ခတ္တိယသကျဝံသ တောကစားထွက်တာပဲဆိုပြီး ဂုဏ်ယူကြပြန်တယ်။

"ဗြဟ္မဏတွေကို နောင်တော် မနှစ်သက်ဘူးပေါ့၊ ဟုတ်လား"

"ဝေဒကို ဦးထိပ်ရွက်ထားတဲ့အတွက် သူတို့ရဲ့ခေါင်းပေါ်မှာ ဝေဒကပိတ်ဆို့ဖုံးအုပ်နေတယ်။ အဲဒီခေါင်းထဲကနေ လွတ်လပ်ရိုးသားတဲ့ အယူအဆတွေ ထွက်မလာနိုင်ဘူး"

ဤစကားကိုသာ အခြားသူများ ကြားရပါက တစ်ဆင့်စကားတစ်ဆင့်နားဖြင့် သက္ကတတစ်တိုင်းလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားနိုင်၏။ သြဇာတိက္ကမ ကြီးမားလှသော ဗြဟ္မဏများနှင့် သူတို့၏ ဝေဒဓမ္မကို မည်သူမျှ ဤသို့ မဝေဖန်ရဲကြ။ နောင်တော်၏စကားမှာ ပြတ်သားရဲဝံ့လှဘိခြင်း....။

"ဒါကြောင့် ဝေဒဓမ္မနဲ့ ပိတ်လှောင်သော ဗြဟ္မဏတွေက ငါ့ကို မျှော်လင့်ခြင်း မီးရှူးတန်ဆောင်လို့ ခေါ်ကြတဲ့အခါ ငါ ဒီ ချီးပမှုကို မနှစ်မြို့နိုင်တော့ဘူး၊ အာနန္ဒ"

"အဝေဒိကတွေ ရှိပါသေးတယ်၊ နောင်တော်"

အာနန္ဒ ကမန်းကတန်းပြောဖြစ်၏။ အဝေဒိကဟူသည်ကား ဝေဒ ဓမ္မကို လက်မခံသောအုပ်စု၊ တစ်နည်းအားဖြင့် ဝေဒလမ်းစဉ်ဖြစ်သော ယဇ် ပူဇော်မှုကို ငြင်းပယ်သောအစု၊ သမဏများပင်တည်း။

"တပလမ်းစဉ် ကျင့်သုံးတဲ့ သမဏတွေကို ပြောတာလား"

ရသေ့များနှင့်လည်း နောင်တော် တွေ့ဆုံထားပြီး ဖြစ်ကြောင်း သေချာပေသည်။

"သမဏတွေရဲ့ တပလမ်းစဉ်ကိုတော့ ငါ သဘောကျသလိုရှိတယ် အာနန္ဒ၊ ဒါပေမယ့် သူတို့ဘာကို ရှာဖွေကြသလဲဆိုတာ ငါ မစဉ်းစားတတ်ဘူး။ မိမိကိုယ်မိမိ အဆင်းရဲအပင်ပန်းခံပြီး စည်းစိမ်ချမ်းသာတွေကို မျက်နှာလွှဲနိုင်တဲ့ သူတို့ရဲ့အကျင့်ကို ငါ လေးစားမိတာတော့ အမှန်ပဲ"

ဆင်းရဲပြုံငြင်စွာ နေထိုင်လှည့်လည်နေကြသော တပအကျင့် ကျင့်သူ သမဏများကို အာနန္ဒ မြင်ယောင်လိုက်မိ၏။ ကပိလဝတ္ထုနှင့်သက္ကတိုင်း တောတောင်အနှံ့အပြားတွင် ထိုသို့သော သမဏရသေ့ကြီးများကို တွေ့နိုင်ပေသည်။ အာနန္ဒ ထိတ်လန့်သွား၏။မုတ်ဆိတ်ကျင်စွယ်ကြီးများ ညစ်ထေးစုတ်ပြဲသော ကိုယ်ရုံအဝတ်များ၊ ခြေဝတ်မဲ့ဖဝါးခြေထောက်များ၊ ချေးညှော် အလိမ်းလိမ်းကပ်သော ဆံကျစ်ရှည်ကြီးများဖြင့် တပ အကျင့် ကျင့်သူ သမဏများကို နောင်တော် လေးစားသည်တဲ့။

လိုချင်တာမှန်သမျှ အကုန်ရနိုင်သော ဥပရာဇာတစ်ပါး၊ မင်းဧကရာဇ် အလောင်းအလျာတစ်ပါးကား ထိုသမဏကြီးများကို လေးစားနေသည်ဆိုခြင်းမှာ အလွန်ပင် အဆင်မပြေသော တွဲစပ်မှုပင်။

"ဒါပေမယ့် အာနန္ဒရယ်၊ အားလုံးကို ခြုံတွက်လိုက်တော့ ဗြဟ္မဏ တွေကော၊ သမဏတွေကော၊ သူတို့ ဘာအတွက် ဘာကို လုပ်နေကြသလဲ ဆိုတာ ငါ စဉ်းစားမရဘူး။ သူတို့ ဘယ်သားကောင်ကို လိုက်နေကြသလဲ ငါ မသိဘူး။ ငါကော ဘယ်သားကောင်ကို လိုက်နေသလဲ ငါမသိသေးဘူး။ မိမိလိုက်နေတဲ့ သားကောင်ဟာ၊ ဘယ်လိုသားကောင်လဲဆိုတာကို မသိခြင်း လောက် ဆိုးရွားတာ မရှိတော့ဘူး။ "အင်း....ဟုတ်တယ်၊ မသိခြင်းဟာ အလွန် ဆိုးရွားတယ်"

သူ၏စကားလုံးများထဲမှ နောက်ဆုံးဝါကျတစ်ခုကို နောင်တော်က ထပ်မံရေရွတ်သည်။ ထို့နောက် အတန်ငယ်မျှတိတ်ဆိတ်နေ၏။ 'မသိခြင်း ဟာ အလွန်ဆိုးရွားတယ်'ဟူသော စကားလုံးများကို နောင်တော် ပွဲတင်ပြု နေဟန်ပင်။

"နောင်တော် စောစောက ပြောခဲ့ပါတယ်။ ထပ်ကြပ်မကွာ လိုက်နေ ပါရက်နဲ့ သားကောင်ဟာ ရှေ့တစ်ကမ်းအကွာကနေ လွတ်လွတ်ပြေးနေ တယ်.... ဆိုတဲ့စကား"

တိတ်ဆိတ်နေခြင်း ကန့်လန့်ကာကို အာနန္ဒကပင် စတင်ဆွဲဖွင့် လိုက်၏။

"အေး၊ ဟုတ်တယ်"

"လက်တစ်ကမ်းအကွာဆိုတော့ ဒီသားကောင်ဟာ နောင်တော်ထံ ကနေ ဝေးဝေးမပြေးနိုင်တော့ပါဘူး။ မကြာခင် မိတော့မှာလို့ ညီတော် ထင်ပါတယ်"

ဖြေသိမ့်အားပေးစကားကြောင့် နောင်တော်ပြုံးမည်ဟုထင်သော် လည်း အပြုံးအရယ် အလျဉ်းမရှိရုံမျှမက တည်ငြိမ်နေဆဲ မျက်နှာပြင်ထက် က မျက်လုံးအိမ်များ ပိုမိုလေးနက်စွာ ဝန်းဖွဲ့နေကြသည်ကို တွေ့ရ၏။

"မကြာခင် မိတော့မယ်တဲ့လား၊ အင်း.... တောက ပိုနက်လာတယ်။

တောင်က ပိုမတ်စောက်လာတယ်။ သားကောင်ကလဲ ပိုပြီး မာယာများလာတယ်။ မုဆိုးကို ပိုပိုပြီးလှည့်စားလာတယ်။ ဒါပေမဲ့ အာနန္ဒ မင်းပြောသလိုပဲ၊ မကြာခင် မိတော့မယ်လို့ ငါလဲ မျှော်လင့်ယုံကြည်နေပါတယ်"

"ဒါဆိုရင်တော့ ဘယ်လိုသားကောင်လဲဆိုတာ နောင်တော် သိရတော့မှာပေါ့နော်"

"အင်း....မိပြီးမှ သိရမှာတဲ့လား...။ မုဆိုးကောင်းတို့ရဲ့ ဂုဏ်ကတော့ ဘယ်လိုသားကောင်လဲဆိုတာ သိထားပြီးမှ၊ ဒီသားကောင်ကို အမိဖမ်းရတာ မဟုတ်လား..."

"ညီတော် မစဉ်းစားတတ်တော့ဘူး နောင်တော်"

အာနန္ဒ လုံးဝ အလျှော့ပေးလိုက်လေသည်။ ထိုအခါမှပင် နောင်တော် ပြုံး၏။ တောင်ထွတ်သို့ တိုးဝှေ့နေသည့် လေပြင်း၌ လွင့်ခါနေသော ဆံစများကို သပ်ယူကာ–

"ကိုင်း...ပြန်ဆင်းကြစို့ အာနန္ဒ...."ဟု ဆိုလေသည်။

* * *

"ကခုန်ခြင်းဆိုတဲ့ အနုပညာရဲ့ အမြင့်ဆုံးအဆင့်က ကိုးကွယ်ပသခြင်းဆိုင်ရာ လှုပ်ရှားမှုဖြစ်တယ်လို့ နာဋ္ဋသျှတ္တရ ပနက်ရှင်တွေက ပြောပြတယ်။ ညဥ့်ဦးက ကပြတဲ့ ကချေသည်ကိုတွေ့လား။ သူတစ်ဦးတည်းနဲ့ ဘဝနှစ်ခုကို သရုပ်ဖော် ကပြသွားတယ်။ တစ်ဘဝက ကရစ်ရှာနာ နတ်ကလေးငယ်၊ နောက်တစ်ဘဝက ကရစ်ရှာနာရဲ့ မိခင်"

ကပိလဝတ်နန်းတော်၏ သဘင်ဆောင်ထဲတွင် ပွဲကြည့်ပရိသတ်များလည်း မရှိတော့။ ကပြတီးမှုတ်သူများလည်း မရှိတော့ပေ။ နောင်တော်ကမူ ပြီးဆုံးသွားသော သဘင်ပွဲအကြောင်းကို ပြောပြနေ၏။

တကယ်တော့ နောင်တော်နှင့်အတူ အာနန္ဒသည်လည်း ယမန်နေ့

ညဥ့်သဘင်ပွဲ အချိန်ကာလတစ်လျှောက်လုံးတွင် သဘင်ဆောင်ထဲ၌မရှိခဲ့ဘဲ အပြင်ဘက်ဥယျာဉ် တောအုပ်ထဲမှာသာ အချိန်ကုန်ခဲ့ရသည်။သဘင်ဆောင်ထဲမှပျံ့လာသော ဂီတသံများက နောင်တော့်စကားများအတွက် စည်းနရီချက် လိုက်ပေးနေကြသကဲ့သို့ပင်။

"ကရစ်ရှာနာ နတ်သူငယ်လေးဟာ မိခင်ပြုလုပ်ထားတဲ့ ထောပတ်ကို ကလေးဘာဝ နှိုက်စားတယ်။ မိခင်က ကရစ်ရှာနာကို ရိုက်ပုတ်မယ်လုပ်တော့၊ ကရစ်ရှာနာက ပါးစပ်ဟလိုက်တယ်။ ဒီအခါမှာ ကရစ်ရှာနာရဲ့ ခံတွင်းထဲမှာ လောကသုံးပါးကို မိခင်က မြင်လိုက်ရတယ်။ ဒီတော့မှ ကရစ်ရှာနာဟာ နတ်ဘုရားပါလားလို့သိပြီး မိခင်က သားကိုရှိခိုးတယ်။ ကချေသည်ဟာ သားနဲ့အမိ နှစ်ဦးစလုံးရဲ့ လှုပ်ရှားခံစားမှုကို သူတစ်ယောက် တည်း သရုပ်ဖော် ကပြသွားတယ်"

နောင်တော် မသိတာ ဘာများရှိနိုင်ပါသနည်းဟူ၍ အာနန္ဒ တွေးမိ နေ၏။

"ဒီပြကွက်နဲ့ အကကို ကပိလဝတ် နန်းသူနန်းသားတို့ အတော်ကြိုက်ကြတယ်....နောင်တော်"

"ဟုတ်တယ်။ ကြိုက်စရာပဲ။ အလွန်ဂုဏ်မြောက်တဲ့ အနုပညာကိုး။ သို့သော် အခြေခံဇာတ်လမ်းက တစ်မျိုးဖြစ်နေတယ်"

"ဘယ်လိုတစ်မျိုးလဲ နောင်တော်"

"ကရစ်ရှာနာ နတ်ဘုရားပေါ့။ အဲဒါက လူတွေရဲ့အရိုးချဉ်ဆီထဲမှာ ကာလပေါင်းကြာမြင့်စွာ စွဲဝင်နေတဲ့အယူအဆပဲ။ ကရစ်ရှာနာရဲ့ ပါးစပ်ထဲမှာ လောကသုံးပါး ရှိနေတယ်ဆိုတာဟာ အသင့်ယုတ္တိ လွန်ကဲနေတယ်လို့ မင်း မထင်ဖူးလား အာနန္ဒ"

အေးဆေးစွာ တစ်လုံးချင်း ပြောနေသော်လည်း ထိုစကားလုံးများကား ကြောက်စရာကောင်းလှသည်ဟု အာနန္ဒထင်သည်။ကရစ်ရှာနာ

နှင့် ပတ်သက်၍ 'အသင့်ယုတ္တိ လွန်ကဲမှု'ဟူသော စကားကို သုံးရဲသူမှာ ဤလောကဝယ် နောင်တော် တစ်ဦးတည်းသာ ရှိမည်ထင်၏။

ထိုစဉ်ဝယ် ဥဒါယီရောက်လာလေသည်။

ဥဒါယီက တိတ်ဆိတ်စွာပင် အနားသို့ ကိုယ်ကိုယို့၍ ချဉ်းကပ်လာရင်း မလှမ်းမကမ်းမှာ ရပ်သည်။

ဘိုးတော်မဟာရာဇာ၏အမိန့်အရ ဤသဘင်ဆောင်တွင် ခင်းကျင်း ပြသမည့် အစီအစဉ်များအားလုံးကို ဣဋ္ဌာရုံပြကွက်များသာ တင်ဆက်ရ မည်ဖြစ်သည်။ယုတ်စွအဆုံး ဘားကျွမ်းသမားတို့၏ အံ့မခန်းအစွမ်းပြကွက် များပင်လျှင် ပြကွက်အဆုံး၌ ဟာသရသဖြင့် နိဂုံးချုပ်ပေးကြရသည်။

သကျအုပ်ချုပ်ရေးအဖွဲ့၏ ရာဇာဓိပတိ ဂုဏ်ထူးဆောင် ဘုရင်မင်းမြတ်ဖြစ်လေသော ဘိုးတော်သုဒ္ဓေါဒနမင်းကြီး၏ အမိန့်တော်တိုင်းသည် သူ့သားတော်ကြီးကိုသာ တိုက်ရိုက် ရည်ညွှန်းကြပေသည်။ ဒါကိုလည်း သကျမင်းများအားလုံးက တညီတညွတ်တည်း သဘောတူလက်ခံထားကြသည်မှာ နောင်တော်သိဒ္ဓတ္ထ၏ ဘုန်းသမ္ဘာပင်ဖြစ်သည်ဟု အာနန္ဒ အကြွင်းမဲ့ ယုံကြည်၏။

သဘင်ဆောင်၏အစီအမံအားလုံးသည် နောင်တော်သိဒ္ဓတ္ထအတွက် ရည်ညွှန်းထားသည်မှန်သော်လည်း ထိုသဘင်ဆောင် ပွဲကြည့်စင်မြင့်၏ အလယ်ဗဟို ကမ္ဗလာခင်း ထိုင်ခုံတစ်နေရာကား အမြဲလစ်လပ်လျက် ရှိပေသည်။ ထိုနေရာကား နောင်တော် သိဒ္ဓတ္ထအတွက် သတ်မှတ်ထားသော နေရာဖြစ်၏။

သဘင်ဆောင်၌ ကချေသည်တို့၏ ဗုံသံများ၊ခြူသံများ၊ ပလွေသံများ၊ ဝေစည်ဆူညံနေချိန်ဝယ် နောင်တော်သိဒ္ဓတ္ထသည် သဘင်ဆောင်နှင့် ဆက်နေသော ဥယျာဉ်တောအုပ်ငယ်ထဲဝယ် ရောက်နေ၏။ သဘင်ဆောင်မှ ဂီတသံများ၊ လက်ခုပ်ဩဘာသံများ။ ဆုလာဘ်ချီးမြှင့် ရယ်မောသံများ၊

တစ်ချက်တစ်ချက် ပျံ့လာတတ်သည်။

အာနန္ဒနှင့် ဥဒါယီတို့သည် နောင်တော်သိဒ္ဓတ္ထ ပြောပြနေသည့် နာဋသျှတ္တရကို နားစိုက်ထောင်နေကြ၏။ ပွဲသဘင်ကို ကျောခိုင်းလျက် သုခုမအနုပညာအကြောင်း ပြောပြနေသည့် နောင်တော့်ကို ဥဒါယီအံ့သြစွာ ငေးစိုက်ကြည့်နေတတ်သည်။ အာနန္ဒ အဖို့မှာတော့ အံ့သြစရာမဟုတ်ဘဲ ပျော်ရွှင်စရာ ဖြစ်နေလေသည်။

ဥဒါယီအတွက် ပို၍အံ့သြစရာကြုံရသောအဖြစ်တစ်ခုမှာ မည်သည့် အကအဖွဲ့မှလည်း မရှိ၊ ဖျော်ဖြေတင်ဆက်မည့်သူလည်း မရှိ၊ ပွဲကြည့်သူ လည်း မရှိ၊ သဘင်ဆောင်အမှုထမ်းပင် မရှိသော နံနက်ခင်း လင်းအားကြီး အချိန်၌ နောင်တော်သိဒ္ဓတ္ထ သဘင်ဆောင်ထဲ ရောက်နေခြင်းပင် ဖြစ်၏။

နောင်တော်သည် ညဥ့်က ညဥ့်နက်သန်းခေါင်အထိ တင်ဆက်ဖျော်ဖြေသွားသော သဘင်ဆောင်ကွက်လပ်စက်ဝန်းနှင့် ပရိသတ်ထိုင်သည့် နိမ့်မြင့်လှေကားခုံများ၊ စင်မြင့်တန်းလျားများအကြားတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

ညဥ့်ပိုင်းက ပွဲကသူနှင့် ပွဲကြည့်သူတို့၏ ခြေရာလက်ရာတွေက ဖရိုဖရဲကျန်ရစ်ခဲ့၏။ ပန်းကုံးအပိုင်းအစများ၊ ကချေသည်ထံမှ ပြုတ်တောက်ကျိုးပဲ့ကျန်ရစ်ခဲ့သော ရွှေခြည်ငွေစ ဒွါဒရာများ၊ စားသောက်ရာမှ ပေကျံဖိတ်စင် စွန်းထင်သွားသည့် ကော်ဇော၏ အကွက်အကွက်များ၊ အမွှေးတိုင်ပြာစ အကြွင်းအကျန်များ၊ ပစ်မြှောက်ဆုချရာမှ ကျန်ခဲ့သော လက်စွပ်ကွင်းများ။

နံနက်လင်းအားကြီး၊ အချိန်မတော်ကြီးတွင် ဖရိုဖရဲပြန့်ကြဲနေသည့် သဘင်ဆောင်ထဲ ရောက်နေသော နောင်တော်နှင့် အာနန္ဒတို့ကို တွေ့ရသည်တွင် ဥဒါယီ အကြီးအကျယ် အံ့သြသွားလေသည်။

နောင်တော်နှင့် တစ်ညဥ့်လုံးလုံး နာဋသျှတ္တရအကြောင်း ထိုင်စကားပြောရင်း လင်းအားကြီးတွင် သဘင်ဆောင်ထဲသို့ လိုက်ပါလာခဲ့ပုံကို

အာနန္ဒက ဥဒါယီအားပြောပြလိုက်ရ၏။

ယခုအချိန်ဆိုလျှင် ညက ကပြခဲ့သူများရော အားပေးကြည့်ရှုခဲ့သူများပါ မောပန်းစွာ အိပ်မောကျနေကြပြီဖြစ်၏။ စစ်မြေပြင်ဖြစ်ခဲ့သော စစ်တလင်းဟောင်း တစ်ခုနှယ်။ သဘင်ဆောင်တစ်ခုလုံးသည် ကပြသူ၊ သီဆိုသူ၊ တီးမှုတ်သူ၊ ကြည့်ရှုသူ၊ ဂီတသံ၊ လက်ခုပ်သြဘာသံများဖြင့် လှုပ်ရှားပေါ်လွင်နေသည့် မြင်ကွင်းမှာ သမားရိုးကျမြင်ကွင်း ဖြစ်၏။

ယခုလို စစ်တလင်းဟောင်းတစ်ခုအသွင် မြင်ရခြင်းကား ထူးခြားလှသော မြင်ကွင်းဖြစ်သည့်အပြင် မြင်ရသူ၏ အတွေးအလျှဉ်ကို အဆုံးမဲ့အစများ ဆွဲထုတ်လိုက်သကဲ့သို့ ရှိလေသည်။

အံ့သြပြီးရင်း အံ့သြရင်းဖြစ်နေသော ဥဒါယီအား အာနန္ဒက စကား တစ်လုံးဖြင့် နှစ်သိမ့်လိုက်၏။

"ဥဒါယီ၊မင်းသိထားဖို့က နောင်တော်ဟာ အမြဲတမ်းနိုးနေသူဖြစ်တယ်။ တစ်လောကလုံး အိပ်မောကြနေချိန်မှာလဲ သူက အစောဆုံးနိုးထနေသူ ဖြစ်နေတတ်တယ်။ စောစောနိုးထသူဟာ အရုဏ်ကို အစအဆုံး မြင်ရတယ်။ တစ်နေ့တာရဲ့ ပထမဆုံးကာလကို ဖြတ်သန်းခွင့်ရတယ်"

စကားကြွယ်လှသော ဥဒါယီမှာ အာစေးထည့်ထားသလို ဖြစ်နေပြီး ခေါင်းယမ်းကာ ပြန်ပြောရှာ၏။

"အဲဒီစကားကို ကျွန်တော်နားမလည်ဘူး အရှင်"

"ငါလဲ လုံးဝနားမလည်တဲ့ မင်းထက် ပိုပြီးနားလည်တာပဲ ရှိတယ်။ သိပ်ပြီး ထိထိရောက်ရောက် မသိသေးဘူး။ ဒါပေမယ့် ငါတို့အားလုံး နားလည်သဘောပေါက်တဲ့ တစ်နေ့ကို ရောက်လာမှာပါ"

"ဘယ်နေ့လဲ အရှင်၊ ဘာဖြစ်တဲ့နေ့လဲ"

"အဲဒါလဲ ငါ တိတိကျကျ မပြောနိုင်ဘူး။ ဒါပေမယ့် မဝေးတော့ဘူးလို့ ငါထင်တယ်။နောင်တော့်ကို ကြည့်ရင်းကြည့်ရင်းနဲ့ ငါ အဲဒီလိုခံစား

လာရတယ်။ ဘာခေါ်မလဲ။ နီရဲလာတဲ့ ကောင်းကင်ကြီးကို ကြည့်ရင်း လေပြင်းမုန်တိုင်း ဝင်တော့မယ်လို့သိပြီး စိမ့်ခနဲ ကြောက်ရသလိုပေါ့"

"အရှင်က အခု စိမ့်ခနဲ ကြောက်နေသလား"

"ကြောက်နေတာ မဟုတ်ဘူး။ ဒါပေမယ့် တစ်မျိုးကြီးပဲ"

ဥဒါယီက အတန်ကြာငြိမ်နေပြီးမှ၊

"ဟုတ်တယ်၊ ကပိလဝတ်မှာ၊ကိုယ်တော်ကြီးအရှင်မှာ တစ်ခုခုတော့ အကြီးအကျယ်ပြောင်းလဲမှု ဖြစ်တော့မယ်ထင်တယ်"ဟု လေးလေးပင်ပင် ကြီး ရေရွတ်လေသည်။

* * *

နှစ်ပေါင်းများစွာ သိကျွမ်းခဲ့သော ဘဒ္ဒကစ္စနာကို တစ်ခါမှမမြင်ဖူးသော အကြည့်မျိုးဖြင့် အာနန္ဒ ကြည့်နေမိသည်။

ဘဒ္ဒကစ္စနာ။ သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တောဒေဝီတို့မှ ဖွားမြင်သော ဘဒ္ဒကစ္စနာ။ ယခု ဘဒ္ဒကစ္စနာ မဟုတ်တော့။ များမြတ်သော အခြံအရံတို့ဖြင့် ပြည့်စုံခြင်း၊ ကျော်စောမှုဂုဏ်သတင်းကို ဆောင်တတ်ခြင်း ဟူသော အမည်နာမသစ်။

ယသော်ဓရာ။

စိန်၊ ရွှေ၊ ပတ္တမြားနှင့် ပုလဲကြိုး ကွန်ယက်များအလယ်မှ တင့်တယ် လွန်းမက တင့်တယ်လှစွာသော ယသော်ဓရာဒေဝီကိုကြည့်ရင်း အာနန္ဒ သည် ခရေပင်ကြီးအောက်မှ ဘဒ္ဒကစ္စနာကို သတိရနေမိသည်။

တစ်ဆယ့်ခြောက်နှစ်ဟူသော အသက်အရွယ်သို့ ရောက်ရှိခဲ့ကြပြီ ဖြစ်သည့် မိမိတို့အားလုံးသည် မင်းပျိုမင်းလွင်များအဖြစ်သို့ ပြောင်းလဲခဲ့ကြ ပေပြီ။ ဟိုတုန်းကလို ကပိလဝတ်နန်းတော်အဆောင်များ၊ မုခ်လှေကားများ၊ ပန်းခြံဥယျာဉ်များတွင် ပြေးလွှားဆော့ကစားခဲ့ကြသည့် ကလေးငယ်များ

မဟုတ်ကြတော့။

နုပျိုလန်းဆန်းမှုနှင့်အတူ အတန်အသင့် ရင့်ကျက်တည်ငြိမ်မှုများ ရရှိလာခဲ့ကြပြီဖြစ်၏။

သို့သော် ဘဒ္ဒကဍ္ဍနာကို တွေ့လိုက်ရသောခါတွင်မူကား၊

မိမိတို့အားလုံး ဘာမှပြောင်းလဲမသွားဘဲ ဘဒ္ဒကဍ္ဍနာတစ်ယောက်သာ အပြောင်းလဲကြီး ပြောင်းလဲသွားသည်ဟု အာနန္ဒ ထင်မိသည်။ အသားညိုမောင်းသော ဥဒါယီ၊ စကားအလင်္ကာ လွန်စွာပြောတတ်သော ဥဒါယီသည် ယခင်ကလိုပင် အသားမည်းမည်း စကားရဲရဲ ပြောဆဲပြောမြဲ ဖြစ်၏။

ဆန္နတစ်ယောက်လည်း ဘာမှပြောင်းလဲသွားသည်ဟု မဆိုသာ သူ့ မြင်းကြီး ကဏ္ဍကက အနားမှမခွာ၊ တသသ တယယ မွေးမြူပြုစုမြဲ ပြုစုလျက် ပင်ရှိ၏။ မိမိကိုယ်တိုင်ကော၊ အာနန္ဒ ဆန်းစစ်မိ၏။

နောင်တော်သိဒ္ဓတ္ထအနားမှာ တစ်ဖဝါးမကွာဆိုသကဲ့သို့ နောင်တော့် အနီးတွင် တစိုက်စိုက် လိုက်ပါလျက်ရှိသည်။ နံနက်ခင်း၏ နေရောင်ခြည် သည်လည်းကောင်း၊ ညနေခင်း၏ လေပြည်သည်လည်းကောင်း၊ ညအဇ္ဈော မှ လဝန်းလရောင်သည်လည်းကောင်း၊ နောင်တော်သိဒ္ဓတ္ထထံ ဦးစွာရောက်ရှိ ပြီးမှ မိမိထံ ရောက်ရှိသည်ဟုပင် အာနန္ဒ ဆိုရဲ၏။ အဆုံးစကားဆိုရလျှင် မိမိ ရှူရှိုက်သည့်လေသည်ပင်လျှင် နောင်တော်မှုတ်ထုတ်လိုက်သော သက် ပြန်လေ ဖြစ်သည်ဟုပင် ဆိုနိုင်သည်အထိ နောင်တော့်နောက်ပါးမှာ အရိပ် ပမာ လိုက်ပါခဲ့၏။ မိမိသည်ကော ဘာများ ပြောင်းလဲသနည်း။

အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သူကား ဘဒ္ဒကဍ္ဍနာ။

ဒေဝဒဟပြည်တွင် ဆန်ရေစပါး ကောက်ပဲသီးနှံတို့ ပို၍ဖြစ်ထွန်းကြသည်လား။ ဒေဝဒဟမှ နေရောင်ခြည်တို့ ပို၍ နွေးထွေးကြသည်လား။ ဒေဝဒဟမှ သောက်ရေသုံးရေတို့ ပို၍ကြည်မြကြသည်လား။ ဒေဝဒဟမှ ပန်းပွင့်တို့ ပို၍မွှေးမြ လှပကြသည်လား။ ဘဒ္ဒကဍ္ဍနာသည် မဇ္ဈိမတစ်ခွင်

လုံး၏ အကောင်းဆုံး၊ ဒေဝဒဟပြည်မှ အကောင်းဆုံး နေခြည်၊ ရေကြည်၊ လေပြည်နှင့် သီးနှံ ဆန်စပါးတို့ကို အစဉ်တစိုက် ခံယူစားသုံး ကြီးပြင်းခဲ့သူ ပေမို့လား။

အဖူးအငုံဘဝ တွေ့ခဲ့ရသော အဆင်းသဏ္ဌာန်တို့သည် ပွင့်ချပ်လွှာတို့ ပွင့်အာစ ပန်းတစ်ပွင့်အဖြစ်တွင် လုံးလုံးလျားလျား ပြောင်းလဲခဲ့လေပြီ။

ဤမျှ ကျက်သရေရှိသော မိန်းမပျိုကို အာနန္ဒ တစ်ခါမှ မတွေ့ဖူးခဲ့။ တစ်နည်းဆိုလျှင် မိန်းမပျိုတစ်ယောက်၌ ဤမျှ ကျက်သရေတို့ဖြင့် တင့်တယ်နေလိမ့်မည်ဟု အာနန္ဒ မထင်ခဲ့။

ဘဒ္ဒကစ္စနာ၏ တင့်တယ်ခြင်းသည် ကမ္ဘာလောကသစ်တစ်ခုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသကဲ့သို့ ရှိလေသည်။ သုပ္ပဗုဒ္ဓမင်းနှင့် အမိတ္တာမိဖုရားတို့၏သမီးတော်ဖြစ်သောဘဒ္ဒကစ္စနာသည် ဘုရင့်သမီးတော်မည်ကာမတ္တ မဟုတ်ပေ။ သူကိုယ်တိုင်ပင် ဘုရင်မလေးတစ်ပါး ဖြစ်နေပြီဟု အာနန္ဒ တွေးမိ၏။

ထိုဘဒ္ဒကစ္စနာသည် ယခု ယသော်ဓရာဒေဝီ ဖြစ်လာပြီ ဆိုသော အခါတွင်မူကား....

# အခန်း ၁၄

ထုံးစံအတိုင်းပင် ဥဒါယီ၊ ဆန္နတို့နှင့်အတူ မမေ့နိုင်သော ထိုနေ့အကြောင်းကို စကားလက်ဆုံ ကျမိကြလေသည်။

"ဆန္နရဲ့တစ်သက်မှာ နောက်ထပ် ဘာကိုမှ အံ့သြစရာမရှိတော့လောက်အောင် ခံစားခဲ့ရတဲ့အဖြစ်ပါပဲ"

ဆန္နက တက်ကြွလန်းဆန်းသော မျက်လုံးများဖြင့် ပြော၏။ သူ့ကဏ္ဍက မြင်းကြီးမှလွဲလျှင် ဘာကိုမှ စိတ်မဝင်စားသော ဆန္နအဖို့ သူ့မြင်းကြီးကို မေ့လျော့လျက် စကားဝိုင်းထဲ ဝင်လာခြင်းဖြစ်သည်။

"ငါကတော့ ဒါကို အံ့သြစရာလို့ မမြင်ဘူး။ အတိုင်းထက်အလွန်ကြည်နူးစရာလို့ပဲ မြင်တယ်။ အထူးသဖြင့် သကျမင်းတွေ ပါးစပ်ဟောင်းလောင်းနဲ့ မျက်လုံးကြီးတွေ ပေါက်ထွက်မတတ် ပြူးကျယ်နေကြတာကို ကြည့်ပြီး ငါတော့ ထခုန်ချင်လောက်အောင် ကျေနပ်နေတယ်"

ဥဒါယီက ဝတ်ရုံဖျဉ်စကြိုးကို ဖြေချရင်းပြော၏။

"မဟုတ်ဖူးလား အရှင်"

ဥဒါယီက အာနန္ဒထံမှ စကားကူတောင်းသည်။

"ဥဒါယီ....တို့များဟာ ကစားဖော်သူငယ်ချင်းတွေ၊ ဖွားဖက်တော် ရောင်းရင်းတွေ။ ငါ့ကို အမိတောဒန သကျမင်းရဲ့သားတော်ဆိုတာ မေ့ထား။ သူငယ်ချင်းလိုပဲ ပြော။ အရှင်တွေ ကျွန်တော်မျိုးတွေ လုပ်မနေနဲ့"

သွားဖွေးဖွေးများ ပေါ်အောင်ပြုံးပြီး ဥဒါယီဆက်ပြောသည်။

"တကယ်ပါပဲ၊ ဒေဝဒဟာဘုရင်ရဲ့ အမူအရာကို ကျွန်တော် ခုထိ မျက်စိထဲက မထွက်ဘူး"

"ဘဒ္ဒကစ္စနာရဲ့ ခမည်းတော်ကို ပြောတာလား"

"အလိုလေး၊ ဆန္နရဲ့။ ဘဒ္ဒကစ္စနာလို့ မခေါ်နဲ့တော့လေ။ သူဟာ အခု ယသော်ဓရာဒေဝီ ဖြစ်နေပြီ။ အခေါ်အဝေါ် အသုံးအနှုန်းတွေကို သတိပြုမှပေါ့ကွယ်"

ဆန္နသည် ဥဒါယီ၏ စကားနိုင်ဖိပြောခြင်းကို ဂရုမထားနိုင်ဘဲ သူ သိချင်သည်ကိုသာ ဆက်မေးလေသည်။

"သုပ္ပဗုဒ္ဓဘုရင်က ဘာဖြစ်လို့လဲ၊ ဘယ်လို အမူအရာမို့လဲ"

"အားလုံးသိကြမှာပါ။ သကျမင်းတွေထဲမှာ အနူးညံ့ဆုံး သဘောအကောင်းဆုံးဟာ တို့များရဲ့ သုဒ္ဓေါဒနမင်းကြီးဆိုတာ၊ စိတ်အတိုဆုံးနဲ့ ဂုဏ်အမောက်ဆုံးဟာ ဒေဝဒဟာဘုရင် သုပ္ပဗုဒ္ဓပဲဆိုတာ"

အာနန္ဒ စကားဟန့်ချိန်ပင် မရလိုက်တော့၊ ဥဒါယီသည် သူထင်မြင် သည့်အတိုင်း ပွင့်လင်းစွာ ပြောချလိုက်၏။

"သုပ္ပဗုဒ္ဓမင်းဟာ ဝင့်ဝါဂုဏ်မောက်ရုံတင် မကဘူး။ တို့များရဲ့ အရှင်ကိုလည်း နည်းနည်းမှ အထင်ကြီးတာမဟုတ်ဘူး။ သဝဏ်တွေ စေလိုက်တုန်းက အရပ်ရပ်ကနေ ပြန်ကြားကြတဲ့ သဝဏ်တွေထဲမှာ ဒေဝဒဟ သဝဏ်ဟာ အပြင်းထန်ဆုံးပဲ"

"ဒါတော့ ဟုတ်တယ်။ သုပ္ပဗုဒ္ဓမင်း ပြန်ကြားလိုက်တဲ့သဝဏ်ဟာ

အတော့်ကို မောက်မောက်မာမာနိုင်တယ်။

ဥဒါယီနှင့် စကားအပေါက်အလမ်းမတည့်ခဲ့သော ဆန္ဒတစ်ယောက် ဤတစ်ကြိမ်တွင်မှ တစ်သဘောတည်း တူညီကြလေသည်။

“အရှင်လဲ မှတ်မိနေမှာပါ။ ဘာတဲ့၊ သိဒ္ဓတ္ထမင်းသားဟာ အဆင်း အင်္ဂါနဲ့ ပြည့်စုံတာမှန်ပါရဲ့။ အချင်းဂုဏ်ရည်ရှိလှမယ် မထင်ဘူး။ သကျမင်း ယောကျ်ားတို့ တတ်အပ်တဲ့ ပညာတစ်စုံတစ်ရာမျှလဲ မတတ်ဘူး။ ဒါကြောင့် သားမယားကို ကျွေးမွေးထိန်းသိမ်းဖို့ တာဝန်ယူနိုင်လိမ့်မယ် မထင်ဘူးတဲ့။ ဘယ်လောက် စော်ကားတဲ့ စကားလဲ”

“သမီးရှင် ဖခင်တစ်ယောက်အနေနဲ့ ဒီစကားမျိုး သူပြောတာ သင့်ပါတယ် ဥဒါယီရယ်။ ဦးရီးတော်သုပ္ပဗုဒ္ဓဟာလဲ ဘဒ္ဒကစ္စနာရဲ့ ခမည်းတော် မဟုတ်လား။ တုဖက်ကင်းတဲ့ သမီးတော်တစ်ယောက်ရဲ့ ဖခင်အနေနဲ့ သူ ပြောပေမပေါ့”

“ဟုတ်ပါတယ်အရှင်၊ သူပြောသင့်တဲ့စကားလို့ပဲ ထားပါ။ သို့သော် ဒီစကားရဲ့ရည်ညွှန်းချက်က သုဒ္ဓေါဒနမင်းကြီးနဲ့ သိဒ္ဓတ္ထမင်းသားတို့ ပါလားဆိုတာ သူနည်းနည်း ထည့်စဉ်းစားသင့်တာပေါ့။ တခြားသူ မဟုတ်ဘူးလေ။သူ့အစ်မတော်ရဲ့ ခင်ပွန်း၊ သူ့ယောက်ဖတော် အရင်းကြီးနဲ့ သူ့ တူတော်ပဲ မဟုတ်ပါလား”

“ကိုင်းပါ ကာဠုဒါယီရယ်၊ အဲဒါတွေ ထားစမ်းပါ။ သုပ္ပဗုဒ္ဓမင်း ဘယ်လို အမူအရာဖြစ်သွားသလဲဆိုတာသာ ပြောစမ်းပါ”

ဆန္နက သည်းမခံနိုင်ဟန်ဖြင့် ဆို၏။ အာနန္ဒကမူ အရှင်သခင့် အပေါ် ချစ်မြတ်နိုးသည့်စိတ်ဖြင့် ဒေဝဒဟာဘုရင်တစ်ပါးအပေါ် ဝံ့ဝံ့စားစား ဝေဖန်ပြနေသော ဥဒါယီကိုကြည့်ရင်း သဘောကျနေမိလေသည်။

“သုပ္ပဗုဒ္ဓမင်းရဲ့ အမူအရာလား။ ဟား.... ဘယ်ပြောကောင်းမလဲ။ မီးရှိန်ပြင်းပြင်းတိုက်ထားတဲ့ ဖိုခွင်ပေါ်က နွားနို့အိုးကြီးလိုပဲ။ အပေါ်

ရေမျက်နှာပြင်တွေတင်းလာ၊ နောက် ပလုံစီအမြုပ်တွေ တဖောက်ဖောက်ပွက်၊ အငွေ့တွေ ခြောင်းခြောင်းထ၊ နောက်ဆုံးကျတော့ တပွက်ပွက်ဆူပြီး အိုးနှုတ်ခမ်းပေါ်ကနေ ဖိတ်အန်ဝေကျ မီးဖိုထဲတရှဲရှဲနဲ့ ဆင်းချသွားသလိုမျိုး"

ဆန္ဒသည် ဥဒါယီ၏ စကားလုံးများ နားထောင်ရင်း တဟားဟားရယ်တော့၏။ အာနန္ဒကမူ အကဲပါလှသော ဥဒါယီ၏ ပြောပုံဆိုပုံကို ပြုံးရင်း ထိုနေ့က မြင်ကွင်းကို ပြက်ပြက်ထင်ထင် မြင်ယောင်မိလေသည်။

*　　　*　　　*

"သရသဒ္ဒ၊ အက္ခရာနှင့်၊ ဝါလဝေဓိ၊လေးထွေရှိသည်။သရိတပိုင်း၊ သက်တင်ကိုင်းနှင့်၊ ကွန့်လှိုင်းကိုးထွာ၊ ညှို့သန္တာတွင်၊ တဘာရှုရှည့်၊ ဗိုလ်ထောင်ပြည့်တည့်။ ရောင်ခြည်အဆုတ်၊ လှည့်ရစ်ဖြုတ်က၊ ရှင်ဥသဘာ၊သုဒ္ဓရနှင့် သီတာတသွန်၊ သားသားကွန်၍၊ မြားမွန်ပတ်ဝုတ်၊ပြာသဒ်ထုတ်လျက်၊ တမုတ်ရစ်သိုင်း၊ တံတိုင်းရံကာ၊တစ်တန်လာသော်၊ တဠာကကန်၊ တုံ့ပြန်ဖီလာ၊ အစုံဖြာသည်၊ ပဒုံမာချပ်၊မုံအာထပ်သို့၊ မဏ္ဍပ်တင့်ဆန်း၊ မြားမိုးပန်းနှင့်....။"

ပိသာလေးဆယ် အချိန်စီးသော အလေးသံခဲကို လေးညှို့အလယ်ဖွဲ့ချည်၍ လေးကိုင်းကို ထုတ်လျှို၍ထမ်းသော် အလေး မြေမှ ကြွသည်နှင့်လေးညှို့သည်လည်း မြားပစ်ရာဌာနကိုရောက်၍ တင်ပြီးဖြစ်လေသည်။

ဗိုလ်ခြေတစ်ထောင်တင် လေးကြီးသည် လေးတင်ခုံထက်၌ အကျအန နေရာယူလျက်ရှိ၏။

မဟာနွယ် ဆွေတော်မျိုးတော်အားလုံးနှင့် ပရိသတ်ဗိုလ်ပါအားလုံး မြင်သာသည့်နေရာ၌ ခင်းကျင်းထားရှိသော ထိုလေးကြီးကိုကြည့်ရင်း အာနန္ဒသည် တက်ကြွလှုပ်ရှားစိတ်ကို ထိန်းချုပ်ထားရ၏။ ဤလေးညှို့နှင့် မြားတို့သည် ယောကျ်ားကောင်းတစ်ဦး၏သာမန်စွမ်းရည်ပြပွဲ မည်ကာမတ္တမဟုတ်။နောင်တော်သိဒ္ဓတ္ထ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမည့်အရာဖြစ်သည်

ဟု သဘောပေါက်ထား၏။

အကြောင်းအရာ တစ်ခုခုနှင့် ပတ်သက်တိုင်း အမြဲတမ်းလိုလို အနည်းနှင့်အများ သဘောထားခြင်း ကွဲလွဲတတ်ကြသော ဥဒါယီနှင့်ဆန္နတို့ နှစ်ယောက်မှာ ယခုအခါ ထူးခြားစွာပင် တစ်သဘောတည်းထပ်တူညီနေကြသည်။ ယင်းကား နောင်တော်သိဒ္ဓတ္ထသည် ဤလက်ရုံးစွမ်းရည်ပြပွဲ၌ သူမတူအောင် အစွမ်းပြလိမ့်မည်ဟူသော အချက်ပင်ဖြစ်၏။ သူတို့နှစ်ယောက်စလုံး သူတို့၏အရှင်သခင်အပေါ်၌ အကြွင်းမဲ့ယုံကြည်ထားကြလေသည်။

အာနန္ဒက သူတို့မှာ သံသယ သို့မဟုတ် စိုးရိမ်စိတ် ရှိမရှိတီးခေါက်ကြည့်လိုက်၏။

"သကျမင်းတွေအားလုံးက နောင်တော့်အပေါ်မှာ သံသယနဲ့ စောင့်ကြည့်နေကြပြီး အဲဒီအထဲမှာ ဘိုးတော်မင်းတရားကြီးတောင် ပါနေတယ်။ သိဒ္ဓတ္ထမင်းသားဟာ လေးအတတ်ကို ဘယ်တုန်းက ဘယ်လိုလေ့ကျင့်ထားလို့များ ဒီလိုစွမ်းရည်ပြပွဲမျိုးနဲ့ ပရိသတ်ကို စိန်ခေါ်လိုက်ရတာလဲလို့ မယုံမကြည်ဖြစ်နေကြတယ်"

ဆန္နက မဆိုင်းမတွပြန်ပြောသည်။

"ကိုယ်တော်အရှင်မှာ သူတို့မသိနိုင်သေးတဲ့ စွမ်းပကားတွေ ရှိနေပါတယ်။ သူတို့အားလုံးရဲ့ သံသယဟာ အံ့ဩမှုအောက်မှာ ပျောက်ပျက်သွားလိမ့်မယ်"

ဥဒါယီကမူ အကျိုးအကြောင်းသင့်ဆို၏။

"ကိုယ်တော်ဟာ သူမသိသေးတဲ့အရာကို မသိဘူးလို့ ပြောတယ်။ သူမတတ်သေးတဲ့အရာကို မတတ်ဘူးလို့ပြောတယ်။ သူ မလုပ်နိုင်တာကို မလုပ်နိုင်ဘူးလို့ ပြောတယ်။ အခု လေးအတတ်စွမ်းရည်ပြပွဲမှာ ဒီလိုအခင်းအကျင်းမျိုး စီစဉ်ခိုင်းတာမှာလဲ ဒီသဘောပဲ။ သူတတ်မြောက်ကျွမ်းကျင်ပြီးအရာဖြစ်လို့ သူ ပြသတာဖြစ်ပါတယ်။ သိဒ္ဓတ္ထအရှင်ဟာ ကမ္ဘာလောကမှာ

နှစ်ယောက်မရှိတဲ့ လေးသမားဖြစ်တယ်ဆိုတာကို ဘယ်သူတွေ သံသယရှိရှိ မရှိ ရှိ သူ့ဘာသာသိထားလို့၊ သူတတ်မြောက်ပြီးဖြစ်ထားလို့ သူပြသတာပဲ”

သကျမင်းလုလင်တို့ တတ်မြောက်အပ်သော လက်ရုံးစွမ်းပညာတို့ အနက် လေးအတတ်သည် အခက်ခဲဆုံးနှင့် အဆင့်အမြင့်ဆုံးဖြစ်၏။ ကပိလဝတ်မှ မင်းလုလင်တို့သည် မြားပစ်ကွင်းလေ့ကျင့်ရာစခန်းများ၌ သူတို့၏ စွမ်းရည်ကို မြင့်သထက်မြင့်အောင် လေ့ကျင့်ကြလေသည်။

အာနန္ဒ သွေးတိုးစမ်းသည့်အနေဖြင့် မေးကြည့်လိုက်၏။

“ငါသိသလောက် နောင်တော်ဟာ မြားပစ်ကွင်းထဲမှာသူများတွေလို အပတ်တကုတ် လေ့ကျင့်နေတာမျိုး မတွေ့ဖူးဘူး။ လက်ရုံးစွမ်းရည်ဆိုတာ လေ့ကျင့်ခြင်းနဲ့မှ ထက်မြက်လာတာ မဟုတ်လား။ နောင်တော် သိဒ္ဓတ္ထ ဘယ်လိုလုပ်ပြီး ဒီအတတ်ကို တတ်မြောက်ထားသလဲ”

ဥဒါယီက အဝေးကိုငေးကြည့်ရင်းဖြေ၏။

“အရှင့်နောင်တော်ကြီးကို ကျွန်တော်တို့သိရတာဟာ တောနက်ထဲက ရေကန်တစ်ကန်ရဲ့ ရေမျက်နှာပြင်ကိုသာ တွေ့ရပြီး ဘယ်လောက်နက်သလဲလို့ မသိနိုင်တာပဲဖြစ်တယ်။ လစန္ဒာရဲ့ဝင်းပတဲ့အခြမ်းကိုသာ မြင်ရပြီး ဟိုမှာဘက် မည်းမှောင်နေတဲ့အခြမ်းမှာ ဘာရှိနေတယ်ဆိုတာကို မသိရတာမျိုးဖြစ်တယ်။ ကိုယ်တော်အရှင်မှာ ကျွန်တော်တို့ မသိနိုင်တာတွေ၊ မမြင်နိုင်တာတွေ အများကြီးရှိနေတယ်။ဘာတွေလဲဆိုတာ မသိပေမယ့် ကျွန်တော်တို့ မမီနိုင်တဲ့ လျှို့ဝှက်နက်နဲမှုတွေ သူ့မှာ အများကြီးရှိနေတယ်ဆိုတာကိုတော့ ကျွန်တော်သိတယ်။ ဒီနေ့ လေးအတတ် စွမ်းရည်ပြပွဲမှာ ကျွန်တော်တို့ မသိသေးတာ မမြင်သေးတာတွေ ကိုယ်တော်အရှင်ထံမှာ တွေ့ရလိမ့်မယ်”

ဆန္နကလည်း လိုက်လှဲစွာ ထောက်ခံပြောဆိုလေသည်။

“မှန်တယ်။အရှင်ပြောသလို ကိုယ်တော်ဟာ အခြားလုလင်များလို မြားပစ်ကွင်းထဲမှာ လေ့ကျင့်ခဲ့တယ်ဆိုရင် သူ့ရဲ့စွမ်းရည်ဟာလဲ အခြား

လုလင်တွေလိုပဲ ရှိမှာပေါ့။ အခု အဲဒီလို မတွေ့မြင်ရခြင်းကိုက ကိုယ်တော်ဟာ ဘယ်သူနဲ့မှ မတူအောင် ထူးခြားနေတယ်ဆိုတာကို ပြတာပဲ"

စိတ်အားထက်သန်မှုနှင့်အတူ အပြည့်အဝယုံကြည်ထားသော သူတို့၏အသွင်ကို ကျေနပ်စွာဖြင့် အာနန္ဒ စိတ်ထဲမှ ပြုံးမိလိုက်၏။ ထို့နောက် မဟာနွယ် ဆွေတော်မျိုးတော်များအတွက် ခင်းကျင်းစီမံထားသော ပွဲကြည့်စင်များကို အပြီးသပ် စစ်ဆေးရန် ထွက်လာခဲ့သည်။

ဒေဝဒဟမင်းများအတွက် သတ်မှတ်ထားသည့် စင်မြင့်ထိုင်ခုံများနေရာသို့ ရောက်သောအခါ အမိတ္တောမိဖုရားကြီးက အာနန္ဒကို လှမ်း၍ နှုတ်ဆက်လေသည်။

*　　　　*　　　　*

"အာနန္ဒပါလား၊ ဒီကိုလာစမ်းပါဦးကွယ်။ ငါက ကပိလဝတ်သူ ဆိုပေမယ့် အခု ဒေဝဒဟသည်ပြန်ဖြစ်နေတာ။ မင်းက အိမ်ရှင်အဖြစ်နဲ့ ဒေဝဒဟတ်စကားလေး ဘာလေး ပြောပါဦး"

မိဖုရားကြီးအနီးတွင် ဘဒ္ဒကစ္စနာကို တွေ့လိုက်ရ၏။ ဘဒ္ဒကစ္စနာသည် ရွှေကြိုးများယက်ဖောက်ထားသော ငွေခြည်ဝတ်စုံဖြင့် တင့်တယ်စွာ ထိုင်နေလေသည်။ အာနန္ဒသည် ဦးညွတ်ကိုင်းရှိုင်းလျက် အမိတ္တောမိဖုရားကြီးအနားသို့ ချဉ်းကပ်သွားသည်။

"ဘာများ လိုအပ်ပါသလဲ အရီးတော်ဒေဝီ။ အိမ်ရှင်တို့ ဝတ္တရားကျေပွန်အောင် ကျွန်တော်တို့ အစွမ်းကုန်ပြင်ဆင်ထားပါတယ်"

ဘိုးတော် သုဒ္ဓေါဒနမင်းကြီး၏နှမတော် အမိတ္တောမိဖုရားက ပြုံး၍ ဆို၏။

"ဘာမှ လိုလေသေးမရှိ၊ ပြည့်စုံပါတယ်။ ဒီနေရာကလဲ လေးစွမ်းပြမယ့် စင်မြင့်ဆီကို အကောင်းဆုံး မြင်ရပါတယ်။ လိုအပ်တာကတော့

မင်းဆီက ဩဝါဒစကားလေး တစ်ခွန်းနှစ်ခွန်း ကြားရဖို့ပါပဲ အာနန္ဒရယ်"

"သုပ္ပဗုဒ္ဓမင်းရဲ့မိဖုရားကြီးအဖြစ် ရောက်လာပေမယ့် ကပိလဝတ်က သကျရာဇာ မဟာသုဒ္ဓေါဒနရဲ့နှမတော်ဖြစ်တဲ့ အရှီးတော်ဒေဝီကို ကျွန်တော်က ဩဝါဒသည်အဖြစ် မမြင်မိပါဘူး။ ဒါကြောင့် ဘယ်လို ဩဝါဒစကား ပြောရမှန်းမသိ ဖြစ်နေပါတယ် အရှီးတော်ဒေဝီ"

အမိတ္တောမိဖုရားကြီး ပြုံးလေသည်။ ထိုအပြုံး ပေါ်ပေါက်လာသည့် အခိုက်ဝယ်၊ဒေဝဒဟဘုရင်၏မိဖုရားဟူသော ရာဇအရိပ်အရောင်ပေါ်၌ ကပိလဝတ်ပြည်သူတည်းဟူသော သွေးသားရင်းအသွင်များက ဖုံးလွှမ်းသွား၏။

"မင်းဟာ သံကြီးတမန်ကြီး တစ်ယောက်လဲ ဖြစ်နေပါပကော အာနန္ဒ။ အင်း....သိဒ္ဓတ္ထအဖို့ မင်းလို ညီကို လူယုံတော်မျိုးရထားတာ အင်မတန် လျော်ကန်ပေတာပဲ။ ကဲ.... ပြောစမ်းပါဦး။ မင်းနောင်တော်ဟာ ဒီပွဲမှာ ဘယ်လောက်အထိများ စွမ်းရည်ပြမှာတဲ့လဲ"

အာနန္ဒ စိတ်ထဲ မဆိုစလောက် ကသိကအောက်ဖြစ်သွား၏။

နောင်တော်သိဒ္ဓတ္ထသည် အမိတ္တောမိဖုရား၏ တူအရင်းစင်စစ် ဖြစ်၏။သို့သော် ရာဇဂုဏ်မောက်သည်ဟု သတင်းကြီးသော ဒေဝဒဟပြည့်ရှင်မင်း၏ မိဖုရားကြီးဖြစ်သွား၍လားမသိ။ အမိတ္တောမိဖုရား၏အမြင်မှာလည်း နောင်တော်သိဒ္ဓတ္ထအပေါ်၌ သံသယအပြည့် ရှိနေချေသည်။

"ပရိသတ်အားလုံး မျှော်လင့်ထားတာထက် ဟိုမှာဘက်ကို ကျော်လွန်ပြီး နောင်တော်ဟာ စွမ်းရည်ပြပါလိမ့်မယ် အရှီးတော်ဒေဝီ"

"ဩော်.... ဟုတ်လား။ ကောင်းပါပေ့ကွယ်။ ဟောဒီမှာ မင်းတို့ နှမများနဲ့ စကားစမြည်ဆိုပါစို့"

အာနန္ဒ ဦးညွှတ်လိုက်ပြီး ဘဒ္ဒကစ္စနာရှိရာသို့ လှည့်လာခဲ့၏။ ဘဒ္ဒ ကစ္စနာကတော့ နောင်တော်အပေါ် မည်သို့သော သံသယစကားမျိုးဖြင့် မေးဦးမလဲဟု တွေးမိရင်း စင်မြင့်ရှေ့၌ ရပ်လိုက်သည်။

"အာနန္ဒ၊ ဘာဖြစ်လို့ သကျဆွေတော်မျိုးတော်တွေရှိရာ နေရာကို လိုက်ပြီး ညှော်ခံနေရတာလဲ။ ဒီအချိန်မှာ အာနန္ဒဟာ သူ့နောင်တော်အနားမှာပဲ ရှိနေသင့်တယ်မဟုတ်လား။ ပွဲဝင်တော့မယ့် သူရဲကောင်းအနီးမှာ ချပ်ဝတ်တန်ဆာတွေ ပြင်ဆင်စီမံပေးနေရမယ်လေ"

ဘဒ္ဒကစ္စနာက ဦးစွာစတင်ပြော၏။ အာနန္ဒ အံ့အားသင့်သွား၏။ ကျက်သရေရှိသောမျက်နှာကို တစ်ချက်ဝင့်ကြည့်လိုက်ရာ ဘဒ္ဒကစ္စနာ၏ လှပသောမျက်လုံးများမှာ ထူးခြားသောအရောင်ဝန်းများကို တွေ့လိုက်ရသည်။ မိမိ မျှော်လင့်မထားသော အရာများ။

လုံးဝဥဿုံ ယုံကြည်စိတ်ချမှု၊ မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းတို့ ထပ်တူထပ်မျှကျသော ခိုင်မြဲမှု၊ လှပသော ထိုမျက်ဝန်းအိမ်များနောက်ကွယ်မှ ဘဒ္ဒကစ္စနာ၏ နက်ရှိုင်းမှုကို တွေ့လိုက်ရသဖြင့် အာနန္ဒ အံ့ဩဝမ်းသာဖြစ်သွား၏။

"အာနန္ဒ၊ သကျမင်း ဆွေတော်မျိုးတော်တွေရှိရာ နေရာတိုင်းကို လိုက်ပြီး ညှော်ဝတ်စောင်ဝတ် ပြုမနေနဲ့တော့။ သူတို့ဆီက သင်ကြားရမယ့် စကားတွေဟာ တစ်ထပ်တည်းပဲနေမှာ။ သင့် နောင်တော်အပေါ် မယုံကြည်မှုတွေ ပြက်ရယ်ပြုမှုတွေ၊ ဒါတွေပဲ သင်ကြားရမှာ။ ဒီလိုအချိန်မှာ သင့်အာရုံ ထွေပြားစေမယ့် နေရာမျိုးတွေကို မသွားနဲ့။ သင့်နောင်တော်နားမှာ သင်နေသင့်တယ်။ သင့်နောင်တော်ရဲ့ ရွှေနန်းခတ် လက်စည်း၊ လက်အိတ်ကြိုးတွေကို ချည်နှောင်ပေးရင်းနဲ့ သင့်နောင်တော်ရဲ့တည်ငြိမ်မှုကို သင် ကူးယူခံစားနေရမယ်။ ဒီမှာ ဘာမှ လိုလေသေးမရှိဘူး အာနန္ဒ။ သင့်နောင်တော်ဆီကို သင်သွားလိုက်ပါ"

အာနန္ဒသည် ဘဒ္ဒကစ္စနာရှေ့တွင် ညွှတ်နူးရိုကျိုးစွာဖြင့် ဦးညွှတ်အရိုအသေပြုလိုက်၏။ မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ကတုန်ကယင်ကြီး ဖြစ်သွား၏။ တစ်ချိန်တည်းမှာပင် ဟစ်၍ ကြွေးကြော်ပစ်လိုက်

ချင်သော ဆန္ဒများ ဖြစ်ပေါ်လာသည်။ 'ဘယ်သူတွေ ဘယ်သို့ရှိစေ ဟောဒီ စွမ်းရည်ပြပွဲ စင်မြင့်ကွင်းပြင်ကြီးမှာ ငါ့နောင်တော်အပေါ် လုံးဝ ယုံကြည်အားထားတဲ့ ကမ္ဘာလောကမှာ အတင့်တယ်ဆုံး မိန်းမသားတစ်ဦး ရှိနေလေရဲ့။ သူ့အမည်က ဘဒ္ဒကစ္စနာ' ဟူ၍....။

ပွဲကြည့်ဆောင် စင်မြင့်များ တစ်ခုပြီးတစ်ခု ဖြတ်လာခဲ့ရင်း အာနန္ဒ သည် သကျမင်း ဆွေတော်မျိုးတော်များ၏ နှုတ်ဆက်သံ၊ ရယ်မောသံ၊ မေးမြန်းသံများကို ဝတ်ကျေတန်းကျေ တုံ့ပြန်ခဲ့၏။ မည်သူ့ကိုမျှ အာနန္ဒ စိတ်မဝင်စားတော့။

အာနန္ဒ တွေးမိသည်မှာ တစ်ခုတည်း။

ဤနေရာမှ စုရုံးရောက်ရှိလာကြကုန်သော ဆွေတော်မျိုးတော် သကျနွယ်ဝင်အပေါင်းတို့သည် မကြာမီရှုစားကြတော့မည့် သိဒ္ဓတ္ထမင်းသား၏ စွမ်းရည်ပြပွဲကို သံသယများ၊ မယုံကြည်မှုများ၊ ကြိုတင်အထင်သေးမှုများဖြင့် စောင့်ကြည့်နေကြချိန်ဝယ်....

သိဒ္ဓတ္ထမင်းသားအပေါ်၌ ခြွင်းချက်မရှိ ယုံကြည်သောသူ ဟူ၍ လေးဦးသာ ရှိ၏။ ဥဒါယီ၊ ဆန္န၊ မိမိနှင့် ဘဒ္ဒကစ္စနာ။ ဥဒါယီနှင့် ဆန္နတို့က သူတို့သခင်အပေါ် သူတို့ ယုံကြည်စိတ်ချသည်မှာ အံ့သြစရာမရှိ။ အရှင်သခင်ဟူသော သံယောဇဉ်နှင့် အထင်ကြီးလေးစားမှု ချစ်ခင်တွယ်တာမှု၊ မိမိကတော ဤကမ္ဘာလောကဝယ် သိဒ္ဓတ္ထမင်းသားနှင့် အနီးစပ်ဆုံးဟု ကြွေးကြော်ရဲသော အာနန္ဒ။ အလို၊ ဒါဖြင့် ဘဒ္ဒကစ္စနာကကော မည်သည့်အကြောင်းခံဖြင့် နောင်တော့်အပေါ်၌ မိမိတို့နှင့်ထပ်တူ ယုံကြည်လေးမြတ်နေရပါသနည်း။

နောင်တော်နှင့်အနီးစပ်ဆုံးမှာ မိမိဟူ၍ နားလည်ထားခဲ့၏။ ယခုမူ ဘဒ္ဒကစ္စနာသည် မိမိနှင့်ထပ်တူ သို့မဟုတ် မိမိထက်ပို၍ နောင်တော်နှင့် အနီးစပ်ဆုံးသို့ ရောက်ရှိနေ၏။ အဘယ်သို့များ သူရောက်ရှိနေခဲ့သနည်း။

အဘယ်အကြောင်းဖြင့် သူရောက်ရှိနေခဲ့သနည်း။

နောက်ဆုံးတွင် အာနန္ဒသည် မိမိကိုယ်မိမိ နှစ်သိမ့်ရင်း တစ်ခုသော မှတ်ချက်ကိုသာ ကောက်ယူလိုက်သည်။ နောင်တော်နှင့် ပတ်သက်လာလျှင် မိမိသည် နားအလည်ဆုံး၊ အသိဆုံးဖြစ်သည်ကား မှန်၏။ သို့သော် ထိုသို့ နားလည်မှုတိုင်းတွင် မိမိ မသိနိုင်သော၊ မိမိ ဉာဏ်လှမ်းမမီသောအရာများ သည် အမြဲတမ်း အသစ်အသစ် တိုးပွားဖြစ်တည်နေပေသည် ဟူသော ကောက်ချက်ပင်ဖြစ်လေသည်။

# အခန်း ၁၅

"အကြိမ်ကြိမ်အဖန်ဖန်လေ့ကျင့်မှုသည် ကျွမ်းကျင်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သည် ဆိုတဲ့စကားဟာ သာမန်လူများအတွက်တော့ ခြွင်းချက်မရှိမှန်ပါတယ်။ သို့ပေမယ့် ကိုယ်တော်အရှင်အတွက်တော့ ဒီဥပဒေသဟာ ခြွင်းချက်ဖြစ်သွားပြီး လေ့ကျင့်နေစရာမလိုဘဲနဲ့ ကိုယ်တော်အရှင်ဟာ အံ့မခန်း အစွမ်းတွေကို ပြသနိုင်ခဲ့တယ်။အဲဒါဟာ ဘာကြောင့်လဲ မင်းသိလား"

လေးတော်စွမ်းရည်ပြပွဲ ပြီးဆုံးသောအခါ ဥဒါယီက ဆန္နကိုမေး၏။

"ဘုန်းသမ္ဘာကြောင့် သို့မဟုတ် ဒေဝတာတန်ခိုးရှင်တွေရဲ့ ကူညီအားပေးမှုကြောင့် သို့မဟုတ် ကျွန်တော်တို့ မသိနိုင်တဲ့ တစ်ခုခုကြောင့်ပေါ့"

ဆန္နက လိမ်မာစွာ အဖြေပေး၏။

"မင်းပြောတာတွေ အားလုံးဖြစ်နိုင်တယ်။ ဒီအထဲမှာ ကျွန်တော်တို့ မသိနိုင်တဲ့ တစ်ခုခုကြောင့်ဆိုတာကို ငါသဘောကျဆုံးပဲ။ အဲဒါကို ငါတို့ မသိနိုင်ပေမယ့် အာနန္ဒ အရှင်များ သိမလား"

နောင်တော်၏ ချပ်ဝတ်များကိုသိမ်းဆည်းရင်း ဥဒါယီက လှမ်း

မေးသည်။ အာနန္ဒက လေးနက်စွာဖြေလိုက်၏။

"တစ်ခါက နောင်တော်နဲ့အတူ တောတောင်စခန်းတွေကို လှည့်လည်ရင်း ဟိုးမြောက်ဘက် တောနက်ကြီးထဲက ကြီးမားလှတဲ့ ရေတံခွန်တစ်ခုကိုအရောက်မှာ နောင်တော်က ငါ့ကိုပြောဖူးတယ်။ အခုတွေ့မြင်နေရတာကတော့ အရှိန်အဟုန်ပြင်းစွာနဲ့ ကျဆင်းနေတဲ့ ရေတံခွန်ကြီးပဲ။ ဒီရေတံခွန်ကြီး ဒီလောက်အရှိန်အဟုန်ပြင်းရခြင်းရဲ့အဖျားခံရာ အရပ်ဒေသကိုတော့ တို့များမမြင်ရဘူး။ ဒါပေမယ့် တဝေါဝေါသွန်ကျနေတဲ့ ရေတံခွန်ကိုကြည့်ပြီး သူဟာ ဘယ်လို တောတောင် လျှိုမြောင်ချောက်ကမ်းပါးတွေကို ဖြတ်သန်းစီးဆင်းခဲ့ရမယ်ဆိုတာ ဉာဏ်နဲ့ချင့်ချိန် လှမ်းမျှော်တွေးကြည့်ရင်မြင်ရလိမ့်မယ်။ သူ့ရဲ့ခရီးစဉ်မှာ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ခဲ့ရတယ်။ ကျောက်ချပ်၊ ကျောက်လွှာတွေကို ထွင်းဖောက်ခဲ့ရတယ်။ ကွေ့ပတ်ခဲ့ရတယ်။ တစ်ချို့နေရာတွေမှာ ချောင်းငယ်ဖြစ်ခဲ့တယ်။တစ်ချို့နေရာတွေမှာ တောင်ကျစမ်းပေါက် ဖြစ်ခဲ့တယ်။ တစ်ချို့နေရာတွေမှာ တောင်ကြား မြစ်ပြင် ဖြစ်ခဲ့တယ်။ အဲဒီ များမြောင်လှတဲ့ ဖြတ်သန်းမှုတွေရဲ့ ရလဒ်အဖြစ် ရေတံခွန်ကြီးကို ငါတို့တွေ့မြင်တယ်။ အံ့သြစရာ ရေတံခွန်ကြီးရဲ့ အံ့သြစရာမဟုတ်တဲ့ ကြောင်းကျိုးဆက်နွယ်မှုအဖြစ် မျက်ဝါးထင်ထင် မြင်တွေ့နေရတဲ့ ဖြတ်သန်းစီးဆင်းမှုတွေ ရှိနေတယ်တဲ့။ အခုနောင်တော် သိဒ္ဓတ္ထရဲ့စွမ်းရည်ကို ငါတွေ့ရတော့ ဒါဟာ ရေတံခွန်ကြီးရဲ့နောက်ကွယ်မှာ ငါတို့ မမြင်တွေ့ရတဲ့ ဖြတ်သန်းစီးဆင်းမှုတွေ ရှိနေတယ်"

"ကောင်းလိုက်တဲ့ စကားပါလား"

ဥဒါယီက ကျူးရင့်၏။ တစ်ဆက်တည်းပင် သူက၊

"ရေတံခွန်ကြီးကတော့ သူ့ရဲ့ဖြတ်သန်းစီးဆင်းမှုတွေကို ပြန်ပြောတတ်မှာ မဟုတ်ဘူး။ ကိုယ်တော်အရှင်ကတော့ သူ့ရဲ့လေးအတတ်စွမ်းရည် ဘယ်သို့ ဆည်းပူးကျွမ်းကျင်ခဲ့တယ်ဆိုတာ ပြောပြရင် ကောင်းမှာပဲနော်"

"တစ်နေ့တော့ငါတို့ကြားရမှာပေါ့ ဉဒါယီ၊ အခုနေတော့ တို့များ ကိုယ်တော်အရှင်ရဲ့ အောင်ပွဲသဘင်အတွက် စီမံကြရဦးမယ်မဟုတ်လား"

"အောင်ပွဲသဘင် ဟုတ်လား။ အက္ခဏဝေဓိ၊ ဝါလဝေဓိ၊ သရဝေဓိ၊ သဒ္ဒဝေဓိ လေးအတတ်တွေနဲ့တကွ မြားရေးငယ် ဆယ့်နှစ်မျိုးကို မိုးကောင်းကင်ကြီး ပွင့်မခန်း သြဘာသံတွေကြားမှာ ပြသွားတဲ့ ကိုယ်တော့်အတွက် ဘယ် သူက ဘယ်လောက်ထိများ ထိုက်တန်အောင် ဂုဏ်ပြုနိုင်ကြဦးမှာလဲ အရှင်။အောင်ပွဲသဘင်အတွက် ဆုလာဘ်ဆိုတာ ကိုယ်တော်အရှင်ရဲ့ အစွမ်းကို မီနိုင်တဲ့ဆုလာဘ် ရှိသေးလို့လား။ ဇမ္ဗူဒိပ်အလုံးကို ကိုယ်တော့်ခြေရင်းမှာ ဝပ်စင်းပြီး စကြဝတေး မန္ဓတ်မင်းအဖြစ် စိုးစံတော်မူပါလို့သာ ပြောကြမှ ဖြစ်တော့မယ်"

ဉဒါယီ၏စကားကို သဘောကျစွာဖြင့် ပြုံးမိနေခိုက် နောက်နားမှ အသံတစ်သံ ထွက်လာ၏။

"နှစ်ယောက်အတုမရှိတဲ့ တုဖက်ကင်း၊ ဘုန်းသမ္ဘာရှင် သကျမင်းအတွက် ပူဇော်ချီးမြှောက်မှုတစ်ခု ရှိနေပါတယ် ကာဠုဒါယီရယ်"

အားလုံးလှည့်ကြည့်လိုက်သောအခါ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓကို တွေ့လိုက်ကြရသည်။ အံ့အားသင့်နေကြစဉ် သုပ္ပဗုဒ္ဓဘုရင်က အားပါးတရ ဆက်ပြော၏။

"အာနန္ဒတို့ ဉဒါယီတို့ ဆန္နတို့ရေ၊ ဗြဟ္မဏတွေတော့ သူတို့လုပ်စရာရှိတာတွေ လုပ်နေကြပါပြီ။ မင်းတို့အရှင်သခင်နဲ့ ငါ့သမီးတော် ဘဒ္ဒကစ္စနာတို့ရဲ့ နှစ်ပါးစုံလက်တို့ကို စုလျားရစ်ပတ်ဖို့၊ ခရသင်းအမြိုက်ရေသွန်းဖို့ အစီအမံတွေ သူတို့လုပ်နေကြပါပြီကွယ်"

* * *

ကပိလဝတ်သည် နေ့ချင်းညချင်း ဧကရာဇ်မင်းနေပြည်ကဲ့သို့ ဖြစ်သွား၏။

မဇ္ဈိမဒေသတွင် ယခင်ကမူ ကပိလဝတ်သည် သာမန် သူလိုငါလို မင်းနေပြည်တော်တစ်ခုအဖြစ်သာ ရှိခဲ့သည်။ သကျမင်းများ အလှည့်ကျစိုးစံ၍ မင်းကြီး သုဒ္ဓေါဒနကို ဂုဏ်ထူးဆောင်ဘုရင်မင်းမြတ် အနေအထားမျိုးဖြင့် ထားရှိလျက် စိတ်ဝင်စားဖွယ် အထူးမရှိလှသော တိုင်းပြည်တစ်ခုသာ ဖြစ်ခဲ့သည်။

ယခုမူကား သိဒ္ဓတ္ထမင်းသား၏ စွမ်းရည်ပြပွဲနှင့်တကွ ဘဒ္ဒကစ္စနာအား ယသော်ဓရာဘွဲ့အမည်ဖြင့် ကြင်ရာတော်မဟေသီအဖြစ် ချီးမြှောက်သည့် ဘိသိက်ပွဲကြီးနောက်ပိုင်းတွင် ကပိလဝတ်သည် တိုင်းပြည်သစ်တစ်ခုလို ဖြစ်လာခဲ့လေသည်။ သကျနွယ်ဝင်တို့၏ဂုဏ်မှာ ပို၍မြင့်တက်လာခဲ့၏။ ကပိလဝတ်ပြည်သူတို့သည်လည်း သိဒ္ဓတ္ထဘုရင်မင်းမြတ်၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုးအဖြစ် ဂုဏ်ယူမစဲ ရှိနေကြသည်။

ကပိလဝတ်နန်းဆောင်များသည် ယခင်က မရှိဖူးသော ရတနာများ စီခြယ်လျက်၊ ပိုးဖဲကတ္တီပါတံခွန်အလံများ တလူလူလွင့်လျက်၊ ဆေးရောင်စုံတို့ဝင်းပလျက်၊နန်းတော်ကြီး အသစ်တစ်ခုဖြစ်လာသည်။မင်းကြီးသုဒ္ဓေါဒနကိုယ်တိုင်ပင် သိဒ္ဓတ္ထ၏ ဖခမည်းတော်ဖြစ်ရခြင်းကို ဂုဏ်ယူမဆုံး ရှိချေ သည်။ မဟာမာယာဒေဝီ အနိစ္စရောက်ခဲ့ခြင်းကို အကြောင်းပြု၍ အမြဲတမ်း လိုလိုတင်းမာခဲ့သော ဒေဝဒဟပြည်နှင့် ဆက်ဆံရေးမှာလည်း ပြေလျော့ပပျောက်သွားကာ ရွှေလမ်းငွေလမ်း ပွင့်သွားသည်။

သိဒ္ဓတ္ထအရှင်နှင့် ယသော်ဓရာသခင်မတို့၏ ဘုန်းကျက်သရေကို ဖွဲ့ဆိုကြသည့် ဗြဟ္မဏတို့၏ ရွတ်ဖတ်ပူဇော်သံများလည်း ညံမစဲရှိကြသည်။ သကျမင်းလုလင်များသာမက အခြားသော ပြည်ထောင်မင်း ခတ္တိယနွယ်ဝင်မင်းလုလင်တို့ အကြားမှာလည်း 'လေးစွမ်းပြပွဲ'သည် ရေပန်းအစားဆုံးဖြစ်လာသည်။အဋ္ဌာရသအတတ်တို့တွင် လေးအတတ်၏ အခန်းကဏ္ဍသည် အမြင့်မားဆုံးဖြစ်လာပြီး၊ လေးမြားပစ် လေ့ကျင့်ကွင်းများတွင် လုလင်ပျိုတို့

နေ့နေ့ညည စည်ကားနေသည်။

အာနန္ဒသည် ရတ်ခြည်းမြင့်တက်ကြီးထွားလာသော ကပိလဝတ်၏ ကြီးကျယ်ခမ်းနားမှုများကို ကြည့်ပြီး လောကသဘာဝကို ဆင်ခြင်နေမိ၏။ ယခင်က မြစ်တစ်ခုသဖွယ်သာ ရှိခဲ့သော ကပိလဝတ်သည် ယခုအခါ မဟာ သမုဒ္ဒရာဖြစ်နေသည်။ မြစ်ကြီးမြစ်ငယ်သီတာတို့ ရောနှောစုပြုံ စီးဆင်း သက်ဝင်ရာ မဟာသမုဒ္ဒရာ။ ကပိလဝတ်သည် လူသားတို့အတွက် ပျော်ရွှင် မှုကို အပေးစွမ်းနိုင်ဆုံး နေရာ။ အားလုံး ဂုဏ်ယူ ပျော်မဆုံး ရှိကြသည်။ ရောင်းဝယ်ဖောက်ကားမှု အစည်ကားဆုံး၊ သီးနှံစပါး အကြွယ်ဝဆုံး၊ သူရဲ ကောင်းများ အပေါများဆုံး၊ မိန်းမလှများ အပေါများဆုံး၊ အတင့်တယ် အခမ်းနားဆုံး တိုင်းပြည်မြို့တော်။

နောင်တော်သိဒ္ဓတ္ထတည်းဟူသော သူရိယနေမင်းသည် ကပိလဝတ် ကောင်းကင်တွင် ပြိုင်ဘက်ကင်းစွာ ထွန်းလင်းတောက်ပနေသည်။ သို့ဆို လျှင် ယသော်ဓရာသည် လစန္ဒာ ဖြစ်ပေလိမ့်မည်။ ထိုနေရောင်ခြည်နှင့် လရောင်အောက်တွင် ပျော်ရွှင်တက်ကြွခြင်း ပန်းမာလာတို့သည် အစွမ်းကုန် ဖူးပွင့်နေကြလေသည်။

နောင်တော့်အတွက် ဂုဏ်ယူမဆုံးရှိနေကြသူများ အသိန်းအသောင်း တို့တွင် မိမိသည် ထိပ်ဆုံးကရှိသည်ဟု အာနန္ဒယုံကြည်ထား၏။အကြောင်းမူ နောင်တော်ကို နားအလည်ဆုံး၊ နောင်တော်သိဒ္ဓတ္ထအကြောင်း အသိဆုံးမှာ မိမိတစ်ဦးသာရှိကြောင်း သဘောပေါက်ထားသောကြောင့် ဖြစ်၏။ ထို့အပြင် နောင်တော်နှင့် အနီးဆုံးမှာရှိသော မိမိ....။

* * *

နောင်တော် သိဒ္ဓတ္ထသည် ယခုအခါ သုံးရာသီစံနန်းတို့တွင် လှည့်လည် စံမြန်းရင်း တစ်ခါတစ်ရံ တောတောင်များဆီသို့ ခရီးထွက်တတ်သည်။

မင်းပျိုမင်းလွင် မဟုတ်တော့ပေ။ အသက်အရွယ်အားဖြင့် ငယ်နုသေးသော်လည်း နောင်တော်သည် ကပိလဝတ်၏ အရှင်သခင်ဖြစ်နေလေပြီ။ သကျရာဇာဟူသော မကိုင်မှုသရဖူနှင့်တကွ တိုင်းကြီးပြည်ကြီး၏ အရေးအရာများသည် နောင်တော့် ပခုံးထက်သို့ ကျရောက်ခဲ့လေပြီ။

ဘိုးတော်မင်းကြီး၏ဆန္ဒ၊ သကျမင်းအပေါင်းတို့၏ဆန္ဒအရ ဆိုလျှင် နောင်တော်သည် စကြဝတေးမင်းအဖြစ်ကိုပါ ရှေးရှုနေသော မင်းဧကရာဇ် ဖြစ်နေပေပြီ။

အမျိုးဇာတ် အသီးသီးတို့၏ ဘဝများသည်လည်း နောင်တော့် ပခုံးထက်တွင် ရှိနေသည်။ နန်းတော်တွင်း အမှုထမ်းတို့၏ ဘဝများကိုလည်း နောင်တော် ခန့်ခွဲနေရသည်။ များလှစွာသော ခြွေရံသင်းပင်းနှင့် ကျွေးကျွန်များ၏အရေးအရာကိုလည်း နောင်တော်ကိုင်တွယ်စီမံနေရ၏။ မင်းဧကရာဇ်တစ်ပါး၏ ထိုတာဝန်များကို လုပ်ဆောင်ရာ၌ နောင်တော့်အနီးတွင် အစဉ်တစိုက်ရှိနေသူမှာ ယသော်ဓရာဖြစ်သည်။ မိမိမဟုတ်၊ အာနန္ဒ မဟုတ်။

ဟိုယခင်ကလို ညီနောင်နှစ်ပါးတို့ တောစခန်းနှင့် ရေတံခွန်များသို့ လှည့်လည်နေချိန် မရှိတော့။ မြင်းတစ်စီးစီဖြင့် နှင်လျက် ကပိလဝတ်၏ အရှေ့ဘက် မြက်ခင်းလွင်ပြင်များဆီသို့ လွတ်လပ်ပေါ့ပါးစွာ ခရီးထွက်ခဲ့ ကြသော အခွင့်အရေးများကို မရနိုင်တော့။

နောက်ဆုံးတွင် အာနန္ဒ သဘောပေါက်လိုက်သည်ကား လေးအတတ် စွမ်းရည်ပြပွဲနှင့် လက်ထပ်မင်္ဂလာပွဲကြီးနောက်ပိုင်းတွင် အပြောင်းလဲကြီး ပြောင်းလဲသွားသည်မှာ ကပိလဝတ်ပြည်သားများမဟုတ်ဘဲ မိမိကိုယ်တိုင် ဖြစ်နေခြင်းပင်။ နောင်တော်သိဒ္ဓတ္ထအတွက် ဝမ်းသာဂုဏ်ယူမဆုံးရှိနေသော နှလုံးသည်းပွတ်၏ ထောင့်တစ်နေရာလေးဝယ် အာနန္ဒသည် လစ်ဟာနေသော ကွက်လပ်ကလေးတစ်ခုကို တွေ့လိုက်ရ၏။ ရုတ်တရက်မူ အာနန္ဒသည် ထိုကွက်လပ်ကလေးအတွက် ရင်ထဲ၌ 'ဟာ'သွားသော

ဝေဒနာကို ခံစားလိုက်ရ၏။ နောင်တော်နှင့် အနေချင်း ဝေးသွားရသော အဖြစ်။

သို့သော် တစ်စုံတစ်ခုသော စွမ်းအား၏ အဟုန်ဖြင့် ထိုကွက်လပ်ကို အာနန္ဒ ဖြည့်လိုက်လေသည်။

'နောင်တော် သူတို့တစ်တွေဖြစ်စေချင်တဲ့၊အာသီသရှိတဲ့ စကြဝတေးမင်းဧကရာဇ်ဘဝကို ခံယူမှာမဟုတ်ဘူး။ ဒါ့ထက် မြင့်မြတ်သော လောကသခင်အဖြစ်ကို နောင်တော် ရှေ့ရှုနေလိမ့်မယ်။လေးတင်ပွဲဟာ နောင်တော်ရဲ့ စွမ်းရည်များစွာအနက်က တစ်ခုသာဖြစ်တယ်။ နောင်တော်ရဲ့ မြားတံတွေဟာ တကယ့်ပစ်မှတ်ဗဟိုဆီသို့ လွှတ်သေးတာ မဟုတ်ဘူး။လောကအကျိုးစီးပွားကို ရွက်ဆောင်တဲ့နေရာမှာ နောင်တော်ဟာ ဘုရင်တစ်ပါးထက် ပိုမိုကြီးကျယ်မြင့်မြတ်တဲ့ အနေအထားနဲ့ ရွက်ဆောင်မယ့်သူဖြစ်တယ်။ မင်းဧကရာဇ် စကြဝတေးမင်းဆိုတာ လောကအလုံးရဲ့ အရှင်သခင်မဟုတ်သေးဘူး။ ဒါ့ကြောင့် နောင်တော့်အနီးမှာ ငါမရှိနိုင်တာဟာ အခိုက်အတန့်သာဖြစ်ရမယ်။ ငါ့ရင်ထဲက ကွက်လပ်ဟာ ဖြည့်စွမ်းမယ့် တစ်စုံတစ်ရာအတွက် ကြိုတင် ခင်းဖြန့်ထားသောနေရာသာ ဖြစ်လိမ့်မယ်'

# အခန်း ၁၆

တစ်ဆယ့်သုံးနှစ်ဟူသော ကာလအပိုင်းအခြားမှာ ဘာမှကြာလိုက်သည် ဟု မထင်ရ။ ကပိလဝတ်ပြည်ကြီးသည် တရိပ်ရိပ်ထွန်းကားကြွယ်ဝစွာ ဖြင့် ပြိုင်ဘက်ကင်းသော တိုင်းနိုင်ငံဖြစ်လာခဲ့၏။ နောင်တော် သိဒ္ဓတ္ထသည် ဤဆယ်နှစ်ကျော်ကာလ ခရီးကို ပြည်သူအပေါင်းတို့အား ပျော်ရွှင်ချမ်းမြေ့မှု ကိုပေးသည့် မင်းမြတ်တစ်ပါးအဖြစ် ဖြတ်သန်းခဲ့ပေပြီ။

အာနန္ဒသည်လည်း နောင်တော်မင်းမြတ်အပါး ခစားရသော မင်းသားအမတ်ရာထူးဖြင့် တိုင်းရေးပြည်ရာ ထီးနန်းရေးရာများကို အတူ တကွ စီမံဆောင်ရွက်ခဲ့ရင်း ကြီးပြင်းလာခဲ့သည်။ ယခင် မင်းပျိုလုလင်များ ဘဝတုန်းကလို နှစ်ပါးတည်း လွတ်လပ်စွာ ခရီးလှည့်လည်ခဲ့သော ဘဝ နေရာတွင် ဘုရင်နှင့်အမတ်ဟူသော ဘဝက အစားထိုးဝင်ရောက်လာခဲ့၏။

ရာထူး၊ ဌာနန္တရနှင့်အသက်အရွယ်တို့အလျောက် တိုင်းနိုင်ငံတို့၏ အကြီးအမှူးအဖြစ်တာဝန်ယူလာရသောကြောင့် ဟိုစဉ်ကလို ဆန္နတို့ ဥဒါယီ တို့နှင့်လည်း တွေ့ရာလေးပါး စကားဝိုင်းမဖွဲ့ဖြစ်သည်မှာ ကြာလေပြီ။

တစ်ဆယ့်သုံးနှစ်ဟူသော အချိန်သမယသည် တရိပ်ရိပ်ဖြတ်သန်းသွား၏။ဤအချိန်မှာပင် ထူးခြားသောဖြစ်ရပ်တို့သည် တစ်ဆင့်ပြီးတစ်ဆင့် ရောက်ရှိလာကြတော့သည်။ဤဖြစ်ရပ်တို့သည် အာနန္ဒကိုသာမက ကပိလဝတ်နန်းတော်တစ်ခုလုံးကိုပါတုန်ဟည်းသွားအောင်ကိုင်လှုပ်လိုက်လေသည်။

ထိုနေ့ကား ဝါဆိုလပြည့်နေ့။ "အရှင်ဘိုးတော်မင်းတရားကြီးက အခုချက်ချင်းပဲ နန်းတော်ကို လာရောက်ဖို့ အမိန့်တော်ရှိလိုက်ပါတယ်"

အမှုထမ်းတစ်ဦးက တင်လျှောက်လာ၏။

ဝါဆိုလပြည့် ညဉ့်အချိန်တွင် ဘိုးတော်မင်းတရားကြီး မည်သည့်အကြောင်းကိစ္စဖြင့် အခေါ်ရှိသနည်း။ အာနန္ဒ မတွေးတတ်။

"အမိန့်တော်မှာ နောက်ထပ် ဘာအမှာ ပါသေးသလဲ"

"နောက်ထပ် မပါပါအရှင်။ သို့သော် တစ်နန်းတော်လုံးက မှူးမတ်များ၊ စစ်မှူးချုပ်မင်းများ အားလုံးကိုလဲ တစ်ပြိုင်တည်း ခေါ်ယူထားပါတယ်"

"ကောင်းပြီ အခုပဲ သွားကြစို့"

ဘိုးတော်မင်းတရားကြီးမှာ ကျောက်ဖျာသလွန်ပေါ်မှ သားမွေးအခင်းထက်တွင် ရှိမနေဘဲ သလွန်ရှေ့၌ လက်နှစ်ဖက်နောက်ပစ်လျက် လူးလာခေါက်တုံ့ လျှောက်နေ၏။ မင်းတရားကြီးမျက်နှာမှာ လွန်စွာ ထိတ်လန့်ပူဆွေးခြင်းနှင့်အတူ သွေးဆုတ်ဖြူရော်နေသည်ဟု ထင်ရလေသည်။

အာနန္ဒ ရောက်သွားချိန်တွင် မှူးမတ်၊ စစ်မှူးချုပ်မင်းတို့ အတော်အတန် စုံညီနေပြီဖြစ်၏။ ဥဒါယီသည် အာနန္ဒကို မြင်သောအခါ သူထိုင်နေရာမှ ရွှေ့လျက် အပါးကို တိုးကပ်လာသည်။

"ဘာတွေ အရေးပေါ်သလဲ ဥဒါယီ"

"ကျွန်တော် အတိအကျမသိဘူး။ဘုရင်မင်းမြတ် နေ့ခင်းက ဥယျာဉ်ထဲထွက်တဲ့ကိစ္စနဲ့တော့ ပတ်သက်နေတယ်တဲ့။ ဆန္နက ဘုရင့်ရထားထိန်းနဲ့ အဆက်အသွယ်ရှိလို့ ဆန္နဆီက တစ်ဆင့်ကြားရတယ်"

"အခု ဆန္ဒ မလာဖူးလား"

"လာလိမ့်မယ်ထင်ပါတယ်။ မင်းတရားကြီးက အစုံအညီခေါ်ထားတယ်"

စကားစ ထိုမျှနှင့် ပြတ်သွား၏။ နောက်ထပ်မှူးမတ်များ ရောက်လာ ကြပြီး နေရာယူကြလေသည်။

မင်းတရားကြီးလည်း ခေါက်တုံ့လျှောက်နေရာမှရပ်လိုက်ပြီး အရေးပေါ်အစည်းအဝေး တက်လာသူများအားလုံးကိုကျော်ကာ အဝေးဆီသို့ ငေးမျှော်ကြည့်နေ၏။ ထိုစဉ် အမှုထမ်းတစ်ဦးက အားလုံးစုံညီပြီဖြစ်ကြောင်း လျှောက်တင်လိုက်သည်။

"သူ့ကို ခေါ်လိုက်တော့"

မင်းတရားကြီးထံမှ တင်းမာသောအသံပေါ်လာသည်။ လူအုပ်ထဲသို့ ဝပ်လျှိုးတော့မတတ် ကိုင်းညွတ်လျက် ဝင်လာသူမှာ နောင်တော် သိဒ္ဓတ္ထ၏ ရထားကိုမောင်းသူ ရထားထိန်းဖြစ်လေသည်။

ရထားထိန်းသည် ပရိသတ်၏ရှေ့ဆုံးအထိဝင်လာပြီး သတ်မှတ်ထားသောနေရာတွင် ဒူးတုပ်ထိုင်လိုက်၏။ ရထားထိန်း၏အမူအရာမှာလည်း တုန်လှုပ်နေလေသည်။

"အားလုံးကြားရအောင် မင်းပြောပြလိုက်စမ်း။လိုရင်းအချုပ်ကိုပြော"

ရထားထိန်း၏ တုန်ရီထစ်ငေ့သော စကားသံထွက်လာ၏။

"အရှင်တို့ ကျွန်တော်မျိုး ဒီနေ့ဘုရင်မင်းမြတ်ကို တင်ဆောင်ပြီး မင်္ဂလာဥယျာဉ်တော်ထဲကို ထွက်ခဲ့ပါတယ်။ ကိုယ်တော်က ဥယျာဉ်တော် ရှုစားလိုတယ်လို့ အမိန့်တော်ရှိတဲ့အတွက် မြင်းဖြူလေးကောင်က ရထားနဲ့ ထွက်ခဲ့တာပါ။ ဥယျာဉ်တော်ထွက်တဲ့ အခြေအရံပရိသတ်လဲ အစုံအညီပါဝင်ပါတယ်"

"လိုရင်းကိုပြောစမ်း"

မင်းတရားကြီးက ငေါက်ငမ်းသည်။

အာနန္ဒ အနေဖြင့်မူ ရထားထိန်းသည် လွန်စွာကြီးမားသော အရေးအခင်းတစ်ခုတွင် သူ့တာဝန် ကင်းကြောင်းကို ခုခံကာကွယ်ပြောဆိုနေခြင်းသာဖြစ်ကြောင်း သဘောပေါက်လိုက်၏။

"ဥယျာဉ်တော်ဟာ ခါတိုင်းလိုပဲ အတင့်အတယ် သာယာလှပနေပါတယ်။ အခြွေအရံ မောင်းမများလဲ ပျော်ရွှင်စွာ ခစားလိုက်ပါလာကြတာပါ။ တစ်နေရာ လမ်းခရီးအရောက်မှာတော့...."

ရထားထိန်း၏အသံ တိုးတိမ်ဝင်သွားပြီးနောက်၊

"ရထားရဲ့ရှေ့မှာ အင်မတန်အိုမင်းတဲ့ သူတစ်ယောက်ကို တွေ့လိုက်ရပါတယ်"

မှူးမတ်ပရိသတ်အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။ ဥယျာဉ်တော်အတွင်း နဂါးကြီးတစ်ကောင် သို့မဟုတ် ဘီလူးကြီးတစ်ကောင် သို့မဟုတ် ခေါ်ဘဏီစစ်တပ်ကြီး တစ်တပ်ကို တွေ့လိုက်ရသည်ဟု ကြားရလျှင်ပင် ဤမျှလောက် တုန်လှုပ်ဖွယ်မရှိဟု အားလုံးနားလည်လိုက်ကြ၏။

မိမိ၏သားတော်အား အနိဋ္ဌာရုံမှန်သမျှ တစ်စိုးတစ်စေ့မျှ မမြင်ရ မကြားရလေအောင် ကပိလဝတ်နန်းတော်တစ်ခုလုံး ရှုမောဖွယ် နုပျို လတ်ဆတ်သော ဣဋ္ဌာရုံများဖြင့်သာ အတိပြီးအောင် နှစ်ပေါင်းများစွာ တင်းတင်းကျပ်ကျပ် စီမံခဲ့ကြလေသည်။ သုဒ္ဓေါဒနမင်းတရားကြီး၏ အစီအမံထဲသို့ ဘယ်အရပ်က 'သူအိုကြီး' ရောက်ရှိနေသနည်း။

အိုမင်းရင့်ရော်ခြင်း၊ ဟောင်းနွမ်းဆွေးမြေ့ခြင်းဟူသည့် အရာကို မြင်ဖူးဖို့ မဆိုထားဘိ ကြားပင်မကြားဖူးသော နောင်တော်သိဒ္ဓတ္ထ မည်သို့ရှိလေမည်နည်း။ အာနန္ဒသည် အသက်ပင်မရှူမိတော့ဟု ထင်ရလောက်အောင် ပကတိငြိမ်သက်သွားရင်း နားစွင့်နေလိုက်၏။

"သူအိုကြီးကို တွေ့တဲ့အခါမှာ ဘုရင်မင်းမြတ်က ကျွန်တော်မျိုးကို

အမေးတော်ရှိပါတယ်။ ဖွေးဖွေးဖြူနေတဲ့ဆံပင်၊ တွန့်ရှုံ့နေတဲ့အသားအရေ၊ ခါးကိုင်းတုန်ရီနေတဲ့ အဲဒီသူအိုကြီးရဲ့ရုပ်သွင်ကလဲ ကျွန်တော်မျိုး တွေ့ဖူးသလောက် အိုမင်းရင့်ရော်နေကြသူများထဲမှာ အအိုမင်းဆုံးနဲ့ အကြည့်ရအဆိုးဆုံးပါပဲ။ ဘုရင်မင်းမြတ်အမေးတော်ရှိတဲ့အတွက်၊ ကျွန်တော်မျိုး ပြန်လည်ဖြေကြားလျှောက်တင်ရမှာလဲ သူအိုရဲ့သဏ္ဍာန်အဆင်းကို အသေးစိတ်တင်မိပါတယ်။ ကျွန်တော်မျိုး ဘာကြောင့် အဲဒီလောက် အိုမင်းခြင်းရဲ့အနိဋ္ဌာရုံကို ကြောက်စရာကောင်းလောက်အောင် သရုပ်ဖွဲ့ဖြေကြားမိမှန်းမသိပါ။ သူအိုဆိုတာ ကြာမြင့်စွာ အသက်မရှင်နိုင်တော့ကြောင်း၊ အသက်ကြွင်း နည်းပါးစွာ ကျန်ရှိသူဖြစ်တော့ကြောင်းအထိ လျှောက်တင်ဖြေကြားလိုက်ပါတယ်"

"ရထားထိန်း၊ ငါ့သားတော်မေးတာနဲ့ မင်း ဖြေတာတွေကို အသေး စိတ် ပြောပြလိုက်စမ်း"

"ဘုရင်မင်းမြတ်က ငါကော အိုခြင်းသဘောရှိသလား။ ဒီ သူအိုကြီးလို ဖွေးဖွေးဖြူတဲ့ဆံပင်တွေ ငါ့ဦးခေါင်းထက်မှာ ရောက်လာမှာလား။ ကွဲအက်ရှုံ့တွနေတဲ့အရေပြားတွေ ငါ့ခြေလက်မျက်နှာပေါ် ရောက်လာမှာလား။ ကွေးညွတ် တုန်ရီနေတဲ့အခါမျိုး ငါ့ဆီရောက်လာမှာလား စသည့်ဖြင့် အသေးစိတ် တစ်ခုစီမေးပါတော့တယ်။ ကျွန်တော်မျိုးကလဲ အဲဒီအခြင်းအရာတွေအားလုံး အရှင့်ထံ မုချရောက်ရှိလာမှာပါလို့ဖြေခဲ့တယ်။ ကျွန်တော်မျိုးရဲ့နှုတ်က ဘာကြောင့်မှန်းမသိ အဲဒီအချိန်က ဘုရင်မင်းမြတ်မေးသမျှကို ထက်ထက်မြက်မြက် ဖြေကြားဖို့အတွက် အဆင့်သင့်ဖြစ်နေခဲ့ပါတယ်"

မင်းတရားကြီးကား သူကိုယ်တိုင်က အမိန့်ပေးထားသည့်အတိုင်း ရထားထိန်းက အသေးစိတ်ပြန်ပြောပြနေသည်ကို မကြားဝံ့ဟန်ဖြင့် မျက်နှာလွှဲနေလေသည်။

"နောင်တော်ကိုယ်တော်က၊ငါဟာ အိုခြင်းသဘောကို မလွန်မြောက်

နိုင်ဖူးလားလို့ မေးပါတယ်။ မလွန်မြောက်နိုင်ကြောင်း ကျွန်တော်မျိုး ဖြေကြား ခဲ့ပါတယ်။ ဒီအခါ ကိုယ်တော်က မင်းကော လွန်မြောက်နိုင်သလား။ လူခပ်သိမ်းတို့ကော လွန်မြောက်နိုင်သလားလို့ မေးပြန်ပါတယ်။ ကျွန်တော်မျိုး ကလဲ ကျွန်တော်မျိုးကော လူခပ်သိမ်းတို့ပါ မလွန်မြောက်နိုင်ကြောင်း ဖြေကြားလိုက်ပါတယ်။ ဒီအခါမှာ ဘုရင်မင်းမြတ်ရဲ့ မျက်နှာတော်ဟာ အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေပြီး ရထားပြန်လှည့်တော့လို့ အမိန့်ပေးပါတယ်။ ဘုရင်မင်းမြတ်ဟာ အပြန်လမ်း တစ်လျှောက်လုံးမှာ ညည်းတွားရေရွတ်ရင်း လိုက်ပါလာခဲ့ပါတယ်။ အိုမင်းခြင်း၊ အိုမင်းခြင်းဆိုတဲ့ အသံ၊ စက်ဆုပ်ဖွယ်၊စက်ဆုပ်ဖွယ်ဆိုတဲ့အသံ၊ ဇာတိပဋိသန္ဓေဆိုတဲ့ စကားလုံးတွေ ကိုယ်တော် ရေရွတ်ခဲ့တာကို မသဲမကွဲ ကြားခဲ့ရပါတယ်။

"ဉယျာဉ်တော် အတွင်းဘက်တောင် မရောက်ဘဲ သွားရာလမ်း တစ်ဝက်ကနေ ပြန်ဆုတ်နှင်ခဲ့ခြင်းဖြစ်ပါတယ်"

ရထားထိန်းသည် စကား ဆုံးသွားသောအခါ မျက်နှာကို ခေါင်း မဖော်စတမ်း ခေါင်းငိုက်စိုက် ဖြစ်သွားလေသည်။

မင်းတရားကြီးထံမှ ပြင်းထန် တင်းမာသောအသံ ပေါ်လာ၏။

"သစ်ရွက်ရော် တစ်ခု၊ နွမ်းကြွေနေတဲ့ ပန်းတစ်ပွင့်၊ ခြောက်သွေ့တဲ့ သစ်ကိုင်းတစ်ကိုင်းသော်မှ ငါ့သားတော်မြင်ကွင်းထဲမှာ မရှိစေရအောင် ငါဖန်တီးခဲ့တယ်။ ဣဋ္ဌာရုံအတိနဲ့သာ ငါ့သားကို ငါမွေးခဲ့တယ်။ သတိသံဝေဂရစရာ၊ စိတ်အစဉ် နောက်ကျုကျုဆင်းစရာမှန်သမျှ မြင်ဖို့မဆိုထားနဲ့ ကြားတောင် မကြားဖူးရစေအောင် ငါစီမံခဲ့တယ်။ အဲဒီကြားထဲက ဖြစ်ရလေခြင်း။ အားလုံးနားထောင်ကြစမ်း၊ ထက်ဝန်းကျင် လေးမျက်နှာ နှစ်ဂါဝုတ် နှစ်ဂါဝုတ်တိုင်းမှာ အစောင့်တွေ နှစ်ဆတိုးပြီး ချထားလိုက်ကြ။ ငါ့သားတော်အတွက် နန်းစည်းစိမ်ကို ပိုပြီးတင့်တယ် ပျော်မြူးဖွယ်ဖြစ်အောင် စီမံကြ၊ ကြားလား"

ထိုအစီအမံ အဆီးအတားများကို စီမံခန့်ခွဲရေးထက် အာနန္ဒကပို၍ ဆန္ဒပြင်းပြသော အရာတစ်ခုမှာ ယခုချက်ချင်းပင် နောင်တော်နှင့် နှစ်ဦးချင်း တွေ့ဆုံလိုက်ချင်သည့် ဆန္ဒပင်ဖြစ်၏။

ဥဒါယီကမူ ခေါင်းကိုသာ တွင်တွင်ခါယမ်းနေသည်။

'တစ်စုံတစ်ခု' ကတော့ အင်အားကြီးစွာဖြင့် ကပိလဝတ်နန်းတော်ကြီးကို ရိုက်ပုတ်စိန်ခေါ်နေပြီဟု အာနန္ဒ ခံစားလိုက်ရလေသည်။

*　　*　　*

နေ့၊ ညဥ့် ရက်များ တရိပ်ရိပ်ကုန်ဆုံးကြပြန်သည်။ ကပိလဝတ်ပြည်ကြီးသည် အချိန်သမယတို့ကို အမှုအမှတ်မဲ့ ဖြတ်သန်းသွားလာခဲ့သည်။ အာနန္ဒအနေဖြင့်မူ ကုန်ဆုံးသွားသော အတိတ်ကာလများသည် အနာဂတ်ကာလ၏ တစ်နေ့နေ့ဆီသို့ မကွေ့မကောက် ဖြောင့်ဖြောင့်ကြီး ဦးတည်ရွေ့လျားနေသည်ဟု ထင်မြင်နေ၏။ သို့သော် အာနန္ဒ မမှန်းဆတတ်။

နောင်တော်ဘုရင်မင်းမြတ်အတွက် ဘကြီးတော်အစီအမံဖြင့် အစောင့်အကြပ်များ အထပ်ထပ်ချထားသည်မှာလည်း အပိုသက်သက်ဖြစ်ဟန်တူ၏။ ရက်သတ္တပတ်များ ကုန်ဆုံးခဲ့သော်လည်း ဘကြီးတော်စိုးရိမ်သလို နောက်ထပ် ဘာတစ်ခုမှ ပေါ်ပေါက်မလာခဲ့ပေ။ အချို့က ဘုရင်မင်းမြတ် ဥယျာဉ်တော်အတွင်း တွေ့ခဲ့သော သူအိုကြီး နောက်ထပ် ရောက်လာဦးမည်ဟု တွေးတော ထိတ်လန့်နေကြ၏။ အာနန္ဒကမူ ထိုယူဆချက်ကို လက်မခံနိုင်။ ဘကြီးတော်မင်းကြီး၏ တင်းကျပ်သော အစီအမံများကြားတွင် သစ်ရွက်ရော်တစ်ရွက်သော်မှ နောင်တော့် နန်းဆောင်သို့ လွင့်ဝဲကျရောက်နိုင်ခွင့်မရှိ။ သို့သော်....။

ထူးခြားချက် တစ်ခုတော့ ပေါ်လာ၏။ ထိုအရာမှာ နောင်တော်နှင့် ပတ်သက်သည်။ ယသော်ဓရာမှ တစ်ဆင့် ကြားရသောစကား ဖြစ်သည်။

"သင်တို့ရဲ့အရှင်ဟာ စိတ်နှလုံး မချမ်းမမြေ့ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတာကိုတော့ မသိနိုင်ဘူး။ သူ့ရဲ့ ငေးငိုင်နေတဲ့ ဟိုအဝေးဆီ မမြင်သောကြည့်ခြင်းနဲ့ ကြည့်နေတဲ့ မျက်လုံးတွေနောက်ကွယ်မှာ ဘာတွေရှိနေမယ်ဆိုတာ သိဖို့ခဲယဉ်းတယ်။ ဒါပေမယ့် သိတာကတော့ သူဟာ သက်ပြင်းရှည်ကြီးတွေ ခဏခဏချတယ်။ ခေါင်းကို လေးလေးပင်ပင် ခါယမ်းတတ်တယ်။ သူ့ရဲ့ လက်ဖမိုးတွေကို မမြင်ဖူးသလို အကြာကြီး ငေးစိုက်ကြည့်နေတတ်တယ်"

ကောင်းကင်ထက်ရှိ နေဝန်းကြီးကို တိမ်မည်းညိုတို့ ဖုံးအုပ်သောအခါ လောကမြေအပြင်သည်လည်း မှိုင်းညို့သွားရသည်သာဖြစ်၏။ ကပိလဝတ်ဘုရင်မင်းမြတ် စိတ်တော် မကြည်မလင်ဖြစ်ပြီ ဆိုသောအခါ နန်းတော်တစ်ခုလုံး အုံ့ဆိုင်းပိတ်လှောင်သွားသလို တွေ့နေရသည်။

အာနန္ဒသည်လည်း နောင်တော် စိတ်မကြည်မလင်ဖြစ်နေကြောင်း သိရသောအခါ ချစ်လှစွာသော နောင်တော်၏နှလုံးသားမှ အပူငွေ့သည် မိမိ၏ရင်ထဲသို့ ကူးစက် ရှို့မြိုက်လာလေသည်။ နောင်တော် ဘာဖြစ်လို့လဲ ဟု မေးလိုက်စမ်းချင်၏။ သို့သော် မင်းအမတ်ဆိုသော ဘဝက ဆန္ဒကို ပိတ်ပင်ခဲ့လေပြီ။ နောင်တော်သည်လည်း မင်းစည်းစိမ်ကို အမြိုင့်သား ခံစားစံစားနေသော ဘုရင်တစ်ပါး မဟုတ်ချေ။ မိမိကကော ပေါင်းသင်းဆက်ဆံရေးကောင်းသည်၊ လူအပေါင်းတို့၏အလိုကို သိတတ်သည်၊ စကားနှုတ်ရေးလိမ္မာသည်ဟူသော အားလုံးက ပေးအပ်သိမှတ် ပြဋ္ဌာန်းထားသည့် ဂုဏ်ပုဒ်များအကြားတွင် အာနန္ဒသည် အမျိုးဇာတ်အနွယ်ပေါင်းစုံတို့နှင့် ထိတွေ့ဆက်ဆံနေရ၏။ အစ်ကိုဖြစ်သူက မင်းဝတ် ကျေပွန်သောအခါ ညီဖြစ်သူကလည်း အမတ်ဝတ် ကျေပွန်ရပြန်သည်။

မင်းမျိုးမင်းနွယ်ဘဝ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ဘဝက နောင်ညီနှစ်ပါး မြက်ခင်းကုန်းမြင့် တောတောင်များဆီ လွတ်လပ်စွာ ခရီးလှည့်ရင်း

စကားတွေ တစ်ဝကြီးပြောခဲ့ကြရသည်ကို လွမ်းလိုက်ပါဘိသေးတော့သည်။ ယခုတော့ မိမိတို့သည် ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် တိုင်းပြည်ထီးနန်းကို စီမံခန့်ခွဲရသူ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများ ဖြစ်နေကြပေပြီ။

ထို့ကြောင့် နောင်တော်ဘာဖြစ်လို့လဲဟု မေးဖို့ အခွင့်မသာခဲ့။ သြော်....ကြီးကျယ်ခမ်းနားသောဘဝဆိုသည်ကား မိမိ၏ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အလိုဆန္ဒများကို စတေးပစ်လိုက်ရသော ဘဝပါတကား။

*　　　*　　　*

တစ်လ၊ နှစ်လ၊ သုံးလ။ ဥယျာဉ်တော်ထဲမှာ သူအိုကြီးနှင့်တွေ့လိုက်ရသော ဝါဆိုလပြည့်နေ့ညသည် တစ်စတစ်စ မေးမှိန်သွားခဲ့လေသည်။ ကပိလဝတ်နန်းတော်သည် ဘာမှမဖြစ်ခဲ့သလို ပြန်လည်စိုပြည် လှုပ်ရှားလာသည်။ နောင်တော်ဘုရင်မင်းမြတ်သည်လည်း ဟိုယခင်အတိုင်းပင် သွက်လက်ထက်မြက်စွာ နေထိုင်ရှင်သန်နေပြီဟု ကြားရသည်။

ထူးခြားစွာပင် နောင်တော် ဤသို့ပုံမှန်ဘဝ ပြန်ရောက်လာခြင်းကို အာနန္ဒ စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေ၏။ ကပိလဝတ်နန်းတော်၌ ကပွဲသဘင်များ အရင်ထက် ပိုများလာသည်။ အလှအပအတင့်အတယ် တန်ဆာဆင် မွမ်းမံမှုတွေကလည်း ပို၍ပေါလာသည်။ နောင်တော်သည် မဇ္ဈိမဒေသ၏ မည့်သည့်ဘုရင်မှ မကြုံဖူးသော စည်းစိမ်ချမ်းသာကို ခံစားပိုင်ဆိုင်နေရသည်။ ပျော်ရွှင်မှုကို နောင်တော်ပြန်လည်ရရှိနေပြီဟု ကြားရသောအခါ အာနန္ဒသည် တစ်ခုခုကို အလိုမကျသလို ခံစားရပြန်၏။မိမိဘာသာမိမိလည်း မကျေနပ်။ နောင်တော် ပျော်ရွှင်စွာစံစားနေရသည်ဆိုလျှင် မိမိလည်း စိတ်အေးချမ်းသာ ရှိသင့်သည်မဟုတ်လား။နောင်တော် အုံ့ပျမှိုင်းညို့နေလျှင် မိမိလည်း နောက်ကျိ ရီဝေသင့်သည်။ နောင်တော် ကြည်လင်နေလျှင် မိမိလည်း သက်သာပေါ့ပါးရမည်။ ယခု ထိုသို့မဟုတ်။ နောင်တော်

စိတ်လက် မချမ်းမမြေ့ရှိနေသည်ဟု ကြားခဲ့ရစဉ်က ထိုအပူငွေ့ မိမိထံ ဟပ်ခဲ့သည်ကား မှန်၏။

နေဝန်းကြီးကို ကွယ်ကာသော တိမ်မည်းညိုတို့ ကင်းစင်သွားခဲ့ပြီ။ နေဝန်းထွန်းပခဲ့သည်။ လောကသည် ပွင့်လင်းတောက်ပလာသည်။ ဤ လောကထဲတွင် မိမိ မပါဝင်ကြောင်း ထူးဆန်းစွာတွေ့ရသည်။ ဘာကြောင့် နည်း။ သိဒ္ဓတ္ထနှင့် အာနန္ဒတို့အကြားမှာ နီးကပ်သည့်ဆက်သွယ်စီးဆင်းမှု ရှိသည် မဟုတ်လား။

ထူးဆန်းသော အဖြစ်တစ်ခု ထွက်ပေါ်လာ၏။

'နောင်တော်သိဒ္ဓတ္ထဟာ တကယ်တမ်း ပြန်လည်ပျော်ရွှင်လာတာ ဟုတ်လို့လား၊ မဟုတ်နိုင်ဘူး။ အခိုက်အတန့်အားဖြင့် သူစိတ်ပြန်လည်သွား တာပဲ ဖြစ်ရမယ်။ ရင့်ကျက်နက်ရှိုင်းတဲ့ သူ့ဦးနှောက်နဲ့ နှလုံးသားဟာ သူလိုငါလို ဘဝတွေထဲမှာ တကယ်တမ်း ပျော်ရွှင်ချမ်းမြေ့မှုကို ရှာဖွေမှာ မဟုတ်ဘူး။ သူဟာ.... '

အာနန္ဒ အတွေးတွေ ရှုပ်ထွေးလာ၏။ နောင်တော် ချမ်းမြေ့ ပျော်ရွှင် စွာ စံစားနေရတာကို မိမိ သဘောမတွေ့နိုင်ဖူးလား။ နောင်တော်ဟာ တစ်စုံ တစ်ခုကြောင့် ထိတ်လန့်တုန်လှုပ်နေရမှာတဲ့လား။ နောင်တော် တွေဝေ ငေးငိုင်နေတာကိုပဲ ငါမြင်ချင်တာလား။

ကပိလဝတ်နန်းတော်သည် အလိုအလျောက် လည်ပတ်သော ယန္တရားကြီးတစ်ခုပမာ လှုပ်ရှားမြဲ လှုပ်ရှားနေလျက်။ ထိုအထဲတွင် အာနန္ဒ ဟူသော စက်သီးဘီးဝန်းကလေး တစ်ခုကမူ နေသားမကျဘဲ ဖြစ်နေလေ သည်။

# အခန်း ၁၇

လည်ပတ်နေသော ယန္တရားစက်ကြီး တုံ့ခနဲ တစ်ချက်ရပ်သွား၏။

နောင်တော်၏ မြင်းရထားကို မောင်းသော ရထားထိန်းသည် အထိတ်ထိတ်အလန့်လန့်ဖြင့် ရှင်းပြနေသည်။

“သူ့တစ်ကိုယ်လုံး အိုင်းအနာတွေနဲ့ ပြည့်နှက်နေတယ်။ သွေး ပြည် သလိပ်တွေ ရွဲရွဲယို စီးကျနေတယ်။ ကျင်ကြီးကျင်ငယ်တွေ အလိမ်းလိမ်း ကပ်နေတာကိုလဲ သူ့ဟာသူ မသုတ်သင်နိုင်ဘူး။ ပက်လက်လှန်လျက်၊ မှောက်လျက်၊ စောင်းလျက်၊ ဘယ်အနေအထားနဲ့မှ သူ ခဏလေးမျှ မနေနိုင်သလို လူးလိမ့်နေတယ်။ ညည်းတွားအော်ဟစ်နေတဲ့ အသံကလဲ လူတစ်ယောက်နဲ့တောင် မတူတော့ဘူး။ သားရဲတိရစ္ဆာန်တစ်ကောင် အသံမျိုး ထွက်နေတယ်။ အဲဒီသူနာကြီးဟာ ဘုရင်မင်းမြတ်ရဲ့ ရထားရှေ့တည့်တည့် ဥယျာဉ်တော်လမ်းမပေါ်မှာ ပုံပျက်ပန်းပျက် လဲလျောင်းလို့။

နန်းတော်တစ်ခုလုံး ထိတ်လန့်ခြင်း၊စက်ဆုပ်ခြင်း၊ ရွံရှာခြင်းများဖြင့် သိမ့်သိမ့်တုန်သွားသည်။

"ဟို.... တစ်ခါကလိုပါပဲ အရှင်တို့။ ကျွန်တော်မျိုးဟာ ဘာကြောင့် ဒီသူနာကြီးအကြောင်းကို လုံးစေ့ပတ်စေ့ ရှင်းပြခဲ့မိလဲ မသိပါဘူး။ ဘုရင်မင်းမြတ်မေးတော်မူတဲ့အခါမှာ ကျွန်တော်မျိုး သေသေချာချာကြီးကို ဖြေခဲ့မိပါတယ်။ သူတစ်ပါး ထူမှ သိပ်မှ၊ ထနိုင် အိပ်နိုင်သူ၊ မိမိရဲ့ ကျင်ကြီးကျင်ငယ်တို့မှာ နစ်ကာသာ လဲ့လျောင်းနေရသူ၊မခံမရပ်သာ တစာစာအော်ဟစ်နေသူ၊ အဲဒီသူနာကြီးဟာ စွဲကပ်နေတဲ့ဝေဒနာကနေ ထသည်လည်း မသိရ၊ မထသည်လည်းမသိရ၊ နာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သူဖြစ်ကြောင်း ဘုရင်မင်းမြတ်ရော၊ သူခပ်သိမ်းတို့ပါ ဤနာဖျားခြင်းသဘောကို မလွန်မြောက်နိုင်သူများချည်း ဖြစ်ကြကြောင်း လျှောက်ထားဖြေဆိုခဲ့ပါတယ်"

သူနာကြီးကို တွေ့မြင်ရာအရပ်မှာပင် ရထားကို ပြန်လှည့်မောင်းစေခဲ့သည်ဟုဆို၏။ ဘုရင်မင်းမြတ်သည် တုန်လှုပ်ခြင်းများဖြင့် ငြိမ်သက်သွား ခဲ့သည်ဟုလည်းဆို၏။

ကပိလဝတ်နန်းတော်တွင်း အစောင့်အကြပ်များ ပိုမိုထူထပ်စွာ နှစ်ဆတိုးချထားတော့မည်ဖြစ်ကြောင်း အာနန္ဒ သိလိုက်သည်။ သူအိုကြီးကို မြင်တွေ့ပြီးနောက် လေးလလွန်မြောက်ချိန်တွင် တွေ့ရသော သူနာကြီး။

သည်တစ်ခါတော့အာနန္ဒသည် ဘကြီးတော်မင်းတရား၏နန်းတော်ထဲမှာပင် အခြားသူများနှင့် ဝိုင်းဖွဲ့စကားပြောဆိုဖြစ်လေသည်။ မင်းတရားကြီးမှာကား သူ့သားတော်အတွက် စိုးရိမ်စိတ်ကြီးစွာဖြင့် နောက်ထပ်ပိတ်ဆို့မှု အစီအမံများချမှတ်ရန် မှူးမတ်များနှင့် တိုင်ပင်ဆွေးနွေးနေ၏။

အာနန္ဒသည် မဟာနာမ်မင်းသားကြီးနှင့် အနုရုဒ္ဓါမင်းသားတို့ ညီနောင်နှစ်ပါး၊ တိဿမင်းသား၊ နန္ဒမင်းသားတို့နှင့် စကားပြောရင်း ကျန်ရစ်ခဲ့သည်။ မိမိတို့အားလုံးပင် တစ်ဝမ်းကွဲညီနောင်များ ဖြစ်ကြသဖြင့် ဆွေမျိုးစုစကားဝိုင်းဖြစ်သွားသည်။ယခုအခါ ရာထူးဌာနန္တရကြီးတစ်ခုဖြင့်သိုက်မြိုက်

ခံ့ညားနေပြီဖြစ်သည့် ဥဒါယီလည်း စကားဝိုင်းထဲ ပါလာ၏။

"မင်း ဘယ်လိုထင်သလဲ အာနန္ဒ၊ မင်းက ညီတော်မင်းမြတ်နဲ့ အနီး ကပ်ဆုံးဆိုတော့ မင်းအထင်နဲ့အမြင်က အရေးကြီးတယ်"

ညီအစ်ကိုများတွင် အသက်အကြီးဆုံးဖြစ်သော မဟာနာမ် ကိုယ်တော်ကြီးက မေးသည်။

"ညီတော်ရဲ့အမြင်ကိုပြောရရင်တော့ နောင်တော်သိဒ္ဓတ္ထဟာ သူနာ ကြီးကို ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့လိုက်ရတဲ့အတွက် အကြီးအကျယ် တုန်လှုပ်သွားခဲ့တယ်။ ဒါပေမယ့် ကိုယ်တိုင်မမြင်ရဘဲ တစ်ဆင့်စကားနဲ့ ကြားရပြီး တုန်လှုပ်ကြရတဲ့ ကျွန်တော်တို့လောက် နောင်တော်ဟာ ဆောက် တည်ရာမရ ဖြစ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"ဟု အကြောက် မပြေသေးဟန်ဖြင့် အနုရုဒ္ဓါ မင်းသားက မေး၏။

အနုရုဒ္ဓါ၏ ချောမွေ့နုနယ်သော မျက်နှာပြင်မှာ ဖြူလျော်နေပြီး မျက်လုံးများမှာလည်း ကြောက်စိတ်ဖြင့် ဝိုင်းနေသည်။

"ဘာဖြစ်လို့လဲဆိုတော့၊ နောင်တော်က ပကတိမျက်စိနဲ့ တွေ့မြင်ရတဲ့အရာကို ကျော်လွန်ပြီး ဉာဏ်မျက်စိနဲ့ မျှော်ခေါ်ကြည့်တတ်လို့ပဲ"

"ဘာကို ဆိုလိုတာလဲ၊ ကျုပ် နားမလည်ဘူး"

အမိတာ၏သားတော် တိဿက မျက်မှောင်ကုပ်၍ ဆိုသည်။

တိဿသည် စိတ်တိုစိတ်ရှုပ်နေဟန် ရှိလေသည်။

"ဆိုလိုတာက ဥပမာ၊ ကေသရာဇာ ခြင်္သေ့တို့မည်သည် မြားပစ် ခံရတဲ့အခါ မြားကို အဓိကထား မပယ်ရှားဘူး။ မြားလာခြင်းရဲ့အကြောင်း ရင်းဖြစ်တဲ့ မြားပစ်သူ ရန်သူမုဆိုးကိုသာ တွေ့အောင်ရှာပြီး ပယ်ရှားကြ သလိုပဲ နောင်တော်က သူနာကြီးထံမှာ သူတွေ့လိုက်တဲ့ ဗျာဓိနာခြင်းရဲ့ အကြောင်းတရားကို ထင်ရှားဆင်ခြင် သိမြင်နိုင်တဲ့ဉာဏ်မျိုးနဲ့ အကြောင်း

တရားကို သူသုံးသပ်မှာ မုချပဲ"

"သူ အဲဒီလိုသုံးသပ်မယ်လို့ နောင်တော်ပြောနိုင်သလား"

နန္ဒမင်းသားက ဝင်မေးသည်။

"ပြောနိုင်တယ်၊ နောင်တော်ဟာ ကြောင်းကျိုးဆက်စပ်မှုကို သိပ်စိတ်ဝင်စားတဲ့ တွေးခေါ်မြော်မြင်ကျင့် ရှိတယ်။ ကြီးကျယ်တဲ့ ဉာဏ်ရှိသူတွေဟာ အကျိုးတစ်ခုခုပေါ်လာတိုင်း အကျိုးတရားကို အရေးယူဆောင်ရွက်ဖို့ထက် အဲဒီအကျိုးတရား ဘာကြောင့်ဖြစ်လာသလဲဆိုတဲ့ အကြောင်းတရားကိုသာ လိုက်လံရှာဖွေလေ့ ရှိကြတယ်။ လိုက်လံရှာဖွေပြီး တွေ့ရှိတဲ့အခါမှ အကျိုးတရား မပေါ်ပေါက်ရအောင် သို့တည်းမဟုတ် ပေါ်ပေါက်လာရအောင် အကြောင်းတရားကို ပြုပြင် ဖန်တီးကြတယ်။ ဒါ ကျွန်တော်ကိုယ်တိုင် နောင်တော့်ဆီက သိရတဲ့ သဘောတစ်ခုပဲ"

"ဒါဖြင့်ရင် ဒီသူနာကြီး ဥယျာဉ်တော်လမ်းမပေါ် ဘယ်လိုရောက်လာသလဲ၊ ဘာကြောင့် ရောက်လာသလဲဆိုတာကို နောင်တော်သိဒ္ဓတ္ထ လိုက်ရှာတော့မှာပေါ့၊ ဟုတ်လား"

အနုရုဒ္ဓါက စိတ်အားထက်သန်စွာ မေး၏။

"မဟုတ်ဘူး"

အာနန္ဒ ပိုင်နိုင်စွာ ဖြေလိုက်သည်။

"သူနာကြီးဆိုတဲ့ မြင်သာ ထင်သာတဲ့ အကျိုးတရားကို လွန်ပြီး နာခြင်းဆိုတဲ့ အကျိုးတရားရဲ့ အကြောင်းကိုသာ သူရှာမှာဖြစ်တယ်"

"အဲဒီအကြောင်းတရားက ဘာလဲ"

"အို.... အနုရုဒ္ဓါ၊ မင်းကလဲ နာခြင်း ဘာကြောင့် ဖြစ်သလဲ"

"ဝေဒနာတစ်ခုခု စွဲကပ်လို့ပေါ့၊ ဆေးဝါး မကုသနိုင်လို့ပေါ့၊ ပိုပြီး ပြင်းထန်တဲ့ အခြားရောဂါတွေ ဝင်လာလို့ပေါ့"

တိဿက စိတ်မရှည်စွာပြော၏။သူသည် သူနာဆိုသော အကြောင်း

အရာကို ဆွေးနွေးရင်း ရှုံ့ရှာနေဟန်တူသည်။

"မဟုတ်သေးဘူး။ နောင်တော် သိဒ္ဓတ္ထဟာ အဲဒါတွေထက် လေးနက်တာ တစ်ခုခုကို ရှာဖွေလိမ့်မယ်"

"အင်း.... အာနန္ဒ ပြောတာ ဖြစ်နိုင်ပါတယ်"

"အဲဒီ လေးနက်တာ တစ်ခုခု ဆိုတာကကော ဘာဖြစ်မလဲ"

မဟာနာမ်ကိုယ်တော်ကြီးက တွေးတွေးဆဆပြော၏။

ဥဒါယီသည် တစ်ချိန်လုံး ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာကာ၊

"အရှင်တို့၊ ကိုယ်တော်တို့၊ ကျွန်တော်တို့ ထောက်မမီနိုင်တဲ့ အရာကို စဉ်းစားနေမယ့်အစား ဘုရင်မင်းမြတ်ဆီ ဝင်တွေ့မေးလျှောက်လိုက်ရင် မကောင်းဖူးလား၊ ဘုရင်မင်းမြတ် စိတ်နှလုံး မကြည်မလင်ဖြစ်နေတာလဲ သက်သာလျှော့ပါးသွားစေတာပေါ့"

မဟာနာမ်မင်းသားကြီးက ခေါင်းညိတ်သည်။ အာနန္ဒလည်း သဘောကျသွား၏။ နောင်တော်နှင့် ယခုအချိန် တွေ့ချင်နေသည်။

သို့သော် ဘုရင်မင်းမြတ်ကို တွေ့ခွင့်မရ။

'ကိုယ်တော်အရှင်ဟာ စက်ရာခန်း လေသာဆောင် ပြာသာဒ်ဘုံ အမြင့်မှာ တစ်ကိုယ်တည်း စံမြန်းနေပါတယ်။ ဒေဝီယသော်ဓရာသော်မှ အနီးအနားမလာရ၊ ဘယ်သူမှလဲ အခစားမဝင်ရလို့ အမိန့်တော်ရှိပါတယ်'

ဟူသော တားမြစ်ပိတ်ပင်ချက်နှင့် ကြုံကြရ၏။

နောင်တော်ကို တွေ့မြင်ချင်လှသော်လည်း ယခုအချိန်မျိုးတွင် နောင်တော် တစ်ကိုယ်တည်း စံနေခြင်းကို အာနန္ဒ လိုလားနေ၏။ မိမိ၏ အလိုဆန္ဒမပြည့်ဝသည့်ကြားမှပင် နောင်တော်အတွက် နှစ်ထောင်းအားရ ဖြစ်နေမိလေသည်။

* * *

ကပိလဝတ်နန်းတော်သည် ထိတ်လန့်စိုးရိမ်ခြင်း တည်းဟူသော အချိန်ကာလဝတ်ရုံကို လွှမ်းခြုံလျက်ပင်။ လေးလမျှသောကာလကို ဖြတ်သန်းလာခဲ့၏။ နောင်တော်သိဒ္ဓတ္ထ၏ နန်းဆောင်ဆီမှ နေ့ညဥ့်မစဲ ထွက်ပေါ်နေသည့် တေးဆိုသံ၊ သဘင်ပွဲကျင်းပသံများကို အာနန္ဒ ကြားနေရသည်။ ဘကြီးတော်မင်းတရား၏ အစီအမံဖြင့် မောင်းမမိဿံများလည်း နောင်တော့်နန်းဆောင်တွင် ပိုမိုများပြားစွာ ခစားဝန်းရံနေကြသည်။

သို့သော် ထိုအတားအဆီး အကာအရံများသည် အချည်းနှီးသာ ဖြစ်လိမ့်မည်ဟု အာနန္ဒယုံကြည်နေသည်။ မိုးကြိုးသွားကို ရွှေဇာပုဝါဖြင့် ခုခံကာကွယ်ထားခြင်းမျိုးသာ ဖြစ်လိမ့်မည်။ သူနာကြီး ပေါ်ပေါက်လာပြီးလျှင် နောက်ထပ် ထိတ်လန့်စက်ဆုပ်ဖွယ် တစ်ခုခု ထပ်မံပေါ်ပေါက်လာလိမ့်ဦးမည်ဟု အာနန္ဒ တွေးမိသည်။

နောင်တော် သိဒ္ဓတ္ထကိုယ်တိုင်ကော ထိုသို့မျှော်လင့်နေမည်လား။ အာနန္ဒ မပြောနိုင်ချေ။ ဆန္န၏ သတင်းပေးပို့ချက်အရ နောင်တော်သည် ပေါ့ပါးသွက်လက်စွာ ပျော်ရွှင်စံပယ်နေသည်ဟု ဆို၏။ အာနန္ဒ ဤသတင်းကို မယုံနိုင်ပေ။ပြုံးရယ်နေသောမျက်နှာ၏နောက်ကွယ်တွင် အုံ့မှိုင်းနေသော နှလုံးသားရှိရမည်ဟု အာနန္ဒ တစ်ထစ်ချယုံထား၏။ ထိုအုံ့မှိုင်းနေသော နှလုံးသားသည် မိုးသားတိမ်လိပ်များ ပြည့်လျှမ်းနေသော ကောင်းကင်တစ်ခုနှယ်။ တစ်ချိန်သောအခါတွင် မိုးသီးမိုးပေါက်များလို အလုံးအရင်းဖြင့် သွန်းကြဲ ဈွေဖြိုးလိမ့်မည်ဟုလည်း တွက်ထား၏။

အချိန်ကာလ လေးလ လွန်မြောက်ခဲ့ပြန်သည်။

*　　　*　　　*

ကပိလဝတ်နန်းတော်ကြီး ကျိန်စာသင့်ပြီဟု ပြောကြ၏။ တတိယအကြိမ် ပေါ်ပေါက်လာသည့်ဖြစ်ရပ်ကား ဘကြီးတော်မင်းတရားကြီး၏ လုံခြုံစေ့စပ်

လွန်းသော အကာအရံ၊ အဆီးအတားများကို အရှိုက်ထိုးလိုက်ခြင်းပင် ဖြစ်လေသည်။

နောင်တော် သိဒ္ဓတ္ထသည် မြင်းရထားဖြင့် ဥယျာဉ်တော်သို့ ထွက်ခဲ့ပြန်သည်။ လမ်းခရီးအကြားတွင် တွေ့လိုက်ရသည်ကား လူပေါင်းများစွာ စုရုံးစည်းဝေးနေသော မြင်ကွင်းပင်ဖြစ်၏။ ထိုလူတွေအားလုံး၏ တူညီချက်ကား ငိုကြွေးမြည်တမ်းနေကြခြင်းဖြစ်သည်။ သူတို့သည် ထမ်းစင်တစ်ခုကို ဝိုင်းအုံနေကြသည်။ ဆိုးရည်ရောင်စုံတို့ဖြင့် ထပ်ဆိုးသည့် အဝတ်အထည်ပိုင်းများကို ကိုင်ဆောင်ကာ ထမ်းစင်ပေါ်ရှိ 'တစ်စုံတစ်ခု'ကို ပြုပြင်စီမံနေကြသည်။ ယောကျ်ားများက ဆိုးရည်ချည်စပိုင်းများဖြင့် ထိုအရာကို ရစ်ပတ်နေကြစဉ် မိန်းမများက ထမ်းစင်ကို ဝန်းရံကွေ့ပတ်လျက်၊ ဦးခေါင်းဖြင့်တိုက်လျက်၊ ကိုယ်ကို ပစ်လှဲလျက် သည်းထန်စွာ ငိုကြွေးနေကြ၏။ အချို့သည် ငိုကြွေးရင်း သတိလစ်ကာ တက်သွားကြ၏။

နောင်တော်က ဘာကြောင့် ထိုသူများ ထမ်းစင်တစ်ခုကို ဝိုင်းအုံကာ အော်ဟစ်ငိုကြွေးနေကြသနည်းဟု ရထားထိန်းအား မေးသည်။ စင်စစ်ထမ်းစင်ကိုသာ နောင်တော် မြင်ဖူးသောကြောင့် ဖြစ်၏။ ထိုထမ်းစင်သည် လူသေအလောင်း၏ စင်တစ်ခုဖြစ်ကြောင်း နောင်တော် မသိ။

ရထားထိန်းက ထိုအရာသည် လူသေတင်သည့် အလောင်းစင်ဖြစ်ကြောင်း လျှောက်ထားသောအခါ နောင်တော်က အလောင်းစင်ဆိုသည့် အရာအနီးသို့ ရထားကို မောင်းခိုင်းခဲ့၏။ အလောင်းစင်ပေါ်မှ လူသေကို နောင်တော် အနီးကပ်ကြည့်ရှုခဲ့၏။ သွေးရောင်မရှိတော့သည့် ဖြူလျော်သော မျက်နှာ၊ ခြေလက်ပွင့်ဟကာ သွားအချို့ပေါ်နေသော ပါးစပ်၊ ထမ်းစင်လှုပ်လေတိုင်း တလှုပ်လှုပ်ဖြစ်နေသော ခြေလက်များ၊ ဖွာရရာကြဲ၍ သွေ့ခြောက်နေသော ဆံပင်များ၊ အစိမ်းပုပ်ရောင် ပွယောင်းယောင်းဖြင့် အနည်းငယ်လန်တက်နေသော နှာခေါင်း၊နားရွက်ပေါက်မှ ညိုမြည်းသော သွေးစအချို့

စီးကျကာ စီးကျရာအတိုင်း ခြောက်ကပ်လျက်။

"ဒီလူသေဟာ ဘာသဘောရှိသလဲ"ဟု နောင်တော်မေးခဲ့သည် ဆို၏။ ရထားထိန်း၏ အဖြေမှာရှင်းသည်။ လူသေဟူသည် နောင် ဘယ်သောအခါမှ မိဘ ဆွေမျိုးသားချင်းများကို မြင်တွေ့ရတော့မည်မဟုတ်ပါ။ သူက မြင်တွေ့ရတော့မည်မဟုတ်သလို မိဘဆွေမျိုးသားချင်းများကလည်း သူ့ကို မြင်တွေ့ကြရတော့မည် မဟုတ်ပါ။ လူသေသည် မြင်လည်း မမြင်နိုင်တော့။ ကြားလည်း မကြားနိုင်တော့။ ဘာတစ်ခုမျှလည်း မပြုနိုင်တော့ဟု လျှောက်ကြားခဲ့၏။

နောင်တော်က ထပ်မေးခဲ့သည်။ "ငါကော လူသေဖြစ်ဦးမှာလား။ သေခြင်းဆိုတာကို မလွန်မြောက်နိုင်သူ ဖြစ်မှာလား။ ငါနဲ့ငါ့မိဘ ဆွေမျိုးသားချင်းများ အကြားမှာကော ဒီလိုပဲ မမြင်တွေ့နိုင်ကြတော့တဲ့ ကွဲကွာခြင်းမျိုးကြုံရမှာလား"

ထိုသို့ပင် မုချ မလွဲမသွေဖြစ်ရမည်ဟု ရထားထိန်းက အဖြေပေးခဲ့သည်။ နောင်တော် ဆက်မမေးတော့ဘဲ "ရထားကို ပြန်လှည့်"ဟု အမိန့်ပေးခဲ့၏။ ဥယျာဉ်တော်ကို နောင်တော် ကျောခိုင်းခဲ့သည်။ သို့သော် နောင်တော်သိဒ္ဓတ္ထ၏စိတ်အစဉ်ဝယ် လူသေအလောင်း၊ အလောင်းစင်၊ ငိုကြွေးဝိုင်းအုံနေသော လူများ၏ရုပ်သဏ္ဍာန်က မပျောက်မပျက် လိုက်ပါတွယ်ကပ်လာခဲ့ကြောင်း အာနန္ဒ တွေးဆမိ၏။ ကပိလဝတ် နန်းတော်ကြီး တစ်ခုလုံးကား စုလစ်မွန်းချွန် ပြာသာဒ်ထိပ်ဖျားကို လျှပ်စစ်မိုးကြိုး ပစ်ခွင်းလိုက်သလို အုန်းအုန်းထသွားလေသည်။ ထိတ်လန့်ခြင်းက နန်းတွင်းရှိ မှူးမတ်စစ်သည် အပေါင်းတို့၏မျက်နှာပေါ်တွင် ဖုံးမရ ဖိမရ ပေါ်လွင်နေသည်။ အခြေအနေကား တစ်ဆင့်ထက်တစ်ဆင့် ဆိုးရွားလာချေပြီ။ ပထမသူအိုကြီး၊ ဒုတိယသူနာကြီး၊ ယခု အလောင်းစင်နှင့်သူသေ။

အာနန္ဒသည် နောင်တော်သိဒ္ဓတ္ထကိုတွေ့ခွင့်ရဖို့ ကြိုးစားသော်လည်း

ယသော်ဓရာဒေဝီနှင့်သာ တွေ့ခွင့်ရခဲ့၏။

"အာနန္ဒ၊ သင်တို့ရဲ့အရှင်ဟာ သူ့ကိုယ်သူ ထုထပ်သိပ်သည်းလှတဲ့ ကွန်ခြာ ကန့်လန့်ကာကြီးတစ်ခုအတွင်းမှာ နေရာချထားလိုက်ပြီ။ ဒေဝီကို တောင် တွေ့ခွင့်မပေးတော့ဘူး"

"ဘယ်လို ကွန်ခြာ ကန့်လန့်ကာမျိုးမို့လဲ ဒေဝီ"

"အတွေးကွန်ခြာ ကန့်လန့်ကာ။ အဲဒါဟာ သိပ်ကိုထူထဲလွန်းတယ်။ သူဟာ နေ့နေ့ညည့်ညဉ့် အချိန်ပေါင်းများစွာ တစ်ကိုယ်တည်းပဲ တိတ်ဆိတ်စွာ စံနေတယ်။သူ့ကိုယ်သူတောင် ရှိတယ်လို့ ထင်ပါရဲ့လားမသိဘူး။ ဒေဝီနဲ့တကွ အားလုံးသော ရံရွေတော်တွေအားလုံးကိုလည်း သူမမြင်ဘူး။ အသံတွေကို မကြားဘူး။ သူ့ကိုကြည့်ရတာ ဟိုးအဝေးကြီးကို ခရီးနှင်နေသလိုပဲ"

"အလောင်းစင်ပေါ်က လူနဲ့ပတ်သက်ပြီး သူက ဒေဝီကို တစ်ခုခု မပြောဖူးလား ဒေဝီယသော်ဓရာ" အာနန္ဒ အရဲစွန့်မေးလိုက်၏။ ဤစကားလုံးများကြောင့် ယသော်ဓရာသခင်မ စိတ်အနှောင့်အယှက်ဖြစ်မည်ကို သိသော်လည်း နောင်တော့်အကြောင်းကို သိလိုစိတ်ကသာ လွှမ်းမိုးနေသည်။

"ဟင့်အင်း.... အလောင်းစင်ပေါ်က လူသေအကြောင်းကိုတော့ မပြောဘူး။ ဒါပေမယ့် ဥယျာဉ်တော်ကပြန်လာတဲ့ ညနေမှာတော့ သူ တစ်ခု ပြောတယ်။ အဲဒီစကားတစ်ခွန်း ပြောပြီးကတည်းက သူနှုတ်ဆိတ်ငြိမ်သက်သွားတာပဲ၊ အာနန္ဒ"

"ဟုတ်လား၊ နောင်တော် ဘယ်လိုပြောသလဲ ဒေဝီ"

ယသော်ဓရာ၏အမူအရာလည်း လေးနက် တည်ငြိမ်သွား၏။ နောင်တော့်စကားကို ပြန်ကြားဖို့အတွက် ယသော်ဓရာသည်လည်း ဤသို့ပင် ဖြစ်ရချိမ့်မည်။

"သူပြောတာက အိုမင်းရင့်ရော်မှု၊ နာဖျားမှု၊ သေဆုံးမှုတွေ ဘာကြောင့်ပေါ်ပေါက်လာတယ်လို့ မင်းထင်သလဲ ယသော်ဓရာတဲ့။ အဲဒါတွေ

အားလုံးဟာ ပဋိသန္ဓေတည်နေမှုက စတင်တာပဲ။ ဇာတိသဘော ထင်ရှားရှိနေသမျှ အိုမင်းခြင်း၊ နာဖျားခြင်း၊ သေဆုံးခြင်းတွေလဲ ထင်ရှားရှိနေမှာပဲတဲ့။ အဲဒီလို မိန့်တော်မူပြီး သူဟာ စကားမပြောတတ်တဲ့လူလို လုံးဝနှုတ်ဆိတ်သွားခဲ့တော့တယ်”

နန်းတော်တစ်ခုလုံး အလောင်းစင်ပေါ်မှ လူသေရုပ်အလောင်းနှင့် ငိုကြွေးဝိုင်းအုံနေသူများအကြောင်းကို သဲသဲလှုပ် ပြောနေကြချိန်ဝယ် နောင်တော်သည် တိတ်ဆိတ်စွာဖြင့် မရဏတရား၏ ကြောင်းကျိုးဆက်နွယ်မှု အတွေးချောက်ကမ်းပါးကြီးထဲ၌ သူ့ကိုယ်သူ နှစ်မြှုပ်ထားချေသည်။ ဘကြီးတော်မင်းတရားကား သူ၏အမတ်များ၊ ဗိုလ်များနှင့် တိုင်ပင်နေ၏။ ဒီလောက် ဆိုးရွားပြင်းထန်လှတဲ့ အဖြစ်မျိုးကြုံပြီးရင် နောက်ထပ် ဘယ်လို အရာမျိုး ဖြစ်ပေါ်လာနိုင်သေးသလဲ။ ဤအချက်ကို မှူးမတ်ပညာရှိတို့ ဝိုင်းဝန်း ဆွေးနွေးနေကြ၏။

ပိုမိုထူထပ်လုံခြုံသော အစီအမံများလည်း ပေါ်ပေါက်လာ၏။

ကပိလဝတ်နန်းတော်ကြီးသည် အဆင့်ဆင့်သော လုံခြုံမှုအစီအမံများဖြင့် နန်းတော်တစ်ခုနှင့် မတူတော့ဘဲ အကျဉ်းထောင်ကြီးတစ်ခုနှင့် ပိုတူလာတော့သည်ဟု အာနန္ဒ တွေးမိ၏။ သို့သော် ‘အကျဉ်းသား’ဟူသည် ‘လွတ်မြောက်ရေး’ကိုသာ ရှေးရှု အားထုတ်ပေလိမ့်မည်။

နောင်တော်သိဒ္ဓတ္ထသည် ကပိလဝတ်ပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်သလို တစ်စုံတစ်ခု၏ အကျဉ်းသားဖြစ်နေပြီဟု အာနန္ဒမြင်၏။ အကျဉ်းသား လွတ်မြောက်ပါစေဟု အာနန္ဒ ဆုတောင်းလိုက်သည်။ ဘယ်ပုံ လွတ်မြောက်မည်ကိုတော့ မသိနိုင်ပါချေ။

# အခန်း ၁၈

"ဆံ၊ မုတ်ဆိတ်တို့ကို ပယ်ရှား၊ ဦးပြည်းခေါင်းတုံးနဲ့ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ဆင်ထားတဲ့ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူလဲ"

"မင်းမြတ်၊ သူဟာ ရဟန်းဖြစ်ပါတယ်"

"ရဟန်းဆိုတာ ဘာလဲ၊ ရဟန်းရဲ့သဘောက ဘယ်သို့လဲ"

"ရဟန်းဆိုတာက လူ့ဘဝ၊ လူ့အဖြစ်မှ လွတ်မြောက်လာသူ ဖြစ်ပါတယ် မင်းမြတ်။ တရားနဲ့ညီသောကုသိုလ် ကမ္မပထတရားဆယ်ပါး၊ အပြစ်ကင်းသော၊ ဖြူစင်သောကုသိုလ် ကမ္မပထတရားဆယ်ပါးတို့ကို ကျင့်ကြံအားထုတ်ခြင်းဟာ ကောင်းလှပေတယ်လို့ နှလုံးသွင်းကာ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ဆင်ခဲ့သူလည်း ဖြစ်ပါတယ် မင်းမြတ်"

အလောင်းစင်ပေါ်မှ လူသေကို တွေ့ကြုံပြီး လေးလအလွန်တွင် စတုတ္ထမြောက် တွေ့ကြုံရသောအဖြစ်။ နောင်တော်သိဒ္ဓတ္ထနှင့် ရထားထိန်းတို့၏ အမေးအဖြေကို အာနန္ဒ တစ်ဆင့် ကြားသိရလေသည်။

ထူးခြားမှုကား ယခင် သူအိုကြီး၊ သူနာကြီးနှင့် လူသေအလောင်း

တို့ကို တွေ့ရစဉ်က ညှိုးငယ်သောမျက်နှာဖြင့် "ရထားကို ပြန်လှည့်တော့" ဟု အမိန့်ပေးခဲ့သော နောင်တော်သည် ယခုအကြိမ်တွင် "ရဟန်းရှိရာကို မောင်းစမ်း"ဟု အမိန့်ပေးလိုက်ခြင်းပင် ဖြစ်၏။

ရထားထိန်းက သိဒ္ဓတ္ထအရှင်နှင့် ရဟန်းတို့ တွေ့ဆုံစကားဆိုကြပုံကို ဖောက်သည်ချနေသည်။

"ရဟန်းရှိရာကို ရောက်တဲ့အခါမှာ ဘုရင်မင်းမြတ်က 'သင် ဘယ်အမှုကိုပြုနေပါသလဲ။ သင့်ရဲ့ဦးခေါင်းနဲ့ အဝတ်များဟာ အခြားသူများနဲ့ မတူပါလား'လို့ မေးတော်မူပါတယ်။ ရဟန်းက သူ ရဟန်းဖြစ်ကြောင်းဖြေဆိုတော့၊ 'ရဟန်းဆိုတာ ဘာကိုဆိုလိုပါသလဲ'လို့ မင်းမြတ် မေးပြန်ပါတယ်။ ဒီအခါမှာ ရဟန်းက 'ကျွန်ုပ် ရဟန်းဟူသည် တရားနှင့်ညီညွတ်သောကြောင့် သမဟူ၍ လည်းကောင်း၊ တရားသောကြောင့် ဓမ္မဟူ၍လည်းကောင်း၊ အပြစ်ကင်းသောကြောင့် ကုသလဟူ၍လည်းကောင်း၊ အကြောင်းအကျိုး နှစ်မျိုးစလုံးပင် ဖြူစင်သောကြောင့် ပုညဟူ၍လည်းကောင်း၊ ဂုဏ်ထူးဝိသေသလေးပါးတို့ဖြင့် ခေါ်ဆိုရသည့်၊ ကုသိုလ် ကမ္မပထတရားဆယ်ပါးတို့ဖြင့် ခေါ်ဆိုရသည့် ကမ္မပထတရားဆယ်ပါးတို့ကို ကျင့်ကြံခြင်းသည် ကောင်းမြတ်လှပေ၏။ သတ္တဝါတို့ကို မညှင်းဆဲခြင်း၊ သတ္တဝါတို့အား အကျိုးဖြစ်ထွန်းအောင် စောင့်ရှောက်ခြင်းသည် ကောင်းမြတ်လှပေ၏ဟု နှလုံးသွင်း၍ ဆံ၊ မုတ်ဆိတ်တို့ကို ပယ်ရှင်း၊ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ဆင်ကာ၊ အိမ်ရာတည်ထောင် လူ့ဘောင်မှလွတ်အောင် ကျင့်ဆောင် ထွက်မြောက်ခဲ့သူ ဖြစ်တယ်'လို့ ဖြေဆိုပါတယ်"

"အဲဒီအခါမှာ ဘုရင်မင်းမြတ်က ဘာပြန်မိန့်သလဲ"

"'အသင်ဟာ စင်စစ်ကေန် ချီးမွမ်းအပ်၊ ကောင်းမြတ်လှသူပါပဲ'လို့ ချီးမွမ်းစကား ဆိုတော်မူပါတယ်။ အဲဒီနောက်မှာ ဥယျာဉ်တော်ဆီကို ရထားမောင်းလို့ ကျွန်တော်မျိုးကို အမိန့်ပေးပါတယ်"

အာနန္ဒသည် ရထားထိန်းထံမှ ကြားခဲ့ရသော စကားအသွားအလာများကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်နေမိ၏။

ထူးခြားမှုများကတော့ ဧကန်ဧက ထင်ရှားပေါ်လာကြပြီ။

'ရဟန်း'တဲ့။ ကပိလဝတ်နေပြည်တော်တစ်ခွင်တွင် လှည့်လည်နေကြသော ဗြဟ္မဏများ၊ ယောဂအကျင့် ကျင့်ကြံကြသော ရသေ့ကြီးများကို အာနန္ဒလည်း ကောင်းစွာတွေ့ဖူး၏။ ရထားထိန်းပြောပြသော ရဟန်းကို အာနန္ဒကောင်းစွာမသိ။ထို့ထက်မူ ရထားထိန်းလည်း သာမန်အမှုတော်ထမ်းတစ်ဦးမျှသာဖြစ်ပါလျက် အဘယ်ကြောင့် နောင်တော်သိဒ္ဓတ္ထ မေးမြန်းသောအခါ ရဟန်းအကြောင်းကို ဂုဏ်ကျေးဇူးများ ဖွင့်ဆို ပြောကြားနိုင်သနည်း။

နောင်တော်သည် သူအိုကြီး၊ သူနာကြီးနှင့် လူသေတို့ကိုတွေ့မြင်ပြီးနောက် ဥယျာဉ်တော်သို့ ဆက်မသွားတော့ဘဲ ပြန်လည်ဆုတ်နစ်ခဲ့သည်။ ယခုရဟန်းနှင့်တွေ့ပြီးနောက်တွင် ဥယျာဉ်တော်သို့ ဆက်လက်ထွက်စံခဲ့သည်။ နောင်တော်၏ အပြုအမူ ထူးခြားနေသည်။

ဤအခြင်းအရာများက ဘာကို ရှေ့ရှု ဦးတည်နေသနည်း။

ကပိလဝတ် ကောင်းကင်ထက်မှ ဝိုင်းစက်ပြည့်ဝန်းသော လမင်းစန္ဒာကို မော့ကြည့်ရင်း အာနန္ဒသည် ရင်ထဲမှာ တလှပ်လှပ် ခံစားလာရ၏။ ဝါဆိုလပြည့်ည၏ လဝန်းသည် စောစီးစွာပင် အရှေ့ကောင်းကင်၌ ထွန်းပနေသည်။ လရောင်သည် ဘယ်တုန်းကနှင့်မှ မတူအောင် ဘော်ငွေရောင်တောက်နေသည်။ အကြွင်းမဲ့ ထွန်းလင်းတောက်ပမှု။

ရဟန်းကိုတွေ့ခဲ့ရသော နောင်တော်သည် လရောင်ရွှန်းမြသည့် ယခုလို ညဥ့်ဦးယံတွင် ဘာကိုတွေးနေမည်နည်း။ ဒေဝီယသော်ဓရာ ပြောပြသော ကွန်ခြာ ကန့်လန့်ကာထဲမှာပဲ စံနေမည်လား။

အို....။

အာနန္ဒသည် ရုတ်တရက် ဝင်လာသော အတွေးတစ်ခုကြောင့်

ပျော်ရွှင်စွာပင် အာမေဍိတ် ပြုလိုက်မိလေသည်။

ကြည့်စမ်း၊ နောင်တော်သိဒ္ဓတ္ထအပေါ် စိတ်ဝင်စားလွန်းအားကြီးလှသောကြောင့် ကြွင်းသောအရာ မှန်သမျှတို့ ပျောက်ဆုံးနေသည်။ မိမိ၏ အတွေးစက်ဝန်း အလင်းကွက်သည် နောင်တော်တစ်ဦးတည်း အပေါ်မှာသာ မိမိရရကြီး ထိုးဆင်းနေသည်။ ထိုအခါ နောင်တော့် အနီးပတ်ဝန်းကျင်မှ အရာများကို မိမိ အမှောင်ထဲသို့ ပို့ရာ ရောက်သွားသည်။

အခြားအရာတွေကို အမှောင်ထဲသို့ ပို့ရာရောက်တာ၊ အင်း.... ရောက်သင့်သော်လည်း တစ်ခုသောအကြောင်းအရာကတော့ မရောက်သင့်။ ဒါဟာ ကပိလဝတ်နန်းတော် တစ်ခုလုံးကို ပျော်ရွှင်မှုများဖြင့် စွတ်စိုသွားစေသည့်အရာ မဟုတ်လား။ ပြီးတော့ နောင်တော့်အကြောင်း တွေးလျှင် မလွဲမသွေ တစ်ပါတည်း ပါလာရမည့်အရာ မဟုတ်လား။

သားတော်ကလေး ရာဟုလ။

ဟုတ်ပေသည်။ ဥယျာဉ်တော်မှ အပြန်မှာပင် နောင်တော်သည် ဒေဝီ ယသော်ဓရာ၌ သားတော်လေး ဖွားသန့်စင်ပြီဟူသော မင်္ဂလာသတင်းကို ရရှိခဲ့ချေသည်။ နောင်တော်သိဒ္ဓတ္ထက ဤသတင်း ကြားလျှင်ကြားချင်းပင် "ငါ့ကို ဖမ်းစားမယ့် ရာဟုအသူရိန်ကား ဖွားမြင်ခဲ့ပြီ"ဟု မိန့်ကြားခဲ့သဖြင့် သားတော်လေးသည် 'ရာဟုလ'ဟူသော အမည်နာမကို ရခဲ့ပေသည်။

အာနန္ဒသည် ပျော်ရွှင်ဖွယ်အတွေး၌ နစ်မွန်းနေ၏။

လရောင်ရွှမ်းမြသော ယခုလို လပြည့်ညဥ့်ဦးယံ၌ နောင်တော်သည် သူ့သားတော်လေး ရာဟုလကို ပွေ့ချီနေမည်မှာမလွဲ။ ဒေဝီယသော်ဓရာ ကား နွမ်းနယ်သော အပြုံးဖြင့် စက်ရာထက်မှနေ၍ သားအဖကို ကြည့်နေပေလိမ့်မည်။

နောင်တော် သိဒ္ဓတ္ထသည် ယခုအခါ ထီးနှင့် နန်းနှင့် သားနှင့် မယားနှင့်။ ဘုန်းအာဏာ၊ ကျက်သရေ၊ စည်းစိမ်ဥစ္စာ၊ အခြွေအရံ၊ လှပသော

မိန်းမမြတ်ကြင်ရာ၊ ချစ်ဖွယ်သော သားရတနာ၊ နောင်တော့် ဘဝသည် အထွတ်အထိပ်သို့ ရောက်လေပြီ။ အသက်အရွယ်ကလည်း နှစ်ဆယ့်ကိုးနှစ်။ လပြည့်ညလဝန်းသို့နှယ် အထွန်းတောက်ဆုံး အချိန်ကာလ။

နောင်တော့်အတွက် ဂုဏ်ယူအားရမဆုံး ဖြစ်ခြင်းများက ဝါဆိုလပြည့်ည၊ ညဥ့်ဦး လဝန်းရောင်ခြည်ပမာ အာနန္ဒ၏ ရင်တွင်း၌ ပြည့်လျှံတောက်ပနေ၏။ ဂုဏ်ယူ အားရမဆုံး.... ။ ဂုဏ်ယူ အား.... ရ....။

ဇက်ကုန်ဖွင့်ကာ ကဆုန်စိုင်းနေသော သိန္ဓောမြင်း၏ပါးချပ်ကို တုံ့ ခနဲ ဆွဲဆောင့်လိုက်သလိုပင်။

ဘကြီးတော်မင်းတရားသည် ရှိရင်းစွဲထက်ပို၍ နှစ်ပေါင်းများစွာ အိုမင်းကျဆင်းသွားသည်ဟု ထင်ရ၏။ မင်းတရားကြီး ခေါင်းငိုက်စိုက်ကျသွားသည်။ အရီးတော် ဂေါတမီထိပ်ထားကြီး၏နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေ၏။ ဒေဝီယသော်ဓရာမှာကား ပုလုသေးကွေး သားတော်လေး ရာဟုလကို ရင်ခွင်ပွေ့ပိုက်ရင်း ကျောက်ရုပ်ဖြစ်နေ၏။ မဟာနာမ် ကိုယ်တော်ကြီး၏လက်ကို သူ့ညီငယ် အနုရုဒ္ဓါမင်းသားက အလန့်တကြား ဆုပ်ကိုင်ပြီး မေ့မေ့လျော့လျော့ဖြင့် ပြန်မလွှတ်ဘဲ တင်းကြပ်စွာ ဆွဲထား၏။ တိဿမင်းသားကား မျက်လုံးကြီးများ ပြူးကြောင်ကြည့်နေ၏။နန္ဒမင်းသားလေးကား ထိုင်လျက်နှင့် သတိမေ့နေသည်ဟု ထင်ရ၏။

အားလုံးကုန်သော သကျမင်းများသည် မိမိတို့ရှိရင်းစွဲ အနေအထား အတိုင်း ရုတ်တရက် အသက်ကင်းမဲ့ကာ ကျောက်ဆစ်ရုပ်တုများ ဖြစ်သွားကြပြီလား။ နီမြန်းသေးငယ်သော လက်ခြေအစုံတို့ကို ဝှေ့ယမ်းနေသည့် ရာဟုလလေး တစ်ဦးထံ၌သာ လှုပ်ရှားမှုကို တွေ့နေရသည်။

အာနန္ဒသည် တစ်ဦးစီကို အကဲခတ်လိုက်ပြီးနောက် နန်းရင်ပြင်ကွက်လပ်၌ရှိနေသော ဆန္နကို လှမ်းကြည့်လိုက်၏။ ဆန္နလည်း ခေါင်းငိုက်စိုက်။ အမြီးဖျားမှကိုင်လျက် ဆွဲမွေ့ ဝှေ့ယမ်းခံလိုက်ရပြီး စိတ်ရှိတိုင်း

ထုထောင်းခံထားရသော မြွေတစ်ကောင်နှင့်ပင် တူသေးတော့၏။

ဆန္ဒသည် အနိုင်နိုင်အသက်ရှူရင်း ထစ်ငေါ့တွန့်ဆုတ်စွာ သူပြော စရာရှိသည်များကို ပြောပြနေပြီ။ ဤစကားလုံးများကိုပြောဖို့ ဆန္ဒ အဘယ် မျှလောက် အားမွေး အားယူခဲ့ရမည်နည်း။ အာနန္ဒ ကိုယ်ချင်းစာမိ၏။ သူ့ ကိုယ်သူ ကပိလဝတ်ရွှေနန်းရှင်နှင့် အနီးကပ်ဆုံးဟူ၍ မာန်မာနကြီးမားခဲ့ သော ဆန္ဒမှာ ယခုအခါ သကျမင်းများအလယ်တွင် သေမိန့်ကို စောင့်စား နေသော ရာဇဝတ်သားတစ်ယောက်လို အရုပ်ကြိုးပြတ် ဖြစ်နေရှာသည်။

ဆန္ဒပြောပြသွားသော စကားသံများက နန်းတော်၏နံရံမျက်နှာ ကြက်များမှတစ်ဆင့် ပဲ့တင်မြည်နေသည့်အလား မစဲစတမ်းထွက်ပေါ်နေဆဲ ဖြစ်၏။

စင်စစ်မူ ကြားရသူအပေါင်း၏ ရင်နံရံ နှလုံးအိမ်ဝယ် ရိုက်ခတ်ကာ အသံမစဲ ပဲ့တင်မြည်နေခြင်းပင်။

အာနန္ဒ၏ ရင်တွင်းမှာလည်း ပဲ့တင်မြည်နေဆဲ။

"လရောင်ထိုးကျနေတဲ့ နန်းဆောင်တံခါးခုံမှာ ကျွန်တော်ဦးခေါင်း စိုက်ပြီး အိပ်ပျော်နေတုန်း ကိုယ်တော်အရှင်ရောက်လာပါတယ်။ တံခါးကို ကိုယ်တော်တိုင်ဖွင့်ပြီး ထွက်လာခဲ့တာပါပဲ။ ဒီနေရာမှာ အိပ်နေတာ ဘယ်သူ လဲလို့မေးပြီး ကျွန်တော်မျိုး ဆန္ဒပါဆိုတော့ မြင်းကို ခုချက်ချင်း ကကြိုးတန် ဆာ ဆင်စမ်းလို့ အမိန့်ပေးပါတယ်။ ကိုယ်တော်အရှင်ရဲ့ အမိန့်ပေးသံဟာ ဘယ်တုန်းကမှ အဲဒီလောက် တိုတောင်းပြတ်သားတာမျိုး မကြုံဖူးပါဘူး။ ညဉ့်သန်းခေါင်အချိန်မတော်ကြီးမှာ မြင်းကခိုင်းလို့ ကျွန်တော် သိပ်ကိုအံ့ဩ သွားခဲ့တယ်။ ဒါပေမယ့် ထူးဆန်းပြီး သေးမျှင်စူးရှတဲ့ အရောင်တစ်မျိုး ထွက်သလိုဖြစ်နေတဲ့ ကိုယ်တော်အရှင်ရဲ့မျက်လုံးအစုံက ကျွန်တော့်ကို ဘာ မှ စောဒကတက်ခွင့် မပြုပါဘူး။ ကိုယ်တော်အရှင်ဟာ အဲဒီအချိန်က ရန်သူ ကြီးတစ်ယောက် သို့မဟုတ် ဘေးအန္တရာယ်ဆိုးကြီးတစ်ခုခု နောက်က

လိုက်လာတာခံရသလို အရေးတကြီးဖြစ်နေပုံပဲ။ဒါပေမယ့် သူဆောက်တည်ရာမဲ့ ထိတ်လန့်နေပုံမျိုးတော့ မဟုတ်ဘူး။ ကျွန်တော့်စိတ်ထဲမှာတော့ ရန်သူတပ်ကြီးကို ပြန်လှည့်ရင်ဆိုင်ဖို့၊ စစ်မျက်နှာသစ်တစ်ခု ဖွင့်ဖို့ စစ်ထွက်တဲ့ သေနာပတိတစ်ယောက်လို ကိုယ်တော်အရှင် လှုပ်ရှားတက်ကြွနေပုံပါပဲ"

ဆန္နသည် ပြောရင်းဖြင့် မောဟိုက်နေသည်။

"ကျွန်တော် ကဏ္ဍကကို ကကြိုးပြင်လိုက်ပါတယ်။ ဘာကြောင့်လဲမသိ၊ ထူးဆန်းတဲ့ ခရီးရှည်ကြီးတစ်ခုကို ထွက်ရတော့မယ်လို့ စိတ်ထဲကသိနေသလိုလိုပဲ။ ဒါကြောင့် အခါတိုင်းထက်ပိုပြီး ပါးချပ်၊ လည်ရစ်၊ ဇက်ကြိုး၊ ကုန်းနှီးကြိုးများကို တင်းတင်းကျပ်ကျပ်ကြီး ချည်နှောင်လိုက်မိပါ တယ်။ ကဏ္ဍကဟာ အမြဲနိုးကြားနေတဲ့မြင်းဖြစ်လို့ ကျွန်တော်မျိုးရဲ့ အစည်းအနှောင်တွေ တင်းကြပ်နေတာကို သတိထားမိပုံ ရပါတယ်။

"နားရွက်အစုံကို မတ်မတ်စွင့်၊ လည်ဆံတွေ တဖွားဖွားခါယမ်းပြီး တစ်ချက်ဟီလိုက်တယ်။ ကဏ္ဍကရဲ့ဟီသံဟာ ကျွန်တော့်တစ်သက်မှာ အထူးဆန်းဆုံးပါပဲ။ ကဏ္ဍက ဒီလို ပြင်းပြင်းထန်ထန် ဟီတာမျိုး တစ်ခါမှ မကြားဖူးဘူး။ သူ့အသံဟာ ကပိလဝတ်တစ်နိုင်ငံလုံး ပွဲတင်ထပ်သွားမလား ထင်ရတယ်။ ဒါပေမယ့် တစ်နန်းတော်လုံးကတော့ တုတ်တုတ်မျှ မလှုပ်။ အားလုံး အိပ်မွေ့ချခံထားရသလို တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဒါဟာလည်း ထူးဆန်းတာပါပဲ။ ကဏ္ဍကရဲ့ဟီသံဟာ နန်းတော်တစ်ခုလုံးကို ပုတ်နှိုးလိုက်သလို ကျယ်လောင်လွန်းလှတယ်။အနည်းဆုံးတော့ မြင်းဇောင်းထဲကမြင်းတွေ၊ ဆင်ကျုံးထဲကဆင်တွေဟာ ကဏ္ဍကရဲ့ဟီသံကြောင့် တဝုန်းဝုန်း လန့်သွားစရာပဲ။ အခုတော့ သူ့ရဲ့ဟီသံကိုယ်နှိုက်ကပဲ အားလုံး တိတ်ကြ၊ ငြိမ်လိုက်ကြစမ်းလို့ အမိန့်ပေးလိုက်တဲ့အတိုင်းပဲ ဘယ်သူမှ လန့်နိုးထလာခြင်း မရှိကြဘူး"

ကဏ္ဍကမြင်းနှင့်ပတ်သတ်၍ အမြဲတမ်းဂုဏ်တင်ပြောဆိုတတ်သော

ဆန္ဒ၏စကားကို သည်တစ်ခါတော့ မည်သူမျှ စိတ်အနှောင့်အယှက် မဖြစ်ကြပေ။

"ကိုယ်တော်အရှင်ဟာ ကဏ္ဍကရဲ့ လည်ဆံကို တစ်ချက်ပွတ်သပ်လိုက်ပါတယ်။ အသံမဲ့စကားလုံးများနဲ့ တစ်ခုခုကို ပြောနေသလိုပါပဲ။ဒါကို ကဏ္ဍကလည်း နားလည်ပုံပါပဲ။ သူ့သခင်နဲ့သူ့မြင်း နားလည်စွာ တိုင်ပင်ဆွေးနွေးနေကြတဲ့ပုံ။ အဲဒီနောက် ကဏ္ဍကကို ကျွန်တော် အသာလေးဆွဲယူသွားချိန်မှာ ကိုယ်တော်အရှင်ဟာ လိုက်ပါမလာသေးဘဲ နန်းဆောင်တိုက်တံခါးကိုတွန်းဖွင့်ပြီး နောက်ဘက်ကို ပြန်လှည့်ဝင်သွားတယ်။ အရေးကြီးတဲ့ ပစ္စည်းတစ်ခုခု သို့မဟုတ် လေးမြားလက်နက်တစ်ခုခုယူဖို့ ပြန်ဝင်သွားသလားလို့ ကျွန်တော်ထင်လိုက်တယ်။ မဟုတ်ဘူး။ ကိုယ်တော်အရှင် တွန်းဖွင့်ဝင်သွားတဲ့ တိုက်ခန်းဆောင်တံခါးဟာ ဒေဝီယသော်ဓရာနဲ့ သားတော်လေး ရာဟုလတို့ရဲ့ အဆောင်"

ဒေဝီယသော်ဓရာကို အာနန္ဒလှမ်းကြည့်ခဲ့မိ၏။အခြားတစ်ပါးသော မိန်းမသားတစ်ယောက်ဆိုလျှင် ယခုလိုဆန္ဒကပြန်ပြောပြစဉ် မိမိအကြောင်း ပါဝင်လာချိန်တွင် ငိုရှိုက်ကောင်း ငိုရှိုက်နေမည်။သို့တည်းမဟုတ် ရာဇဣန္ဒြေကို သိမ်းဆည်းကာ အံကြိတ်ခုခံ စိတ်မာန်တင်းကောင်း တင်းနေမည်။ ယခုမူ ဒေဝီမိန်းမမြတ်သည် တောနက်အလယ်မှ ရေကန်ကြီးတစ်ခု၏ ရေမျက်နှာပြင်အလား ဂယက်လှိုင်းကင်းမဲ့စွာ အတည်ငြိမ်ကြီး တည်ငြိမ်လျက်။

အို…ငြိမ်သက်မှုဟာ နက်ရှိုင်းမှုပေပဲ မဟုတ်လား။

ရက်သားမျှသာရှိသေးသော သားရင်သွေးနှင့်အတူ မိမိကိုပါ စွန့်ခွာသွားလေသော ခင်ပွန်းတစ်ယောက်အတွက် မိန်းမသူတစ်ယောက် မည်မျှအထိ ခံစားနေရရှာချိမ့်မည်နည်း။ ထိုခင်ပွန်းယောကျ်ားသည် မည်သူ့ကိုမျှလည်း နှုတ်မဆက်၊ မည်သူ့ထံမှလည်း ခွင့်မပန်၊ မည်သည့်အရပ်ဒေသသို့မှန်းလည်း မသိ။ မည်သည့် အကြောင်းကြောင့်မှန်းလည်း မသိ။ စွန့်ပစ်

ထွက်ခွာသွားလေသော ယောကျ်ား။အို….ဒေဝီ ဘယ်လောက်တောင် ကြေကွဲ ထိခိုက် ရှာမည်နည်း။ ရာဟုလ။ သူကလေးကတော့ ဘာမှမသိရှာ။ မိမိအား 'ရာဟုလ' ဟု အမည်နာမတစ်ခုကို ပေးပြီး နေ့မကူးခင်မှာပင် ထွက်ခွာသွားသော ဖခင်အကြောင်းကို ရာဟုလလေး ဘာသိရှာမည်နည်း။

အာနန္ဒသည် ဒေဝီယသော်ဓရာအား စာနာခြင်းများဖြင့် ပင်ပန်းစွာ ပင့်သက်ရှိုက်မိ၏။ တမင်တကာ စိတ်မာန်တင်းထားခြင်းလည်း မဟုတ်သော ဣန္ဒြေမပျက်ယွင်းရေးအတွက်လည်း ဒေဝီအား လေးစားမိ၏။ ဖြစ်နိုင်လျှင် ဒေဝီအား နှစ်သိမ့်စကားများ ပြောလိုက်ချင်သည်။ အားပေး နှစ်သိမ့်စကား။ ဩော်…. မည်သို့သော စကားမျိုးကို မိမိပြောနိုင်မည်နည်း။

သူပြန်လာမှာပါ ဒေဝီဟု ပြောမှာလား။ ဘယ်ကို ထွက်သွားမှန်း မသိရသူ၏ အပြန်လမ်းကို ဘယ်သူ မှန်းဆရနိုင်မည်နည်း။

ဉယျာဉ်တော်ထဲဝယ်'ရဟန်း'ကို တွေ့ဆုံခဲ့ပြီးနောက် ထူးခြားမှုတစ်ခုတော့ ကြုံရတော့မည်ဟု အာနန္ဒ တွက်ထားမိသည်။ အလိုလေး…. သည် အတိုင်းသာဆိုလျှင် နောင်တော်သိဒ္ဓတ္ထသည် သိဒ္ဓတ္ထကိုယ်တော်အရှင် ဘဝနှင့် ဘယ်တော့မှ ပြန်လာတော့မည်မဟုတ်။ သိဒ္ဓတ္ထကို ဆုံးရှုံးကြရလေပြီ။

မိမိတို့အားလုံး အားလုံးဆုံးရှုံးကြရပြီ၊ လက်လွတ်ကြရပြီ။ ဒေဝီယသော်ဓရာသည် ချစ်ခင်ပွန်းကို၊ ဘကြီးတော်မင်းတရားကြီးက ချစ်သားကို၊ အရီးတော်ဂေါတမီဒေဝီက ချစ်သားကို၊ မိမိအပါအဝင် နောင်ညီများက နောင်တော်ကို၊ ကပိလဝတ်ပြည်သားများက မင်းမြတ်သခင်တစ်ပါးကို လက်လွတ်ဆုံးရှုံးကြရပြီ။ ဩော်…. ရှိပါသေးသကော။ ဆန္နက ဖြစ်ကြောင်း ကုန်စင်ရှင်းပြနေချိန်တွင် ရင်ထဲက ရှိုက်သံတစ်ချက်ထွက်လာသည့် မိန်းမငယ်လေးတစ်ယောက်။ သကျ မင်းသမီးလေး ကိသာဂေါတမီ။

နောင်တော်ဉယျာဉ်တော်မှအပြန် နန်းမြို့တံခါးကိုဖြတ်ပြီး နန်းဆောင်သွားရာ လမ်းမသို့အဝင် မိမိ၏အဆောင်ထက်မှနေ၍ နောင်တော်ကို

မြင်လိုက်ရသော ကိသာဂေါတမီ။ သူကလေးသည် နောင်တော့်အပေါ် မြတ်နိုးချစ်ခင်စွာဖြင့် ဥဒါန်းကျူးခဲ့၏။ ထိုဥဒါန်းစကားကို ကြားသော နောင်တော်က ကိသာဂေါတမီအတွက် ပုလဲသွယ်လည်ဆွဲကို ချီးမြှင့် ပေးသနားခဲ့ချေသည်။

နောင်တော်က ကိသာဂေါတမီအား ပုလဲသွယ်လည်ဆွဲ ချီးမြှင့်လိုက်ကြောင်း သတင်းသည် နန်းတော်တစ်ခုလုံးရှိ သကျမင်းမျိုးမင်းနွယ်များအကြားသို့ ချက်ချင်းလိုပင် ပျံ့နှံ့သွားခဲ့သည်။ ကိသာဂေါတမီလေးသည် ထိုပုလဲသွယ်ကို မဆင်မြန်းရက်ဘဲ တယုတယ ကိုင်မြှောက်ရှုစားရင်း တဖွဖွ တသသ ဂုဏ်ယူစကားများ ပြောရှာသည်ဟု ဆို၏။

ကိသာဂေါတမီ မည်သို့ ယူဆ နားလည်လေသလဲတော့ မသိ။ အာနန္ဒကတော့ ယုံကြည်နေသည်။နောင်တော်သည် ပုလဲသွယ်ကိုပေးသနားရာ၌ လေးနက်သောအဓိပ္ပာယ် တစ်စုံတစ်ခုရှိနေလိမ့်မည်။ ကိသာဂေါတမီ ယူဆသလို လုံးဝမဟုတ်နိုင်။ နောင်တော်သည် ဤလောကဇမ္ဗူတစ်ဝှမ်း၌ မည်သူနှင့်မျှမတူသော တွေးခေါ်ဆင်ခြင်မှု စွမ်းအားများဖြင့် အစဉ်ထာဝရ တရှိန်ရှိန် တောက်ထွန်းနေသူဖြစ်ကြောင်း အာနန္ဒ အသိဆုံးဖြစ်၏။

ပုလဲသွယ်ကိစ္စနှင့်ပတ်သက်၍ နောင်တော့်ကို မေးမြန်းမည်ဟု အာနန္ဒ စိတ်ကူးထဲ၌ တေးမှတ်ခဲ့သည်။ ဩော်....အခုတော့ မေးခွင့်မကြုံတော့။ ပုလဲသွယ်ကိစ္စသာ မဟုတ်။ ဥယျာဉ်တော်အသွား နောင်တော်ကြုံခဲ့ရသော ထိတ်လန့်ဖွယ်များကိုလည်း မေးမည်ဟုစိတ်ကူးခဲ့သည်။ အို.... နောင်တော့်ကို မေးစရာတွေ အပုံပင်။ နောင်တော်ပြောပြမည့် နက်ရှိုင်းသည့် စကားလုံးတွေကို နားထောင်စရာ အများအပြား။ မေးခွင့်မရခဲ့။ နာခွင့်မရခဲ့။ ယခုတော့ ပို၍ပို၍ ဝေးကွာခဲ့လေပြီ။

နောင်တော် သိဒ္ဓတ္ထ၊ ပဟေဠိတွေ၊ ပုစ္ဆာတွေ တစ်ပုံတစ်ခေါင်းနှင့် အတူ အာနန္ဒကို ထားခဲ့ပြီလား။ ကပိလဝတ်နန်းတော်နေပြည်တော် မဇ္ဈိမ

ဒေသ ဤကမ္ဘာလောက။ နောင်တော်၏ရုပ်သွင်၊ နောင်တော်၏အသံကို မမြင်ရ၊ မကြားရတော့သည့် ဤလောကသည် အချည်းနှီးဖြစ်ခဲ့ပြီ။ အစား ထိုးစရာ မရှိသောဆုံးရှုံးမှု။

ဆုံးရှုံးမှု.... တဲ့လား။

*　　　*　　　*

ဆုံးရှုံးမှုအမှောင်တိုက်ထဲမှာ မျှော်လင့်ချက်လျှပ်စီးတစ်ချက် ဝင်းပြက်ခဲ့လေ သည်။

ဆန္ဒ ပြောပြသော အဖြစ်သနစ်များ။

"သာကီယ၊ကောလိယ၊မလ္လသုံးပြည်ထောင်ကို ကျွန်တော်တို့ ဖြတ် ကျော်ခဲ့ပြီးနောက်မှာ အနော်မာမြစ်ကမ်းဆီကိုရောက်ခဲ့ကြတယ်။ အနော် မာမြစ်ရဲ့ ဟိုဘက်ကမ်းကသောင်ခုံပြန့်ဆီကိုတော့ ဘယ်နည်းဘယ်ပုံရောက် သွားသလဲဆိုတာ ကျွန်တော်အသေအချာ မမှတ်မိနိုင်တော့ဘူး။ ဟိုဘက် သောင်ခုံပြန့်ဆီ ရောက်တော့မှ ကျွန်တော်အသေအချာ မှတ်မိလိုက်တဲ့စကား ကို ကိုယ်တော်အရှင်မိန့်တော်မူပါတယ်။ "ဆန္ဒ၊ မြင်းနဲ့တကွ ကကြိုးတန်ဆာ တွေ အားလုံးယူပြီး ကပိလဝတ်ကိုပြန်တော့၊ ငါ ရဟန်းပြုတော့မယ်တဲ့လေ"

ဤစကားအဆုံးဝယ် နာကျင်စွာညည်းညူသံနှင့်အတူ ဦးခေါင်း စိုက်ကျသွားသူမှာ ဘကြီးတော်မင်းတရားကြီး။ မျက်နှာငုံ့လိုက်၊ ခေါင်းစိုက် နေရာမှ ဆတ်ခနဲ မျက်နှာပြင်ကို ပင့်တင်လိုက်သူကား ဒေဝီယသော်ဓရာ။

"ကျွန်တော်ပါ ရဟန်းပြုမယ်လို့ တောင်းပန်တောင်းဆိုခဲ့ပါတယ်။ အခွင့်မရပါ။ ဆန္ဒ၊ မင်း ကပိလဝတ်ကိုသာပြန်လို့ အမိန့်တော်ချပါတယ်"

ရဟန်းအသွင်ဖြင့် နောင်တော့်ကို အာနန္ဒ မြင်ယောင်ကြည့်မိ၏။ ဆန္ဒကို ပထမဆုံးအကြိမ်အဖြစ် အားကျစိတ်များလည်း ပေါ်လာသည်။ မိမိသာ ဆန္ဒ နေရာမှာဆိုလျှင်....။

"နောက်ဆုံး မှာတော်မူလိုက်တဲ့စကားက ခမည်းတော်၊ မယ်တော်တို့ကို ငါ အန္တရာယ်ကင်းရှင်းကြောင်း ပြန်ကြားလျှောက်ထားလိုက်ပါတဲ့"

ဒါပဲလား။ အမှာစကားဟာ ဒါအကုန်ပဲလား။ ငါ့ညီ အာနန္ဒကို ပြောလိုက်စမ်းလို့ကော တစ်ခုခု မမှာလိုက်ဖူးလားဟု အာနန္ဒ ရင်ထဲမှာ မြည်ဟည်းနေသည်။

သို့သော် သည်းထန်စွာ ပေါက်ကွဲလွင့်စဥ် မြည်ကြွေးလိုက်သော ဆန္န၏ အသံကြောင့် အာနန္ဒသည် မိမိ၏ကြေကွဲမှုကို ဖြတ်တောက်လိုက်ရသည်။

"ကိုယ်တော်အရှင်ကို ဦးခိုက်ရှိခိုးပြီး ကဏ္ဍကကိုဆွဲလို့ ကျွန်တော် ပြန်လာခဲ့ရပါတယ်။ အနော်မာ သောင်ခုံစပ်ကို အရောက်မှာတော့...."

ထိုနေရာတွင် ဆန္န အသံနစ်သွားခဲ့၏။ သူ့တစ်ကိုယ်လုံး ယိမ်းထိုးတုန်ယင်လာ၏။ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်သည်။ ခေါင်းငိုက်စိုက်ကျသွားပြီး ပြန်မော့လိုက်သော သူ့မျက်နှာမှာ မျက်ရည်တွေလိမ်းကျံလျက်၊ ပြိုကွဲသွားသော အသံနက်ဖြင့် ဆန္န ဗလုံးဗထွေး ရေရွတ်လိုက်လေသည်။

"ကျွန်တော်အမြတ်နိုးဆုံး ကိုယ်တော်အရှင်ကို ရှင်ကွဲခွဲခဲ့ရပါတယ်။ ကျွန်တော်အတွယ်တာဆုံး ကဏ္ဍကကို သေကွဲခွဲခဲ့ရပါတယ်။ အနော်မာမြစ်ရဲ့သောင်စပ်မှာ ကျွန်တော့်ဘဝ ပျက်စီးပြိုကွဲသွားခဲ့ပါပြီ။ ကဏ္ဍကဟာ သူ့သခင်ကိုကျောကုန်းထက်တင်ပြီး သူ့ကိုခွဲခွာမယ့်ခရီးတစ်ခုကို ပို့ဆောင်ခဲ့ပါတယ်။ ဒါကိုသိသွားပြီး အင်မတန်မှလိမ္မာလွန်းလှတဲ့ ကဏ္ဍကဟာ နှလုံးကွဲပြီး သေပွဲဝင်ခဲ့တယ်။ကျွန်တော်ကော ကဏ္ဍကလို ဘာကြောင့် အဲဒီနေရာမှာ ဗုန်းဗုန်းလဲပြီး သေမသွားခဲ့ရတာလဲ၊ ကိုယ်တော်အရှင်ရဲ့ခရီးနဲ့ မိန့်မှာလိုက်တဲ့စကားကို ကပိလဝတ်နန်းဆောင်ဆီ အပါသယ်ဆောင်ပြန်ကြားလျှောက်ထားဖို့ ကျွန်တော် အသက်ရှင်ခဲ့တယ်။ အခု ကျွန်တော်တို့ တာဝန်ပြီးဆုံးပါပြီ။ ကျွန်တော် သေဆုံးဖို့ အဆင်သင့်ဖြစ်ပြီ။ ကဏ္ဍကရေ....

ဘာကြောင့် မင်းလို ငါ နှလုံးကွဲပြီး သေပွဲမဝင်ရတာလဲ၊ ဆန္န သေချင်ပါပြီ။ ကဏ္ဍကရေ.... သင့်နောက်ကို ငါလိုက်လာချင်ပါပြီ”

ဤမျှ ဖရိုဖရဲပူဆွေးသောကမီး တောက်လောင်နေသူမျိုးကို အာနန္ဒ မတွေ့ဖူးခဲ့။ ဆန္နသည် ရှုံးသွပ်သွားသည့်နှယ်၊ မပီမသအော်ဟစ်ကာ သတိ လစ် လဲကျသွားခဲ့၏။

သကျမင်းရာဇာများစုံညီသောနန်းဆောင်ကား ကြေကွဲခြင်း ချောက် ကမ်းပါးထဲသို့ ကြောက်မက်ဖွယ်အဟုန်ဖြင့် ထိုးကျနေခဲ့၏။

ဇရာမ ဆုံးရှုံးမှု....။

ဆုံးရှုံးမှု.... တဲ့လား။

ရဟန်းအသွင်ဖြင့် နောင်တော့်ကို အာနန္ဒ မြင်ယောင်လာသည်။

အနော်မာ သောင်ခုံပြန့်တစ်ခုလုံး အလင်းရောင်များဖြင့် တောက်ပ နေသည်။ အလင်းစက်ဝန်း၏ဗဟိုချက်တွင် နောင်တော်ထိုင်နေသည်။ ထို အလင်းစက်ဝန်း၏ စူးမျှင်သော ရောင်ခြည်တန်းကလေးတစ်ခုသည် အနော်မာမြစ်၊ မလ္လတိုင်း၊ ကောလိယတိုင်း၊ သာကိယတိုင်းများကို ကောင်းကင်ဆီမှ ပျံ့သန်းဖြတ်ကျော်ကာ ကပိလဝတ်နန်းတော်ထဲရှိ မိမိ၏ နှလုံးအိမ်ထဲသို့ ထိခိုက်လာသည်ဟု ခံစားလိုက်ရ၏။

ဟင့်အင်း....။ ဒါဟာ ဆုံးရှုံးမှု မဟုတ်ဘူး။ ဒါဟာ ကမ္ဘာလောက တစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းမှု အလင်းရောင်။

အာနန္ဒရင်ထဲမှာ ထိုအသံထွက်ပေါ်လာ၏။

ထို့နောက် အာနန္ဒသည် သတိမေ့ လဲကျနေသည့်ဆန္နကို ထူမပြုစု နေသော ဥဒါယီထံ အကူအညီပေးဖို့ ထလာခဲ့သည်။ ဆန္နကို ပွေ့ပိုက်ထားသော ဥဒါယီအား အာနန္ဒ တိုးတိုးလေးပြောလိုက်သည်။

“ငါတို့ မဆုံးရှုံးဘူး ဥဒါယီ”

*　　　*　　　*

"ငါတို့မဆုံးရှုံးဘူး"။ ဤစကားကို ဥဒါယီမှတစ်ပါး အခြား မည်သူ့ကိုမှ မပြောမိစေရန် အာနန္ဒ သတိထားလိုက်မိသည်။ထီးနန်း၊ရာဇပလ္လင်၊ မိဖုရား၊ သားတော်၊ခမည်းတော်၊မယ်တော်၊အခြွေအရံနှင့်တကွ ရှိရှိသမျှအလုံးစုံသော ပိုင်ဆိုင်မှုတို့ကို စွန့်ပစ်ထွက်ခွာသွားသူ တစ်ယောက်အတွက် 'ငါတို့ မဆုံးရှုံးဘူး'ဟူသော စကားသည် ထူးဆန်း၍ ရူးသွပ်သောစကား ဖြစ်နိုင်သည်။

ဘကြီးတော်မင်းတရားသာ ဤစကားကိုကြားပါက သားနှင့်ပတ်သက်သောပရိဒေဝတို့သည် အာနန္ဒအပေါ်သို့ ဒေါသမီးလျှံအဖြစ် ပြောင်းလဲသွားနိုင်သည်။ မိမိတို့၏သား၊ မိမိတို့၏ခင်ပွန်း၊ မိမိတို့၏ဘုရင်မင်းမြတ် ပျောက်ဆုံးသွားချိန်တွင် မဆုံးရှုံးဘူးဟူသောစကားကို မည်သူမျှလက်ခံလိမ့်မည် မဟုတ်ပေ။ ဤစကားသည် အာနန္ဒအတွက် အန္တရာယ်ကြီးသောစကားလည်းဖြစ်၏။ နောင်တော်သိဒ္ဓတ္ထမင်း မရှိတော့ခြင်းကို အာနန္ဒ ဝမ်းသာအားရဖြစ်နေသည်ဟုများ တွေးလိုက်လျှင် အာနန္ဒ၏လုံခြုံမှုကိုပင် ခြိမ်းခြောက်လာနိုင်သည်။

ထို့ကြောင့် ဥဒါယီမှတစ်ပါး မည်သူ့ကိုမှ မပြောရန် အာနန္ဒဆုံးဖြတ်လိုက်ခြင်းဖြစ်၏။ စဉ်းစားဆင်ခြင်ဉာဏ်ရှိပြီး စကားတစ်လုံး၏အနက်ကို အမျိုးမျိုးဖွင့်တတ်သော ဥဒါယီသည်ပင် ရုတ်တရက်တော့'ငါတို့မဆုံးရှုံးဘူး' ဟူသောစကားကို နားမလည်နိုင် ဖြစ်ခဲ့သေး၏။

နောင်တော် ထွက်ခွာသွားပြီး နောက်တစ်နေ့ တစ်နန်းတော်လုံး ဝမ်းနည်းကြေကွဲမှုများဖြင့် ချုံးချုံးကျ တိတ်ဆိတ်သွားခဲ့သည်။ ထိုနေ့ခင်းပိုင်းတွင် ဥဒါယီသည် အာနန္ဒဆီ ရောက်လာခဲ့လေသည်။

"ကပိလဝတ် တစ်နန်းတော်လုံးတော့ ထိုးဖွဲ့ဆိတ်ချေခံရတဲ့ ထိကရုံးအုံကြီးတစ်အုံလို ဖြစ်သွားပြီ။ အရှင်ဘုရင်မင်းမြတ် မရှိတော့တာနဲ့ အားလုံးအသက်ဓာတ် ကင်းမဲ့သွားသလိုပါပဲ"ဥဒါယီသည် ဤနှယ် စကားတတ်သူဖြစ်၏။

"ဘာအကြောင်းနဲ့ လာသလဲ ဥဒါယီ"

ဥဒါယီက ဝန်းကျင်နီးနားတစ်ဝိုက်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ လေသံလျှော့၍ဆို၏။

"မနေ့က ဆန္နကို ပွေ့ထူပြုစုချိန်မှာ အရှင်ပြောခဲ့တဲ့ စကားတစ်ခွန်း အတွက် ကျွန်တော်လာတာပါ"

"ငါတို့ မဆုံးရှုံးဘူးဆိုတဲ့ စကားကို သင် နားလည်တယ်မဟုတ်လား၊ ဥဒါယီ"

နုနယ်ပျိုမျစ်သော အရွယ်တွင် အမတ်ဝန် ရာထူးဌာနန္တရဖြင့် လေးနက်တည်ငြိမ်နေသည့် ဥဒါယီက ဖြည်းညင်းစွာ ခေါင်းယမ်းသည်။

"သိသလိုလိုပဲ၊ ဒါပေမယ့် အသေအချာမသိဘူး။ မဆုံးရှုံးဘူးဆိုတာ ဘုရင်မင်းမြတ်ဟာ တစ်နေ့တစ်ချိန်မှာ ကပိလဝတ်နဲ့ သူ့ဖမိ၊ဇနီးသား၊ ပြည်သားလူထုဆီ ပြန်လာလိမ့်မယ်လို့ အရှင်ဆိုလိုတာမဟုတ်လား။သိဒ္ဓတ္ထ အရှင်ကို ကပိလဝတ်က ပြန်ရလိမ့်မယ်လို့ ပြောဆိုတာမဟုတ်လား"

"အင်း.... ဟုတ်တယ်။ ဒါပေမယ့် အဲဒါထက် ပိုတယ်"

"ဘယ်လိုပါလိမ့် အရှင်"

"နောင်တော်ပြန်လာလိမ့်မယ်။ ပြန်လာတဲ့အခါမှာ ငါတို့မဆုံးရှုံးတဲ့အပြင် အမြတ်၊ အင်း.... ကြီးစွာသောအမြတ်ကိုတောင် ပြန်ရနိုင်ဦးမယ်။ နောင်တော် ရဟန်းပြုသွားပြီလို့ ဆန္န မနေ့က ပြောတယ်မဟုတ်လား"

"ရဟန်း သို့မဟုတ် သာမဏ သို့မဟုတ် ယောဂအကျင့် ကျင့်တဲ့ တပများရဲ့ မြင့်မြတ်မှုကို ကျွန်တော်ကြည်ညိုပြီးသားပါ။ ဒါပေမယ့် တိုင်းပြည်တစ်ပြည်ဟာ သူ့ရဲ့ဘုရင်တစ်ပါးကို ရဟန်းတစ်ပါးအဖြစ် ပြန်လည်ရရှိရုံနဲ့ ဘယ်လိုအမြတ်ထွက်နိုင်မလဲ။ ဒါကို ကျွန်တော် နားမလည်တာပါ"

ဥဒါယီ၏ မျက်လုံးများထဲသို့ အာနန္ဒ စိုက်ကြည့်လိုက်၏။

"ဥဒါယီ၊ကောဏ္ဍညပုရောဟိတ်ကြီးရဲ့ဟောချက်ကိုမေ့သွားပြီလား"

ဥဒါယီ မျက်တောင်ပုတ်ခတ်၍ စဉ်းစားသည်။

"မှတ်မိပြီ အရှင်၊ တစ်ချောင်းတည်းသော လက်ညှိုးကို ထောင်ပြခဲ့ပြီး သိဒ္ဓတ္ထမင်းသားဟာ ဧကန်ဘုရားဖြစ်မယ်လို့ ဟောသွားတဲ့အချက်" ပြောရင်းဖြင့် ဥဒါယီ၏မျက်နှာ ပြုံးရောင်သန်းသွား၏။ အာနန္ဒ ထိုပြုံးရိပ်၏ အဓိပ္ပာယ်ကို ချက်ချင်း နားလည်သွားကာ၊

"ဘာလဲ ဥဒါယီ၊ငါက ဗြဟ္မဏတစ်ဦးရဲ့ဟောချက်ပေါ်မှာ ယုံကြည်မှုအပြည့်ထားပြီး ပြောနေတယ်လို့ထင်သလား။ ကောဏ္ဍညရဲ့ ဟောချက်ဟာ အထောက်အထား တစ်ခုမျှသာဖြစ်တယ်။ ဒီတစ်ခုတည်းအပေါ်မှာ ငါက ယုံကြည်မျှော်လင့်ပြီး ပြောနေတာ မဟုတ်ဘူး"

"ဒါ့ထက် လေးနက်တဲ့ ယုံကြည်မျှော်လင့်မှုမျိုး အရှင့်မှာရှိနေတယ်လို့ ဆိုပါသလား"

"ဟုတ်တယ်"

ဥဒါယီ နားလည်နိုင်အောင် ဘယ်လိုပြောရမည်နည်းဟု အာနန္ဒ စဉ်းစား၏။

"လေးနက်တဲ့ ယုံကြည်မျှော်လင့်မှု ဆိုတာ တခြားမဟုတ်ဘူး။ ကာယကံရှင်နောင်တော်သိဒ္ဓတ္ထအပေါ်မှာ ငါယုံကြည်ထားလို့ပဲ။နောင်တော်ဟာ ဒေဝီယသော်ဓရာအတွက် ခင်ပွန်းကောင်း၊ ခမည်းတော် မယ်တော်တို့အတွက် သားကောင်း၊ ကပိလဝတ်အတွက် ဘုရင်ကောင်းအဖြစ်၊ အသက်အရွယ်နဲ့မမျှအောင် သူမတူ စွမ်းဆောင်နေထိုင်သွားခဲ့တယ်။ သူဟာ ဒါနဲ့တင် ပြီးသွားမယ့်သူ မဟုတ်ဘူး။ ကမ္ဘာလောက တစ်ခုလုံးအတွက်ပါ ကယ်တင်ရှင်ကောင်းအဖြစ် ဆက်လက် အသက်ရှင်နေလိမ့်ဦးမယ်။ တစ်လျှောက်လုံးလုံး နောင်တော်နဲ့အတူတွဲခဲ့ရတဲ့ငါ့အနေနဲ့ အဲဒါကို သွေးထဲ သားထဲ ရင်ထဲ နှလုံးသားထဲက သိနေတယ်။ ယုံကြည်နေတယ်"

နောင်တော်သိဒ္ဓတ္ထနှင့် ပတ်သက်ပြီး မိမိကိုယ်မိမိ အားမလိုအားမရ

ဖြစ်ခဲ့သည့် အကြိမ်ပေါင်းများလှပြီ။ ယခုအကြိမ် အကြီးမားဆုံးဟု အာနန္ဒ ခံစားမိနေ၏။ ကမ္ဘာလောကတစ်ခုလုံးအတွက် ကယ်တင်ရှင်အဖြစ် နောင်တော်ပြန်လာလိမ့်မည်ဟူသောစကားကို ယခုထက်ပို၍ တိကျအောင် ဥဒါယီအား အာနန္ဒ ပြောပြလိုက်ချင်သည်။ သို့သော် မပြောတတ်။ မည်သို့မည်ပုံ ကယ်တင်မည်နည်း။ မည်သို့သော ကယ်တင်ရှင်နည်း။ လွန်ခဲ့သော တစ်နှစ်အတွင်း ဉယျာဉ်တော်၌ နောင်တော်နှင့် တွေ့ခဲ့ရသည့် သူအိုကြီး၊ သူနာကြီး၊ သူသေ၊ ရဟန်းတို့နှင့်ပတ်သက်သော နောင်တော့်သဘောထားတို့ကို မိမိ အသေအချာ ရှင်းပြလိုက်ချင်သည်။ အိုခြင်း၊ နာခြင်း၊သေခြင်းတို့ကို စိန်ခေါ်တိုက်ခိုက်ဖို့ ထွက်ခွာသွားသောခရီး။ နောင်တော်ရှာဖွေမည့်ရန်သူ။ ထိုရန်သူကို အပြီးတိုင် အောင်မြင်စွာ သုတ်သင်နိုင်မည့်အောင်ပွဲ။ ဒါတွေကို ရေရေလည်လည်ဖြစ်အောင် အာနန္ဒ ပြောပြချင်သည်။ နားလည်သလိုလိုနှင့် နားမလည် ဖြစ်နေသည်။

"နန်းတော်ထဲမှာ လူအတော်များများကတော့ ပြောနေကြတယ်။ သိဒ္ဓတ္ထအရှင်ဟာ တန်ခိုးကြီးဒိပါဒ်အကြီးဆုံးတပအဖြစ် ပြန်လာနိုင်တယ်တဲ့"

ဥဒါယီက သက်ပြင်းချသံဖြင့် ပြောသည်။

ထို့ထက်မကဟု အာနန္ဒ ရှင်းပြချင်သည်။

"ဘကြီးတော် မင်းတရားကြီးကတော့ သူ့မြေးတော်လေး စကြဝတေးမန္တတ်မင်း ဖြစ်လာရေးကိုပဲ နောက်ဆုံးမျှော်လင့်ချက်အဖြစ် ထားရင်း စိတ်ဖြေနေရှာတယ်"

အာနန္ဒ ဘာမှပြန်မပြောဘဲ နေလိုက်၏။

"ညီတော် နောင်တော် ဆွေမျိုး သကျမင်းတွေ အကြားမှာတော့ ပွက်လောရိုက်နေတာပဲ အရှင်။ သိဒ္ဓတ္ထကိုယ်တော် ထီးနန်းစွန့်သွားတော့ ထီးနန်းထဲမှာ နေရစ်ခဲ့တဲ့ သူ့တို့ကိုယ်သူတို့ မလုံမလဲဖြစ်နေကြတယ်"

ဥဒါယီက ကျန်ရစ်သူများအကြောင်း ပြောနေသည်။ အာနန္ဒလည်း

ထွက်ခွာသွားသူအကြောင်းမှသည် ကျန်ရစ်သူများအကြောင်းသို့ ပြန်တွေးမိလာသည်။ ဤတွင် အာနန္ဒ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"ဥဒါယီ.... ကြည့်စမ်း၊ လုပ်စရာရှိတဲ့ အလုပ်ကို လုပ်ရမှန်း သိသူက လုပ်သွားပြီးတဲ့နောက်မှာ ငါတို့ကတော့ ရော်ယမ်းမှန်းဆမှုတွေနဲ့ ဂယက်ထ နေတယ်။ အမှန်က ကျန်ရစ်ခဲ့တဲ့ ငါတို့မှာ အင်း.... ငါ့မှာလုပ်စရာရှိနေတာ မလုပ်ဘဲ အတွေးတွေနဲ့ ဗျာများနေပါလား"

"ဘာပါလိမ့် အရှင်၊ ကျွန်တော်တို့က ဘာလုပ်ရမှာလဲ"

"ဒေဝီယသော်ဓရာလေ။ ငါတို့ချင်း ဆွေးနွေးနေမယ့်အစား ခုချိန်မှာ ဒေဝီဆီသွား သူ့အနားမှာ အားပေးစကားတစ်ခုခုနဲ့ အားပေးနှစ်သိမ့်သင့် တာပေါ့.... "

"အို....ဟုတ်ပေသားပဲ၊ အရှင်"

# အခန်း ၁၈

ဒေဝီယသော်ဓရာ၏ နန်းဆောင်သို့အဝင် စကြံကွေ့များ၊ လှေကားများ၊ ကျောက်သားဖြူလမ်းမွှာများသည် အာနန္ဒနှင့် ဥဒါယီတို့၏ ခြေလှမ်းများကို တိတ်ဆိတ်စွာ ကြိုဆိုနေကြသည်။ အစောင့်ရဲမက်များ၏ ညှိုးငယ်သော မျက်နှာများသည် အာနန္ဒတို့ကို တွေ့ရသောအခါ အားကိုးတကြီးမျက်လုံးများဖြင့် လှမ်းကြည့်နေကြသည်။

နန်းတော်ထဲသို့ဝင်ခဲ့ချိန်၌ အာနန္ဒ စိတ်လှုပ်ရှားနေ၏။ ဒေဝီအား မည်သို့သောစကားများဖြင့် နှစ်သိမ့်ရမည်နည်း။ ဥဒါယီကိုပင် နားလည်သဘောပေါက်အောင် ပြောနိုင်စွမ်းမရှိသော မိမိက ဒေဝီအား မည်သို့ စကားဆိုမည်နည်း။

တစ်ခုတော့ သက်သာရာ ရနေ၏။ ဒေဝီ၏ရင့်ကျက်တည်ငြိမ်ပုံကို အာနန္ဒသည် ကလေးငယ်ဘဝကတည်းက သိပြီးဖြစ်သည်။ဒေဝီသည် ပူပန်သောက လှိုင်းတံပိုးအောက်၌ နစ်မြုပ်၍မနေ။ ဆုံးရှုံးမှုကြီးတစ်ခုကို ကြီးမားသော ဣန္ဒြေတို့ဖြင့် ထိန်းသိမ်းခံယူနိုင်စွမ်းရှိမည်မှာသေချာသည်။ထို့ကြောင့် မိမိက အထူးအထွေအားပေးစကားဆိုစရာလိုမည်မဟုတ်။ဒေဝီနှင့်တွေ့မှပင်

အလိုက်သင့် အလျားသင့် စကားပြောရတော့မည်။

နန်းတော်ထဲဝင်ခဲ့ကြ၏။ နေ့ခင်းပွဲတော်စားပြီးချိန်ဖြစ်၍ အမှုထမ်းတို့သည် သစ်သီး၊ နို့နှင့် အချိုအချဉ် ခဲဖွယ်များကို လင်ပန်းကြီးငယ်တို့ဖြင့် သယ်ယူခင်းကျင်းနေကြသည်။

အာနန္ဒနှင့်ဥဒါယီတို့ရောက်ရှိလာကြောင်း ကိုယ်လုပ်တော်တစ်ဦးက လျှောက်ထားပြီးနောက် ဒေဝီက ယခုပင် ရှေ့မှောက်သို့ လာရောက်ကြပါဟု ဖိတ်ခေါ်လိုက်ကြောင်း အကြောင်းပြန်လေသည်။

အာနန္ဒနှင့် ဥဒါယီတို့ တစ်ယောက်ကိုတစ်ယောက် ပြိုင်တူလှမ်းကြည့်လိုက်မိ၏။ တစ်ပြိုင်တည်းလိုပင် အသက်ရှူသွင်း အားယူမိကြ၏။

ရှေ့မှောက်သို့ ရောက်ကြပြီ။

အာနန္ဒ အံ့အားသင့်သွားလေသည်။

*   *   *

နက်မှောင်သောဆံကေသာတို့ကို တင်းတင်းရင်းရင်းစုချည်ကာ ထုံးဖွဲ့ထားသဖြင့် နဖူးပြင်သည် ပကတိအတိုင်း ပေါ်လွင်နေ၏။ နားတောင်း၊လည်ဆွဲ၊ ပုတီး၊ ဘယက်၊ ဒွါဒရာအလျဉ်းမရှိသောသဏ္ဌာန်သည် ရှင်းပြန့်လျက်ရှိသည်။ ဆင်မြန်းထားသော ကိုယ်တော်ခါးချပ်ထမီတို့မှာ ဖန်ရည်စွန်းသော ရှားနှစ်ရောင်။ ဒေဝီ၏ ဝင်းဖန့်သော အသားအရေမှာ ညိုမှောင်းသော အဝတ်ကြောင့် ပို၍ လင်းလက်နေကြသည်။

ရှေ့မှောက်တွင် ခင်းကျင်းစီမံပေးထားသော သစ်သီး၊ နို့နှင့် ခဲဖွယ်တို့အားလုံး အရာမယွင်း။ ဒေဝီသည် ကျောဲ့ရှင်းခိုင်မာစွာ သလွန်ထက်တွင် ထိုင်နေ၏။

ကပိလဝတ်ဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီးတစ်ပါးနှင့်တူသော အဆင်အပြင် အမွှမ်းအမံ လုံးဝမရှိ။ ရွှေငွေကျောက်ရတနာအရောင်တို့ လုံးဝ

ကင်းရှင်းလျက်။ ရှားနှစ်ရောင်တို့သည်သာ ညိုမှောင်စွာတောက်ပလျက်၊ ရင့်ကျက်သော ဣန္ဒြေဖြင့်ထိုင်နေသည့် 'ကျန်ရစ်သူ'ကို အာနန္ဒ တအံ့တသြ တွေ့လိုက်ရလေသည်။

ဂုဏဝဒ္ဓိအားဖြင့် အာနန္ဒက စတင်နှုတ်ဆက်လိုက်၏။

"ဒေဝီ....ကျန်းမာပါရဲ့လား။ သားတော်လေးကော ကျန်းမာပါရဲ့လား"

"ကျန်းမာကြပါတယ်။ အာနန္ဒနဲ့ ဥဒါယီတို့ကော မျှတကြရဲ့လား"

"မျှတကြပါတယ် ဒေဝီ"

စကားစပြတ်သွား၏။ အာနန္ဒ ရှေ့ဆက်ရန် စကားစရှာမတွေ့ ဖြစ်သွား၏။ ဒေဝီယသော်ဓရာကို ဤသို့အနေအထားဖြင့် တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့။ ဣန္ဒြေကြီးလှသော ဘဒ္ဒကစ္စနာကို မိမိ မသိမဟုတ် သိသည်။ သို့သော် ကျန်ရစ်ခဲ့သူတစ်ယောက်အနေဖြင့် ညှိုးချုံးနွမ်းနယ်နေမည်ဟုကား ထင်မိခဲ့သည်။ ရက်ပိုင်းသာရှိသေးသော သားငယ်လေးတစ်ယောက်ကို ပွေ့ပိုက်လျက် စွန့်ပစ်ထားခြင်းခံရသူမိန်းမသားတစ်ဦး ဤမျှလောက် ရင့်ကျက်တည်ငြိမ်နေခြင်းကား မယုံနိုင်စရာပေ။ ထို့ထက်မူ.... ယခင်က တစ်ခါမှ မတွေ့ဖူးသော ဝတ်စားဆင်ယင်မှုများ။

အာနန္ဒ ချက်ချင်းသဘောပေါက်သွားသည်။အံ့အားသင့်ခြင်းမှသည် နားလည်သဘောပေါက်ခြင်းနှင့်ယှဉ်သော လေးစားမှုများသို့ ကူးပြောင်းသွားသည်။ ဒေဝီကား ထွက်ခွာသွားလေသူ အရှင်သခင် ခင်ပွန်းသည်ရှိရာသို့ ဦးတည်ရှေ့ရှုလျက် နေထိုင်ကျင့်သုံးခဲ့လေပြီ။ နေလုံးကြီးရှိရာသို့ အစဉ်တစိုက် လှည့်လည် မျက်နှာမူနေသော နေကြာပန်းတစ်ပွင့်။

နောင်တော်သိဒ္ဓတ္ထ ရဟန်းပြုပြီးသောသတင်း ကြားသည့်အချိန်မှ စ၍ ဒေဝီသည်လည်း ဖန်ရည်စွန်းသော အဝတ်မှတစ်ပါး ကြွင်းသော ဝတ်စားတန်ဆာတို့ကို ပယ်ခဲ့လေပြီ။ သြော်.... ဤကား ဗဟိန္ဒမှမြင်ရသော

အသွင်အပြင်တစ်ခုသာဖြစ်ချေ၏။ ဒေဝီသည် နောင်တော်နှင့်ဝေးကွာပြီ ဖြစ်သော်လည်း နီးကပ်ရာသို့သာ ရှေ့ရှုဦးတည်နေသည်တကား....။

သြော်.... သူတို့သည် ခရီးအတူလျှောက်ခဲ့ကြသူ၊ လျှောက်နေကြသူ၊ လျှောက်သွားကြမည့် သူများပါတကား။

'စွန့်ပစ်ခံခဲ့ရခြင်း'ဟူသောအဖြစ်သည် ဒေဝီ၏နှလုံးသား၌ အကွာရာ စာလုံးသော်မျှ မထင်လေယောင်ပါတကား။

ဝေးကွာခြင်းနှင့် နီးကပ်ခြင်းသဘောကို အာနန္ဒ ချက်ချင်းနားလည် သွား၏။ ဒေဝီသည် ဤနန်းတော်တွင်း ဤသလွန်ထက်မှာ နေရင်းဖြင့်ပင် ယခုအခါ ဘယ်ဆီဘယ်မှန်း မသိနိုင်လေသော သူ့သခင်နှင့်တကွ အတူရှိ ချေသည်။ ဤသို့သော သူနှစ်ဦးသည် ဘာအကြောင်းနှင့်မှ ဘယ်လိုမှ ဝေး ကွာသွားကြမည့်လူများမဟုတ်။ ခွဲခွာခြင်း၊ ကွဲကွာခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ် ခံရခြင်းတို့သည် သူတို့၏နှလုံးသားကို ရိုက်ပုတ်နိုပ်စက်ရန် မတတ်နိုင်စွမ်း ပါချေ။ စိတ်ချင်း၊ နှလုံးချင်း၊ သဏ္ဍာန်ချင်းနှင့်တကွ အတူရှိလေသော သူနှစ်ဦးသည် ထာဝရနီးကပ်သူများပင် ဖြစ်ချေသည်။

"အာနန္ဒ၊ဥဒါယီ သင်တို့နောင်တော် ရဟန်းအဖြစ်နဲ့ ဘယ်ပုံနေထိုင် ကျင့်ကြံနေတယ်ဆိုတာ သင်တို့ကြားသိရလေတိုင်း အသိပေးစေချင်တယ်"

အာနန္ဒ ကြက်သီးမွေးညင်း ထသွား၏။ နောင်တော် ဘယ်ရောက် နေပြီလဲဟူသော အရပ်ဒေသအကြောင်းကို မစုံစမ်းနိုင်။ ဘာလုပ်နေပြီလဲ ဟူသော အကျင့်အကြံအကြောင်းကိုသာ အသိပေးနိုင်လေသည်။

အားပေးနှစ်သိမ့်အံ့ဟူ၍ လာခဲ့ကြသူများမှာ အားပေးနှစ်သိမ့် စကား ဆိုဖို့ အကြောင်းမရှိဖြစ်သွားသည်။ အားအင်ချည့်နဲ့မနေသူ၊ အားအင်ပြည့် နေသူကို အဘယ်သို့လျှင် အားပေးစရာလိုဦးမည်နည်း။

အာနန္ဒနှင့် ဥဒါယီတို့သည် ဒေဝီယသော်ဓရာအား လေးမြတ်စွာ အရိုအသေပြုခဲ့ကြပြီးနောက် ပြန်လည်ထွက်ခဲ့ကြလေသည်။ ဥဒါယီသည်

နန်းတော်တံခါးဝအထွက်မှာပင် မချုပ်တည်းနိုင်တော့စွာ ပြော၏။

"ဒေဝီယသော်ဓရာဟာ ကမ္ဘာလောကမှာ အမြတ်ဆုံးမိန်းမသားပဲ၊ မိန်းမမြတ်တစ်ဦးဖြစ်တယ်ဆိုတာ၊ ကျွန်တော် အခုမှပဲ အပြည့်အဝ သဘောပေါက်သွားတော့တယ် အရှင်"

*   *   *

နေ့ရက်များသည် ခြောက်သွေ့တိတ်ဆိတ်စွာ ဖြတ်ကျော်သွားကြ၏။ သကျမင်းတို့သည် နိုင်ငံအုပ်ချုပ်ရေးရာ၌ အသားကျနေသော လိမ္မာကျွမ်းကျင်သူများဖြစ်သည့်အတွက် 'ဘုရင်မင်းမြတ်'ကင်းမဲ့သွားသော ကပိလဝတ်ထီးနန်း၏ ရာဇအာဏာကို အရှိန်မပျက်ပင် ဆက်လက် လည်ပတ်အောင် ကြိုးပမ်းနိုင်ခဲ့ကြသည်။ ဘကြီးတော်မင်းကြီးမှာ သကျရာဇာအဖြစ်မှ အနားယူခဲ့ပြီး ဖြစ်သည့်အပြင် သားအတွက် စိတ်ထိခိုက်နေသော အဘိုးအိုကြီးတစ်ယောက် ဖြစ်နေသည်။ ထို့ကြောင့် ကပိလဝတ် အုပ်ချုပ်ရေးယန္တရားနှင့် ပတ်သက်၍ သုဒ္ဓေါဒနမင်းကြီးအား မလေးလံစေတော့ဘဲ အခြား သကျမင်းများကပင် တာဝန် ခွဲဝေယူလိုက်ကြ၏။

ကပိလဝတ်အုပ်ချုပ်ရေး စီမံခန့်ခွဲရေးနှင့် အခြားအရာများကို သကျမင်းများ တာဝန်ခွဲဝေယူခဲ့ရာတွင် အာနန္ဒသည် ပို၍ကြီးလေးသော တာဝန်များကို ထမ်းဆောင်ခဲ့ရလေသည်။ ထိုအခါမှပင်'သိဒ္ဓတ္ထသခင်'၏ တန်ဖိုးကို ပို၍ သိခွင့်ရကြပြန်သည်။ နောင်တော် ဘုရင်မင်းမြတ်ရှိနေခြင်းနှင့် ရှိမနေခြင်း၏ ကွာခြားချက်ကို အာနန္ဒ ပို၍ သဘောပေါက်ခွင့် ရလာသည်။

ကပိလဝတ်နန်းတော်တွင် ဆိုင်ရာစီမံခန့်ခွဲမှု ကိစ္စအဝဝတို့ကို အာနန္ဒ တာဝန်ယူလိုက်ရ၏။ ဉာဏ်အမြော်အမြင်ကြီးသူ၊ ပြေပြစ်သော အမူအရာရှိသူ၊ မဆုပ်မနစ်သည့် ဝီရိယနှင့်ပြည့်စုံသူဟူသော ဂုဏ်ပုဒ်များက ထိုတာဝန်များကို ထမ်းဆောင်ဖို့ဖြစ်လာသည်။ အာနန္ဒသည် 'သကျရာဇာ'

အဖွဲ့က အပ်နှင်းလိုက်သော ထိုတာဝန်ကို လိုလိုလားလားပင် လက်ခံခဲ့၏။ ဤသို့လက်ခံခဲ့ရာတွင် အာနန္ဒ အဖို့ အခိုင်လုံဆုံးအကြောင်းတစ်ချက် ရှိနေသည်။ ထိုအရာမှာ သင်္ဂါယနာအဖွဲ့က ချမှတ်အပ်နှင်းလိုက်သော အမိန့်ကြောင့်မဟုတ်။ 'နောင်တော်သိဒ္ဓတ္ထ မရှိတော့ချိန်တွင် နောင်တော်၏ ရာဇအာဏာများအနက်မှ အချို့ကို ခွဲဝေတာဝန်ယူခြင်းဖြင့် နောင်တော်ကို သစ္စာခံခြင်း'တည်းဟူသော သဘောထားပင်ဖြစ်၏။

နန်းတော်တွင်းဆိုင်ရာ စီမံခန့်ခွဲမှုဆိုရာမှာလည်း တကယ့်တာဝန်ယူရသောအခါ ထင်သည်ထက်ပို၍ ကြီးလေးလာကြောင်း အာနန္ဒ တွေ့ရ၏။ စင်စစ်အားဖြင့် အသားကျနေပြီဖြစ်သော သင်္ဂါယနာအဖွဲ့ အုပ်ချုပ်ရေးယန္တရားမှာ နှစ်ပေါင်းများစွာ ပုံမှန်လည်ပတ်နေခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်ဘာမှ ထွေထွေထူးထူးလုပ်စရာမလိုဟု ထင်ရဖွယ်ရှိလေသည်။ တကယ့်တကယ်မှာမူကား အာနန္ဒသည် အလွန်သိမ်မွေ့သော အရာတစ်ခုကို ကိုင်တွယ်လာရတော့သည်။

ထိုအရာကား သိဒ္ဓတ္ထအရှင် မရှိခြင်း၏ဂယက်ဒဏ်ကြောင့် ကပိလဝတ်သားတို့ ယောက်ယက်ခပ်မသွားအောင် လိမ္မာစွာ ထိန်းသိမ်းပေးရသော အလုပ်ပင်ဖြစ်၏။

အချို့က ထိတ်လန့်စိုးရိမ်နေကြသည်။ အချို့က ဝမ်းနည်းပူဆွေးနေကြသည်။ အချို့က ထင်ကြေးအမျိုးမျိုးပေးကာ မီးပုံကို ဖွနေကြသည်။ အချို့ကမူ သင်္ဂါယနာတို့၏ ကပိလဝတ် အုပ်ချုပ်ရေးကြီးတစ်ခုလုံး ပြောင်းလဲသွားတော့မည်ဟု တွက်ကာ ဂနာမငြိမ်ဖြစ်နေကြသည်။

အာနန္ဒသည် ထိုလူအမျိုးမျိုး စိတ်အထွေထွေတို့ကို ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ်ထိန်းသိမ်းရလေသည်။ ထိတ်လန့်စိုးရိမ်နေသူများကို အားပေးနှစ်သိမ့်ရ၏။ ဝမ်းနည်းပူဆွေးနေသူများကို ချော့မော့ဖျောင်းဖျရ၏။ ထင်ကြေးအမျိုးမျိုးပေးနေသူများကိုတော့ သင်္ဂါယနာအဖွဲ့ဝင်တစ်ဦး၏

အာဏာဖြင့် ခပ်ဖိဖိလေး ကိုင်တွယ်ဆုံးမရသည်။ ဂနာမငြိမ်ဖြစ်နေသူများကိုလည်း ချော့တစ်ခါ ချောက်တစ်လှည့် ထိန်းမတ်ပေးရသည်။

ဘုရင်မင်းမြတ်ကင်းမဲ့သွားသော ရာဇပလ္လင်၏ လစ်ဟာမှု ကွက်လပ်ကို ဖြည့်တင်းပေးရသည်မှာ ခက်ခဲလှသော အလုပ်တစ်ခုပင်။ အကောင်အထည် ထင်ရှားမရှိသော ဘုရင်မင်းမြတ်ကိုယ်စား ရာဇအာဏာ ဆက်လက် အသက်ဝင်နေအောင် ဖန်တီးရသော အလုပ်မှာ လွန်စွာ သိမ်မွေ့ ခက်ခဲလှသော အလုပ်ပင်ဖြစ်ချေသည်။

သိဒ္ဓတ္ထအရှင်သည် မိမိတို့အား စွန့်ခွာသွားခြင်း မဟုတ်ကြောင်း မိမိတို့အပါအဝင် တစ်လောကလုံးကို ကယ်တင်ရန်အတွက် လက်နက်ကောင်းများရရှိဖို့ အရှာအဖွေ ထွက်သွားခြင်းသာဖြစ်ကြောင်း သူတို့သဘောပေါက်အောင် အာနန္ဒ မနည်းပြောယူရသည်။ ကပိလဝတ်နန်းဆောင်ခန်းမတွင် ညဥ့်တိုင်းလိုလို အာနန္ဒသည် ထိုအချက်ကို လူအများသဘောပေါက်စေနိုင်မည့် စကားလုံးများဖြင့် ဟောပြောရှင်းလင်းနေရလေသည်။

အာနန္ဒသည် နောင်တော်၏တန်ဖိုးကိုပါ ပို၍ပို၍ သဘောပေါက်လာရတော့၏။ နေ၏အလင်းရောင်အောက်တွင် နေသားတကျရှိခဲ့စဉ်က နေမင်းကြီး၏တန်ဖိုးကို အမှတ်မထင်သာရှိခဲ့သော်လည်း ညဥ့်အရောင် ဖုံးလွှမ်းချိန်ရောက်သောအခါမှ နေမင်း၏အလင်းတန်ဖိုးကို ပို၍သိရသကဲ့သို့ပင်ဖြစ်သည်။

သိဒ္ဓတ္ထအရှင်ရှိနေစဉ်က ထိုအချက်ကို အများသူငါ သတိမထားမိကြ၊ မရှိသောအခါမှပင် တန်ဖိုးကြီးမားလှပုံကိုပါ သိကြရသည်။ဘုရင်မင်းမြတ် တစ်ပါးတည်းအနေဖြင့် ထမ်းဆောင်ခဲ့သောအမှုကိစ္စများသည် အာနန္ဒ အပါအဝင် ရာဇအဖွဲ့ဝင်များ ခွဲဝေထမ်းဆောင်ကြရသောအခါမှ ထိုအမှုကိစ္စများ မည်မျှကြီးလေးကျယ်ပြန့်ကြောင်း သဘောပေါက်လာကြလေသည်။

# အခန်း ၂၀

ဥဒါယီလည်း သကျရာဇာအဖွဲ့၏ လက်ရုံးအမတ်တစ်ဦးအနေဖြင့် ကြီးလေးသော တာဝန်များကို ထမ်းရွက်ဖို့ကြုံလာသည်။ ဥဒါယီ၏တာဝန်ကား သကျဆွေတော်မျိုးတော် ဝန်းကျင်နီးနား မြို့နိုင်ငံများအရေးပင်ဖြစ်၏။ 'သိဒ္ဓတ္ထအရှင် ထွက်ခွာသွားပြီတဲ့' ဟူသော သတင်းက မည်သို့မျှ ဖုံးဖိ၍မရသော သတင်းဖြစ်သည်။

ငြိမ်းချမ်းရေးနှောင်ကြိုးဖြင့် တွဲစပ်ထားသော အိမ်နီးချင်းနိုင်ငံများဖြစ်၍ စစ်မက်အန္တရာယ်ဘေးကိုတော့ စိုးရိမ်စရာမရှိ။ သို့သော် ဘာကြောင့် သိဒ္ဓတ္ထအရှင်မင်းမြတ် ထွက်ခွာသွားသလဲ၊ ဘယ်ကို သွားသလဲ စသော မေးမြန်းစုံစမ်းမှုများကို ဥဒါယီ ရင်ဆိုင်ရ၏။အချို့နိုင်ငံများက သဝဏ်စေ၍ မေးမြန်းကြသည်။ အချို့နိုင်ငံများက သံတမန်များ စေလွှတ်ကြသည်။ ဥဒါယီသည် ထိုမေးမြန်းစုံစမ်းမှုများ အားလုံးကို သကျရာဇာအဖွဲ့မှ ချမှတ်ထားသော ဆုံးဖြတ်ချက်အတိုင်း ပြန်လည်ဖြေရှင်း ပြန်ကြားပေးနေရ၏။ ထိုအဖြေမှာ 'သိဒ္ဓတ္ထအရှင်သည် သကျနိုင်ငံ၏ ပိုမိုငြိမ်းချမ်းတိုးတက်ရေး

အလို့ငှာ ယောဂနှင့်တပအကျင့်များ၊ ဗြဟ္မဏတို့၏အကျင့်များကို လေ့လာ စုံစမ်းရန် ခရီးထွက်သွားခြင်း ဖြစ်ကြောင်း'ဟူသော အဖြေပင်ဖြစ်၏။

ဤအဖြေကို အတော်များများက ဘဝင်မကျကြပေ။ သကျဘုရင် တစ်ပါးက တိုင်းပြည်အုပ်ချုပ်ရေးမှာ အဲဒါတွေသိဖို့ လိုအပ်သတဲ့လားဟု စောဒကတက်ကြ၏။ စကားအရာ၌ သူမတူ ကျွမ်းကျင်လှသော ဥဒါယီက ထိုစောဒကများ၊ သံသယများကို ရှန်းရှန်းဝေအောင် ပြောဆိုဖြေကြားပေး လိုက်၏။ စောဒကတက်လာကြသူများသည် ဥဒါယီ၏စကားလုံးများ အောက်တွင် ဘာမှန်း ရေရေရာရာ မသိသည့်တိုင် ကျေနပ်သွားကြသည်။

သို့သော် ဥဒါယီအနေဖြင့် အကျပ်အတည်းတွေ့လာရသော နိုင်ငံမှာ ဒေဝဒဟပင်ဖြစ်သည်။ဒေဝဒဟဘုရင် သုပ္ပဗုဒ္ဓသည် တယူသန်တဇွတ်ထိုး သမားတစ်ဦး ဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီးနှင့် သမီးယောက်ဖတော်သူ လည်း ဖြစ်၏။ ယသော်ဓရာဒေဝီ၏ ခမည်းတော်အဖြစ် မင်းကြီးနှင့် ခမည်း ခမက်တော်သူလည်း ဖြစ်၏။

သုပ္ပဗုဒ္ဓမင်း စေလွှတ်လိုက်သူကား ယသော်ဓရာ၏ အစ်ကိုတော် ဒေဝဒတ္တပင် ဖြစ်လေသည်။

ဒေဝဒတ္တမင်းသားသည် ပြင်းထန်စူးရှသော မေးခွန်းများ၊ စွပ်စွဲချက် များ၊ ထင်မြင်ယူဆချက်များကို သယ်ဆောင်၍ ကပိလဝတ်သို့ ရောက်လာ ခဲ့သည်။

"သားနဲ့မယားကို စွန့်ပစ်သွားတာဟာ ယောကျ်ားတစ်ယောက် အနေနဲ့ တာဝန်မဲ့အပြုအမူကို ပြုမူလိုက်ခြင်းဖြစ်တယ်"

"တိုင်းသူပြည်သားများအတွက် တာဝန်မဲ့တဲ့ ဘုရင်ပဲ"

"သကျမင်းဆွေစိုးမျိုးများအတွက် လေးစားခန့်ညားခြင်း အစဉ် အလာကို ဖောက်ဖျက်တဲ့ သကျတစ်ဦးပဲ"

ဒေဝဒတ္တ၏ စကားလုံးများ ပြင်းထန်လှ၏။

ဥဒါယီသည် မိမိတစ်ဦးတည်းဖြင့် ဒေဝဒတ္တကို ရင်ဆိုင်ဖြေရှင်းဖို့ မနိုင်တော့ကြောင်း သိသဖြင့် အာနန္ဒကို အကူအညီ တောင်းခဲ့ရလေသည်။ စင်စစ်မူ ဒေဝဒတ္တနှင့် နှိုင်းယှဉ်လိုက်ပါက ဥဒါယီသည် သကျမင်းမျိုး မဟုတ်တော့ဘဲ သာမန်ရာဇအဖွဲ့ဝင်တစ်ဦးသာ ဖြစ်နေတော့၏။

ဤတွင်အာနန္ဒသည်လည်း မလွှဲမရှောင်သာပင် ဒေဝဒဟတိုင်းပြည်၏ကိုယ်စားလှယ်အဖြစ် လာရောက်သော ဒေဝဒတ္တကို ရင်ဆိုင်ရလေသည်။

"အာနန္ဒ၊ သင် ရိုးရိုးလေးပဲ တွေးကြည့်လိုက်စမ်းပါ၊ မိမိရဲ့ နှမသားချင်းကို မိမိရဲ့ယောက်ဖဖြစ်သူက စွန့်ပစ်သွားတဲ့အခါမှာ အဲဒီအစ်ကို တစ်ယောက် ဘယ်လိုခံစားရမလဲ။ ကျွန်ုပ်မှာ အဲဒီအနေအထားနဲ့ပဲ သင်တို့ သိဒ္ဓတ္ထရဲ့ စော်ကားမှုကို အတိအလင်းခံလိုက်ရသူ ဖြစ်နေပြီ"

ဒေဝဒတ္တကို ကြည့်ရသည်မှာ မခံချိမခံသာ ဝေဒနာတစ်ခုကို တကယ်ခံစားနေရသလို မဟုတ်ဘဲ တမင် နာကျည်းဟန်ဆောင်ထားသူလို ဖြစ်နေသည်ဟု အာနန္ဒတွေးမိလိုက်၏။

အကောင်းဆုံးအဖြေကို အာနန္ဒရှာဖွေရသည်။ရာဇဂုဏ်မောက်သော၊ လိမ္မာပါးနပ်သော၊ သူ့ကိုယ်သူ ယုံကြည်စိတ်ချခြင်းဖြင့် တက်ကြွနေသော၊ တကယ်လည်း ထူးထွေဆန်းကြယ်ပညာများကို တတ်မြောက်သော ဒေဝဒတ္တမင်းသားအား အခြားသူတွေလို တော်ရုံတန်ရုံ ရင်ဆိုင်၍ရနိုင်မည် မဟုတ်ပေ။

"အရှင်..... ယောက်ဖတစ်ဦးရဲ့စွန့်ပစ်ခံသွားရတဲ့ နှမသားချင်းတစ်ဦးရဲ့ အစ်ကိုတစ်ယောက် ဘယ်လိုခံစားရမလဲဆိုတာ ကျွန်တော်မသိပေမယ့် အင်မတန်ကို ခါးသီးဆိုးရွားလှတဲ့ ခံစားမှုဖြစ်မယ်ဆိုတာတော့ ခန့်မှန်း စာနာမိပါတယ်"

ဒေဝဒတ္တသည် အရောင်ထွက်မတတ် မျက်လုံးများကို မျက်ထောင့် တစ်ချက်နှစ်ချက် ပုတ်ခတ်လျှက် သိမ်းဆည်းရင်းနားထောင်နေ၏။

"ကျွန်တော့်အနေနဲ့ ပြုလုပ်နိုင်တာ တစ်ခုပဲရှိပါတယ် အရှင်။ အဲဒါကတော့ အကြံပေးနိုင်တာပါပဲ။ အဲဒီအကြံကတော့ အရှင့်လို သို့မဟုတ် အရှင့်ထက်ပိုပြီး ဝေဒနာခံစားနေရတဲ့ နမဖြစ်သူထံ အရှင်ကိုယ်တိုင် သွားရောက်တွေ့ဆုံပြီး စွန့်ပစ်ခံရသူချင်း၊ စာနာနားလည်စွာ ဆွေးနွေးပြောဆို ခြင်းဖြစ်ပါတယ်။ ဒေဝီယသော်ဓရာထံ အရှင်သွားစေချင်ပါတယ်"

"အေး....ဟုတ်ပါတယ်။ ငါ့နှမဆီ ငါသွားမယ်။ သူ့ကို အားပေးစကားဆိုရင်း ငါသိချင်တာတွေ မေးရမယ်။ အင်း.... ရက်စက်စိမ်းကားမှုနဲ့ တာဝန်မဲ့စွန့်ပစ်မှုကို ခံယူရတဲ့ တို့မောင်နှမ.... အင်း"

ဒေဝဒတ္တ ထွက်ခွာသွားသောအခါ ဥဒါယီက အာနန္ဒကို ထူးဆန်းစွာ လှမ်းကြည့်၏။ လေးစားမှု၊ အံ့သြမှုအကြည့်များ ဖြစ်လေသည်။

"အင်မတန်ကို စေ့စပ်တဲ့ အကြံပေးချက်ပါပဲ အရှင်။ သို့သော် ဒေဝီယသော်ဓရာကို သူ ဘာတွေဘယ်လောက်ထိများ ပြောဆိုလေမလဲမသိဘူး။ ဒေဝဒတ္တကြောင့် ဒေဝီယသော်ဓရာ စိတ်ထိခိုက်တော့မှာကို စိုးမိပါတယ်"

အာနန္ဒ စိတ်ချယုံကြည်စွာ ပြောလိုက်၏။

"မစိုးရိမ်နဲ့ ဥဒါယီ။ ဧရာမလှိုင်းလုံးကြီးတွေဟာ သမုဒ္ဒရာကမ်းစပ်ရောက်တဲ့အခါမှာ ပျောက်ပျက်လွင့်ပြယ်သွားသလို ဒေဝဒတ္တရဲ့ ရန်လိုမှုနဲ့ မောက်မာမှုတွေဟာလည်း သူမရဲ့ နက်ရှိုင်းတည်ငြိမ်မှုရှေ့မှာ တစ်ခါတည်း ဝပ်စင်းပြယ်လွင့်သွားလိမ့်မယ်"

"ဒေဝဒတ္တက ကျွန်တော်တို့ အရှင်အပေါ်မှာ ပုတ်ခတ်တဲ့စကားတွေ ပြောရင် ဒေဝီအနေနဲ့ မခံမရပ်နိုင်ဖြစ်ပြီး သူတို့မောင်နှမချင်း အချင်းများကြမှဖြင့်"

"အဲဒါကတော့ သင်အစိုးရိမ်လွန်သွားပြီ ဥဒါယီ၊ ဒေဝီယသော်ဓရာရဲ့ ရှေ့မှာ ဘယ်သူမျိုးမှ သိဒ္ဓတ္ထအရှင်ကို စော်ကားမော်ကား မပြောရဲဘူး၊ ပြောမထွက်နိုင်ဘူး။ ဒေဝဒတ္တဟာ သင်မှတ်မိဦးမှာပေါ့၊ ဟိုတစ်ချိန်က သူ

ကိုင်တွယ်ဆော့ကစားခဲ့တဲ့ အဆိပ်ပြင်းမြွေကြီးတွေလို ပြန်ဖြစ်သွားလိမ့်မယ်။ သူ့နှမက သူမတူ ကျွမ်းကျင်တဲ့ အလမ္ပာယ်ဆရာ”

ဥဒါယီ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

အာနန္ဒ၏ အယူအဆ မှန်ခဲ့၏။ ဒေဝီယသော်ဓရာထံ သွားရောက်တွေ့ဆုံပြီး ပြန်လာသော ဒေဝဒတ္တသည် ကပိလဝတ်တွင် ညဥ့်အိပ်ပင်မနေတော့ဘဲ ဒေဝဒဟသို့ ပြန်သွားခဲ့၏။ သူ့ထံမှ မကျေမနပ် ပေါက်ကွဲစွာ မေးသော မေးခွန်းတွေကိုလည်း မကြားရတော့။

တစ်နေကုန် ပြုဖွယ်အမှုကိစ္စများဖြင့် ထွေးလုံးရစ်ပတ်ရှိခဲ့ရပြီးမော ပန်းနွမ်းနယ်စွာဖြင့် မိမိအဆောင်တွင် နားနေခွင့်ရခိုက် ညဥ့်အချိန်များ၌ အာနန္ဒသည် တီးတိုးရေရွတ်လိုက်မိလေသည်။

‘နောင်တော်မရှိတော့တဲ့ ကပိလဝတ်မှာ နေရစ်ခဲ့ရင်း ဒီလိုအမှုကြီးငယ်တွေကို ကိုင်တွယ်ဖြေရှင်းရတဲ့အတွက် နောင်တော့်ကို လုပ်ကျွေးပြုစုအမှုထမ်းခွင့်ရတယ်လို့ သဘောပေါက်ပါတယ်။ ဒီအတွက်လည်း ညီတော်နှစ်ထောင်းအားရ ဖြစ်ရပါတယ်။ သို့သော် နောင်တော် အခု ဘယ်မှာလဲ.... ဒီတာဝန်တွေကို ယူနေရခြင်းထက် နောင်တော့်ထံပါးမှာပဲ ညီတော် ရှိနေချင်လှပါတယ်’

*　　　*　　　*

ကပိလဝတ်ဘုရင် သိဒ္ဓတ္ထသည် တိုင်းပြည်ထီးနန်းစည်းစိမ်နှင့်တကွ သားမယားအခြွေအရံအားလုံးကို စွန့်ခွာလျက် အဝေးဒေသသို့ ထွက်ခွာသွားပြီဟူသောအဖြစ်သည် အံ့သြတုန်လှုပ်ဖွယ် ဇာတ်လမ်း၏ နိဒါန်းအစမျှသာ ဖြစ်ကြောင်း နားလည်ကြရတော့သည်။အံ့သြတုန်လှုပ်ဖွယ် ယင်းဇာတ်လမ်းသည် ပို၍မြင့်သော အဖြစ်သနစ်များဆီသို့ မြင့်တက်သွား၏။

အာနန္ဒသည် နောက်ထပ်ရရှိသောသတင်းများကို စုဆောင်းရင်း

ကောင်းကင်ယံထဲသို့ မြင့်မားမတ်စောက် ထိုးတက်သွားသော လှေကားကြီး တစ်ခုကိုသာ မြင်ယောင်နေသည်။ လှေကားကြီး၏အပေါ်ဘက်သည် မမြင်နိုင်သော အရပ်တစ်ခုဆီအထိ ထိုးတက်သွား၏။ တိမ်တိုက်အဆင့်ဆင့်ကို ဖောက်ထွင်းမြင့်တက်သွားသော ထိုလှေကားကြီး၏ အထက်ဘက်များက မည်သည့်နေရာအထိ ရောက်လေမည်နည်း။ အာနန္ဒ မသိတတ်နိုင်။

ကပိလဝတ်သို့ သတင်းများ တဖွဲဖွဲရောက်လာကြ၏။ နောင်တော်သည် ရာဇဂြိုလ်ပြည် အရှေ့တံခါးဖြင့် မြို့တွင်းသို့ဝင်ကာ အိမ်စဥ်အတိုင်း လှည့်လည်ဆွမ်းခံသတဲ့....။

မင်းရင်ပြင်၌ စုရုံးစည်းဝေးနေမိသော ရာဇဂြိုလ်ပြည်သားတို့သည် နောင်တော်သိဒ္ဓတ္ထ ရဟန်းအသွင်ယူကာ ဆွမ်းခံဝင်လာသည်ကို အစွဲပြု လျက် အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။

"လဝန်းဗိမာန်နတ်သား ဆင်းလာတာ"

"မဟုတ်ဘူး၊ ကာမနတ်သားက လူယောင်ဖန်ဆင်းပြီး ရောက်လာတာ"

"သိကြားမင်း ကိုယ်တိုင် ဖြစ်ရမယ်"

"မဟုတ်ဘူး၊ ဗြဟ္မာမင်းကြီးပါ"

ရာဇဂြိုလ်တစ်ပြည်လုံး သဲသဲလှုပ်သွားစေခဲ့သော ထိုသတင်း ကပိလဝတ်သို့ ရောက်လာသောအခါ အကျိုးသက်ရောက်မှုက တစ်မျိုးဖြစ်ခဲ့၏။

"ငါ့သားတော်ဟာ သပိတ်နက်ကိုပိုက်ပြီး ရာဇဂြိုလ်မြို့တွင်း အိမ်တကာစေ့ ဆွမ်း အလှူခံသတဲ့လား၊ ဖြစ်ရလေခြင်း၊ စကြဝတေးမင်း အလောင်းလျာဟာ ဒီလိုပဲ ပင်ပန်းဆင်းရဲခြင်းကြီးစွာနဲ့ ထမင်းအစာအတွက် ရှာဖွေရသတဲ့လား"

ဘိုးတော်မင်းတရားကြီး၏ မချိတင်ကဲ ရေရွတ်သံဖြစ်သည်။

အာနန္ဒကမူ ဘုရင်မင်းမြတ်တစ်ပါး၏ စည်းစိမ်ကို စွန့်ပစ်ကာ

ခေါင်းပါးသော အကျင့်ကို ကျင့်နေသည့် နောင်တော်အတွက် ကြိတ်၍ နှစ်ထောင်းအားရဖြစ်နေ၏။ သို့သော် မိမိရင်ထဲမှအတွေးကို မည်သူ့အားမျှ ထုတ်ဖော်ပြောပြခြင်းမရှိ။

ဒေဝီယသော်ဓရာ၏တည်ငြိမ်မှုကို မြင်ရသည်တွင် အာနန္ဒမှာ မိမိ အတွေးနှင့် ဒေဝီ၏ခံစားမှုတို့ သဘောချင်း တူညီနိုင်သည်ဟု ယူဆခဲ့သည်။

'ဆွမ်းခံအပြီး၊ ပဏ္ဏာဝတောင်ထိပ်၊ အရှေ့ဘက်မျက်နှာမူတဲ့ ဂူဝမှာ ထိုင်ပြီး ဆွမ်းစားသတဲ့။ အဲဒီနေရာမှာ ဗိမ္ဗိသာရမင်းကိုယ်တိုင် သွားရောက် ဖူးမြော်ပြီး မင်းစည်းစိမ်အပ်နှင်းတယ်။ ဒါပေမယ့် အရှင်မြတ်က မင်းကြီးကို မိမိဟာ သကျမင်းမျိုးမှ ရဟန်းပြုခဲ့သူဖြစ်ကြောင်း၊ မင်းအဖြစ်ကို စွန့်ပယ် ခဲ့သူဖြစ်ကြောင်း မိန့်တော်မူလိုက်တယ်။ ဗိမ္ဗိသာရမင်းက ဘုရားအဖြစ်သို့ ရောက်လျှင် ရာဇဂြိုလ်သို့ ဦးစွာကြွပါရန် ဖိတ်ကြားလျှောက်ထားခဲ့သတဲ့'

နောင်တော်သိဒ္ဓတ္ထသည် မူလနေရာ အနုပီယသရက်တောမှ ယူဇနာ သုံးဆယ်ဝေးသော ရာဇဂြိုလ်ပြည်သို့ ခရီးစတင်ထွက်ခွာပြီဟု ကြားသိရ ကတည်းက အာနန္ဒ အနေဖြင့် နောင်တော်၏ 'ခရီး'ကို မှန်းဆကြည့်ခဲ့၏။ ယူဇနာဟူသော အတိုင်းအတာပမာဏ၊ အနုပိယ၊ ရာဇဂြိုလ်ဟူသော မြို့ ဒေသ အမည်နာမများသည် နောင်တော်၏ နက်ရှိုင်းဆန်းကျယ်သည့် ခရီး စဉ်ကြီးလို့ သမုတ်အပ်သောအရာများသာဖြစ်သည်။ နောင်တော်သည် လူ အပေါင်းတို့၏မသိမမြင် မမှန်းဆနိုင်သည့်ခရီးကြီးတစ်ခုကို စတင်ထွက်ခွာ နေပြီ။ထိုခရီးဆုံးကို အတိုင်းအတာပမာဏ၊ မြို့ရွာဒေသအမည်နာမများဖြင့် သတ်မှတ်၍မရနိုင်။ ထိုခရီးသည် နောင်တော် တစ်ဦးတည်းသာ သွားရဲ၊ သွားရောက်နိုင်သော ခရီးဖြစ်သည်ဟု အာနန္ဒ သဘောပေါက်နေ၏။

*        *        *

"အာဠာရ ရသေ့ကြီးထံ သိဒ္ဓတ္ထအရှင် ရောက်သွားပြီ"

နောက်ထပ်ရရှိလာသော သတင်းဖြစ်သည်။ အာနန္ဒ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သွား၏။ နောင်တော်၏ခရီးဝယ် ဆရာသမား ကောင်းများ လိုအပ်နေမည်ဟု အာနန္ဒ မတွက်မိခဲ့။ တစ်စုံတစ်ယောက်သော ဗြဟ္မဏထံမှ သို့မဟုတ် သာမဏထံမှ နောင်တော် နည်းနာနိဿယ မခံ လေရာဟုလည်း ထင်ထားခဲ့၏။ အထူးသဖြင့် ယဇ်ပူဇော်ခြင်းနှင့် ဝေဒကျမ်း များ အဓိကထားသည့် ဗြဟ္မဏကျင့်စဉ်ကို နောင်တော် မလိုလားကြောင်း အာနန္ဒ သိထား၏။

ယခုသတင်းအရ နောင်တော် နည်းခံရန် သွားရောက်ဆည်းကပ် သူဟာ အာဠာရ ရသေ့ဖြစ်သည်။ ရသေ့ကြီးသည် သမထကျင့်စဉ် တပ အကျင့်ဖြင့် သတင်းကျော်စောသူ ဖြစ်လေသည်။ ဤရသေ့ကြီးထံ နောင် တော် ဘာကြောင့် သွားလေသနည်း။ အာနန္ဒ ဉာဏ်မမှီနိုင်တော့ပေ။

သို့သော် များမကြာမီမှာပင် နောက်ထပ် သတင်းတစ်ခု ရပြန်၏။

"ဥဒက ရသေ့ကြီးထံ အရှင်သိဒ္ဓတ္ထရောက်ရှိသွားပြီ"

အာနန္ဒ မအံ့သြတော့ပေ။ နောင်တော်သည် အာဠာရ ရသေ့ကြီးထံမှ ရသင့်ရထိုက်သမျှ နည်းလမ်းပန်းတိုင် အလုံးစုံကို နောင်တော်ရရှိခဲ့ပြီး ဖြစ် လေမည်။ ထိုအရာတို့သည် (မည်သည့်အရာများဖြစ်မည်ကို သေချာမသိ သော်လည်း) နောင်တော်ရှာဖွေနေသည့် အရာစင်စစ် မဟုတ်ကြောင်း နောင်တော် သိသွားပေလိမ့်မည်။

ယခု ဥဒကရသေ့ကြီးထံမှာကော၊ နောင်တော်ရှာဖွေနေသောအရာ ကို တွေ့ရှိနိုင်မည်လော။ တပအကျင့်သည် နောင်တော်ရှာဖွေနေသည့် သစ္စာ တရားဆီသို့ ဆိုက်ရောက်နိုင်မည့် နည်းလမ်း ဟုတ်သလော။

အာနန္ဒ မစဉ်းစားတတ်။

# အခန်း ၂၁

သေနာနိဂုံးအနီး၊ ဥရုဝေလ တောအုပ်ဆီသို့ နောင်တော်ထွက်ခွာသွားခဲ့ပြီ ဟူသော သတင်းရသည့်နေ့မှာပင် အာနန္ဒသည် ဒေဝီယသော်ဓရာနှင့် တွေ့ဆုံခွင့်ရလေသည်။ ဒေဝီနှင့် တွေ့ခွင့်မရသည်မှာ လပေါင်းအနည်းငယ် ကြာခဲ့ပေပြီ။

ဒေဝီနှင့်တွေ့လျှင် နောင်တော့်အကြောင်း ပြောစရာတွေက များလွန်းသဖြင့် မိမိ၏စကားများကို ဘယ်သို့စီစဉ်ရမှန်းပင် အာနန္ဒ မခွဲခြားနိုင်ဖြစ်နေ၏။ စွန့်ပစ်ထွက်ခွာသွားသူ တစ်ယောက်အကြောင်းကို ကျန်ရစ်သူနှစ်ယောက်တို့က ပြောဆိုနေကြရမည့်ကိစ္စမှာ ဤလောက၌ ဒေဝီနှင့် မိမိနှစ်ဦးတည်းသာ အထိုက်တန်ဆုံးဟု အာနန္ဒ ယုံကြည်ထားသည်။

ရာဟုလ၏မယ်တော်သည် သစ်ခေါက်ဆိုးသော ဝတ်စုံကို ဝတ်ဆင်လျက် ညောင်စောင်းထက်တွင် ကျော့ရှင်းစွာထိုင်နေ၏။ နန်းဆောင်၏ ပြိုးပြက်သော မွမ်းမံခြယ်သမှုများမှာ ဒေဝီယသော်ဓရာ၏ ရိုးရှင်းလွန်းလှစွာသော အရောင်အဆင်းအောက်ဝယ် ပြက်ရယ်ပြုခြင်း ခံနေရသည်။

"ခုံမှာထိုင်ပါ အာနန္ဒ။ သက်သောင့်သက်သာနေပါ။ ကိုယ်အမူ

အရာကို ထိန်းသိမ်းချုပ်တည်းရခြင်းဟာ ပွင့်လင်းရိုးသားမှုနဲ့ ရင်ထဲမှာရှိတဲ့ စကားလုံးများအတွက် အဟန့်အတားဖြစ်စေတယ်”

ဒေဝီက နူးညံ့စွာပြော၏။ အာနန္ဒ အံ့သြခြင်းများစွာဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ နောင်တော့်အကြောင်း တစ်ဝကြီးဆွေးနွေးရမည့် ဤအခွင့်အခါကို မိမိစောင့်မျှော်နေသည်မှာ ကြာခဲ့ပေပြီ။

“သေနာနိဂုံးအနီးက ဥရုဝေလ တောအုပ်ဆီကို သင်တို့ အရှင်ထွက် ခွာသွားပြီလို့ သိရတယ်၊ အာနန္ဒ”

အာနန္ဒ မိမိကြားသိရသမျှ အလုံးစုံကို ပြောပြလိုက်၏။

စင်စစ်နောင်တော်နှင့် ပတ်သက်သောသတင်းများကို ဒေဝီလည်း သိပြီးဖြစ်ပေသည်။ ကပိလဝတ်ဘုရင် သိဒ္ဓတ္ထ တောထွက်သွားသတဲ့ဟူသော သတင်းသည် မဇ္ဈိမတစ်ခွင်လုံးသို့ ရိုက်ခတ်သွားခဲ့၏။ မည်သည့်အထောက်တော်မျှ စေလွှတ် ထောက်လှမ်းနေစရာမလိုဘဲ နောင်တော်၏ ခရီးစဉ်များကို ကပိလဝတ်နန်းတော်မှ ရရှိနေခဲ့သည်။

အာနန္ဒက ဒေဝီသိပြီးသော ထိုခရီးစဉ် အဖြစ်အပျက်များကို ပြန်လည်ပြောပြရာ၌ မိမိတို့နှစ်ဦးစလုံး သိပြီးသားကို ထပ်မံ ညှိနှိုင်းတိုက်ဆိုင်ကာ အတည်ပြုသည့်အနေဖြင့် ပြောပြခြင်းဖြစ်၏။

ဒေဝီယသော်ဓရာသည် ခေါင်းညိတ်ခြင်း၊ စကားဝင်ထောက်ခြင်း အလျဉ်းမပြုဘဲ ငြိမ်သက်စွာနားဆင်နေသည်။

“.... ဥရုဝေလတောအုပ်မှာ ကောဏ္ဍညအမှူးပြုတဲ့ ဝဂ္ဂီငါးဦးတို့က အရှင့်ကို လုပ်ကျွေးပြုစုနေကြတယ်လို့လဲ သိရပါတယ် ဒေဝီ”

“အာနန္ဒ၊ သူ ဘယ်ကိုခရီးဆက်မယ်လို့ ထင်သလဲ”

အလွန်အရေးကြီးသော မေးခွန်းဖြစ်ကြောင်း သိလိုက်၏။ ဒေဝီ၏ စကားထဲက ‘ဘယ်ကို’ဟူသော အသုံးမှာ နေရာဒေသတစ်ခုခုကို ရည်ညွှန်းသည် မဟုတ်ကြောင်း အာနန္ဒသိသည်။ ‘ခရီးဆက်’ဟူသော စကားလုံး

မှာလည်း ထိုနည်းတူစွာပင် ဖြစ်၏။

မဝေးသေးသော အတိတ်မှဖြစ်ရပ်အချို့သည် အာနန္ဒစိတ်ဝယ် ထင်မြင်လာ၏။ နောင်တော်နှင့်အတူ တောကစားထွက်ခဲ့ရပုံ၊ ရမ္မနန်းဆောင်တွင်း၌ နောင်တော်ပြောခဲ့ပုံ၊ ကျောက်ဖြူသား လေသာပြတင်းတွင် ရပ်လျက် ကပိလဝတ်မိုးကောင်းကင်ကို မျှော်ကြည့်ရင်း နောင်တော်ရေရွတ်ခဲ့ပုံများ....

အာနန္ဒ သတိထား၍ ဖြေလိုက်၏။

"နောင်တော်အရှင်ဟာ ခရီးရှည်ကြီးတစ်ခုကို လျှောက်နေပါတယ် ဒေဝီ။ ဘယ်ကိုခရီးဆက်မလဲဆိုတာ ကျွန်တော်မသိစွမ်းပေမယ့် နောင်တော်ဟာ သူရောက်ချင်တဲ့ ခရီးအဆုံးကို ရောက်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေပါတယ်"

"သင်က ဘာဖြစ်လို့ ယုံကြည်သလဲ၊ အာနန္ဒ"

"ဘာဖြစ်လို့ ယုံကြည်သလဲဆိုတော့၊ နောင်တော်ဟာ လောကကို ချစ်ခြင်း၊ လောကကိုသနားခြင်းအရာမှာ နှစ်ယောက်အတူမရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ပါပဲ ဒေဝီ။ နောင်တော်ရဲ့ နက်ရှိုင်းလွန်းလှတဲ့ နှလုံးသားကို ကျွန်တော် အကုန်အစင်မသိနိုင်ပေမယ့် ကျွန်တော်သိခွင့်ရထားသလောက် ပမာဏအတွင်းမှာပဲ နောင်တော်ဟာ သူချစ်တဲ့၊သူသနားတဲ့ လောကကို ကယ်ဆယ်ဖို့၊ ကယ်ဆယ်နိုင်တဲ့အဖြစ်ကို ရဖို့ မနားမနေ အားထုတ်ခရီးဆက်မှာ ဖြစ်ပါတယ်။ အဲဒီ ခရီးအဆုံးကိုပဲ ရောက်မှာဖြစ်ပါတယ်"

မိမိ၏စကားသည် ဒေဝီယသော်ဓရာမှသာ နားလည်သဘောပေါက်နိုင်သည့် စကားဖြစ်သည်ဟု အာနန္ဒယုံထား၏။ မွေးကင်းစသားနှင့် မယားကို စွန့်ပစ်ထားခဲ့သူတစ်ယောက်အား လောကကိုချစ်သူ၊ လောကကို သနားသူဟု ပြောရသည်မှာလည်း ဒေဝီယသော်ဓရာမို့သာ ပြောရဲပေတော့သည်။

"ဟုတ်တယ် အာနန္ဒ"

ဒေဝီက လေးနက်စွာဆို၏။

"ခမည်းတော် မင်းတရားကြီးကစပြီး ဒေဝဒဟက သကျမင်းတွေအလယ်၊ ကပိလဝတ်ပြည်သူအဆုံး အားလုံးဟာ မောင်တော်ဘုရင်မင်းမြတ်ကို စွန့်ပစ်သွားခဲ့သူ၊ ထားရစ်ခဲ့သူလို့ မြင်နေကြတယ်။အမှန်တော့ ပြန်လည်ရောက်ရှိလာဖို့အတွက် သူထွက်ခွာသွားတာဖြစ်တယ်။ အတူတကွ နေထိုင်သူတွေဟာ သူ့ကိုယ်သူကော၊ လောကကိုပါ မချစ်တတ်သူ၊ မသနားတတ်သူတွေဖြစ်နေကြတယ်။ ဒါပေမယ့် အတူတကွ နေထိုင်ခြင်းကိုပဲ ချစ်ခြင်းသနားခြင်းလို့ ထင်နေကြတယ်။ စွန့်ခွာသွားခြင်းသာလျှင် တကယ့်ချစ်ခြင်းသနားခြင်းဖြစ်တယ်။ဘာဖြစ်လို့လဲဆိုတော့ အတူတကွနေထိုင်ခြင်းအားဖြင့်ခွန်အားတွေ ယုတ်လျော့ပြုန်းတီးစေတယ်။ သူ့ကိုယ်သူရော၊ လောကကိုပါကယ်ဆယ်ဖို့ အခွင့်အလမ်းနဲ့ ခွန်အားများ မရှိနိုင်တော့ဘူး။သင့်နောင်တော်ရဲ့ စွန့်ခွာမှုကတော့ လောကကို ကယ်ဆယ်ဖို့ ခွန်အားတွေ သွားရောက်စုရုံးဖြည့်တင်းခြင်းဖြစ်တယ်။ သူ့ရဲ့ ပြန်လည်ရောက်ရှိလာခြင်းနှင့်အတူ သူဟာလောကကို ကယ်ဆယ်ဖို့ ချစ်ခြင်း၊ သနားခြင်းကို လက်တွေ့ထင်ရှားပြနိုင်ဖို့ခွန်အားကို သယ်ဆောင်လာမှာဖြစ်တယ်"

အာနန္ဒသည် ရာဟုလမယ်တော်အား လေးစားမြတ်နိုးခြင်းအပြည့် ဖြင့် ဦးညွှတ်လိုက်လေသည်။

"နောက်တစ်ခု ပြောစမ်းပါဦး အာနန္ဒ၊ သင် ဘယ်လိုထင်သလဲ။ ချစ်ခြင်း၊ သနားခြင်းနဲ့ ကယ်ဆယ်ဖို့ ခွန်အားများကို အဝေးတစ်နေရာမှာ သွားရောက်ဖြည့်ဆည်းသူက ဖြည့်ဆည်းနေချိန်မှာ တို့များ ကျန်ရစ်ခဲ့သူတွေက ဘယ်လို နေထိုင်သင့်သလဲ"

မျှော်လင့်မထားသော မေးခွန်းဖြစ်၏။ ကျန်ရစ်သူတွေ ဘယ်လိုနေထိုင်သင့်သလဲ။

ပြန်လည်ရောက်ရှိလာမည်ဟု ယုံကြည်ချက် တစ်ခုတည်းအပေါ်

မျှော်လင့်အားကိုးကာ စောင့်ဆိုင်းနေခြင်းများဖြင့် အချိန်ကုန်နေရမည်လား။ ‘စောင့်ဆိုင်းနေခြင်းဖြင့်’ ကျန်ရစ်သူများ တာဝန်ကျေပြီလား။

ဗြဟ္မဏတို့က ဆုတောင်းခြင်းဖြင့် ဖြစ်စေ၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ဖြစ်စေ၊ ယဇ်ပူဇော်ခြင်းဖြင့် ဖြစ်စေ အချိန်ကာလများကို ဖြတ်သန်းကြ၏။ သမဏတို့က တပအကျင့်ဖြင့် အသုံးချကြ၏။ယခုအခါ ဥရုဝေလတွင် ငါးဦးသော ဝဂ္ဂီတို့သည် နောင်တော်အနီးထံပါးဝယ် ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပြုစုလုပ်ကျွေးနေကြ၏။

ကပိလဝတ်နန်းတော်မှ မိမိတို့ကကော၊ အာနန္ဒဆိုသည့် မိမိကကော၊ကျန်ရစ်သူတစ်ယောက်အနေဖြင့် ဘယ်လိုနေထိုင်သင့်သလဲ။ထွက်ခွာသွားသူ ပြန်ရောက်လာမည်ဟူသော ယုံကြည်မျှော်လင့်ချက်ကို ပွေ့ပိုက်ကာ စောင့်နေခြင်းဖြင့် ကျန်ရစ်သူတာဝန် ကျေသလား။

ဒေဝီယသော်ဓရာ အမေးရှိလေပြီ။ အာနန္ဒသည် အသက်ရှူရှိုက်အားသွင်းလျက် သတိထားကာ ကြိုးစားဖြေလိုက်၏။

“ကျွန်တော်ဉာဏ်မီသလောက် ဖြေပါမယ်ဒေဝီ။ ဒါဟာ နောင်တော် သိဒ္ဓတ္ထ ကပိလဝတ်ဘုရင်တစ်ပါးရဲ့ ညီတော်အာနန္ဒ၊ ကပိလဝတ် နန်းတော်အရေးအရာများကို သကျရာဇာအဖွဲ့ရဲ့အမိန့်နဲ့ စီမံခန့်ခွဲနေရတဲ့ အာနန္ဒ အနေနဲ့ ဖြေမှာဖြစ်ပါတယ်”

“ပြောပါ၊ အာနန္ဒ”

“ကပိလဝတ်ဟာ သကျရာဇာအဖွဲ့ရဲ့ အလှည့်ကျ အုပ်ချုပ်မှုစနစ်နဲ့ အသားကျနေခဲ့ပါတယ်။ သို့သော် နောင်တော်ဘုရင်မင်းမြတ်က ထီးနန်းပလ္လင် စိုးစံခဲ့ချိန်ကစပြီး ကပိလဝတ်ရဲ့ထီးနန်းအုပ်ချုပ်ရေးဟာ အသွင် တစ်မျိုးပြောင်းခဲ့ပါတယ်။ ပြည်သူလူထုရေးရာအားလုံး ဘုရင်မင်းမြတ်ရဲ့ တာဝန်ဖြစ်ခဲ့ပါတယ်။အဲဒီလိုနေရာကနေတစ်ခါ နောင်တော်ထွက်ခွာသွားတဲ့ အချိန်မှာ ကပိလဝတ်ဟာ ဘုရင်မဲ့၊ အုပ်စိုးသူမဲ့ဘဝလို ခံစားနေရပါတယ်။

အားထားရာအရှင်သခင်ရဲ့ စွန့်ပယ်ခြင်းခံရသလို အတော်များများ ခံစားနေရပါတယ်။အာနန္ဒဆိုတဲ့ ကျွန်တော်တစ်ယောက်အနေနဲ့ကတော့ ကပိလဝတ်ရဲ့ ခံစားမှုကို ဖြေသိမ့်ဖို့နဲ့ ထိန်းသိမ်းထားဖို့ လုံးဝတာဝန်ရှိနေပါတယ်။ နောင်တော်ရဲ့သစ္စာကိုခံယူပြီး နောင်တော်မရှိတဲ့အချိန်၊ နောင်တော် ပြန်ရောက်မလာခင်အချိန်အထိ ကပိလဝတ်ကို ချမ်းသာစွာရှိနေဖို့ ကျွန်တော်ကြိုးစား တာဝန်ယူနေပါတယ်။ အဲဒါဟာ ကျန်ရစ်သူတစ်ယောက်အနေနဲ့ ကျွန်တော် လုပ်ရမယ့် အလုပ်ဖြစ်ပါတယ် ဒေဝီ"

ရာဟုလ၏မယ်တော် အနည်းငယ်မျှ ငြိမ်သက်နေသည်။ အာနန္ဒသည် အမေးရှိ၍သာ ဖြေလိုက်ရသော်လည်း မိမိ၏အဖြေကို မိမိဘာသာပင် စိတ်တိုင်းမကျလှ။

"သင်ဟာ ကပိလဝတ်ရဲ့ အားအထားရဆုံးပုဂ္ဂိုလ်ပါပဲ၊အာနန္ဒ။ သင် ဒီအတိုင်းပဲ စိတ်ရောကိုယ်ပါတာဝန်ယူနေတယ်ဆိုတာ ဒေဝီသိပါတယ်။ ကျန်ရစ်သူတစ်ယောက်ရဲ့ မှန်ကန်တဲ့ နေထိုင်မှုပေပဲ။ ဒါပေမယ့် သင့်ကို တစ်ခုမေးချင်သေးတယ်"

"အမိန့်ရှိပါဒေဝီ"

"သင့်နောင်တော်ဟာ တစ်နေ့တစ်ချိန်မှာ ပြန်ရောက်လာလိမ့်မယ်လို့ သင်ယုံကြည်တယ်လား"

"ယုံကြည်ပါတယ် ဒေဝီ"

"သူဟာ ကပိလဝတ်ထီးနန်းကို ပြန်လည်တာဝန်ယူမယ့် ဘုရင်မင်းမြတ်တစ်ပါး သို့မဟုတ် ခမည်းတော် မင်းတရားကြီး အလိုရှိသလို လောကအလုံးကို အုပ်ချုပ်မယ့် စကြဝတေးမင်းတစ်ပါးအဖြစ် ပြန်လာလိမ့်မယ်လို့ သင်ထင်သလား"

အာနန္ဒ မဖြေနိုင်ဖြစ်သွားသည်။

"သူဟာ ဗုဒ္ဓအဖြစ် ပြန်လာမယ်ဆိုရင်ကော။ ကပိလဝတ်နဲ့တကွ

သကျမင်းအပေါင်း ပြည်သူလူထုအပေါင်းက တို့ရဲ့အရှင်သခင်ပဲလို့ ပြောလို့မရနိုင်တော့တဲ့ အကြီးကျယ်ဆုံးပုဂ္ဂိုလ်အဖြစ် ပြန်လာမယ်ဆိုရင်ကော"

အာနန္ဒ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"သူပြန်လာမှာပဲ အာနန္ဒ၊ ဒါပေမယ့် သိဒ္ဓတ္ထကိုယ်တော် အဖြစ်သူပြန်လာမှာ မဟုတ်တော့ဘူး"

အာနန္ဒ ရင်ထဲမှာ နင့်သွား၏။ နောင်တော်နှင့် အဝေးကြီး ဝေးကွာသွားရတော့မည်လားဟုလည်း စူးစူးနစ်နစ်ကြီး ခံစားလိုက်ရ၏။

* * *

လွန်စွာသန့်ရှင်းသောရေကို ခံယူမည့် အိုးတစ်လုံးသည် ရေ၏ဂုဏ်ကို မြတ်နိုးအပ်သောအားဖြင့် ကိုယ်တိုင်ကလည်း သန့်ပြန့်စင်ကြယ်နေအပ်၏။ လွန်စွာဗီဇမျိုးစေ့ကောင်းသောသစ်စေ့ကို ခံယူမည့်မြေအပြင်သည် သစ်စေ့၏ဂုဏ်ကို မြတ်နိုးသောအားဖြင့် မြေဆီသြဇာ ကြွယ်ဝဖို့လိုအပ်သည်။ လွန်စွာအဖိုးထိုက်တန်သောဝတ်ရုံကို ဆင်မြန်းဝတ်ဆင်သည့် ခန္ဓာကိုယ်တစ်ခုသည် ဝတ်ရုံဂုဏ်ကို မြတ်နိုးသောအားဖြင့် ကိုယ်တိုင်ကလည်း ချေးညှော်ကင်းကွာ သန့်စင်စွာရှိဖို့ လိုအပ်၏။

မဆုံးနိုင်သော အတွေးများကို အာနန္ဒ တွေးနေမိသည်။ မိမိသည် ရေအိုးကောင်းတစ်လုံး၊ သစ်စေ့ကောင်းတစ်စေ့၊ ကိုယ်ခန္ဓာကောင်းတစ်ခု ဖြစ်ပြီလား။ နောင်တော်သည် ကပိလဝတ်ပြည့်ရှင် ဘုရင်မင်းမြတ်မဟုတ်တော့။ ဂေါတမဗုဒ္ဓ ဖြစ်သွားပြီ။ သိဒ္ဓတ္ထ၏ညီ အာနန္ဒသည်ကော....။

ဒေဝီယသော်ဓရာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်တွင် အာနန္ဒ၏ သဏ္ဍာန်သည် ပြောင်းလဲသွား၏။ တစ်ချိန်တည်းမှာပင် မိမိ၏အဆင်သင့်မဖြစ်သေးမှုကို နားလည်နေသည်။ ဒေဝီကတော့ နောင်တော်သည် ကပိလဝတ်သို့ အသေအချာပြန်လာမည်ဟု အခိုင်အမာပြောဆို၏။ နောင်တော်

ပြန်လာချိန်မှာ မိမိက နောင်တော့်ကို မည်သည့်အနေအထားဖြင့် ကြိုဆိုရမည်နည်း။ သေချာသည်မှာ ယခုလိုအနေအထားဖြင့်တော့ ဗုဒ္ဓကို ကြိုဆိုဖို့ မထိုက်တန်သေး။ သို့ဆိုလျှင် မည်သို့ကြိုဆိုပူဇော်ရမည်နည်း။ ရေသည် သွန်းလောင်း ကျရောက်ရှိတော့မည်။ သစ်စေ့သည် ရောက်ရှိလာတော့မည်။ ဝတ်ရုံသည် ခြုံလွှမ်း ကျရောက်လာတော့မည်။ ခံယူနိုင်သော အနေအထားဖြင့် မိမိ အဆင်သင့်ဖြစ်ပြီလား။

နောင်ညီသားချင်း သကျမင်းများနှင့် တွေ့ဆုံချိန်မှာ ဤမေးခွန်းကို အာနန္ဒ ပြောပြချင်သည်။ မိမိတို့ အဆင်သင့်အနေအထား ရှိကြရဲ့လား။ သို့သော် ကပိလဝတ်နန်းတော်တစ်ခုလုံးက ထိုမေးခွန်းထက် ဗုဒ္ဓ၏သတင်းကိုသာ စိတ်ဝင်စားနေကြသည်။ ဗုဒ္ဓ မည်သည့်အရပ်ကို ထွက်ခွာသွားပြီ၊ ဗုဒ္ဓ မည်သူနှင့်တွေ့သည် စသည်ဖြင့်....။ အာနန္ဒသည် မိမိ၏မေးခွန်းကို ရင်ထဲမှာပဲ သိမ်းဆည်းလိုက်တော့၏။

နောင်တော်၏ သတင်းများသည် မဇ္ဈိမတစ်ခွင်သို့ ရိုက်ခတ်ပျံ့နှံ့ကာ ကပိလဝတ်နန်းတော်ထဲသို့ ပဲ့တင်သံများအဖြစ် ရောက်ရှိလာ၏။

ကာလဒေဝီလရသေ့ကြီး၏ တူတော်သူ နာဠကသည် နောင်တော် ဗုဒ္ဓထံပါးတွင် ရဟန္တာဖြစ်သွားခဲ့သည်။ များမကြာမီ နာဠကအရှင်သည် ပရိနိဗ္ဗာန် စံဝင်သွားခဲ့ရာ နောင်တော်သည် ပဉ္စဝဂ္ဂီတို့နှင့်အတူ ကြွရောက်လျက် ဈာပနအမှုကို ဦးစီးစီမံတော်မူခဲ့သည်။

ကပိလဝတ်ကို တုန်လှုပ်သွားစေသော နောက်သတင်းတစ်ခုမှာ ဗာရာဏသီသူဌေးကလေး ယသတစ်ယောက် ရဟန်းပြုသွားခြင်း ဖြစ်၏။ ယသလို ပုဂ္ဂိုလ်မျိုးက စည်းစိမ်ကိုပစ်၍ နောင်တော့်ဆီ ရောက်သွားခြင်းမှာ နှယ်နှယ်ရရသတင်း မဟုတ်ချေ။ယသသည် နောင်တော်ကဲ့သို့ပင် နွေ မိုး ဆောင်း ပြာသာဒ်သုံးဆောင် လှည့်ပြောင်းစံစားသူ ဖြစ်သည်။ မိုးတွင်းအခါ ကာလကြီးမှာ ယသသည် သူ့ ဝသန္တစံအိမ် ပြာသာဒ်ဆောင်မှ ထွက်ခွာပြီး

မိဂဒါဝုန်တောသို့ ရောက်ရှိသွား၏။ နောင်တော်၏ ဓမ္မအမြုက်၌ တည်ကာ ရဟန်းဖြစ်သွားခဲ့၏။ ယသသာမက သူ့မိခင် သူဌေး ကတော်ကြီးနှင့် သူ့ဇနီးဟောင်းတို့လည်း ဥပါသိကာ ဒါယိကာမများ ဖြစ် သွားကြသည်။

"အရှင်.... ယသရဲ့လမ်းစဉ်နောက်ကို သူ့မိတ်ဆွေတွေ အဲဒီမိတ်ဆွေတွေနဲ့ ဆက်စပ်နေတဲ့ နောက်ထပ်မိတ်ဆွေတွေပါ ရဟန်းပြုသွားကြပြီတဲ့"

ဥဒါယီက စိတ်အားထက်သန်စွာ ပြောလာ၏။

"ယသနဲ့ သူ့မိတ်ဆွေလေးယောက်၊ နောက်ထပ် ငါးကျိပ်ဆိုတော့ ရဟန်းအပါး ငါးဆယ့်ငါးပါး ရှိသွားပြီ"

"မဟုတ်ဘူး။ မိဂဒါဝုန်မှာ ရဟန်းပြုနှင့်ပြီးသား ပဉ္စဝဂ္ဂီနဲ့ပါဆိုရင် ရဟန်းအပါးခြောက်ဆယ် ရှိသွားပြီ၊ ဥဒါယီ"

"အို....ဟုတ်ပေတာပေါ့၊ နောင်တော်သခင်ဟာ သံဃအဖွဲ့အစည်းကို ထူထောင်ပြီနဲ့တူတယ်"

ဥဒါယီသည် သူမမြင်ဖူးသော သံဃာကို မြင်ယောင်ကြည့်နေဟန်တူ၏။ 'သံဃအဖွဲ့အစည်း ထူထောင်ပြီး ဘာလုပ်မလို့ပါလိမ့်' ဥဒါယီက သူ့ဘာသာသူ မေးခွန်းထုတ်ရင်း စဉ်းစားနေသည်။

ဤမေးခွန်းကို ဥဒါယီ အမှတ်မထင်ရေရွတ်ခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် အာနန္ဒ အနေဖြင့် ဆက်စပ်တွေးစရာ တသီကြီး ထွက်ပေါ်လာသည်။ နောင်တော်သည် သံဃာဖြင့် စတင်လှုပ်ရှားတော်မူပေပြီ။ ကပိလဝတ်နန်းတော်ကို လွန်ခဲ့သောခုနစ်နှစ်မှ အရှင်နောင်တော် စွန့်ခွာသွားခဲ့သည်။ ယခုအခါ ဗုဒ္ဓအဖြစ်ခံယူတော်မူသည်မှာ တစ်နှစ်ကာလပဲ ရှိသေးသည်။ နောင်တော့်ထံပါးတွင် ခြောက်ကျိပ်အရေအတွက်သော ရဟန်းတို့ စုဝေးပေပြီ။ အာနန္ဒသည် ဥဒါယီကိုမကြည့်ဘဲ လေးနက်စွာပြောလိုက်၏။

"လောကကြီးကိုကယ်တင်ဖို့ ဓမ္မဘက်တော်သားများကို နောင်တော် လိုက်စုရုံးတာဖြစ်တယ်။ ငါပြောရဲတယ် ဥဒါယီ၊ နောင်တော့်ထံမှာ အခု

ရဟန်း ခြောက်ကျိပ်မက နောက်ထပ်ရဟန်းတွေ အများအပြားရှိလာလိမ့်ဦးမယ်။ ဒါပေမယ့် နောင်တော်ဟာ ရဟန်းများပါဝင်တဲ့ သံဃနဲ့အတူ တစ်နေရာတည်း အဆောက်အဦ တစ်ခုတည်းမှာ အစွဲအမြဲ နေထိုင်မှာ မဟုတ်ဘူး။ တို့ရဲ့မဇ္ဈိမတစ်ခွင်မှာ အခုရှိနေကြတဲ့ ဂိုဏ်းဆရာကြီးတွေလို တပည့်တပန်း ထောင်သောင်းချီမွေးပြီး ဩဇာအာဏာသက်ရောက်အောင် လုပ်၊ ဌာနချုပ်တစ်ခုထဲမှာ အစွဲအမြဲစံစား၊ အဲဒီလိုမဟုတ်ဘူး။ သံဃနဲ့အတူ နောင်တော်ဟာ ကမ္ဘာလောကထဲကို ခရီးဆန့် ကြွချီတော့မယ်နဲ့တူတယ်”

“အဲဒီ ခရီးစဉ်ထဲမှာ ကပိလဝတ်လည်း ပါမှာပေါ့နော် အရှင်”

အာနန္ဒပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် ရော်ရမ်းမှန်းဆသံဖြင့် ရေရွတ်လိုက်မိသည်။

‘သွေးမတော်သားမစပ်တဲ့ ဗြဟ္မဏတွေ၊ ဝဿအနွယ်ထဲက အမျိုးကောင်းသားတွေဟာ နောင်တော်ရှိရာသို့ သွားကြတယ်။ သကျမင်းမျိုး ညီနောင်သားချင်းဖြစ်တဲ့ ငါတို့တွေကကော နောင်တော့်အလာကိုပဲ စောင့်နေကြတော့မှာလား။ နောင်တော့်ဆီ မသွားတော့ဘူး တဲ့လား....’

*　　　*　　　*

ဘဒ္ဒဝဂ္ဂီမင်းသားညီနောင်တို့ ရဟန်းပြုသွားကြပြီဟူသော သတင်းက နေ့ခေါင်ခေါင်ကောင်းကင်ပြင်တွင် ရုတ်ချည်းပေါ်လာသော လျှပ်စီးမိုးကြိုးတစ်ခုနှယ် ထစ်ချုန်းမြည်ဟီးသွား၏။

သည်တစ်ခါ အတုန်လှုပ်ဆုံးကား အနုရုဒ္ဓါမင်းသားပင်။

“ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်အကြောင်းကို ကျုပ် ကောင်းကောင်းသိတယ်။ သူ့တို့ဟာ လောကကြီးမှာ ပျော်စရာတွေမှန်သမျှကို ရှာဖွေခံစားသုံးတတ်သူတွေ ဖြစ်တယ်။ အဖွဲ့လိုက်လှည့်ပတ်ပြီး စည်းစိမ်မှန်သမျှကို ခံစားစံစားနိုင်ကြတဲ့ အမျိုးကောင်းသားတွေပဲ။ သာဝတ္ထိဘုရင် ကောသလနဲ့

ဖတူမိကွဲ ခတ္တိနွယ်ဝင်မင်းသားတွေ။သူ့တို့က ရဟန်းပြုသွားကြတယ်ဆိုတာ ကျုပ်တော့ မယုံနိုင်လောက်အောင်ဖြစ်နေပြီ”

လောကီစည်းစိမ်ချမ်းသာ နန်းစည်းစိမ်ချမ်းသာတို့ကို နှစ်ယောက်အတူမရှိအောင် ပြည့်စုံစွာခံစားနိုင်သူဖြစ်သော အနုရုဒ္ဓါမင်းသားအနေဖြင့် ဘဒ္ဒဝဂ္ဂီတို့သတင်းကို တုန်လှုပ်နေသည်မှာ သဘာဝကျလှပေသည်ဟု အာနန္ဒ စဉ်းစားနေမိ၏။ ဉဒါယီက ဖြူဖွေးစင်ကြယ်သော သူ၏ သွားများပေါ်သည်အထိ ရယ်မောကာ ဝင်ပြောလိုက်သည်။

“စကြဝတေးမင်းဧကရာဇ်ဧကန်ဖြစ်မယ့် ကပိလဝတ်ဘုရင်မင်းမြတ်ကိုယ်တော်ထံမှာ ဒီမင်းသားတွေ၊သူဌေးတွေ ရဟန်းပြုသွားကြတာ တကယ်တော့ အံ့သြစရာ မဟုတ်ဘူး။ အတုမဲ့စည်းစိမ်ကို စတင်စွန့်လွှတ်လိုက်သူရဲ့ လမ်းစဉ်နောက်ကို သူတို့အားလုံး လိုက်ပါကြတာပေပဲ”

ဉဒါယီ၏ စကားကို အာနန္ဒ အလွန်သဘောကျသွား၏။

“ဒီလောက်ကြီးမားတဲ့ စွန့်လွှတ်မှုကြီးတွေရဲ့အလယ်မှာ ဘာတွေများ ရှိနေလို့လဲ မသိဘူးနော်။ မင်းအဖြစ်၊ သူဌေးသူကြွယ်အဖြစ် ပျော်စရာရွှင်စရာ လောကချမ်းသာဟူသမျှကို မငဲ့မကွက် ပစ်ချထားနိုင်လောက်အောင် နောင်တော့်ဆီမှာ ဘာများရှိနေလို့လဲ မသိဘူး”

အနုရုဒ္ဓါ မြည်တမ်းရေရွတ်သည်။

“ပိုမိုကြီးကျယ်မြင့်မြတ်တဲ့ အရာတစ်ခုရှိလို့သာ သူ့အောက် ယုတ်နိမ့်တဲ့ အရာကို စွန့်လွှတ်နိုင်တာပဲပေါ့ အရှင်။ ဒါဟာ သဘာဝပဲ။ လျော့နည်း အဖိုးထိုက်တဲ့အရာ မှန်သမျှဟာ မြင့်မား အဖိုးထိုက်တဲ့အရာနဲ့ တွေ့ရင် အစွန့်ပယ်ခံ ဖြစ်သွားတာချည်းပါပဲ”

“အဲဒီ အဖိုးထိုက်တဲ့ အရာဟာ ဘာပါလိမ့်”

အနုရုဒ္ဓါ၏မေးခွန်းကို အာနန္ဒ ဖြေလိုက်ချင်၏။ သို့သော် မိမိမဖြေတတ်။ မရှင်းတတ်။ ရဟန်းသံဃာများ ခြံရံလိုက်ပါလျက် တောတောင်

မြစ်ဝှမ်းတစ်ခွင် ခရီးလှည့်နေမည့် နောင်တော်အား မြင်ယောင်လိုက်မိ၏။ ဤတွင် ကပိလဝတ်နန်းတော်ထဲ၌ တာဝန်အရှိဆုံး အဆင့်မြင့်အမတ်ဝန်ရာထူးဖြင့်နေရသော မိမိ၏ဘဝအတွက် ရှက်စနိုးဖြစ်သွားလေသည်။

နောင်တော်ဦးဆောင်တဲ့ သံဃာများက ခရီးလှည့်နေပြီး လောကကို ကယ်ဆယ်နေချိန်မှာ ငါက နန်းတော်တစ်ခုနဲ့ တိုင်းပြည်တစ်ခုရဲ့အဆင့်မြင့် အကျဉ်းသား ဖြစ်နေပါကလား။

# အခန်း ၂၂

မိုးစက်များ နေရောင်ခြည်များအောက်ဝယ် ပန်းပွင့်တို့သည် အေးမြသော မိုးရေနှင့် နွေးထွေးသော နေခြည်တို့ကို သုံးဆောင်ခံယူကာ လှပစွာ ပွင့်အာလာကြသကဲ့သို့ပင် ဖြစ်သည်။

နောင်တော်ဗုဒ္ဓအကြောင်း ကြားသိရသမျှ သတင်းတို့သည် အာနန္ဒ၏ နှလုံးသားပန်းငုံပန်းဖူးအတွက် မိုးစက်နှင့် နေခြည်များသဖွယ်ပင်။

ဥရုဝေလတောအုပ်တွင် နေထိုင်ကြသော ကဿပညီနောင်ရသေ့သုံးဦးတို့နှင့် ပတ်သက်သောသတင်းက ကပိလဝတ်သို့ ရောက်လာပြန်၏။

အကြီးဆုံး ဥရုဝေလ ကဿပရသေ့ကြီးမှာ တပည့်ငါးရာရှိသည်။ အလတ်နဒီကဿပရသေ့မှာ တပည့်သုံးရာနှင့် ညီအငယ်ဆုံး ဂယာကဿပရသေ့မှာ တပည့်နှစ်ရာရှိကြ၏။ ရသေ့ညီနောင် ခေါင်းဆောင်သုံးဦးနှင့် နောက်လိုက် တပည့်တစ်ထောင်။ မီးကို လုပ်ကျွေးပူဇော်ကြသည့် တပအကျင့်ဖြင့် နေထိုင်ကြသော ခေါင်းဆောင်သုံးဦးနှင့် တပည့်တစ်ထောင်တို့သည် ဗုဒ္ဓထံဝယ် ရဟန်းများဖြစ်သွားကြပြီတဲ့။

နောင်တော်သည် ဓမ္မ၏အောင်ပွဲ အဆင့်ဆင့်တို့ကို စိုက်ထူကာ ဓမ္မတံခွန်အလံများကို တစ်ခုပြီးတစ်ခု လွှင့်ထူနေကြပေပြီ။ ဝါရွှေညိုမောင်း သင်္ကန်းကို ဝတ်ရုံလျက် နောက်ပါရဟန်းများ၏ အလယ်တွင် တင့်တယ်စွာ စံစားနေတော်မူသည့် နောင်တော်ကို မြင်ယောင်မိသည်။ တောတောင် လျှိုမြောင်များကို ဖြတ်ကျော်ခရီးလှည့်နေမည့် နောင်တော်၏သင်္ကန်းအနားတို့ တဖျပ်ဖျပ်လှုပ်နေပုံအထိ မြင်ယောင်ကာ ကြီးစွာသောကြည်ညိုမှုဖြင့် အာနန္ဒသည် ရော်ရမ်းမှန်းဆ လက်အုပ်ချီမိ၏။

နောင်တော့်ထံမှာ ရဟန်းပြုသွားကြသူများမှာ မဇ္ဈိမတစ်ခွင်၌ သူနည်း သူ့ဟန်နှင့်သူ ထင်ရှား ကြီးကျယ်သူများချည်း ဖြစ်သည်။ ခတ္တိယအနွယ်ဝင် မင်းညီမင်းသားများ၊ ဗြဟ္မဏအနွယ်ဝင် ရသေ့များ၊ ဝဿအနွယ်ဝင် သူဌေးသူကြွယ်များ၊ အထက်တန်းကျသော အမျိုးကောင်းတွေချည်း ဖြစ်၏။ သာမန်အညတရ မထင်မရှားများ မဟုတ်။ ဤတွင် ဗုဒ္ဓ၏ ဂုဏ်သတင်းသည်လည်း နှစ်ပေါင်းများစွာ အိပ်မောကျနေသော မဇ္ဈိမဒေသကို ပုတ်နှိုးလှုပ်ခါလိုက်သလို ဖြစ်သွား၏။မဇ္ဈိမသည် ယခုပင်'နိုးထ'လာလေပြီ။ ဩော်.... အဦးဆုံး'နိုးထ'သူကား နောင်တော်ပါတကား။ ဤကား အာနန္ဒ နံနက်တိုင်း အိပ်ရာမှအနိုး မျက်စိနှစ်လုံး စဖွင့်ချိန်မှာ တွေးမိသော အတွေး ဖြစ်သည်။ အဦးဆုံးနိုးထသော နောင်တော်သည် အိပ်မောကျနေသော ကမ္ဘာလောကကြီးအား 'ထကြလော့.... ထကြလော့' ဟူ၍ နှိုးဆော်နေသူပါတကား။ နောင်တော်သည် လောကကြီးအတွက် အရုဏ်ရောင်ခြည်၊ နံနက်ခင်းလေပြည်။

ဤအရုဏ်ရောင်ခြည်နှင့်လေပြည်ကို သောက်သုံးခံစားခွင့် မရှိသေး သူမှာ မိမိဖြစ်နေသည်ဟု သတိထားမိသောအခါတွင်ကား အာနန္ဒ ဝမ်းနည်းမိ၏။ နောင်တော် ဘာကြောင့် ကပိလဝတ်သို့ မကြွလာသေးသနည်း။ နောင်တော် မကြွလာသေးလျှင် မိမိကကော အခြားသူတစ်ပါးတို့

တဖွဲဖွဲမစဲ နောင်တော့်ထံ အရောက်သွားနေကြချိန်မှာ မိမိတို့က မသွားရောက်သင့်ဖူးလား။

"သင့်နောင်တော် မုချ ကြွရောက်လာလိမ့်မယ် အာနန္ဒ"

ဒေဝီယသော်ဓရာ၏ ခိုင်မာသောစကားကို သတိရသည်။ ကပိလဝတ်အုပ်ချုပ်ရေးတာဝန်များကလည်း ကြီးလေးလှဘိခြင်း။ ထို့ထက်မူ ဒေဝီနှင့် သားတော်လေး ရာဟုလ။ ပြီးတော့ အသက်အရွယ် ကြီးရင့်လှပြီဖြစ်သော ဘိုးတော်မင်းတရားကြီးနှင့် အရီးတော်ဂေါတမီဒေဝီ။ သူတို့တစ်တွေကို အနီးကပဲ စောင့်ရှောက်လို့ တာဝန်က ပိုမိုကြီးမားနေသည်။ နောင်တော် ခရီးလှည့်လည်နေချိန်မှာ ကျန်ရစ်သူတွေ အနေအထားမပျက်အောင် စောင့်ရှောက်ဖို့က မိမိပခုံးပေါ် လုံးလုံးလျားလျား ကျရောက်နေသည်။

တစ်ခုတော့ ဖြေသိမ့်စရာရှိသေး၏။ နောင်တော်သည် ရဟန်းများခြံရံလျက် လှည့်ပတ်နေသော်လည်း ဘုရင်တစ်ပါးပါး၏ မြို့နန်းတစ်ခုခုဆီသို့မူ ကြွချီတော်မမူသေး။ အကယ်၍ ကြွချီပြီဆိုလျှင် ထိုမြို့သည် ကပိလဝတ်သာ ဖြစ်ရမည်ဟု မျှော်လင့်ယုံကြည်ချက်ရှိ၏။

သို့သော် အာနန္ဒ၏ အထင်နှင့်အမြင် လွဲသွားသည်။ နောင်တော်သည် မာဂဓတိုင်း၊ ရာဇဂြိုလ်သို့ ကြွချီခဲ့ပြီ။ ဘုရင်ဗိမ္ဗိသာရ၏ အပူဇော်ကို ခံယူတော်မူပြီ ဟူသောသတင်း ရောက်လာ၏။ နောင်တော်သည် ဗိမ္ဗိသာရမင်း ဆက်ကပ်သောဆွမ်းကို လက်ခံတော်မူခဲ့၏။ထိုမျှသာမက မာဂဓဘုရင်သည် ဝေဠုဝန်ဉယျာဉ်ကိုလှူကာ ကျောင်းဆောက်လှူဒါန်းပြန်သည်။မာဂဓကဲ့သို့သော အင်အားကြီးသည့် လက်နက်နိုင်ငံကြီးသခင်က နောင်တော့်ရှေ့မှောက်ဝယ် ပြားပြားဝပ် လက်အုပ်ချီ ပူဇော်ခဲ့ပြီ။ မင်းနေပြည်နှင့် ဘုရင်တစ်ပါးအထံကို နောင်တော်ဗုဒ္ဓ အပူဇော်ဝင် စံတော်မူခဲ့ပြီ။ ဤသတင်းကား ကပိလဝတ်ကို တိုက်ရိုက်လှုပ်ခတ်စေသောသတင်း ဖြစ်လာ၏။

ဥဒါယီက ထိုသတင်းကို သယ်ဆောင်လာပြီ။ သည်အတိုင်းဆိုရင်

ကပိလဝတ်ဟာ မိမိရဲ့ရင်သွေးနဲ့ဝေးကွာနေပြီကောဟုဥဒါယီမှတ်ချက်ချ၏။

"သူစိမ်းတစ်ရံဆံများက ဗုဒ္ဓရဲ့ခြေတော်ရင်း ရောက်ရှိနေချိန်မှာ ကျွန်တော်တို့ သကျရာဇာများက သွေးအေးနေကြသတဲ့လား"

ဥဒါယီ၏ မကျေမချမ်းစကားကို ဖျောင်းဖျဖို့ပြင်ဆင်နေစဉ်မှာပင် တံခါးဝမှရောက်ရှိလာသော မင်းချင်းအမတ်တစ်ဦးကို အာနန္ဒ လှမ်းမြင်လိုက်၏။ ထူးခြားမှုပင် ဖြစ်သည်။

မင်းချင်းအမတ်သည် ဘိုးတော်မင်းတရားကြီး၏ အမှုတော်ထမ်းဝတ်စုံကို ဝတ်ဆင်ထား၏။ မင်းတရားဆီက တိုက်ရိုက်အမိန့်ဖြင့် ရောက်လာခြင်းဖြစ်ကြောင်း အာနန္ဒသိလိုက်သည်။ သကျရာဇာအဖွဲ့မှ မင်းချင်းအမတ်တို့ လာနေကျ ဖြစ်သော်လည်း ယခုလို သုဒ္ဓေါဒနမင်းထံမှ သီးသန့်လာရောက်ခြင်းမရှိခဲ့။

"ဥဒါယီ၊ မင်းရဲ့ ဘဝင်မကျဖြစ်နေမှုဟာ အဖြေပေါ်တော့မယ်လို့ငါ ထင်တယ်"

အာနန္ဒ တွေးထင်သည့်အတိုင်း မှန်၏။ မင်းချင်းအမတ်က အရိုအသေပြုလျက် အမိန့်စကားဆင့်ပါးသည်။

"မင်းတရားကြီးက ယခုပင် အရှင်တို့နှစ်ဦး ရှေ့တော်အရောက်လာခဲ့ကြဖို့ အမိန့်အမှာ ပါးတော်မူပါတယ်"

အဓိပ္ပာယ်ရှိသော မျက်လုံးများဖြင့် အာနန္ဒနှင့်ဥဒါယီတို့ အပြန်အလှန်ကြည့်လိုက်ကြ၏။

"အကြောင်းထူး မုချရှိပြီ ကာဠုဒါယီ"

မည်းနက်သော သူ့အသားအရေကို အစွဲပြု ခေါ်ဝေါ်ကြသည့်ချစ် စနိုးအမည်ဖြင့် အာနန္ဒ ဝင်ပြောလိုက်၏။

"တို့ မျှော်လင့်နေတဲ့နေ့ကို ရောက်ပြီထင်တယ် ကာဠုဒါယီ"

"ကျွန်တော့် ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာပြီ အရှင်"

သကျရာဇာအဖွဲ့ စုံညီစုဝေးရာနန်းဆောင်သို့ ထွက်လာခဲ့ကြလေသည်။

ဘိုးတော်မင်းတရားကြီး၏ သီးသန့်ခေါ်ယူတွေ့ဆုံပွဲ အပြီးတွင် ဥဒါယီ၏ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲသွား၏။

“အရှင် ကျွန်တော့်ဘဝဟာ မယုံနိုင်စရာကောင်းလောက်အောင် ဟိုး အမြင့်ကြီးဆီကို ထိုးတက်သွားပြီလို့ ခံစားရပါတယ်။ကျွန်တော်ဟာ ကပိလ ဝတ်မှာ ကံအကောင်းဆုံးလူ ဖြစ်သွားပြီ။ မင်းတရားကြီးဟာ ကျွန်တော့်ကို အမြင့်ဆုံးချီးမြှောက်လိုက်တာပါပဲ။ကျွန်တော့်အတွက် ဂုဏ်ယူစမ်းပါအရှင်”

ဥဒါယီသည် စိတ်လွတ်ကိုယ်လွတ်နီးပါးပင် ပျော်ရွှင်တက်ကြွနေ၏။ ပင်ကိုကမှ နှုတ်စအာစရွှင်သောဥဒါယီသည် တဖွဖွပြောမဆုံးဖြစ်နေသည်။ သို့သော် ဥဒါယီ၏ကြည်နူးတက်ကြွမှုများသည် အာနန္ဒဆီသို့ အပြည့်အဝ မကူးစက်နိုင် ဖြစ်နေသည်။ ဥဒါယီအတွက် ဂုဏ်ယူဝမ်းမြောက်မှုက မိမိ၏တွေဝေမှုကို မလွှမ်းမိုးနိုင် ဖြစ်နေသည်။

သကျမဟာရာဇာ ဘိုးတော်မင်းကြီး စေခိုင်းသော ဤအမှုတော်အတွက် ကပိလဝတ်တွင် အထိုက်တန်ဆုံး အသင့်လျော်ဆုံးမှာ ဥဒါယီမှလွဲ၍ အခြားသူမရှိကြောင်း အာနန္ဒ သဘောပေါက်သည်။ သို့အတွက် ဥဒါယီအပေါ် မနာလိုဝန်တိုမှု စိုးစဉ်းမျှမရှိ။သို့သော် မိမိသည် ဘာကြောင့် ဥဒါယီလောက် ထိုက်တန်သောပုဂ္ဂိုလ် မဖြစ်ရသနည်းဟု မတွေးဘဲမနေနိုင်အောင် ရှိနေ၏။ နောင်တော်ဗုဒ္ဓနှင့်ပတ်သက်လျှင် အမြဲတမ်း ဦးဦးဖျားဖျား ဆောင်ရွက်ချင်နေသည့်ဆန္ဒက မိမိကို လောင်မြိုက်နေပြီလားဟုလည်း တွေးမိလေသည်။ နောင်တော့်အတွက်၊ ဗုဒ္ဓအတွက်၊ ကမ္ဘာလောကကို ကယ်တင်နေသူအတွက် မိမိ အာနန္ဒဖြစ်သည်။ နောင်တော်နှင့်အတူတကွ ဘာလုပ်ပေးနိုင်သနည်း။ဘာလုပ်ပေးရမည်နည်း။ထိုသို့လုပ်ပေးနိုင်ရန် မိမိ ဘယ်အခန်းကဏ္ဍမှာ ပါဝင်ရမည်နည်း။ အဖြေမတွေ့သော မေးခွန်းများသာ

ဆင့်ကဲဆင့်ကဲ ပေါ်လာ၏။

နောက်ဆုံးတွင်ကား အာနန္ဒသည် အတိကျဆုံး အဖြေတစ်ခုကို ထုတ်ယူလိုက်သည်။

"နောင်တော်နဲ့တွေ့တော့မှပဲ ငါဟာ ဘာလုပ်ရမယ်၊ ဘယ်လိုလုပ်ရမယ်၊ ဘယ်လောက် လုပ်ရမယ်ဆိုတာ အဖြေကို ထင်ရှားထွက်တော့မှာပဲ။ ငါ့ဘာသာငါ စဉ်းစားဆင်ခြင်လို့ မရနိုင်ဘူး။ နောင်တော့် အပေါ်မှာ လုံးလုံးလျားလျား မူတည်တယ်။ဒါကြောင့် ကပိလဝတ်နန်းတော်ရောက်လာမယ့်နေ့ကိုပဲ ငါအသေအချာ စောင့်တော့မယ်"

ထိုသို့ဆုံးဖြတ်ချက်ချပြီးနောက်မှ အာနန္ဒသည် ယခင်လို တွေဝေနောက်ကျိမနေတော့ဘဲ ခရီးထွက်တော့မည့် ဥဒါယီအတွက် စိတ်ရောကိုယ်ပါ ကူညီပြင်ဆင်ပေးနိုင်လာခဲ့လေသည်။

*　　*　　*

မဂဓတိုင်း၊ရာဇဂြိုလ်တွင် စံမြန်းနေသော ဗုဒ္ဓအား ကပိလဝတ်သို့ ကြွရောက်တော်မူပါရန်၊ ဥဒါယီကို အဆင့်အခေါ် တာဝန်ပေးလိုက်ပြီဟူသော သတင်းသည် ကပိလဝတ်နန်းတော်အား နွေအလယ်တွင် မိုးရေဖြင့် ပက်ဖြန်းပေးလိုက်သလိုဖြစ်သွား၏။ ဤအမှုတော်မှာလည်း သကျမဟာရာဇာသုဒ္ဓေါဒနမင်းတရားကြီး၏အမိန့်တော်ဖြစ်ပြီး မင်းတရားကြီးကလည်း ငါ အသက်ရှင်စဉ်မှာပင် သားတော်ဗုဒ္ဓကို ဖူးမြင်လိုလှတယ်ဟူ၍ အနူးအညွတ်တောင်းဆိုကြောင်း သိကြရပြန်၏။

ဤအတွက် မဂဓတိုင်းသို့ တမန်တော်အဖြစ် စေလွှတ်ပေးခြင်းခံရ သူမှာ ဥဒါယီဖြစ်ကြောင်း သိကြရပြန်သောအခါ တစ်နန်းတော်လုံး နှစ်ထောင်းအားရဖြစ်ကြလေသည်။ အာနန္ဒအနေဖြင့်မူ ဥဒါယီ၏တောင်းဆိုချက်ကို ပို၍သဘောကျမိ၏။ ယင်းကား ဗုဒ္ဓနှင့်တွေ့ပြီးနောက် ရဟန်းပြု

ခွင့်ရလျှင် မင်းတရားကြီးဆန္ဒ ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်ဟူသော တောင်းဆိုချက်ဖြစ်၏။

နောင်တော်၏ သံဃမှ ရဟန်းများသည် အဘယ်သို့ ရှိသနည်း အာနန္ဒ မသိပေ။ မဇ္ဈိမတစ်ခွင် လှည့်လည်နေသော ဗြဟ္မဏများ၊ တပများ၊ ပရိဗိုဇ်များကို အာနန္ဒသိထား၏။ နောင်တော်၏သံဃမှ ရဟန်းများသည် ထိုသူများနှင့် ခြားနားလိမ့်မည်ဟူ၍ အာနန္ဒ တွေးမိသည်။ ဗုဒ္ဓထံတွင် ဦးစွာ ရဟန်းပြုမည်ဟူသော ဥဒါယီ၏တောင်းဆိုချက်ကိုလည်း အာနန္ဒ နှစ်သက်မိ၏။ မိမိသာဆိုလျှင်လည်း ထိုသို့တောင်းဆိုဖြစ်လိမ့်မည်ဟူ၍လည်း ဥဒါယီကို ကျိတ်၍ ထောက်ခံမိလေသည်။

ဟေမန္တဆောင်းဥတုအကုန် ဝသန္တနွေဦးပေါက်အကူး သမယနေ့ တစ်နေ့တွင် နောက်ပါတစ်ထောင်တို့နှင့်အတူ ကပိလဝတ်မှ ခရီးစထွက်သည်။ ဥဒါယီက အာနန္ဒကို လာနှုတ်ဆက် အရိုအသေပြုရင်း စကားဆိုသည်။ "အရှင် ကျွန်တော့်ဘဝမှာ ခရီးတွေအများကြီး ထွက်ခဲ့ဖူးတဲ့ ယူဇနာပေါင်းများစွာ ရှိခဲ့ပါတယ်။ ဒါပေမယ့် အခုထွက်မယ့်ခရီးကတော့ ကျွန်တော့်အတွက် အဓိပ္ပာယ်အရှိဆုံးနဲ့ အမြင့်မြတ်ဆုံးခရီးပါပဲ။ မင်းမှုထမ်းအမတ်တမန်အဖြစ်နဲ့ ကိစ္စအဝဝကိုဆောင်ရွက်ခဲ့တဲ့ ဥဒါယီဟာ အကြီးကျယ်ဆုံး အမှုတော်ကို ထမ်းဆောင်ဖို့ ယခု ထွက်ခွာပါတော့မယ်။ ခရီးထွက်သူများဟာ နေရာဒေသအနှံ့ ရောက်ကြပြီး အိမ်အပြန်မှာတော့ သူတို့ရောက်ခဲ့တဲ့ နေရာဒေသတွေရဲ့ အဖိုးထိုက်အဖိုးတန်ပစ္စည်းတွေကို သယ်ဆောင်လာလေ့ ရှိကြပါတယ်။ အိမ်ပြန်မျက်နှာပန်းလှဖို့ ကြိုးစားကြပါတယ်။ ကျွန်တော့်ရဲ့ အခုခရီးကတော့ ဒီလောကမှာ တခြားဘယ်အရာနဲ့မှ နှိုင်းဖက်တုပလို့မရတဲ့ အဖိုးအထိုက်တန်ဆုံး အမြင့်ဆုံးရတနာကို ဆောင်ကြဉ်းပင့်ခေါ်လာမှာ ဖြစ်ပါတယ်။ ဒီလိုတာဝန်မျိုး ထမ်းခွင့်ရတဲ့အထိ၊ ကျွန်တော့်ဘဝကို မြှင့်တင်ပေးခဲ့တဲ့ အရှင့်ကျေးဇူးတရားကို ဦးညွှတ်ပူဇော်ခဲ့ပါတယ်"

အာနန္ဒသည် ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေ၏။ဖွားဖက်လည်းဖြစ်၊ ငယ်ပေါင်းရောင်းရင်းလည်းဖြစ်၊ မိမိနှင့် ခင်မင်နားလည်ဆုံး လက်အောက်ငယ်သားလည်းဖြစ်သည့် ဥဒါယီသည် နေ့ချင်းညချင်းပင် အလွန်ရင့်ကျက်သောသူအဖြစ်သို့ ပြောင်းလဲသွားပေပြီ။ ထမ်းဆောင်ရမည့် တာဝန်က ဥဒါယီကို လေးနက်ရင့်ကျက်သူအဖြစ်သို့ ပြောင်းလဲပေးလိုက်ပေပြီ။

“ကောင်းပါပြီ ဥဒါယီ၊ ကျေးဇူးတရားကို သိမှတ်ပူဇော်တတ်သူဟာ မြင့်မြတ်တဲ့သူပါ။ မြင့်မြတ်တဲ့ သင့်ထံကို မြင့်မြတ်မှုတွေ ဆက်လက်ရောက်ရှိလာပါလိမ့်မယ်”

ဘိုးတော်မင်းတရားကြီးကိုယ်တိုင်ကပင် ဥဒါယီအား နန်းတော်မုခ်အထိ လိုက်ပါပို့ဆောင်ရင်း မှာကြားသည်။

“ဥဒါယီ၊ သားတော်ကို အရပင့်ဖိတ်ခဲ့ပါကွယ်။ အရင့်အရင်ကလွှတ်လိုက်သူတွေလို ပြန်လဲမလာ ဗုဒ္ဓကိုလဲ မပင့်ခေါ်နိုင် မဖြစ်ပါစေနဲ့။ ငါ အသက်ရှင်လျက်နဲ့ ဘုရားရှင်ကို ဖူးမြင်ချင်လို့ဆိုတာ မမေ့ပါနဲ့ကွယ်”

ဥဒါယီက မင်းတရားကြီး၏ခြေဖမိုးအစုံရှေ့တွင် ဦးညွှတ်ထိကပ်လျက် ပြန်ပြောသည်။

“ဘိုးတော် သကျမဟာရာဇာရဲ့ ဆန္ဒကို အမှူးထားပြီး ကပိလဝတ်တိုင်းသားပြည်သူတစ်ရပ်လုံးအတွက် ဗုဒ္ဓကို ကျွန်တော် ပင့်ဆောင်ခဲ့ပါ့မယ်လို့ ကတိပေးပါတယ်”

ဆောင်းနှောင်းနှင့်နွေဦးတို့ လက်ဆင့်ကမ်း ပွေ့ဖက်နေကြသော အခါသမယဝယ် ကြည့်လေရာတိုင်း သာမောဖွယ်အတိ ဖြစ်နေ၏။

အာနန္ဒသည် နောင်တော်ရှိရာ မဂဓတိုင်းဘက်သို့ မှန်းဆလျက် လက်အုပ်ချီလိုက်လေသည်။ ထို့နောက်စိတ်ထဲမှပင် ရွတ်ဆိုလိုက်လေသည်။

“ကပိလဝတ်သို့ ကြွမြန်းတော်မူလှည့်ပါ နောင်တော်ဘုရား”

*  *  *

နောက်ပါ ရဟန်းနှစ်သောင်းတို့ ခြံရံလျက် ဗုဒ္ဓသည် ရာဇဂြိုဟ်မှ ယူဇနာခြောက်ဆယ်ဝေးသော ကပိလဝတ်သို့ ကြွမြန်းတော်မူလာပြီဟူသော သတင်းသည် ကပိလဝတ်၏ နေ့စဉ်နေ့တိုင်းသော အချိန်ကာလတို့ကို လွှမ်းမိုးပျံ့နှံ့သွားခဲ့၏။

ဥဒါယီသည်လည်း သူ၏ခွင့်ပန်ချက်အတိုင်း မထေရ်ရဟန်း ပြုသွားခဲ့ပေပြီ။ဗုဒ္ဓသည် တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှာပင် ရာဇဂြိုဟ်မှ ထွက်ခွာလာပြီဟူ၍ ကာဠုဒါယီမထေရ်ထံမှ သတင်းကို ရခဲ့သည်။

မထေရ်သည် စျာန်ဖြင့် ကပိလဝတ်နန်းတော်သို့ နေ့တိုင်း ကြွရောက်လာကာ မြတ်စွာဘုရားသခင် ဤနေ့အဖို့ ဤမျှခရီးကို ရောက်ပြီဟူသော သတင်းကြားစေကာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်လျဉ်းသော တရားစကားကို မိန့်ကြား ဟောပြောလေသည်။

ကာဠုဒါယီ ကပိလဝတ်နန်းတော်သို့ ကြွရောက်လာတိုင်း ဘိုးတော်မင်းတရားကြီးက ဆွမ်းဆက်ကပ်သည်။ သကျရာဇာတို့သာ ထိုင်ခွင့်ရှိသော ရာဇပလ္လင်ပေါ်၌ သီတင်းသုံးတော်မူပါရန် မဟာရာဇသုဒ္ဓေါဒနက အကြည်အဖြူ လျှောက်ထား၏။ ယခင့်ယခင်က ခတ္တိယနွယ်ဝင် သကျအမတ်ဝန်တစ်ဦးအနေနှင့် မင်းတရားကို ခစားခဲ့သူသည် ယခုအခါရဟန်းအဖြစ် ရာဇပလ္လင်ပေါ်တွင်ထိုင်ကာ သကျရာဇာ၏ရှိခိုးပူဇော်မှုကို ခံယူနေသည်။ အာနန္ဒသည် ကာဠုဒါယီမထေရ်ကိုကြည့်ရင်း တရားဓမ္မနှင့် ဆရာကောင်းက ပုဂ္ဂိုလ်တစ်ယောက်၏ အတွင်းအဇ္ဈတ္တနှင့် ပြင်ပဗဟိဒ္ဓတို့ကို ဘယ်လောက်အထိ အပြောင်းလဲကြီး ပြောင်းလဲပစ်နိုင်ကြောင်း တစိမ့်စိမ့်တွေးကာ သဘောပေါက်နေမိလေသည်။

သွက်လက်ချက်ချာ၍ ဘယ်အကြောင်းအရာကိုမဆို ရွှန်းရွှန်းဝေအောင် စကားဖောင်ဖောင်ပြောတတ်သော ဥဒါယီလုလင်အမတ်သည် ယခုအခါ တည်ငြိမ်နက်ရှိုင်းသော ဣန္ဒြေတို့ဖြင့် တင့်တယ်သည့် ကာဠုဒါယီ

မထေရ်ရဟန်းဖြစ်ခဲ့ပြီ။ နှုတ်မှ တသွင်သွင်ထွက်ပေါ်လာသော စကားလုံးများသည် ယခင်ကလို အလင်္ကာဝိတ္ထာရချဲ့သော စကားများမဟုတ်ကြတော့ဘဲ ဗုဒ္ဓနှင့် ဓမ္မဂုဏ်ကျေးဇူးတို့ကို တိကျကျစ်လျစ်စွာ ဖော်ထုတ်ဟောကြားအပ်သော ဒေသနာစကားများ ဖြစ်ခဲ့ပေပြီ။

ဩော်.... ဥဒါယီ တစ်ယောက်တော့ဖြင့် ကာဠုဒါယီမထေရ်မြတ်အဖြစ် ရောက်ရှိခဲ့ပြီ။

# အခန်း ၂၃

ဗုဒ္ဓနှင့်သံဃာများ သီတင်းသုံးနေထိုင်ဖို့ ကပိလဝတ်နှင့်မနီးမဝေး နိဂြောဓ သကျသာကီမင်းတို့၏ အရုံဥယျာဉ်ကို ရွေးချယ်ဆုံးဖြတ်လိုက်ကြ၏။ နိဂြောဓဥယျာဉ်ကို တင့်တယ်မျှတအောင် ပြုပြင်စီမံဖို့ အရေးမှာလည်း အာနန္ဒ၏ ပခုံးပေါ် တာဝန်ကျရောက်ခဲ့သည်။

ဘုရားရှင် ကြွရောက်တော်မူလာလျှင်လည်း ဤနိဂြောဓဥယျာဉ်သို့ ပင့်ဆောင်ကြမည်ဖြစ်သည်။ ကြိုဆိုနေရာချထားမှု အစီအစဉ်ကိုမူ သကျ ရာဇာများအားလုံး ညှိနှိုင်းဆုံးဖြတ်ကြ၏။

'အမျိုးကောင်းသားသမီး သူငယ်သူငယ်မတွေကို ပန်းမန်နံ့သာ စွဲ ကိုင်စေပြီး ရှေ့တန်းက နေရာယူကြပါစေပေါ့။ အဲဒီနောက်ပိုင်းကမှ လူလတ်ပိုင်း၊ လူငယ်ပိုင်း မင်းညီမင်းသားနဲ့ မင်းသမီး ကညာတွေနေရာယူ၊ အဲဒီ နောက်ကမှ တို့များကြိုက်သလို အစီအစဉ်နဲ့ နေရာယူကြမယ်'

ဤ'လူ'နေရာ ချထားမှု အစီအစဉ်ကိုမူ အာနန္ဒ ဘဝင်မကျဖြစ်မိနေ သည်။ အဘယ်ကြောင့် ကလေးသူငယ်များကို ရှေ့ဆုံးမှ၊ လူငယ် လူလတ်

များကို ထို၏နောက်မှ၊ လူကြီးများက နောက်ဆုံးမှ နေရာယူကြသနည်း။ သကျရာဇာအဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်သဖြင့် အာနန္ဒ စာဒက တက်ပိုင်ခွင့် မရှိ။ အာနန္ဒသည် သကျတို့၏ ဇာတိပုညဂုဏ်မာန တင်းကျပ်သော ခံယူချက်ကို ပထမဆုံးအကြိမ်အဖြစ် ကောင်းကောင်းကြီးနားလည်လိုက်၏။

"သိဒ္ဓတ္ထဟာ အသက်လေးဆယ်တောင် မပြည့်သေးပါဘူး။ ငါတို့ထက်များစွာ ငယ်ရွယ်သူဖြစ်တယ်။ ဒါတင်မကသေးဘူးလေ သွေးမျိုးဆွေတွေ စပ်လိုက်ရင် တူငယ်၊ ညီငယ်၊ သားငယ်၊ မြေးငယ်တော်တာပဲ။ သကျသာကီဝင်နွယ်တို့မှာ ကြီးသူကိုသာ ငယ်သူက အစဉ်တစိုက် လေးစားရမယ် မဟုတ်လား။ ဒါ အစဉ်အလာပဲ"

အာနန္ဒ မည်သို့မျှ ဆင်ခြေမပေးသာချေ။ သို့သော် နောင်တော်ဗုဒ္ဓနှင့် ကြွင်းသော သကျမျိုးနွယ်တစ်ခုလုံး မည်သူကကြီး၍ မည်သူက ငယ်သည်ဆိုခြင်းမှာ အချိန်တန်တော့ အဖြေပေါ်လာလိမ့်မည်ဟု ရဲရဲကြီး ယုံကြည်ထားလိုက်လေသည်။

*　　　*　　　*

အာနန္ဒ ယုံကြည်ထားသည့်အတိုင်းပင် အဖြေရလဒ်သည် ရှင်းရှင်းကြီးပေါ်လာ၏။ ဘိုးတော်မင်းတရားကြီး၏ လက်အုပ်ပဒုံသည် နောင်တော်ဗုဒ္ဓ၏ ခြေဖမိုးရှေ့တွင် ဦးစွာ ဖူးငုံသွားသောအခါ ကပိလဝတ်နန်းတော်တစ်ခုလုံး၊ တစ်ပြည်လုံး၏ ဦးခေါင်းနဖူးပြင်တို့သည်လည်း နောင်တော့် ရှေ့မှောက်၌ အကြွင်းမဲ့ ငုံ့ငိုက်ကျဆင်းသွားလေသည်။

အင်္ဂတိုင်းနှင့်မဂဓတိုင်းမှ အမျိုးကောင်းသားများ ရဟန်းသာဝကအဖြစ် နောင်တော်ဗုဒ္ဓနောက်ပါး ဝန်းရံ ပူဇော်လိုက်ပါလာကတည်းကပင် ကပိလဝတ်သကျတို့သည် မာန်မာန ယိမ်းယိုင်ခဲ့ပြီဖြစ်၏။

အာနန္ဒအနေဖြင့်မူ ဤသို့ဖြစ်လာလိမ့်မည်ကို ကြိုတင်မျှော်လင့်

ထားပြီးသားဖြစ်၍ နောင်တော့်အတွက်ရော ကပိလဝတ်အတွက်ပါ နှစ်ထောင်းအားရ ရှိခဲ့ရသည်။ သို့သော် အာနန္ဒ မည်သို့မျှ ကြိုတင်ခန့်မှန်းမရနိုင်သော အခြင်းအရာတစ်ခု ရှိနေ၏။

ရာဟုလ၏ မယ်တော်သည် ဗုဒ္ဓကို မည်သို့မည်ပုံ ကြိုဆိုပူဇော်မည်နည်း။

ဒေဝီယသော်ဓရာ၏အနေအထားကို အာနန္ဒ မမှန်းဆတတ်။ အဝေးသို့ ထွက်ခွာသွားသော နောင်တော့်ထံမှ သတင်းများ တစ်ခုပြီးတစ်ခု ကြားသိရလေတိုင်း နောင်တော်နှင့်အတူပင် အဝေးမှလိုက်ပါကျင့်သုံးသော ဒေဝီမည်သို့ရှိမည်နည်း။ ဖန်ရည်စွန်းအဝတ်ကို ဝတ်ခဲ့သော၊ ပွဲတော်စာ တစ်ထပ်ကိုသာ စားခဲ့သော၊ ကြိုးပြားဖြင့်ရက်အပ်သော၊ ညောင်စောင်း၌သာ အိပ်စက်ခဲ့သော၊ ပန်းနံ့သာ လိမ်းဆင်ခြင်းကို လုံးဝစွန့်လွှတ်ခဲ့သောဒေဝီသည် ယခု ဘယ်သို့ တုန့်ပြန်မည်နည်း။ သူ့သား၏ ဖခမည်းတော်သည် ကပိလဝတ်သို့ ကြွမြန်းလာပြီ။ ရောက်ရှိလာပြီ။ သိဒ္ဓတ္ထ၏ ကြင်ရာဇနီးသည် ဗုဒ္ဓကို မည်သို့ ဆက်ဆံလေမည်နည်း။

ဘိုးတော် မင်းတရားကြီးနှင့်တကွသော ကပိလဝတ် သကျနွယ်အားလုံးတို့၏မာန်မာနကို ချိုးနှိမ်ဖယ်ရှားတော်မူပြီးသည့် နောက်တစ်နေ့မှာပင် အာနန္ဒသိလိုလှသော ထိုအရာ၏အဖြေသည် ထင်ရှားထွက်ပေါ်လာ၏။

နောင်တော်ဗုဒ္ဓသည် ရဟန္တာများ ခြံရံလျက် ကပိလဝတ်နေပြည်တော်တွင် ဆွမ်းခံကြွဝင်လာခဲ့သည်။မြို့တံခါးအဝင်ဝ အစွန်အဖျားအကျဆုံးအိမ်မှစ၍ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်သည်။

ကပိလဝတ်သည် အုန်းအုန်းကျွက်ကျွက် ဖြစ်သွားရပြန်လေသည်။ သိဒ္ဓတ္ထအရှင်သခင်ဘဝတုန်းက ရွှေထမ်းစင်ထက်မှသာ စီးနင်းလှည့်လည်တော်မူခဲ့သော နောင်တော်၊ မနေ့တစ်နေ့ကပင် ခမည်းတော်သုဒ္ဓေါဒနမှအစပြုကာ သကျသာကီတို့၏ လက်အုပ်ကြာပဒုံတို့ကို ဖူးငုံ့စေခဲ့သော

နောင်တော်သည် ယနေ့ ကပိလဝတ်၏ လမ်းသွယ်၊ လမ်းမြောင်၊ လမ်းမတို့ အပေါ်၌ ခြေဗလာဖြင့် အိမ်စဉ်မပြတ် ဆွမ်းခံရပ်လှည့်ချေသည်။

"သိဒ္ဓတ္ထအရှင်ဗုဒ္ဓဟာ ခွက်လက်စွဲပြီး အိမ်စဉ်ရပ် ဆွမ်းခံသတဲ့"

ရာဟုလမယ်တော် ဘယ်သို့ရှိလေမည်နည်း။

မည်သူတွေ မည်သို့ရှိကြမည်ကို အာနန္ဒ စိတ်မဝင်စား။ ဤအကြောင်းကို အာနန္ဒနှင့်အတူ စိတ်ဝင်တစား ဆွေးနွေးခွင့်ရသူကား နန္ဒမင်းသားဖြစ်၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် နန္ဒမင်းသားအတွက် အဘိသေက မင်္ဂလာအခမ်းအနား ပြုလုပ်ချိန်လည်း ရောက်နေသည်။ ဤအခမ်းအနားသဘင်များအတွက် အတွင်းကျကျစီစဉ်ပေးဖို့ တာဝန်ယူရသူမှာလည်း အာနန္ဒပင်ဖြစ်သည်။ အရီးတော်ဂေါတမီ၏သားဖြစ်သော နန္ဒမင်းသားလေးနှင့် အာနန္ဒသည် တပူးတွဲတွဲဖြစ်နေသည်။

နန္ဒမင်းသားလေးသည်လည်း ရက်များမကြာမီပင် သူဆင်နွှဲရတော့မည့် ဥသျှောင်ထုံးဖြည်မင်္ဂလာ၊ ဥပရာဇာ ကမ္ပည်းသင်းကျစ်တပ်ဆင်ခြင်းမင်္ဂလာ၊ ဥပရာဇာ နန်းဆောင်အပ်နှင်းပွဲမင်္ဂလာ၊ ဇနပဒကလျာဏီနှင့် လက်ထပ်ခြင်းမင်္ဂလာ၊ ဥပရာဇာ ထီးဖြူစိုက်ဆောင်းခြင်း မင်္ဂလာများကို စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေ၏။

"နောင်တော်ဗုဒ္ဓကို အစ်မတော်ဒေဝီ ဘယ်လိုများ ခရီးဦးကြိုမလဲ မသိဘူးနော် နောင်တော်အာနန္ဒ"

နန္ဒမင်းသားလေးက မေးလာသည်။

"အဲဒါကို ဒေဝီယသော်ဓရာကလွဲပြီး ဘယ်သူမှ မမှန်းဆနိုင်ဘူး နန္ဒ။ တို့များရဲ့ဒေဝီဟာ တည်ငြိမ်တဲ့ကန်ရေပြင်လို မှန်းဆလို့မရနိုင်လောက်အောင် နက်ရှိုင်းလှတယ်"

နောက်တစ်နေ့မှာပင် အဖြေထွက်လာ၏။

ကပိလဝတ်တွင် ဆွမ်းခံကြွလာသောဗုဒ္ဓအား လှမ်းမြော် ကြည်ညို ဖူးမြင်လျက် ဒေဝီယသော်ဓရာသည် သားရာဟုလအား သူ့ခမည်းတော်ကို ညွှန်ပြကာ ဗုဒ္ဓ၏ရူပကာယ အသရေဂုဏ်များကို ကျူးရင့်ထုတ်ဖော်ခဲ့သည်။ ထို့နောက် သုဒ္ဓေါဒနမင်းကြီးထံဝင်၍ အားပါးတရကြီး သတင်းပို့ လျှောက်ထားခဲ့လေသည်။

ဘိုးတော်မင်းတရားကြီးကား ဒေဝီလို မခံယူနိုင်ရှာဘဲ သူ့သားက သပိတ်ကို စွဲကိုင်ကာ အိမ်စဉ်ရပ် ဆွမ်းခံခြင်းကိုပင် အရှက်တကွဲဖြစ်ရလေခြင်းဟု တုန်လှုပ်သွားရှာ၏။ ဗုဒ္ဓ၏သပိတ်ကို ကိုယ်တော်တိုင် လှမ်းပွေ့ယူဆောင်ကာ နန်းတော်သို့ပင့်ဆောင် ဆွမ်းလုပ်ကျွေး၏။ ဗုဒ္ဓသည် ကပိလဝတ် နန်းတော်ထဲသို့ ရောက်ရှိလာချေပြီ။

"နောင်တော် အာနန္ဒ၊ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ တွေ့ဆုံပွဲအကြောင်း ကြားရတော့မယ်။ အစ်မတော်ဒေဝီဟာ ဗုဒ္ဓကို ဘယ်လိုလက်ခံကြိုဆိုမလဲ မသိဘူးနော်"

နန္ဒမင်းသားလေးသည် အလွန်အမင်း စိတ်လှုပ်ရှားနေ၏။ သူ့ချစ်သူ ဇနပဒကလျာဏီကိုပင် သူ သတိမရအား။ သူဆင်နွှဲရမည့် အဘိသေက သဘင်များဆီသို့ သူ စိတ်မရောက်နိုင်ဖြစ်နေ၏။

"ဗုဒ္ဓ နန်းတော်ထဲရောက်လာပြီ နောင်တော်အာနန္ဒ။ ခမည်းတော်မင်းတရားကြီးရဲ့ ဆွမ်းလုပ်ကျွေးပွဲမှာ အားလုံးစုံညီ တက်ရောက်ကြပေမယ့် အစ်မတော်ဒေဝီ ထွက်မလာဘူးလေ"

အာနန္ဒက နုနယ်ပျိုမျစ်သော နန္ဒမင်းသားလေးကို ပြုံးကြည့်ရင်း ပြောလိုက်၏။

"သူတို့တစ်တွေဟာ တို့လိုမဟုတ်ဘူး၊ နန္ဒ။ မိမိနေရာကို မိမိသိကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်"

"မကြာခင် တို့များ သိကြရတော့မှာပါကွယ်။ ကဲ.... မင်းလဲ

မင်းနေရာကို သတိရဦးလေ။ ဇနပဒကလျာဏီရဲ့ဝတ်စုံအတွက် မင်းနဲ့ တိုင်ပင်ဆွေးနွေးကြမလို့တဲ့ ”

နန္ဒ၏ မျက်နှာ၌ ရုက်သွေးဖြန်းသွား၏။ အချစ်ဖြင့် နီမြန်းသွားသော လုလင်ငယ်၏ အသွင်ကိုကြည့်ကာ အာနန္ဒပြုံးမိပြန်လေသည်။

* * *

“ခမည်းတော် သကျရာဇာ၊ မဟာသမ္မတခတ္တိယဆိုတာ သင်မင်းကြီး တို့ရဲ့ အနွယ်ဖြစ်တယ်။ ငါတို့ရဲ့အနွယ်က ဒီပင်္ကရာ၊ ကောဏ္ဍည၊ မင်္ဂလ၊ ကဿပ အမည်ရှိတဲ့ မြတ်စွာဘုရားများဖြစ်တယ်။ နှစ်ဆယ့်လေးဆူသော မြတ်စွာ ဘုရားများ၊ ပွင့်တော်မူခဲ့သော မြတ်စွာဘုရားများသည် အိမ်စဉ်မပြတ် ဆွမ်းလှည့်ရပ်ကြစမြဲဖြစ်တယ်။ မအပ်သောရှာမှီးမှုနဲ့ မစပ်တဲ့ ဆွမ်းခံလှည့်လည် ခြင်းအကျင့်ကို ရဟန်းသည် ချမ်းသာစွာနေထိုင်ရတယ်”

ဘိုးတော်မင်းတရားကြီးကို မိန့်ဆိုတော်မူသော နောင်တော်ဗုဒ္ဓ၏ စကားဖြစ်၏။ သူ့သားတော် သပိတ်ပိုက်ကာ အိမ်စဉ်ရပ် ဆွမ်းခံနေပြီဟု ကြားရသော မင်းတရားကြီးသည် ရုက်ခြင်းကြီးစွာဖြင့် နောင်တော်ဗုဒ္ဓအား ဤသို့ပြုရန် မသင့်ပါကြောင်း လျှောက်ထားသဖြင့် နောင်တော်က တုံ့ပြန် လိုက်သော စကားများပင်။

ဤစကားတို့ကို တစ်ဆင့်ကြားရုံမျှဖြင့် အာနန္ဒသည် ကြက်သီး ဖြန်းဖြန်းထမတတ် ရှိရလေသည်။ နောင်တော်ဗုဒ္ဓသည် မိမိသိခဲ့သော သိဒ္ဓတ္ထအရှင် မဟုတ်တော့ပြီ။ နောင်တော်သည် ခတ္တိယ၊ ဗြဟ္မဏတည်းဟူ သော မျိုးနွယ်သတ်မှတ်ချက်များကို ဖောက်ထွင်းကျော်လွန်ခဲ့ပေပြီ။ အာနန္ဒ သည် ဒေဝီယသော်ဓရာ၏ နန်းဆောင်ရှေ့ဥယျာဉ် ရေကန်အနီးဝယ် စိတ် လှုပ်ရှားစွာဖြင့် ထိုင်နေသည်။နန်းဆောင်ထဲသို့ မိမိလိုက်ပါခွင့်မရှိ။နောင် တော် ဗုဒ္ဓနှင့်အတူ ဒေဝီ၏နန်းဆောင်ထဲသို့ အတူလိုက်ပါသွားသူများမှာ

ဘိုးတော်မင်းတရားကြီး၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သာ ဖြစ်၏။ ဒေဝီသည် သူ၏နန်းဆောင်ထဲမှပင် နောင်တော့်အား စောင့်ကြိုနေလေသည်။

ဥယျာဉ်တော်ရေကန်ထဲတွင် ထိုင်စောင့်ရင်း အာနန္ဒသည် နန်းဆောင်ထဲသို့သာ စိတ်ရောက်နေ၏။ သူတို့ မည်သို့တွေ့ဆုံကြလေမည်နည်း။ အဘယ်စကားတွေကို ပြောကြမည်နည်း။ ရာဟုလ မယ်တော်သည် သူ့ သခင်ကို မည်သို့သော စကားများဆိုလေမည်နည်း။ ဥယျာဉ်တော်ရေကန်ဝယ် ဆွတ်ဆွတ်ဖြူသော ကြာပွင့်ကြီးများ ငွားငွားစွင့်ပွင့်နေကြ၏။ ကြာပွင့် ကြီးများ၏ အောက်ခြေကြာရိုးများက ရေထဲတွင် နစ်မြုပ်ကာ မှော်များ၊ နွံများဖြင့် အလိမ်းလိမ်းရှိနေကြသည်။ ထိုကြာရိုးမှပင် ထွက်ပွင့်လာသော ကြာပွင့်များကမူ ရေ၊မှော်၊နွံများဖြင့် မလိမ်းမကပ်၊ သပ်သပ်ရှိနေကြသည်။

ကြာပွင့်ကြီးများကိုကြည့်ရင်း အာနန္ဒသည် နောင်တော်ဗုဒ္ဓကို ထင်မြင်လာ၏။ သြော်.... နောင်တော်ကား ကြာပွင့်ကြီးပါပင်တည်း။ ကြာပွင့်နှင့် ကြာရိုးတို့ တစ်ဆက်တစ်စပ်တည်း ရှိနေကြစေကာမူ ကြာပွင့်နှယ်ပင် နောင်တော်သည် ရေ၊ မှော်၊ နွံတို့နှင့် မလိမ်းမကပ် သပ်သပ်ကြီးပင် လွတ်ကင်းတင့်တယ်ပေသည်တကား။ မိမိ အာနန္ဒသည်ကော.... ပြုံးမိ လေသည်။ မိမိမူကား ရေကန်၏ ဟိုးအောက်ခြေမှ မှော်ပင်လေးတစ်ပင် ဖြစ်ချေမည်။ အမတ်ဝန်ဟူသော ရာထူးဖြင့် ကပိလဝတ်ရေကန်ကြီး၏ ရေမျက်နှာပြင်အောက်ဝယ် အလိမ်းလိမ်းအလူးလူး ရှုပ်ထွေးနစ်မြုပ် နေရသော ဘဝ....။ ရေမျက်နှာပြင်အထက်မှ လွတ်လပ်သော ကြာပွင့်ဖြူဖြူကို ဟိုးအောက်ခြေမှနေ၍ ရေကိုဖြတ်ကာ မှုန်တိမှုန်ဝါး မြင်ရသောဘဝ။မှော်ပင်လေး၏ မြင်ကွင်းလေးဝယ် ကြာပွင့်ကြီးသည် ဝိုးတဝါးရှိနေလေသည်။

# အခန်း ၂၄

ကပိလဝတ်နန်းတော်သည် နွေခေါင်ခေါင်တွင် မိုးကြိုးထစ်ချုန်းပစ်ခွင်းလိုက်သလို ဖြစ်သွားပြန်၏။

အရှိးတော်ဂေါတမီ၏သားတော် နန္ဒမင်းသားလေးအတွက် မင်္ဂလာ ဘိသေက အစီအမံများကို ကြီးကြပ်ပြင်ဆင်ပေးရသည့် အာနန္ဒ၏ ဦးခေါင်း ထက်သို့ ထိုမိုးကြိုးလျှပ်စီး ရိုက်ပြက်သည်ဟုလည်း ဆိုနိုင်သည်။ ဇနပဒ ကလျာဏီနှင့် မနေ့တစ်နေ့ကမှ အာဝါဟမင်္ဂလာပြုထားခဲ့သော နန္ဒမင်းသားလေးသည် နောင်တော်ဗုဒ္ဓ၏သပိတ်ကို ပိုက်ခွင့်ရခဲ့၏။ နန်းဆောင်ခန်းမမှ နောင်တော်ပြန်ကြွသွားသောအခါမှာလည်း နောင်တော်သည် နန္ဒထံမှ သပိတ်ကို ပြန်ယူတော်မမူခဲ့။

သို့ဖြင့် ရွှေနန်းတော်တံခါးဝ၊ စောင်းတန်း၊ လှေကားဦး၊ လှေကားရင်း၊ မင်းရင်ပြင်၊ ကွက်လပ်၊ မြို့ရိုးတံတိုင်းမုခ်၊ မြို့ရိုးအပြင်တံတား.... အစဉ်တစိုက်ပင် နန္ဒသည် သပိတ်ကိုပိုက်လျက် လိုက်ပါသွားခဲ့ရ၏။ နောင်တော်ဗုဒ္ဓအားလည်း သပိတ်ပြန်ယူပါဘုရားဟု မလှမ်းရဲ။ ယူလိမ့်နိုးနိုး

မျှော်ကိုးလျက်သာ နန္ဒသည် နိဂြောဓာရုံကျောင်းအထိ ပါသွားခဲ့သည်။

ဇနပဒကလျာဏီကလည်း သူ့ကြင်ရာတော်ပါသွားပြီဟု သိရသော အခါ ခေါင်းလျှော်ပြီးစ ဆံပင်တို့ကို ဖြီးသင်ဆဲမှာပင် လေသာပြတင်းမှ ရပ်ကာ "မြန်မြန်ပြန်ခဲ့နော် မောင်တော်"ဟု မှာခဲ့သေး၏။

နန္ဒမင်းသားသည် ဇနပဒကလျာဏီထံသို့ ဘယ်သောအခါမှ ပြန် မလာတော့ချေ။ သူ့ကြင်ရာထံသို့သာ မဟုတ်သေး၊ သူ မကြာခင်က ထိုင်ခဲ့ သော ဥပရာဇာဘိသေကပလ္လင်၊ သူစည်းနှောင်ခဲ့သော ဥပရာဇာရွှေနဖူး စည်းနှင့် သူ၏ကပိလဝတ်နန်းတော်သို့လည်း ဘယ်သောအခါမှ ပြန်လာ လိမ့်မည် မဟုတ်တော့။

နန္ဒကို နောင်တော်ဗုဒ္ဓက ရဟန်းပြုပေးလိုက်ပြီဖြစ်၏။ ကပိလဝတ် ပလ္လင်ထက် တက်တော့မည့် သကျရာဇာ အလောင်းအလျာတစ်ဦးကို နောင်တော်ဗုဒ္ဓက ပို၍မြင့်မားသောနေရာဆီသို့ ဆွဲတင်လိုက်ပြီဖြစ်သည်။ ဘိုးတော်မင်းတရားကြီး၊ အရီးတော်ဂေါတမီ၊ သကျရာဇာအဖွဲ့နှင့် ဇနပဒ ကလျာဏီမင်းသမီးတို့မှာမူ မိမိတို့၏သား၊ ဘုရင်၊ ခင်ပွန်းကို ဆုံးရှုံးလိုက် ရပြီဟု မချိတင်ကဲ ဖြစ်သွားကြလေသည်။

အာနန္ဒသည် အနုရုဒ္ဓါမင်းသားကို ဤဖြစ်ရပ်နှင့်စပ်လျဉ်း၍ စကား တစ်ခွန်းဆိုလေသည်။

"ရေ၊ မှော်၊ နွံထဲကနေပြီး ကြာပွင့်တွေပွင့်ကြတယ်။ အကြီးဆုံး၊ အလှဆုံး၊အတင့်တယ်ဆုံး ကြာပွင့်ကြီးတစ်ပွင့်အနီးဝန်းကျင်မှာ နောက်ထပ် ကြာဖူးကြာငုံတွေ အစီအရီထွန်းပေါ်နေကြလိမ့်ဦးမယ်"

အနုရုဒ္ဓါက ဤစကားကို နားမလည်ချေ။

အာနန္ဒ စကားမဆိုတော့ဘဲ အံ့အားသင့်စွာ နားမလည်စွာ ကျန် ရစ်ခဲ့သော အနုရုဒ္ဓါအား ပြုံးပြခဲ့လေသည်။

* * *

"သကျသာကီမျိုး မင်းဆက်ပြတ်ပြီ၊ ကပိလဝတ်နန်းရဲ့ ရာဇပလ္လင်ဟာ အချည်းနှီး လစ်လပ်တော့မယ်"

မီးတောင်ကြီးတစ်ခု ဆင့်ကဲဆင့်ကဲ ပေါက်ကွဲဘိသကဲ့သို့ ကပိလဝတ်နန်းတော်၌ ချောက်ချားဖွယ်အသံများ မြည်ဟီးလာပြန်သည်။ နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်ပြီး မကြာမီ ရက်ပိုင်းအတွင်းမှာပင် သားတော်ရာဟုလလေးသည်လည်း သာမဏေအဖြစ်သို့ သွတ်သွင်းခံလိုက်ရလေ၏။ အတုန်လှုပ်ဆုံးကား ဘိုးတော်မင်းတရားကြီးပင်။

ဒေဝီယသော်ဓရာကမူ ဤသို့ဆိုလေသည်။

"အာနန္ဒ....ဒေဝီက သားတော်ကို သူ့ခမည်းတော်ဆီလွှတ်လိုက်တာ၊ အမွေတောင်းချေလို့ မှာလိုက်တယ်။ ဗုဒ္ဓဟာ သူ့သားကိုပဲဖြစ်ဖြစ်၊ တခြားသူကိုပဲဖြစ်ဖြစ် ဓမ္မအမွေပဲ ပေးမှာဖြစ်တယ်။ ဒါဟာ အံ့သြစရာမဟုတ်သလို တုန်လှုပ်စရာလည်း မဟုတ်ဘူး။ ကြည်နူးစရာ ဝမ်းသာ အားရစရာသာ ဖြစ်တယ်"

"မင်းတရားကြီးနဲ့တကွ သကျရာဇာအဖွဲ့ တစ်ဖွဲ့လုံးမှာတော့ ဒီကိစ္စကြောင့် နန်းလျာမျိုးဆက် ပြတ်ပြီဆိုပြီး တုန်လှုပ်ချောက်ချားနေကြပါတယ်၊ ဒေဝီ"

"နန်းလျာမျိုးဆက်ဆိုတာ ဒီကမ္ဘာလောကမှာ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် အကြောင်းတစ်ခုမဟုတ် တစ်ခုနဲ့ ပြတ်တောက်ပျောက်ကွယ်သွားမှာပဲ။ ဘာကြောင့်မှ ချောက်ချားစရာမရှိဘူး။ ကမ္ဘာလောကမှာ ဓမ္မ အဆက်အနွယ်တွေ တသွင်သွင် အလျဉ်မပြတ် ဆက်စပ်စီးဆင်းနေဖို့ လိုတယ် မဟုတ်လား၊ အာနန္ဒ"

အာနန္ဒသည် ဒေဝီယသော်ဓရာအား မြတ်နိုးကြည်ညိုလွန်းစွာ ဦးညွှတ်လိုက်လေသည်။

* * *

နောင်တော်ဗုဒ္ဓသည် ရဟန်းသံဃာအပေါင်းခြံရံလျက် ကပိလဝတ်မှ ပြန်ကြွသွားခဲ့လေပြီ။ အာနန္ဒသည် တအုံနွေးနွေးဖြစ်၍ ကျန်ရစ်ခဲ့၏။ နောင်တော်ဗုဒ္ဓ ကပိလဝတ်သို့ ကြွလာမည်ဟူသော သတင်းကို ကာဠုဒါယီမထေရ်ထံမှ ရပြီးသည့်အချိန်ကစ၍ ဗုဒ္ဓနှင့်သံဃာများအား ခရီးဦးကြိုပြုရေး၊ နိဂြောဓာရုံကျောင်းတွင် သီတင်းသုံးနေစေရေးနှင့် ဆွမ်းဆက်ကပ် လှူဒါန်းရေးတို့အတွက် အာနန္ဒသည်ပင် အစစအရာရာ ကြီးကြပ်ခဲ့ရသည်။ နောင်တော်ဗုဒ္ဓ ကပိလဝတ်တွင် သီတင်းသုံးနေစဉ်ကာလအတွင်း ထူးခြားသော ဖြစ်ရပ်များ အသီးသီးပေါ်ပေါက်ခဲ့ရာမှာလည်း အာနန္ဒသည် ပွဲသဘင်ကြည့် ပရိသတ် တစ်ဦးအဖြစ်မျှသာ ဘေးမှ မြင်ခွင့်ကြားခွင့် ရခဲ့လေသည်။

နောင်တော်ဗုဒ္ဓထံပါး အာနန္ဒသည် နီးနီးစပ်စပ် ချဉ်းကပ်ခွင့်မရခဲ့။ ဩဝါဒဒေသနာ အထူးကို သီးခြားခံယူခွင့် မရခဲ့။ နန်းတော်အတွင်း အစစအရာရာ မလစ်ဟင်းစေရအောင် တာဝန်ယူလျက်သာ အချိန်များ ကုန်ခဲ့ရသည်။ စင်စစ်မူ ဤသို့ အောက်ခြေသိမ်းမှစ၍ အစစကြီးကြပ်ကွက်ကဲနေရသည်ကိုပင် အာနန္ဒလည်း ကြည်နူးခဲ့ရ၏။

နောင်တော်ဗုဒ္ဓ ကပိလဝတ်တွင်ရှိနေစဉ် ကာလအတွင်း သကျရာဇာ ဆွေတော်မျိုးတော်တို့ဘက်မှ လိုအပ်မှု ချွတ်ယွင်းမှု မဖြစ်စေရအောင် နောင်တော်နှင့်တကွသော ရဟန်းသံဃာတို့အတွက် ဆွမ်းအမှုကိစ္စ အဝဝတို့ မလစ်ဟင်းစေရအောင် အာနန္ဒ အချိန်ပြည့် အားထုတ်ခဲ့ရသည်။

ဘိုးတော်မင်းတရားကြီး၊ အရီးတော်ဂေါတမီ၊ ဒေဝီယသော်ဓရာနှင့် တကွသော သကျရာဇာတစ်ဖွဲ့လုံးကလည်း အာနန္ဒကိုသာ အလုံးစုံ ယုံယုံကြည်ကြည်ဖြင့် တာဝန်ပေးခဲ့ကြသည်ဖြစ်၏။ ထို့ကြောင့် နောင်တော်ဗုဒ္ဓထံပါးသို့ နီးစပ် ချည်းကပ်ခွင့် မရခဲ့။

သို့သော် နောင်တော်ဗုဒ္ဓနှင့်အနီးဆုံးနေရာသို့ တစ်နေ့နေ့တွင် မိမိချဉ်းကပ်တိုးဝင်ခွင့်ရလိမ့်မည်ဟူ၍ အာနန္ဒမျှော်လင့်ယုံကြည်နေမိလေသည်။

ဘာကြောင့် ဤသို့ စိတ်ထဲ ထင်မြင်နေသည်ကိုလည်း အာနန္ဒ မိမိ ဘာသာ မိမိပင် မရှင်းတတ်။

ဤမျှော်လင့်ယုံကြည်ချက်သည် ပန်းကလေးတစ်ပွင့်၏ဖြစ်စဉ်ပမာ အဖူး၊ အငုံဘဝမှသည် ပွင့်အာလာလိမ့်မည်ဟု ထင်၏။ပန်းဖူးပန်းငုံကလေး တစ်ခု လှပစွာ ပွင့်အာလာဖို့ အဘယ်အရာများ လိုအပ်သနည်း။ ပန်းပွင့်၏ ဗီဇ၊ မြေဓာတ်နှင့် မျှတသော ရေတို့ကတော့ ရှိပြီးဖြစ်လေမည်။ လိုအပ်နေ သည်ကား နွေးထွေးသော နေရောင်ခြည်။

'နောင်တော်ဗုဒ္ဓဘုရား.... နောင်တော်ဟာ ကမ္ဘာလောကကြီးရဲ့ နေမင်းကြီး ဖြစ်ပါတယ်။ အလင်းရောင်နဲ့တကွသော အပူဓာတ်ကို ပေးစွမ်း တဲ့ နေမင်းကြီးပါ။ သတ္တဝါများရဲ့ မည်းမှောင် အေးစက်နေတဲ့ စွတ်စို ထိုင်းမှိုင်းမှုများကို နေမင်းကြီးက အလင်းဓာတ်၊ အပူဓာတ်များနဲ့ ဖြိုခွင်းပစ် နေတာ ဖြစ်ပါတယ်။ အဲဒီနေမင်းကြီးရဲ့ အလင်းရောင်ကို အာနန္ဒ တစ်ယောက် ဘယ်တော့များမှ လွှတ်လွှတ်ကျွတ်ကျွတ်ကြီး ခံယူ သုံးချိုးခွင့် ရမှာလဲ'

အာနန္ဒသည် ကပိလဝတ်နန်းဆောင် ပြတင်းတွင်ရပ်ရင်း နံနက် အရုဏ် ထွက်ပြူစ နေလုံးကြီးကိုကြည့်ရင်း တစ်ကိုယ်တည်း ရေရွတ်မိလေ သည်။

# အခန်း ၂၅

သကျမဟာရာဇာ သုဒ္ဓေါဒနမင်းတရားက သကျမင်းအားလုံးတို့အား အစည်းအဝေးသဘင် ခေါ်ကြောင်း ကြေညာချက်ထွက်ပေါ်လာ၏။ ဘိုးတော်မင်းတရားကြီးအနေဖြင့် သကျရာဇာအဖွဲ့မှ အနားယူခဲ့ပြီးနောက်တွင် ဤသို့ သော ညီလာခံမျိုးကို ခေါ်ယူခဲ့ဖူးခြင်း မရှိဖူးသဖြင့် တစ်စုံတစ်ခု ထူးခြားပြီဟု အားလုံးနားလည်လိုက်ကြသည်။

အားလုံးကပင် တညီတညွတ်တည်း ခန့်မှန်းကြသောအချက်မှာ သုဒ္ဓေါဒနမဟာရာဇာသည် ကပိလဝတ်ထီးမွေနန်းမွေအတွက် စည်းဝေးတိုင်ပင်ကာ ဆုံးဖြတ်ချက်တစ်ခု ချလိမ့်မည်ဟူသော အချက်ပင်ဖြစ်၏။ နန္ဒမင်းသားလည်း ရဟန်းပြုသွားပြီ၊ ရာဟုလလည်း သာမဏေဖြစ်သွားပြီ။ သိဒ္ဓတ္ထအရှင်၏ အရိုက်အရာကို ခံယူမည့်သူ မရှိဖြစ်နေသည်။

ဤအချိန်တွင် သကျရာဇာအဖွဲ့၏အလှည့်ကျဘုရင် ဖြစ်နေသော ဘဒ္ဒိယမင်းသားက အစည်းအဝေးကြီးသို့ သကျမင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်လေသည်။

အစည်းအဝေးသဘင်ကြီး စတင်လေပြီ။

ဘိုးတော်မင်းတရားကြီးသည် အစည်းအဝေးခေါ်ယူသူအဖြစ် ဤသဘင်ကြီး၏ အဓိပတိဖြစ်လေသည်။အာနန္ဒအဖို့မူ သကျရာဇာအလှည့်ကျမင်းအဖြစ် မိမိကို ရွေးချယ်သည်ဖြစ်စေ၊ ကပိလဝတ် အရိုက်အရာ ဆက်ခံသူအဖြစ် မိမိကိုရွေးသည်ဖြစ်စေ စိတ်ပါလက်ပါမရှိလှကြောင်း ကိုယ့်ကိုယ်ကို နားလည်နေမိ၏။ ထီးရေး၊ နန်းရေး၊ မင်းရေးများကို အာနန္ဒ စိတ်ဝမ်းပါးလျားစပြုပေပြီ။

"သကျမင်းတို့.... အခုအချိန်မှာ ငါ့သားတော်ဗုဒ္ဓဟာ ကပိလဝတ်က ပြန်ကြွသွားခဲ့ပြီး ခရီးအကြား မလ္လာတိုင်း၊ အနုပိယ သရက်ဥယျာဉ်တော်မှာ သီတင်းသုံးနေတယ်လို့ သိရတယ်"

မင်းတရားကြီး၏အဖွင့်စကားမှာ ထီးနန်းရေးနှင့်မစပ်ဘဲ ဗုဒ္ဓအကြောင်း ဖြစ်နေသဖြင့် အားလုံး အံ့သြသွားကြ၏။ အာနန္ဒသည် မင်းတရားကြီး၏ မျက်နှာသွင်ပြင်ကို အံ့သြတကြီးကြည့်နေမိသည်။ မင်းတရားကြီး၏ အိုမင်းရင့်ရော်သောအသွင်၌ ယခင်လို သောကဗျာပါဒ အငွေ့များမရှိတော့ကြောင်း တွေ့ရ၏။ နောင်တော်ဗုဒ္ဓ ပြန်ကြွသွားပြီးနောက်တွင် မင်းတရားကြီးသည် ပို၍လေးနက်ကြည်လင်နေသည်။

"သကျမင်းတို့ ငါ့သားတော်ဟာ ဗုဒ္ဓဖြစ်တော်မူခဲ့ပြီ။ ငါ့သားတော်ဟာ သကျသာကီယမျိုးနွယ်ကနေ ဘုရားဖြစ်ခဲ့သူ ဖြစ်တယ်။ ယခုအခါ ဗုဒ္ဓထံပါးမှာရှိနေကြတဲ့ ရာပေါင်းများစွာသော ရဟန်းတို့မှာ အခြားတိုင်းနိုင်ငံများမှ အမျိုးဇာတ်စုံမှ ရောက်ရှိကာ ရဟန်းပြုလာကြသူများ ဖြစ်တယ်။ ဒါကို သင်တို့ အားလုံးအသိပဲ"

ဘဒ္ဒိယမင်းသားက အာနန္ဒကို လှမ်းကြည့်လိုက်သည်။သူ့အနီးမှ အနုရုဒ္ဓါမင်းသားလေးမှာမူ စိတ်ရှုပ်နေသောမျက်နှာဖြင့် မင်းတရားကြီးစကားကို နားစွင့်နေ၏။

"သကျမင်းတို့၊ သကျမျိုးနွယ်မှ ဗုဒ္ဓဖြစ်လာသူ ငါ့သားတော်အနီးမှာ သကျမင်းများသာလျှင် အခြံအရံရှိသင့်တယ်လို့ ငါယူဆတယ်။ ဒါကြောင့် တစ်အိမ်ထောင်လျှင် တစ်ယောက် တစ်ယောက်ကျစီ ငါအလိုရှိပါတယ်။ ခုအချိန်မှာ သင်တို့ရဲ့ သကျမျိုးနွယ်၊ သင်တို့ရဲ့ သုဒ္ဓေါဒန၊ သင်တို့ရဲ့ဗုဒ္ဓ အတွက် ဂုဏ်ကျေးဇူးတုံ့ပြန်ဖို့ ဒီနည်းလမ်းဟာ အကောင်းဆုံးဖြစ်ပါတယ်"

သကျမင်းများချည်း တက်ရောက်သော ညီလာခံသည် တိတ်ဆိတ်သွားသည်။ မင်းတရားကြီးက စကားအကုန် မပြောတတ်သော်လည်း ဤစကားအသွားအလာ ရည်ရွယ်ချက်ကို အားလုံးသဘောပေါက်ကြ၏။ တစ်အိမ်ထောင်လျှင် တစ်ယောက်ကျစီ အလိုရှိသည်ဟူသည်ကား ဗုဒ္ဓထံတွင် ရဟန်းပြုဖို့ တောင်းဆိုလိုက်သော စကားပင်ဖြစ်လေသည်။

ကိမိလမင်းသားနှင့် ဘဂုမင်းသားတို့ ခေါင်းချင်းဆိုင်နေကြသည်ကို အာနန္ဒမြင်လိုက်သည်။ အလှည့်ကျ သကျရာဇ ဘဒ္ဒိယကမူ အာနန္ဒကို အဓိပ္ပာယ်ရှိစွာ လှည့်ကြည့်နေပြန်၏။

ထိုအချိန်မှာပင် ညီလာခံသဘင်၏ နောက်ဆုံးဘက် တစ်နေရာဆီမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ကျွန်ုပ်တို့အစုက သကျမင်း ငါးဆယ် စာရင်းပေးပါတယ်"

ထိုအသံပေါ်လာရာဆီသို့ အားလုံးလှည့်ကြည့်လိုက်ကြချိန်မှာပင် အခြားတစ်နေရာမှ နောက်တစ်သံပေါ်လာပြန်၏။

"ကျွန်ုပ်တို့အစုက တစ်ရာ"

နောက်တစ်နေရာမှ နောက်ထပ်တစ်သံ ပေါ်လာပြန်၏။

"ကျွန်ုပ်တို့ နှစ်ရာ"

"ကျွန်ုပ်တို့အစုက နှစ်ရာ့ငါးဆယ်"

"ကျွန်ုပ်တို့အစုက တစ်ရာ့ငါးဆယ်"

သကျမင်းအများစုမှာ ယခင်ကတည်းကပင် အုပ်ချုပ်ရေး၊တရား

စီရင်ရေး စသောလုပ်ငန်းများ၊ အမဲလိုက်ခြင်း၊ ပွဲသဘင်ခံခြင်း စသော လှုပ်ရှားမှုများဖြင့် အစုလိုက်အစုလိုက် ရှိကြပြီးသားဖြစ်၏။ အလည့်ကျ ခေါင်းဆောင်များဖြင့် အမြဲမပြတ် ထိတွေ့ဆက်ဆံနေကျ ဖြစ်သဖြင့် တစ်စုံ တစ်ခု အရေးအရာပေါ်တိုင်း အလျင်မြန်ဆုံး ဆုံးဖြတ်ရန် နေသားကျနေကြ ပြီးသားလည်းဖြစ်၏။ ထို့ကြောင့် စာရင်းပေးသွင်းကြသော အသံများသည် တစ်ခုပြီးတစ်ခု ထွက်ပေါ်လာလေသည်။ ညီလာခံသဘင်မှာပင် ဦးရေ တစ်ထောင်ရှိသော သကျမင်းညီမင်းသားတို့ စာရင်းပေးသွင်းပြီးသား ဖြစ် သွား၏။ ထိုသူတို့သည် ဗုဒ္ဓရှိနေသည့် အနုပိယသရက်ဥယျာဉ်သို့ သွား ရောက်ကြမည်ဖြစ်သည်။ ထိုသူတို့သည် ရဟန်းပြုကြမည် ဖြစ်သည်။

သုဒ္ဓေါဒနမင်းတရားကြီးကား ပီတိလျှံသောအပြုံးဖြင့် ခေါင်း တဆတ်ဆတ် ညိတ်နေတော့သည်။ မိုးစက်မိုးပေါက်များအောက်ဝယ် အပြိုင်းအရိုင်းထွက်စို့လာကြသော မှိုပွင့်များနှယ် သကျမင်းတို့ သူ့ထက်ငါ စာရင်းပေးနေကြချိန်၌....

ဘဒ္ဒိယမင်းသားသည် အာနန္ဒကို စူးစူးလှမ်းကြည့်နေဆဲ။ အနုရုဒ္ဓါ လည်း ဟိုကြည့်သည်ကြည့် ရှိနေဆဲ။ ဘဂုနှင့် ကိမိလတို့လည်း ခေါင်းချင်း ဆိုင်နေကြဆဲ။ အာနန္ဒသည်လည်း အမျိုးအမည်မသိတတ်နိုင်သော ဝေဒနာ များဖြင့် ရင်မှာလှိုင်းထလျက် တိတ်ဆိတ်နေလေသည်။

* * *

သကျမင်းသားတစ်ထောင်တို့ အနုပိယဥယျာဉ်သို့ ထွက်ခွာသွားကြပြီး နောက်တစ်နေ့တွင် အနုရုဒ္ဓါသည် အာနန္ဒ၏နန်းဆောင်သို့ ရောက်လာ၏။ တစ်သက်တာလုံးလုံး စည်းစိမ်ကြီးစွာ ခံစားစံစားနေခဲ့ရသော အနုရုဒ္ဓါ၏ မျက်နှာသည် သွေးရောင်တက်၍ နီမြန်းနေလေသည်။

"အနုရုဒ္ဓါပါလား၊ ဘာများ အကြောင်းကြီးငယ် ရှိလာသလဲ"

သကျရာဇာများ၏ ကိစ္စကြီးငယ်တို့ကို တာဝန်ယူ ဖြေရှင်းပေးရသော အာနန္ဒက ခရီးဦးကြိုပြုသည်။ အာနန္ဒအနေဖြင့် အနုရုဒ္ဓါမင်းသားသည် အခါတိုင်းလိုပင် သူ၏နန်းဆောင် စံအိမ်တော်ဆိုင်ရာ ကိစ္စတစ်ခုနှင့် ပတ်သက်ပြီး တိုင်ပင်ဖို့ လာရောက်သည်ဟုပင် ထင်ထားသည်။ သို့သော် အနုရုဒ္ဓါ၏ မျက်နှာမှာ တစ်ခုခုထူးခြားနေသည်ကို သတိထားလိုက်မိ၏။

"နောင်တော်အာနန္ဒ.... ကျွန်တော် အခုပဲ နောင်တော်ကြီး မဟာနာမ်နဲ့ စကားဆွေးနွေးလာခဲ့တယ်"

အနုရုဒ္ဓါသည် နိဒါန်းမသွယ်ဘဲ သူပြောချင်သည်ကိုသာ တိုက်ရိုက်ပြော၏။ အနုရုဒ္ဓါအကြောင်း သိပြီးဖြစ်သော အာနန္ဒသည် ပြုံးနေလိုက် သည်။ အနုရုဒ္ဓါကား သကျမင်းမျိုးမင်းနွယ်များအနက်တွင် အမိအဖ အကြီးအကဲများ၏ အလိုလိုက်အခံရဆုံး၊ ဖူးဖူးမှုတ် အခံရဆုံး ဖြစ်သည့်အပြင် ကောင်းပေ့ညွှန်ပေ့ဆိုသော စည်းစိမ်ကိုသာ တစ်သက်လုံးလုံး ခံစားစံစားခဲ့ရသဖြင့် သူ့ဆန္ဒကိုသာ အမြဲတမ်းရှေ့တန်းတင်ချင်သည့် တဇွတ်ထိုး ဉာဏ်ရှိသူ ဖြစ်လေသည်။

"အင်း.... ပြောပါဦး၊ မဟာနာမ်က ဘာပြောသလဲ"

"အို.... သူပြောတာတွေကတော့ အများကြီးပါပဲ။ နောက်မှ ပြောပြမယ်။ အခု ကျွန်တော်ပြောချင်တာကတော့ နောင်တော်ကြီးဗုဒ္ဓ ဘယ်မှာရှိနေသလဲ၊ အနုပိယ ဥယျာဉ်မှာပဲလား"

"ဘာဖြစ်လို့လဲ အနုရုဒ္ဓါ"

"ကျွန်တော် ဗုဒ္ဓထံမှာ ရဟန်းပြုမလို့"

အာနန္ဒ အံ့အားသင့်သွား၏။

အနုရုဒ္ဓါလို စည်းစိမ်ကြီးလှသော မင်းသားငယ် တစ်ယောက်ထံမှ ဤစကားကို ကြားလိုက်ရသည်မှာ မိမိနားကိုပင် မိမိ မယုံဖြစ်သွားသည်။ နောင်တော်ကြီး မဟာနာမ်က သူ့ကို ဘာတွေပြောလိုက်သနည်း။

"နောင်တော် အာနန္ဒ၊ ဗုဒ္ဓ ဘယ်မှာရှိနေသလဲ"

အနုရုဒ္ဓါ၏အမူအရာနှင့် အသံမှာ ညို့တွင် တပ်ငင်ထားသည့် လေး ကိုင်းပေါ်မှ ရှန်းထွက်တော့မည့် မြားတစ်စင်းလို ဖြစ်နေ၏။

"နေပါဦး အနုရုဒ္ဓါ၊ သင် ဘာကြောင့်.... "

"နောင်တော်အာနန္ဒ၊လူမှုရေးအလုပ်တွေဆိုတာ ဘယ်သောအခါမှ ကုန်ဖွယ်ရာမရှိဘူး။ အဆုံး မထင်ဘူး။ ကျွန်တော် ရဟန်းပြုတော့မယ်။ ဒါပါပဲ"

"မယ်တော်ကြီးက ခွင့်ပြုပါရဲ့လား၊ အနုရုဒ္ဓါ"

အနုရုဒ္ဓါ ပိုင်နိုင်စွာပြုံး၏။

"ဘယ်တော့မှ ခွင့်မပြုနိုင်ဘူးလို့ မယ်မယ်က ပြောတာပေါ့ နောင်တော်၊ ဒါပေမယ့် ကျွန်တော့်ဆန္ဒကို နောက်ဆုံးတော့ သူ လိုက်လျောခဲ့ရပါတယ်။ ခြွင်းချက်နဲ့ လိုက်လျောခြင်းပေါ့လေ"

"ဘယ်လို ခြွင်းချက်လဲ"

"နောင်တော် ဘဒ္ဒိယမင်းပါ အတူတကွလိုက်ပါ ရဟန်းပြုရင် သားလဲ ပြုပါတဲ့"

သကျရာဇာအဖွဲ့၏ အလှည့်ကျဘုရင်ဖြစ်နေသော ဘဒ္ဒိယမင်းသား အနေနှင့် မည်သို့မျှ ရဟန်းပြုနိုင်မည်မဟုတ်ဟု အာနန္ဒ သဘောပေါက် လိုက်၏။

"ဒီတော့...."

"နောင်တော်ဘဒ္ဒိယနဲ့လည်း ကျွန်တော်ဆွေးနွေးခဲ့ပြီးပါပြီ။အကြိတ် အနယ် စကားပြောခဲ့ရတာပေါ့လေ။ နောက်ဆုံးတော့ ဒီနေ့ကစပြီး ခုနစ်ရက် ကြာရင် ရဟန်းပြုပါမယ်လို့ သူ ဝန်ခံကတိပြုခဲ့တယ်။ ဒီ ခုနစ်ရက်အတွင်း မှာ နောင်တော်ဘဒ္ဒိယဟာ ကပိလဝတ်ရဲ့ သကျရာဇာအရေးတွေကို လွှဲပြောင်းအပ်နှံဖို့ စီမံလိမ့်မယ်လေ။ ပြီးရင်...."

အာနန္ဒသည် ငိုင်ကျသွား၏။ နုနယ်ပျို့မျစ်မှုများဖြင့် စည်းစိမ် အယစ်ကြီးယစ်လှသော မင်းသားငယ်ကို တစ်ခါမှ မမြင်ဖူးသည့်ပမာ ငေးစိုက်ကြည့်နေမိသည်။

"နေပါဦး အနုရုဒ္ဓါ၊ တစ်ခုမေးပါရစေဦး။ အနုပိယ သရက်ဥယျာဉ် ဆီထွက်သွားကြတဲ့ သကျမင်းတစ်ထောင်တို့ကြောင့် သင် မခံချင်စိတ်နဲ့ ရဟန်းပြုမယ် ဆုံးဖြတ်တာလား"

အနုရုဒ္ဓါမျက်နှာမှာ ရဲခနဲဖြစ်သွား၏။

သက်တော် ကိုးဆယ်အရွယ်ရှိပြီဖြစ်သော သုဒ္ဓေါဒနမဟာရာဇာ၏ ညီလာခံဝယ် စာရင်းပေးသွင်းကြသော သကျမင်းတစ်ထောင်တို့သည် ရဟန်းပြုရန် နောင်တော်ဗုဒ္ဓထံ ထွက်ခွာခဲ့ကြ၏။ ထိုဖြစ်ရပ်နောက်ပိုင်းတွင် ကပိလဝတ်နန်းတော်၌ အုတ်အုတ်ကျက်ကျက် အသံတစ်သံ ထွက်ပေါ်ခဲ့လေသည်။

ထိုအသံကား "မင်းတရားကြီးဆန္ဒအရရော မိမိတို့ကိုယ်တိုင်ရဲ့ သဒ္ဓါတရားအရရော အခုအခါ ကပိလဝတ်က သကျနွယ် ရာဇာမင်း တစ်ထောင်တို့ဟာ ရဟန်းပြုသွားကြပြီ။ ဗုဒ္ဓနဲ့ သွေးနီးလှပါတယ်ဆိုတဲ့ ရာဇခြောက်ပါးကတော့ ဘာသိဘာသာ ပါပဲလား။ မသိချင်ဟန် ဆောင်နေကြသလား"ဟူသော အသံပင်ဖြစ်၏။ ရာဇခြောက်ပါးဆိုသည်ကား ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒ၊ ဘာဂု၊ ကိမိလနှင့် ဒေဝဒတ္တတို့ပင် ဖြစ်လေသည်။

အနုရုဒ္ဓါသည် ချက်ချင်းပင် ဣန္ဒြေကို ဖြစ်စေလျက်

"နန်းတော်ထဲက ဒီဂယက်ကြောင့်တော့ မဟုတ်ဘူး နောင်တော် အာနန္ဒ။ ဒါပေမယ့် သကျနွယ် မင်းတစ်ထောင် ရဟန်းပြုသွားကြတဲ့ အဖြစ်ဟာ သွယ်ဝိုက်သောနည်းနဲ့တော့ ပတ်သက်နေကြပါတယ်။ ဒီသတင်းကြောင့်ပဲ နောင်တော်ကြီးမဟာနာမ်က ကျွန်တော့်ကို ရဟန်းပြုဖို့ တိုက်တွန်းစကားပြောခဲ့တာပဲ။ ဒါပေမယ့် ကြီးမားတဲ့ ပြောင်းလဲမှု တစ်ခုခု ဖြစ်ပေါ်လာ

ရာမှာ ဗဟိဒ္ဓအခြေအနေဆိုတာ သာမန်မျှသာဖြစ်ပြီး ကာယကံရှင်ရဲ့အဇ္ဈတ္တသာလျှင် အဓိကအကြောင်းတရား ဖြစ်ပါတယ်။ လောကီလူမှုကိစ္စတွေရဲ့ အဆုံးမထင်မှုနဲ့ မပြည့်စုံမှုကို ကျွန်တော် တကယ်ပဲ သဘောပေါက်ပြီး ရဟန်းပြုဖို့ ဆုံးဖြတ်လိုက်တာပါ။ နောင်တော်ဗုဒ္ဓထံကို ကျွန်တော် လိုက်သွားတော့မယ်။ဒီနေ့ကစပြီး ခုနစ်ရက်မြောက်နေ့ နောင်တော်ဘဒ္ဒိယရဲ့ ထီးရေး၊နန်းရေး လွှဲပြောင်းမှုတွေ ပြီးစီးတဲ့နေ့မှာ ကျွန်တော်တို့ ထွက်တော့မယ်”

“နောင်တော် ဗုဒ္ဓဟာ အနုပိယ သရက်ဥယျာဉ်မှာပဲ သီတင်းသုံးနေတယ် အနုရုဒ္ဓါ၊ မလ္လာတိုင်းထဲမှာ”

မိမိ၏အသံသည် ရင်ခေါင်းထဲမှတစ်ဆင့် ခြောက်ကပ်ကွဲအက်သော လည်ချောင်းကို ဖြတ်သန်းထွက်ပေါ်သွားကြောင်း အာနန္ဒ သတိထားမိနေ၏။

*　　　　*　　　　*

“ဥဒါယီတစ်ယောက်သာ အခုနေ လူဝတ်ကြောင်ဘဝနှင့် ရှိနေသေးရင် ဘယ်လိုများပြောမလဲ မသိဘူးနော် နောင်တော်အာနန္ဒ”

ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်အင်္ဂါလေးပါးအပြည့် ခင်းကျင်းဆင်ယင်အပ်သည့် စစ်တပ်ကြီးကို တစ်မျှော်တစ်ခေါ် ကြည့်ရင်း အနုရုဒ္ဓါ ဆိုသည်။ အာနန္ဒ ဘာမှ ပြန်မပြောမိ။သို့သော် ယခုအခါ ကာဠုဒါယီမထေရ်အဖြစ် ရောက်ရှိသွားပြီဖြစ်သော သူသာ လူဝတ်ကြောင်အဖြစ် ရှိနေသေးလျှင် ဤအခင်းအကျင်းကြီးကို ကြည့်၍ ပြောမည်မှချ။ ဥဒါယီ နှုတ်ရေးကြွယ်ကြွယ်ဖြင့် မည်မျှပြောလိုက်မည်ကို မခန့်မှန်းတတ်သော် လည်း အာနန္ဒ တစ်ခုတော့ အတတ်ပြောရဲ၏။ ဥဒါယီပြောမည့် စကား၊

“သိဒ္ဓတ္ထအရှင် ထွက်ခွာသွားတုန်းကများ ဘယ်သူမှ မသိလိုက်ရဘူး။ ကပိလဝတ်နန်းတော် တစ်ခုလုံး အမှောင်ထဲမှာ သိပ်ထားပစ်ခဲ့တာ။

အရှင်တို့ မင်းသားခြောက်ပါး ရဟန်းပြုမလို့ ထွက်ခွာကြတဲ့ ထွက်တော်မူ အခမ်းအနားကတော့ အုန်းအုန်းကျွက်ကျွက်ပါပဲလား။ အကြောင်းများကို မသိရင် ဘယ်တိုင်းနိုင်ငံကို စစ်ချီတက်တိုက်ခိုက်ကြမလဲလို့ မေးစရာ။ ကြည့်ပါဦး စစ်အင်္ဂါလေးပါး အစုံအလင်နဲ့ စစ်ထွက်ကြတာလား၊ တောကစား ဥယျာဉ်ကစား ထွက်ကြတာလား”

အာနန္ဒသည် ရှေ့ဆုံးရထားပေါ်မှ ဘဒ္ဒိယမင်းကို လှမ်းကြည့်လိုက်၏။ ကပိလဝတ်သကျရာဇာအဖွဲ့၏ အလှည့်ကျဘုရင်အဖြစ် မနေ့ကအထိ တာဝန်ယူခဲ့သူသည် ယခုအခါ မလ္လာတိုင်း၊အနုပိယဥယျာဉ်သို့ ရဟန်းပြုရန် ထွက်ခွာမည့်သူ ဖြစ်နေသည်။ ဘဒ္ဒိယ၏ ဝဲယာ တစ်ဖက်တစ်ချက် ရထားပေါ်တွင် ဘဂုနှင့် ကိမိလတို့ ရှိနေကြသည်။ သူတို့နှင့် မလှမ်းမကမ်းတွင်ကား ဒေဝီယသော်ဓရာ၏ အစ်ကိုတော် ဒေဝဒတ္တမင်းသား။

ဒေဝဒတ္တက ခရမ်းရောင်ဝတ်ရုံကြီးအတွင်းမှ လက်ကိုထုတ်၍ အာနန္ဒကို ဝှေ့ယမ်းပြနေ၏။ ဒေဝဒတ္တလို တက်ကြွထက်မြက်သောသူက ရဟန်းပြုရန် ဆုံးဖြတ်လိုက်ပါခြင်းအတွက် အာနန္ဒ ဝမ်းသာမိသည်မှာ အမှန်ပင် ဖြစ်လေသည်။

အာနန္ဒသည် ရထားပေါ်တက်လိုက်ပြီးနောက် ရထားမောင်းသူဘေးတွင် မတ်တပ်ရပ်ကာ မြားကာလက်ရန်းကို ဆုပ်ကိုင်လိုက်၏။ အင်္ဂါလေးပါး စစ်တပ်ကြီးကိုကြည့်ရင်း အနုရုဒ္ဓါကို လှမ်းပြောလိုက်သည်။

“အနုရုဒ္ဓါ၊ ဥပါလိကို မင့်ရထားပေါ်မှာပဲ တင်ခေါ်ခဲ့ပါ”

ဥပါလိမှာ သကျမင်းများ၏ လက်စွဲ ဆတ္တာသည်ဖြစ်၏။ ဆံ၊ မုတ် ဆိတ်ကျင်စွယ်များ သုတ်သင်သန့်ရှင်းပေးရာ၌ ကျွမ်းကျင်လိမ္မာလှပြီး သကျမင်းသားများနှင့် ရင်းနှီးနေသူလည်းဖြစ်၏။ ဒေဝဒတ္တမင်းသား ကပိလဝတ်သို့လာတိုင်း ဥပါလိကိုသာလက်စွဲထား၍ ဥပါလိနှင့်တွေ့ရမှ အမော အပန်းမှန်သမျှ ပြေသည်ဟု တဖွဖွပြောတတ်ပေသည်။ ယခုလို ခရီးရှည်

ထွက်တော့မည့်အခါ၌လည်း ဥပါလိကိုသာလျှင် လူယုံလက်စွဲအဖြစ် ခေါ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

အာနန္ဒသည် ရထားဦးဆီမှနေ၍ ကပိလဝတ်နန်းတော်ကြီးဘက်သို့ လှည့်ပြန် မျှော်ကြည့်လိုက်၏။

"နေရစ်ခဲ့ပေတော့...."

နှုတ်ဆက်စကားကို ရင်တွင်းမှသာ ရေရွတ်မိသည်။ ဤနှုတ်ဆက်စကားသည် မည်မျှအတိုင်းအတာအထိ ကျယ်ပြန့်သည်ကို ကိုယ်တိုင်မခန့်မှန်းတတ်အောင်လည်း ရှိနေ၏။ ကပိလဝတ် နန်းတော်ကြီးကိုလား၊ ကပိလဝတ် တိုင်းနိုင်ငံ တစ်ဝန်းလုံးကိုလား၊ မိမိ တစ်သက်တာလုံး စံမြန်းခဲ့သော စံအိမ်နန်းဆောင်ကိုလား၊ ဘိုးတော်မင်းတရားကြီးကိုလား၊ မိမိ၏ လက်အောက်ခံ အမှုထမ်း ကျေးကျွန်များကိုလား၊ သကျရာဇာအဖွဲ့ကိုလား....။

အားလုံးပင် ဖြစ်ပေလိမ့်မည်။ ထိုအရာများအားလုံးထက် ပိုသော တစ်စုံတစ်ခုလည်း ဖြစ်ပေလိမ့်မည်။ ထင်ရှားတွေ့မြင်နေရသော ကပိလဝတ် အပြင် စိတ်အာရုံ၌သာလျှင် စွဲမြဲထင်ကျန်ရစ်သော အတိတ်ကာလဘဝများလည်း ဖြစ်နိုင်ပေသည်။

အနီးဆုံးကာလဖြစ်သော လွန်ခဲ့သည့်ခုနစ်ရက်ကိုလည်း သတိတရရှိနေသည်။ အနုရုဒ္ဓါသည် ထိုခုနစ်ရက်ကာလအစီအစဉ်ကို ခေါင်းဆောင်ခဲ့သည်။

"နောင်တော်ကြီးတို့ ကျွန်တော်တို့ဟာ နောက်ခုနစ်ရက်ဆိုရင် နောင်တော်ဗုဒ္ဓထံသွားပြီး ရဟန်းပြုကြတော့မှာဖြစ်တယ်။ရဟန်းဘဝဆိုတာ လူမှုကိစ္စအဝဝကို အပြီးတိုင်စွန့်လွှတ်တဲ့ ဘဝဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ လူဝတ်ကြောင်ဘဝ နောက်ဆုံးနေ့များကို အားပါးတရ နှုတ်ဆက်ကြရအောင်လား"

ဘဂုနှင့် ကိမိလတို့က အနုရုဒ္ဓါ၏စကားကို အားတက်သရော

ထောက်ခံကြ၏။ ဘဒ္ဒိယမှာမူ သကျရာဇာအဖွဲ့၏ အလှည့်ကျဘုရင်အဖြစ် အုပ်ချုပ်စီမံရေးတာဝန်များကို လွှဲအပ်ရဦးမည်ဖြစ်သဖြင့် မယုတ်မလွန်သာ ထောက်ခံသည်။ ဒေဝဒတ္တက သူမွေးမြူထားသော မြွေများအား စွန့်ခွာထားခဲ့ရမည်ဖြစ်၍ နှုတ်ဆက်ပွဲအနေဖြင့် အလမ္ပာယ်ပွဲကို အကြီးအကျယ် ခင်းကျင်းပြသမည်ဟု ဆိုသည်။

အနုရုဒ္ဓါ အဆိုတင်သွင်းသည့် လူဝတ်ကြောင်ဘဝ နောက်ဆုံးနေ့များကို အားပါးတရနှုတ်ဆက်သည့်ပွဲမှာ အမျိုးအမည် စုံလင်လှ၏။ တောကစားလည်း ထွက်ကြသည်။ အတီးအမှုတ် အကအခုန်သဘင်လည်း ပွဲခံကြသည်။ထူးကဲစုံလင်သော ညစာစားပွဲသဘင်များလည်း ကျင်းပကြသည်။ လက်ရုံးရည် အစွမ်းပြပွဲများလည်း ကျင်းပကြသည်။

ထိုခုနစ်ရက်လုံးလုံး တခြိမ့်ခြိမ့်ကျင်းပကြသော သဘင်ပွဲမျိုးစုံတွင် အနုရုဒ္ဓါ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ္တတို့သည် မီးကုန်ယမ်းကုန် ဆင်နွှဲခဲ့ကြ၏။ ထီးနန်းအရေးများဖြင့် မအားမလပ်ရှိနေသော ဘဒ္ဒိယသည် အချိန်ပြည့် ပါဝင်ဆင်နွှဲခဲ့ခြင်း မရှိ။ ဘဒ္ဒိယလောက် အုပ်ချုပ်ရေးတာဝန် မကြီးလေးသဖြင့် အားလပ်ချိန်များရနေသည့် အာနန္ဒ အဖို့ရာမူ အနုရုဒ္ဓါတို့၏ သဘင်များကို ဆင်နွှဲဖို့ အချိန်ရခဲ့လေသည်။ သို့သော် အာနန္ဒသည် ထိုသဘင်ပွဲများကိုမည်ကာမတ္တသာ တက်ရောက်ခဲ့ပြီး ပန်းခြံဥယျာဉ်ဆီ ရှောင်ထွက်သွားကာ တစ်ကိုယ်တည်းနေရင်း အချိန်ကုန်လွန်စေခဲ့လေသည်။

အာနန္ဒ၏စိတ်အတွေးတို့သည် ကပိလဝတ်နန်းတော်၌ ရှိမနေကြတော့ဘဲ နောင်တော်ဗုဒ္ဓ စံမြန်းနေသည့် အနုပိယဥယျာဉ်ဆီသို့သာ ရောက်ရှိနေခဲ့၏။ အာနန္ဒ၏စိတ်သည် ထိုစဉ်ကတည်းကပင် နောင်တော်ဗုဒ္ဓထံ ရောက်ရှိနှင့်ပြီး ဖြစ်လေသည်။

ရထားဘီးများ စတင်ရွေ့လျားသွားကြသည်။

သကျမင်းသား ခြောက်ပါးတို့၏ ထွက်ခွာခန်း စတင်လေပြီ။

"နေရစ်ခဲ့ပေတော့...."

အလုံးစုံကို အာနန္ဒ နှုတ်ဆက်လိုက်၏။ ကပိလဝတ်နန်းတော်၊ မိမိ၏စံနန်းဆောင်၊ မိမိ အကြိမ်ကြိမ် ဝင်ထွက် လှုပ်ရှားနေခဲ့သည့် နန်းဆောင်များ၊ စင်္ကြံလမ်းများ၊ လှေကားထစ်များ၊ ညီလာခံခန်းဆောင်များ၊ ပန်း ဥယျာဉ်၊ ရေကန်၊ ကပိလဝတ် ဈေးရုံတော်၊ လွှတ်တော်ခန်းမ၊ ထို့အပြင် ဘိုးတော်မင်းတရားကြီး၊ အရီးတော် ဂေါတမီဒေဝီ၊ ဒေဝီယသော်ဓရာတို့မှ အစပြုသည့် သကျနွယ် ဆွေတော်မျိုးတော်များ၊ မှူးမတ်ဝန်များ၊ စစ်သည်များ၊ ကျေးကျွန်များ၊ ကပိလဝတ် တိုင်းသားများ....။

ထို့အပြင် မိမိ၏ဘဝ၊ အာနန္ဒမင်းသားအမည်ရှိ လူတစ်ယောက်၏ ဘဝတစ်ခု၊ နေရစ်ခဲ့ပေတော့....။

အရှိန်ရလာသောရထားသည် တောနံ့သင်းသော လေပြည်ထုကို ဖောက်ခွဲ၍ ပြေးလွှားနေ၏။ စိမ်းမြလတ်ဆတ်သောလေက အာနန္ဒ၏ မျက်နှာပြင်ဆီသို့ တိုးဝင်လာကြသည်။ ရင်ကိုဖွင့်၊ ခေါင်းကိုဝံ့၊ လည်ကိုစွင့်၍ အားပါးတရ အသက်ရှူရှိုက်လိုက်၏။ ခရီးအစဝယ် ရှူရှိုက်လိုက်ရသော လေကပင် တစ်သက်တာလုံးလုံး တစ်ခါမှ မထိမတွေ့ မရှူရှိုက်ခဲ့ရဖူးသော လေအသစ် ဖြစ်နေသည်။

ကြည်နူးတက်ကြွ လန်းဆန်းစွာ ရှိနေရင်းမှာပင်.... အာနန္ဒ လာရောက်လို့နေပါပြီ ဘုရား။

## အခန်း ၂၆

ကပိလဝတ်တိုင်းနယ်စပ်ရောက်သောအခါ အင်္ဂါလေးပါးစစ်တပ်ကြီးကို ပြန်လွှတ်လိုက်ကြသည်။ ထို့နောက် မလ္လာတိုင်းနယ်စပ်သို့ ဝင်မိကြလေသည်။ အာနန္ဒတို့ ခြောက်ဦးစလုံး ဤအချိန်တွင် မည်သည့်အဆောင်အယောင် အခင်းအကျင်း ယာဉ်ရထားမျှ မရှိကြတော့ပေ။ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ဝတ်ရုံနှင့် အဆင်တန်ဆာများဖြင့်သာ ခြေကျင်ခရီးဆက်ကြတော့မည်ဖြစ်၏။

မလ္လာတိုင်းနယ်စပ်၏ တောလမ်းခရီးအစ စမ်းချောင်းကလေးတစ်ခုအနီးတွင် ခရီးတစ်ထောက် စခန်းချလိုက်ကြသည်။ ဉပါလိက အရှင်သခင်များအတွက် သဘာဝနေရာထိုင်ခင်းများ စီမံသည်။

"ဉပါလိ၊ မင်း ဘာလုပ်မလို့လဲ"

ဒေဝဒတ္တက လှမ်းမေးလိုက်၏။

"အရှင်တို့အတွက် သက်သောင့်သက်သာ အနားယူစရာနေရာ စီစဉ်နေတာပါအရှင်။ ပြီးရင် စမ်းချောင်းထဲက အေးမြတဲ့ရေကို သောက်တော်ရေ

အဖြစ် ဆက်သဖို့ သွားခပ်ပါမယ်"

ဆတ္တာသည် ဥပါလိသည် မျိုးရိုးစဉ်ဆက်အားဖြင့်လည်း နန်းတွင်းသုံး ဆတ္တာသည်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည့်အပြင် သူ ကိုယ်တိုင်ကလည်း အစစအရာရာ အလိုက်သိ အကင်းပါးသူ ဖြစ်လေသည်။

ဒေဝဒတ္တနှင့် ဘဒ္ဒိယတို့ အချင်းချင်း ကြည့်လိုက်ကြ၏။ ဘဂုနှင့် ကိမိလတို့လည်း တစ်ယောက်ကို တစ်ယောက် ပြုံးပြကြသည်။ ထို့နောက် ခြောက်ဦးစလုံးပင် တိုင်ပင်ထားသည့်အတိုင်း မိမိတို့၏ကိုယ်ပေါ်မှ အဖိုးတန် အဆင်တန်ဆာများကို အသီးသီး ချွတ်ဖြုတ်ကြသည်။

ပတ္တမြားလည်ရွဲကို ဖြုတ်ရင်း ဒေဝဒတ္တကပင် ဆက်ပြော၏။

"ဥပါလိ၊ တို့အတွက် မင်း တခြားဘာမှ လုပ်စရာမလိုတော့ဘူး။ မင်းလုပ်ရမှာတစ်ခုတည်းပဲ။ ရော့.... ဒီဟာတွေကို ပုဝါနဲ့စုထုပ်ပြီးသိမ်းစမ်း"

"ကောင်းပါပြီ အရှင်...."

"ပြီးရင် ငါတို့နား လာလှည့်။ မလှမ်းမကမ်းသွားနေပြီး ခစားတဲ့ပုံမျိုး လုပ်မနေနဲ့"

"ကောင်းပါပြီ၊ အရှင်"

ဥပါလိသည် အဖိုးထိုက်အဖိုးတန် အဝတ်တန်ဆာများကို အစဉ်တကျ စုထုပ်သိမ်းဆည်းပြီးနောက် အထုပ်ကို ရှေ့မှာချလျက် မြက်ခင်းပေါ်တွင် ဒူးတုပ်နေသည်။

"စုစည်းထုပ်ပိုးလို့ ပြီးပြီလား၊ ဥပါလိ"

"ပြီးပါပြီ အရှင်"

ဥပါလိက ဒေဝဒတ္တကို မကြည့်ရဲသဖြင့် မျက်နှာအောက်စိုက်ချကာ ခေါင်းငုံ့ရင်းဖြေသည်။

"ပြီးရင် အဲ့ဒီအထုပ် ငါ့ကိုပေးစမ်း"

ဥပါလိက အထုပ်ကို ကောက်ယူကာ ဒေဝဒတ္တ လက်ထဲသို့

တရိတသေ ကမ်းလင့်ဆက်သသည်။ ဘဒ္ဒိယ၊ ဘဂုနှင့် ကိမိလတို့က တိတ်ဆိတ်စွာ ကြည့်နေကြ၏။ အနုရုဒ္ဓါက အာနန္ဒ လက်မောင်းကို ဖွဖွတို့ပြီး တိုးတိတ်စွာပြောသည်။

"ဒေဝဒတ္တကို အားလုံးကိုယ်စား ဒီဟာလုပ်ဖို့ လွှဲထားတယ်"

ဒေဝဒတ္တသည် အထုပ် လက်ထဲရောက်ပြီးသည်နှင့် ဥပါလိရှေ့သို့ ဘုတ်ခနဲ ပစ်ချလိုက်ပြီး

"အဲဒါတွေအားလုံး မင်းယူတော့။ မင်းအတွက် တို့ ဆုလာဘ်ပေးသနားတာ။အင်မတန်ကျွမ်းကျင်လိမ္မာပြီး အင်မတန်သစ္စာရှိတဲ့ ဆတ္တာသည်အတွက်"

ဥပါလိ အထုပ်ကို မထိမကိုင်ရဲဘဲ ရှိနေ၏။

"ယူလိုက် ဥပါလိ၊ မင်းလက်နဲ့ ယူလိုက်"

တုန်ယင်သော လက်များဖြင့် ဥပါလိ ယူရလေသည်။ သို့သော် မျက်နှာ မဖော်ရဲ။ ခေါင်းအတွင်သာ ငုံ့လျက်၊

"အင်း.... ယူပြီးရင် မင်းသွားတော့"

တစ်ချိန်လုံး ငုံ့ငိုက်ထားသော မျက်နှာသည် တစ်ယောက်ယောက်က ဆံပင်ကိုဆွဲ၍ ခေါင်းလှန်ပစ်လိုက်သည့်အလား ဆတ်ခနဲမော့လာ၏။

"ဘာကြည့်နေတာလဲ ဥပါလိ၊ အထုပ်ကိုယူပြီး ပြန်တော့။ ကပိလဝတ်ကို ပြန်တော့လေ။ မင်းတာဝန်နဲ့ မင်းခရီး ဒီမှာ ဆုံးပြီလေ။ မင်းပြန်ရုံပဲ ရှိတော့တယ်"

မည်သူမျှ မျှော်လင့်မထားသော အပြုအမူတစ်ခု ဥပါလိထံမှ ထွက်ပေါ်လာ၏။ သကျမင်းသားအားလုံးပင် အံ့သြတကြီး ဖြစ်သွားကြသည်။ ဥပါလိ မြက်ခင်းပေါ်ပုံလဲသွားကာ အသားများ တဆတ်ဆတ်တုန်လာပြီးနောက် ချုံးပွဲချ ငိုကြွေးလိုက်ခြင်းပင်။ဤတွင်မှ ဘဒ္ဒိယက ထိုင်နေရာမှ ထကာ ဥပါလိ ရှေ့နားရောက်လာပြီး စကားဆိုလေသည်။

"ဘာမှ စိတ်ထိခိုက်မနေပါနဲ့ ဥပါလိရယ်။ တို့များနဲ့ ခွဲခွာရပြီ ဆိုပေမယ့် တို့များထံ အမှုထမ်းခဲ့တဲ့တစ်လျှောက်လုံးလုံး မင်းဟာ အလွန်သစ္စာရှိပြီး တာဝန်ကျေတဲ့ဆတ္တာသည် ကျွန်ယုံတစ်ယောက်ဆိုတာ တို့ နားလည်ထားပါတယ်။ မင်းဟာ တို့ရဲ့လူဝတ်ကြောင်ဘဝ နောက်ဆုံးခရီးစခန်းအထိ အကောင်းဆုံး အမှုထမ်းခဲ့ပေတာပဲ။ ကဲ.... ကဲ.... ဆုလာဘ်ကိုယူပြီး ပြန်ပေတော့။ အင်း၊ ဒါဟာ အမိန့်နော် ဥပါလိ။ တို့ ရဟန်းဘဝ မရောက်သေးဘူး။ သကျရာဇာအဖြစ်ရှိနေသေးတယ်။မင်းဘာကိုမှစောဒကမတက်နဲ့၊ကဲ....ပြန်"

ဥပါလိသည် အထုပ်ကိုပွေ့ပိုက်လျက် မျက်ရည်စက်လက် ငိုကြီးချက်မဖြင့် ထွက်ခွာသွားလေတော့သည်။ စမ်းချောင်းအထက် တစ်နေရာတောတန်းလေးနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသော ဥပါလိကို မျက်စိတစ်ဆုံး ကြည့်ပြီးနောက် ဘဒ္ဒိယက လှမ်းပြောသည်။

"ကိုင်း.... သွားကြစို့၊ ညီတော်များ"

မလ္လာတိုင်း၏နယ်နိမိတ်ထဲသို့ ခြေလှမ်းစလိုက်ကြ၏။

အာနန္ဒ၏ရင်မှာ စမ်းချောင်းလေးထဲမှ ရေအလျဉ် ပွတ်သပ် စီးဆင်းသွားသော ကမ်းစပ်မြက်ပင်လေးနယ် အဆက်မပြတ်လှုပ်ရှားလှိုက်ခုန်နေတော့သည်။

'နောင်တော်ဗုဒ္ဓ အရှင်ဘုရား၊ ညီတော် အရောက်လာပါပြီဘုရား'

'အတုမဲ့နောင်တော်ရှိရာသို့ ညီအာနန္ဒ လှမ်းလာနေပါပြီဘုရား'

*　　　*　　　*

ဒေဝဒတ္တသည် စိတ်အားထက်သန်စွာဖြင့် တာရိုးငယ်ကလေးတစ်ခုအပေါ်သို့ အဦးဆုံး တက်သွား၏။ သကျမင်းသား ခြောက်ယောက်တွင် ဒေဝဒတ္တသည် ရှေ့ဆုံးမှခရီးနှင်နေသူ ဖြစ်သည်။ တာရိုးထိပ်ပေါ်မှနေ၍ ဒေဝဒတ္တ နောက်သို့ ပြန်လှည့်ကြည့်ပြီး ပြောသည်။

"လာကြ ညီတော်.... နောင်တော်တို့၊ နောင်တော်ဗုဒ္ဓဆီ ခရီးနှင်ကြစို့။ ဒီနေ့ နေမစောင်းခင်မှာပဲ အရောက်သွားကြမယ်။ အလို.... ဟိုဟာက ဘယ်သူပါလိမ့်"

တာရိုးထိပ်ပေါ်မှ လှမ်းကြည့်ရင်း အာမေဍိတ်ပြုသည်။

"ဟင်....ဥပါလိပါလား။ ဒီဆတ္တာသည် ဘာဖြစ်လို့ ပြန်လာရသလဲ"

ဥပါလိသည် မပြေးရုံတမယ် ခြေလှမ်းများဖြင့် ခပ်သုတ်သုတ် လျှောက်လာကာ ခရီးထွက်ခွာတော့မည့် မင်းသားများရှေ့တွင် ရပ်လိုက်၏။

"ဥပါလိ အသင် ဘယ့်နှယ့်ကြောင့်...."

ဥပါလိသည် မောဟိုက်နွမ်းနယ်နေသည့်အကြားမှ ရှင်းပြလေသည်။

"ကျွန်တော်မျိုး၊ ကျွန်တော်မျိုး မပြန်ပါရစေနဲ့ အရှင်တို့။ကျွန်တော်မျိုးကို အတူလိုက်ပါခွင့်ပြုပါ။ ကျွန်တော်မျိုး ရှင်းပြပါရစေ။ အရှင်တို့နဲ့ ခွဲခွာပြန်လာခဲ့ပြီး လမ်းခုလတ်မှာပဲ စဉ်းစားမိပါတယ်။ အရှင်တို့ ပေးစွန့်လိုက်တဲ့ အဆင်တန်ဆာ ရတနာများကို ပွေ့ပိုက်ပြီး ကပိလဝတ်ပြန်ရောက်မယ့် ကျွန်တော်မျိုးကို နေပြည်တော်က သကျမင်းတွေက မုချ အထင်အမြင်လွဲမှာ သေချာပါတယ်"

"ဘယ်လို အထင်အမြင်လွဲမှာလဲ"

"တောထဲတောင်ထဲမှာ အရှင်တို့ကိုဖျောက်ဖျက်ပြီး ဒီတန်ဆာတွေကို ကျွန်တော်မျိုး လုယူလာတယ်လို့ သူတို့ အတပ်စွဲကြမှာပါ။ အရှင်တို့က ကြည်ဖြူရက်ရောစွာ ပေးသနားတယ်လို့ ဘယ်သူမှ ယုံကြည်ကြမှာမဟုတ်ပါဘူး။ ဒီအခါ ကျွန်တော်မျိုးဥပါလိဟာ နေပြည်တော်မှာ အသတ်ခံရမှာ မုချပါ"

"အင်း.... ဒါ ဖြစ်နိုင်တယ်။ ဒါဖြင့် သင့်ကိုပေးလိုက်တဲ့ ဥစ္စာတွေကော။ လက်ချည်းဗလာ ပြန်ရောက်လာပါလား"

အမောတကော ရှင်းပြနေသည့်အမှုအရာမှသည် တည်ငြိမ်ရင့်ကျက်

သော မျက်နှာသို့ ဥပါလိပြောင်းသွား၏။

“အဲဒီလို တွေးမိပြီးနောက် ကျွန်တော်မျိုးဟာ ကပိလဝတ်ကိုပြန်ရမှာ ကြောက်သွားခဲ့ပါတယ်။ အကြောက်တရားနဲ့စခဲ့တဲ့ ကျွန်တော်မျိုးရဲ့ အတွေးထဲကို နောက်တစ်မျိုးဝင်လာခဲ့ပါတယ်။ ဟောဒီ ရတနာဥစ္စာတွေကို ပွေ့ပိုက်ပိုင်ဆိုင်ပြီး ပြန်ရမယ့်ခရီးကို ငါက ကြောက်ရွံ့စိုးရိမ်နေချိန်မှာ ဒီဥစ္စာ ပစ္စည်းတွေကို ငါ့ထံ လွှဲအပ်ပေးစွန့်လိုက်ကြတဲ့ အရှင်တို့ကတော့ ပေါ့ပါးချမ်းသာစွာနဲ့ ခရီးထွက်သွားခဲ့ကြပြီ။ စွန့်ပစ်ခဲ့တဲ့သူတွေက ချမ်းသာစွာနဲ့ ခရီးဆက်နေကြချိန်မှာ ပိုင်ဆိုင်ရသူ ငါကတော့ ထိတ်လန့်မှုများနဲ့ပဲ အခက်ကြုံနေရပါလား။ ဒီလို စတွေးမိပါတယ်” ဆတ္တာသည်ကြီးကို အာနန္ဒ ငေးကြည့်နေမိ၏။ ဥပါလိလို ဆတ္တာသည်အမှုထမ်း ကျွန်တစ်ယောက်ထံမှ ဤသို့ အတွေးမျိုး၊ ဤသို့စကားမျိုး ကြားရလိမ့်မည်ဟူ၍ အာနန္ဒ မထင်ခဲ့ချေ။

“အဲဒီနောက်မှာတော့ ကျွန်တော်မျိုး ဆက်တွေးမိပါတယ်။ ဒီရတနာဥစ္စာတွေအပါအဝင် ကြီးကျယ်တဲ့ မင်းစည်းစိမ်တွေကို အရှင်တို့က တံတွေးပေါက်လို စွန့်ပစ်သွားကြတယ်။ပြီးတော့ ရဟန်းပြုဖို့ထွက်ခွာသွားကြတယ်။ အရှင်တို့လို သကျမင်းတွေသော်မှ မိမိရဲ့ ပိုင်ဆိုင်မှုအဝဝကို စွန့်ပစ်ပြီး ရဟန်းပြုနိုင်ကြသေးရင် ဥပါလိလို ကျေးကျွန်တစ်ယောက်က ဘာဖြစ်လို့ ရဟန်းမပြုနိုင်ရမှာလဲ။ ဘာကြောင့် သူတစ်ပါး စွန့်ကြဲ ပေးအပ်သွားတဲ့ ပစ္စည်းတွေအပေါ်မှာ တွယ်တာမက်မောနေရမှာလဲလို့ တွေးမိလာ ပါတယ်”

အာနန္ဒသည် ကိုယ်ခန္ဓာအားဖြင့် မလှုပ်မရှား နားထောင်နေသော်လည်း စိတ်ထဲမှာမူ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဥပါလိ၏ အတွေးကားရိုးစင်းခိုင်မာလှချေသည်။ ပြတ်သား ရဲရင့်လှပေသည်။

“ဒါကြောင့် အရှင်တို့ စွန့်ကြဲလိုက်တဲ့ ဥစ္စာတွေကို သစ်ပင်တစ်ပင်မှာ ချိတ်ဆွဲခဲ့ပြီး ဒီပစ္စည်းတွေကို ငါက ထပ်မံပေးအပ် စွန့်ကြဲလှူဒါန်းပြီးဖြစ်တယ်။တွေ့သူမြင်သူအလိုရှိသူတိုင်း ယူကြစေလို့ပြောဆိုစွန့်ထားခဲ့ပါတယ်။

ပြီးတော့ အရှင်တို့နောက်ကို ကျွန်တော်မျိုး အသေ့နှင်ပြန်လာခဲ့ပါတယ်"

"သင်မှန်တယ်၊ ဥပါလိ"

ဘဒ္ဒိယက လှိုက်လှဲစွာ ထောက်ခံလိုက်၏။ ထို့နောက် အာနန္ဒဘက် လှည့်ကြည့်ကာ၊

"ဘယ့်နှယ့်လဲ အာနန္ဒရေ ဥပါလိကို တို့များနဲ့အတူ ခေါ်ခဲ့မလား" ဟု မေးလိုက်၏။

အာနန္ဒက ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်လိုက်ချိန်မှာပင် ကျန် မင်းသားများထံမှ "ဥပါလိကိုပါ ခေါ်သွားမယ်"ဟု တစ်ညီတည်း ပြောဆို လိုက်ကြလေသည်။

*　　　*　　　*

လျှောက်လိုက်စမ်း အာနန္ဒရေ။ အဲဒီသရက်တောဥယျာဉ်ထဲမှာ မင်းရဲ့ အစ်ကိုတော် ရှိနေတယ်။

အနုပိယ သရက်ဥယျာဉ်ကို ဟိုအဝေးဆီတွင် ပျပျရေးရေးတွေ့နေ ရပေပြီ။ အာနန္ဒ ရင်ထဲမှာ အတိုင်းမသိသော ကြည်နူးမှုများဖြင့် လျှံမ်းပြည့် နေသည်။ မနားတမ်း ခရီးရှည် နှင်ခဲ့သော်လည်း နွမ်းနယ်မှု အလျဉ်းမရှိ။ ခြေလှမ်းများက အလိုလိုတက်ကြွ လန်းဆန်းနေကြသည်။ 'ကမ္ဘာလောကရဲ့ အလင်းရောင်ရှိနေတယ်။ အလုံးစုံသော အမှောင်ထုကို ဖြိုခွင်းပေးမယ့် စွမ်း အားကြီးရှိနေတယ်။လျှောက်လိုက်စမ်း၊ အာနန္ဒ။ လှမ်းလိုက်စမ်း၊ အာနန္ဒရေ'

ရင်ထဲမှ အသံတစ်သံကို ကြားလိုက်ရ၏။

"ဟောဒီခရီးဟာ ကပိလဝတ်ကနေ မလ္လာတိုင်းကို လှမ်းဖြတ်တဲ့ ခြေလှမ်းတွေ မည်ကာမတ္တမဟုတ်ဘူး။ အမှောင်တိုက် လောကထဲကနေ အလင်းကမ္ဘာဆီကို ကူးဖြတ်နေတဲ့ ခြေလှမ်းတွေဖြစ်တယ်။ မင်း ယခင့် ယခင်က လျှောက်ခဲ့ဖူးတဲ့ အသိန်းအသန်း ခြေလှမ်းများထက် ပိုမိုအရေးပါ

လှတဲ့ ခြေလှမ်းတွေ ဖြစ်တယ်။

"ကပိလဝတ်နန်းတော်ထဲမှာ၊ ဥယျာဉ်ခြံတွေထဲမှာ၊ စင်္ကြံလမ်းနဲ့ စံနန်းပြာသာဒ် အဆောင်အယောင်တွေထဲမှာ ဖဝါးခြေရာချင်းထပ် မင်း ဖြတ်ခဲ့ လျှောက်ခဲ့တဲ့ ခြေလှမ်းတွေ။ ပြီးတော့ ကပိလဝတ် နေပြည်တော်အနှံ့ လမ်းမကြီးတွေ၊ ကွင်းပြင်တွေ၊ မြက်ခင်းတွေ၊ ဈေးရုံတွေ၊ လေးမြားပစ်ကွင်း တွေမှာ မင်းဖြတ်သန်းလျှောက်လှမ်းခဲ့ဖူးတဲ့ ခြေလှမ်းတွေထက် အဆ အရာ အထောင်ပိုမိုလေးနက်တဲ့ ခြေလှမ်းတွေဖြစ်တယ်၊ အာနန္ဒရေ"

အာနန္ဒအပါအဝင် သကျမင်းသားများ တစ်ယောက်ကိုတစ်ယောက် မည်သူမျှ စကားမပြောဖြစ်ကြတော့။ ဥပါလိလည်း နောက်ပါးမှနေ၍ တိတ်ဆိတ်စွာလိုက်ပါသည်။

"အနိမ့်ဆီကနေ အမြင့်သို့၊ အရှုပ်အထွေးဆီမှ အရှင်းသို့၊ အမှောင်မှ အလင်းသို့ ကူးဖြတ်နေတဲ့ခရီး၊ လှမ်းတက်နေတဲ့ခရီး မကြာမီမှာ မင်းတို့ရဲ့ ခရီးအဆုံးကို ရောက်တော့မယ်၊ အာနန္ဒရေ"

မိမိကိုယ်မိမိ အားပေးကြွေးကြော်သံများဖြင့် အာနန္ဒသည် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေ၏။

'အဲဒီခရီးအဆုံးရဲ့ အနုပိယ သရက်ဥယျာဉ်တောမှာ မင်းရဲ့ နောင် တော် ဗုဒ္ဓ စံမြန်းနေတယ်။ သူဟာ သိဒ္ဓတ္ထမင်းသားဘဝကနေ ဗုဒ္ဓဖြစ်သွားခဲ့ သူလေ။ သူ သိဒ္ဓတ္ထဘဝတည်းက သူ့အပေါ် မင်း ဘယ်လောက် ချစ်မြတ်နိုး လေးစားခဲ့သလဲ၊ မင်း အသိဆုံး။ သူဟာ မင်းအတွက် အတုမဲ့ တစ်ဦးတည်း သော စံပြုစရာပုဂ္ဂိုလ်လေ။ မင်းအပေါ်မှာလည်း အစ်ကိုတစ်ဦး အဖြစ်သာ မက ဆရာသခင်တစ်ပါးလို အစစအရာရာ သွန်သင်ဆုံးမခဲ့သူလေ'

နောင်တော်နှင့် ပတ်သက်သော အတိတ်ဖြစ်ရပ်များသည် ခြေလှမ်း နှင့်အမျှပင် အာနန္ဒ ရင်ထဲ၌ တရိပ်ရိပ်ပေါ်လာနေကြသည်။ အမဲလိုက်ထွက် ခဲ့စဉ်က တောင်တန်းတောအုပ်ထဲမှာ နောင်တော် ပျောက်ဆုံးသွားခဲ့သဖြင့်

မိမိစိုးရိမ်ကြီးစွာ လိုက်ရှာခဲ့မိသောဖြစ်ရပ်။ ထိုစဉ်က နောင်တော်ပြောခဲ့သော စကား "ငါ ပျောက်ဆုံးမသွားပါဘူး။ ငါ့ကို မရှာနဲ့။ မင်းကိုယ်မင်းရှာ"တဲ့။

နန်းဦးဆောင် ကျောက်ဖြူသလင်း ဝရန်တာလက်ရန်းတွင် ရပ်ရင်း တစ်မျှော်တစ်ခေါ် အဇ္ဈောကောင်းကင်သို့ ကြည့်နေသည့် နောင်တော်၏ အရိပ်ဆန်း အသွင်သဏ္ဌာန်။

အာနန္ဒ၏ခြေလှမ်းများ သွက်သည်ထက် သွက်လာ၏။

ဒေဝီယသော်ဓရာနှင့် လက်ထပ်ထိမ်းမြားခြင်းမပြုမီ ကပိလဝတ် နန်းတော် အရှေ့ဘက်ကွင်းပြင်၌ ကျင်းပသော လေးအတတ်စွမ်းရည်ပြပွဲ ကြီးကိုလည်း အာနန္ဒ မြင်ယောင်ပြန်သည်။ ကျက်သရေရှိလှစွာ ကွင်းပြင် ထဲသို့ ဝင်ရောက်လာသော နောင်တော်၏အမူအရာ။ ထို့နောက် အံ့မခန်း လေးစွမ်းများပြခဲ့ပုံ၊ ဒေဝဒတ္တကြောင့် အဆိပ်ပြင်းမြွေကြီး လွတ်ထွက်သွား ခဲ့ပုံ၊ မြွေကြီးနှင့်နောင်တော်တို့ နီးကပ်စွာ မျက်နှာချင်းဆိုင်ခဲ့ကြပုံ။ မိမိက စိုးရိမ်ပူပန်စွာ ပြေးတက်သွားချိန်တွင် နောင်တော်က တည်ငြိမ်ခိုင်ခံ့စွာပင် အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းလိုက်ပုံ.... စသည်.... စသည်များ။

ခြေလှမ်းများက သရက်ဥယျာဉ်ရှိရာ အရှေ့ဒွာနသို့ လှမ်းသွားချိန် မှာပင် အတွေးစများက အတိတ်ဆီသို့ ဝဲလှည့်ဖြန့်ကျက်ကြကာ မမေ့နိုင် သော ဖြစ်ရပ်များက အာရုံ၌ တဖျတ်ဖျတ် ထင်လာကြသည်။

သို့သော် အတိတ်အကြောင်းအရာတို့သည် ကြာရှည်မစွဲမထင် နိုင်ကြ။ ရေတံခွန်အောက်မှ ရေမြှုပ်များနှယ် ခဏချင်းမှာပင် ပျောက်ပျက် သွားကြ၏။

မကြာမီ ဖူးမြင်ရတော့မည့် နောင်တော်ဗုဒ္ဓ၏ အသွင်ကို ရည်ရော် မှန်းဆရင်းပင် အတိတ်ခြင်းရာ အလွှာများက တစ်လွှာပြီးတစ်လွှာ ကွာကျ သွားနေကြ၏။

ရှေ့တော်ထံမှောက် ရောက်လေလျှင် နောင်တော်ဗုဒ္ဓ ဘယ်သို့ မိန့်

တော်မူလေမည်နည်း။ ဤအချက်ကို တွေးရသည်မှာပင် ပျော်ရွှင်ကြည်နူးစရာအတိ ဖြစ်နေတော့သည်။ 'ညီတော် အာနန္ဒ'ဟုပဲ ယခင်ကလို ခေါ်လေမည်လား။ 'အာနန္ဒ သင် ခုမှ ရောက်လာသကိုး'ဟု ဆိုလေမည်လား။ 'လာ အာနန္ဒ၊ လာလှည့်'ဟု ခရီးကြိုတော်မူလေမည်လား။

အို.... မည်သို့ရှိစေ နောင်တော်ကို တွေ့ရတော့မည်။ နောင်တော်၏ ဓမ္မအာဝါသတွင် ခိုလှုံရတော့မည်။ ဗုဒ္ဓဖြစ်တော်မူသော နောင်တော့်ထံပါးတွင် မိမိ ဘယ်သို့သော အမှုတာဝန်များဖြင့် လုပ်ကျွေးပြုစုဖြစ်မည်နည်း။သိဒ္ဓတ္ထမင်းသားဘဝတုန်းကလို နောင်တော့်မှာ တိုင်းပြည်ထီးနန်းရေး၊ ကပိလဝတ်ပြည်အရေးများ မရှိတော့။ သို့သော် ဗုဒ္ဓထံပါးဝယ် တပည့်သာဝက ရဟန်းများ ရှိနေကြသည်။ ထိုရဟန်းများအရေးသည် မိမိထံသို့ ပတ်သက်လာဦးမည်လား မသိ။ သံဃ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ကြီးကြပ်ရန် မိမိအား နောင်တော် တာဝန်ပေးဦးမည်လား မသိ။ ပေးလာလျှင်လည်း မိမိသည် မဆိုင်းမတွလက်ခံကာ ကျေကျေနပ်နပ်ကြီး ထမ်းဆောင်လိုက်မည်သာ။ အင်း.... တွေးမယ့်သာ တွေးရသည်၊ သံဃအတွက် ဝေယျာဝစ္စဆိုတာ ဘာမှန်းမသိ။

သို့တည်းမဟုတ် နောင်တော်ဗုဒ္ဓသည် ကိုယ်တော်တိုင်အတွက် ဝေယျာဝစ္စများကို မိမိထံ အပ်နှင်းကောင်း အပ်နှင်းနိုင်သည်။ ဗုဒ္ဓ၏ ဝေယျာဝစ္စ ဆိုတာကကော မိမိမသိသေး။ အို.... မည်သို့ဖြစ်စေ နောင်တော့်အတွက် မိမိကိုယ်မိမိ လုံးဝ ရင်းနှီးအပ်နှင်း၍ အားပါးတရကြီး ပြုစုလုပ်ကျွေးလိုက်မည်။ နောင်တော် မမြစ်မတားသမျှ ကာလပတ်လုံး။

အာနန္ဒဆိုသည်ကား ဗုဒ္ဓရဲ့ညီတော်လေ။ သိဒ္ဓတ္ထမင်းသား တော်စပ်ခဲ့သော ညီနောင်သကျမင်းများအားလုံးထဲမှာ အာနန္ဒသည် လက်ရင်းအကျဆုံး၊ တပူးတွဲတွဲ မခွဲမခွာအရှိဆုံး။နောင်တော့်ကို အချိန်နှင့်အမျှ အရိပ်ကြည့်၊ အကဲသိ အနီးကပ် အစောင့်ရှောက်ခဲ့ဆုံး မဟုတ်လား။ ယခု ကာဠုဒါယီ

မထေရ်ဖြစ်နေသော ဥဒါယီအပါအဝင်၊ ဆန္နတို့ အပါအဝင် အမှုတော်ထမ်းတွေ အားလုံးထဲမှာလည်း မိမိ အာနန္ဒသည် အရေးအပါဆုံး အမှုတော်ထမ်း ဖြစ်ခဲ့သည် မဟုတ်လား။

ဗုဒ္ဓအတွက် အရေးအကြီးဆုံး အရေးအပါဆုံး အမှုမှန်သမျှကို ယခု လည်း အာနန္ဒသာလျှင် အားပါးတရကြီး ပြုစုလုပ်ကျွေးလိုက်မည်ပင်။

အို….ပုဂ္ဂိုလ်ရေးနှင့် ကလေးဆန်သော အတွေးပါလားဟု ရှက်စနိုး အတွေးရောက်မိ၏။ သိဒ္ဓတ္ထကို ပြုစုစောင့်ရှောက်ခဲ့သလို ဗုဒ္ဓကို လုပ်ကျွေး ပူဇော်ဖို့ ငါ အနုပိယသရက်တောထဲ လိုက်လာတာလား။ သွေးရင်းသားချင်း ညီအစ်ကိုမို့ပ၊ငါ့အစ်ကိုမှ ငါ့အစ်ကိုဆိုပြီး တွယ်တာမြတ်နိုးစိတ် သက်သက် နဲ့ ငါလိုက်လာတာလား။ မဟုတ်သေးဘူး အာနန္ဒရဲ့။ မင်းအတွေးထဲမှာ တစ်ခု ခုလိုနေသေးတယ်။

နောင်တော်ဗုဒ္ဓကို မဖူးတွေ့ရခင်၊ ကပိလဝတ်ကို ကြွမလာခင် နောင်တော်ဗုဒ္ဓရဲ့သတင်းတွေကို အဝေးမှ ကြားနေရချိန်တွင်တုန်းက မင်း ဘယ်သို့ ပြင်းပြမွတ်သိပ်စွာတောင့်တခဲ့သလဲအာနန္ဒ။ ပြန်စဉ်းစားပါဦးလေ။

'နောင်တော်ဟာ ကမ္ဘာလောကကို ကယ်တင်နိုင်ဖို့၊ တစ်ခုခုကို ရှာ ဖွေဖို့ ထွက်ခွာသွားတာ ဖြစ်တယ်။ အဲဒီ ကယ်တင်ရေးလက်နက်ဟာ ဘာလဲ။ သိချင်စမ်းပါဘိ' လို့ တွေးခဲ့ဖူးတယ်။

'နောင်တော်ဟာ အိုခြင်း၊နာခြင်း၊သေခြင်းဆင်းရဲတွေကို မျက်ဝါး ထင်ထင် ကြုံခဲ့ရပြီ။အဲဒါတွေရဲ့လွန်မြောက်ရာ ရှိရမယ်လို့ ယုံကြည်ယူဆပြီး ထွက်ခွာသွားခဲ့တာဖြစ်တယ်။ ဗုဒ္ဓဖြစ်လာပြီးနောက်မှာ နောင်တော်ဟာ သူ ရှာဖွေနေတဲ့အရာကို တွေ့ရှိခဲ့ပြီးဖြစ်တယ်။ အဲဒါဟာ ဘာလဲ။ အဲဒီအရာ ကိုကော မင်းရဲ့နောင်တော် ဗုဒ္ဓဆီက မင်း သင်ယူရမှာ မဟုတ်လား အာနန္ဒ'

အနုပိယသို့ လှမ်းနေသော ခြေလှမ်းများ၌ ဘယ်ဘက်တစ်လှမ်း တိုင်းမှာ 'နောင်တော်ဗုဒ္ဓ၊ နောင်တော်ဗုဒ္ဓ'ဟူ၍ ချစ်ကြည်မြတ်နိုးစွာကျူးရင့်

နေချိန်ဝယ် ညာဘက်တစ်လှမ်းတိုင်းကလည်း 'နောင်တော့်ဆီမှ ဘယ်အရာကို သင်ယူရရှိဦးမည်လဲ' ဟူ၍ ကျူးရင့်နေလေသည်။

*　　　*　　　*

သရက်ဥယျာဉ်ကို အလှမ်းမဝေးတော့သောနေရာတွင် မြင်နေရပြီဖြစ်၏။ ရှဲရှဲမြည်သော သစ်ရွက်လှုပ်သံနှင့် အေးမြသောလေတိုးဝှေ့သံ၌ သရက်ကင်းနံ့လေးများကိုပင် ရှူရှိုက်မိနေပြီ။

မြေပြန့်မြက်ခင်းသည် ပို၍ စိမ်းမြထူထပ်လာသည်။ တော၏ ငြိမ်းချမ်းတိတ်ဆိတ်ခြင်းအရသာ ပို၍ ထင်ရှားသိသာလာသည်။ ထိုအရပ်တွင် နောင်တော်ရှိနေသည်။ ထိုတောအုပ်တွင် ဗုဒ္ဓရှိနေသည်။ ဤသရက်တောအုပ်၊ ဤဒေသ၊ ဤဌာနတို့တွင် စံမြန်းနေထိုင်တော်မူသော ပုဂ္ဂိုလ်မြတ်သည် တစ်လောကလုံး၏ အတုမဲ့ပုဂ္ဂိုလ်ဖြစ်သည်။ ဤပုဂ္ဂိုလ်မြတ်သည် တစ်လောကလုံး၌ အဦးဆုံးနိုးထသူဖြစ်ပြီး ကျန်ကြွင်းသော အိပ်မောကျနေ သူအပေါင်းတို့ကို နိုးထကြစေဖို့ လှုပ်နှိုးပေးသူ ဖြစ်သည်။

အို.... ဗုဒ္ဓသည် ငါ့ရဲ့နောင်တော်သိဒ္ဓတ္ထဘဝမှ ဗုဒ္ဓဖြစ်သွားသူ သက်သက် မဟုတ်တော့ပါတကား။ ဗုဒ္ဓသည် အာနန္ဒတစ်ဦးတည်း၏နောင်တော် မဟုတ်တော့ပါတကား။ ဗုဒ္ဓသည် အားလုံး၏နောင်တော်။ အားလုံးရဲ့ဆရာ ဖြစ်နေပြီ။ ဗုဒ္ဓ၏ဂုဏ်အပေါင်းသည် ငါ အာနန္ဒ တစ်ဦးတည်း၏ နှလုံးအိမ်အတွင်းမှာသာ ထွန်းလင်းသော အလင်းရောင်မဟုတ်တော့။ လောကအလုံး၊ စကြဝဠာအလုံး ထွန်းလင်းသော မဟာအလင်းရောင် ဖြစ်နေပြီ။

စကြဝဠာ.... အနန္တစကြဝဠာ....။

ထိုအနန္တစကြဝဠာတွင် အကျွန်ုပ် အာနန္ဒသည် ပီဘိသေးငယ်လှစွာသော နက္ခတ်တာရာ အသေးလေးတစ်ခုအဖြစ် ပါဝင်ခွင့်ရပါရစေ အရှင်ဘုရား။ ထိုနက္ခတ်တာရာငယ်ကလေးသည် သေးငယ်ပင် သေးငယ်ငြား

အနန္တစကြဝဠာ၏ဂုဏ်သတင်းကို ထင်လင်းစွာဖော်ပြနိုင်မည့် အစိတ်အပိုင်းလေး ဖြစ်ပါရစေ အရှင်ဘုရား”

ဩော်….နောင်တော့်အပေါ်ထားရှိအပ်သော ငါ၏မေတ္တာ၊ ကြည်ညိုလေးစားမှု၊ သံယောဇဉ်တို့သည်လည်း အနန္တစကြဝဠာပါပင်တကား။

နောင်တော် အရှင်ဘုရား၊ အာနန္ဒတစ်ယောက် နောင်တော့်ခြေဖဝါးရှေ့မှောက် အရောက်လာခဲ့ပါပြီ ဘုရား။

တစ်ခုသော သရက်ပင်ရင်းတွင် ထက်ဝယ်ဖွဲ့ခွေ စံမြန်းနေတော်မူသော အတုမဲ့ကျက်သရေရှင် ဗုဒ္ဓကို ဖူးတွေ့လိုက်ရပေပြီ။

အာနန္ဒ…. ရောက်လာပါပြီ၊ နောင်တော်ဘုရား။

**ချစ်ဦးညို**

မြတ်ပန်းရုံ မှုရုပ်စုံတွင် ၁၉၉၄ မှ ၁၉၉၈ အထိ အခန်းဆက် ဝတ္ထုရှည်အဖြစ် ပါဝင်ခဲ့သည်ကို တစ်စုတစ်စည်းတည်း ပုံနှိပ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ဗုဒ္ဓခေတ် သာကီဝင်များ၏ နန်းတွင်းရေးများ။

သုဒ္ဓေါဒန၊ သုပ္ပဗုဒ္ဓ၊ အမိတောဒန၊ ဂေါတမီဒေဝီ၊ သိဒ္ဓတ္ထ၊ အာနန္ဒ၊ ဒေဝဒတ္တ၊ မဟာနာမ်၊ အနုရုဒ္ဓါ၊ တိဿ၊ နန္ဒ၊ ဥဒါယီ၊ ဆန္န၊ ဘဒ္ဒ ကစ္စာနာ၊ ဇနပဒကလျာဏီ တို့၏ ဘဝစရိုက်များ။